၃၆။ နနှစ်တန်ရခွန်ရှိသည်၊ စဏ္ဍဝုဋ္ဌိ ပယာတာ၊ ဒဏ္ဍကအမည်မှာသည်၊ သညာတော် ရှည်စွ။ နနှစ်နောင် ရခရာကို၊ တခါစီ ပွါးလို့ တိုးကြ။ ရရှစ်တန် အဏ္ဏနှင့်၊ ရနဝ အဏ္ဏဝ။ ရဒသဗျာလာသည်၊ ဇီမူတာဆဲ့တစ်။ လီလာကရ ဆယ့်နှစ်ခါသည်၊ ဥဒ္ဒါမှာ ဆယ့်သုံးရဖြစ်။ ဆယ့်လေးမှာ သင်္ခါစစ်လို့၊ နနှစ်ယသတ် ပစိတကာ၊ သမဘိဓ ဒဏ္ဍကာသည်၊ သမဂါထာ ဆိုသကိုးရှင့်လေး။ ။ **ဒဏ္ဍကဆန်း ၂၇-၃၀-၃၃-၃၆-၃၉-၄၂-၄၅-၄၈ ၂၇-လုံးဘွဲ့ ပြီး၏။**

၃၇။ _လီလာမှာ ဂဇကေနှင့်၊ ဆန်းဥတ္တ တဂါထာ၊ ဂနှစ်ခု ယာတာသည်၊ အစ္စုတ္တာ နှစ်ဝ။ နှစ်လုံးဘွဲ့ တစ်ဂါထာကို၊ ဆန်းငိုကာ ကျမ်းတွေက ပြ။ ကုမာရိသဂဏနှင့်၊ ရုစိမ ဆန်းမဇ္ဈာ၊ မဂရုသောဘာသည်၊ ပုညာမှာ ရဂရှင့်လေး။ ။

၃၈။ ပတိဋ္ဌာ လေးဘွဲ့ခွေးမှ၊ ငါးလုံးဘွဲ့ ရှေးတစ်ဂါထာ၊ နလဂ အပုဗ္ဗာသည်၊ သုပ္ပတိဋ္ဌာ ဆန်းလွှ ်ရှင့်လေး။ ။

သမဝုတ္တိပိုင်း ပြီး၏။

----- x -----

## [ ၃ ] အမှုသမဝုတ္တိပိုင်း

၃၉။ ဝိသမမှာဖြင့်၊ သသုံးဂိုဏ်း လဂါ၊ စုံသမ ဘသုံးဖြာ၊ ဂနှစ်ခါ ယှဉ်တွဲ။ ဥပစိတ္တဂိုဏ်း အနေမှာ၊ ဝေဂဝတီ လဖျောက်လို့ စွဲ။ ဘသုံးဂိုဏ်း ဂနှစ်ကွဲတို့၊ မြဲချေ၏ ဝိသမာ၊ နဇဇယ် သမလာလျှင်၊ ရုတမဇ္ဈာမှတ်သကိုရှင့်လေး။ ။ **ဥပစိတ္တ, ရုတမဇ္ဈ, ဝေဂဝတီဂါထာ ပြီး၏။**

၄၀။ တတဇနှင့် ဂနှစ်ခုဝိသမာ၊ ဇတဇဂဂါကို၊ သမမှာဆိုမြဲ။ အာချာနိက ယင်းဂါထာ မှာ၊ ဥပဇာတိဟု မှတ်စွဲ။ ဝိသမ,သမရှေ့နောက်လဲလျှင်၊ ဝိပရိတာချာနိက ဆိုစမြဲပ၊

ဟာရိတပ္လုဂါထာထဲမှာ၊ သသုံးတွဲ လဂါ၊ နဘာဘရ်ဂိုဏ်းလာလျှင်၊ ဩဇာအနော်ဇာ စဉ်သင့် ပလေး။ ။ **အာက္ခာနိက, ဝိပရိတာက္ခာနိက, ဟာရိတပ္လုတဂါထာ ပြီး၏။**

၄၁။ ကေတုမတီ ဝိသမမှာ၊ သဇ်သဂဂိုဏ်းလာ၊ ဘနရ ဂဂါကို၊ သမမှာ ယှဉ်တွဲ။ ဘဒ္ဒဝိရာဇဝိသမမှာ၊ တဇ္ဇာဂရုနှင့် စွဲ။ မသဇဂ နှစ်တွဲကိုဖြင့်၊ လွဲစေနှင့် သမာ၊ နန်းရလဂ် နဇ်ဇရ်လာလျှင်၊ အပရာဝတ္တရှင့်လေး။ ။ **ကေတုမတီ, ဘဒ္ဒဝိရာဇ, အပရဝတ္တဂါထာ ပြီး၏။**

၄၂။ နန်းရယ်မှာ ဝိသမနှင့်၊ နဇ်ဇရဂသမာ၊ ဆန်းပုပ္ဖိတဂ္ဂါသည်၊ ဝိသမာရဇ်ဒွိ။ ဇရ်နှစ်ခု ဂသမာသည်၊ ဤဂါထာ ယဝမတီ။ အက္ခရာသုံး ဝုတ္တိမာဖြင့်၊ ထက်ဝက်ညီသည့် ဂါထာ ကျယ်၊ အမုသမ ဆယ့်တစ်သွယ်ကို၊ လေးခုမြောက်ဝယ် ညွှန်းသကိုရှင့်လေး။ ။ **ပုပ္ဖိတဂ္ဂ, ယမဝတီဂါထာ ပြီး၏။**

**အမုသမဝုတ္တိပိုင်း ပြီး၏။**

----- x -----

## [ ၄ ] ဝိသမဝုတ္တိပိုင်း

၄၃။ ပဌမမှာ ရှစ်ဝဏ္ဏာနှင့်၊ ဒုတိယ ဆဲ့နှစ်ခရာ၊ တတိယ ဆယ့်ခြောက်လာသည်၊ စတုတ္ထဝီသ။ ပဒစတုရုဒ္ဓဂါထာမှာ၊ အက္ခရာ ငါးဆယ့်ခြောက်မျှ။ အဆုံးမှာ ဂနှစ်ကျလျှင်၊ ပိဋ္ဌာပမှည့်ပါ၊ ပဌမဒုတိယ ပြန်လေရာမှာ၊ ကလိကာ ဆိုရိုးရှင့်လေး။ ။

၄၄။ ဆယ့်နှစ်ခရာ ပဌမနှင့်၊ ဒုတိယ သောဠသာ၊ တတိယ ရှစ်ခရာသည်၊ စတုတ္ထာဝီသ။ ငါးဆယ့်ခြောက်ခရာ ညီသည်၊ လဝလီ စွဲလို့ဆိုကြ။ တတိယာ, စတုတ္ထတို့၊ လဲလှယ်ကြ အက္ခရာ၊ အမတဓာရ မည်သညာသည်၊ ငါးဂါထာ ထွေဆန်းလှလေး။ ။ **ပဒစတုရုဒ္ဓမျိုး ပြီး၏။**

၄၅။ ရှေးဦးစွာ ပဌမမှာ၊ သဇ်သလဂိုဏ်းလာ၊ ဒုတိယပါဒါမှာ၊ နသဇာဂဆုံး။ သုံးခုမြောက် ပါဒါမှာ၊ ဘနဇာလဂနှင့် သုံး။ စတုတ္ထအဆုံးမှာလ၊ သဇ်သဇ်ဂကြုံးဥဂ္ဂတာ၊ ရန်ဘဂ တတိယာ သည်၊ အကြွင်းတူလှာ သောရဘကတည့်လေး။ ။

၄၆။ တတိယပါဒမှာ၊ နနှစ်ဝ သနှစ်ခါ၊ ကြွင်းတူအံ့ လလိတာသည်၊ ဥဂ္ဂတာဇာတိ။ ဥပဋ္ဌိတဂါထာမှာ၊ မသဇ်ဘဂါရှေးဦးအာဒိ။ သနဇရ်ဂဒုတိနှင့်၊ တတိယနန်းသာ၊ စတုတ္ထ နဇယ်မှာသည်၊ ပစုပိတာ ဆင့်ဦးရှင့်လေး။ ။

၄၇။ အလျင်လို တတိယမှာ၊ နန်းသနှင့် နသုံးခါ၊ ခလုဝုတ် မည်သညာသည်၊ ကြွင်းသေသာ တူမြဲ။ တဇယ ဂိုဏ်းသုံးဖြာကို၊ ပုရာဋ္ဌိတာမှာ မှတ်တော့ မလွဲ။ ဝိသမဂါထာထဲတွင်ဖြင့်၊ တွေ့ခဲသည့်ဂါထာ၊ ဆန်းကျမ်းတိုင်း သူမလာသည်၊ သေချာမြဲမှတ်ကြလေး။ ဥဂ္ဂတာမျိုး, ဥပဋ္ဌိတပစုပိတမျိုး ပြီး၏။

၄၈။ ရှစ်လုံးကို တစ်ပါဒပ၊ လေးပါဒ တစ်ဂါထာ။ စဆုံးကို ပယ်ချန်လို့၊ ကြွင်းခြောက်တန် ကျန်သမျှမှာ၊ ဂိုဏ်းချလိုက်ပါ။ တစ်နောင်မှာ သနာကြဥ်ပ၊ လေးနောင်မှာ ယနှင့်ငြားလျှင်၊ ကြားတော့ဝတ္တ၊ ဒုတိယ, စတုတ္ထလို့ နှစ်ပါဒလေး နောင်မှာ၊ ဇဂိုဏ်းမျှသာ။ ကြွင်းဝတ္တနည်းတူလာလျှင်၊ ပထျာဝတ္တရှင့်လေး။

၄၉။ ရှေးဦးစွာ ပဌမနှင့်၊ တတိယ လေးနောင်၊ မရသတဇဘန ခြောင်သည်၊ ယခေါင်ကရှေးထုံး။ ကာရယှဉ်ကာနှင့်၊ ဝိပုလာပထျာဝတ်ကို၊ ဖတ်ရွတ်လို့ သုံး။ ပဌမမှာဖြင့်၊ မကာရဝိပုလာ၊ ရအာဒိသညာမှာ၊ ရကာရာဆိုမြဲ။ သုံးပါဒ သညာမှာ၊ တတိယရှေးစလို့ စွဲ။ ပထျာဝတ်ဂါထာထဲမှာ၊ ဇကွဲနှင့် ယပြန်၊ ဝိပရိတ်ပထျာ မှန်သည်၊ ဤဆယ်တန် ဝတ္တရှင့်လေး။ ဝတ္တဂါထာမျိုး ပြီး၏။

ဝိသမဝုတ္တိပိုင်း ပြီး၏။

----- x -----

## [ ၅ ] ဂါထာသံသန္ဒနပိုင်း

၅၀။ ဆန်းသိခါ မတြာဘွဲ့မှာ၊ နှစ်ဆဲ့ရှစ်လဟုအဆုံးဂါ၊ သုံးဆယ်လဟုအဆုံးဂါပင်၊ ဝိသမသမာကမ။ သိခါမည်ရ ယင်းဂါထာကို၊ ရှေ့နောက်ပြန်ရာမှတ်တော့ခဥ။ အတိရုစိရာဂါထာကျမှာ၊ လဟုသတ္တဝီသအဆုံးဂါ၊ ရှေ့ဆယ့်ခြောက်တန် ဂရုမျှနှင့်၊ နောက်ဗာတ္တိံသလဟုလာ၊ အနုဂ်က္ကိဋ္ဌ သည်ဂါထာသည်၊ လေးမတြာ တဂိုဏ်းပုံတည့်လေး။ ။

၅၁။ ထိုဂါထာ မတ္တနှင့်၊ မောတ္တိက မာလာ၊ ကုသုမ ဝိစိတ္တာသည်၊ ပဟာရဏ ကလိတာတတွဲ။ ဘမရဝိလသိတ ဂါထာကို၊ ဝါနဝါသိကလို့ စွဲ။ မန်းယဂါပဏာဝနှင့်၊ တောဋကသလေးတွဲကိုလ၊ ဆိုမြဲပ ဘွဲ့မည်တွင်၊ မတ္တာသမက တွက်ကျုံးဝင်သည်၊ နှစ်ထွေမည်ပင် ညွှန်းသကိုရှင့်လေး။ ။

၅၂။ သသိကလာစသည် ဂါထာတြိနှင့်၊ အစလဓိတိ လေးပါဒါ၊ ပမိတက္ခရ သည်ဂါထာကို၊ စိတြာဆိုကြ။ ဒေါဓကေရုမ္မဝတီမည်သည်၊ တာမရသီ ဥပစိတြ။ ရုမ္မဝတီ ဆိုစကြပေတဲ့၊ စမ္မကမာလာသာ၊ မည်ကွဲလို့ ဂိုဏ်းတူပါသည်၊ ဥပစိတြာ စွဲပေမှလေး။ ။

၅၃။ ဝိဇ္ဇုမာလာ နှစ်ပါဒနှင့်၊ အစလဓိတိ နှစ်ပါဒါ၊ အနင်္ဂက္ကီဠ မည်ကုန်ပါသည်၊ သည်သညာတမျိုး။ အပဝါဟကျွ သည်ဂါထာကို၊ အရိယာဂီတိလို့ ထိုး။ ဝေတာလီ ဂါထာရိုးမှာဖြင့်၊ အပရဝတ္တမျိုး ထည့်သွင်းပါ၊ ဩပစ္ဆန္ဒသက သည်ဂါထာမှာ၊ ပုပ္ဖိတဂ္ဂါ ရောက်သကိုရှင့်လေး။

၅၄။ မနောရမာ ဘဒ္ဒိကတို့၊ ဝိသမပါဒါ၊ သုဒ္ဓဝိရာဇိတ ရထောဒ္ဓတာသည်၊ မာလိနီ ပိယံဝဒ။ သည်လေးခု သမမှီသည်၊ ဝေတာလီ စွဲလို့ ဆိုရ။ မယူရသာရိဏီ ဝိသမနှင့်၊ ဧကရူပ သမဘာ၊ ဩပစ္ဆန္ဒသက မှည့်ကုန်ရာသည်၊ ရထောဒ္ဓတာပရန္တိကရှင့်လေး။ ။

**ဂါထာသံသန္ဒနပိုင်း ပြီး၏။**

----- x -----

## [ ၆ ] ဆပ္ပစ္စယပိုင်း

၅၅။ အတန်းကို တည်ထားလို့၊ စားပေတော့ နှစ်သာ၊ ကြွင်းတစ်ခု မြင်လေရာမှာ၊ ဂရုသာ နှစ်ရေး၊ ကြွင်းသုည အဆုံးမှာမူ လဟုသာ တစ်ပမနေး၊ ကြွင်းသေသာ ကျန်ပြန်သေးလျှင်လ၊ လဒ်သို့တက်ရေး တစ်ခုသာ၊ နှစ်စားမြဲ တနည်းနာသည်၊ နည်းခြောက်မှာ နဋ္ဌရှင့်လေး။ ။ **နဋ္ဌနည်း ပြီး၏။**

၅၆။ ဂါထာ၏အောက်အစမှာ၊ တစ်နှစ်လေးအဋ္ဌ စသည်လာ၊ နှစ်ဆတက် ထိုသင်္ချာကို၊ ရေးလေပါမမှား။ လဟုအောက်ရှိ သင်္ချာကို၊ ပေါင်းပြီးကာ တစ်နှင့် ရောထား။ သည်ဂါထာ သည်တန်းပြားလို့၊ ညွှန်ကြားဖို့ သည်သင်္ချာ၊ ဥဒ္ဒိဋ္ဌနည်း မည်သညာသည်၊ ထုတ်ဖော်ဖွေရှာ ပြညွှန်းသကိုရှင့်လေး။ ။ **ဥဒ္ဒိဋ္ဌနည်း ပြီး၏။**

၅၇။ ဂါထာမှာ ခရာမျှရုံက၊ တစ်တစ်ပိုချ ထက်အောက်သာ၊ တစ်ခုတစ်ခု ရှုပ်ပြီးခါလျှင်၊ တက်လေပါအောက်စု။ အလဟူဧက်လဟူသည်၊ ဒွိလဟူ သဗ္ဗလဟု။ လဟုကြိယာ နည်းအစုမှာ၊ အကုန်ရောရှု ပေါင်းလေရာ၊ နည်းပတ္ထာရ သည်သင်္ချာကို၊ ဝုတ္တသင်္ချာ ညွှန်းသကိုရှင့်လေး။ လဟုကြိယာ, ပတ္ထာရသင်္ချာ, ဝုတ္တသင်္ချာနည်း ပြီး၏။

၅၈။ အာဒိဂါ အစောလောနှင့်၊ ပုဗ္ဗဝေါ ပရေသမာ၊ အလုံးစုံ လဟုလာလျှင်၊ နည်း ပဏ္ဏာရာနယ။ ဥဒ္ဒိဋ္ဌသင်္ချာကုန်အောင်၊ ပေါင်းလေကုန်နည်းက တဝ။ သည်သင်္ချာအရကို၊ ဒွိဂုဏကော်ပယ်၊ ဂလဟု ထိုကြားနယ်မှာ၊ လက်သစ်အကျယ် နည်းအဒ္ဓါတည့်လေး။ ။ **အဒ္ဓါနည်း ပြီး၏။**

၅၉။ တစ်ထွာကို ဆယ့်နှစ်သစ်ပ၊ တစ်တောင်ထွာ နှစ်သုံးမိုက်သာ၊ တောင်ခုနစ်ခု တာတစ်တာသည်၊ နှစ်ဆယ်တာ ဥသဘ။ ဥသဘ ရှစ်ဆယ်ကွာကို၊ ဂါဝုတ်သာ မှတ်လေမှပ။ လေးဂါဝုတ် ယောဇနနှင့်၊ ခုဆယ်ရာ ထောင်သောင်းကျော်၊ သိန်းသန်းကောဋိ ကုဋေပေါ်ကို၊ ကုဋေမြောက်ကော် ညွှန်းပလေရှင့်လေး။ ။ **ယူဇနာ-စသည်ဖွဲ့ပုံ ပြီး၏။**

၆၀။ ဝိကပ်ပုံ အောက်တန်းမှာ၊ ရှေးဂဏန်း တည်ကာ၊ နောက်ဂဏန်း မြှောက်ပွါးလာသည်၊ နည်းပဏ္ဏာရာနယ။ နည်းဝုတ္တသင်္ချာသည်၊ မကွဲပါ ဝေါဟာရမျှ။ အာဂန္တု ကော်ပြလို့၊ နောက်ဆုတ်မြှောက်ရ ဂဏန်းမှာ၊ သူ့ဂိုဏ်းခရာအောက်ကို နုတ်သည်၊ မြှောက်ကုတ်မြဲသာ၊ ကြွင်းသရွေ့ သည်သင်္ချာကို၊ နည်းဥဒ္ဒိဋ္ဌာ ညွှန်းသကိုရှင့်လေး။ ။ **ဂဏဝိကပ်, ပဏ္ဏာရ, ဂဏသင်္ချာ, ဥဒ္ဒိဋ္ဌနည်း ပြီး၏။**

၆၁။ အတန်းကို တည်ထားလို့၊ စားပေတော့ အဖြောင့်သာ။ ကြွင်းကြည့်ရှု ရေတွက်ကာလျှင်၊ ချလေပါ ဂိုဏ်းဖြာ။ ကြွင်းသေသ ရှိလေရာမှာ၊ တစ်ခုသာလဒ်သို့ တက်နှော၊ အဖန်ဖန် သည်ပုံလောပါလို့၊ ဆုံးတိုင်နှစ်နော ချလေကုန်၊ ပျောက်သမျှ ခရာပုံကို၊ နဋ္ဌအစုံ ညွှန်းသကို ရှင့်လေး။ ။ **ဂဏဝိကပ်၊ နဋ္ဌနည်း ပြီး၏။**

၆၂။ အကွက်ကို ဌာနပ၊ ဝါရမှာ ဂိုဏ်းခရာ၊ ပဏ္ဏာရ သည်သင်္ချာကို၊ မြှောက်လေပါ ဌာန။ ဝါရစား လဒ်သင်္ချာကို၊ ပိုင်းခြားကာ ခွဲလို့ထားပ။ ဌာန်တူရာ ရောနှော့ကြလို့ မသဇ ဘာနဂလမှာ၊ အကုန်ရောရှု ဌာန်စားရာသည်၊ ဂဏကြိယာ ဖြစ်သကိုရှင့်လေး။ ။ **ဂဏဝိကပ်၊ ဂဏကြိယာနည်း ပြီး၏။**

၆၃။ ပဏ္ဏာရာကို တည်လစ်လို့၊ နှစ်သစ်မြှောက် တစ်ပယ်ပါ၊ ပေါင်းလက်သစ်သင်္ချာကို၊ ဇောဗီသာကုတ်စား။ လဒ်အရ သင်္ချာကို၊ တောင်ပေါင်းသာ မှတ်တော့မမှား။ အကြွင်းမှာ ဆယ့်နှစ်စားလို့ လဒ်ကိုမှတ်သား ထွာခေါ်ကာ၊ ကြွင်းလက်သစ် မလွဲပါသည်၊ လက်သစ်ထွာ နောက်ဆုတ်ရှင့်လေး။ ။

၆၄။ အတောင်ကို သတ်စားလျှင်၊ ထက်လဒ်ဖျားတာ သင်္ချာ၊ အကြွင်းတောင် ထွာရှေ့နားမှာ၊ ရေးထားလိုက်ပါ။ တာပေါင်းကို နှစ်ဆယ်ဖြတ်ပြန်က၊ အထက်လဒ် ဥသဘာ။

အကြွင်းမှာ တာပဲ၊ တာသင်္ချာ တောင်ရှေ့နားမှာ၊ ထားပ အမြဲ၊ ဥသဘာသင်္ချာစွဲကိုလ၊ ရှစ်ဆယ်ကုတ်မြဲ လဒ်ဂါဝုတ်သာ၊ ရှစ်ဆယ်စားကြွင်း ဥသဘာကို၊ တာရှေ့ဖျားမှာ ထားပလေ ရှင့်လေး။

၆၅။ လဒ်သင်္ချာ ဂါဝုတ်ကို၊ လေးခုဖြတ် ကုတ်လဒ်ယူဇနာ၊ ကြွင်းဂါဝုတ် သင်္ချာကို၊ ဥသဘာရှေ့ဖျား။ လဒ်အရယူဇနာကို၊ ဂါဝုတ်တာရှေ့နားက ထား။ ခရီးကျယ် အကွာများကိုဖြင့်၊ ပြောကြားဖို့ သည်လင်္ကာ၊ နည်းနယအဒ္ဓါကို၊ ကြံစည်ဖွေရှာညွှန်းသကိုရှင့်လေး။ **ဂဏာဝိကပ်၊ ဂဏာအဒ္ဓါနည်း ပြီး၏။**

**ဆပ္ပစ္စယပိုင်း ပြီး၏။**

မြန်အောင်မြို့၊ အနောက်မျက်နှာသာယာကုန်း၊ သပ္ပုရိသာရာမတိုက် **ဆရာတော်ဦးသာသန** ရေးသားစီရင်တော်မူအပ်သော ဆန္ဒောပဗ္ဗလင်္ကာကား ၁၂၃၂-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ်၊ ၈-ရက်၊ ၃-ဂ်ါနေ့၊ ၃-ချက်တီးအချိန်တွင် ပြီး၏။

**ဆန္ဒောပဗ္ဗလင်္ကာ ပြီး၏။**

★★★★★★★

{၆}

အရှင်သံဃရက္ခိတမထေရ်

# ဝုတ္တောဒယသန်းပါဌ်

နှင့်

အရှင်သိရိကုမာရမထေရ်

# သန်းနိသျှသစ်

ဒုတိယအကြိမ်

၁၃၇၂ ၂၀၁၁

# ဣစ္ဆာသယနိဒါန်း

## ပညာရှိဂိုဏ်းဝင်, သမိုင်းဝင်

ကဝိပါမောက်ပညာရှိတစ်ယောက် ဖြစ်မြောက်ရေးအတွက် သုဗောဓာလင်္ကာရဆရာ မိန့်မှာအပ်ခဲ့သော–

ယော သဒ္ဒ သတ္တကုသလော ကုသလော နိဃဏ္ဍု။
ဆန္ဒော အလင်္ကတိသု နိစ္စကတာဘိ ယောဂေါ။

စသော စကားတော်အရ နိရုတ္တိသဒ္ဒါကျမ်းတို့၌ ကျွမ်းကျင်လိမ္မာမှု, ပိဋကတ်စာပေတွင် သုံးစွဲသော အမည်အမျိုး အချိုးအစား ဝုစ်ထားလိုင်ထွက် ပုဒ်ဟောနက်ကို ဖွင့်ပြသော အဘိဓာန်ကျမ်း၌ ကျွမ်းကျင်လိမ္မာမှု, ဂိုဏ်းဂရု, လဟု, မတ္တာ, ယတိတို့ကို မှတ်သား၍ ဂါထာစီကုံး နှုံးဖွဲ့ပုံ စည်းမျဉ်းဥပဒေသကို နည်းမှန်လမ်းကျ ပြသသောဆန်းကျမ်း၌ လိမ္မာမှု, စကားအသွားအလာ ကောင်းစွာစေ့စပ် အထပ်နေကျစ် ပြေပြစ်ချောမွတ် မလွတ်ရသ ဘာဝဌာယီ အလီလီတို့ကို ပြသသော အလင်္ကာကျမ်း၌ ကျွမ်းကျင်လိမ္မာ အခါခါ အားထုတ်မှု ဤ ၄-ခုသော အချက်နှင့်ပြည့်စုံလျှင် ကျမ်းဂန်တစ်စောင်တစ်ဖွဲ့ကို စီရင်ရေးသားခြင်း မရှိစေကာမူ ပညာရှိဂိုဏ်းတွင် သမိုင်းဝင်တစ်ဦးဖြစ်ကြောင်း ထင်ရှားလေသည်။

## ဆန်းမလိမ္မာ ကဗျာနှုံးဖွဲ့ ရယ်ဖွယ်တဲ့

ပိဋကတ် ၃-ဖြာနှင့်တကွ သဒ္ဒါအဘိဓာန်, အလင်္ကာကျမ်းတို့၌ တတ်မြောက်ကျေပွန် ၍ သဒ္ဒါပါရဂူ, အလင်္ကာရပါရဂူ, ဝိဒူပါမောက်၊ မုန်သောက်မာတင်၊ ပညာရှင်ကြီးတစ်ဦး ဖြစ်သော်လည်း ဆန္ဒောဝိစိတိခေါ် ဆန်းကျမ်း၌ လေ့လာတတ်မြောက်မှု မရှိခဲ့လျှင် ပညာရှိတို့ ဥစ္စာ ကဗျာစီကုံးနှုံးဖွဲ့ရာ၌ ဆန်းနှင့်မလျော် သံပေါ်ဖုထစ်ပြေပြစ်ခြင်းမရှိဘဲ ပညာရှိပရိသတ် အလယ် ရည်ရွှင်ဖွယ်ဖြစ်သည် မဟုတ်တုံလော။

## ကျမ်းပင်သေးလျက် အသိခက်

ဆန်းကျမ်းသည် ကဗျာစီကုံးနှုံးဖွဲ့ပုံကို စည်းကမ်းတကျဖြစ်စေရန် ညွှန်ပြသည်ဖြစ်ရာ ကျမ်းစာစောင်ပင် သေးငယ်သော်လည်း ပါဠိဘာသာတည်းဟူသော သမုဒ္ဒရာကြီးကို ကူးရ

သည်ဖြစ်ရကား ၎င်းကျမ်း၏ ခက်ခဲကျယ်ဝန်းမှုသည်လည်း စာပေသမိုင်းတွင် ၁-ကဏ္ဍ အနေအားဖြင့် ပါဝင်နေကြောင်းကို ရှေးဆရာတော်ကြီးများက-

ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ကထာ ခက်ရာသာ။

ဟု မှတ်တမ်းပြုခဲ့ကြသည်။

ဤနေရာတွင် ဗုဒ္ဓဘာသာ မြန်မာ့စာစဉ်၌ ကျမ်းလတ်အခက်ကို ဓာတုကထာကျမ်း ဟု သတ်မှတ်ကြသည်။ ဝုတ္တောဒယနိဿယသစ် ကျမ်းပြုဆရာတော်ကြီးသည်ပင် ၎င်းရေး ဝုတ္တောဒယနိဿယသစ်နိဒါန်း၌ ကျမ်းလတ်ဓာတုကထာ-ဟု ရေးသားပြဆိုလေသည်။ ကျမ်းလတ်တွင် ဓာတုကထာကျမ်းသည် အခက်ခဲဆုံး ဖြစ်နိုင်၏, မဖြစ်နိုင်၏ကို အဘိဓမ္မာနည်း၌ သရုပ်သကန် အတော်အတန် နားလည်ရုံမျှသာရှိသော ပထမပြန်ဝင် သာမဏေငယ်ကလေး များပင် ဓာတုကထာကျမ်းကို ဆိုစွမ်း, ဆောင်စွမ်း, နားလည်နိုင်စွမ်း ဖြေစွမ်းနိုင်ရကား စဉ်းစားသင့်လေသည်။

မန္တလေးမြို့ အဘယာရာမဆရာတော်ဘုရားကြီးကား လယ်ခက်ကျမ်းဟူသည် ကထာဝတ္ထုကျမ်းသာ ဖြစ်သည်-ဟု မိန့်ကြားတော်မူသည်။ ကထာဝတ္ထုကျမ်း၌ ကျမ်းရိုး ထွက်တက်တင်ပုံတို့မှာ ပိဋကတ်တော်၏အဓိပ္ပါယ်ကို အများနားလည်အောင် ဖြေရှင်းခြင်း ပင်ဖြစ်သော်လည်း ကျနစွာ သိနားလည်ရန် မလွယ်ကူလှပေ။ ရှေးဆရာတော်ကြီးများက ပဋ္ဌင်းပျိုငယ်တို့အား "မောင်ပဋ္ဌင်း၊ စာတတ်ချင်လျှင် ကထာဝတ္ထုကျမ်းကို ကြိုးစား လေ့လာလေ"ဟု မိန့်ကြားတော်မူကြောင်းကို တဆင့်ကြားဖြင့် မှတ်သားရဖူးသည်။

## နံစောင်များလင့် စိတ်မှာထင့်

ဤဝုတ္တောဒယငယ်ခက်ကျမ်းနှင့် စပ်၍ နောက်ပိုင်းသာသနာစာပေစဉ်တွင် ခက်ခဲမှု မတွေ့စေရန် ရေးသားခဲ့ကြသော ဆန်းနိဿ, ဆန်းပုံ-စသည်တို့ကား အများအပြား ရှိကြကုန်၏။ ပထမပြန်ပွဲဝင် အရှင်တို့သည် ဆန်းနိဿစာစောင် မြားမြောင်သည့်အတွက် တစ်ကျမ်းနှင့်တစ်ကျမ်း ဂိုဏ်းဂရု, လဟု, ယတိ အနေအထားမှစ၍ ကွာခြားကွဲလွဲသည်ကို တွေ့ကြရရာ စာပြန်ပွဲနီး ခရီးမတွင် ဓိပ္ပါယ်စဉ်မကျ အာလယလိုရင်း မပြတ်ကင်းဘဲ စိတ်တွင်း တထင့်ထင့်နှင့် ဝင်ရောက်ဖြေဆိုကြရလေသည်။

## ဆန်းဂန္ထဝင်

အရှင်သိရိကုမာရမထေရ် ရေးသားအပ်သော ဤဝုတ္တောဒယဆန်း လွန်စွာလင်နိသျှ သစ်ကျမ်းသည်ကား မူလရိုရင်းစွဲ ပါဠ်မှန်ကို ဆန်းနှင့်ဆိုင်ရာ သင်္ကေတမာဂဓ စာကိုယ်ငှိကာ, မြန်မာနိသျည်းမှစ၍ ဂန္ထအချင်းချင်း နှီးနှောတိုက်ဆိုင်လျက် သေချာတိကျစွာ ဆုံးဖြတ်ထား သည့်ပြင် အနက်ယောဇနာနည်းမှာလည်း အချိန်မကုန်စေရ၊ တိကျမှန်ကန်စေလျက် ပတ္ထာရ ဖြန့်ပုံ-စသည်တို့ကို ပုံနှင့်တကွ ပြသထားရကား စာချဆရာတော်များအတွက် အဓိပ္ပါယ် နှံ့နှံ့စပ်စပ်ပြောဖို့ရာ အခြားကျမ်းတစ်စောင်ကို ကြည့်ရှုနေရန်မလို၊ အနုသန္ဓေဆိုမှ စ၍ ပြသထားသည်။ စာပြန်ပွဲဝင် အရှင်များအတွက်လည်း ဆန်းနှင့်ပတ်သက်၍ ဆရာအထူး ရှာနေဖွယ်မလို၊ အဆုံးအဖြတ်အစုံအလင်နှင့် ပြဆိုထားသည်။ သို့ဖြစ်၍ ဆန်းစာသဘင် တွင် အစုံလင်ဆုံးသော နိသျှန်စောင်ကောင်း ဖြစ်လေသည်။

ရိုက်နှိပ်ပုံ အစီအစဉ်မှာ–

(၁) မူလပါဠိ၌ ဆိုလိုရင်းစကားကို မျက်နှာမဲဖြင့် ပြထားခြင်း၊

(၂) ကျမ်းဂန်ပါဠ်ရင်း ၂-ရပ် စပ်ဟပ်သော အနုသန္ဓေစကားကို ၁၄-ပွိုင့်စာလုံးငယ် ကလေးများဖြင့် ထူးခြားစွာ ပြထားခြင်း၊

(၃) ဆိုင်ရာဂါထာ၏ အနက်နှင့်အဓိပ္ပါယ်ကို တစ်သန့်စီပြထားခြင်း၊

(၄) အထူးမှတ်ချက်များကို ပါဠိတွင် ဂရိတ်အင်တင်း, မြန်မာစကားရိုးတွင် ၁၄-ပွိုင့် အင်တင်းနှင့် ပြသထားခြင်းဖြစ်ရာ–

ပထမပြန်ပွဲ ဝင်,မဝင် စာချဆရာတော်များနှင့် စာသင်ပျိုများအတွက် အချိန်ကြန့်ကြာမှုမရှိ စေဘဲ ကြည့်ရှုလိုသောစာသားကို အမြန်ဆုံးတွေ့နိုင်လေသည်။

ဤဝုတ္တောဒယနိသျှသစ်ကျမ်းသည် ဆန်းနှင့်ဆိုင်ရာ အဓိပ္ပါယ်အစုံအလင်ပါသော ကျမ်းကောင်း ၁-စောင်ဖြစ်၍ တိုက်ပိုင်ရှင်ဖြစ်သော ဦးသောင်းက စာလုံးစာသား ဝါကျ အသွားအနေ အထွေထွေမှစ၍ အထူးကောင်းမွန်စေရန် ပါဠိဆရာ ဦးထွန်းသိန်း၊ ဦးအောင် မြင့်၊ ဦးထွန်းရင်၊ ဦးထွန်းကျော်(သိရေမဏိ)တို့ကို အထပ်ထပ် ကြည့်ရှုပြင်ဆင်စေကာ ရန်ကုန် မြို့၊ ၁၁၃-၂၄ လမ်း၊ ကစ္စာသယပိဋကတ်ပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ဝေအပ်သည်ဖြစ်ပါကြောင်း။

ထွန်းသိန်း၊ ကစ္စာသယ
၁-၃-၅၄

အရှင်သံဃရက္ခိတမထေရ်

# ဝုတ္တောဒယဆန်းပါဌ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## [ ၁ ] ပထမပရိစ္ဆေဒ၊ သညာ,ပရိဘာသာနိဒ္ဒေသ

၁။ နမ'တ္ထု ဇန-သန္တာန-၊ တမ-သန္တာန-ဘေဒိနော။
ဓမ္မု'ဇ္ဇလန္တ-ရုစိနော၊ မုနိန္ဒော'ဒါတ-ရောစိနော။

၂။ ပိင်္ဂလာ'စရိယာ'ဒီဟိ၊ ဆန္ဒံ ယ-မုဒိတံ ပုရာ။
သုဒ္ဓ-မာဂဓိကာနံ တံ၊ န သာဓေတိ *ယဒိစ္ဆိတံ။ (ယထိစ္ဆိတံတိပိ ပါဌော ယုဇ္ဇတိ။)

၃။ တတော မာဂဓ-ဘာသာယ၊ မတ္တာ-ဝဏ္ဏ-ဝိဘေဒနံ။
'လက္ချ-လက္ခဏ-သံယုတ္တံ၊ ပသန္န'တ္ထ-ပဒ'က္ကမံ။
(လက္ခ-လက္ခဏသံယုတ္တန္တိ သီဟဠပေါတ္ထကေသု ပါဌော ဒိဿတိ။)

၄။ ဣဒံ ဝုတ္တောဒယံ နာမ၊ လောကိယ'စ္ဆန္ဒ-နိဿိတံ။
အာရဘိဿ'မဟံ ဒါနိ၊ တေသံ သုခ-ဝိဗုဒ္ဓိယာ။

၅။ သဗ္ဗ-လ္ဂု မ္နာ'ဒိ-ဂ-လဟူ၊ ဘျာ မဇ္ဈ'န္တ-ဂုရု ဇ-သာ။
မဇ္ဈ'န္တ-လာ *ရတေတော'ဋ္ဌ၊ ဂဏာ ဂေါ ဂုရု လော လဟု။ (ရတေတ္ဌ-ဣတိ သီဟဠ)

၆။ ဘ-ဇ-သာ သဗ္ဗ-ဂ-လဟူ၊ ပဉ္စ'မေ သဏ္ဌိတာ ဂဏာ။
အရိယာ'ဒိမှိ ဝိညေယျာ၊ ဂဏော ဣမ စတု'က္ကလော။

၇။ သံယောဂါ'ဒိ စ ဒီဃော စ၊ နိဂ္ဂဟီတ-ပရော စ ယော။
ဂုရု'ဝင်္ကော ပါဒ'န္တော ဝါ၊ ရဿော'ညော မတ္တိကော လု'ဇု။

၈။ ပရေ ပါဒါ'ဒိ-သံယောဂေ၊ ယော ပုဗ္ဗော *ဂုရုက'က္ခရော။ (ဂုရုစ'က္ခရောတိ သီဟဠ)
လဟု သ ကွစိ ဝိညေယျော၊ တ'ဒုဒါဟရဏံ ယထာ။

၉။ ဒဿန-ရသာ'နုဘာဝနေ၊ နိဗဒ္ဓ-ဂေဓာ ဇိနဿ'ယံ ဇနတာ။
ဝိမှယ-ဇနနီ သညတ၊ ကြိယာ နု ကံ နာ'နုရဉ္ဇယတိ။

၁၀။ ဝိညေယျာ လောကတော သညာ၊ သမုဒ္ဒေါ'သု-ရသာဒိနံ။
ပါဒေါ ဉေယျော စတုတ္ထံ'သော၊ ပဒစ္ဆေဒေါ ယတိ'ဗ္ဗဝေ။

၁၁။ သမ'မဒ္ဓ-သမံ ဝုတ္တံ၊ ဝိသမ-ဉ္စာ'ပရံ တိဓာ။
သမာ လက္ခဏတော ပါဒါ၊ စတ္တာရော ယဿ တံ သမံ။

၁၂။ ယဿ'န္တိမေန ဒုတိယော၊ တတိယေနာ'ဒိမော သမော။
တ'ဒဒ္ဓ-သမ'မည'န္တု၊ ဘိန္န-လက္ခဏ-ပါဒိကံ။

၁၃။ ပါဒ'မေကက္ခရာ'ရဗ္ဘ၊ ယာဝ ဆဗ္ဗီသတ'က္ခရော။
ဘဝေ ပါဒေဟိ တံ ဆန္ဒံ၊ နာနာ-နာမော'ဒိတံ တတော။

၁၄။ ဒဏ္ဍကာ စဏ္ဍဝုဋ္ဌျာဒိ၊ ပါဒေဟိ ဆဟိ တီဟိ တု။
ဂါထာ'တိ စ ပရတ္ထေ'ဝံ၊ ဆန္ဒောသညာ ပကာသိတာ။

၁၅။ အနန္တရော'ဒိတံ စ'ညံ၊ မေတံ သာမည-နာမတော။
ဂါထာ *-ဣစ္စေ'ဝ နိဒ္ဒိဋ္ဌာ၊ မုနိန္ဒ-ဝစနေ ပန။ (ဂါထာမိစ္စေဝါ'တိ သီဟဠ။)

၁၆။ ဝိသေသ-နာမတော ကိဉ္စိ၊ ဂဟေတွာ သဗ္ဗထော'စိတံ။
'ဒဿယိဿာမ'ဟံ 'တေ'တ္ထ၊ နာမာနာ'ဝိ ဘဝိဿရေ။
(ဒဿယိဿမဟမိတိ ပါဌော။ နေတ္ထာ-တိ သီဟဠ။)

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ သညာ,ပရိဘာသာနိဒ္ဒေသော နာမ
ပထမော ပရိစ္ဆေဒေါ။ (၁၆)။

----- x -----

## [ ၂ ] ဒုတီယပရိစ္ဆေဒ၊ မတ္တာဝုတ္တိနိဒ္ဒေသ

၁၇။ ဆဋ္ဌော’ခိလ-လဟု ဇော ဝါ၊ ဂယုတ’န္တေ ဆ’ဂ္ဂဏာ န ဇော ဝိသမေ။
အရိယာယန္တ’ဒ္ဓေ လော၊ ဆဋ္ဌော’တ္ထေ ဂေါ ဂဏာ ဆ’န္တေ။

၁၈။ ပထမ’ဒ္ဓေ ဆဋ္ဌော စေ၊ သဗ္ဗ-လဟော’တ္ထာဒိ ‘လဟုနိ’ ဘဝတိ ယတိ။
တ’ပ္ပရကော’န္တေပိ သစေ၊ ‘စရိမေပိ’ ဘဝတိ စတုတ္ထော’န္တေ။

၁၉။ အရိယာသာမညံ စေ၊ ပုဗ္ဗော’ဒိတလက္ခဏံ ဘဝေ ယဿာ။

၂၀။ အာဒိမ’မထ ပါဒယုဂံ၊ ယဿာ တျံ’သေဟိ သာ ပထျာ။

၂၁။ ယတ္ထ ဂဏတ္တယ’မုလ္လင်္ဃီ၊ ယောဘယတ္ထာ’ဒိမော ဘဝေ ဝိပုလာ။

၂၂။ ဂုရု-မဇ္ဈ-ဂေါ ဇကာရော၊ စတုတ္ထကော ဒုတီယကော စပလာ။

၂၃။ စပလာ’ဂတာ’ခိလံ စေ၊ ဒလာ’ဒိမံ လက္ခဏံ ဘဇတိ ယဿာ။
ပထျာ-လက္ခဏ’မညံ၊ မုခစပလာ နာမ သာ ဘဝတိ။

၂၄။ ပထျာယ လက္ခဏံ စေ၊ ပထမ’ဒ္ဓေ လက္ခဏံ တု *စပလာယ။(စပလာယာက္ကတိ သီဟဠ)
ဒုတိယေ ဒလေ’ထ ယဿာ၊ ပကိတ္တိတာ သာ ဇဃနစပလာ။

**အရိယာဇာတိယော။ ၅။**

၂၅။ သဗ္ဗံ ပထမ-ဒလေ ယဒိ၊ လက္ခဏ-မရိယာယ ဝုတ္တ’မုဘယေသု။
ယဿာ ဒလေသု ယုတ္တံ၊ ဝုတ္တာ သာ ဂီတိ ဝုတ္တ-ယတိ-လလိတာ။

၂၆။ အရိယာယံ ဒုတိယ’ဒ္ဓေ၊ ဂဒိတာ’ခိလ-လက္ခဏံ ယံ တံ။
ဘဝတိ ဒလေသု’ဘယေသုပိ၊ ယဒိ ယဿာ သာယ’မုပဂီတိ။

၂၇။ အရိယာယ’ဒ္ဓ’ဒ္ဓိတယံ၊ ပုဗ္ဗော’ဒိတ-*လက္ခဏော’ပေတံ။ (လက္ခဏူပေတံ-သီ။)
ဝိပရိယယေနာ’ဘိဟိတံ၊ ယဿာ သမ္ဘဝတိ စေ’ဟ *စောဂ္ဂီတိ။ (သောဂ္ဂီတိ-သီ)

၂၈။ အရိယာ-ပုဗ္ဗ’ဒ္ဓံ ယဒိ၊ ဂုရုနေ’ကေနာ’ဓိကေန နိဓနေ ယုတ္တံ။
ယဒိ ပုဗ္ဗ’ဒ္ဓ-သမာနံ၊ ဒလ-မိတရံ စော’ဒိတာယ မရိယာဂီတိ။

**ဂီတိဇာတိယော။ ၄။**

၂၉။ ဝိသမေ ဆ သိယုံ ကလာ မုခေ၊
'သမေတွ'ဋ္ဌ ရ-လ-ဂါ တတော'ပရိ။ (သမေတာဋ္ဌ-သီ။)
ဝေတာလီယံ တ'မုစ္စတေ၊ လဟု-ဆက္ကံ န နိရ'န္တရံ သမေ။

၃၀။ ဝေတာလီယော'ပမံ မုခေ တံ၊
ဩပစ္ဆန္ဒသိကံ ရ-ယာ ယဒ'န္တေ။

၃၁။ အာပါတလိကာ ကထိတာ-ယံ၊
ဘ-ဂ-ဂါ 'န္တေ ယဒိ ပုဗ္ဗ-မိဝညံ။ (ဘဂ္ဂါန္တေ-သီ။)

၃၂။ ယဒါ'ဒိတော ဒက္ခိဏန္တိကာ၊
ဋ္ဌိတေ'တ္ထ 'ပါဒေသ္ဝာ'ခ်ိလေသု ဇော။ (ပါဒေသာ-သီ။)

၃၃။ ဥဒိစ္စဝုတ္တိ'တိ ဝုစ္စတေ၊ ဇော စာ-ဒေါ ဝိသမေသု သဏ္ဌိတော။

၃၄။ ပုဗ္ဗတ္ထ သမေသု စေ ဂ-ဇာ၊ ပစ္စဝုတ္တိ 'ရုဒိတာတိ သဏ္ဌိတာ။ (ရုဒိတေတိ-သီ။)

၃၅။ သမာ'သမာ'ဩ'ဒိန့် သမာ၊ သံယုတာ ဘဝတိ တံ ပဝတ္တကံ။

၃၆။ အသဿ သာ သမကတာ ပရန္တိကာ။

၃၇။ တဒ'ည-ဇာ စာရုဟာသိနီ။

ဝေတာလီယဇာတိယော။ ၉ ။

၃၈။ ဒွိက-ဝိဟတ-ဝသု-လဟု-အစလဓိတိ'ရိဟ။

၃၉။ မတ္တာသမကံ နဝမော လ္ဂ'န္တေ။

၄၀။ ဇော န္လာ'ထဝါ'ဏ္ဏဝါ ဝိသိလောကော။

၄၁။ တ'ဒွယတော ဝါနဝါသိကာ'ချာ။

၄၂။ ပဥ္စ-ဋ္ဌ-နဝသု ယဒိ လော စိတြာ။

၄၃။ ဂ-လျာ'ဋ္ဌဟိ စေ သာ ဝု'ပစိတြာ။

၄၄။ ယ'မတီတ-လက္ခဏ-ဝိသေသ-ယုတံ၊ မတ္တာ-သမာ'ဒိ, ပါဒါ'ဘိဟိတံ။
အ-နိယတ-ဝုတ္တ-ပရိမာဏ-သဟိတံ၊ ပထိတံ ဇနေသု ပါဒါကုလကံ။

မတ္တာသမကဇာတိယော။ ၇။

၄၅။ ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ၊ ဝိနာ ဝဏ္ဏာ ဂုရူဟိ တု။
* ဝိနာ လဟူဟိ ဂုရဝေါ၊ ဒလေ ပဌျာဒိနော မတာ။ (ဝိနာလဟုနိ-သီ။)

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ မတ္တာဝုတ္တိနိဒ္ဒေသော နာမ ဒုတိယော ပရိစ္ဆေဒေါ။

----- x -----

## [ ၃ ] တတိယပရိစ္ဆေဒ၊ သမဝုတ္တိနိဒ္ဒေသ

ဆဋ္ဌ'က္ခရာဝုတ္တိ၊ ဂါယတ္တီ။ ၆၄ ။

၄၆။ တျာ စေ, တနုမဇ္ဈာ။ ။ ၁၃ ။

၆-ဂါယတ္တီ။ ၁ ။

သတ္တ'က္ခရာဝုတ္တိ၊ ဥဏှိကာ။ ၁၂၈။

၄၇။ ကုမာရ„ လလိတာ သ္ဂါ။ ။ ၃၀ ။

၇-ဥဏှိကာ။ ၁ ။ (ဥဏှိ-သီ။)

အဋ္ဌ'က္ခရာဝုတ္တိ၊ အနုဋ္ဌုဘာ။ ၂၅၆။

၄၈။ စိတြပဒါ ယဒိ ဘာ ဂါ။ ။ ၅၅။

၄၉။ မော မော ဂေါ ဂေါ„ ဝိဇ္ဇုမ္မာလာ။ ။ ၁။

၅၀။ ဘာ တ-လ-ဂါ„ မာဏဝကံ။ ။ ၁၀၃။

၅၁။ ဣါ သမာနိကာ ရ-ဇာ စ။ ။ ၁၇၁။

၅၂။ ပမာဏိကာ ဇ-ရာ လ-ဂါ။ ။ ၈၆။

၈-အနုဋ္ဌုဘာ။ ၅။

နဝ'က္ခရာဝုတ္တိ၊ ဗြဟတီ။ ၅၁၂။

၅၃။ ရာ န-သာ„ ယဒိ ဟလမုခီ။ ။ ၂၅၁။

၅၄။ *ဘုဇဂသုသုသဋ္ဌာ နာမော။ ။ ၆၄။ (ဘုဇဂသုသုဘဋ္ဌာ-သီ။)

၉-ဗြဟတီ။ ၂။

ဒသ'က္ခရာဝုတ္တိ၊ ပန္တိ။ ၁,၀၂၄။

၅၅။ မ္သာ ဗ္ဂာ သုဒ္ဓဝိရာဋ္ဌိ'ဒံ မတံ။ ။ ၃၄၅။ (သုဒ္ဓဝိရာဇိတံ-ကတ္ထစိ။)

၅၆။ မ္နာ ယော ဂေါ ယဒိ ပဏဝေါ ချာတော။ ။ ၁၂၁။

၅၇။ ဘ္မာ သ-ဂ-ယုတ္တာ„ ရုမ္မဝတီ သာ။ ။ ၁၉၉။

၅၈။ ဥေ_ယျာ မတ္တာ မ-ဘ-သ-ဂ-ယုတ္တာ„။ ။ ၂၄၁။

၅၉။ စမ္ပကမာလာ စေ ဘ-မ-သာ ဂေါ„။ ။ ၁၉၉။

၆၀။ န-ရ-ဇ-ဂေဟိ သာ မနောရမာ။ ။ ၃၄၄။

၆၁။ ဥပ္ဘာသကံ တံ စေ 'တော မ-ရာ-လ္ဂ။ ။ ၆၄၅။ (တော မရာ လော-သီ။)

၆၂။ 'တော ဇာ„ ဂုရုနာ'ယ'မုပဋ္ဌိတာ။ ။ ၃၆၅။

(တ္ဘာသာ်ဂုရုနာယ မုပဋ္ဌိတာ သာတိ-တိဋ္ဌဘာဆန္ဒသိ ဒိဿတိ-သီ။)

၁၀-ပန္တိ။ ၈။

ကောဒသ'က္ခရာဝုတ္တိ၊ တိဋ္ဌုဘံ။ ၂,၀၄၈။

၆၃။ ဣန္ဒဝဇိရာ တာ ဝဇိရာ ဇ-ဂါ ဂေါ။ ။ ၃၅၇။

၆၄။ ဥပါဒိကာ သာ'ဝ ဇ-တာ ဇ-ဂါ ဂေါ။ ။ ၃၅၈။

၆၅။ အနန္တရော'ဒီရိတ-လက္ခဏာ စေ။
ပါဒါ ဝိမိဿာ ဥပဇာတိယော တာ။
ဧဝံ ကိလ'ညာသုပိ မိဿိတာသု။
ဝဒန္တိ ဇာတိသွိ'ဒ'မေဝ နာမံ။ ။

၆၆။ န-ဇ-ဇ-လ-ဂါ ဂဒိတာ သုမုခီ။ ။ ၈၈၀။ (သဇဇာ လဂါ-သီ။)

၆၇။ ဒေါဓကေ'မိစ္ဆတိ စေ ဘ-ဘ-ဘာ ဂါ။ ။ ၄၃၉။

၆၈။ ဝေဒဿေဟိ„ မတာ တ-ဂ-ဂါ သာလိနီ သာ„။ ။ ၂၈၉။

၆၉။ ဝါတုမ္မီသာ„ ယတိ သာ မ္ဘာ တ-ဂါ ဂေါ။ ။ ၃၀၅။ (ဓာတုမ္မီ-သီ။)

၇၀။ ဘာ တ-န-ဂါ ဂေါ„ သုရသ သိရီ သာ။ ။ ၄၉၁။

၇၁။ 'ရော န-ရာ ဣဟ ရထောဒ္ဓတာ လ-ဂါ။ ။ ၆၉၃။ (ရောနရာ ဣမ-သီ။)

၇၂။ သွာဂတေတိ-ရ-န-ဘာ ဂုရုကာ ဒွေ။ ။ ၄၄၃။
၇၃။ န-န-ရ-လဟု-ဂုရူဟိ ဘဒ္ဒိကာ။ ။ ၇၀၄။

၁၁-"တိဋ္ဌဘာ။ ၁၁။ (တုဋ္ဌဘံ-သီ။)

ဒွါဒသ'က္ခရာဝုတ္တိ၊ ဇဂတီ။ ၄,၀၉၆။

၇၄။ ဝဒန္တိ ဝံသဋ္ဌ'မိဒံ ဇ-တာ ဇ-ရာ။ ။ ၁,၃၈၂။
၇၅။ သာ ယိန္ဒဝံသာ ခလု ယတ္ထ တာ ဇ-ရာ။ ။ ၁,၃၈၁။ (သာ ဣန္ဒဝံသာ-သီ။)
၇၆။ က္လဟ တောဋက'မမ္ဗုဓိ-သေဟိ မိတံ။ ။ ၁,၇၅၆။ (ကွ တောဋက-သီ။)
၇၇။ ဒုတဝိလမ္ဗိတ'မာဟ န-ဘာ ဘ-ရာ။ ။ ၁,၄၆၄။
၇၈။ ဝသု-ယုဂ-ဝိရတီ နာ မျာ ပုဋော'ယံ။ ။ ၅၇၇။
၇၉။ န-ယ-သဟိတာ နျာ ကုသုမဝိစိတ္တာ။ ။ ၁,၄၈၈။
၈၀။ ဘုဇင်္ဂပ္ပယာတံ ဘဝေ ဒေဝ-ယေဟိ။ ။ ၅၈၆။
၈၁။ န-ဘ-ဇ-ရေဟိ ဘဝတိ ပိယံဝဒါ။ ။ ၁,၄၀၀။
၈၂။ ဝုတ္တာ သုမီဟိ လလိတာ တ-ဘာ ဇရာ။ ။ ၁,၃၉၇။
၈၃။ ပမိတက္ခရာ သ-ဇ-သ-သေဟု'ဒိတာ။ ။ ၁,၇၇၂။
၈၄။ န-န-ဘ-ရ-သဟိတာ'ဘိဟိတု'ဇ္ဇလာ။ ။ ၁,၄၇၂။
၈၅။ ပဉ္စဿစ္ဆိန္နာ ဝေဿဒေဝီ မ-မာ ယာ။ ။ ၅၇၇။
၈၆။ ဘဝတိ'ဟ တာမရသံ န-ဇ-ဇာ ယော။ ။ ၈၈၀။ (ဝဒတိ ဟိတာမရသံ-သီ။)
၈၇။ ကမလာတိ ဧ ယျာ သ-ယ-သေဟိ ယော စေ။ ။ ၇၁၆။

၁၂-ဇဂတီ။ ၁၄။

တေရသ'က္ခရာဝုတ္တိ၊ အတိဇဂတီ။ ၈,၁၉၂။

၈၈။ မ္ဘာ-ဖြာ ဂေါ„ တိဒသ-ယတိ "ပ္ပဟဿိဏီ သာ။ ။ ၁,၄၀၀။ (ပဟာသိနီ-သီ။)
၈၉။ စတု-ဂ္ဂဟေ„ ဟိ'ဟ ရုစိရာ ဇ-ဘာ သ္ဂ-ဂါ။ ။ ၂,၈၀၆။

၁၃-အတိဇဂတီ။ ၂။

စတုဒ္ဒသ'က္ခရာဝုတ္တိ၊ သက္ကရီ။ ၁၆,၃၈၄။

၉၀။ န-န-ရ-သ-လဟု-ဂါ„ သရေဟျ ပရာဇိတာ။ ။ ၅,၈၂၄။

၉၁။ န-န-ဘ-န-လ-ဂိ'တိ ပ္ပဟရဏကလိကာ။ ။ ၈,၁၂၈။

၉၂။ ဝုတ္တာ ဝသန္တတိလကာ တ-ဘ-ဇာ ဇ-ဂါ ဂေါ။ ။ ၂,၉၃၃။

၁၄-သက္ကရီ။ ၃။

ပဥ္စဒသ'က္ခရာဝုတ္တိ၊ အတိသက္ကရီ။ ၃၂,၇၆၈။

၉၃။ ဒွိ-ဟတ-ဟယ-လဟု-ရထ-ဂိတိ သသိကလာ။ ။ ၁၆,၃၈၄။

၉၄။ ဝသု-ဟယ ယတိရိဟ မဏိဂုဏနိကရော။ ။ ၁၆,၃၈၄။ (ယတိရိဓ-သိ။ မဏိဂဏ-သိ)

၉၅။ န-န-မ-ယ-ယ-ယုတာ„ ယံ မာလိနီ 'ဘောဂိသီဟိ„။ ၄,၆၇၂။ (ဘောဂိသိဟီ-သိ။)

၉၆။ ဘဝတိ န-ဇာ ဘ-ဇာ ရ-သဟိတာ ပဘဒ္ဒကံ။ ။ ၁၁,၁၈၄။

၁၅-အတိသက္ကရီ။ ၄။

သောဠသ'က္ခရာဝုတ္တိ၊ အဋ္ဌိ။ ၆၅,၅၃၆။

၉၇။ န-ဇ-ဘ-ဇ-ရာ သဒါ ဘဝတိ ဝါဏိနီ ဂ-ယုတ္တာ။ ။ ၁၃,၁၈၄။

၁၆-အဋ္ဌိ။ ၁။

သတ္တဒသ'က္ခရာဝုတ္တိ၊ အစ္စဋ္ဌိ။ ၁၃၁,၀၇၂။

၉၈။ ယ-မာနော-သော ဘ-လ္ဂာ„ ရသ-ဟရ-ဝိရာမာ သိခရိဏီ„။ ။ ၅၉,၃၃၀။

၉၉။ ရသ'ယုဂိ'သိတော„နော-သော-မြာ သ္လာ„ ဂျဒါ ဟရိဏီ တဒါ။ ။ ၄၆,၁၁၃။

၁၀၀။ မန္ဒက္ကန္တာ„ မ-ဘ-န-တ-တ-ဂါ„ ဂေါ ယုဂုတွဿကေဟိ„။ ။ ၁၈,၉၂၉။

၁၇-အစ္စဋ္ဌိ။ ၃။

အဋ္ဌာရသ'က္ခရာဝုတ္တိ။ ဓိတိ။ ၂၆၂,၁၄၄။

၁၀၁။ မော-တော-နော-ယော ယာ„ ကုသုမိတလတာဝေလ္လိတာ„ ကျ 'တွိသီဟိ။ ။
၃၇,၈၅၇။ (တွိသိဟီ-သိ။)

၁၈-'ဓိတိ။ ၁။ (ဓုတိ-သိ။)

ဧကူနဝီသတျ'က္ခရာဝုတ္တိ။ အတိမိတိ။ ၅၂၄,၂၈၈။

၁၀၂။ ရသု'တ္တသေဟိ ယွာ„ န-သ-ရ-ရ-ဂုရူ„ မေယဝိပ္ပရှိတာ သာ„။ ။ ၇၅,၇၁၄။

၁၀၃။ အဂ္ဂ'သေဟိ ယတိ မ္ဘ-ဇာ သ-တ-တ-ဂါ„ သဒ္ဒုလဝိက္ကိဠိတံ။ ။ ၁၄၉,၃၃၇။

(အဂ္ဂသေဟိ ယဒိ-သီ။)

၁၉-*အတိမိတိ။ ၂။ (အတိရတိ-သီ။)

ဝီသတျ'က္ခရာဝုတ္တိ၊ ကတိ။ ၁,၀၄၈,၅၇၆။

၁၀၄။ ဝုတ္တ မိဒိသံ တု နာမတော ရ-ဇာ ရ-ဇာ ရ-ဇာ ဂုရူ လဟူ စ။ ။ ၆၆၉,၀၅၁။

၂၀-ကတိ။ ၁။

ဧကဝီသတျ'က္ခရာဝုတ္တိ၊ ပကတိ။ ၂,၀၉၇,၁၅၂။

၁၀၅။ မြာ ဘ္နာ ယော ယော'တြ ယေန„ တ္တိမုနိ-ယတိ-ယုတာ„ သဒ္ဓရာ ကိတ္တိတာယံ„။ ၃၀၃,၀၁၁။ (မြဘ္နာ-သီ။)

၂၁-ပကတိ။ ၁။

ဒွါဝီသတျ'က္ခရာဝုတ္တိ၊ အာကတိ။ ၄,၁၉၄,၃၀၄။

၁၀၆။ ဘြာ န-ရ-နာ ရ-နာ စ-ထ ဂုရူ„ 'ဒသက္ကဝိရမံ ဟိ ဘဒ္ဒကမိဒံ„။ ။ ၁,၉၃၁,၇၃၅။

(ဂုရုဒ္ဒသက္က-သီ။)

၂၂-အာကတိ။ ၁။

က္ကတိ ဝုတ္တောဒယေ ဆန္ဒသိ သမဝုတ္တိ နိဒ္ဒေသော နာမ
တတိယော ပရိစ္ဆေဒေါ။ ။ ၆၁။ ၁၀၆။

----- x -----

## [၄] စတုတ္ထပရိစ္ဆေဒ၊ အဒ္ဓသမဝုတ္တိနိဒ္ဒေသ

၁၀၇။ ဝိသမေ ယဒိ သာ သ-လ-ဂါ သမေ။
ဘ-တ္တယတော ဂုရုကာ *ဝုပစိတ္တံ။ (ဥပစိတ္တာ-သီ။)

၁၀၈။ ဘ-တ္တယတော ယဒိ ဂါ ဒုတမဇ္ဈာ။
ယဒိ ပုနရေဝ ဘဝန္တိ န-ဇာ ဇျာ။

၁၀၉။ ယဒိ သ-တ္တိ’တယံ ဂုရု-ယုတ္တံ။
ဝေဂဝတီ ယဒိ ဘတ္တိတယာ ဂါ။

၁၁၀။ တော ဇော ဝိသမေ ရတော *ဂုရူ စေ။ (ဂုရုဒွေ-သီ။)
မ္ဘာ ဂ္ဂါ *ဘဒ္ဒဝိရာဍ္ မေတ္ထ ဂေါ စေ။ (ဘဒ္ဒဝိရာဇ-သီ။)

၁၁၁။ ဝိသမေ သ-ဇာ သ’ဂုရု-ယုတ္တာ။
ကေတုမတီ သမေ ဘ-ရ-န-ဂါ ဂေါ။

၁၁၂။ အာချာနကီ တာ ဝိသမေ ဇဂါ ဂေါ။
ဇ-တာ ဇ-ဂါ ဂေါ-သမေ’ထ ပါဒေ။

၁၁၃။ ဇ-တာ ဇ-ဂါ ဂေါ ဝိသမေ သမေ တု။
တာ ဇော ဂ-ဂါ စေ ဝိပရီတ-ပုဗ္ဗာ။

၁၁၄။ သ-သတော သ-လ-ဂါ ဝိသမေ သမေ။
န-ဘ-ဘ-ရာ *ဘဝတေ ဟရိဏပ္လုတာ။ (ဘဝတီ-သီ။)

၁၁၅။ ယဒိ န-န ရ-လ-ဂါ န-ဇာ ဇ-ရာ။
ယဒိစ တဒါ’ပရဝတ္တ’မိစ္ဆတိ။

၁၁၆။ ဝိသမ’မုပဂတာ န-နာ ရ-ယာ စေ။
န-ဇ-ဇ-ရ-ဂါ သမကေ စ ပုပ္ဖိတဂ္ဂါ။

ဒွယ’မိဒံ ဝေတာလီယပ္ပဘေဒေါ။

၁၁၇။ သာ ယဝါဒိကာမတီ ရ-ဇာ ရ-ဇာတွ။
သမေ သမေ ဇ-ရာ ဇ-ရာ *ဂုရုဗ္ဘဝေယျ။ (ဂုရု ဘဝေယျ-သီ။)

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ အဒ္ဓသမဝုတ္တိနိဒ္ဒေသော နာမ စတုတ္ထော ပရိစ္ဆေဒေါ။ ၁၁။၁၁၇။

## [၅] ပဉ္စမပရိစ္ဆေဒ၊ ဝိသမဝုတ္တိနိဒ္ဒေသ

၁၁၈။ န’ဋ္ဌ’က္ခရေသု ပါဒေသု၊ သ္နာ’ဒိမှာ ယော’က္ခရာဝါ ဝတ္တံ။

၁၁၉။ သမေသု သိန္ဓုတော ဇေန၊ ပထျာဝတ္တံ ပကိတ္တိတံ။

၁၂၀။ ဩဇေသု ဇေန သိန္ဓုတော၊ တမေဝ ဝိပရီတာဒိ။

၁၂၁။ န-ကာရော စေ ဇလဓိတော၊ စပလာဝတ္တ’မိစ္စေတံ။

၁၂၂။ သမေ လော သတ္တမော ယဿာ၊ ဝိပုလာ ပိင်္ဂလဿ သာ။

၁၂၃။ သေတဝဿာ’ခိလေသွ’ပိ။ (ခိလေသုပိ-သီ။)

၁၂၄။ ဘေန’က္ခရာဝါ ဘဝ္ဗိပုလာ။ (တဝ္ဗိပုလာ-သီ။)

၁၂၅။ ဓဝ’မညာ’ရော စတုတ္ထာ။

၁၂၆။ နော’က္ခရာဝါ စေ န’ဝိပုလာ။

၁၂၇။ တော’က္ခရာဝါ တထာ’ညာ သိယာ။

ဝတ္တပ္ပဘေဒေါ။ ၁၀။

၁၂၈။ န ဒိဿတေ’တ္ထ ယံ ဆန္ဒံ၊ ပယောဂေ ဒိဿတေ ယဒိ။
ဝိသမ-က္ခရပါဒံ တံ၊ ဂါထာ သာမည-နာမတော။

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ ဝိသမဝုတ္တိနိဒ္ဒေသော နာမ ပဉ္စမော ပရိစ္ဆေဒေါ။ ၁၁။၁၂၈။

----- x -----

## [၆] ဆဋ္ဌပရိစ္ဆေဒ၊ ဆပ္ပစ္စယနိဒ္ဒေသ

၁၂၉။ ပတ္ထာရေ သဗ္ဗ-ဂေ ပါဒေ၊ ပုဗ္ဗဂေါ’ဓော လှုရေ သမာ။ (ပုဗ္ဗဂါဓော-သီ။)
ပုဗ္ဗေ •ဂုရု တေ စမိမေ၊ ကတ္တဗ္ဗာ ယာဝ သဗ္ဗ-လာ။(ဂုရုတွေဝ မိမေ-သီ။ သဗ္ဗလော-သီ)

၁၃၀။ နဋ္ဌဿ ယော ဘဝေယျ’င်္ကော၊ တသ္မိံ လော ဒ္ဓိ’ကတေ သမေ။
ဝိသမေတွေ’က’သဟိတေ၊ ဘဝေယျ’ဒ္ဓိ-ကတေ ဂုရု။

၁၃၁။ ဓကော’ဒိ’နုက္ကမေန’င်္ကေ၊ ပုဗ္ဗာ’ဓော •ဒ္ဓိဂုဏော လိခေ။ (ဒိဂုဏော-သီ။)
•မိဿကေဟိ လဟု-ဋ္ဌေဟိ၊ သေ’ကေဟု’ဒ္ဓိဋ္ဌကံ ဘဝေ။ (မိဿိတေဟိ-သီ။)

၁၃၂။ ဝုတ္တ’က္ခရသမာ သချာ၊ လိက္ခု သေ’ကော’ပရူပရိ။
ဧကေ’က-ဟီန’မေကာဒိ၊ နု’ဋ္ဌာနေ သဗ္ဗ-ဂါ’ဒိကံ။

၁၃၃။ ဂုရုကြိယာ’င်္က-သန္နောဟော၊ ဘဝေ သချာ ဝိမိဿိတော။
ဥဒ္ဒိဋ္ဌ’င်္က-သမာဟာရော၊ သေ’ကောဝေမံ သမာနယေ။

၁၃၄။ သင်္ချေဝ ဒွိဂုဏေကူနာ၊ ဝိတ္ထာရာ’ယာမ *သမ္ဘဝါ။ (ယာမသမ္ဘဝေါ-သီ။)
ဝုတ္တဿ’ဒ္ဓန္တရာနဍ္ဎ၊ ဂုရုလာနဍ္ဎ အင်္ဂုလံ။

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ ဆပ္ပစ္စယဝိဘာဂေါ နာမ ဆဋ္ဌော ပရိစ္ဆေဒေါ။ ၆။ ၁၃၄။

----- x -----

## နိဂမ

၁၃၅။ သေလ’န္တရာယတန-ဝါသိက-သီလတ္ထေရ၊
ပါဒေါ *ဂုရုဂ္ဂုဏာ-ဂုရုဗ္ဓယတံ မမေသော။ (ဂုရူဂုဏာဂုရူ-သီ။)

ယဿပ္ပဘာဝ’မဝလမ္ဗ မယေ’ဒိသောပိ။
သမ္ပာဒိတော’ဘိမတ-သိဒ္ဓိ-ကရော ပရတ္ထော။

၁၃၆။ ပရတ္ထ-သမ္ပာဒနတော၊ ပုညေနာ’ဓိဂတေန-ဟံ။
ပရတ္ထသမ္ပာဒနကော၊ ဘဝေယျံ ဇာတိ-ဇာတိယံ။

၁၃၇။ အဝလောကိတမတ္တေန၊ ယထာ ဆပ္ပစ္စယာ မယာ။
သာဓိတာ *သာဓယေန္တေ’ဝ၊ မိစ္ဆိတ’တ္ထံပိ ပါဏိနော။ (သာဓယန္တေဝ-သီ။)

၁၃၈။ *ယေနန္တတန္တ-ရတနာ’ကရ-မန္ထနေန။ (စရိမ သိလောကဒွယံ-သီဟဠမူလေသု သန္ဒိဋ္ဌံ)
မန္ထာစလောလ္လသိတဉာနဝရေန လဒ္ဓါ။

သာရမတာဘိ သုခိတာ သုခယန္တု စ’ညေ။
တေ မေ ဇယန္တု ဂုရဝေါ ဂုရဝေါ ဂုဏောဃိ။

၁၃၉။ ပုညေန တေန ဇိနပတ္တိ ယဒါ ဘဝေယျ၊ တာဝါဟသာရိတနုဇောဝ သတိ မတီမာ။
တေဇော တိဟေတုပဋိသန္ဓိ အမောဃရူပီ၊ လင်္ကာဓိတိဗလပသဋ္ဌဂုဏော ဘဝေယျံ။

ဣတိ သံဃရက္ခိတ မဟာသာမိတ္ထေရေန ဝိရစိတံ ဝုတ္တောဒယပ္ပကရဏံ ပရိနိဋ္ဌိတံ။

★★★★★★★

# ဝုတ္တောဒယဆန်းနိသျသစ်

## အချီးနိဒါန်း

ဤသတ္တလောကကြီး၌ အသီးအသီး သုံးစွဲပြောဆိုကြသော ဘာသာစကားအပေါင်းတို့တွင် ကမ္ဘာဦးအခါမှ စ၍ အစဉ်လေ့လာသုံးစွဲ၍ လာခဲ့သော ပါဠိဘာသာစကားသည် အပြစ်ဒေါသတို့မှ လွတ်ကင်း၍ သန့်ရှင်းစင်ကြယ် တင့်တယ်ကောင်းမြတ် ချီးမွမ်းအပ်သော ဘာသာစကားရင်း ဖြစ်၏။ ဤဘဒ္ဒကမ္ဘာအတွင်း၌ ပွင့်တော်မူကြကုန်သော ကကုသန်-အစရှိသောဘုရား၊ ဂေါ်ဝါဠ သဲအစုကို ရှုံးစေ၍ ရှေးဖြစ်သော ကပ်ကမ္ဘာအနန္တတို့၌ ပွင့်တော်မူကြကုန်သော ရှေးအနန္တ ဘုရားသခင်တို့သည် ဤပါဠိဘာသာအားဖြင့်သာလျှင် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့အား တရားဓမ္မ ညွှန်ပြဟောကြားတော်မူမြဲ ဖြစ်ကြကုန်၏။

ငါတို့ မြတ်စွာဘုရားသခင်သည်လည်း ဝေနေယျသတ္တဝါတို့အား တရားရေအေးတိုက်ကျွေးဝေငှ ဆုံးမတော်မူသောအခါတို့၌ **အရိယဘာသာ**-ဟု ဆိုအပ်သော ပါဠိဘာသာအားဖြင့်သာလျှင် ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့ပေ၏။

ရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာအရှင်မြတ်တို့သည်လည်း ပိဋကတ် ၃-ပုံဖြင့် ရေတွက်အပ်သော ပရိယတ္တိတရားတော်ကို ထိုပါဠိဘာသာဖြင့်သာလျှင် ၃-ခါ ၃-ကြိမ်တိုင်တိုင် သင်္ဂါယနာတင်တော်မူကြကုန်၏။

ပါဠိဘာသာအားဖြင့် ဟောကြားတော်မူအပ်သော ထိုပရိယတ္တိတရားတော်သည် ဂိမှဥတု ရတုသမယ ပထမန္ဒွေလအခါတွင် အပင်ချင်းယှက် အခက်ချင်းစပ် ရွက်ချင်းထပ်၍ ပင်လုံးကျွတ်နုသော ရွက်ဖူးရွက်နုရှိသော သစ်ပင်နွယ်ချုံအပေါင်းတို့ဖြင့် တင့်တယ်သော တောအုပ်ကြီးနှင့် တူ၏။

- ပါဠိတော်၏နက်နဲခြင်း, အနက်၏နက်နဲခြင်း, အသိ၏နက်နဲခြင်း, ဒေသနာတော်၏နက်နဲခြင်း-ဟူသော ၄-ပါးသော ဂမ္ဘီရဂုဏ်၊
- အစ၌ကောင်းခြင်း, အလယ်၌ကောင်းခြင်း, အဆုံး၌ကောင်းခြင်းရှိသော ကလျာဏဂုဏ်၊

- အနက်နှင့် ပြည့်စုံခြင်း, သဒ္ဒါနှင့် ပြည့်စုံခြင်း, ကန်သင်းကန်ဘောင်နှင့် ညီမျှသော ရေလျှံရှိသော ရေကန်ကြီးကဲ့သို့ လိုသေးသည်-ဟူ၍ ထည့်သွင်းဖြည့်စွက်ဖွယ်လည်း မရှိ ပိုလွန်းသည်-ဟူ၍ ပယ်ထုတ်နုတ်ယူဖွယ်လည်း မရှိသော ထက်ဝန်းကျင် အလုံးစုံ ပြည့်စုံလုံလောက်ခြင်းတည်းဟူသော **ကေဝလပရိပုဏ္ဏဂုဏ်**၊
- ပိဋကတ် ၃-ပုံတို့၌ လာရှိသော ဘုရားစကားတော်တို့ကို ယန္တရားစက်ဖြင့် ဆီကို ကြိတ်ညှစ်၍ ယူသကဲ့သို့ တရားဆီ, တရားနှစ် ကြိတ်ညှစ်၍ စစ်ယူအပ်သည်ရှိသော် သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းထွက်မြောက်ရခြင်းတည်းဟူသော ဝိမုတ္တိရသ ထွက်ပေါ်လာခြင်း **ရသသမ္ပတ္တိဂုဏ်**—

အစရှိသော ချီးမွမ်းအံ့ဩ ထောမနာ၍ မကုန်နိုင်သော များစွာသော အနန္တကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံ၏။

ယင်းကဲ့သို့ ချီးမွမ်း၍မကုန်၊ အံ့ဩဖွယ်သော ဂုဏ်တို့နှင့် ပြည့်စုံသော ပရိယတ္တိဒေသနာတော်သည်—

**ပဌ-ဂဋ္ဌ-ဝိမိဿာနံ၊ ဘေဒေနာယံ တိဓာ ဘဝေ။**

ဟူသော သုဗောဓာလင်္ကာရကျမ်းနှင့်အညီ—

- မဟာမင်္ဂလသုတ်, ရတနသုတ်-စသော **ဝေါဟာရဒေသနာ**ကဲ့သို့ ဝေယျာကရဏ-စုဏ္ဏိယ မဖက်၊ ဂါထာဗန္ဓသက်သက်အားဖြင့်သာ ဟောကြားတော်မူအပ်သော **ပဇ္ဇမယဒေသနာ**။
- ဗြဟ္မဇာလသုတ်, မဟာသတိပဋ္ဌာနသုတ်-စသော **ပဏ္ဏတ္တိဒေသနာ**ကဲ့သို့ ဂါထာဗန္ဓ မဖက်၊ ဝေယျာကရဏ စုဏ္ဏိယစကားပြေသက်သက်အားဖြင့်သာ ဟောကြားတော်မူအပ်သော **ဂဇ္ဇမယဒေသနာ**။
- ဓဇဂ္ဂသုတ်, အာဋာနာဋိယသုတ်-စသော ဝေါဟာရဒေသနာကဲ့သို့ ဂါထာ, စုဏ္ဏိယ ၂-ချက် ရောယှက်ဖက်တွဲ၍ ဟောကြားတော်မူအပ်သော **မိဿကဒေသနာတော်**-

ဟူ၍ ၃-ပါးအပြားရှိ၏။

ထို ၃-ပါးသော ဒေသနာတို့တွင် ဂိုဏ်း, ဂရု, လဟု, မတ္တာတို့ကို ရွေးချယ်၍ စီကုံးဖွဲ့ဆိုအပ်သော ဂါထာဗန္ဓတို့ဖြင့် ဟောတော်မူအပ်သော ပဇ္ဇမယဒေသနာတော်တို့၌ အက္ခရာ, ဝဏ္ဏ, ဒီဃ, ရဿ, ဒွေဘာဝ,ဂရု, လဟုတို့ကို စိစစ်၍ ဒီဃနှင့် သင့်သည်၊ ရဿနှင့် သင့်သည်၊ ဒွေဘော်နှင့် ရှိသင့်သည်-စသည်ဖြင့် ဘုရားဟောတော်မူရင်းဖြစ်သော အာဟစ္စဘာသိတ

အဖြစ်သို့ ဆိုက်ထိရောက်ရှိအောင် တိတိပိုင်းပိုင်း ဟုတ်တိုင်းမှန်ကန်စွာ သိမြင်နိုင်ခြင်း၏ အကြောင်းသည်ကား မတြာဆန်း, ဝဏ္ဏဆန်း, ဂဏဆန်း-ဟူသော ဆန်း ၃-မျိုးတို့ကို အကျယ်ဖွင့်၍ သေချာစွာ ရေးသားပြဆိုသော ဆန္ဒောဝိစိတိကျမ်းကို သိကျွမ်းနားလည်ခြင်းသည်သာလျှင် မူလရင်းအကြောင်း နိဒါန်းဖြစ်၏။ ဘုရားရှေ့လက်ထက်တော်အခါ၌—

ကိံသု နိဒါနံ ဂါထာနံ?

ဂါထာနံ၊ ဂါထာတို့၏။ နိဒါနံ၊ အကြောင်းရင်းနိဒါန်းသည်။ ကိံသု၊ အဘယ်နည်း?

ဟု နတ်သားတစ်ဦး မေးလျှောက်သော ပုစ္ဆာပြဿနာကို—

ဆန္ဒော နိဒါနံ ဂါထာနံ။

ဂါထာနံ၊ ဂါထာတို့၏။ နိဒါနံ၊ အကြောင်းရင်းနိဒါန်းသည်။ ဆန္ဒော၊ ဆန်းတည်း။

ဟု ဘုရားနှုတ်တော်ဖြင့် မြွက်၍ ဖြေဆိုတော်မူ၏။

ထိုဆန္ဒောဝိစိတိကျမ်းမျိုးသည် "ကျမ်းကြီးပဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ် ဓာတု-ကထာ"ဟူသော ကြီးခက်, လယ်ခက်, ငယ်ခက် ၃-မျိုးတို့တွင် ငယ်ခက်ကျမ်းမျိုးဖြစ်သောကြောင့် အဖွဲ့အဆို၌ လိမ္မာလိုကုန်သော ပညာရှိတို့သည် ထိုဆန်းကျမ်းမျိုးကို အထူးကျက်စားလေ့လာအပ်၏။

သိင်္ဂါရ-စသော ရသ ၉-ပါး ပေါ်ထွက်စေခြင်းငှာ အထူးထူးသော အလင်္ကာတို့ဖြင့် တန်ဆာဆင်၍ အဖွဲ့ဗန္ဓ၏ အပြစ်ဒေါသတို့မှ လွတ်ကင်းသော ပသာဒ-စသောဂုဏ်တို့နှင့် ပြည့်စုံသော အဖွဲ့ဗန္ဓမျိုးကို ပညာရှိတို့ ပတိဘာန်ဉာဏ် ကွန့်မြူးသလောက် အမျိုးမျိုးအစားစား ရေးသားဖွဲ့ဆိုကြသည်တွင် အကျယ်စုဏ္ဏိယ ဂဇ္ဇဗန္ဓဖြင့် စီကုံးဖွဲ့ဆိုအပ်သော အဖွဲ့ဗန္ဓထက် ဆန်းကျမ်း၌လာသော ဂါထာ၏လက္ခဏာနှင့် ညီညွတ်စွာ ဖွဲ့ဆိုအပ်သော ပဇ္ဇဗန္ဓအဖွဲ့ကဗျာမျိုးသည်သာလျှင် ကြားနာသူအပေါင်းတို့၏ စိတ်နှလုံးကို အထူးနှစ်သက်စေနိုင်၏။

လူအပေါင်းတည်းဟူသော ပျားပိတုန်းတို့သည် စုဏ္ဏိယ, ဂဇ္ဇဗန္ဓတည်းဟူသော ၁-ပွင့်စီ စီတန်း၍ပွင့်သော အဖွဲ့အဆိုပန်းပွင့်တို့မှ ယိုစီးစိမ့်ထွက်လာသော ရသ ၉-ပါးတည်းဟူသော ပန်းဝတ်ရည်ကို စုပ်ယူသုံးစွဲကြရာ၌ ဂါထာသိလောက, ပဇ္ဇဗန္ဓတည်းဟူသော ပန်းကုံး, ပန်းခိုင်ကြီးတို့မှ ယိုစီးစိမ့်ထွက်လာသော သိင်္ဂါရ-စသော ရသ ၉-ပါးတည်းဟူသော ပန်းဝတ်ရည်တို့ကို စုပ်ယူသုံးစွဲကြရသလောက် သာယာစုံမက် နှစ်သက်ပျော်မြူး ယစ်မူးခြင်း မဖြစ်ကြလေကုန်။ ထိုဆန်းကျမ်းအတတ်ပညာသည်—

**သာ ဝိဇ္ဇာ နာဝါ တရန္တာနံ၊ ဂမ္ဘီရံ ကဗ္ဗသာဂရံ။**

သာ ဝိဇ္ဇာ၊ ထိုဆန္ဒောဝိစိတိကျမ်းကို သိသောအတတ်သည်။ ဂမ္ဘီရံ၊ နက်နဲသော။ ကဗ္ဗသာဂရံ၊ အဖွဲ့ကဗျာတည်းဟူသော မဟာသမုဒ္ဒရာပင်လယ်ကြီးကို။ တရန္တာနံ၊ ကူးခတ်လိုကုန်သော ပညာရှိတို့၏။ နာဝါ၊ လှေသင်္ဘောသဖွယ် ဖြစ်၏။

ဤသို့ ကာဗျဒသကျမ်း၌ ပြဆိုအပ်သော ဒဏ္ဍီဆရာကြီး၏ စကားနှင့်အညီ အဖွဲ့ကဗျာတည်းဟူသော သမုဒ္ဒရာကြီးကို ကူးခတ်လိုကုန်သော လင်္ကာကဗျာဆရာကြီးတို့၏ ကြိမ်,ချပ်, ဘောက်တူ, ဂေါ်တူ, လှေ,သင်္ဘောကြီးနှင့် တူ၏။

**ကဗ္ဗေါ ဗျာကရဏံ ဇောတိ၊ သတ္တံ သိက္ခာ နိရုတ္တိ စ။**
**ဆန္ဒောဝိစိတိ စေတာနိ၊ ဝေဒင်္ဂါနိ ဝဒန္တိ ဆ။**

ဟု ဆိုအပ်သော ဆဋင်္ဂ ၆-ကျမ်းတို့တွင်—

- ကပ္ပကျမ်းသည် လက် ၂-ဖက်နှင့် တူ၏။
- ဗျာကရဏ်းကျမ်းသည် ခံတွင်းနှင့် တူ၏။
- ဇောတိသတ္တကျမ်းသည် ကြည်လင်သော မျက်စိ ၂-လုံးနှင့် တူ၏။
- သိက္ခာကျမ်းသည် နှာခေါင်း ၂-ပေါက်နှင့် တူ၏။
- နိရုတ္တိကျမ်းသည် နား ၂-ဖက်နှင့် တူ၏။
- ဆန္ဒောဝိစိတိကျမ်းသည် ခြေထောက် ၂-ဖက်နှင့် တူ၏။

ထို့ကြောင့် စုဏ္ဏိယ, ဂဇ္ဇအဖွဲ့ဗန္ဓမျိုးသည် ခြေ ၂-ချောင်းစလုံး ဆတ်ပိုင်းကျိုးပဲ့၍ နေသောသူကို ပုတီး, နားဒေါင်း ကောင်းမြတ်တင့်တယ်သော အဝတ်ပုဆိုးတို့ကို ဝတ်ဆင်၍ အလှဗန်းပြထားသည်နှင့် တူ၏။ ဆန်းကျမ်း၌လာသော အဖွဲ့လက္ခဏာတို့ဖြင့် ညီညွတ်စွာ စီကုံးဖွဲ့ဆိုအပ်သော ပဇ္ဇကဗျာသည် အင်္ဂါစုံလင်၍ နဂိုလှပြီးသောသူကို တန်ဆာအထူး ဆင်ထားသည်နှင့် တူ၏။

ရသ, ဘာဝ, အလင်္ကာ-စသည်တို့ဖြင့် ကွန့်မြူးတင့်တယ်စွာ တစ်စုံတစ်ခုသောဝတ္ထုကို ဆန်းလက္ခဏာနှင့်အညီ အကယ်၍ ရေးသားဖွဲ့ဆိုထားသည် ဖြစ်အံ့။ အဆင်း,အနံ့-အစရှိသော အကြွင်းမဲ့ ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော ပန်းစု,ပန်းပုံကြီးကဲ့သို့ အလုံးစုံသော လူတို့၏စိတ်ကို ယိုဖိတ်စီးကျ အားရရွှင်လန်းခြင်းကို ဖြစ်စေနိုင်၏။ တင့်တယ်စံပယ်သောဆန်းဖြင့် ကောင်းစွာဖွဲ့ဆိုအပ်သောပဒ်သည် ဆောလျင်စွာ လူတကာတို့နား၌ ကြားလွယ်

သည် ဖြစ်၏။ နားအရသာကို ခံစားကုန်သော ရသ-သဘောကို သိသောသူတို့၏ စိတ်၌ အသစ်အသစ် အံ့သြဖွယ်ဖြစ်လာ၏။ အဖွဲ့ဗန္ဓ၏ အနက်သဘောကို တွေးတောဆင်ခြင်သော အခါ၌ အလွန်နက်နဲသော အဓိပ္ပါယ်သဘောမျိုးပင် ဖြစ်သော်လည်း အနည်းငယ်သော အက္ခရာအရေးအသားမျိုးဖြင့်သာလျှင် လွယ်ကူစွာ သိမြင်ထင်ပေါ်လွယ်၏။ မိမိအဖွဲ့အဆို၏ အတွင်း၌တည်သော အလုံးစုံ ဆိုလိုရင်းစကားရပ်ကို လူတို့၏နားတွင်း၌ ကြားသည်နှင့် တပြိုင်တည်း မပင်မပန်း ချမ်းသာစွာ ထင်လွယ်,မြင်လွယ်ရှိ၏။ ဤဆိုအပ်ပြီးသော ဂုဏ်တို့ကို ဂဇ္ဇအဖွဲ့တို့၌ မရအပ်ကုန်။ ဂါထာဗန္ဓ ပဇ္ဇ ကဗျာအဖွဲ့တို့၌သာလျှင် ရအပ်ကုန်၏။ ထို့ကြောင့် ကျမ်းပြုဆရာကြီး, ကဗျာလင်္ကာဆရာကြီးတို့သည် မိမိတို့ ရေးသားစီကုံး ဖွဲ့ဆိုလိုကုန်သော အရာဝတ္ထုမျိုးတို့ကို ဆန္ဒောဝိစိတိကျမ်း၌လာသော ဣန္ဒဝဇိရာ-အစရှိသော ဆန်းဂါထာတို့ဖြင့် သာလျှင် များစွာ ရေးသားဖွဲ့ဆိုကြကုန်၏။

ဗုဒ္ဓသာသနာတော် မပေါ်မထွန်းသေးသော ရှေးခေတ်အခါကာလတို့၌ အနောက်ဘက် မဇ္ဈိမတိုက် ပြည်နိုင်ငံများတွင် ဆန်းဆကရိတ်ခေါ်သော သက္ကတဘာသာကို လေ့လာသုံးစွဲလေ့ရှိကြကုန်သည်ဖြစ်၍ ထိုသက္ကတဘာသာဖြင့် ဂါထာစီကုံးဖွဲ့ဆိုရာ၌ လိမ္မာစေခြင်းငှာလည်းကောင်း၊ ဗေဒင်ကျမ်းတို့၌ အသုံးအစွဲ ပြုလုပ်စေခြင်းငှာလည်းကောင်း သေတဝ, ကဿပ, ကစ္စာယန, မဏ္ဍဗျ-အစရှိကုန်သော ရသေ့ပညာရှိတို့သည် ရှေးဦးစွာ သက္ကတဆန်းကျမ်းတို့ကို ရေးသားစီရင်ကြကုန်၏။

ရှေးအခါကာလ၌ ထိုရသေ့ရေး ဆန်းကျမ်းတို့ကို ပညာရှိတို့ ရိုသေလေးမြတ်စွာ လေ့လာသင်ကြား အားထုတ်အပ်ခဲ့ဖူးသော်လည်း ကာလဝိပတ္တိဘေးကြီး ဖိစီးနှိပ်စက်လေသောကြောင့် ထိုရသေ့ရေး ဆန်းကျမ်းတို့သည် ပရမ်းပတာ မူစာမရ၊ ကြေမွပျောက်ပျက်ခြင်းသို့ ရောက်ကြရကုန်၏။ ရသေ့ရေး ရှေးဆန်းကျမ်းဟောင်းများ မကွယ်မပျောက်သေးမီ ရှေးခေတ်ကာလ ကောင်းစားသော အခါတပါး၌ နဂါးပြည်တွင် အလွန်ထင်ရှားသော သေသမည်သော နဂါးမင်းသည် "ငါ၏ အထက်အရပ်၌ တည်နေသော ဤမဟာပထဝီ မြေကြီးသည် မည်မျှလောက် ပြန့်ကျယ်လေသနည်း"ဟု မြေကြီး၏ အကျယ်အဝန်းကို သိလိုသည်ဖြစ်၍ ပိင်္ဂလမည်သော ပုဏ္ဏားယောင် ဖန်ဆင်းပြီးလျှင် ဤလူ့ရွာလောကသို့ တက်ရောက်လာ၏။

အခါတပါး၌ ဂဠုန်မင်းသည် လူယောင်ဆောင်သော ပိင်္ဂလမည်သော နဂါးမင်းကို အတင်းဖမ်းသုတ်လိုသည်ဖြစ်၍ ဝေးသောအရပ်မှ တဟုန်တည်း ပြေး၍လာရာ ပိင်္ဂလနဂါးသည် ဂဠုန်မင်းကို ဤသို့ ဆီး၍ ဆို၏။ "အို ဂဠုန်မင်း၊ အကျွန်ုပ်သည် ကဗျာဗန္ဓကို ဖွဲ့ဆိုစီကုံးတတ်သော ပညာရှိကဝိတစ်ယောက်ဖြစ်၏။ အကျွန်ုပ်၏ လိမ္မာသောအဖြစ်ကို သင်-

ဂဠုန်မင်းသည် ကြည့်ရှုပါဦးလော့။ အကြင်အရပ်၌ တစ်ခုသော ဂဏန်းသင်္ချာတန်းကို ရေးသား၏။ ထိုရေးသားသော ဂဏန်းသင်္ချာတန်း ၁-ခုကို တပါးသောနေရာတစ်ခု၌ တဖန် ထပ်၍ မရေးတော့အံ့။ အကယ်၍ တစ်ခုနှင့်တစ်ခု ထပ်တူကျ၍ ညီမျှသော ဂဏန်းသင်္ချာ တန်းတစ်မျိုးကို သင်-မြင်ခဲ့သည်ဖြစ်အံ့။ ထိုအခါ၌ သင်ဂဠုန်မင်းသည် အကျွန်ုပ်ကို အလိုရှိ တိုင်း စားပါလေတော့”ဟု ဆိုသောအခါ ဂဠုန်မင်းက “သင်ပြောတိုင်း ရှိပါစေတော့”ဟု ခွင့်ပြုအပ်သည်ဖြစ်၍ ပိင်္ဂလနဂါးမင်းသည် အက္ခရာတစ်လုံးရှိသော ဧကက္ခရပတ္ထာရမှ စ၍ အက္ခရာ ၂၆-လုံးရှိသော ဆဗ္ဗိသတျက္ခရာ အဆုံးရှိသော ပတ္ထာရနည်းကို အကျယ်ဖြန့်လျက် တဖြည်းဖြည်း နောက်ဆုတ်လာခဲ့ရာ သမုဒ္ဒရာကမ်းနားသို့ ရောက်သွားခဲ့၏။ ထိုအခါ ပိင်္ဂလ နဂါးမင်းသည် ပတ္ထာရဖြန့်ပုံနည်းဖြင့် ဂဠုန်မင်းကို လှည့်စား၍ သမုဒ္ဒရာရေထဲသို့ ငုပ်လျှိုး ပြေးသွားလေ၏။

ထိုပိင်္ဂလဆရာသည် သက္ကဋဆန်းကျမ်း, ပြာကြိုဋ်ဆန်းကျမ်းတို့ကို အကျယ်ဖွင့်ဆို ရေးထားခဲ့လေ၏။ သက္ကဋဆန်းကျမ်းကို ပိင်္ဂလဆန္ဒောသုတြဟု ခေါ်၏။ ပြာကြိုဋ်ဆန်းကျမ်း ကို ပြာကြိတပိင်္ဂလ သုတ္တဟု ခေါ်၏။ ယခုခေတ်အခါ၌ ရသေ့ရေးသော ရှေးဆန်းကျမ်းများ ကွယ်ပျောက်လေပြီဖြစ်သောကြောင့် ပိင်္ဂလဆန်းကျမ်းကိုသာလျှင် မူလဆန်းကျမ်းရင်း-ဟု ပညာရှိတို့သည် မှတ်ထင်ကြကုန်၏။ သို့ရာတွင် ရသေ့ရေး ဆန်းကျမ်းတစ်စောင်တစ်ဖွဲ့- ဟု အမှတ်အသားမပြုမူ၍ မိမိဟောသော ကျမ်းအတွင်း၌ ထည့်သွင်းရေးထားခဲ့သော ဘာရတနာဋျကျမ်း၌လာသော ဆန်းဂါထာမျိုးတို့သည်ကား ထင်ရှားရှိပေကုန်၏။

သက္ကဋဘာသာ၌ အသုံးဝင်သော ဆန္ဒောဝိစိတိကျမ်းမျိုးတို့တွင် ပိင်္ဂလဆန်းကျမ်း သည် မူလဆန်းကျမ်းရင်း ဖြစ်၏။ ထိုပိင်္ဂလဆန်းကျမ်းကို အမှီပြု၍ ကေဒါရဘဋ္ဋ-စသော နောက်နောက်၌ဖြစ်ကုန်သော ဆရာတို့သည် ဝုတ္တရတ္နာကရ-စသော များစွာသော ဆန်းကျမ်း တို့ကိုလည်းကောင်း၊ ဋီကာကျမ်းအမျိုးမျိုးတို့ကိုလည်းကောင်း မိမိတို့ ဉာဏ်စွမ်းသတ္တိရှိသည့် အလျောက် ရေးသားစီရင်လေကုန်၏။

ဤသို့ သက္ကဋဘာသာ၌ ဂါထာဗန္ဓ စီကုံးဖွဲ့ဆိုလိုကုန်သော ပညာရှိတို့ အသုံးပြုလုပ် ရန် စည်းကမ်းနည်းလမ်း ညွှန်ပြကြောင်းဖြစ်ကုန်သော ဆန္ဒောဝိစိတိခေါ်သော ဆန်းကျမ်းတို့ သည် များစွာပင် ရှိကြပေကုန်၏။ မာဂဓပါဠိဘာသာ၌ ဂါထာဗန္ဓသီလောကကို ဖွဲ့ဆိုစီကုံးလို ကုန်သော ပညာရှိတို့ အသုံးအစွဲပြုလုပ်ရန် ဂါထာဖွဲ့နည်းတို့ကို ပြဆိုညွှန်ပြကြောင်းဖြစ်သော ဆန္ဒောဝိစိတိကျမ်းမျိုးသည်ကား တစ်စောင်တစ်ဖွဲ့မျှ မရှိသေးသည်ဖြစ်သောကြောင့် သီဟိုဠ် ကျွန်း၊ ပရက္ကမဗာဟုမင်းလက်ထက် တောင်ကြားတောရနေ သီလထေရ်မြတ်၏တပည့်ဖြစ် သော ရှင်သံဃရက္ခိတမဟာသာမိမည်သော ပုဂ္ဂိုလ်သူမြတ်သည် ဝုတ္တောဒယမည်သော မာဂဓ

ဘာသာရေး ဆန်းကျမ်းသစ်ကို စီရင်ရေးသားတော်မူခဲ့လေ၏။ ထိုဝုတ္တောဒယဆန်းကျမ်းသစ်၏အနက်ကို ပြန်ဆိုရေးသားကြကုန်သော မြန်မာဘာသာ မှီရာနိဿယတို့သည်လည်း အများပင် ရှိကြပေကုန်၏။ ယင်းသို့ နိဿယပေါင်းများစွာ ရှိကုန်သော်လည်း အနက်ဖြစ်ရုံမျှကိုသာ ရေးထားခဲ့ကြ၍ ပုဒ်ကို သုဒ်သင်ခြင်း၊ အဓိပ္ပါယ်ကို ထင်စေခြင်း-စသည်တို့ဖြင့် စိစစ်ခွဲချယ်၍ အကျယ်သိနိုင်စေရန် ထုတ်ဖော်၍ မပြဆိုကြကုန်။ ထိုသို့ မပြမဆိုခဲ့သောကြောင့် ပြည့်စုံသော အနက်, အဓိပ္ပါယ်ရှိ၍ စာသင်သားတို့ အားထားမှီခိုလောက်သော နိဿယသစ်တစ်စောင်ကို ရေးသားစီရင်ရလျှင် ပရိယတ္တိသာသနာတော်၌ အသုံးပြုလုပ်နိုင်၍ ဆန်းတတ်လိုကုန်သော ပညာရှိတို့အား အလွန်ကျေးဇူးများသည် ဖြစ်လတ္တံ့-ဟု အဖန်ဖန် အောက်မေ့မိသည်ဖြစ်ရကား ဝုတ္တောဒယဋီကာဟောင်း ဆန်းမူလဋီကာနှင့် ဆန္ဒောသာရတ္ထဝိကာသနိဋီကာ ၂-စောင်တို့ကို လက်စွဲကိုယ်စား ကာယသရိက္ခက ပြုလုပ်၍ မဂဓဆန်းဋီကာ, ယောဇနာ, ဂဏ္ဌိ, နိဿယဆန်းပုံ, သက္ကဋဆန်းကျမ်းအမျိုးမျိုး, သက္ကဋဆန်းဋီကာအမျိုးမျိုး, ပြာကြိတဆန်းကျမ်းအမျိုးမျိုးတို့ကို စေ့စေ့ငုငု ကောင်းစွာကြည့်ရှု၍ ဤဝုတ္တောဒယနိဿယသစ်ကို ရေးသားစီရင်ပေသတည်း။

----- x -----

## သက္ကဋဘာသာဆန္ဒောဝိစိတိကျမ်းစာရင်း

| ဦးရေ | ကျမ်းအမည် | ကျမ်းပြုဆရာအမည် |
|---|---|---|
| ၁။ | ပိင်္ဂလဆန်းသုတ် | ပိင်္ဂလဆရာ |
| ၂။ | ပြာကြိတပိင်္ဂလသုတ် | ပိင်္ဂလဆရာ |
| ၃။ | ဝုတ္တရတနာကရ | ကေဒါရဘဋ္ဋဆရာ |
| ၄။ | ဝုတ္တရတနာဝလိ | စိရဉ္ဇီဝဆရာ |
| ၅။ | ဝုတ္တပစ္စယကောမုဒီ | ရာမစရဏသမ္ဘဆရာ |
| ၆။ | ဝုတ္တစန္ဒြိကာ | ရာမဒယာလုဆရာ |
| ၇။ | ဆန္ဒောမဉ္ဇရီ | ဂင်္ဂါဒါသဆရာ |
| ၈။ | ဆန္ဒစိဟ္န | ဥဒါသီနတ္တဆရာ |
| ၉။ | ဆန္ဒကိုံရ | ဂင်္ဂါသဟာယဇီဆရာ |

| ဦးရေ | ကျမ်းအမည် | ကျမ်းပြုဆရာအမည် | |
|---|---|---|---|
| ၁၀။ | ဆန္ဒရတနမာလာ | ဘာသာဆန်းကျမ်း | |
| ၁၁။ | သုတဗောဓ | ကာလိဒါသဆရာ | |
| ၁၂။ | ဝါဏီဘူသန | ဒါမောဒရမိဿဆရာ | |
| ၁၃။ | ဘာရတနာဠ္မ | ဘရတရသေ့ | |
| ၁၄။ | ဝုတ္တမုတ္တိက | | |
| ၁၅။ | ပတ္ထာရာဒိရတနာကရ | အမရဒါသဆရာ | |
| ၁၆။ | ဆန္ဒဏ္ဏဝပိင်္ဂလ | | |
| ၁၇။ | ဆန္ဒောသာရ | အဂ္ဂပုရာဏ်၊ ကျမ်းထွက် | |
| ၁၈။ | အမတသဥ္စိဝနီဋီကာ | ဟလာယုဓ၊ ပိင်္ဂလဆန်းသုတ်အဖွင့် | |
| ၁၉။ | ပိင်္ဂလပ္ပဒီပဋီကာ | လက္ခမိနာထ၊ ပြာကြိတပိင်္ဂလအဖွင့် | |
| ၂၀။ | ပိင်္ဂလသာရဝိကာသိနီ | ရဝိကရ၊ | ရင်း |
| ၂၁။ | ပိင်္ဂလဋီကာ | ဝိဿနာထ၊ | ရင်း |
| ၂၂။ | ပိင်္ဂလပ္ပကာသဋီကာ | ဝံသမိရ၊ | ရင်း |
| ၂၃။ | ဝိဝရဏာတ္ထဋီကာ | ကဏှောဘယ၊ | ရင်း |
| ၂၄။ | ပိင်္ဂလဘာတွပကာသိကာ | ယာဒဝေန္ဒြ၊ | ရင်း |
| ၂၅။ | သေတုဋီကာ | ဝုတ္တရတနာကရအဖွင့် | |
| ၂၆။ | ပဉ္စိကာဗျာချာဋီကာ | ဗုဒ္ဓဘာသာရဟန်းတော်ရာမစန္ဒ၊ | ရင်း |
| ၂၇။ | ဝိဝုတ္တိဋီကာ | တာရာနာထ၊ | ရင်း |
| ၂၈။ | ဗျာချာနကောမုဒီဋီကာ | ရယုနန္ဒနဂေါသာမိ၊ ဆန္ဒောမဥ္စရီဖွင့် | |
| ၂၉။ | ဘာဝတ္ထသန္ဒိပနီဋီကာ | ဒါတာရာမ၊ | ရင်း |
| ၃၀။ | သုခဗောဓိနီဋီကာ | ဇီဝါနန္ဒ၊ | ရင်း |
| ၃၁။ | သုတဗောဓဗျာချာ | | |
| ၃၂။ | ဝုတ္တရတနာကရဗျာချာ | | |

----- x -----

# မဂဓဆန်းကျမ်း စာကိုယ်, ဋီကာ, နိဿယ, ဆန်းပုံစာရင်း

| ဦးရေ | ကျမ်းအမည် | ကျမ်းပြုဆရာအမည် |
|---|---|---|
| ၁။ | ဝုတ္တောဒယ | သံဃရက္ခိတမဟာသာမိ |
| ၂။ | ဆန်းမူလဋီကာ | ၎င်း |
| ၃။ | ဆန္ဒောသာရတ္ထဝိကာသနီ | |
| ၄။ | ကဝိသာရဋီကာ | |
| ၅။ | ဝစနတ္ထဇောတိကဋီကာ | ရှင်ဝိမလဗုဒ္ဓိ |
| ၆။ | ဆန်းယောဇနာဟောင်း | အမည်မသိ |
| ၇။ | ဆန်းယောဇနာသစ် | ၎င်း |
| ၈။ | ဆပ္ပစ္စယဒီပနီ | မအူလေးရွာ-ဦးပညာသီဟ (ဦးဝင်း) |
| ၉။ | သုဒ္ဓသဝိကာသနီ | ကင်ပွန်းတောင်ဆရာတော် |
| ၁၀။ | ဆန်းဂဏ္ဌိ | အမရပူရမြို့ ပညာသီဟ |
| ၁၁။ | ဆန်းနိဿျ(ညောင်ကန်မှု) | ဆရာတော်ဦးဗုဓ် |
| ၁၂။ | မောင်းထောင်မှု | ပထမမောင်းထောင်သာသနာပိုင် |
| ၁၃။ | ဆန်းပုံပထမ | ညောင်ကန်ဆရာတော်ဦးပုညာရန္တ |
| ၁၄။ | ဆန်းပုံဒုတိယ | ဘုရားကြီးဆရာတော် |
| ၁၅။ | ဆန္ဒောမဥ္စရီကျမ်း | မဟာဝိသုဒ္ဓါရာမဆရာတော် |
| ၁၆။ | ဆန္ဒောမဥ္စရီနိဿယ | ၎င်းဆရာတော် |

----- x -----

## ပဋ္ဌာဝလိမာတိကာ

**သုခေသနာယ သောတူနံ၊ ပဋ္ဌာဘိဓာနဇောဓိနီ။**
**အကာရာဒိက္ကမေနေဝ၊ ပဋ္ဌာဝလိ သမုဒ္ဓတာ။ ။**

| ဂါထာအမည် | ဆန်းအမည် | မတြာဝဏ္ဏဖွဲ့ | ဂါထာနံပါတ် |
| --- | --- | --- | --- |
| အစလဓိတိ | မတ္တာ | ၁၆ | ၃၈ |
| အပရန္တိကာ | မတ္တာ | ၁၆ | ၃၆ |
| အပရဝတ္တ | မတ္တာ | | ၁၁၅ |
| အပရာဇိတာ | သက္ကရီ | ၁၄ | ၉၀ |
| အရိယာဂီတိ | မတ္တာ | | ၂၈ |
| အရိယာသာမည | မတ္တာ | | ၁၉ |
| အာချာနကီ | ဝဏ္ဏ | | ၁၁၂ |
| အာပါတလိကာ | မတ္တာ | | ၃၀ |
| ဣန္ဒဝဇိရာ | တိဋ္ဌုဘ | ၁၁ | ၆၃ |
| ဣန္ဒဝံသ | ဇဂတီ | ၁၂ | ၇၅ |
| ဥဂ္ဂီတိ | မတ္တာ | ၂၇ | |
| ဥဇ္ဇလာ | ဇဂတီ | ၁၂ | ၈၄ |
| ဥဒိစ္စဝုတ္တိ | မတ္တာ | | ၃၃ |
| ဥပဂီတိ | မတ္တာ | | ၂၆ |
| ဥပစိတ္တ | ဝဏ္ဏ | | ၁၀၇ |
| ဥပစိတြာ | မတ္တာ | | ၄၃ |
| ဥပဇာတိ | တိဋ္ဌုဘ | ၁၁ | ၆၄ |
| ဥပဋ္ဌိတာ | ပန္တိ | ၁၀ | ၆၂ |
| ဥပေန္ဒဝဇိရာ | တိဋ္ဌုဘ | ၁၁ | ၆၄ |
| ဥဋ္ဌာသက | ပန္တိ | ၁၀ | ၆၀ |
| ဩပစ္ဆန္ဒသ(သိ)က | မတ္တာ | | ၃၀ |
| ကမလာ | ဇဂတီ | ၁၂ | ၈၇ |
| ကုမာရလလိတာ | ဥဏှိကာ | ၇ | ၄၇ |

| ဂါထာအမည် | ဆန်းအမည် | မတြာဝဏ္ဏဖွဲ့ | ဂါထာနံပါတ် |
|---|---|---|---|
| ကုသုမဝိစိတ္တာ | ဇဂတီ | ၁၂ | ၇၉ |
| ကုသုမိတလတာဝေလ္လိတာ | မိတိ | ၁၈ | ၁၀၁ |
| ကေတုမတီ | ဝဏ္ဏ | | ၁၁၁ |
| ဂါထာသာမည | ဝဏ္ဏ | | ၁၂၈ |
| ဂီတိ | မတ္တာ | | ၂၅ |
| စပလာရိယာ | မတ္တာ | | ၂၂ |
| စပလာဝတ္တ | မတ္တာ | | ၁၂၁ |
| စမ္ပကမာလာ | ပန္တိ | ၁၀ | ၅၉ |
| စာရုဟာသိနီ | မတ္တာ | | ၃၃ |
| စိတြပဒါ | အနုဋ္ဌုဘ | ၈ | ၄၈ |
| စိတြာ | မတ္တာ | | ၄၂ |
| ဇဃနစပလာ | မတ္တာ | | ၂၄ |
| တနုမဇ္ဈာ | ဂါယတ္တီ | ၆ | ၄၆ |
| တဝိပုလာ | အနုဋ္ဌုဘ | ၈ | ၁၂၃ |
| တာမရသ | ဇဂတီ | ၁၂ | ၈၆ |
| တောဋက | ဇဂတီ | ၁၂ | ၇၆ |
| ဒက္ခိဏန္တိကာ | မတ္တာ | | ၃၂ |
| ဒုတမဇ္ဈာ | ဝဏ္ဏ | | ၁၀၈ |
| ဒုတဝိလမ္ဗိတ | ဇဂတီ | ၁၂ | ၇၃ |
| ဒေါဓက | တိဋ္ဌုဘ | ၁၁ | ၆၇ |
| နဝိပုလာ | အနုဋ္ဌုဘ | ၈ | ၁၂၆ |
| ပစ္စဝုတ္တိ | မတ္တာ | | ၃၄ |

| ဂါထာအမည် | ဆန်းအမည် | မတြာဝဏ္ဏဖွဲ့ | ဂါထာနံပါတ် |
|---|---|---|---|
| ပဏဝ | ပင်္တိ | ၁၀ | ၅၆ |
| ပထျာရိယာ | မတ္တာ | | ၂၀ |
| ပထျာဝတ္တ | အနုဋ္ဌုဘ | ၈ | ၁၁၉ |
| ပဘဒ္ဒက | အတိသက္ကရီ | ၁၅ | ၉၆ |
| ပမာဏိကာ | အနုဋ္ဌုဘ | ၈ | ၅၄ |
| ပမိတက္ခရာ | ဇဂတီ | ၁၂ | ၈၁ |
| ပဝတ္တက | မတ္တာ | | ၃၅ |
| ပဟရဏကလိကာ (တာ) | သက္ကရီ | ၁၄ | ၉၁ |
| ပဟာသ(သိ)ဏီ | အတိဇဂတီ | ၁၃ | ၈၈ |
| ပါဒါကုလက | မတ္တာ | | ၄၄ |
| ပိင်္ဂလဝိပုလာ | အနုဋ္ဌုဘ | ၈ | ၁၂၂ |
| ပိယံဝဒါ | ဇဂတီ | ၁၂ | ၈၂ |
| ပုဋ္ဌ | ဇဂတီ | ၁၂ | ၇၉ |
| ပုပ္ဖိတဂ္ဂ | ဝဏ္ဏ | | ၁၁၆ |
| ဘဒ္ဒက | အာကတိ | ၂၂ | ၁၀၆ |
| ဘဒ္ဒဝိရာဋ္ဌ | ဝဏ္ဏ | | ၁၁၀ |
| ဘဒ္ဒိကာ | တိဋ္ဌုဘ | ၁၁ | ၇၄ |
| ဘဝိပုလာ | အနုဋ္ဌုဘ | ၈ | ၁၂၄ |
| ဘုဇဂသုသုသ(ဘ)ဋ္ဌာ | ဗြုဟတီ | ၉ | ၅၄ |
| ဘုဇင်္ဂပ္ပယာတ | ဇဂတီ | ၁၂ | ၈၀ |
| မဏိဂ(ဂု)ဏနိကရ | အတိသက္ကရီ | ၁၅ | ၉၄ |
| မတ္တာ | ပင်္တိ | ၁၀ | ၅၈ |

| ဂါထာအမည် | ဆန်းအမည် | မတြာဝဏ္ဏဖွဲ့ | ဂါထာနံပါတ် |
|---|---|---|---|
| မတ္တာသမက | မတ္တာ | | |
| မန္ဒက္ကန္တာ | အစ္စဋ္ဌိ | ၁၇ | ၁၀၀ |
| မနောရမာ | ပန္တိ | ၁၀ | ၆၀ |
| မာဏဝက | အနုဋ္ဌုဘ | ၈ | ၅၀ |
| မာလိနီ | အတိသက္ကရီ | ၁၅ | ၉၅ |
| မုခစပလာ | မတ္တာ | | ၂၃ |
| မေဃဝိပ္ဖုဇ္ဇိတာ | အတိဓိတိ | ၁၉ | ၁၀၂ |
| ယဝမတီ | ဝဏ္ဏ | | ၁၁၇ |
| ရထောဒ္ဓတာ | တိဋ္ဌုဘ | ၁၁ | |
| ရဝိပုလာ | အနုဋ္ဌုဘ | ၈ | ၁၂၅ |
| ရုစိရာ | အတိဇဂတီ | ၁၃ | ၈၉ |
| ရုမ္မဝတီ | ပန္တိ | ၁၀ | ၅၃ |
| လလိတာ | ဇဂတီ | ၁၂ | ၈၃ |
| ဝတ္တ | အနုဋ္ဌုဘ | ၈ | ၁၁၈ |
| ဝသန္တတိလက(ကာ) | သက္ကရီ | ၁၄ | ၉၂ |
| ဝံသဋ္ဌ | ဇဂတီ | ၁၂ | ၇၄ |
| ဝါဏိနီ | အဋ္ဌိ | ၁၆ | ၉၇ |
| ဝါတောမ္မီ | တိဋ္ဌုဘ | ၁၁ | ၆၉ |
| ဝါနဝါသိက | မတ္တာ | | ၄၁ |
| ဝိဇ္ဇုမ္မာလာ | အနုဋ္ဌုဘ | ၈ | ၄၉ |
| ဝိပရီတပထျာဝတ္တ | အနုဋ္ဌုဘ | ၈ | ၁၂၀ |
| ဝိပရီတာချာန(နီ)ကီ | ဝဏ္ဏ | | ၁၁၃ |
| ဝိပုလာရိယာ | မတ္တာ | | ၂၁ |

# ဝုတ္တောဒယဆန်းနိသျသစ်



| ဂါထာအမည် | ဆန်းအမည် | မတြာဝဏ္ဏဖွဲ့ | ဂါထာနံပါတ် |
|---|---|---|---|
| ဝိသိလောက | မတ္တာ | | ၄၀ |
| ဝုတ္တ | ကတိ | ၂၀ | ၁၀၄ |
| ဝေဂဝတီ | ဝဏ္ဏ | | ၁၀၉ |
| ဝေတာလီယ | မတ္တာ | | ၂၉ |
| ဝေဿဒေဝီ | ဇဂတီ | ၁၂ | ၈၅ |
| သဒ္ဒူလဝိက္ကီဠိတ | အတိဓိတိ | ၁၉ | ၁၀၃ |
| သဒ္ဒရာ | ပကတိ | ၂၁ | ၁၀၅ |
| သမာနိကာ | အနုဋ္ဌုဘ | ၈ | ၅၁ |
| သသိကလာ | အတိသက္ကရီ | ၁၅ | ၉၃ |
| သာလိနီ | တိဋ္ဌုဘ | ၁၁ | ၆၈ |
| သိခရိဏီ | အစ္စဋ္ဌိ | ၁၇ | ၉၈ |
| သိရီ | တိဋ္ဌုဘ | ၁၁ | ၇၀ |
| သုဒ္ဓဝိရာဇ္ဇ | ပန္တိ | ၁၀ | ၅၅ |
| သုမုခီ | တိဋ္ဌုဘ | ၁၁ | ၆၆ |
| သေတဝ(သေဝတ) ဝိပုလာ | အနုဋ္ဌုဘ | ၈ | ၁၂၃ |
| သွာဂတာ | တိဋ္ဌုဘ | ၁၁ | ၇၂ |
| ဟရိဏာ(ဏီ)ပ္လုတာ | ဝဏ္ဏ | | ၁၁၄ |
| ဟရိဏီ | အစ္စဋ္ဌိ | ၁၇ | ၉၉ |
| ဟလမုခီ | ဗြဟတီ | ၉ | ၅၃ |



ဂါထာပေါင်း ၁၀၉-မျိုး။

ပဋ္ဌာဝလိမာတိကာ ပြီး၏။

----- x -----

# မုခါရမ္ဘ

ဝန္ဒိတွာ ဇိနစန္ဒံ၊ ဝိမလံ ဓမ္မရုစိ ရုစိမ မာစိက္ခေ။
ဝုတ္တောဒယဿ အတ္ထံ၊ ဝဏ္ဏန'မဝလမ္ဗ ပေါရာဏံ။ ။

ဝိမလံ၊ ရာဂ, ဒေါသ၊ စသည်ရစ်မြေး၊ ညစ်အကြေးမှ၊ ကင်းဝေးသန့်စင်၊ ကြည်လင်စွာထသော။ ဓမ္မရုစိ ရုစိမံ၊ ၁၀-ပါးသော တရားတော်တည်းဟူသော လှပတင့်တယ်သော ရောင်ခြည်ရှိတော်မူထသော။ ဇိနစန္ဒံ၊ ၅-ပါးသော ရန်မာရ်ကို၊ မကျန်ကုန်စင်၊ အောင်မြင်တော်မူပြီးသော ဘုရားတည်းဟူသော လမင်းကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ပေါရာဏံ၊ ရှေးခေတ်ကာလ၌ ဖြစ်သော။ ဝဏ္ဏနံ၊ ဋီကာ, ယောဇနာ-စသော အဖွင့်ကျမ်းကို။ အဝလမ္ဗ၊ အမှီတံကဲ၊ သဟဲပြု၍။ ဝုတ္တောဒယဿ၊ အရိယာ-စသောဂါထာတို့ဖြစ်ရာ ဖြစ်သော ဝုတ္တောဒယဆန်းကျမ်း၏။ အတ္ထံ၊ အနက်ကို။ အာစိက္ခေ အာစိက္ခိဿာမိ၊ စီရင်ရေးသား၊ ဟောကြားဖွင့်ဆိုပေအံ့။

ဤအဖွဲ့သည် ဂရု ၂၀-လုံး, လဟု ၁၇-လုံး၊ အက္ခရာအရေအတွက် ၃၇-လုံးရှိသော သုဒ္ဓဇာတ်၊ ဂေါရိမည်သော အရိယာဂါထာဗန္ဓအဖွဲ့ မည်၏။

ပုဗ္ဗဒ္ဓ၌ ဆဋ္ဌလဟုကြိုက်သောကြောင့် ဓမ္မရုစိ-ဟု စဉ်းငယ်ရပ်တော့၍ ယတိ-လက္ခဏာနှင့် ညီညွတ်စွာ ရွတ်အပ်၏။

အဋ္ဌ ၂-မျိုးစလုံးတို့၌ပင် ဇဂိုဏ်းတည်းဟူသော အုပ်စိုးပိုင်ဆိုင်သူ နာယကအရှင် တစ်ဦးတည်းသာ ရှိသောကြောင့် ကုလိနီမျိုး မည်၏။

----- x -----

## အရှင်သိရိကုမာရမထေရ်

# ဝုတ္တောဒယဆန်းနိဿယသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### [ ၁ ] ပထမပရိစ္ဆေဒ၊ သညာပရိဘာသာနိဒ္ဒေသ

၁။ နမ'တ္ထု ဇန-သန္တာန-တမ-သန္တာန-ဘေဒိနော။
ဓမ္မု'ဇ္ဇလန္တ-ရုစိနော၊ မုနိန္ဒော'ဒါတ-ရောစိနော။

ဇန-သန္တာန-တမ-သန္တာန-ဘေဒိနော၊ သတ္တဝါတို့၏အနွယ် အမျိုးအစဉ်အဆက်၌ဖြစ်သော–

အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်အစဉ်ကို။ ရူပက။
အဝိဇ္ဇာနှင့်တူသော အမိုက်တိုက်အစဉ်ကို။ သဒိသ။
အဝိဇ္ဇာကဲ့သို့သော အမိုက်တိုက်အစဉ်ကို။ ဥပမာ။
အဝိဇ္ဇာ,အမိုက်တိုက်အစဉ်ကို။ သမုပေက္ခာ။ (သကပက္ခ ၄-နက်။)
အမိုက်တိုက်တည်းဟူသော အဝိဇ္ဇာအစဉ်ကို။ ရူပက။
အမိုက်တိုက်နှင့်တူသော အဝိဇ္ဇာအစဉ်ကို။ သဒိသ။
အမိုက်တိုက်ကဲ့သို့သော အဝိဇ္ဇာအစဉ်ကို။ ဥပမာ။
အမိုက်တိုက်, အဝိဇ္ဇာအစဉ်ကို။ သမုပေက္ခာ။ (ပရပက္ခ ၄-နက်။)

ဖျက်ဆီးလေ့ရှိထသော, ဖျက်ဆီးခြင်းငှာ အလေ့ရှိထသော, ဖျက်ဆီးခြင်း၌ အလေ့ရှိထသော, ဖျက်ဆီးခြင်းအလေ့ရှိထသော, အလေ့အားဖြင့် ဖျက်ဆီးတတ်ထသော, အလေ့အားဖြင့် ဖျက်ဆီးခြင်းရှိထသော။ တဿီလ ၆-နက်။

ဖျက်ဆီးတတ်သောသဘောရှိထသော, ဖျက်ဆီးခြင်းငှာ သဘောရှိထသော, ဖျက်ဆီးခြင်း၌ သဘောရှိထသော, ဖျက်ဆီးခြင်းသဘောရှိထသော, သဘောအားဖြင့် ဖျက်ဆီးတတ်ထသော, သဘောအားဖြင့် ဖျက်ဆီးခြင်းရှိထသော။ တဒ္ဓမ္မ ၆-နက်။

ဖျက်ဆီးခြင်း၌ ကောင်းစွာပြုတတ်ထသော, ဖျက်ဆီးခြင်း၌ ကောင်းစွာပြုခြင်းရှိထသော, ဖျက်ဆီးခြင်းငှာ ကောင်းစွာပြုတတ်ထသော, ဖျက်ဆီးခြင်းငှာ ကောင်းစွာပြုခြင်းရှိထသော, ဖျက်ဆီးခြင်းကို ကောင်းစွာပြုတတ်ထသော, ဖျက်ဆီးခြင်းကို ကောင်းစွာပြုခြင်းရှိထသော, ကောင်းစွာပြုခြင်းရှိသော ဖျက်ဆီးခြင်းရှိထသော, ကောင်းစွာပြုတတ်သော ဖျက်ဆီးခြင်းရှိထသော, ကောင်းစွာဖျက်ဆီးတတ်ထသော။ တဿာဓုကာရီ ၉-နက်။

တစ်နည်း ဇနု-သန္တာန-တမ-သန္တာန-ဘေဒိနော၊ သတ္တဝါအပေါင်းတို့၏ မောဟဟု ဆိုအပ်သော အမိုက်တိုက်အစဉ်ကို ဖျက်ဆီးတော်မူလေ့ရှိထသော။ (ဤပက္ခ၌လည်း ရှေးပက္ခ၌ကဲ့သို့ သကပက္ခ-စသည်တို့ကို စုံလင်စွာ ဆိုအပ်ကုန်၏။)

ဓမ္မ'ဋ္ဌလန္တ-ရုစိနော၊ လောကုတ္တရတရား ၉-ပါးတည်းဟူသော၊ တစ်နည်း- ၁၀-ပါး သောတရားတော်တည်းဟူသော ထွန်းတောက်ပသော ရောင်ခြည်ရှိထသော။ (သကပက္ခ ၄-နက်၊ ပရပက္ခ ၄-နက်၊ တဿီလ ၆-နက်၊ တဒ္ဓမ္မ ၆-နက်၊ တဿာဓုကာရီ ၉-နက် စေ့စုံစွာပေး။)

မုနိန္ဒော'ဒိတ-ရောစိနော၊ ဘုရားတည်းဟူသော သင်းခွေပန်းကဲ့သို့ ဖြူစင်သော ရောင်ခြည်ရှိသော လမင်းအား။ (ဤ၌လည်း သကပက္ခ-စသော အနက်တို့ကို စုံလင်စွာပေး။)

မမ၊ အကျွန်ုပ်၏။ နမော၊ တံ့ပျပ်ညွတ်လျှိုး၊ ရှိခိုးကိုင်းရှိုင်းခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

ဤဂါထာ၌ ရူပက-စသည်တို့၏ အထူးကို–

တည်းဟူသော ရူပကံ ဥေ ယျံ၊ တူသောတိ သဒိသံ မတံ။

ကဲ့သို့တိ ဥပမာ ဥေ ယျာ၊ သမုပေက္ခာတိ ပြိုင် မတာ။ –

ဟူသော ဂါထာဖြင့် သိအပ်၏။ ဤကား ပါဠ်လျှောက်အနက်သမွန်ခြင်းကို ပြသော ပါဌာနုသာရီသမွန်တည်း။

ပါဌာနုသာရိ သမ္ဗန္ဓော၊ သမ္ဗန္ဓော ဥပမာယ စ။
ဟေတုနာပိ စ သမ္ဗန္ဓော၊ ဥပမာ ဟေတုနာပိ စ။
သမ္ဗန္ဓဘေဒါ ဝိညေယျာ၊ စတုရောပိ ဝိဘာဝိနာ။ ။

ဟူသော သဒ္ဒသာရတ္ထဇာလိနီဂါထာနှင့်အညီ ဥပမာသမ္ဗန်, ဟေတုသမ္ဗန်, ဥပမာဟေတု-သမ္ဗန် ၃-မျိုးတို့ဖြင့်လည်း အတ္ထသမ္ဗန္ဓကို ပြုအပ်၏။

သန္တာနသဒ္ဒါ၏အနက်ကို–

သန္တာနော သန္တတျံ ဒေဝ-ရုက္ခေ စာ'ပစ္စဂေါတ္တေသု။

ဟု တိကဏ္ဍသေသအဘိဓာန်၌ ၄-နက်ပြဆိုသည်တွင် သန္တတိအနက်, ဂေါတ္တအနက်တို့၌ ဖြစ်၏-ဟု မှတ်အပ်၏။

သန္တာနော၊ ပုလ္လိင် သန္တာန-သဒ္ဒါသည်။ သန္တတျံ၊ အနွယ်၌လည်းကောင်း။ ဒေဝရုက္ခေ စ၊ ကုက္ကိုပဒေသာပင်၌လည်းကောင်း။ အပစ္စဂေါတ္တေသု စ၊ သား,သမီး-ဟူသော အနက်၊ အမျိုးအနက်တို့၌လည်းကောင်း။ ဘဝေ၊ ဖြစ်၏။ (သန္တတျံဝံသေ၊ တိကဏ္ဍသေသဋီကာ)

ဇာတ်တူသော သူတို့၏အပေါင်းသည် ဂေါတ္တ မည်၏။

ဇနာနံ သန္တာနော ဇနသန္တာနော။ – ဟု ဆဋ္ဌီတပ္ပုရိသ်ပြု၍–

ဇနာနံ၊ လူတို့၏။ သန္တာနော၊ အဆက်အနွယ်တည်း။ ဇနသန္တာနော၊ လူတို့၏ အဆက်အနွယ်။ သန္တတိအနက်။

ဇနာနံ၊ လူတို့၏။ သန္တာနော၊ အနွယ်အမျိုးအပေါင်းတည်း။ ဇနသန္တာနော၊ လူတို့၏ အနွယ်အမျိုးအပေါင်း။ ဂေါတ္တအနက်။

ဇနသန္တာန-ပုဒ်ကို တမသန္တာန-ပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ်, သတ္တမီတပ္ပုရိသ် ၂-ချက်တွဲ။ "ဩဒါတရောစိနော"၌ ရောစိသဒ္ဒါသည် အရောင်အလင်းကို ဟော၏။

- ဤမုခါရမ္ဘဂါထာဖြင့် ဗုဒ္ဓပဏာမကို မုချအားဖြင့် ပြ၏။

- ဓမ္မဋ္ဌလန္တရုစိနောဖြင့် ဓမ္မပဏာမကိုလည်းကောင်း၊

- ဇနသန္တာနတမသန္တာနဘေဒိနောဖြင့် သံဃပဏာမကိုလည်းကောင်း–

ဂုဏာန္တောဂတပြု၍ မပြဋ္ဌာန်းသောအားဖြင့် ပြ၏။

၂။ ပိင်္ဂလာ'စရိယာဒီဟိ၊ ဆန္ဒံ ယ'မုဒိတံ ပုရာ။
သုဒ္ဓမာဂဓိကာနံ တံ၊ န သာဓေတိ ယဒိ'စ္ဆိတံ။

ပိင်္ဂလာ’စရိယာဒီဟိ၊ ပိင်္ဂလဆရာ-စသည်တို့သည်။ တစ်နည်း၊ ပိင်္ဂလ၊ ကေဒါရ, ဂင်္ဂါဒါသ, ကာလိဒါသဆရာ-စသည်တို့သည်။ ပုရာ၊ ဤကျမ်းကို ရေးသည်မှ ရှေးအခါကာလ၌။ ယံ ဆန္ဒံ၊ အကြင်ပိင်္ဂလဆန်းကျမ်း, ဝုတ္တရတနာကရဆန်းကျမ်း, ဆန္ဒောမဉ္ဇရီဆန်းကျမ်း, သုတဗောဓဆန်းကျမ်း-စသော သက္ကတ, ပြာကြိုင်္ဂဆန်းကျမ်းကို။ ဥဒိတံ၊ ဆိုအပ်ပြီ။ တံ ဆန္ဒံ၊ ထိုပိင်္ဂလ-အစရှိသော ဆန်းကျမ်းသည်။ သုဒ္ဓမာဂဓိကာနံ၊ သက်သက် မဂဓဘာသာကိုသာ တတ်ကုန်သော စာသင်သားတို့အား။ တစ်နည်း စာသင်သားတို့၏။ ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ယံ၊ အကြင်ဆန်း၌ တတ်မြောက်လိမ္မာ၍ ဂါထာဖွဲ့ဆို စီကုံးရေးသားနိုင်ခြင်း အစရှိသော အကျိုးကို။ တစ်နည်း ယဒိစ္ဆိတံ၊ အကြင်အလိုရှိအပ်သောအကျိုးကို။ တစ်နည်း ယံ ယသ္မာ၊ အကြင် သံသကြိုဋ်ဘာသာ, ပြာကြိုဋ်ဘာသာတို့ဖြင့် စီရင်ရေးသားအပ်သောအကြောင်း ကြောင့်။ တစ်နည်း စီရင်ရေးသားခြင်းတည်းဟူသော အကြောင်းကြောင့်။ ဣစ္ဆိတံ၊ အလိုရှိအပ်, မြတ်နိုးအပ်, နှစ်သက်အပ်သောအကျိုးကို။ န သာဓေတိ၊ မပြီးစီးစေနိုင်။

“ယတိ’စ္ဆိတံ”ဟု ဒန္တဇပထမက္ခရာ တ-နှင့်လည်း အချို့မူစာတို့၌ ပါဌ်ထူးရှိ၏။

“ယတော ဣစ္ဆိတံ”ဟု ပဒစ္ဆေဒပြု၍ “ယတော ယသ္မာကာရဏာ၊ ကြောင့်။ န သာဓေတိ၊ မပြီးစီးစေတတ်”ဟု အနက်သမွန်။

သီဟိုဠ်မူ၌ “ယထိစ္ဆိတံ”ဟု ဒန္တဇဒုတိယက္ခရာ ထ-နှင့် ပါဌ်ရှိ၏။

ယထိစ္ဆိတံ၊ အလိုရှိတိုင်းသော အကျိုးကို။ တစ်နည်း “ယထာ ဣစ္ဆိတံ”ဟု ပဒစ္ဆေဒ ပြု၍ “ယထာ ယေန ပကာရေန၊ ဖြင့်။ ဣစ္ဆိတံ၊ ကို။ န သာဓေတိ၊ ပြီးစီးအောင် မပြုတတ်”ဟု အနက်သမွန်။

၃။ တတော မာဂဓ-ဘာသာယ၊ မတ္တာ-ဝဏ္ဏ-ဝိဘေဒနံ။
လက္ခ-လက္ခဏ-သံယုတ္တံ၊ ပသန္နတ္ထ-ပဒ-က္ကမံ။

၄။ ဣဒံ ဝုတ္တော’ဒယံ နာမ၊ လောကိယ’စ္ဆန္ဒ-နိဿိတံ။
အာရဘိဿ’မဟံ ဒါနိ၊ တေသံ သုခ-ဝိဗုဒ္ဓိယာ။

တတော တသ္မာ ကာရဏာ၊ ထိုသို့ ပိင်္ဂလ-စသောဆန်းကျမ်းကို သံသကြိုဋ်ဘာသာ, ပြာကြိုဋ်ဘာသာတို့ဖြင့် စီရင်ရေးသား၍ မဂဓဘာသာသက်သက်ကိုသာ တတ်ကုန်သော စာသင်သားတို့အား ဆန်းကျမ်း၌ တတ်မြောက်လိမ္မာ ဂါထာဖွဲ့ဆို စီကုံးရေးသားနိုင်ခြင်း အစရှိသော အလိုရှိအပ်သော အကျိုးကို မပြီးစီးစေနိုင်သောကြောင့်။ မတ္တာ-ဝဏ္ဏ-ဝိဘေဒနံ၊ အရိယာ-အစ, မတ္တာသမကအဆုံးရှိသော မတ္တာဝုတ္တိ၊ တနုမဇ္ဈာ အစ, ဝတ္တ အဆုံးရှိသော ဝဏ္ဏဝုတ္တိတို့၏ အထူးသဖြင့် ပြားထသော။ ဝါ၊ မတ္တာဝုတ္တိ, ဝဏ္ဏဝုတ္တိတို့၏ အထူးသဖြင့် ပြားခြင်း

ရှိထသော။ ဝါ၊ မတြာဝုတ္တိအပြား, ဝဏ္ဏဝုတ္တိအပြား ရှိထသော။ ဝါ၊ မတြာဝုတ္တိ, ဝဏ္ဏဝုတ္တိတို့ကို ဝေဖန်ရာဝေဖန်ကြောင်းဖြစ်ထသော။ ဝါ၊ မတြာဝုတ္တိကို ဝေဖန်ရာဝေဖန်ကြောင်း, ဝဏ္ဏဝုတ္တိကို ဝေဖန်ရာဝေဖန်ကြောင်းဖြစ်ထသော။ ဝါ၊ မတြာဝုတ္တိ, ဝဏ္ဏဝုတ္တိတို့ကို သိရာသိကြောင်းဖြစ်ထသော။ ဝါ၊ မတြာဝုတ္တိကို သိရာသိကြောင်း, ဝဏ္ဏဝုတ္တိကို သိရာသိကြောင်းဖြစ်ထသော။ ဝါ၊ မတြာဝုတ္တိ, ဝဏ္ဏဝုတ္တိတို့ကို သိခြင်းရှိထသော။ ဝါ၊ မတြာဝုတ္တိကို သိခြင်း, ဝဏ္ဏဝုတ္တိကို သိခြင်းရှိထသော။ လက္ခ-လက္ခဏ-သံယုတ္တံ၊ မှတ်အပ်သော ဥဒါဟရုဏ်, မှတ်ကြောင်းသုတ်နှင့် ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်ကို သုတ်ဖြင့် ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်ကို သုတ်နှင့်ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်ကို သုတ်၌ ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်နှင့် သုတ်ကို ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်၌ သုတ်ကို ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်သည်သာလျှင် သုတ်၏အဖြစ်ဖြင့် ယှဉ်ထသော။ ဝါ၊ ဥဒါဟရုဏ်တည်းဟူသော သုတ်နှင့် ယှဉ်ထသော။ ပသန္န'တ္ထပဒ'က္ကမံ၊ ကောင်းစွာဆေးအပ်သော ဇာတိဖလ်ကို သိအပ်သော နီသော အဆင်းရှိသောချည်ကဲ့သို့ သဒ္ဒါတို့၏ အတ္ထပသာဒလက္ခဏာနှင့် ယှဉ်သည်၏အဖြစ်ကြောင့် ကြည်လင်သောအနက်, ကြည်လင်သောပုဒ်တို့၏ အစဉ်ရှိထသော။ ဝါ၊ ထင်သည်ဖြစ်၍ သန့်ရှင်းဖြူစင် ကြည်လင်သောအနက်အစဉ်, ပုဒ်အစဉ်ရှိထသော။ ဝါ၊ ထင်သောအနက် ရှိသောပုဒ်တို့၏ အစဉ်ရှိထသော။ ဝါ၊ သန့်ရှင်းဖြူစင် ကြည်လင်သော အနက်ရှိသော ပုဒ်တို့၏ အစဉ်ရှိထသော။ ဝါ၊ မဂဓဘာသာဖြင့်သာလျှင် စီရင်ရေးသားအပ်သည်၏အဖြစ်ကြောင့် သန့်ရှင်းကြည်လင်စင်ကြယ်သော အနက်အစဉ်, ပုဒ်အစဉ်ရှိထသော။

လောကိယ'စ္ဆန္ဒ-နိဿိတံ၊ ဝေဒိကဆန်းကို မမှီမူ၍ လောက၌ သိအပ်သော မတြာဆန်း, ဝဏ္ဏဆန်းတည်းဟူသော လောကိယဆန်း ၂-မျိုးကို မှီထသော။ ဝါ၊ ဂဏဆန်း,မတြာဆန်း, ဝဏ္ဏဆန်းတည်းဟူသော လောကိယဆန်း ၃-မျိုးကို မှီထသော။ ဝုတ္တောဒယံ နာမ၊ **အရိယာ-စသော ဂါထာတို့၏ တက်ထွန်းဖြစ်ပေါ်ရာဖြစ်သောကြောင့် ဝုတ္တောဒယအမည်ရှိသော။** ဣဒံ၊ ဤဆန်းကျမ်းသစ်ကို။ က္လဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုသက္ကဋမဖက် မာဂဓသက်သက်ကိုသာ တတ်ကုန်သော စာသင်သားတို့အား။ ဝါ၊ စာသင်သားတို့၏။ သုခဝိဗုဒ္ဓိယာ၊ သိလွယ်စေခြင်းငှာ။ ဝါ၊ ချမ်းသာစွာ သိစေခြင်းငှာ။ ဝါ၊ မပင်မပန်း ချမ်းသာသဖြင့် သိစေခြင်းငှာ။ ဝါ၊ အထူးသဖြင့် ချမ်းသာစွာ သိစေခြင်းငှာ။ ဝါ၊ အထူးသဖြင့် သိလွယ်စေခြင်းငှာ။ မာဂဓဘာသာယ၊ မဂဓရေဋ္ဌတိုင်းသူတို့၏ ဥစ္စာမူလ မဂဓပေါ်ငြိဘာသာဖြင့်။ အဟံ၊ သံဃရက္ခိတဌါမထေရ်သည်။ အာရဘိဿံ၊ စီရင်ရေးသား အားထုတ်ပေအံ့။

ဤ ၂-ဂါထာသည် အလိုရှိအပ်သော စကားတို့ကို ဂါထာ ၂-မျိုးတို့နှင့် ဆို၍ ကြိယာတစ်ခုတည်းနှင့် ပြီးဆုံးစေသောကြောင့် ယုဂဠအဖွဲ့ မည်၏။

အဖွဲ့သည် မုတ္တက, ယုဂဠ, ဝိသေသ, ကလာပ, ကုလက, ကောသ, သင်္ဃာတ-ဟု ၇-မျိုးရှိ၏။ ။ ထို ၇-မျိုးတို့တွင်–

- ၁-ဂါထာတည်းဖြင့် စကားဥဿုံ ပြည့်စုံစွာပြ၍ ဖွဲ့ဆိုစီကုံးအပ်သော "သီလေ ပတိဋ္ဌာယ နရော သပညော"စသော အဖွဲ့ဗန္ဓမျိုးသည် မုတ္တကဗန္ဓ မည်၏။
- ၂-ဂါထာတို့ဖြင့် ဖွဲ့ဆိုစီကုံးအပ်သော အဖွဲ့ဗန္ဓမျိုးသည် ယုဂဠဗန္ဓ မည်၏။
- ၃-ဂါထာတို့ဖြင့် ဖွဲ့ဆိုစီကုံးအပ်သော အဖွဲ့ဗန္ဓမျိုးသည် ဝိသေသကဗန္ဓ မည်၏။
- ၄-ဂါထာတို့ဖြင့် ဖွဲ့ဆိုစီကုံးအပ်သော အဖွဲ့ဗန္ဓမျိုးသည် ကလာပဗန္ဓ မည်၏။
- ၅-ဂါထာ, ၆-ဂါထာ စသည်တို့ဖြင့် ဖွဲ့ဆိုအပ်သော အဖွဲ့ဗန္ဓမျိုးသည် ကုလကဗန္ဓ မည်၏။
- အမရကောသ-စသော ကျမ်းမျိုးသည် ကောသဗန္ဓ မည်၏။
- မေဃဒူတကဗျာ-စသော ကျမ်းမျိုးသည် သင်္ဃာတဗန္ဓ မည်၏။

ထို ၄-ဂါထာတို့တွင်–

- ပဌမဂါထာဖြင့် ချီးမွမ်းထောမနာခြင်းလျှင် အရင်းရှိသော ပဏာမကို ပြ၏။
- ဒုတိယဂါထာဖြင့် နိမိတ်ကို ပြ၏။
- တတိယဂါထာဖြင့် ဂန္ထပရိမာဏကို ပြ၏။
- စတုတ္ထဂါထာ၌ "ဝုတ္တောဒယံ နာမ"ဖြင့် ဂန္ထာဘိဓာနကို ပြ၏။
- သုခဝိဗုဒ္ဓိယာဖြင့် ဂန္ထပ္ပယောဇဉ်ကို ပြ၏။
- အာရဘိဿံ-ဖြင့် ပဋိညာဉ်ကို ပြ၏။
- အဟံ-ဖြင့် ကတ္တားကို ပြ၏။

ဤသို့ ၄-ဂါထာတို့ဖြင့် ပဏာမ-စသည်တို့ကို ပြဆိုပြီး၍ ကျမ်းပေါ်ခြင်း လာယဝတ္ထ အကျိုးငှာ ဆန်းကျမ်းဆရာတို့ လေ့လာသုံးစွဲရိုး ဖြစ်ကုန်သော ဂိုဏ်းတို့၏ သင်္ကေတသညာကို ပြလိုသောကြောင့်–

၅။ သဗ္ဗ-လ္ဂါ မွာ'ဒိ-ဂ-လဟူ၊ ဘ္ဇာ မဇ္ဈ'န္တ-ဂုရူ(ဂ႟) ဧသာ။
မဇ္ဈ'န္တ-လာ ရ-တော'တော္ဌ၊ ဂဏာ ဂေါ ဂုရု(ဂ႟) လော လဟု။

ဟူသော ဂါထာကို ဆို၏။

သဗ္ဗ-ဂ္လ္ဂါ၊ အစ,အလယ်,အဆုံး အလုံးစုံဂရုရှိသောဂိုဏ်း, အလုံးစုံလဟုရှိသော ဂိုဏ်းတို့သည်။ မ-နာ(မ္နာ)၊ အစဉ်အတိုင်း မဂိုဏ်း, နဂိုဏ်း မည်ကုန်၏။ အာဒိ-ဂ-လဟူ၊ အစ၌ ဂရုရှိသောဂိုဏ်း, အစ၌ လဟုရှိသော ဂိုဏ်းတို့သည်။ ဘျာ၊ အစဉ်အတိုင်း ဘဂိုဏ်း, ယဂိုဏ်း မည်ကုန်၏။ မဇ္ဈ'န္တ-ဂုရူ၊ အလယ်၌ ဂရုရှိသောဂိုဏ်း, အဆုံး၌ ဂရုရှိသောဂိုဏ်းတို့သည်။ ဇသာ၊ အစဉ်အတိုင်း ဇဂိုဏ်း, သဂိုဏ်း မည်ကုန်၏။ မဇ္ဈ'န္တ-လာ၊ အလယ်၌ လဟုရှိသော ဂိုဏ်း, အဆုံး၌ လဟုရှိသောဂိုဏ်းတို့သည်။ ရတာ၊ အစဉ်အတိုင်း ရဂိုဏ်း, တဂိုဏ်း မည်ကုန်၏။ ဧတေ အဋ္ဌဂဏာ၊ ထို ၈-လုံးသော ဝဏ္ဏအပေါင်းတို့သည်။ ဝဏ္ဏဝုတ္တိ-ယံ၊ တနုမဇ္ဈာ-စသော ဝဏ္ဏဝုတ္တိ၌။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တစ်နည်း၊ ဧတေ ဂဏာ၊ ထိုဆိုအပ်ကုန်ပြီးသော ဂိုဏ်းတို့သည်။ အဋ္ဌ၊ ၈-မျိုးတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဂုရု၊ ဂရုသည်။ ဂေါ၊ ဂ-မည်၏။ လဟု၊ လဟုသည်။ လော၊ လ-မည်၏။

မယရသတဇဘနေတိ ပတ္ထာရက္ကမေန ဂဏက္ကမော ဝေဒိတဗ္ဗော။ က္လဟာ တု ဂန္ထလာဃဝတ္ထံ ဝတ္တိစ္ဆာယ ဂဏော ပယောဂိကတ္ထဥ္စ ဇဝံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

ဟူသော ဆန္ဒောသာရတ္ထဝိကာသိနီဋီကာနှင့်အညီ ကျမ်းပေါ့ခြင်း၊ ဝတ္တိစ္ဆာ၏အစွမ်းဖြင့် ဂိုဏ်းယှဉ်ခြင်းအကျိုးငှာသာ ဤသို့ ဂိုဏ်းစဉ်ကို ဆိုသည်။ ပတ္ထာရအစဉ်ကျအောင်ဆိုလျှင်-

သဗ္ဗ-ဂေါ မော-မုခ-န္တော-လာ၊ ယ-ရာ အန္တေ ဂလာ သ-တာ။
မဇ္ဈာ-ဒိ'ဂါ ဇ-ဘာ-နော တု၊ သဗ္ဗ-လော တေ ဂဏာ'ဋ္ဌကာ။

ဟု စဉ်ဆိုအပ်၏။ သုတဗောဓဆန်းကျမ်း၊ ပိင်္ဂလဆန်းသုတ်အဖွင့်၊ အမတသဥ္စိဝနိဋီကာကျမ်းတို့၌ကား အစ, အလယ်, အဆုံး ၃-ဌာနတို့၌ ဂရု,လဟု အနေအထားကို မှတ်၍-

အာဒိမဇ္ဈာ'ဝသာနေသု၊ ယရတာ ယာန္တိ လာဃဝံ။
ဘဇသာဂါရဝံ ယာန္တိ၊ မနာ တု ဂုရု(ဂရု)လာဃဝံ။ ။

ဟု စဉ်ဆိုအပ်၏။

ယရတာ၊ ယဂိုဏ်း, ရဂိုဏ်း, တဂိုဏ်းတို့သည်။ အာဒိမဇ္ဈာ'ဝသာနေသု၊ အစဌာန, အလယ်ဌာန, အဆုံးဌာနတို့၌။ ယထာက္ကမံ၊ အစဉ်အတိုင်း။ လာဃဝံ၊ လဟု၏အဖြစ်သို့။ ယာန္တိ၊ ရောက်ကုန်၏။ ဘဇသာ၊ ဘဂိုဏ်း, ဇဂိုဏ်း, သဂိုဏ်းတို့သည်။ အာဒိမဇ္ဈာ'ဝသာ-နေသု၊ တို့၌။ ယထာက္ကမံ၊ တိုင်း။ ဂါရဝံ၊ ဂုရု၏အဖြစ်သို့။ ယာန္တိ၊ ရောက်ကုန်၏။ မနာ တု၊ မဂိုဏ်း, နဂိုဏ်းတို့သည်ကား။ အာဒိမဇ္ဈာ'ဝသာနေသု၊ တို့၌။ ဂုရု(ဂရု)လာဃဝံ၊ ဂုရု(ဂရု)၏ အဖြစ်, လဟု၏အဖြစ်သို့။ ယာန္တိ၊ ရောက်ကုန်၏။

ဤသို့ ဝဏ္ဏဝုတ္တိ၌ ဂဏနိယမသင်္ကေတသညာကို ပြဆိုပြီး၍ အရိယာ-စသော မတြာဝုတ္တိ၌တည်သော ဂဏနိယမကို ပြဆိုအံ့သောငှာ—

၆။ **ဘဇသာ သဗ္ဗ ဂ-လဟူ၊ ပဉ္စ'မေ သဏ္ဌိတာ ဂဏာ။**
**အရိယာ'ဒိမှိ ဝိညေယျာ၊ ဂဏော ဣဓ စတု'က္ကလော။** - ဟူသောဂါထာကို ဆို၏။

ဘဇသာ၊ ဘဂိုဏ်း, ဇဂိုဏ်း, သဂိုဏ်းတို့လည်းကောင်း။ သဗ္ဗ ဂ-လဟူ၊ အလုံးစုံ ၄-မတြာစေ့ ဂရု,လဟုရှိသော ဂိုဏ်းတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ ပဉ္စ ဂဏာ၊ ဤ ၅-ဂိုဏ်းတို့ကို။ အရိယာ'ဒိမှိ၊ အရိယာ-စသော မတြာဝုတ္တိဂါထာမျိုး၌။ သဏ္ဌိတာ၊ ကောင်းစွာ တည်ကုန်၏-ဟူ။ ဝိညေယျာ၊ သိအပ်ကုန်၏။ ဣဓ၊ ဤအရိယာ-စသော မတြာဝုတ္တိဂါထာမျိုး၌။ စတု'က္ကလော၊ ၄-မတြာရှိသော ဝဏ္ဏအပေါင်းသည်။ ဂဏော၊ ဂိုဏ်း မည်၏။ တစ်နည်း- ဂဏော၊ ဂိုဏ်းသည်။ စတု'က္ကလော၊ ၄-မတြာ ရှိ၏။

**စတု'က္ကလ-နိယမတ္တာ ဒသ-ဂဏိယ-ဝဏ္ဏာနံ မဇ္ဈေ အတြ သဇဘာနမေဝေါ'ပယော-ဂိကတ္တံ အညေသံ စတု'က္ကလတ္တာ'သမ္ဘဝတော။**

(ဆန္ဒောမဉ္ဇရီအဖွင့်၊ ဒါတာရာမဆရာ စီရင်အပ်သော ဘာဝတ္ထသန္ဒီပနီဋီကာ။)

အတြ၊ ဤအရာ၌။ စတု'က္ကလ-နိယမတ္တာ၊ စတုက္ကလ-သဒ္ဒါဖြင့် မှတ်အပ်သည်၏ အဖြစ်ကြောင့်။ ဝါ၊ ၄-မတြာမြဲသည်၏အဖြစ်ကြောင့်။ ဒသ-ဂဏိယ-ဝဏ္ဏာနံ၊ ၁၀-လုံးသော ဂိုဏ်း၌ဖြစ်သော ဝဏ္ဏတို့တွင်။ ဝါ၊ ဂိုဏ်းမှတ်ဝဏ္ဏ ၁၀-လုံးတို့တွင်။ ဝါ၊ တို့၏။ မဇ္ဈေ၊ အလယ်၌။ သဇဘာနမေဝ၊ သအက္ခရာ, ဇအက္ခရာ, ဘအက္ခရာတို့ကိုသာလျှင်။ ဝါ၊ တို့၏ သာလျှင်။ ဥပယောဂိကတ္တံ၊ ယှဉ်ခြင်းရှိသည်၏အဖြစ်ကို။ ဉေယျံ၊ သိအပ်၏။ ကသ္မာ၊ ကား။ အညေသံ၊ သ-ဇ-ဘမှ တပါးကုန်သော မ-န-ယ-စသော ဝဏ္ဏတို့၏။ စတု'က္ကလတ္တာ'သမ္ဘဝတော၊ ၄-မတြာ အစေ့အစုံရှိသည်၏အဖြစ် မဖြစ်သင့်သောကြောင့်တည်း။

ဤသို့ ဆိုသောကြောင့် သဗ္ဗဂရု-အရကို မဂိုဏ်း, သဗ္ဗလဟု-အရကို နဂိုဏ်း-ဟု မမှတ်ယူမူ၍ ၄-မတြာစေ့ ဂရု ၂-ခုရှိသည်ကို သဗ္ဗဂရု, ၄-မတြာစေ့ လဟု ၄-ခုရှိသည်ကို သဗ္ဗလဟု-ဟူ၍သာ မှတ်ယူအပ်၏။

အရိယာဒိမှိ၌ အာဒိဝန်အရကို “အာဒိ သဒ္ဒေန စေ'တ္ထ ကုမာရလလိတာ-စိတြပဒါ-ဝိဇ္ဇုမ္မာလာဒီ သင်္ဂဏှာတိ”ဟူ၍လည်းကောင်း၊

စတုက္ကလပုဒ်ကို “စတုက္ကာ လဟဝေါ အဿာတိ စတု'က္ကလော”ဟု ပြု၍ လဟု ၄-ခုရှိသော ဂိုဏ်း-ဟူ၍လည်းကောင်း, ယေဘုယျနည်း-ဟူ၍လည်းကောင်း ဖွင့်ဆိုသော ဝစနတ္ထဇောတိကဋီကာစကားကို အတ္တနောမတိမျှသာ-ဟု မှတ်အပ်၏။

| | | | | | |
|---|---|---|---|---|---|
| | | ၂ | ၂ | သဗ္ဗဂရု | ဂ |
| | ၁ | ၁ | ၂ | အန္တဂရု | သ |
| | ၁ | ၂ | ၁ | မဇ္ဈဂရု | ဇ |
| | ၂ | ၁ | ၁ | အာဒိဂရု | ဘ |
| ၁ | ၁ | ၁ | ၁ | သဗ္ဗလဟု | န္လ |

၄-မတြာကို အရင်းပြု၍ ပတ္ထာရဖြန့်လျှင် ဤပုံအတိုင်း ၅-တန်း ထွက်၏။ အလယ် ၃-တန်းကို ဝဏ္ဏဆန်း၌ ဆိုအပ်သော သ,ဇ,ဘဂိုဏ်းတို့နှင့် တူ၍ ထိုအမည်အတိုင်း ဂိုဏ်းအမည်ကို ဆို၏။ ပထမတန်းကို ဂရု ၂-လုံးမျှသာရှိ၍ မဂိုဏ်း-ဟု မဆိုနိုင်, သဗ္ဗဂရုဂိုဏ်း-ဟူ၍လည်းကောင်း၊ ပဉ္စမတန်းကို လဟု ၄-လုံးရှိ၍ နဂိုဏ်း-ဟု မဆိုနိုင်, သဗ္ဗလဟုဂိုဏ်း-ဟူ၍လည်းကောင်း အမည်မှည့်ဆိုသည်။

ပါကတပိင်္ဂလဆန်းကျမ်း၌ဆိုသော ထိုစတုက္ကလ ၅-ဂိုဏ်းတို့၏ အမည်ထူးတို့ကို စာသင်သားတို့၏ မှတ်သားစေခြင်းငှာ ဇယားအင်းစောက်နှင့် ပြထားသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဂ | ကဏ္ဏ | မနောဟရဏ | သုဝဏ္ဏ | ရသိက | သုမတိ | လမ္ဗိတ |
| သ | ကရတလ | ကမလ | ဟတ္ထ | ဝဇိရ | ရတန | ပဟရဏ |
| ဇ | ပယောဓရ | ဘူပတိ | ရာဇာ | စက္ကဝတ္တိ | နာယက | ရဿ |
| ဘ | ဝသုစရဏ | ပ္လ | ဂဏ္ဍ | တာဘ | နူပုရ | ဗလဘဒြ |
| န္လ | ဒွိဇ | က္လတိ | ဥပါယ | ပရမ | ဇာတိ | သိခရ |

ဤသို့ ၂-ဂါထာတို့ဖြင့် ဝဏ္ဏဆန်း, မတြာဆန်းတို့၌ အကျုံးဝင်သော ဂဏဘေဒတို့ကို ပြဆိုပြီး၍ ဂရု,လဟုတို့၏သရုပ်ကို ဖော်ထုတ်ပြဆိုလိုရကား—

**၇။ သံယောဂါ-ဒိ စ ဒီယော စ၊ နိဂ္ဂဟီတ-ပရော စ ယော။**
**ဂုရု(ဂရု) ဝင်္ကော ပါဒ’န္တော ဝါ၊ ရဿော’ညော မတ္တိကော လု’ဇု။**

ဟူသော ဂါထာကို ဆို၏။

သံယောဂါ-ဒိ၊ အဆင့်သံယုဂ်၏ အစဝဏ္ဏ, ရှေးဝဏ္ဏဖြစ်သော။ ယော ရသော၊ အကြင်ရဿဝဏ္ဏသည်လည်းကောင်း။ ဒီယော၊ ဒီဃဖြစ်သော။ ယော စ၊ အကြင်ဝဏ္ဏသည်လည်းကောင်း။ နိဂ္ဂဟီတ-ပရော၊ နိဂ္ဂဟိတ်နှောင်းခြင်းရှိသော။ ဝါ၊ နိဂ္ဂဟိတ်နောက်၌ရှိသော။ ဝါ၊ နှောင်းသော နိဂ္ဂဟိတ်ရှိသော။ ဝါ၊ နောက်၌ နိဂ္ဂဟိတ်ရှိသော။ ယော စ၊ အကြင်ဝဏ္ဏသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သော၊ ထိုအလုံးစုံသည်။ ဂုရု၊ လေးတွဲသောကြောင့် ဂုရုမည်သည်။ ဘဝတိ၊ ဖြစ်၏။ ဝင်္ကော၊ ပတ္ထာရအရေး၌ ကောက်၏။ ပါဒ’န္တော၊ အက္ခရာအရေအတွက်, မတြာအရေအတွက်, ဂိုဏ်းအရေအတွက်တို့ဖြင့် ရေးသားစီရင်အပ်သော

ဆိုလတ္တံ့သော လက္ခဏာရှိသော ဂါထာ၏ ၄-ဖို့, ၁-ဖို့-ဟု ဆိုအပ်သော ပါဒ၏ ၄-ဖို့, ၁-ဖို့ ဟု ဆိုအပ်သော ပါဒ၏အဆုံး၌ဖြစ်သော။ လော၊ လဟုသည်။ ဝါ၊ အချို့။ ဂုရု လေးလေးတွဲတွဲ ရွတ်ဆိုအပ်သော ဂုရုမျိုး မည်သည်။ ဘဝတိ၊ ဖြစ်၏။ အညော၊ သံယုဂ်၏ရှေ့ဝဏ္ဏ-စသည်မှ တပါးသော။ မတ္တိကော၊ မျက်တောင်တခတ်, လျှပ်တပြက်, လက်ဖျစ်တတီးခန့်ကာလ မတြာရှိသော ရဿသည်။ ဝါ၊ မတြာနှင့်ယှဉ်သော ရဿသရသည်။ လော၊ ပေါ့သောကြောင့် လဟုမည်သည်။ ဘဝတိ၊ ဖြစ်၏။ ဥဇု ပတ္ထာရအရေး၌ ဖြောင့်၏။

ပါဒန္တော ဝါ-၌ အဓိပ္ပါယ်ကား မတြာဝုတ္တိ၌ ဒုတိယ, စတုတ္ထ သမ ၂-ပါဒတို့၏ အဆုံး၌တည်သော ရဿ၊ ဝဏ္ဏဝုတ္တိ၌ သမ, ဝိသမ မရွေး ၄-ပါဒစလုံးတို့၏အဆုံး၌ တည်သော ရဿသည် ဂရုမည်၏။ သုတ်လက္ခဏာရင်းကပင် "ဠါသမာနိကာ ရ-ဇာ စ"စသည်ဖြင့် ၄-ပါဒစလုံးတို့၏အဆုံး၌ လဟုဖြင့် ဖွဲ့အပ်၏-ဟု ဆိုသောအရာ၌ကား ဂရု မမည်-ဟု မှတ်အပ်၏။

> ဝါသဒ္ဒေါ ဝဝတ္ထိတဝိဘာသာယံ၊ တေန သမာနိက-ပ္ပဘုတီသု န ဘဝတိ။ အညတြ သမ-ပါဒ'န္တော။ ဏ္ဏန္တဝဇိရာ'ဒေါ ဝိသမ'ပါဒန္တော စ ဘဝတိ။ (ဋီကာဟောင်း)

လဟုကို ၁-မတြာရှိသောကြောင့် ၁-ဂဏန်းဖြင့်လည်းကောင်း၊ ဂရုကို ၂-မတြာ ရှိသောကြောင့် ၂-ဂဏန်းဖြင့်လည်းကောင်း ရေးရိုးပြုကြသည်မှာ သိမှတ်လွယ်ရုံမျှသာ ဖြစ်သည်။ ဝင်္က, ဥဇုလက္ခဏာဖြင့် ညီညွတ်စွာ ရေးရသော အမှတ်အသားကား—

> ဂုရုံ ပတ္ထာရ-ကရဏေ၊ ဝင်္ကံ ကတွာန ဝိညသေ။
> လဟု-ဝဏ္ဏ'မုဇုံ သမ္မာ၊ ဝိဒဟေယျ ဝိစက္ခဏော။ ။

ပတ္ထာရ-ကရဏေ၊ အကျယ်ဖြန့်ပြ ပတ္ထာရကို ပြုရာ၌။ ဝင်္ကံ ကတွာ၊ ပဒစ္ဆေဒ လက္ခဏာ, အဒ္ဓစန္ဒသဏ္ဌာန်ဖြင့် ကောက်သည်ကို ပြု၍။ ဂုရုံ၊ ဂရုကို။ ဝိညသေ၊ ရေးချရာ၏။ ဥဇုံ၊ ဖြောင့်မတ်စွာ။ လဟု-ဝဏ္ဏံ၊ လဟုအက္ခရာကို။ ဝိညသေ၊ ၏။ က္ကတိ၊ ဤသို့။ ဝိစက္ခဏော၊ ပညာရှိသည်။ သမ္မာ၊ ကောင်းစွာ။ ဝိဒဟေယျ၊ စီရင်ရာ၏။ —

ဟူ၍ ဆိုအပ်သည်နှင့်အညီ ဝင်္ကကို လငယ်ပြောင်းပြန် ထောင်၍ထားသည်နှင့် တူသော ꩻ-ဟူသော ကောက်ကွေ့ ဝဏ္ဏပဒစ္ဆေဒသင်္ကေတဖြင့် ရေးအပ်၏။ တစ်နည်းလည်း လထက်ဝက်သဏ္ဌာန် ဗ-ဟူသော အဒ္ဓစန္ဒြဖြင့် ရေးအပ်၏။ သီဟိုဠ်စည်လက်ခတ်သဏ္ဌာန်, ငါးကြင်းမြီးသဏ္ဌာန်-ဟူ၍လည်း ကဝိသာရဋီကာ၌ ဆို၏။ ဥဇုကို လှင်ကန်, တုတ်ဖြောင့် ဖြောင့်ကို ထောင်၍ ထားသည်နှင့်တူသော '၊ 'ဟူသော ပုဒ်မှတ် ထက်ဝက်သင်္ကေတဖြင့် လည်းကောင်း၊ '–'ဟူသော မျဉ်းတိုဖြောင့်သော ရေခါအားဖြင့်လည်းကောင်း ရေးအပ်၏။

အကယ်၍ မြန်မာ, သီဟိုဠ်, ဗင်္ဂါလီတို့ အသုံးပြုကြသော ၁, ၂-ဂဏန်းသင်္ချာတို့ဖြင့် ရေးချသင့်သည် ဖြစ်အံ့။ "ဂုရုဒွယံ ပါဒ'န္တော ဝါ၊ ရသော-ဥော-ကော တု မတ္တိကော"ဟု ဆိုအပ်ခဲ့ရာ၏။ ထို့ကြောင့် ဝဏ်ကို ပဒစ္ဆေဒသင်္ကေတ၊ ဥဇုကို ပိုဒ်မှတ် ' ၊ 'ထက်ဝက်သင်္ကေတ စသည်ဖြင့် ရေးအပ်၏။ ဆရာစဉ်ဆက်ရေးရိုး၌ ၁-ဂဏန်း, ၂-ဂဏန်းတို့ကို အသုံးပြုခြင်းသည် ပတ္ထာရကို ရေးချလိုသောသူ၏ စိတ်၌ ၁-ဂဏန်းဖြင့် ရေးချလျှင် လဟု၊ ၂-ဂဏန်းဖြင့် ရေးချလျှင် ဂရု-ဟု ၁-မတြာရှိ လဟု, ၂-မတြာရှိ ဂရုတို့ကို နှလုံးသွင်း၍ မှတ်ယူနိုင်ခြင်းသည်သာ ပဓာနဖြစ်သည်ဟု လွယ်ကူစွာ ရေးချခြင်းမျှသာ ဖြစ်၏။

ယခင်ဂါထာ၌ ဂရု, လဟုတို့ကို ဆုံးဖြတ်ရာတွင် မဆိုအပ်သေးသော ဂရု၏ လဟုဖြစ်ဟန်ကို ဥဒါဟရဏ်နှင့်တကွ ပြဆိုအံ့သောငှာ—

၈။ ပရေ ပါဒါ'ဒိ-သံယောဂေ၊ ယော ပုဗ္ဗော ဂုရုက'က္ခရော။
လဟု သ'က္ခစိ ဝိညေယျော၊ တဒု'ဒါဟရဏံ ယထာ။

၉။ ဒဿန-ရဿာ'နုဘဝနေ၊ နိဗ္ဗ-ဂေဓာ ဇိနဿ'ယံ ဇနတာ။
ဝိမ္ဟယ-ဇနနိ သညတ-ကြိယာ န ကံ နာ'နုရဉ္ဇယတိ။

ဟူသော ဂါထာတို့ကို ဆို၏။

ပါဒါ'ဒိ-သံယောဂေ၊ ဒုတိယပါဒ, စတုတ္ထပါဒတို့၏ အစဖြစ်သော သံယုဂ်အက္ခရာသည်။ ပရေ၊ နောင်းသည်။ သတိ၊ ရှိသော်။ တစ်နည်း၊ ပရေ၊ နောင်းရာ၌။ ဝါ၊ နောင်းသော ကြောင့်။ ပုဗ္ဗော၊ ရှေးဖြစ်သော။ ယော ဂုရုကက္ခရော၊ အကြင်ဆိုအပ်ပြီးသော လက္ခဏာရှိသော ဝိသမပါဒ၏အဆုံး၌တည်သော "ဒုမှိ ဂရု"ဟူသော လက္ခဏာနှင့်အညီ ဂရုဖြစ်သော အက္ခရာသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုပါဒ၏အစဖြစ်သော သံယုဂ်နောင်းသော ဂရုအက္ခရာကို။ က္ဝစိ၊ အချို့သောပြယုဂ်၌။ လဟု၊ လဟုမည်၏-ဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝိညေယျော၊ သိအပ်၏။ တဒု'ဒါဟရဏံ၊ ဂရုဖြစ်လျက် လဟု-ဟူ၍ သိအပ်သော ထိုဂရု၏ ဥဒါဟရဏ်သည်။ ယထာ၊ အဘယ်မှာနည်း။ ဒဿနေစ္စာဒိ ဒဿန၊ ဤသို့ အစရှိသည်တည်း။ တစ်နည်း၊ ဒဿနေစ္စာ'ဒိ ဥဒါဟရဏံ၊ ဒဿန ဤသို့အစရှိသော ပြယုဂ်, စံပုံ, ဥဒါဟရဏ်ကို။ ဒဋ္ဌဗ္ဗံ ယထာ၊ သိမှတ်အပ်သကဲ့သို့။ အညမ္ပိ တပါးသော လက္ခဏာတူ ပြယုဂ်, စံပုံ, ဥဒါဟရဏ် ကိုလည်း။ ဒဋ္ဌဗ္ဗံ၊ သိမှတ်အပ်၏။

(ကဝိသာရဋီကာ၌ ပရေကို ကတ္တားကြံ၍ "ပရေ အညေ အာစရိယာ အာဟုတိ သမ္ဗန္ဓိတဗ္ဗော" ဟု ဖွင့်ဆိုသည်ကား ရှေးဋီကာဆရာတို့ထက် ဉာဏ်မြင်ရာ ရောက်ချေ၏။)

နိဗဒ္ဓ-ဂေဓာ၊ အမြဲမပြတ် တပ်နှစ်သက်တတ်သော အကုသလဆန္ဒရှိသော။ အယံ ဇနတာ၊ ဤလူအပေါင်းသည်။ ဇိနဿ၊ မြတ်စွာဘုရား၏။ ဝါ၊ မြတ်စွာဘုရားကို။ ဒဿန-ရသာ'နုဘဝနေ၊ ရှုမြော်ဖူးမြင်အပ်သည်၌ သာယာအပ်သော အရသာကို ခံစားခြင်း၌။ ဝါ၊ ဖူးမြင်ခြင်း၌ သာယာအပ်သော ၈၀-သော လက္ခဏာငယ်တို့ဖြင့်, တင့်တယ်သော အဆင်းတော်တို့ဖြင့် တင့်တယ်သော အဆင်းတော်ကို ခံစားခြင်း၌။ ဝါ၊ ဖူးမြင်ခြင်းကြောင့် ဖြစ်သော အရသာကို ခံစားခြင်း၌။ နိဗဒ္ဓ-ဂေဓာ၊ မပြတ်သော ကုသိုလ်ဆန္ဒရှိသည်။ ဘဝတိ၊ ဖြစ်၏။ ဝိမှယဇနနီ၊ အံ့ဖွယ်သရဲကို ဖြစ်စေတတ်သော။ ဝါ၊ နတ်နှင့်တကွသော လောက၌ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲဖြစ်သော။ သညတ'ကြိယာ၊ ဆုံးမတော်မူအပ်ပြီးသော ကိုယ်အမူအရာသည်။ ဝါ၊ ကိုယ်အမူအရာ, နှုတ်အမူအရာတော်သည်။ ကံ နာမ ဇနံ၊ အဘယ်မည်သော နတ်နှင့်တကွသော လူကို။ နာ'နုရဉ္ဇယတိ နု၊ အဖန်တလဲလဲ တပ်နှစ်သက်ခြင်းကို မဖြစ်စေနိုင်ဘဲ ရှိတော့အံ့နည်း။ ရဉ္ဇယတိ ဧဝ၊ တည်း။

ဤဂါထာကား အရိယာတည်း။ သညတကြိယာ၌ ကြိ-ဟူသော စတုတ္ထပါဒါ'ဒိ သံယုဂ်နှောင်းသောကြောင့် သညတပုဒ်၌ တ-အက္ခရာသည် ဒုမှိ ဂရုလက္ခဏာနှင့် ညီညွတ်၍ ဂရုဖြစ်သင့်သော်လည်း ပါဒ၏အဆုံး၌ဖြစ်သောကြောင့် လဟုဖြစ်၏။ ဂရု၏အဖြစ်ဖြင့် ယူအပ်သည်ရှိသော် မကြာပိုလွန်သောကြောင့် အရိယာဂါထာ၏လက္ခဏာ ပျက်၏။

ဤသို့လျှင် ဂရု, လဟုတို့၏ဝိနိစ္ဆယကို ပြဆိုပြီး၍ ယခုအခါ ဂိုဏ်း, ယတိတို့ကို မှတ်ဆိုရေးသားရာ၌ အသုံးဝင်သော **သင်္ကေတသင်္ချာ**တို့ကိုလည်းကောင်း, ဂါထာတို့၌ **ပါဒ၏ လက္ခဏာ**ကိုလည်းကောင်း, **ယတိ၏လက္ခဏာ**ကိုလည်းကောင်း ပြဆိုအံ့သောငှာ—

၁၀။ **ဝိညေယျာ လောကတော သညာ၊ သမုဒ္ဒေါ'သု-ရသာ'ဒိနံ။**
**ပါဒေါ ဥေယျော စတုတ္ထံ'သော၊ ပဒ'စ္ဆေဒေါ ယတိဗ္ဗဝေ(*ယတီဘဝေ*)။**

ဟူသော ဂါထာကို ဆို၏။

သမုဒ္ဒေါ'သု-ရသာ'ဒိနံ၊ သမုဒ္ဒသဒ္ဒါ, ဥသုသဒ္ဒါ, ရသသဒ္ဒါ-စသည်တို့၏။ သညာ၊ ၄-ခု, ၅-ခု, ၆-ခုဟော အစရှိသော သင်္ကေတပညတ် အမှတ်သညာကို။ လောကတော၊ လောကဝေါဟာရအားဖြင့်။ ဝါ၊ ရှေးဆရာတို့ ခေါ်ဝေါ်ပြောဆိုသော သင်္ကေတပညတ် အမှတ်သညာအားဖြင့်။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝိညေယျာ၊ သိအပ်၏။ စတုတ္ထံသော၊ ဆိုအပ်လတ္တံ့သော လက္ခဏာနှင့် ပြည့်စုံသော ဂါထာ၏ ၄-ဖို့, ၁-ဖို့၊ ၄-ပိုင်း, ၁-ပိုင်း၊ ၄-စိတ်, ၁-စိတ်၊ ၄-စု,၁-စုကို။ ပါဒေါ၊ ပါဒမည်၏-ဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဥေယျော၊

သိအပ်၏။ ပဒ'စ္ဆေဒေါ၊ ပုဒ်တို့ကို ဖြတ်ခြင်း, ရပ်တော့ခြင်းသည်။ ယတိ၊ ယတိ မည်သည်။ ဘဝေ၊ ဖြစ်၏။

ဋီကာဟောင်း၌ "သမုဒ္ဒေါ'သု-ရသာဒိကာ"ဟု ပါဌ်ရှိသင့်သည်-ဟု ဆို၏။

သမုဒ္ဒေါ'သု-ရသာဒိကာ'ဘိပါဌေန ဘဝိတဗ္ဗံ၊ ဧဝ-ဉ္စိ ပါဌဘူတေ သရူပတော သညာ နိဒ္ဒိဋ္ဌာ ဟောန္တိ။ (ဋီကာဟောင်း)

အရှေ့,အနောက်,တောင်,မြောက်-ဟု မြင်းမိုရ်တောင်ရိပ်ဖြင့် ပိုင်းခြားအပ်သော သမုဒ္ဒရာသည် ၄-စင်းရှိသောကြောင့် သမုဒ္ဒ-သဒ္ဒါသည် ၄-ခုဟူသော သင်္ကေတသချာကို ဟော၏။

စတ္တာရိ ဝေဒ-ဗြဟ္မာဿ၊ ဝဏ္ဏ'မ္ဗုဓိ-ဟရိဗာဟဝေါ။
သဒ္ဒန္တိဒန္တ-သေနင်္ဂေ'-ပါယ-ယာမ-ယုဂ'ဿမာ။ ။

ကဝိကပ္ပလတာကျမ်း၌လာသော ၄-ခုဟော သင်္ကေတသချာသဒ္ဒါပေါင်း ၁၁-ပုဒ်။

(၁) ဝေဒ၊ သာမ, ဣရု, ယဇု, အာထဗ္ဗဏ-ဟူသော ဗေဒင် ၄-ပုံကို ဟောသော ဝေဒသဒ္ဒါ။

(၂) ဗြဟ္မာဿ၊ မျက်နှာ ၄-ခုရှိသော ဗြဟ္မာကို ဟောသော ဗြဟ္မာဿသဒ္ဒါ။

(၃) ဝဏ္ဏ၊ မင်း, ပုဏ္ဏား, ကုန်သွယ်, သူဆင်းရဲ-ဟူသော အမျိုး ၄-ပါးကို ဟောသော ဝဏ္ဏသဒ္ဒါ။

(၄) အမ္ဗုဓိ၊ သမုဒ္ဒရာ ၄-စင်းကို ဟောသော အမ္ဗုဓိသဒ္ဒါ။

(၅) ဟရိဗာဟဝေါ၊ မောင်း ၄-ခုရှိသော ဗိဿနိုးနတ်ကိုဟော ဟရိဗာဟုသဒ္ဒါတို့လည်း ကောင်း။

(၆) သဒ္ဒန္တိဒန္တ၊ အစွယ် ၄-ချောင်းရှိသော ဧရာဝဏဆင်ဟော သဒ္ဒန္တိဒန္တသဒ္ဒါ။

(၇) သေနင်္ဂ၊ ဆင်, မြင်း, ရထား, ခြေသည်-ဟူသော စစ်အင်္ဂါ ၄-ပါးဟော သေနင်္ဂသဒ္ဒါ။

(၈) ဥပါယ၊ ဘေဒ, ဒဏ္ဍ, သာမ, ဒါန-ဟူသော ဥပါယ် ၄-ပါးဟော ဥပါယသဒ္ဒါ။

(၉) ယာမ၊ ဗဟိုရ်(ပဟိုရ်) ၄-ချက်ဟော ယာမသဒ္ဒါ။

(၁၀) ယုဂ၊ သစ္စ, တေြတာ, ဒွါပရ, ကလိ-ဟူသော ယုဂ် ၄-ပါးဟော ယုဂသဒ္ဒါ။

(၁၁) အဿမ၊ ဗြဟ္မစရိယ, ဂဟဋ္ဌ, ဝါနပထ, ဘိက္ခု-ဟူသော အဿမ ၄-မျိုးဟော အဿမသဒ္ဒါတို့လည်းကောင်း။

ဤကမေ၊ ဤ ၁၁-ပုဒ်တို့သည်။ စတ္တာရိ၊ ၄-ခုသင်္ချာကို ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

သမ္မောဟန, ဥမ္မဒန, သောသဏ, တာပန, ထမ္ဘ-ဟု မာရ်မင်း၏ မြားသည် ၅-စင်း ရှိသောကြောင့် ဥသုသဒ္ဒါသည် ၅-ခုဟူသော သင်္ကေတသင်္ချာကို ဟော၏။ ကဝိသာရဋီကာ, ဝစနတ္ထဇောတိကဋီကာတို့၌ကား "ပဉ္စရတ္တိ ဝိနာ ခနံ"ဟူသောပါဌ်ကို ကိုးကား၍ ၅-ကြိမ် မှတ်တိုင်၌ မြားကို ပစ်ရလေသောကြောင့် ဥသုသဒ္ဒါသည် ၅-ခုဟူသော သင်္ကေတသင်္ချာကို ဟော၏"ဟု ဖွင့်ဆိုကုန်၏။ မြားဟော ဥသု-သဒ္ဒါ၌ ဣသု-ဟု သက္ကဋတို့၌ ပါဌ်ရှိ၏။

ပဉ္စ ပဏ္ဍဝ-ရုဒ္ဒါသော'-န္ဒြိယ-သဂ္ဂ-ဗ္ဗတ'ဂ္ဂယော။
မဟာပါပ-မဟာဘူတ-မဟာကဗ္ဗ-မဟာမခါ။
ပုရာဏလက္ခဏာနျ'ဂ်ါ'-နိလ-ဝဂ္ဂေ'န္ဒြိယတ္ထကာ။

ကဝိကပ္ပလတာကျမ်း၌ လာသော ၅-ခုဟော သင်္ကေတသင်္ချာ ၁၅-ပုဒ်။

(၁) ပဏ္ဍဝ၊ ယုဓိဋ္ဌိရ, ဘီမ-စသော ပဏ္ဍုမင်း၏ သားတော် ၅-ယောက်ကို ဟောသော ပဏ္ဍဝသဒ္ဒါ။

(၂) ရုဒ္ဒါသ၊ မျက်နှာ ၅-ခုရှိသော ပရမီသွာနတ်ဟော ရုဒ္ဒါသသဒ္ဒါ။

(၃) ဣန္ဒြိယ၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-ဟူသော ဣန္ဒြေ ၅-ပါးဟော ဣန္ဒြိယသဒ္ဒါ။

(၄) သဂ္ဂ၊ သွ, မဟ, ဇန, တပ, သစ္စ-ဟူသော နတ်ပြည် ၅-မျိုးဟော သဂ္ဂသဒ္ဒါ။

(၅) ဝတ၊ ယဇ်ကြီး ၅-ပါးဟော ဝတသဒ္ဒါ။

(၆) အဂ္ဂယော၊ ဂဟပတဂ္ဂိ-စသော မီး ၅-မျိုးဟော အဂ္ဂိသဒ္ဒါတို့လည်းကောင်း။

(၇) မဟာပါပ၊ ပုဏ္ဏားကို သတ်ခြင်း, သေသောက်ခြင်း-စသော မကောင်းမှုကြီး ၅-ပါးဟော မဟာပါပသဒ္ဒါ။

(၈) မဟာဘူတ၊ ပထဗျာ'ပ'ဂ္ဂါ'နိလာ'ကာသ-ဟူသော မဟာဘုတ် ၅-ပါးဟော မဟာဘူတသဒ္ဒါ။

(၉) မဟာကဗ္ဗ၊ ရာမာယဏ, ရဃုဝံသ, ကုမာရသမ္ဘဝ, မာဃ, ကိရာတဇ္ဇုနီယ-ဟူသော ကဗျာကျမ်းကြီး ၅-ခုဟော မဟာကဗ္ဗသဒ္ဒါ။

(၁၀) မဟာမခါ၊ ဗေဒင်သရဇ္ဈာယ်ခြင်း-စသော ယဇ် ၅-ပါးဟော မဟာမခသဒ္ဒါတို့လည်းကောင်း။

(၁၁) ပုရာဏလက္ခဏာနှိ၊ သဂ္ဂ, ပတိသဂ္ဂ, ဝံသ, မန္ဝန္တရ, ဝံသာနုစရိတ-ဟူကုန်သော ပုရာဏ်ကျမ်း၏လက္ခဏာ ၅-ပါးကို ဟောသော ပုရာဏလက္ခဏာသဒ္ဒါ။

(၁၂) အင်္ဂါ၊ တိထိ, နေ့, နက္ခတ်, ယောဂ, ကရိုဏ်း-ဟူကုန်သော အင်္ဂါ။ ဝါ၊ ဇပ, ဟောမ, တပ္ပန, အဘိသေက, ဝိပ္ပဘောဇန-ဟူကုန်သော အင်္ဂါ ၅-ပါး။ ဝါ၊ အခေါက်, အရွက်, အပွင့်, အမြစ်, အသီး-ဟူကုန်သော အင်္ဂါ ၅-ပါးဟော အင်္ဂသဒ္ဒါလည်းကောင်း။

(၁၃) အနိလ၊ ပါဏ, အပါန, သမာန, ဥဒါန, ဗျာန-ဟူသော လေ ၅-မျိုးဟောသော အနိလသဒ္ဒါ။

(၁၄) ဝဂ္ဂ၊ ကဝဂ်-စသော ဝဂ် ၅-ပါးကို ဟောသော ဝဂ္ဂသဒ္ဒါ။

(၁၅) ဣန္ဒြိယတ္ထကာ၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖဿ-ဟူသော အာရုံ ၅-ပါးဟော ဣန္ဒြိယတ္ထသဒ္ဒါ တို့လည်းကောင်း။

ဣမေ၊ ဤ ၁၅-ပုဒ်တို့သည်။ ပဉ္စ၊ ၅-ခုသင်္ချာကို ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ချို, ချဉ်, စပ်, ဖန်, ခါး, ငန်-ဟု အရသာ ၆-မျိုးရှိသောကြောင့် ရသသဒ္ဒါသည် ၆-ခု ဟူသော သင်္ကေတသင်္ချာကို ဟော၏။

ဆဝဇိရကောဏ-တိသိရော'-နေတ္တ-တက္က-ဂ်'ဒဿန်။
စက္ကဝတ္တိ-မဟာသေန-ဝဒနော'တု ဂုဏာ ရသာ။

ကဝိကပ္ပလတာကျမ်း၌လာသော ၆-ခု သင်္ကေတသင်္ချာသဒ္ဒါဟော ၁၀-ပုဒ်။

(၁) ဆဝဇိရကောဏ၊ ၆-မြောင့်ရှိသော ဝဇိရစိန်ဟော ဝဇိရကောဏသဒ္ဒါ။

(၂) တိသိရော'နေတ္တ၊ ဦးခေါင်း၌ မျက်လုံး ၃-ခုရှိသော ရက္ခိုသ်ဟော တိသိရောနေတ္တ သဒ္ဒါ။

(၃) တက္က၊ အနုမတိ-စသော ၆-ပါးသော ဝါကျကို ကြံခြင်းဟော တက္ကသဒ္ဒါ။

(၄) အင်္ဂ၊ သိက္ခာ, ကပ္ပ(*ကပ္ပ*), ဗျာကရုဏ်း, နိရုတ္တိ, ဆန္ဒောဝိစိတိ, ဇောတိသတ်-ဟူသော ဗေဒ၏အစိတ် ၆-ကျမ်းဟော အင်္ဂသဒ္ဒါ။

(၅) ဒဿန်၊ ဒြဗ်ဂုဏ်-စသော ၆-ပါး။ ဝါ၊ ဉာယ, ဝိသေသိက, ဝိ(*ဝိ*)မံသာ, ဝေဒန္တ, သင်္ချ, ပါတဉ္စလ-ဟူသော ဒဿနကျမ်း ၆-မျိုးကို ဟောသော ဒဿနသဒ္ဒါလည်းကောင်း။

(၆) စက္ကဝတ္တိ၊ ကလိယုဂ်၌ဖြစ်သော ယုဓိဋ္ဌိရ, ဝိက္ကမ, သာလိဝါဟန-စသော စကြဝတေး မင်း ၆-ယောက်ကို ဟောသော စက္ကဝတ္တိသဒ္ဒါ။

(၇) မဟာသေနဝဒနေ၁၊ မျက်နှာ ၆-ခုရှိသော ကတ္တိကေယျနတ်ဟော **မဟာသေနဝဒန** သဒ္ဒါ။

(၈) ဥတု၊ ဝသန္တ-စသော ရတု ၆-မျိုးကို ဟောသော ဥတုသဒ္ဒါ။

(၉) ဂုဏာ၊ သန္ဓိ, ဝိဂ္ဂဟ-စသော ဂုဏ် ၆-ပါးကို ဟောသော ဂုဏသဒ္ဒါတို့လည်းကောင်း။

(၁၀) ရသာ၊ အစပ်, အခါး-စသော အရသာ ၆-မျိုးကို ဟောသော ရသသဒ္ဒါတို့လည်း ကောင်း။

က္ကမေ၊ ဤ ၁၀-ပုဒ်တို့သည်။ ဆ၊ ၆-ခုသင်္ချာကို ဟောကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အာဒိ-သဒ္ဒါဖြင့် ၇-ခုသင်္ချာ-စသည်ကို ဟောသော က္ကသိ-သဒ္ဒါ စသည်တို့ကို ယူအပ်ကုန်၏။ ၁-ခုသင်္ချာမှ စ၍ သင်္ကေတသင်္ချာသဒ္ဒါတို့ကို အစဉ်အတိုင်း ရေးထားသည်။

| သင်္ချာ | သင်္ကေတသဒ္ဒါ | | |
|---|---|---|---|
| ၁ | စန္ဒ | ရူပ | ဘူ |
| ၂ | နေတ္တ | ဟတ္ထ | ပက္ခ |
| ၃ | အဂ္ဂိ | ကာလ | ရာမ |
| ၄ | သမုဒ္ဒ | ဝေဒ | ယုဂ |
| ၅ | ဥသု | ယည | ဘူတ |
| ၆ | ရသ | ဥတု | အင်္ဂ |
| ၇ | မုနိ | အဿ | သရ |
| ၈ | ဝသု | နာဂ | သပ္ပ |
| ၉ | ဆိဒ္ဒ | အင်္ဂ | ဂဟ |
| ၁၀ | ဒိသ | ဒေါသ | |
| ၁၁ | ရုဒ္ဒ | သိဝ | |
| ၁၂ | အက္က | ရာသိ | မာသ |
| ၁၃ | ဝိဿ | | |
| ၁၄ | သက္က | မနု | ဘုဝန |
| ၁၅ | တိထိ | | |
| ၁၆ | ကလာ | ရာဇာ | |

ဤသို့လျှင် သင်္ကေတသင်္ချာ, ပါဒယတိတို့၏လက္ခဏာကို ပြဆိုပြီး၍ ယခုအခါ မတ္တာဝဏ္ဏဝိဘေဒန်-ဟူသော ပုဒ်၌ အကျုံးဝင်သော ဝဏ္ဏဝုတ္တိ၏အပြားနှင့်တကွ လက္ခဏာကို ပြဆိုအံ့သောငှာ–

၁၁။ သမ'မဍ္ဎသမံ ဝုတ္တံ၊ ဝိသမဉ္စာ'ပရံ တိဓာ။
သမာ လက္ခဏတော ပါဒါ၊ စတ္တာရော ယဿ တံသမံ။

၁၂။ ယဿ-န္တိမေန ဒုတိယော၊ တတိယေနာ'ဒိမော သမော။
တဒ'ဍ္ဎသမ'မညံ တု၊ ဘိန္န-လက္ခဏ-ပါဒိကံ။

ဟူသော ၂-ဂါထာတို့ကို ဆို၏။

သမံ၊ သမမည်သော။ ဝုတ္တဉ္စ၊ ဂါထာလည်းကောင်း။ အဍ္ဎသမံ၊ အဍ္ဎသမမည်သော။ ဝုတ္တဉ္စ၊ ဂါထာလည်းကောင်း။ အပရံ၊ သမ, အဍ္ဎသမမှ တပါးသော။ ဝိသမဉ္စ၊ ဝိသမဂါထာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဂါထာသည်။ တိဓာ၊ ၃-ပါးအပြားရှိသည်။ ဘဝတိ၊ ဖြစ်၏။ ။ တစ်နည်း၊ ဝုတ္တံ၊ ဂါထာကို။ သမဉ္စ၊ လည်းကောင်း။ အဍ္ဎသမဉ္စ၊ လည်းကောင်း။ အပရံ သော။ ဝိသမဉ္စ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ တိဓာ၊ ၃-ပါးသော အပြားအားဖြင့်။ ဉေယျံ၊ သိအပ်၏။ ယဿ၊ အကြင်တနုမဇ္ဈာ-အစရှိသော ဂါထာ၏။ စတ္တာရော ပါဒါ၊ ၄-ပါဒစလုံးတို့သည်။ လက္ခဏတော၊ ဂိုဏ်းလက္ခဏာ, လဟုလက္ခဏာ, ယတိလက္ခဏာ အားဖြင့်။ သမာ၊ တူမျှကုန်၏။ တံ၊ ထိုတနုမဇ္ဈာ-အစရှိသော ဂါထာသည်။ သမံ၊ သမဂါထာ မည်၏။

ယဿ၊ အကြင်ဥပစိတ္တ, ဒုတမဇ္ဈ-အစရှိသော ဂါထာ၏။ အန္တိမေန၊ စတုတ္ထပါဒနှင့်။ ဒုတိယော၊ ဒုတိယပါဒသည်။ လက္ခဏတော၊ ဂိုဏ်း,ဂရု,လဟုလက္ခဏာအားဖြင့်။ သမော၊ တူ၏။ ။ တစ်နည်း၊ ဒုတိယော၊ သည်။ အန္တိမေန၊ နှင့်။ လက္ခဏတော၊ အားဖြင့်။ သမော၊ ၏။ တတိယေန၊ တတိယပါဒနှင့်။ အာဒိမော၊ ပဌမပါဒသည်။ လက္ခဏတော၊ အားဖြင့်။ သမော၊ ၏။ တစ်နည်း၊ အာဒိမော၊ သည်။ တတိယေန၊ နှင့်။ လက္ခဏတော၊ အားဖြင့်။ သမော၊ ၏။ တံ၊ ထိုဥပစိတ္တ, ဒုတမဇ္ဈ-စသော ဂါထာသည်။ အဍ္ဎသမံ၊ ထက်ဝက်တူမျှသော အဍ္ဎသမဂါထာ မည်သည်။ ဘဝတိ၊ ဖြစ်၏။ အညံ တု၊ သမ, အဍ္ဎသမဂါထာမှ တပါးသော ဝိသမဂါထာသည်ကား။ ဘိန္န-လက္ခဏ-ပါဒိကံ၊ တစ်ပါဒနှင့် တစ်ပါဒ မတူသောလက္ခဏာ ရှိသော ပါဒရှိ၏။ ဝါ၊ ပြားသော ဂရု, လဟု, အက္ခရာလက္ခဏာရှိသော ပါဒနှင့်တကွဖြစ်၏။ တစ်နည်း၊ ဘိန္န-လက္ခဏ-ပါဒိကံ တု၊ လက္ခဏာအားဖြင့် ပြားသောပါဒရှိသော ဂါထာသည်ကား။ အညံ၊ သမ, အဍ္ဎသမဂါထာမှ တပါးသော ဝိသမဂါထာမည်သည်။ ဘဝတိ၊ ဖြစ်၏။

ဋီကာဟောင်း, ဝစနတ္ထဇောတိက, ကဝိသာရတို့၌ မတြာဝုတ္တိတို့၌လည်း သမ, အဒ္ဓသမ, ဝိသမ ၃-မျိုးခွဲ၍ ဆိုကြကုန်၏။ သင့်,မသင့်ကို ထောက်ချင့်စဉ်းစား၍ ယူအပ်၏။

ယခုအခါ၌ **အက္ခရာတစ်လုံး တိုးပွါးတိုင်း ဆန်းအမည်တစ်မျိုး ပြောင်းလွဲ၍ အမည်** ဆိုအပ်ကြောင်းကို ပြဆိုအံ့သောငှာ—

**၁၃။ ပါဒ’မေက-က္ခရာ’ရဗ္ဘ၊ ယာဝ ဆဗ္ဗီသတ’က္ခရော(ဆဗ္ဗီသတက္ခရာ)။**
**ဘဝေ ပါဒေဟိ တံ ဆန္ဒံ၊ နာနာ-နာမော’ဒိတံ တတော။**

ဟူသော ဂါထာကို ဆို၏။

ဧကေ-က္ခရံ ၁-လုံးသောအက္ခရာရှိသော။ ပါဒံ၊ ပါဒကို။ အာရဗ္ဘ၊ အစပြု၍။ ယာဝ၊ အကြင်မျှလောက်။ ဆဗ္ဗီသတ’က္ခရော၊ ၂၆-လုံးသော အက္ခရာရှိသော ပါဒသည်။ ဘဝတိ၊ ဖြစ်၏။ တာဝ၊ ထိုမျှလောက်။ ပါဒေဟိ၊ အသီးအသီး အက္ခရာ ၁-လုံး, ၁-လုံးတိုးပွါးကုန်သော ပါဒတို့ဖြင့်။ နာနာ-နာမော’ဒိတံ၊ ဥတ္ထာ(*ဥတ္တာ*), အစ္စုတ္ထာ(*အစ္စုတ္တာ*)-အစရှိသော အထူးထူးသောအမည်၊ တနုမဇ္ဈာ-အစရှိသော အထူးထူးသောအမည်တို့ဖြင့် ဆိုအပ်သော။ ဝါ၊ အထူးထူးသော အမည်တို့ဖြင့် ထင်ရှားသော။ တံ ဆန္ဒံ၊ ထိုဥတ္ထာ အစ, ဥက္ကတိ အဆုံးရှိသော ဆန်းသည်။ ဘဝေ ဘဝေယျ၊ ဖြစ်ရာ၏။ တစ်နည်း၊ ဧကေ-က္ခရံ သော။ ပါဒံ၊ ကို။ အာရဗ္ဘ၊ ၍။ ယာဝ ဆဗ္ဗီသတက္ခရာ၊ ၂၆-လုံးသော အက္ခရာရှိသော ပါဒတိုင်အောင်။ ပဝတ္တေဟိ၊ ဖြစ်ကုန်သော။ ပါဒေဟိ၊ ပါဒတို့ဖြင့်။ ယံ ဆန္ဒံ၊ အကြင်ဥတ္ထာ, အစ္စုတ္ထာ-အစရှိသောဆန်းသည်။ ဘဝေ၊ ဖြစ်၏။ တာဝ၊ ထို ၂၆-လုံးသော အက္ခရာရှိသော ပါဒတိုင်အောင်။ ပဝတ္တေဟိ၊ ဖြစ်ကုန်သော။ ပါဒေဟိ၊ ပါဒတို့ဖြင့်။ တံ ဆန္ဒံ၊ ထိုဥတ္ထာ, အစ္စုတ္ထာ-အစရှိသော ၂၆-မျိုးသောဆန်းကို။ နာနာ-နာမောဒိတံ၊ အထူးထူးသြော်, နာရီ-စသော အမည်တို့ဖြင့် ဆိုအပ်၏။

၂၆-လုံးသော အက္ခရာရှိသော ပါဒထက် အက္ခရာပိုလွန်လျှင် ဒဏ္ဍကဆန်း မည်ကြောင်း၊ ၃-ပါဒ, ၆-ပါဒရှိလျှင် ဂါထာမည်ကြောင်းကို ပြဆိုအံ့သောငှာ—

**၁၄။ ဒဏ္ဍကာ စဏ္ဍဝုဋ္ဌျာ’ဒိ၊ ပါဒေဟိ ဆဟိ တီဟိ တု။**
**ဂါထာ’တိ စ ပရတ္ထေ’ဝံ၊ ဆန္ဒော-သညာ ပကာသိတာ။**

ဟူသော ဂါထာကို ဆို၏။

တတော၊ ထို ၂၆-လုံးသော အက္ခရာရှိသောပါဒမှ။ ပရံ တပါးသော။ စဏ္ဍဝုဋ္ဌျာ’ဒိ၊ စဏ္ဍဝုဋ္ဌိပ္ပယာတ-အစရှိသော ဂါထာသည်။ ဒဏ္ဍကာ၊ ဒဏ္ဍကဂါထာ မည်၏။ ဆဟိ ပါဒေဟိ၊

၆-ပါဒတို့နှင့်။ ယုတ္တာ၊ ယှဉ်သော ဒသမမွ-အစရှိသော ဝုတ္တိသည်လည်းကောင်း။ တိပဟိ ပါဒေဟိ၊ ၃-ပါဒတို့နှင့်။ ယုတ္တာ၊ ယှဉ်သော ဝုတ္တိသည်လည်းကောင်း။ ဂါထာ၊ ဂါထာ မည်၏။ ဣတိ ဧဝံ၊ ဤသို့။ တစ်နည်း၊ ဂါထာ'တိ ဂါထာ နာမ၊ ဂါထာမည်၏။ ဧဝံ၊ ဤသို့။ ပရတ္ထ၊ ပိင်္ဂလ, ဝုတ္တရတနာကရ-အစရှိသော တပါးသောဆန်းကျမ်း၌။ ဆန္ဒော-သညာ၊ ဆန်း၏ အမည်ကို။ အာစရိယေဟိ၊ ပိင်္ဂလ, ကေဒါရ-စသော ဆရာတို့သည်။ ပကာသိတာ၊ ပြအပ်လေပြီ။

စဏ္ဍဝုဋ္ဌိပ္ပယာတ-စသော ဒဏ္ဍကဆန်းဂါထာတို့၏ ဂိုဏ်း, ဂရု, လဟုလက္ခဏာတို့ကို ဤဆန်းကျမ်း၌ အရှင်သံဃရက္ခိတမဟာသာမိဆရာသည် မဆိုအပ်ခဲ့လေသောကြောင့် ဇယားပုံစံနှင့်တကွ ရေးသားပြဆိုပေအံ့။

| ဦးရေ | ဒဏ္ဍကဆန်းဂါထာအမည် | ဂိုဏ်းစဉ် | | တစ်ပါဒဖွဲ့ |
|---|---|---|---|---|
| ၁ | စဏ္ဍဝုဋ္ဌိပ္ပယာတ (ပပါတ) | န၊ ၂ | ရ၊ ၇ | ၂၇ |
| ၂ | အဏ္ဏ (အမွ) | န၊ ၂ | ရ၊ ၈ | ၃၀ |
| ၃ | အဏ္ဏဝ | န၊ ၂ | ရ၊ ၉ | ၃၃ |
| ၄ | ဗျာလ | န၊ ၂ | ရ၊ ၁၀ | ၃၆ |
| ၅ | ဇီမူတ | န၊ ၂ | ရ၊ ၁၁ | ၃၉ |
| ၆ | လီလာကရ | န၊ ၂ | ရ၊ ၁၂ | ၄၂ |
| ၇ | ဥဒ္ဒါမ | န၊ ၂ | ရ၊ ၁၃ | ၄၅ |
| ၈ | သင်္ခ | န၊ ၂ | ရ၊ ၁၄ | ၄၈ |
| ၉ | အာရာမ | န၊ ၂ | ရ၊ ၁၅ | ၅၁ |
| ၁၀ | သင်္ဂါမ | န၊ ၂ | ရ၊ ၁၆ | ၅၄ |
| ၁၁ | သုရာမ | န၊ ၂ | ရ၊ ၁၇ | ၅၇ |
| ၁၂ | ဝေကုဏ္ဌ | န၊ ၂ | ရ၊ ၁၈ | ၆၀ |
| ၁၃ | သာရ | န၊ ၂ | ရ၊ ၁၉ | ၆၃ |
| ၁၄ | ကာသာရ | န၊ ၂ | ရ၊ ၂၀ | ၆၆ |
| ၁၅ | ဝိသာရ | န၊ ၂ | ရ၊ ၂၁ | ၆၉ |
| ၁၆ | သံဟာရ | န၊ ၂ | ရ၊ ၂၂ | ၇၂ |
| ၁၇ | နီဟာရ | န၊ ၂ | ရ၊ ၂၃ | ၇၅ |
| ၁၈ | မန္ဒရ | န၊ ၂ | ရ၊ ၂၄ | ၇၈ |
| ၁၉ | ကေဒါရ | န၊ ၂ | ရ၊ ၂၅ | ၈၁ |

| ဦးရေ | ဒဏ္ဍကဆန်းဂါထာအမည် | ဂိုဏ်းစဉ် | တစ်ပါဒဖွဲ့ |
|---|---|---|---|
| ၂၀ | အာသာရ | နၢ ၂　ရၢ ၂၆ | ၈၄ |
| ၂၁ | သက္ကာရ | နၢ ၂　ရၢ ၂၇ | ၈၇ |
| ၂၂ | သ၁ါရ | နၢ ၂　ရၢ ၂၈ | ၉၀ |
| ၂၃ | မာကန္ဒ | နၢ ၂　ရၢ ၂၉ | ၉၃ |
| ၂၄ | ဂေါဝိန္ဒ | နၢ ၂　ရၢ ၃၀ | ၉၆ |
| ၂၅ | သာနန္ဒ | နၢ ၂　ရၢ ၃၁ | ၉၉ |
| ၂၆ | သန္ဒောဟ | နၢ ၂　ရၢ ၃၂ | ၁၀၂ |
| ၂၇ | အာနန္ဒ | နၢ ၂　ရၢ ၃၃ | ၁၀၅ |
| ၂၈ | ပစိတက | နၢ ၂　ယၢ ၇ | ၂၇ |
| ၂၉ | အသောကပုပ္ဖမဉ္စရီ | ဂၢ လၢ။ စဉ် | ၂၈ |
| ၃၀ | အနင်္ဂသေခရ | လၢ ဂၢ စဉ် | ၂၈ |
| ၃၁ | ကုသုမတ္တရက (မတ္တရဏ) | သၢ ၉ | ၂၇ |
| ၃၂ | မတ္တမာတင်္ဂလီလာကရ | ရၢ ၉ | ၂၇ |
| ၃၃ | သီဟဝိက္ကီဠိတ | ယၢ ၁၀ | ၃၀ |
| ၃၄ | အသောကမဉ္စရီ | ရၢ ၈ စဉ် | ၃၃ |
| ၃၅ | မတ္တမာတင်္ဂလီလာကရ | ရၢ ၁၃ | ၃၃ |
| ၃၆ | ဟိဟဝိက္ကန္တ | နၢ ၂။ဂၢ၂။ယၢ၁၂ | ၃၄ |

ကျမ်း ၁-ပါးတည်းဟူသော ပရသမယဌ် ပြအပ်သော သညာကို ပြဆိုပြီး၍ ပိဋက ၃-ပုံတည်းဟူသော သကသမယဌ် သညာကို ပြဆိုအံ့သောဌာ—

၁၅။　**အနန္တရော'ဒိတံ စည'-မေတံ သာမည-နာမတော။**
**ဂါထာ'က္ကစ္ဆေ'ဝ နိဒ္ဒိဋ္ဌံ၊ မုနိန္ဒ-ဝစနေ ပန။**

ဟူသောဂါထာကို ဆို၏။

ပန၊ ကျမ်းတပါး၌ ပြဆိုအပ်သော အမည်တည်းဟူသော ပရသမညာမှတပါး ပိဋက ၃-ပုံတည်းဟူသော ဘုရားဟောပါဠိတော်၌ ပြဆိုအပ်သော အမည်တည်းဟူသော သကသမညာကို ဆိုဦးအံ့။

မုနိန္ဒ-ဝစနေ၊ မြတ်စွာဘုရားစကားတော်တည်းဟူသော ပိဋကတ် ၃-ပုံပါဠိတော်၌။ အနန္တရော'ဒိတံ၊ အခြားမရှိသော ဂါထာတို့၌ ဆိုအပ်ပြီးသော ၂၆-မျိုးသောဆန်း၊ ဒဏ္ဍက ဆန်း၊ ဆပ္ပဒိက, တိပဒိကတည်းဟူသော ဂါထာ၊ ဝဏ္ဏဝုတ္တိမျိုးကိုလည်းကောင်း။ အညဉ္စ၊ ဆိုအပ်ပြီးသည်မှတပါးသော မတ္တာဝုတ္တိဆန်းမျိုးကိုလည်းကောင်း။ သာမည-နာမတော၊ အလုံးစုံသော ဝဏ္ဏဝုတ္တိ, မတ္တာဝုတ္တိတို့နှင့် ဆက်ဆံသော သာမညအမည်အားဖြင့်။ ဂါထာ-ဣစ္စေ'ဝ၊ ဂါထာ-ဟူ၍သာလျှင်။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်၏။ ဝါ၊ နိဒ္ဒိဋ္ဌံ ကထိတံ၊ ဆိုအပ်၏။

- သက္ကဋ, ပြာကြိတဆန်းကျမ်းတို့၌ အရိယာ-စသော ပဇ္ဇမျိုးကို မတ္တာဆန်း-ဟူ၍ လည်းကောင်း၊
- သိရိဂါထာမှ စ၍ 'အပဝါဟာ'အဆုံးရှိသော ပဇ္ဇမျိုးကို ဝဏ္ဏဆန်း၂၆-မျိုးဟူ၍ လည်းကောင်း၊
- ၁-ပါဒလျှင် ၂၇-လုံးရှိသော 'စဏ္ဍဝုဋ္ဌိပ္ပယာတ'ပဇ္ဇမှ စ၍ ၁-ပါဒလျှင် ၁၀၅-လုံး ရှိသော 'အာနန္ဒ'ပဇ္ဇတိုင်အောင်သော ပဇ္ဇမျိုးကိုလည်းကောင်း၊
- ပစိတက-စသော ပဇ္ဇမျိုးကိုလည်းကောင်း၊
- ဆန်းအမည် မပြောင်းမလွဲ မကွဲပြားစေမူ၍ ဒဏ္ဍကဆန်း-ဟူ၍လည်းကောင်း၊
- ၆-ပါဒ, ၃-ပါဒရှိသော ပဇ္ဇကို ဂါထာ-ဟူ၍လည်းကောင်း၊

ဤသို့ ဆန်းအမည်အမျိုးမျိုးတို့ကို ခွဲ၍ ပြဆိုကြကုန်၏။ ဘုရားဟောပါဠိတော်၌ ကား ထိုသက္ကဋ, ပြာကြိတကျမ်းတို့၌ကဲ့သို့ ဆန်းမျိုး ခွဲဆိုရန်, ပဇ္ဇအမည်မျိုး ခွဲဆိုရန် မရှိပြီ။ မည်သည့် မတ္တာဝုတ္တိမျိုး, ဝဏ္ဏဝုတ္တိမျိုးကိုမဆို ဂါထာ-ဟူ၍ချည်းသာ အမည်ပေး၍ ဟော တော်မူသည်-ဟူလို။

- ပဥ္စမပိုင်း၌ ဆိုလတ္တံ့သော ဝတ္တဂါထာမျိုးတို့ကို အနုဋ္ဌုဘာဆန်း၌ အတွင်းဝင်သော ကြောင့်လည်းကောင်း၊
- စတုတ္ထပိုင်း၌ ဆိုလတ္တံ့သော ဥပစိတ္တ-စသော ဂါထာမျိုးတို့ကို ဥပဇာတိဂါထာ၌ အတွင်းဝင်သောကြောင့်လည်းကောင်း၊
- အပရဝတ္တ, ပုပ္ဖိတဂ္ဂဂါထာ ၂-မျိုးတို့ကို မတ္တာဆန်း၌ အတွင်းဝင်သောကြောင့် လည်းကောင်း –

အထူးမဆိုအပ်ကုန်ပြီ။ ထို့ကြောင့် အညှ-ဟူသော ပုဒ်၏အရကို မတ္တာဝုတ္တိဆန်းကိုသာ ကောက်ယူအပ်၏။

- မတ္တာဝုတ္တိဆန်း၌ အရိယာဂါထာ ၉-မျိုးကို ဂိုဏ်းဖြင့် မှတ်၍ ဖွဲ့ဆိုအပ်သောကြောင့် ဂဏဆန်းမည်၏-ဟူ၍လည်းကောင်း၊
- ဝေတာလီယံ-စသော ဂါထာမျိုးတို့ကို မတ္တာဖြင့် မှတ်၍ ဖွဲ့ဆိုအပ်သောကြောင့် မတ္တာဆန်းမည်၏-ဟူ၍လည်းကောင်း၊
- တနုမဇ္ဈာ-စသော ဂါထာမျိုးတို့ကို အက္ခရာဖြင့် မှတ်၍ ဖွဲ့ဆိုအပ်သောကြောင့် ဝဏ္ဏဆန်းမည်၏-ဟူ၍လည်းကောင်း–

၃-မျိုးခွဲ၍ အမတသဉ္စိဝနိဋီကာ၌ ဆို၏။

**အာဒေါ တာဝ ဂဏ-စ္ဆန္ဒော၊ မတ္တာ-ဆန္ဒော တတော ပရံ။**
**တတိယ-မက္ခရ-စ္ဆန္ဒော၊ ဆန္ဒောတိ ဓာတုလောကိကံ။**

(ပိင်္ဂလဆန်းသုတ်အဖွင့်၊ အမတသဉ္စိဝနိဋီကာ)

မတ္တာဖြင့် မှတ်၍ဖွဲ့ဆိုလျှင် ဂိုဏ်းပါဝင်သည်သာလျှင် ဖြစ်သောကြောင့် မတ္တာဆန်းနှင့် ဂဏဆန်းကို တစ်မျိုးတည်းပေါင်းထား၍ "မတ္တာဝဏ္ဏ-ဝိဘေဒနံ"ဟု ၂-မျိုးတည်းသာ ဆိုသည်-ဟူ၍ မှတ်အပ်၏။

ဘုရားဟောပါဠိတော်၌ ဂါထာ-ဟူ၍ချည်း အမည်ပေး၍ ဟောတော်မူခဲ့သောကြောင့် ဆရာသည်လည်း ဤကျမ်း၌ ဂါထာ-ဟူ၍ချည်း အမည်ပေး၍ ပြဆိုဦးမည်သာ။ အဘယ်သို့လျှင် ဆရာ ပြဆိုတုံအံ့နည်း-ဟု မေးဖွယ်ရှိ၍ အဖြေကို ပြအံ့သောငှာ–

၁၆။ **ဝိသေသ-နာမတော ကိတ္တိ၊ ဂဟေတွာ သဗ္ဗထော'စိတံ။**
**ဒဿယိဿာမ'ဟံ တေ'တ္ထ၊ နာမာနာ'ဝိ ဘဝိဿရေ (ဒဿယိဿ မဟံ တေတ္ထ)။**

ဟူသော ဂါထာကို ဆို၏။

တေ္တ၊ ဤမာဂဓဝုတ္တောဒယဆန်းကျမ်းသစ်၌။ ဝိသေသ-နာမတော၊ ပဏ္ဍာရိယာ, တနုမဇ္ဈာ-အစရှိသော ထူးသောအမည်အားဖြင့်။ သဗ္ဗထာ၊ ခပ်သိမ်းသောအပြားအားဖြင့်။ ဥစိတံ ယုတ္တံ၊ သင့်တင့်လျောက်ပတ်သော။ (ဋီကာဟောင်း)။ ဥစိတံ ပသိဒ္ဓံ၊ ပေါ်လွင်ထင်ရှားသော။ (ဆန္ဒောသာရတ္ထဝိကာသနီ)။ ဥစိတံ ရစိတံ၊ ရေးသားစီရင်အပ်သော (ဝစနတ္ထဇောတိက)။

ဥစိတံ ဂဟိတံ၊ ယူအပ်, ယူသင့်, ယူထိုက်သော။ (ကဝိသာရဆရာ၊ ယောဇနာဆရာ)။ ဥစိတံ ဝိဒိတံ၊ သိအပ်, သိသင့်, သိထိုက်သော ("ဥစိတံ တု ဘဝေ ဉာသေ၊ မိတေ ဉာဏေ သမဥ္စသေ" ဟူသော မေဒိနီကောသအဘိဓာန်နှင့် အညီတည်း)။ ကိဥ္စိ၊ စိုးစဉ်းတစိတ်တဒေသမျှသာ ဂါထာ အမည်, ဆန်းအမည်ကို။ ဂဟေတွာ၊ ယူ၍။ ဝါ၊ ဆောင်၍။ အဟံ၊ ငါသည်။ ဒဿယိဿာမိ၊ ပြပေအံ့။ တေ တာနိ နာမာနိ၊ ပြအပ်သော ထိုဂါထာအမည်, ဆန်းအမည်တို့သည်။ အာဝိ၊ ထင်ထင်ပေါ်ပေါ်။ ဝါ၊ ထင်စွာ။ ဘဝိဿရေ၊ ဖြစ်ကုန်လတ္တံ့။

"ဒဿယိဿာမဟံ တေ'တ္ထ"၌ "ဒဿယိဿမဟံ တေ'တ္ထ"ဟူ၍လည်း ပါဌ်ရှိ၏။ ဿာမိ-ဝိဘတ်, ဿံ-ဝိဘတ်မျှသာ ထူး၍ ဝုစ်၊ အဟော၊ ယောဂ မထူးပြီ။

အန္တ'န္တေ-ဿန္တိ-ဿန္တေတိ၊ စတဿန္နံ တုန္တေ-န္တိ'ယော။
ယန္တိ ရေ-ကာရတံ'မှာကံ၊ ဣစ္စေ'ဝံ မတိ-စိန္တိတံ။ ။

အန္တ'န္တေ-ဿန္တိ-ဿန္တေတိ စတဿန္နံ၊ ဝတ္တမာန် အန္တိဝိဘတ်, အန္တေဝိဘတ်, ဘဝိဿန္တိ-ဿန္တိဝိဘတ်, ဿန္တေဝိဘတ်-ဟု ဆိုအပ်ကုန်သော ၄-လုံးကုန်သော ဝိဘတ်တို့၏။ န္တေ-န္တိ သော၊ နောက်-န္တေအက္ခရာ, န္တိအက္ခရာတို့သည်။ ရေ-ကာရတံ၊ ရေ-အက္ခရာ၏ အဖြစ်သို့။ ယန္တိ၊ ရောက်ကုန်၏။ ဣစ္စေ'ဝံ၊ ဤသို့လျှင်။ အမှာကံ၊ နိဿယဆရာ ငါတို့၏။ မတိ၊ အလိုသည်။ ဟောတိ၊ ဖြစ်၏။ စိန္တိတံ၊ ပညာရှိတို့သည် သင့်, မသင့်ကို ထောက်ချင့် ကြံစည်အပ်၏။

ပဒရူပသိဒ္ဓိ၌ အန္တိ, အန္တေ ဝိဘတ် ၂-လုံးကိုသာ ရေ-ပြုသည်-ဟု ဆိုသောကြောင့် စိန္တိတံ-ဟူသတည်း။

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ သညာပရိဘာသာနိဒ္ဒေသော နာမ ပဌမော ပရိစ္ဆေဒေါ။ ၁၆။

ဝုတ္တောဒယေ၊ အရိယာ-စသော ဂါထာတို့၏ တက်ထွန်းဖြစ်ပေါ်ရာဖြစ်သော ကြောင့် ဝုတ္တောဒယအမည်ရှိသော။ ဆန္ဒသိ၊ ဆန်းကျမ်း၌။ သညာ-ပရိဘာသာ-နိဒ္ဒေသော နာမ၊ အမည်သညာ, ပရိဘာသာတို့ကို ညွှန်းရာညွှန်းကြောင်းမည်သော။ ပဌမော၊ ရှေးဦးစွာ သော။ ပရိစ္ဆေဒေါ၊ ကျမ်း၏အပိုင်းအခြားသည်။ ဣတိ သမတ္တော၊ ပြီးပြီ။

* * * * * *

## [ ၂ ] ဒုတိယပရိစ္ဆေဒ၊ မတ္တာဝုတ္တိနိဒ္ဒေသ

ဤသို့ ပထမပရိစ္ဆေဒဖြင့် သညာ, ပရိဘာသာတို့ကို ပြဆိုပြီး၍ ယခုအခါ၌ မတ္တာဝဏ္ဏဝိဘေဒန်-ဟု ပြထားအပ်ခဲ့ပြီးသော ရှေးမိမိစကားအစဉ်နှင့် လျော်ညီစွာ မတ္တာဝုတ္တိဘေဒကို လက်မွန်မဆွ လက္ခ,လက္ခဏာနှင့်တကွ ပြဆိုလိုရကား—

၁၇။ ဆဗ္ဗော'ခိလ-လဟု ဇော ဝါ၊
ဂယုတ'ညေ ဆဂ္ဂဏာ န ဇော ဝိသမေ။
အရိယာယ-န္တ'ဒ္ဓေ လော၊ ဆဗ္ဗော'န္တေ ဂေါ ဂဏာ ဆ'ညေ။

ဟူသော ဂဏနိယမသုတ်ကို ဆို၏။

အရိယာယံ၊ အရိယာဂါထာ ၉-မျိုး၌။ ပုဗ္ဗဒ္ဓေ၊ ရှေးထက်ဝက်၌။ ဆဗ္ဗော၊ ၆-ခု တို့၏ ပြည့်ကြောင်းဖြစ်သော ဂိုဏ်းသည်။ အခိလ လဟု ဝါ၊ အလုံးစုံ လဟုရှိသော နှဂိုဏ်းသည်လည်းကောင်း။ ဇော ဝါ၊ ဇဂိုဏ်းသည်လည်းကောင်း။ ဘဝတိ၊ ဖြစ်၏။ အညေ၊ ဆဋ္ဌဂိုဏ်းမှ တပါးကုန်သော။ ဆဂ္ဂဏာ၊ ၆-ဂိုဏ်းတို့သည်။ ဂယုတာ၊ ပါဒန္တဂုရု(ဂရု)နှင့် ယှဉ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တစ်နည်း၊ ဂယုတာ၊ ပါဒန္တဂုရုနှင့် ယှဉ်ကုန်သော။ အညေ၊ ဆဋ္ဌဂိုဏ်းမှ တပါးကုန်သော။ ဂဏာ၊ ဂိုဏ်းတို့သည်။ ဆ၊ ၆-ဂိုဏ်းတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ဝိသမေ၊ ပထမ, တတိယ, ပဉ္စမ, သတ္တမ-ဟူသော ဝိသမဂိုဏ်းကွက် ၄-ဌာန၌။ ဇော၊ ဇဂိုဏ်းသည်။ န ဘဝတိ၊ မဖြစ်သင့်။ အန္တဒ္ဓေ၊ နောက်ထက်ဝက်၌။ ဆဗ္ဗော၊ ၆-ခု မြောက်သောဂိုဏ်းသည်။ လော၊ တစ်လုံးသောလဟုသည်။ ဘဝတိ၊ ဖြစ်၏။ အန္တေ၊ အပရဒ္ဓ၏အဆုံး၌။ ဂေါ၊ တစ်လုံးသောဂုရုသည်။ ဘဝတိ၊ ဖြစ်၏။ အညေ၊ ဆဋ္ဌလဟု, ပါဒန္တဂုရု(ဂရု)မှ တပါးကုန်သောဂိုဏ်းတို့သည်။ ဆဂ္ဂဏာ၊ ၆-ဂိုဏ်းတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဝိသမေ၊ ပထမ,တတိယ,ပဉ္စမ,သတ္တမ-ဟူသော ဝိသမဂိုဏ်းကွက် ၄-ဌာန၌။ ဇော၊ ဇဂိုဏ်းသည်။ န ဘဝတိ၊ မဖြစ်။

ပထျာ စ ဝိပုလာ စေဝ၊ စပလာ စပလာ စ ဒွေ။
ဂီတျူပ ဂီတိ ဥဂ္ဂီတိ၊ အရိယာ ဂီတိ မာ နဝ။ ။

(အရိယာ ၉-မျိုး သင်္ဂဟဂါထာ)

ဤသုတ်ကား အရိယာ ၉-မျိုးစလုံးတို့နှင့် ဆက်ဆံသော ဂဏနိယမသုတ်တည်း။

အရိယာ ၉-မျိုးတို့နှင့် ဆက်ဆံသော ဂဏနိယမကို ပြဆိုပြီး၍ ထူးသောဂိုဏ်းကြောင့်ဖြစ်သော ယတိနိယမကို တဖန်ဆက်၍ ပြဆိုလိုရကား—

၁၈။ ပထမ'ဒ္ဓေ ဆဋ္ဌော စေ၊ သဗ္ဗလဟော'တ္ထာ'ဒိ-လဟုနိ'ဘဝတိ ယတိ။
တပ္ပရကော'န္တေပိ သ'စေ၊ စရိမေ'ပိ ဘဝတိ စတုတ္ထော'န္တေ။ —

ဟူသော ဒုတိယသုတ်ကို ဆိုအံ့။

အရိယာယ၊ အရိယာဂါထာမျိုး၏။ ပထမဒ္ဓေ၊ ရှေးထက်ဝက်ပုဗ္ဗဒ္ဓ၌။ ဆဋ္ဌော၊ ၆-ခုမြောက်သော ဂိုဏ်းသည်။ သဗ္ဗလဟု၊ အလုံးစုံ လဟုရှိသော နှဂိုဏ်းသည်။ စေ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧတ္ထ၊ ဤဆဋ္ဌဂိုဏ်း၌။ အာဒိလဟုနိ၊ အစဖြစ်သော လဟုအက္ခရာ၌။ ယတိ၊ ပုဒ်ဖြတ်ရပ်တော့ခြင်း ယတိသည်။ ဘဝတိ၊ ဖြစ်၏။ သော ဆဋ္ဌော၊ ထို ၆-ခုမြောက်သော သဗ္ဗလဟုဂိုဏ်းသည်။ တပ္ပရကော၊ ထိုသဗ္ဗလဟုဂိုဏ်းနှောင်းသည်။ ဝါ၊ ထိုသဗ္ဗလဟုဂိုဏ်းသည်ပင် တဖန် နောက်ကွက်၌ ဆက်၍ရှိသည်။ စေ ဘဝတိ၊ အကယ်၍ ဖြစ်ငြားအံ့။ အန္တေပိ၊ ဆဋ္ဌဂိုဏ်း၏အဆုံး လဟုအက္ခရာ၌လည်း။ ယတိ၊ သည်။ ဘဝတိ၊ ၏။ စရိမေပိ၊ နောက်ထက်ဝက် အပရဒ္ဓ၌လည်း။ စတုတ္ထော၊ ၄-ခုမြောက်သော ဂိုဏ်းသည်။ တပ္ပရကော၊ ထိုသဗ္ဗလဟုဂိုဏ်းနှောင်းသည်။ ဝါ၊ ထိုစတုတ္ထဂိုဏ်းမှ နောက်၌ သဗ္ဗလဟုဂိုဏ်းနှောင်းလျက် ရှိသည်။ စေ ဘဝတိ၊ အံ့။ အန္တေ၊ စတုတ္ထဂိုဏ်း၏ အဆုံးအက္ခရာ၌။ ယတိ၊ သည်။ ဘဝတိ၊ ၏။ (တစ်နည်း) စတုတ္ထော၊ သည်။ တပ္ပရကော၊ သည်။ စေ ဘဝတိ၊ အံ့။ အန္တေပိ၊ စတုတ္ထဂိုဏ်း၏ အဆုံး၌လည်း။ ယတိ၊ သည်။ ဘဝတိ၊ ၏။ ဆဋ္ဌော၊ ၆-ခုမြောက်သော လဟုသည်။ တပ္ပရကော၊ သည်။ စေ ဘဝတိ၊ အံ့။ အန္တေပိ၊ ဆဋ္ဌလဟုအက္ခရာ၏ အဆုံး၌လည်း။ ယတိ၊ သည်။ ဘဝတိ၊ ၏။

သ စေတိ သော စေတိ ဆေဒေါ။ (ဆန္ဒောသာရတ္ထဝိကာသနိဋီကာ)

ဆဋ္ဌ၌ လဟု တစ်လုံးတည်းဖြစ်လျက် ဥပစာရအားဖြင့် အန္တ-ဟု ဆိုသည်။

(တစ်နည်း) "နိဿယေ ပန အပိသဒ္ဒေါ သမုစ္စယေ။ တေန အာဒေါပိ အန္တေပိ ယတီတိ ဝုတ္တံ"ဟူသော ဆန္ဒောသာရတ္ထဝိကာသနိဋီကာနှင့်အညီ—

စတုတ္ထော၊ သည်။ တပ္ပရကော၊ သည်။ စေ ဘဝတိ၊ အံ့။ အာဒေါပိ၊ စတုတ္ထဂိုဏ်း၏ အစအက္ခရာ၌လည်းကောင်း။ (အာဒေါပိ၊ တတိယဂိုဏ်း၏ နောက်စတုတ္ထဂိုဏ်းမှ အစ၌လည်းကောင်း ပေးမှ ယတိလက္ခဏာ လွယ်ကူမည်။ တစ်လုံးတည်း၌ ယတိပြတ်ရိုး မရှိ)။ အန္တေပိ၊ စတုတ္ထဂိုဏ်း၏ အဆုံးအက္ခရာ၌လည်းကောင်း။ ယတိ၊ သည်။ ဘဝတိ၊ ၏။ – ဟူ၍လည်း အနက်ဆိုအပ်၏။

| အရိယာပုဗ္ဗ ၈-ဌာန | | | | | | | | အရိယာအပရဒ္ဓ ၈-ဌာန | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပဌမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | စတုတ္ထပါဒ | | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ဝိ | သ | ဝိ | သ | ဝိ | သ | ဝိ | သ | ဝိ | သ | ဝိ | သ | ဝိ | သ | ဝိ | သ |
| ဂု | ဂု | ဂု | ဂု | ဂု | × | ဂု | ဂ | ဂု | ဂု | ဂု | ဂု | ဂု | လ | ဂု | ဂ |
| သ | သ | သ | သ | သ | × | သ | × | သ | သ | သ | သ | သ | × | သ | × |
| × | ဇ | × | ဇ | × | ဇ | × | × | × | ဇ | × | ဇ | × | × | × | × |
| ဘ | ဘ | ဘ | ဘ | ဘ | × | ဘ | × | ဘ | ဘ | ဘ | ဘ | ဘ | × | ဘ | × |
| လ္ဆိ | လ္ဆိ | လ္ဆိ | လ္ဆိ | လ္ဆိ | လ္ဆိ | လ္ဆိ | × | လ္ဆိ | လ္ဆိ | လ္ဆိ | လ္ဆိ | လ္ဆိ | × | လ္ဆိ | × |
| ၄ | ၅ | ၄ | ၅ | ၄ | ၂ | ၄ | ၁ | ၄ | ၅ | ၄ | ၅ | ၄ | ၁ | ၄ | ၁ |
| ၈၀ × ၁၆၀ | | | | | | | | ၈၀ × ၈၀ | | | | | | | |

| | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄ | ၅ | ၄ | ၅ | ၄ | ၂ | ၄ | ၄ | ၅ | ၄ | ၅ | ၄ | ၄ |
| ၂၀ | | ၂၀ | | ၈ | | ၁၆ | | ၂၀ | | ၂၀ | | ၄ |
| | ၄၀၀ | | | ၁၂၈ | | | | ၁၆၀၀ | | | | |
| | | ၅၁၂၀၀ | | | | | | ၁၆၀၀ | | | | |
| | | | | ၈၁၉၂၀၀၀၀ | | | | | | | | |

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၅ | ၅ | ၅ | ၅ | ၆ | ၂ | ၅ |
| | | | | | | | | | ၆၂၅ | | | | | | |

အရိယာဂါထာ၌ ဂဏဝိကပ္ပ-စသည်တို့ကို အလွယ်တကူ နည်းယူနိုင်ညီ သိလွယ်စေခြင်းငှာ ဇယားပုံစံဖြင့် ပြဆိုရေးထားသည်။ ၄-မတြာရှိသော သဗ္ဗလဟုဂိုဏ်းကို ႘-ဟု ရေးထားသည်။

- "ပထမဒ္ဓေ ဆဋ္ဌော စေ"စသော ဂါထာ၌ ပုဗ္ဗဒ္ဓ ၈-ဌာနတွင် ဆဋ္ဌဌာန၌ "ဆဋ္ဌော ခိလလဟု ဇော ဝါ"ဟူသော လက္ခဏာနှင့်အညီ 'ဆဋ္ဌေဒ္ဓေ'-ဟူ၍လည်းကောင်း၊
- သတ္တမဌာန၌ "န ဇော ဝိသမေ"ဟူသော လက္ခဏာနှင့်အညီ "သတ္တမေ စတ္တာရော" ဟူ၍လည်းကောင်း၊
- အပရဒ္ဓ ၈-ကွက်တွင် ပဥ္စမကွက်-စသည်တို့၌ ပုဗ္ဗဒ္ဓ၌ကဲ့သို့ပင် ၄-ဂိုဏ်း ချရမည်-ဟု 'ဧဝမပရဒ္ဓေပိ'-ဟူ၍လည်းကောင်း—

ဆန္ဒောသာရတ္ထဝိကာသနီဆရာ သေချာစွာ ဖွင့်ဆိုရေးထားသော နည်းလမ်းမှန်သို့ မလိုက်နာကုန်မူ၍ ဂါထာတွင် ဂိုဏ်းမြင်သရွေ့ကိုသာ ဖွင့်ဆိုရေးထားသော—

> ပုဗ္ဗဒ္ဓသ္မ ဆဋ္ဌသတ္တမဌာနေသု စ၊ အပရဒ္ဓသ္မ ပဥ္စမဂဏဌာနေ စ ဇော န ဂဏော ဃေဝ။

ဟူသော ဆပ္ပစ္စယဒီပကဆရာ၏ နည်းလမ်းသစ်သို့ လိုက်နာကြကုန်သောကြောင့် ဆရာအများတို့ ရေးသားစီရင်ကြသော ဆန်းပုံတို့၌ ဂဏဝိကပ္ပဆင့်ပုံနည်း-စသည်တို့သည် တိမ်းချော်ချွတ်ယွင်းကြကုန်၏။

ဂဏဝိကပ္ပဇယားပုံ၏ အောက်ကွက်တို့၌ ရေးထားသော ဂဏန်းသချ်ာတို့ကို ရှေ့,နောက်အဆင့်ဆင့် အဆုံးတိုင် မြှောက်ယူလျှင် အနုညနိရောဓပဒ-ဟူသော ၈၁,၉၂၀,၀၀၀-ပတ္ထာရသချ်ာပေါင်း ဖြစ်၏။

> ရှစ်ကုဋေဖြိုး၊ တစ်သန်းတိုး၊ ကိုးသိန်း နှစ်သောင်းသာ။
> ရိယာအပြား၊ ဆယ့်ခြောက်ပါး၊ ကျယ်ပွါး ပတ္ထရာ။

အရိယာဂါထာမျိုးတို့သည် အကျယ်အားဖြင့် ၈၁,၉၂၀,၀၀၀-ရှိကုန်သော်လည်း မတြာဝဏ္ဏအရေအတွက်သို့ လိုက်၍ ရအပ်သော အမည်ထူးတို့သည်ကား ၂၆-ပါးမျှသာလျှင် ရှိကုန်သည်ဖြစ်သောကြောင့် သက္ကဋဆန်းကျမ်း, ပါကတိကဆန်းကျမ်းတို့၌ လာသည့်အတိုင်း လွယ်ကူစွာ ရွေးချယ်ကောက်နုတ်ထုတ်ယူရန် ဂရု, လဟု, ဝဏ္ဏ အမည်အမျိုး ၅-ပါးခွဲဝေ၍ ဇယားပုံစံနှင့်တကွ ပြဆိုပေအံ့။

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
|---|---|---|---|---|---|---|---|---|---|---|---|
| ဦးရေ | ဂရု | လဟု | ဝဏ္ဏ | အမည် | အမျိုးဇာတ် | ဦးရေ | ဂရု | လဟု | ဝဏ္ဏ | အမည် | အမျိုးဇာတ် |
| ၁ | ၂၇ | ၃ | ၃၀ | လက္ခီ | သုဒ္ဒ | ၁၄ | ၁၄ | ၂၉ | ၄၃ | ကိတ္တိ | သုဒ္ဒ |
| ၂ | ၂၆ | ၅ | ၃၁ | ဣန္ဒိ | ရင်း | ၁၅ | ၁၃ | ၃၁ | ၄၄ | သိဒ္ဓါ(သိဒ္ဓိ) | ရာဇ |
| ၃ | ၂၅ | ၇ | ၃၂ | ဝုဒ္ဓိ | ရင်း | ၁၆ | ၁၂ | ၃၃ | ၄၅ | မနောရမာ(မာနိနီ) | သုဒ္ဒ |
| ၄ | ၂၄ | ၉ | ၃၃ | လဇ္ဇာ | ရင်း | ၁၇ | ၁၁ | ၃၅ | ၄၆ | ဂါဟိနီ | ရင်း |
| ၅ | ၂၃ | ၁၁ | ၃၄ | ဝိဇ္ဇာ | ရင်း | ၁၈ | ၁၀ | ၃၇ | ၄၇ | ဝိဿာ | ရင်း |
| ၆ | ၂၂ | ၁၃ | ၃၅ | ခမာ | ဗြာဟ္မဏ | ၁၉ | ၉ | ၃၉ | ၄၈ | ဝါသိတာ | ရင်း |
| ၇ | ၂၁ | ၁၅ | ၃၆ | ဒေဝီ(ဒေဟီ) | သုဒ္ဒ | ၂၀ | ၈ | ၄၁ | ၄၉ | သောဘာ | ရင်း |
| ၈ | ၂၀ | ၁၇ | ၃၇ | ဂေါရီ | ရင်း | ၂၁ | ၇ | ၄၃ | ၅၀ | ဟာရိဏီ | ရင်း |
| ၉ | ၁၉ | ၁၉ | ၃၈ | ရတ္တိ(ဓာတြိ) | ရင်း | ၂၂ | ၆ | ၄၅ | ၅၁ | စက္ကီ | ရင်း |
| ၁၀ | ၁၈ | ၂၁ | ၃၉ | စုဏ္ဏာ | ရင်း | ၂၃ | ၅ | ၄၇ | ၅၂ | သာရသီ | ရင်း |
| ၁၁ | ၁၇ | ၂၃ | ၄၀ | ဆာယာ | ရင်း | ၂၄ | ၄ | ၄၉ | ၅၃ | ကုရရီ | ရင်း |
| ၁၂ | ၁၆ | ၂၅ | ၄၁ | ကန္တိ | ရင်း | ၂၅ | ၃ | ၅၁ | ၅၄ | သီဟီ | ရင်း |
| ၁၃ | ၁၅ | ၂၇ | ၄၂ | မဟာမာယာ | ဝါဏိဇ | ၂၆ | ၂ | ၅၃ | ၅၅ | ဟံသီ | ရင်း |

အရိယာဂါထာတို့ကို ရွတ်ဆိုအပ်သော ပါဌက္ကမကား—

- ပထမပါဒကို ဟင်္သာသွားသကဲ့သို့ ဖြည်းဖြည်းနှေးနှေး ရွတ်အပ်၏။
- ဒုတိယပါဒကို ဟင်္သာခြေကြွသကဲ့သို့ မြောက်၍ ရွတ်အပ်၏။
- တတိယပါဒကို ဆင်ပြောင်သွားသကဲ့သို့ ပြေပြစ်တင့်တယ်စွာ ရွတ်အပ်၏။
- စတုတ္ထပါဒကို မြွေနဂါးသွားသကဲ့သို့ လှုပ်ရှားသည်ကို ပြု၍ ရွတ်အပ်၏။

စတုက္ကလ ၅-ဂိုဏ်းတို့တွင် ဇဂိုဏ်းသည် နာယကအကြီးအမှူး ဦးစီးမည်၏။

- အရိယာအဖွဲ့၌ ဇဂိုဏ်း ၁-ခုတည်းသာပါလျှင် ကုလိနီ မည်၏။ အမျိုးကောင်း မိန်းမနှင့် တူသည်-ဟူလို။
- ဇဂိုဏ်း၂-ခုပါလျှင် သင်္ဂဟိတာ မည်၏။ ကိုယ်တိုင်သဘောကျ လင်ရွေးကောက်သော မိန်းမနှင့် တူသည်ဟူလို။
- ဇဂိုဏ်းများစွာပါလျှင် ဝေသာ မည်၏။ ပြည့်တန်ဆာမနှင့် တူသည်ဟူလို။
- ဇဂိုဏ်း ၁-ခုမျှ မပါလျှင် ရဏ္ဍာ မည်၏။ ရဏ္ဍာ-ဟူ၍လည်း ဆို၏။ မုဆိုးမနှင့် တူသည်-ဟူလို။

အရိယာမျိုးတို့၌ ဇဂိုဏ်းကို ကြည်၍ဖွဲ့အပ်သော ဝိသမဌာနတို့၌ ဇဂိုဏ်းဖြင့် မှတ်၍ ဖွဲ့ဆိုမိလျှင် အလုံးစုံသောအမှုတို့၌ မခန့်သော ကိုယ်ဝန်ဆောင်မိန်းမကဲ့သို့ ဂုဏ်ကင်းသည် ဖြစ်၍ အပြစ်ဒေါသကိုသာ ဖော်ပြတတ်၏။ ထို့ကြောင့် ဝိသမဌာနတို့၌ နာယကနှင့်တူသော ဇဂိုဏ်းပါရှိသော အဖွဲ့မျိုးကို ဘယ်အခါမျှ မဖွဲ့မဆိုအပ်။

အရိယာဂါထာတို့၏ ပထမပါဒတွင် ၁၂-မတ္တာ, ဒုတိယပါဒတွင် ၁၈-မတ္တာရှိ၍ ပုဗ္ဗဒ္ဓ၌ မတ္တာ ၃၀-ရှိ၏။ တတိယပါဒတွင် ၁၂-မတ္တာ, စတုတ္ထပါဒတွင် ၁၅-မတ္တာရှိ၍ အပရဒ္ဓတွင် ၂၇-မတ္တာရှိ၏။ ပုဗ္ဗဒ္ဓ, အပရဒ္ဓ ၂-ပါးပေါင်း ၅၇-မတ္တာရှိ၏။

ပြာကြိုင့်ဘာသာအားဖြင့် သီချင်းကဗျာရေးနည်းကို ပြဆိုသော ပြာကြိတပိင်္ဂလ ဆန်းကျမ်း၌ မတ္တာအရေအတွက်ဖြင့် မှတ်၍ဖွဲ့ဆိုအပ်သော မတ္တာဝုတ္တိဂါထာမျိုးတို့သည် ၄၅-မျိုးရှိကုန်၏-ဟု ဆို၏။ ထိုမတ္တာဝုတ္တိတို့တွင် အဒ္ဓ ၂-ခုပေါင်း ၄၈-မတ္တာမျှသာ ရှိသော ဒေါဟာခေါ်သော ဒွိပထာမပြောဝုတ္တိနှင့် သောရဋ္ဌာမတ္တာဝုတ္တိ ၂-ခုမှာ မတ္တာ အနည်းဆုံး ဖြစ်ကြ၍ အဒ္ဓ ၂-ခုပေါင်း မတ္တာ ၁၆၀-ရှိသော မဒနဂဟမတ္တာဝုတ္တိသည် မတ္တာအများဆုံး ဖြစ်၏။ သက္ကဋဘာသာအားဖြင့် ဂါထာရေးနည်းကို ပြဆိုသော သက္ကဋပိင်္ဂလဆန်းသုတ်၌

ကား ဤဝုတ္တောဒယကျမ်း၌ ရေးထားပြီးရှိသည့်အတိုင်း အရိယာဂီတိ-စသော အချို့သော မတ္တာဝုတ္တိမျိုးတို့ကိုသာ ရေးသားပြဆို၏။

ဤသို့ ဂဏနိယမ, ယတိနိယမသုတ်တို့ကို ပြဆိုပြီး၍ အရိယာ ၉-မျိုးတို့နှင့် ဆက်ဆံသော **အရိယာသာမညလက္ခဏာ**ကို ပြဆိုအံ့သောငှာ—

**၁၉။ အရိယာသာမညဋ္ဌေ၊ ပုဗ္ဗောဒိတလက္ခဏံ ဘဝေ ယဿာ။**

ဟူသောသုတ်ကို ဆို၏။

ယဿာ၊ အကြင်ဂါထာ၏။ ပုဗ္ဗောဒိတလက္ခဏံ၊ 'ဆဋ္ဌောဇိလ လဟုဇော ဝါ'စသော ရှေး ၂-သုတ်တို့၌ ဆိုအပ်ပြီးသော ဂိုဏ်း, ဂရု, လဟု, ယတိလက္ခဏာသည်။ စေ ဘဝေ၊ အကယ်၍ ဖြစ်ငြားအံ့။ သာ၊ ထိုဂါထာသည်။ အရိယာသာမည၊ ဆိုလတ္တံ့သော အရိယာ ၉-မျိုးစလုံးတို့နှင့် ဆက်ဆံသော အရိယာသာမညလက္ခဏာသည်။ ဘဝေ၊ ဖြစ်၏။

အရိယာ ၉-မျိုးစလုံးတို့နှင့် ဆက်ဆံသော အရိယာသာမညလက္ခဏာကို ပြဆိုပြီး၍ ဂိုဏ်း, ယတိ-စသည်တို့ဖြင့် အထူးပြု၍ ခေါ်ဆိုအပ်သော **အရိယာဝိသေသသညာ**ကို ပြဆိုလိုရကား—

**၂၀။ အာဒိမ'မထ ပါဒယုဂံ၊ ယဿာ တဲ့သေဟိ သာ ပထျာ။**

စသော သုတ်တို့ကို ဆို၏။

ယဿာ၊ အကြင်အရိယာဂါထာ၏။ ဥဘယတ္ထ၊ ပုဗ္ဗဒ္ဓ, အပရဒ္ဓ ၂-ပါးတို့၌။ အာဒိမံ၊ အစ၌ဖြစ်သော။ ပါဒယုဂံ၊ ပါဒအစုံသည်။ ဝါ၊ ပထမ,တတိယစုံ သမပါဒသည်။ တဲ့သေဟိ၊ ၁၂-မတ္တာတွင် ယတိပြတ်သော ၃-ဂိုဏ်းသော အဖို့အစိတ်တို့နှင့်။ အထယုတ္တံ၊ အကယ်၍ ယှဉ်အံ့။ ။ (တစ်နည်း) ပါဒယုဂံ၊ ကို။ တဲ့သေဟိ၊ တို့ဖြင့်။ အထ လက္ခိတံ၊ အကယ်၍ မှတ်အပ်သည်ဖြစ်အံ့။ သာ၊ ထိုဆိုအပ်ပြီးသော လက္ခဏာနှင့် ပြည့်စုံသော အရိယာကို။ ပထျာ၊ ပထျာအရိယာမည်၏-ဟု။ အရိယေဟိ၊ မြတ်သော ပညာရှိတို့သည်။ ဝိညေယျာ၊ သိအပ်၏။

အထ ယဒိ လက္ခိတံ။ (ကဝိသာရ)။ ဆန္ဒောသာရတ္ထ၌ကား အနန္တရတ္ထ-ဟူ၏။ ပထမ, တတိယ၊ ၂-ပါဒတို့၏အဆုံး ၁၂-မတ္တာအစေ့တွင် ယတိပြတ်လျှင် ပထျာအရိယာဂါထာ မည်၏။

ဝိသမပါဒအဆုံး ၁၂-မတြာမြောက်တွင် ယတိပြတ်သော ပထျာအရိယာ၏ သုတ်ကို ပြဆိုပြီး၍ ပထျာဂါထာနှင့် ယတိအားဖြင့် ထူးခြားကွဲလွဲခြင်းလက္ခဏာရှိသော ဝိပုလာအရိယာ၏ သုတ်ကို ပြလိုရကား—

၂၁။ ယတ္ထ ဂဏတ္တယ'မုလ္လ-ယိ ယော'ဘယတ္ထာဒိမော ဘဝေ ဝိပုလာ။

ဟူသောသုတ်ကို ဆို၏။

ယတ္ထ ယသ်ံ အရိယာယံ၊ အကြင်အရိယာဂါထာ၌။ ဥဘယတ္ထာဒိမော၊ ပုဗ္ဗဒ္ဓ၏အစ ပထမပါဒ, အပရဒ္ဓ၏အစ တတိယပါဒသည်။ ဂဏတ္တယံ၊ ဂိုဏ်း ၃-ခုတို့၏အပေါင်းကို။ ဥလ္လင်္ဃိယ၊ ယတိမပြတ်ဘဲ ခုန်၍။ (ကျော်လွန်၍လည်း ပေး။) ဘဝေ၊ ဖြစ်၏။ သာ အရိယာ၊ ထိုဆိုအပ်ပြီးသော လက္ခဏာနှင့် ပြည့်စုံသောဂါထာကို။ ဝိပုလာ၊ ဝိပုလာအရိယာ မည်၏ ဟူ၍။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဝိညေယျာ၊ သိအပ်၏။

ပထမ, တတိယပါဒတို့၏အဆုံး ၁၂-မတြာမြောက်တွင် ယတိမပြတ်ဘဲ ဒုတိယ, စတုတ္ထပါဒတို့၏ အစအက္ခရာ၌လည်းကောင်း၊ ထိုအစအက္ခရာ၏ နောက်၌လည်းကောင်း ပါဒရောစပ်၊ ယတိပြတ်လျှင် ဝိပုလာအရိယာဂါထာ မည်၏။

ထိုဝိပုလာသည် "ဝိပုလာဒ္ဝန္ဒသဗ္ဗတ္ထ၊ ဘေဒေန တိဝိဓာ ဘဝေ"ဟု ဆိုသောကြောင့် ပထမပါဒ၌သာ ဂိုဏ်း ၃-ခုအပေါင်းကို ခုန်ကျော်လွန်၍ ယတိပြတ်သော မုခဝိပုလာ၊ တတိယပါဒ၌သာ ဂိုဏ်း ၃-ခုအပေါင်းကို ခုန်ကျော်လွန်၍ ယတိပြတ်သော ဇဃနဝိပုလာ၊ (ဝါ) အန္တဝိပုလာ၊ ပထမ, တတိယ ၂-ပါဒစလုံးတို့၌ ဂိုဏ်း ၃-ခုအပေါင်းကို ခုန်ကျော်လွန်၍ ယတိပြတ်သော ဥဘယဝိပုလာ၊ (ဝါ) မဟာဝိပုလာ သို့မဟုတ် သဗ္ဗဝိပုလာ-ဟု ၃-မျိုးပြား၏။ ပထျာနှင့် ဝိပုလာမှာ ဝိသမပါဒတွင် ၁၂-မတြာမြောက်၌ ယတိပြတ်ခြင်း, မပြတ်ခြင်းမျှသာလျှင် ထူးခြားကွဲလွဲကြ၍ ကြွင်းသော လက္ခဏာတို့သည်ကား တူမျှကြကုန်၏။

ပြဆိုအပ်ပြီးသော ပထျာဝိပုလာ အရိယာဂါထာတို့၏ အတွင်း၌ဝင်သော ဂရုမဇ္ဈ ဇဂိုဏ်းဖြင့် မှတ်၍ ဖွဲ့အပ်သော **စပလာဂါထာ၏** သုတ်ကို ပြလိုရကား—

၂၂။ ဝုရှ(ဂရု) မဇ္ဈဂေါ ဇကာရော၊ စတုတ္ထကော ဒုတိယကော စပလာ။

ဟူသော သုတ်ကို ဆို၏။

ယဿာ အရိယာယ၊ ၏။ ဥဘယတ္ထ၊ တို့၌။ စတုတ္ထကော၊ ၄-ခုမြောက်သော။ ဇကာရော စ၊ ဇဂိုဏ်းသည်လည်းကောင်း။ ဒုတိယကော၊ ၂-ခုမြောက်သော။ ဇကာရော

စ၊ ဇဂိုဏ်းသည်လည်းကောင်း။ ဂုရုမဇ္ဈဂေါ၊ ရှေ့ဂုရု, နောက်ဂုရုတို့၏အလယ်၌ ဖြစ်၏။ ဝါ၊ ရှေးဖြစ်သော သဗ္ဗဂရုဂိုဏ်း, သဂိုဏ်းတို့၏ ဂရုအက္ခရာ၊ နောက်ဖြစ်သော သဗ္ဗဂရုဂိုဏ်း, ဘဂိုဏ်းတို့၏ ဂရုအက္ခရာတို့၏အလယ်၌ ဖြစ်၏။ ဝါ၊ ဂရု ၂-လုံးတို့၏ အလယ်သို့ ရောက်၏။

(တစ်နည်း) စတုတ္ထကော၊ သော။ ဇကာရော၊ သည်။ ဂုရုမဇ္ဈဂေါ၊ ၏။ ဒုတိယကော စ၊ ၂-ခုမြောက်လည်းဖြစ်သော။ ဇကာရော၊ သည်။ ဂုရုမဇ္ဈဂေါ၊ ၏။

(တစ်နည်း) စတုတ္ထကော၊ ၄-ခုမြောက်သော ဂိုဏ်းသည်။ ဂုရုမဇ္ဈဂေါ၊ ဂရု ၂-လုံးတို့၏အလယ်၌ဖြစ်သော။ ဝါ၊ ဂရု ၂-လုံးတို့၏အလယ်၌ ရောက်သော။ ဇကာရော စ၊ ဇအက္ခရာဖြင့် အမှတ်ပြုအပ်သော ဂိုဏ်းသည်။ ပဝတ္တတိ၊ ၏။ ဒုတိယကော စ၊ ၂-ခုမြောက်သော ဂိုဏ်းသည်လည်း။ ဂုရုမဇ္ဈဂေါ၊ သော။ ဇကာရော၊ သည်။ ပဝတ္တတိ၊ ၏။ သာ အရိယာ၊ ဆိုအပ်ပြီးသော ဂရု ၂-လုံးတို့၏ အလယ်၌ ဇဂိုဏ်းကျသော ထိုအရိယာသည်။ စပလာ၊ စပလာအရိယာ မည်၏။

စပလာရိယာယံ ဂုရုပုဋ္ဌိတာ-ဒုတိယ-စတုတ္ထဇဂဏာ ဘဝန္တိ၊ တေန ယဒါ ပထမော ဂဏော ဒွိဂုရု၊ အန္တဂုရုဝါ၊ တတော ဒုတိယော ဇဂဏော၊ တတော တတိယော ဒွိဂုရု၊ တတော စတုတ္ထော ဇဂဏော၊ တတော ပဉ္စမော အာဒိဂုရု ဒွိဂုရုဝါ ဣတိ။ (ဝုတ္တရတနာကရအဖွင့်၊ သုခဗောဓိနီဋီကာ)

"ဂုရုပုဋ္ဌိတာ၊ ဂရုတို့ဖြင့် အုပ်ဖုံးအပ်ကုန်သော"ဟု ပေး။ အကြွင်းအနက်လွယ်၏။ ထိုဂါထာ၏ အကျယ်ပတ္ထာရသည်ကား ၅၁၂-အပြားရှိ၏။ ဝိကပ္ပပုံကို ရှု။

| စပလာပုဗ္ဗဒ္ဓ ဂ-ဌာန | | | | | | | | စပလာအပရဒ္ဓ ဂ-ဌာန | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | ဒုတိယပါဒ | | | | | တတိယပါဒ | | | စတုတ္ထပါဒ | | | | |
| ဂ | ဇ | ဂ | ဇ | ဂ | ဇ | ဂ | ဂ | ဂ | ဇ | ဂ | ဇ | ဂ | လ | ဂ | ဂ |
| သ | | | | | | သ | | | | | | သ | | သ | |
| | | | | ဘ | | ဘ | | | | | | | | ဘ | |
| | | | | | လ္ဆီ | လ္ဆီ | | | | | | | | လ္ဆီ | |
| ၂ | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၄ | ၁ |
| ၂ | | | ၁၆ | | | | | ၂ | | | ၈ | | | | |

ပိဂ်လဆန်းသုတ်အဖွင့်၊ အမတသဥ္စဝနီဋီကာ၌–

ဒုတိယစတုတ္ထဂဏာ မဇ္ဈဂုရူ ဘဝန္တိ၊ ပဌမော စ အန္တဂုရူ။ တတိယော ဒွိဂုရူ။ ပဉ္စမော စ အာဒိဂုရူ၊ သေသံ ယထာပတ္တံ၊ ဧဝံ ဂဏာရာနံ မဇ္ဈေ ဒုတိယစတုတ္ထာ ဇကာရာ ဘဝန္တိ။ –

ဟု ဖွင့်ဆိုသောကြောင့် ထိုဋီကာ လာသည့်အတိုင်းလည်း ဂဏဝိကပ္ပဆင့်ပုံကို ပြုစီရင်အပ်၏။

ငါးရာ့တစ်ဆယ်၊ နှစ်ခုကယ်၊ အကျယ် စပလာ။
သုံးဆယ့်နှစ်တန်း၊ သချာမှန်း၊ ဆန်းသုတ် ဖွင့်ဋီကာ။
အကျဉ်း,အကျယ်၊ နည်းနှစ်သွယ်၊ ဖြန့်ဖွယ် ပတ္ထာရာ။ ။

အရိယာသည် အကျဉ်းအားဖြင့် ပထျာအရိယာ, ဝိပုလာအရိယာ-ဟု ၂-မျိုးတည်းသာရှိ၏။

ဒုဝိဓာ ဟိ အရိယာပထျာဝိပုလာ စ။ (ဝစနတ္ထဇောတိကဋီကာ)

ကြွင်းသော အရိယာတို့ ဤ ၂-ပါးအတွင်း၌သာလျှင် ဝင်လေကုန်၏။

စပလာ-ဟူသည် ပထျာဝိပုလာတို့၏ အတွင်း၌ဖြစ်သော ဒုတိယ, စတုတ္ထဇဂိုဏ်းတို့ကို ရှေ့,နောက် ဂရုယှဉ်ကပ်ဖိညှပ်၍ ဖွဲ့ထားအပ်သော အရိယာမျိုးမျှသာ ဖြစ်၏။

မုခစပလာ, ဇဃနစပလာဟူသည်လည်း စပလာဂါထာ၏ အမည်ထူးမျှသာ ဖြစ်၏။ စပလာဂါထာကို အမည်ခွဲ၍ မုခစပလာ, ဇဃနစပလာ-ဟု ဆန်းကျမ်းဆရာ ဆိုခြင်းသည် ဥပလက္ခဏ, နိဒဿနစကားမျိုးဖြစ်၍ ဝိပုလာဂါထာကိုလည်း မုခဝိပုလာ, ဇဃနဝိပုလာ-ဟု ၂-မျိုးခွဲယူသင့်သေး၏။ ထို့ကြောင့် ရှေးဋီကာဆရာကြီးတို့သည် အရိယာမျိုး ၁၆-ပါးရှိကြောင်း၊ ဂီတိ ၄-မျိုးနှင့် ရောက်ပွါး၍ယူလျှင် အရိယာအပြား ၈၀-ရှိကြောင်းကို ဖွင့်ဆိုရေးသားကြလေကုန်ပြီ။

ဧကာဝ ဘဝတိ ပထျာ၊ ဝိပုလာ တိဿော၊ တတော စတဿော တာ။
စပလာဘေဒေဟိ တီဟိပိ၊ ဘိန္နာတိ စ သောဠသာရိယာ ဟောန္တိ။

ဂီတိ စတုတ္ထယ'မိတ္ထံ၊ ပစ္စေကံ သောဠသပ္ပကာရန္တိ။
သကလေန တု အရိယာနံ၊ ဘဝန္တိ ဟ အသီတိ ဘေဒါ'ဝ။(အမတသဥ္စဝနီဋီကာ)

ပထျာ၊ ပထျာသည်။ ဧကာဝ၊ တစ်မျိုးတည်းသာလျှင်။ ဘဝတိ၊ ၏။ ဝိပုလာ၊ ဝိပုလာတို့သည်။ တိဿော၊ အာဒျန္တောဘယအားဖြင့် ၃-ပါးတို့တည်း။ တတော၊ ထို ၃-ပါးမှ။

ပရံ၊ နောက်၌။ တီဟိပိ၊ ၃-ပါးလည်းဖြစ်ကုန်သော။ စပလာဘေဒေဟိ၊ မုခ, ဇဃန, မဟာ-စပလာအပြားတို့ဖြင့်။ ဘိန္နာ၊ ပြားကုန်သော။ တာ၊ ထိုသုဒ္ဓပထျာ, ၃-ပါးသော ဝိပုလာတို့သည်။ စတဿော၊ ၄-ပါးစီတို့တည်း။ ဣတိ စ၊ ဤသို့လျှင်။ သောဠသာရိယာ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

[ သုဒ္ဓပထျာ ၁-မျိုး, ဝိပုလာ ၃-မျိုး၊ ပေါင်း စပလာနှင့် မရောယှက်ရသေးသော အရိယာ ၄-မျိုးဖြစ်၏။ စပလာ ၁-မျိုးလျှင် ယခင် ၄-မျိုးစလုံး ရနိုင်သည်ဖြစ်သောကြောင့် စပလာ ၃-မျိုးတို့နှင့် တွဲဖက်ရောစပ် ပေါင်းယှက်အပ်သည်ရှိသော် အရိယာ ၁၂-မျိုး ဖြစ်၏။ ရှေး ၄-မျိုးနှင့် ပေါင်းသော် အရိယာ ၁၆-မျိုးဖြစ်၏။ ]

ဣတ္ထံ၊ ဤသို့သောအပြားဖြင့်။ ဂီတိ စတုတ္ထာယံ၊ ဂီတိ ၄-မျိုးသည်။ ပစ္စေကံ၊ အသီးသီး။ သောဠသပ္ပကာရံ၊ ၁၆-မျိုးပြား၏။ သကလေန တု၊ အလုံးစုံအားဖြင့်ကား။ အရိယာနံ၊ တို့၏။ ဘေဒါ၊ တို့သည်။ အသီတိ စ၊ ၈၀-သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

အရိယာအပြားကို ရေတွက်ရာ၌ အဒ္ဓ ၂-မျိုးစလုံးတို့၌ ဝိပုလာဖြစ်လျှင် မဟာ-ဝိပုလာ၊ စပလာဖြစ်လျှင် မဟာစပလာ-ဟု ခေါ်ဆိုသည်။ ဥဘယဝိပုလာ, ဥဘယစပလာ၊ သို့တည်းမဟုတ် သဗ္ဗဝိပုလာ, သဗ္ဗစပလာ-ဆိုသော အမည်သည်လည်း ဤဝိပုလာမျိုး, စပလာမျိုးပင် ဖြစ်၏။

အရိယာဂါထာမျိုးတို့၌ ဇဂိုဏ်းကို မင်း-ဟု အမည်ခေါ်ဆို၍ အရှင်သခင်အရာ၌ အသုံးပြု၏။ ထိုဇဂိုဏ်းကို ၁-ဂိုဏ်းမှစ၍ ၅-ဂိုဏ်းထိ ဖွဲ့ဆိုနိုင်၏။ ဇဂိုဏ်း၏ တည်နေရာ ၅-ဌာနတို့တွင် ဖွဲ့ဆိုသောသူတို့ အလိုရှိရာဌာန၌ ဇဂိုဏ်းတစ်မျိုးတည်းထား၍ ဖွဲ့ဆိုအပ်သော အရိယာဂါထာသည် မိမိလင်မှတပါး ယောကျ်ားတပါးတို့နှင့် ဆက်ဆံခြင်းမရှိသော အမျိုးကောင်းသမီးနှင့် တူသောကြောင့် **ကုလိနီအရိယာဂါထာ** မည်၏။

ဒုတိယ, စတုတ္ထဇဂိုဏ်းတို့ကို ရှေ့,နောက် ဂရုညှပ်၍ ဖွဲ့အပ်သော အရိယာသည် လင်စောင်မျှောက်မထားတတ်သော လှုပ်ရှားလော်မာသောမိန်းမနှင့်တူသောကြောင့် **စပလာ-အရိယာဂါထာ** မည်၏။ ထိုစပလာအရိယာ၌ ပုဗ္ဗဒ္ဓတွင်သာ စပလာအတိုင်း ဖွဲ့၍ အပရဒ္ဓတွင် ပထျာဝိပုလာတို့ဖြင့် ဖွဲ့အပ်သော အရိယာသည် **မုခစပလာ** မည်၏။ အပရဒ္ဓတွင်သာ စပလာလက္ခဏာအတိုင်း ဖွဲ့၍ ပုဗ္ဗဒ္ဓတွင် ပထျာဝိပုလာတို့ဖြင့် ဖွဲ့အပ်သော အရိယာသည် **ဇဃနစပလာ** မည်၏။ မုခသဒ္ဒါသည် အဦးအစဟော၊ ဇဃနသဒ္ဒါသည် နောက်အဖို့ဟော တည်း။

## အရိယာ ၁၆-မျိုး

| သင်္ချာ | ပုဗ္ဗဒ္ဓ | အပရဒ္ဓ | အရိယာအမည် |
|---|---|---|---|
| ၁ | ပထျာ | ပထျာ | သုဒ္ဓပထျာ |
| ၂ | ပထျာ | ဝိပုလာ | အန္တဝိပုလာ |
| ၃ | ပထျာ | ပထျာစပလာ | ပထျာပုဗ္ဗကဇဃနစပလာ |
| ၄ | ဝိပုလာ | ဝိပုလာစပလာ | အန္တဝိပုလာပုဗ္ဗကဇဃနစပလာ |
| ၅ | ဝိပုလာ | ပထျာ | အာဒိဝိပုလာ |
| ၆ | ဝိပုလာ | ဝိပုလာ | မဟာဝိပုလာ |
| ၇ | ဝိပုလာ | ပထျာစပလာ | အာဒိဝိပုလာပုဗ္ဗကဇဃနစပလာ |
| ၈ | ဝိပုလာ | ဝိပုလာစပလာ | မဟာဝိပုလာပုဗ္ဗကဇဃနစပလာ |
| ၉ | ပထျာစပလာ | ပထျာ | ပထျာပုဗ္ဗကမုခစပလာ |
| ၁၀ | ပထျာစပလာ | ဝိပုလာ | အန္တဝိပုလာပုဗ္ဗကမုခစပလာ |
| ၁၁ | ပထျာစပလာ | ပထျာစပလာ | ပထျာပုဗ္ဗကမဟာစပလာ |
| ၁၂ | ပထျာစပလာ | ဝိပုလာစပလာ | အန္တဝိပုလာပုဗ္ဗကမဟာစပလာ |
| ၁၃ | ဝိပုလာစပလာ | ပထျာ | အာဒိဝိပုလာပုဗ္ဗကမုခစပလာ |
| ၁၄ | ဝိပုလာစပလာ | ဝိပုလာ | မဟာဝိပုလာပုဗ္ဗကမုခစပလာ |
| ၁၅ | ဝိပုလာစပလာ | ပထျာစပလာ | မဟာစပလာ |
| ၁၆ | ဝိပုလာစပလာ | ဝိပုလာစပလာ | မဟာဝိပုလာပုဗ္ဗကမဟာစပလာ |

ဇဂိုဏ်းတည်းဟူသော အုပ်စိုးပိုင်ဆိုင်သူ အရှင်နာယကများသော စပလာအရိယာ၏လက္ခဏာကို ပြဆိုပြီး၍ ဇဂိုဏ်းတည်းဟူသော အုပ်စိုးပိုင်ဆိုင်သူ အရှင်နာယက အဦးအစ၌ရှိသော မုခစပလာအရိယာ၏လက္ခဏာကို ပြလိုရကား—

၂၃။ **စပလာ'ဂတံ'ခိလံ စေ၊ ဒလာ'ဒိမံ လက္ခဏံ ဘဇတိ ယဿာ။**
**ပထျာလက္ခဏ'မည့်၊ မုခစပလာ နာမ သာ ဘဝတိ။**

ဟူသော သုတ်ကို ဆို၏။

ယဿာ၊ အကြင်အရိယာအား။ ဝါ၊ ၏။ စပလာ'ဂတံ၊ စပလာအရိယာ၏သုတ်၌ လာသော။ အခိလံ၊ အလုံးစုံသော။ လက္ခဏံ၊ ဒွိစတုတ္ထ၊ ၂-၄ာနှ၌၊ ဂ-အလယ်တွင်၊ ဇဂိုဏ်း

မြင်သော လက္ခဏာသည်။ အာဒိမံ၊ အစ၌ဖြစ်သော။ ဒလံ၊ အဒ္ဓသို့။ ဝါ၊ အာဒိမံ ဒလံ၊ ပုဗ္ဗဒ္ဓသို့။ စေ ဘဇတိ၊ အကယ်၍တည်း ဆည်းကပ်ဝင်ရောက်ခဲ့အံ့။ ဝါ၊ မှီခဲ့အံ့။ ပထျာ-လက္ခဏံ၊ မတြာဒွါဒ၊ ၃-ဂိုဏ်းရတွင်၊ ယတိမြင်သော ပထျာရိယာ၏လက္ခဏာသည်။ အညံ၊ ပုဗ္ဗဒ္ဓမှ တပါးသော အပရဒ္ဓသို့။ စေ ဘဇတိ၊ အံ့။ သာ၊ ထိုဆိုအပ်ပြီးသော လက္ခဏာနှင့် ပြည့်စုံသော အရိယာသည်။ မုခစပလာ နာမ၊ ရှေ့ထက်ဝက်တွင် စပလာလက္ခဏာရှိသော **မုခစပလာအရိယာ** မည်သည်။ ဘဝတိ၊ ၏။

“ပထျာလက္ခဏ’မည်”ဟု ဆိုသည်ကား ဥပလက္ခဏမျှသာတည်း။ ဝိပုလာ၏ လက္ခဏာလည်း ဖြစ်သည်သာလျှင်တည်း။ ထို့ကြောင့် ပထျာစပလာ, ဝိပုလာစပလာ-ဟူ၍ ပုဗ္ဗဒ္ဓ၌ စပလာ ၂-မျိုး ရရှိနိုင်သည်တွင် ၁-မျိုးမျိုး၌ ပထျာအပရဒ္ဓ, ဝိပုလာအပရဒ္ဓ ၂-မျိုး နှောင်းနိုင်သောကြောင့် မုခစပလာ ၄-မျိုးရှိကြောင်းကို ဋီကာဆရာတို့ ဖွင့်ဆိုတော်မူကြကုန်၏။

ပုဗ္ဗဒ္ဓ၌ ဇဂိုဏ်းတည်း-ဟူသော အရှင်နာယကများသော မုခစပလာအရိယာ၏ လက္ခဏာကို ပြဆိုပြီး၍ အပရဒ္ဓ၌သာ ဇဂိုဏ်းတည်းဟူသော အရှင်နာယကများသော **ဈာနစပလာ၏လက္ခဏာ**ကို ပြလိုရကား—

> ၂၄။ ပထျာယ လက္ခဏံ စေ၊ ပဌမဒ္ဓေ လက္ခဏံ တု စပလာယ။
> ဒုတိယေ ဒလေ’ထ ယဿာ၊ ပကိတ္တိတာ သာ ဈာနစပလာ။
>
> အရိယာဇာတိယော။ ၅။

ဟူသောသုတ်ကို ဆို၏။

ယဿာ၊ ၏။ ပဌမဒ္ဓေ၊ ရှေ့ထက်ဝက် ပုဗ္ဗဒ္ဓ၌။ ပထျာယ၊ ပထျာအရိယာဂါထာ ၏။ လက္ခဏံ၊ မတြာဒွါဒ၊ ၃-ဂိုဏ်းရတွင်၊ ယတိမြင်သော လက္ခဏာသို့။ စေ ဘဇတိ၊ အံ့။ အထ၊ အခြားမဲ့ဖြစ်သော။ ဒုတိယေ ဒလေ တု၊ နောက်ထက်ဝက် အပရဒ္ဓ၌ကား။ စပလာယ၊ စပလာအရိယာဂါထာ၏။ လက္ခဏံ၊ ဒွိစတုတ္ထ၊ ၂-ဌာန၌၊ ဂ-အလယ်တွင်၊ ဇဂိုဏ်းမြင်သော လက္ခဏာသို့။ စေ ဘဇတိ၊ အံ့။ သာ၊ ထိုအရိယာဂါထာကို။ ဈာနစပလာ၊ နောက်ထက်ဝက် အပရဒ္ဓ၌ စပလာလက္ခဏာရှိသော **ဈာနစပလာအရိယာဂါထာ** မည်၏-ဟူ၍။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ပကိတ္တိတာ၊ ဆိုအပ်၏။

သီဟိုဠ်မူ၌ “ပထမဒ္ဓေ လက္ခဏံ တု စပလာယ”ဟု ဒုတိယပါဒအဆုံးတွင် အာဒိယ နှင့် ပါဌ်ရှိ၏။ ကဝိသာရ၌ “အထာတိ ပဒပူရဏတ္ထေ နိပါတော”ဟု အထ-သဒ္ဒါအနက်

မရှိ၊ ပဒပူရဏနိပါတ်-ဟု ဖွင့်ဆို၏။ ဤ၌လည်း ရှေးမုခစပလာ၌ကဲ့သို့ ဇဃနစပလာ ၄-မျိုး ခွဲ၍ ဆိုအပ်၏။ မုခစပလာသက်သက်ဖွဲ့လျှင် ဆဋ္ဌဇဂိုဏ်းပါဝင်နိုင်သောကြောင့် ဇဂိုဏ်း ၃-မျိုးထား၍ ဖွဲ့ဆိုနိုင်သေး၏။ ဇဃနစပလာသက်သက်ဖွဲ့လျှင် ဇဂိုဏ်း ၂-မျိုးထား၍သာလျှင် ဖွဲ့ဆိုနိုင်၏။ မဟာစပလာသက်သက်ဖွဲ့လျှင် ဇဂိုဏ်း ၅-မျိုးထား၍ ဖွဲ့ဆိုနိုင်ပေ၏။

အရိယာဇာတိယော၊ အရိယာဂါထာ ၅-မျိုးတည်း။ ဝါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။ (သီဟိုဠ်မူ၌ အရိယာဇာတယော-ဟု ပါဌ်ရှိ၏။ အရိယာဇာတယော၊ အရိယာမျိုးတို့တည်းဟု အနက်ဆို)

မတ္တာဝုတ္တိဘေဒ၌ ပြဆိုအပ်သော ဇာတိ ၄-ပါးတို့တွင် အရိယာဇာတိ၏အကျယ်ကို ပြဆိုပြီး၍ **ဂီတိဇာတိ၏အကျယ်ကို** ပြလိုရကား—

၂၅။ သဗ္ဗံ ပထမဒလေ ယဒိ၊ လက္ခဏ'မရိယာယ ဝုတ္တ'မုဘယေသု။
ယဿာ ဒလေသု ယုတ္တံ၊ ဝုတ္တာ သာ ဂီတိ ဝုတ္တယတိလလိတာ။

စသော သုတ်တို့ကို ဆို၏။

အရိယာယ၊ အရိယာဂါထာ၏။ ပထမဒလေ၊ ရှေးထက်ဝက် ပုဗ္ဗဒ္ဓ၌။ ဝုတ္တံ၊ ဆိုအပ်ပြီးသော။ သဗ္ဗံ၊ အလုံးစုံသော။ လက္ခဏံ၊ ပ-၁၂၊ ဒု-၁၈-ဟု၊ တွက်စစ်မတြာ၊ ဝိသမာဇ ကြဉ်ခြင်း-စသော လက္ခဏာသည်။ ယဿာ၊ အကြင်ဂါထာ၏။ ဉဘယေသု၊ ၂-ပါးကုန်သော။ ဒလေသု၊ အဒ္ဓတို့၌။ (တစ်နည်း) ဉဘယေသု ဒလေသု၊ ပုဗ္ဗဒ္ဓ,အပရဒ္ဓ ၂-ပါးတို့၌။ ယဒိ ယုတ္တံ၊ အကယ်၍ ယှဉ်အံ့။ ဝုတ္တယတိလလိတာ၊ ဆိုအပ်ပြီးသော ယတိတို့ဖြင့် တင့်တယ်သော။ သာ၊ ထိုဂါထာကို။ ဂီတိ၊ ဂီတိအရိယာဂါထာ-ဟူ၍။ မဟာကဝီဟိ၊ မြတ်သော ပညာရှိတို့သည်။ ဝုတ္တာ၊ မိန့်ဆိုအပ်၏။

ပါကတိကပိင်္ဂလဆန်းကျမ်း၌ကား ဥဂ္ဂါထာ-ဟု အမည်ဆို၏။ ပုဗ္ဗဒ္ဓ၌ မတြာ-၃၀၊ အပရဒ္ဓ၌လည်း မတြာ ၃၀-ရှိသောကြောင့် အဒ္ဓ ၂-ခုတို့၌ မတြာ ၆၀-ရှိ၏။

အရိယာဂါထာ၏ ပုဗ္ဗဒ္ဓသက်သက်ဖြင့် ဖွဲ့ဆိုအပ်သော ဂီတိအရိယာဂါထာ၏ လက္ခဏာကို လက္ခုနှင့်တကွ ပြဆိုပြီး၍ အရိယာဂါထာ၏ အပရဒ္ဓသက်သက်ဖြင့် ဖွဲ့ဆိုအပ်သော ဥပဂီတိ**အရိယာဂါထာ၏** လက္ခဏာကို လက္ခုနှင့်တကွ ပြလိုရကား—

၂၆။ အရိယာယံ ဒုတိယ'ဒ္ဓေ၊ ဂဒိတာ'ခိလ-လက္ခဏံ ယံ တံ။
ဘဝတိ ဒလေသု'ဘယေသုပိ၊ ယဒိ ယဿာ သာ'ယ'မုပဂီတိ။

ဟူသော သုတ်ကို ဆို၏။

အရိယာယံ၊ အရိယာဂါထာမျိုး၌။ ဒုတီယဒ္ဓေ၊ နောက်ထက်ဝက်ဒုတိယအဒ္ဓ၌။ ဂဒိတံ၊ ဆိုအပ်သော။ ယံ အခိလလက္ခဏံ၊ အကြင် "အရိယာယန္တဒ္ဓေ လော"စသော အလုံးစုံသောလက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ တံ အခိလလက္ခဏံ၊ ထိုအလုံးစုံသော အရိယာ ဂါထာ၏ နောက်ထက်ဝက်လက္ခဏာသည်။ ယဿာ၊ အကြင်ဂါထာ၏။ ဥဘယေသုပိ၊ ၂-ပါးလည်း ဖြစ်ကုန်သော။ ဒလေသု၊ ထက်ဝက်အဒ္ဓတို့၌။ (တစ်နည်း) ဥဘယေသု ဒလေ-သုပိ၊ ၂-ပါးကုန်သော အဒ္ဓတို့၌လည်း။ ယဒိ ဘဝတိ၊ အကယ်၍ ဖြစ်အံ့။ သာ'ယံ သာ အယံ၊ ထိုဆိုအပ်ပြီးသော လက္ခဏာနှင့် ပြည့်စုံသောဂါထာသည်။ ဥပဂီတိ၊ ဂီတိ၏အနီး၌ ဖြစ်သော ဥပဂီတိအရိယာဂါထာ မည်၏။

ပြာကြိတပိင်္ဂလဆန်းကျမ်း၌ကား "ဂါဟူ"ဟု အမည်ဆို၏။ ပုဗ္ဗဒ္ဓ၌ ၂၇-မတ္တာ၊ အပရဒ္ဓ၌လည်း ၂၇-မတ္တာရှိသောကြောင့် အဒ္ဓ ၂-ခုတို့၌ ၅၄-မတ္တာရှိ၏။ ဂိုဏ်း, ဂရု, လဟုတို့၏ လက္ခဏာကိုသာ သိအပ်သည် မဟုတ်၊ ယတိလက္ခဏာကိုလည်း ရှေးအရိယာ၌ ကဲ့သို့ သိအပ်၏။

ယဒါ ပန ယတာဝုတ္တယတိလက္ခဏေန ယုတ္တာ၊ တဒါ ယတိယာ ဘဝိတဗ္ဗမေဝ။
(ကဝိသာရဋီကာ)

ဂီတိဂါထာ၌ ဇဂိုဏ်း ၁-ခုမှ စ၍ ၆-ခုထိ ထား၍ ဖွဲ့ဆိုနိုင်၏။ ဥပဂီတိဂါထာ၌ကား ဇဂိုဏ်း ၁-ခုမှစ၍ ၄-ခုထိသာလျှင် ဖွဲ့ဆိုနိုင်သည်။

အရိယာဂါထာကို အဒ္ဓ ၂-ခုခွဲ၍ ပုဗ္ဗဒ္ဓသက်သက်ဖြင့် ဖွဲ့အပ်သော ဂီတိဂါထာ၊ အပရဒ္ဓသက်သက်ဖြင့် ဖွဲ့အပ်သော ဥပဂီတိဂါထာတို့၏ လက္ခဏ-လက္ချတို့ကို ပြဆိုပြီး၍ ထိုအရိယာဂါထာ၏ရှေ့,နောက် အဒ္ဓပြန်ဖြစ်၍ ဝိပရီတအရိယာ-ဟု ခေါ်ဆိုထိုက်သော **ဥဂ္ဂီတိအရိယာဂါထာ၏** လက္ခဏာနှင့်တကွ လက္ချကို ပြလိုရကား—

၂၇။ အရိယာယ'ဒ္ဓဒ္ဓိတယံ၊ ပုဗ္ဗော'ဒိတလက္ခဏော'ပေတံ။
ဝိပရိယယေနာ'ဘိဟိတံ၊ ယဿာ သမ္ဘဝတိ စေ'ဟ သော'ဂ္ဂီတိ။

ဟူသော သုတ်ကို ဆို၏။

ယဿာ၊ အကြင်ဂါထာ၏။ ပုဗ္ဗော'ဒိတလက္ခဏော'ပေတံ၊ "ဆဋ္ဌောခိလ-လဟုဇော ဝါ"စသည်ဖြင့် ရှေးသုတ်၌ ဆိုအပ်ပြီးသော ဂိုဏ်း, ဂရု, လဟုလက္ခဏာနှင့်ပြည့်စုံသော။ အရိယာယ'ဒ္ဓဒ္ဓိတယံ၊ အရိယာဂါထာ၏ အဒ္ဓ ၂-ခုအပေါင်းကို။ ဝိပရိယယေန၊ ခေါက်ချိုးပြောင်းပြန်၊ ရှေ့,နောက် လှန်သောအားဖြင့်။ အဘိဟိတံ၊ ဆိုအပ်သည်။ ဝါ၊ စီရင်အပ်သည်။

စေ သမ္ဘဝတိ၊ အကယ်၍ဖြစ်အံ့။ သာ၊ ထိုဂါထာသည်။ ဣဟ၊ ဤမတြာဆန်း၌။ ဝါ၊ ဂီတိ ဇာတ်၌။ ဥဂ္ဂီတိ၊ ဥဂ္ဂီတိဂါထာ မည်၏။

"ဒွိတယံ"၌ ဒွိ-ပုဒ်, တယ-ပစ္စည်း။ "ဒွေ အဝယဝါ အဿာတိ-ဒွိတယံ"ဟု ဝိဂြိုဟ် ပြု၍ သုတ်ကြီးဖြင့်သော်လည်းကောင်း၊

"သင်္ချာယ အဝယဝေ တယ"ဟူသော (ပါဏိနီ။၅။၂။၄၂)သုတ်ဖြင့်သော်လည်းကောင်း-

တယ-ပစ္စည်းသက်၊ ဝိပရိယယေန-ဟု ယတွင် အရသနှင့် ၍တ်၊ ဝိရေး, ပရိရေးရှိသော ဣစာတ်-ပရိယုဒါဟာသိ-၌ကဲ့သို့ ယအက္ခရာလာ၍ စီရင်။

"အရိယာယ'ဒ္ဓဒွိတယံ"၌ "အရိယာအဒ္ဓ ဒွိတယံ"ဟု ပုဒ်ဖြတ်လျှင် ယ-ကား အာဂုံ တည်း။ "အရိယာယ အဒ္ဓဒွိတယံ"ဟု ပုဒ်ဖြတ်လျှင် "အရိယာယ၊ ၏။ အဒ္ဓဒွိတယံ၊ ကို။"ဟု အနက်ပေး။

"ပုဗ္ဗော'ဒိတလက္ခဏော'ပေတံ"၌ သြအသဝဏ်မပြုမူ၍ "လက္ခဏူပေတံ"ဟု ဒီဃံသုတ် အစီအရင်အတိုင်း သီဟိုဠ်မူ၌ ပါဌ်ရှိ၏။ "သောဂ္ဂီတိ"ကို "သာ ဥဂ္ဂီတိ"ဟု ပဒစ္ဆေဒ ပြု။ "စောဂ္ဂီတိ"ဟု တာလုဇ-စအက္ခရာနှင့် ပါဌ်ရှိသည်ကား မမွန်လွန်း။

ဤဂါထာကို ပြာကြိတ ပိင်္ဂလဆန်းကျမ်း၌ ဝိဂါထာ-ဟူ၍လည်းကောင်း၊ **အရိယာဂီတိ** ဟူ၍လည်းကောင်း အမည် ၂-မျိုးဆို၏။ အရိယာ၏ အဒ္ဓပြန်ဖြစ်၍ အရိယာဂါထာ၌ကဲ့သို့ ၅၇-မတြာရှိ၏။ ပထမဒ္ဓ၌ ၂၇-မတြာ၊ ဒုတိယဒ္ဓ၌ ၃၀-မတြာရှိသောကြောင့် မတြာ အပြန် အလှန်ဖြစ်၍ တည်၏။

ဥဂ္ဂီတိဂါထာ၏ လက္ခဏာနှင့်တကွသော လက္ခဏကို ပြဆိုပြီး၍ ဂီတိဂါထာမျိုး၏ အဒ္ဓ ၂-ခုအဆုံးတွင် ဂရု ၁-လုံးတိုး၍ ဖွဲ့ဆိုအပ်သော **အရိယာဂီတိဂါထာ၏** လက္ခဏာနှင့်တကွ သော လက္ခဏကို ပြလို၍—

**၂၈။ အရိယာပုဗ္ဗဒ္ဓံ ယဒိ၊ ဂုရု(ဂရု)နေကေနာ'ဓိကေန နိဓနေ ယုတ္တံ။**
**ယဒိ ပုဗ္ဗဒ္ဓသမာနံ၊ ဒလ'မိတရံ စောဒိတာယ'မရိယာဂီတိ။**

**ဂီတိဇာတိယော။ ၄။**

ဟူသော သုတ်ကို ဆို၏။

ယဿာ၊ အကြင်ဂါထာ၏။ ပုဗ္ဗဒ္ဓေ၊ ရှေးထက်ဝက်၌။ အရိယာပုဗ္ဗဒ္ဓံ၊ အရိယာဂါထာ၏ ရှေးထက်ဝက်သည်။ နိဝေနေ၊ အဆုံးအဖျား၌။ အဓိကေန၊ ပိုလွန်သော။ ဧကေန၊ တစ်လုံးသော။ ဂုရုနာ၊ ဂရုနှင့်။ စေ ယုတ္တံ၊ အကယ်၍ ယှဉ်သည်ဖြစ်အံ့။ တ္တတရံ၊ ပုဗ္ဗဒ္ဓမှ တပါးသော။ ဒလံ စ၊ အပရဒ္ဓသည်လည်း။ ယဒိ ပုဗ္ဗဒ္ဓသမာနံ၊ အကယ်၍ ပုဗ္ဗဒ္ဓနှင့်ပင် တူခဲ့ပြန်သည်ဖြစ်အံ့။ အယံ၊ ဤသို့သော လက္ခဏာနှင့်ပြည့်စုံသော ဂါထာကို။ အရိယာဂီတိ၊ အရိယာဂီတိဂါထာမည်၏-ဟူ၍။ ပိင်္ဂလေန၊ ပိင်္ဂလဆရာသည်။ ဥဒိတာ၊ ဆိုအပ်၏။

ဤအရိယာဂီတိဂါထာသည် အရိယာအပြား၌ မဝင်-ဟု ဋီကာတို့၌ ဆို၏။

**အရိယာဂီတိ ပန အဓိကတရတ္တာ အရိယာဘေဒေ နပ္ပဝိဋ္ဌာ။**(ဆန္ဒောသာရတ္ထဝိကာသနီ)

**အရိယာဂီတိ ပန အဓိကက္ခရတ္တာ အရိယာဘေဒေ နပ္ပဝိဋ္ဌာ။** (ကဝိသာရ)

မတ္တာ ၆၀-ရှိသော ဂီတိဂါထာ၊ မတ္တာ ၅၄-ခုမျှသာရှိသော ဥပဂီတိဂါထာတို့သည်လည်း အရိယာဘေဒ၌ ဝင်သည်သာလျှင်ဖြစ်သောကြောင့် ဤဂါထာသည်လည်း အရိယာဘေဒ၌ ဝင်သည်သာလျှင်တည်း။ ထို့ကြောင့် အရိယာ ၉-မျိုးရှိကြောင်း (တစ်နည်း) အရိယာ ၁၆-မျိုး၊ အကျယ် ၈၀-ရှိကြောင်းကို သက္ကဋဆန်းကျမ်း၏ အဖွင့်ဋီကာတို့၌ ရေးသားဖွင့်ဆိုကြကုန်၏။ ပြာကြိတပိင်္ဂလဆန်းကျမ်း၌ ဤအရိယာဂီတိဂါထာကို ခန္ဓက-ဟု အမည်မှည့်ဆို၍ ခန္ဓကမျိုး ၂၀-ရှိကြောင်းနှင့် အကျယ်ရေးသားပြဆို၏။

ဝါဏိဘူသဏကျမ်း၌လည်း—

**ခန္ဓက'မပိ တံ ကထိတံ၊ ယတြ စတုက္ကလ ဂဏာဋ္ဌကေန စ အဒ္ဓံ၊**
**တံ တုလျ'မဂ္ဂိမ ဒလံ။ ဘဝတိ စတုဿဋ္ဌိမတြကာသရိရ'မိဒံ။ —**

ဟူ၍ ဆို၏။

ယတြ၊ အကြင်အဖွဲ့၌။ အဒ္ဓံ၊ ရှေးပုဗ္ဗဒ္ဓသည်။ စတုက္ကလ ဂဏာဋ္ဌကေန၊ ၄-မတ္တာရှိသောဂိုဏ်းတို့၏ ၈-ခုအပေါင်းဖြင့်။ နိဗဒ္ဓိတံ၊ ဖွဲ့အပ်သည်။ ဘဝတိ၊ ၏။ အဂ္ဂိမ ဒလဥ္စ၊ နောက်အပရဒ္ဓသည်လည်း။ တံ တုလျံ၊ ထိုရှေးပုဗ္ဗဒ္ဓနှင့် တူသည်။ ဘဝတိ၊ ၏။ တံ၊ ထိုအဖွဲ့ကို။ ခန္ဓကံ အပိ၊ ခန္ဓကအမည်ရှိ၏-ဟူ၍လည်း။ ကထိတံ၊ ဆိုအပ်၏။ ဣဒံ၊ ဤခန္ဓကအဖွဲ့သည်။ စတုဿဋ္ဌိမတြကာသရီရံ၊ ၆၄-မတ္တာဂါထာ နဂိုသဘောရှိ၏။

ဤခန္ဓကအဖွဲ့၌ ဂရုအများဆုံး အလုံး ၃၀-ထား၍လည်းကောင်း၊ ဂရုအနည်းဆုံး ၃-လုံးထား၍လည်းကောင်း ဖွဲ့ဆိုနိုင်၏။ ခန္ဓက ၂၈-မျိုးတို့ကို ဇယားပုံစံဖြင့် အကျယ်ပြထားသည်။

## ခန္ဓကခေါ်သော အရိယာဂီတိဂါထာ ၂၈-မျိုးတို့၏ ဇယားပုံစံ

| ဂရု | လဟု | အက္ခရာ | အမည် | | ဂရု | လဟု | အက္ခရာ | အမည် |
|---|---|---|---|---|---|---|---|---|
| ၃၀ | ၄ | ၃၄ | နန္ဒ | | ၁၆ | ၃၂ | ၄၈ | သရဘ |
| ၂၉ | ၆ | ၃၅ | ဘဒြ | | ၁၅ | ၃၄ | ၄၉ | ဝိမတိ |
| ၂၈ | ၈ | ၃၆ | သေသ | | ၁၄ | ၃၆ | ၅၀ | ခိရ |
| ၂၇ | ၁၀ | ၃၇ | သာရင်္ဂ | | ၁၃ | ၃၈ | ၅၁ | နဂရ |
| ၂၆ | ၁၂ | ၃၈ | သိဝ | | ၁၂ | ၄၀ | ၅၂ | နရ |
| ၂၅ | ၁၄ | ၃၉ | ဗြဟ္မ | | ၁၁ | ၄၂ | ၅၃ | သိနိဒ္ဓ |
| ၂၄ | ၁၆ | ၄၀ | ဝါရဏ | | ၁၀ | ၄၄ | ၅၄ | သိနေဟ |
| ၂၃ | ၁၈ | ၄၁ | ဝရုဏ | | ၉ | ၄၆ | ၅၅ | မဒကလ(မဒဂဏ) |
| ၂၂ | ၂၀ | ၄၂ | နီလ | | ၈ | ၄၈ | ၅၆ | ဘူပါလ(ဘောလ) |
| ၂၁ | ၂၂ | ၄၃ | မဒန | | ၇ | ၅၀ | ၅၇ | သုဒ္ဓ |
| ၂၀ | ၂၄ | ၄၄ | တာလင်္က | | ၆ | ၅၂ | ၅၈ | သရိတ |
| ၁၉ | ၂၆ | ၄၅ | သေခရ | | ၅ | ၅၄ | ၅၉ | ကုမ္ဘ |
| ၁၈ | ၂၈ | ၄၆ | သရ | | ၄ | ၅၆ | ၆၀ | ကလသ |
| ၁၇ | ၃၀ | ၄၇ | ဂဂန | | ၃ | ၅၈ | ၆၁ | သသီ |

ဂ-ပေါင်း တီသာ၊ လ-စယာ၊ ခရာ သုံးဆယ့်လေး။
ဂရုများလှ၊ ခန္ဓက၊ နန္ဒ အမည်ပေး။
ဂ-တစ်ဆုတ်ရာ၊ ကော် ခရာ၊ လမှာ တိုးတော့ ဒွေး။
နှစ်ဆယ့်ရှစ်မြောက်၊ သသီရောက်၊ ချင့်ထောက် အမည်ရွေး။ ။

ဤခန္ဓက၏ဖွဲ့ပုံကို ပြဆိုရာ၌ ပါကတပိင်္ဂလဆန်းကျမ်း, ဝါဏီဘူသဏဆန်းကျမ်း ဆရာတို့၏အလိုအားဖြင့် ဆဋ္ဌ၌ ဇဂိုဏ်းကို အမြဲထား၍ အလိုရှိသော အဒ္ဓတွင် ပါဝင်အောင် ဖွဲ့ဆိုစေလို၏။ အဒ္ဓ ၂-ခုလုံး၌ပင် မဟုတ်သော်လည်း အဒ္ဓတစ်ခု၌ကား အမြဲမချွတ် ဇဂိုဏ်းနှင့် ဖွဲ့စေလိုသည် ဟူလို။

ဆဋ္ဌော ဇဂဏာဿ အဝဿကတ္တာ စတ္တာရော လဟဝေါ ဣတိ ဥတ္တံ။
(ပိင်္ဂလပ္ပဒီပဋီကာ)

ထို့ကြောင့် နောက်ဆုံး သသီခန္ဓကဂါထာ၌ ဂရု ၃-လုံးပါဝင်ကြောင်းကို သိအပ်၏။ အကယ်၍ အဒ္ဓ ၂-မျိုးစလုံးတို့၌ ဆဋ္ဌတွင် သဗ္ဗလဟုဂိုဏ်းနှင့်ချည်း ထား၍ ဖွဲ့ဆိုနိုင်သည် ဖြစ်အံ့။ ဂရု-၂၊ လဟု-၆၀၊ အက္ခရာ ၆၂-လုံးရှိသော ခန္ဓကဂါထာတစ်မျိုးတို့၏ ခန္ဓက ၂၉-မျိုးရှိသည် ဖြစ်ရာ၏။ ယင်းသို့လည်း မရှိလေပြီဖြစ်သောကြောင့် အယုတ်ဆုံး ဆဋ္ဌ၌ ဇဂိုဏ်းတစ်ခုပါဝင်အောင် ဖွဲ့ဆိုအပ်ကြောင်းကို သိရှိနိုင်ပေသတည်း။

| အရိယာပုဗ္ဗဒ္ဓ ဂ-ဌာန | | | | | | | | အရိယာအပရဒ္ဓ ဂ-ဌာန | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | စတုတ္ထပါဒ | | | | |
| ဂ္ဂ | ဂ္ဂ | ဂ္ဂ | ဂ္ဂ | ဂ္ဂ | × | ဂ္ဂ | ဂ | ဂ္ဂ | ဂ္ဂ | ဂ္ဂ | ဂ္ဂ | ဂ္ဂ | လ | ဂ္ဂ | ဂ္ဂ |
| သ | သ | သ | သ | သ | × | သ | သ | သ | သ | သ | သ | သ | × | သ | သ |
| × | ဇ | × | ဇ | × | ဇ | × | × | × | ဇ | × | ဇ | × | × | × | × |
| ဘ | ဘ | ဘ | ဘ | ဘ | × | ဘ | × | ဘ | ဘ | ဘ | ဘ | ဘ | × | ဘ | × |
| လိန် | လိန် | လိန် | လိန် | လိန် | လိန် | လိန် | × | လိန် | လိန် | လိန် | လိန် | လိန် | × | လိန် | × |
| ၄ | ၅ | ၄ | ၅ | ၄ | ၂ | ၄ | ၂ | ၄ | ၅ | ၄ | ၅ | ၄ | | ၄ | ၂ |
| ၈၀ | | | | ၃၂၀ | | | | ၈၀ | | | | ၁၆၀ | | | |

**စတုမတ္တာအဋ္ဌဂဏာ ဣတိ လိခနတော ဂါ'မပိ အရိယာလက္ခဏံ န ယောဇယိတဗ္ဗ'-မိတိ ဘာဝေါ။**　(ဆန္ဒောမဉ္စရီအဖွင့်၊ သုခဗောဓိနီဋီကာ)

စတုမတ္တာအဋ္ဌဂဏာ ဣတိ၊ စတုမတ္တာအဋ္ဌဂဏာ-ဟူ၍။ လိခနတော၊ ပါကတ ပိင်္ဂလဆန်းကျမ်း၌ ရေးထားသောကြောင့်။ ဂါ'မပိ၊ တစ်စုံတစ်ခုလည်းဖြစ်သော။ အရိယာ-လက္ခဏံ၊ အရိယာဂါထာ၏ လက္ခဏာကို။ န ယောဇယိတဗ္ဗံ၊ မယှဉ်မတွဲအပ်။ ဣတိ၊ ဤသို့ သည်ကား။ ဘာဝေါ၊ အရိယာနှင့် အရိယာဂီတိတို့၏ အထူးတည်း။

“ဓတ္တ ပန ပုဗ္ဗဒ္ဓေ နဝဂဏဋ္ဌာနာနိ၊ တထာ အပရဒ္ဓေပီတိ အဋ္ဌာရသဂဏဋ္ဌာနာနိ” စသည်ဖြင့် အလိုင်းတကြီး ဝိကပ်နည်း-စသည်တို့ကို အကျယ်ဝေဖန်၍ ကြံဖန်ရေးသား ဖွင့်ဆိုထားအပ်သော ဆပ္ပစ္စယဒီပကဋီကာဆရာ၏စကားကို ပညာရှိတို့သည် စိစစ်ရွေးချယ် အပ်၏၊ စုံစမ်းဆင်ခြင်အပ်၏။

ပိင်္ဂလဆန်းကျမ်းတွင် “အဒ္ဓေ ဝသုဂဏော အရိယာဂီတိ”ဟု အရိယာဂီတိဂါထာ၏ သုတ်ကို ဆို၏။ ဝုတ္တိ၌—

**အဋ္ဌဂဏော ပထမဒွေ့ သာ အရိယာဂီတိ နာမ အရိယာ။ အဋ္ဌမောပိ ဂဏော စတုမတ္တိကော ဘဝတီတိ အတ္ထော။** — ဟု ဖွင့်၏။

"အတြာပိ ဆဋ္ဌော ဂဏော ဒွိကပ္ပေါ ဇဝ နလကာရော"ဟု အမတသဥ္စိဝနိဋ္ဌိကာ ဖွင့်ဆိုသည့်အလိုကား ဆဋ္ဌဋ္ဌာနအဒ္ဓ ၂-ခုလုံး၌ပင် ဝိကပ် ၂-ချက်ထားနိုင်သောကြောင့် ပတ္ထာရနောက်ဆုံးတန်း၌ ဂရု ၂-လုံးပါရှိသော အရိယာဂီတိမျိုးကို ဖွဲ့ဆိုနိုင်သေး၏-ဟု မှတ်အပ်၏။ ရှေး၌ ပြဆိုအပ်ပြီးသော ဝါဏီဘူသဏ, ပါကတပိင်္ဂလဆန်းကျမ်းဆရာတို့၏ အယူနှင့်ကား မညီ၊ ဆန့်ကျင်၏။

ဝိကပ်ပုံတွင် စတုတ္ထပါဒ၌ သဗ္ဗလဟုဂိုဏ်းကို လွှတ်၍ ရေးထားသည်ကား မရသောကြောင့်မဟုတ်။ အဒ္ဓ ၂-ပါးစလုံးတို့၌ သဗ္ဗလဟုဂိုဏ်းပြိုင်၍ မဖွဲ့နိုင်သောကြောင့် ပုဗ္ဗဒ္ဓဆဋ္ဌ၌ သဗ္ဗလဟုဂိုဏ်းရှိလျှင် အပရဒ္ဓဆဋ္ဌ၌ မုချ ဇဂိုဏ်းဖြင့်သာလျှင် ဖွဲ့ဆိုအပ်သည်ဖြစ်ရကား ဂိုဏ်းမပြိုင်စေခြင်းငှာ ခြွင်းချန်၍ ထားသတည်း။ အကယ်၍ အပရဒ္ဓဆဋ္ဌဋ္ဌာန၌ ဇဂိုဏ်း, သဗ္ဗလဟုဂိုဏ်း ၂-ဝိကပ်ထားခဲ့သည်ဖြစ်မူကား ပုဗ္ဗဒ္ဓဆဋ္ဌဋ္ဌာန၌လည်း ဇဂိုဏ်းတစ်ခုတည်းကိုသာလျှင် ထား၍ ဝိကပ်ပုံကို စီရင်အပ်၏။

ဆပ္ပစ္စယဒီပကကျမ်းအလို ပတ္ထာရနည်းမှာ ၁၆၃,၈၄၀,၀၀၀-မျှသာ ရှိ၏။ ဤ၌ကား ထိုထက်တပိုး တိုးပွါး၏။

သုညလေးခု၊ အင်္ဂသောမု၊ ဒုတိ ကိန်းသချာ။
ရိယာဂီတိ၊ အမည်ရှိ၊ ဖြန့်ချိ ပတ္ထာရာ။
ဝိကပ်တွက်ရိုး၊ ရှေးထက်တိုး၊ ထမ်းပိုး မြင့်သည်သာ။ ။

ဂီတိဇာတိယော၊ ဂီတိဂါထာ ၄-မျိုးသည်။ နိဋ္ဌိတော၊ ပြီးပြီ။

"မတ္တာဝုတ္တိဘေဒသည် ဤမျှသာရှိသလော၊ မတ္တာဝုတ္တိဘေဒ၌ ပြဆိုဖွယ်စကားရပ် အပြီးလက်စသတ်လေပြီလော"ဟု မေးဖွယ်ရှိသောကြောင့်လည်းကောင်း၊ ဇာတိ ၄-ပါးတို့တွင် တတိယဖြစ်သော **ဝေတာလီယဇာတိ၏** အကျယ်ကို ပြဆိုလိုသည်ဖြစ်သောကြောင့်လည်းကောင်း—

၂၉။ **ဝိသမေ ဆ သိယုံ ကလာ မုခေ၊ သမေ တွ'ဋ္ဌ ရလဂါ တတော'ပရိ။**
**ဝေတာလီယံ တ'မုစ္စတေ၊ လဟုဆက္က န နိရန္တရံ သမေ။**

ဟူသော သုတ်ကို ဆို၏။

ယသ္မာ၊ အကြင်ဂါထာ၏။ ဝိသမေ၊ ပဌမ, တတိယဖြစ်သော။ ပါဒေ၊ ပါဒအစုံ၌။ မုခေ၊ လက်ဦးအစ ပထမ၌။ ဆကလာ၊ ၆-မတြာတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ သမေ တု၊ ဒုတိယ, စတုတ္ထစုံ ၂-ပါဒ၌ကား။ မုခေ၊ ၌။ အဋ္ဌကလာ၊ တို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ တတော၊ ထိုဝိသမပါဒ အစ ၆-မတြာ, သမပါဒ အစ ၈-မတြာမှ။ ဥပရိ၊ အထက်၌။ ဝါ၊ နောက်၌။ ရလဂါ၊ ရဂိုဏ်း, လဟု, ဂရုတို့သည်။ သိယုံ၊ ဖြစ်ကုန်၏။ သမေ၊ ဒုတိယ, စတုတ္ထစုံ ၂-ပါဒ၌။ နိရန္တရုံ၊ အခြားမဲ့သော, အခြားမရှိသော, အပေါက်အကြားမရှိသော။ လဟု ဆက္ကုံ၊ လဟု ၆-ခုအပေါင်းသည်။ န၊ မဖြစ်သင့်, မရှိသင့်, မနေသင့်။ တံ၊ ထိုဆိုအပ်ပြီးသော လက္ခဏာနှင့် ပြည့်စုံသောဂါထာကို။ ဝေတာလီယံ၊ ဝေတာလီယဂါထာ မည်၏-ဟူ၍။ ကဝိဝရေန၊ မြတ်သောပညာရှိသည်။ ဥစ္စတေ၊ ဆိုအပ်၏။

တစ်နည်း ယသ္မာ၊ ၏။ ဝိသမေ၊ သော။ ပါဒေ၊ ၌။ မုခေ၊ ၌။ ဆက္ကလာ၊ တို့သည်။ သိယုံ၊ ကုန်၏။ တတော၊ ထို ၆-မတြာမှ။ ဥပရိ၊ အထက်၌။ ရလဂါ၊ ရဂိုဏ်း, လဟု, ဂရု တို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သိယုံ၊ ကုန်၏။ သမေ တု၊ ၌ကား။ မုခေ၊ ၌။ အဋ္ဌကလာ၊ တို့သည်။ သိယုံ၊ ကုန်၏။ တတော၊ ထို ၈-မတြာမှ။ ဥပရိ၊ ၌။ ရလဂါ၊ တို့သည်။ ယထာက္ကမံ၊ တိုင်း။ သိယုံ၊ ကုန်၏။ သမေ၊ ၌။ နိရန္တရုံ၊ သော။ လဟုဆက္ကုံ၊ သည်။ န၊ မဖြစ်သင့်, မရှိသင့်, မနေသင့်။ တံ၊ ကို။ ဝေတာလီယံ၊ ဟူ၍။ ကဝိဝရေန၊ သည်။ ဥစ္စတေ၊ ၏။

> သီဟာဝလောကညာယေန ယဒါဒိတော ဒက္ခိဏာန္တိကာ၊ ဋ္ဌိတေ'တ္ထ ပါဒေသွ'ခိလေသု
> ဇောတျတော ပါဒသဒ္ဒေါ'တြ ဝတ္တတေ။ (ဆန္ဒောသာရတ္ထ)

ဝုတ္တရတနာကရ-စသော သက္ကဋဆန်းကျမ်းတို့၌ကား "န သမာတြ ပရာသိတာ-ကလာ"ဟူသော လက္ခဏာကိုလည်း တိုး၍ ဆိုသေး၏။ ဆန္ဒောသာရတ္ထဝိကာသနီဋီကာ၌လည်း ထိုအဆိုအတိုင်း ရေးသွင်းထည့်စွက်၍ ဖွင့်ပြ၏။ ယင်းသို့ ထည့်သွင်းဖွင့်ပြသော်လည်း ထိုသမပရာသိတလက္ခဏာသည် သက္ကဋဝေတာလီယအဖွဲ့ ကဗျာဗန္ဓတို့၌သာလျှင် အလေးဂရုပြုသုံးစွဲသော ဥပဒေသဖြစ်၏။ သာသနာတော်ကျမ်းရှိ ဝေတာလီယအဖွဲ့ ကဗျာဗန္ဓတို့၌ကား ဆက္ကလ၊ အဋ္ဌက္ကလတို့၏ အတွင်း၌တည်သော ဒုတိယ-စသော သမကလသည် တတိယ-စသော နောက်ဝိသမကလကို တစ်စုတစ်ခဲတည်း မှီတွဲယှဉ်ကပ်၍ ဖွဲ့ဆိုအပ်သော ဝေတာလီယဂါထာမျိုးလည်း ရှိပေလိမ့်မည်။ ယခင် သက္ကဋဆန်းကျမ်းဆရာတို့အဆိုအတိုင်း နောက်မတြာကို မမှီ, မတွဲမူ၍ ဖွဲ့ဆိုအပ်သော ဝေတာလီယဂါထာမျိုးလည်း ရှိပေလိမ့်မည်။ ထို့ကြောင့် ထိုကလပရာသိတလက္ခဏာကို သာသနာတော်ကျမ်းရှိ ဝေတာလီယဂါထာမျိုးတို့၌

မချွတ်အမြဲပြု၍ သုံးစွဲသော ဥပဒေသမဟုတ်သောကြောင့် ဤဝုတ္တောဒယဆန်းကျမ်း၌ ထည့်သွင်းဖြည့်စွက် ဆက်လက်၍ မဆိုဘဲ ခြွင်းချန်လှပ်ထားခဲ့သည်-ဟု မှတ်အပ်၏။ သမပါဒ၌သာ လဟုဆက္ကကို မြစ်သောကြောင့် ဝိသမပါဒ၌ကား လဟုဆက္ကရှိနေကောင်း၏။ ဝိသမ၌ ၁၄-မတ္တာ၊ သမ၌ ၁၆-မတ္တာရှိသောကြောင့် ၄-ပါဒ၊ အဒ္ဓ ၂-ပါးတို့၌ မတ္တာ ၆၀-ရှိ၏။

| | သင်္ချာ | ကလာ | ပရာသိတ | |
|---|---|---|---|---|
| ဝိ | ၁ | ၊ | ၊ | တစ်စုံ |
| သ | ၂ | ၊ | S | |
| ဝိ | ၃ | ၊ | ၊ | တစ်စုံ |
| သ | ၄ | ၊ | | |
| ဝိ | ၅ | ၊ | S | တစ်စုံ |
| သ | ၆ | ၊ | | |
| ဝိ | ၇ | ၊ | S | တစ်စုံ |
| သ | ၈ | ၊ | ၊ | |

ဆန်းကျမ်းအရာ၌ ၁-မတ္တာမျှသာရှိသော လဟုကို '၊'ဟု ဥဇုလက္ခဏာနှင့်အညီ ရေးအပ်ကြောင်း၊ ၂-မတ္တာရှိ ဂရုကို 'S'ဟု ဝင္ကလက္ခဏာနှင့်အညီ ရေးထားသင့်ကြောင်းကို အောက်၌လည်း ငါတို့ ရေးသားအပ်လေပြီ။ ဤပုံ၌ ဒုတိယ '၊' မတ္တာနှင့် တတိယ '၊'မတ္တာကို ပေါင်း၍ယူလျှင် 'S'ဟု ဂရုတစ်လုံးတည်း ဖြစ်လာ၏။ စတုတ္ထနှင့် ပဥ္စမ၊ ဆဋ္ဌနှင့် သတ္တမတို့၌လည်း နည်းတူပင်။ ဝေတာလီယဂါထာ၌ ဤကဲ့သို့ ရှေ့နောက်မိမိ ယုဂလမှ တပါး မတွဲသင့်သော နောက်ယုဂ-လ၏ လဟုနှင့် ယှဉ်တွဲ၍ ဂရုဖြစ်လာသော ကလာပရာ-သိတဂရုမျိုးကို ပယ်စွန့်အပ်၏။

န သမာတြ ပရာသိတာ ကလာ။ (ဝုတ္တရတနာကရ၊ ဆန္ဒောမဥ္ဇရီ)

အတြ၊ ဤဆက္ကလ, အဋ္ဌက္ကလတို့တွင်။ သမာ၊ စုံ-သမဖြစ်သော။ ကလာ၊ ဒုတိယ-ကလ, စတုတ္ထကလ, ဆဋ္ဌကလသည်။ ပရာသိတာ၊ နောက်ဖြစ်သော တတိယ, ပဥ္စမ, သတ္တမကလကို မှီသည်။ န ဘဝေ၊ မဖြစ်။

ဒုတိယတတိယကလာနံ စတုတ္ထ-ပဥ္စမကလာနံ တထာ ဆဋ္ဌ-သတ္တမကလာနံ ဧကေန ဂုရုဏာ ဥပါဒါနံ န ကာတဗ္ဗံ။ (သုခဗောဓိနီဋီကာ)

ယုဂ-လကာရော ပရေန၊ သာကံ န မိဿီကရဏီယော၊ ဒုတိယော တတိယေန၊ စတုတ္ထော ပဥ္စမေန၊ ယုဂမာဒေ ဆဋ္ဌော စ သတ္တမေန၊ ဧဝံ ဝဒန္တေန သေသာနံ မိဿိဘာဝေါပိ အနုညာတော။ (အမတသဥ္စိဝနီဋီကာ)

ယုဂ-လကာရော၊ စုံသမ လဟုအက္ခရာကို။ ပရေန၊ နောက်ဝိသမလဟုနှင့်။ သာကံ၊ တကွနက်။ န မိဿီကရဏီယော၊ ရောနှောခြင်းကို မပြုအပ်။ အကြွင်းအနက်လွယ်ပြီ။

## ၆-မတြာကို အကျယ်ပတ္ထာရဖြန့်ပုံ

<table>
<tr><th>တန်း</th><th colspan="6">ဆက္ကလာ ပတ္ထာရပုံ</th><th>အမည်</th></tr>
<tr><td>၁</td><td colspan="2">၂</td><td colspan="2">၂</td><td colspan="2">၂</td><td>ဟရ *</td></tr>
<tr><td>၂</td><td>၁</td><td>၁</td><td colspan="2">၂</td><td colspan="2">၂</td><td>သသီ *</td></tr>
<tr><td>၃</td><td>၁</td><td colspan="2">၂</td><td>၁</td><td colspan="2">၂</td><td>သူရ</td></tr>
<tr><td>၄</td><td colspan="2">၂</td><td>၁</td><td>၁</td><td colspan="2">၂</td><td>သက္က *</td></tr>
<tr><td>၅</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td colspan="2">၂</td><td>သေသ *</td></tr>
<tr><td>၆</td><td>၁</td><td colspan="2">၂</td><td colspan="2">၂</td><td>၁</td><td>အဟိ</td></tr>
<tr><td>၇</td><td colspan="2">၂</td><td>၁</td><td colspan="2">၂</td><td>၁</td><td>ကမလ</td></tr>
<tr><td>၈</td><td>၁</td><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>ဗြဟ္မ</td></tr>
<tr><td>၉</td><td colspan="2">၂</td><td colspan="2">၂</td><td>၁</td><td>၁</td><td>ကလိ *</td></tr>
<tr><td>၁၀</td><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td>စန္ဒ *</td></tr>
<tr><td>၁၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td>၁</td><td>ဓုဝ</td></tr>
<tr><td>၁၂</td><td colspan="2">၂</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td>ဓမ္မ *</td></tr>
<tr><td>၁၃</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td>သာလိကရ *</td></tr>
</table>

၆-မတြာကို ပတ္ထာရနည်းအားဖြင့် အကျယ်ဖြန့်ယူလျှင် ၁၃-တန်းထွက်၏။ ထိုအတန်းတို့တွင် ချယားပွင့်ကြယ်လက္ခဏာပြထားသော အတန်း ၈-မျိုးတို့သည် ဆက္ကလာ၌ သွင်းယူအပ်သော ပတ္ထာရတန်းတို့တည်း။

ကြွင်း ၅-တန်းတို့သည် နောက်သမ မတြာကို မှီ၍ တည်သောကြောင့် ပယ်အပ်သော အတန်း ဖြစ်ကုန်၏။

မဂိုဏ်း သ ဂေါ၊ ဘဂိုဏ်း ဂေါ၊ လလော သဂိုဏ်းဖုံး။
တဂိုဏ်းနှင့် လ၊ သလလ၊ ဂနှင့် လလေးလုံး။
ခြောက်လဟုမှန်း၊ ဤသည်ဆန်း၊ ရှစ်တန်း လိုရာသုံး။ ။

## ၈-မတြာကို အကျယ်ပတ္ထာရဖြန့်ပုံ

| | တန်း | အဋ္ဌကလာပတ္ထာရပုံ | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ✷ | ၁ | | | | | ၂ | ၂ | ၂ | ၂ |
| ✷ | ၂ | | | | ၁ | ၁ | ၂ | ၂ | ၂ |
| | ၃ | | | | ၁ | ၂ | ၁ | ၂ | ၂ |
| ✷ | ၄ | | | | ၂ | ၁ | ၁ | ၂ | ၂ |
| ✷ | ၅ | | | ၁ | ၁ | ၁ | ၁ | ၂ | ၂ |
| | ၆ | | | | ၁ | ၂ | ၂ | ၁ | ၂ |
| | ၇ | | | | ၂ | ၁ | ၂ | ၁ | ၂ |
| | ၈ | | | ၁ | ၁ | ၁ | ၂ | ၁ | ၂ |
| ✷ | ၉ | | | | ၂ | ၂ | ၁ | ၁ | ၂ |
| ✷ | ၁၀ | | | ၁ | ၁ | ၂ | ၁ | ၁ | ၂ |
| | ၁၁ | | | ၁ | ၂ | ၁ | ၁ | ၁ | ၂ |
| ✷ | ၁၂ | | | ၁ | ၁ | ၁ | ၁ | ၂ | ၂ |
| | ၁၃ | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ |
| | ၁၄ | | | | ၁ | ၂ | ၂ | ၂ | ၁ |
| | ၁၅ | | | | ၂ | ၁ | ၂ | ၂ | ၁ |
| | ၁၆ | | | ၁ | ၁ | ၁ | ၂ | ၂ | ၁ |
| | ၁၇ | | | | ၂ | ၂ | ၁ | ၂ | ၁ |

| တန်း | အဋ္ဌကလာပတ္ထာရပုံ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁၈ | | | ၁ | ၁ | ၂ | ၁ | ၂ | ၁ | |
| ၁၉ | | | ၁ | ၂ | ၁ | ၁ | ၂ | ၁ | |
| ၂၀ | | | ၂ | ၁ | ၁ | ၁ | ၂ | ၁ | |
| ၂၁ | | ၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | |
| ၂၂ | | | | ၂ | ၂ | ၂ | ၁ | ၁ | ✷ |
| ၂၃ | | | ၁ | ၁ | ၂ | ၂ | ၁ | ၁ | ✷ |
| ၂၄ | | | ၁ | ၂ | ၁ | ၂ | ၁ | ၁ | |
| ၂၅ | | | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ✷ |
| ၂၆ | | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ✷ |
| ၂၇ | | | ၁ | ၂ | ၂ | ၁ | ၁ | ၁ | |
| ၂၈ | | | ၂ | | ၂ | ၁ | ၁ | ၁ | |
| ၂၉ | | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ၁ | |
| ၃၀ | | | ၂ | ၂ | ၁ | ၁ | ၁ | ၁ | ✷ |
| ၃၁ | | ၁ | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ✷ |
| ၃၂ | | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ၁ | |
| ၃၃ | | ၂ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | |
| ၃၄ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | |

ဤအဋ္ဌကလာပတ္ထာရာ၌ လဟုဆက္က ကလာပရာသိတအတန်းပေါင်း ၂၁-တို့ကို ပယ်ရှား၍ ယူသင့်သော ၁၃-တန်းတို့ကို ခရေပွင့်တံဆိပ်အမှတ်ဖြင့် ပြထား၏။

**ဝေတာလီယပုဗ္ဗ မတြာ-၁၀ — ပထမမတြာ-၁၄**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၂ | ၂ | ရ | လ | ဂ |
| ၂ | | | ၁ | ၁ | ၂ | ၂ | ရ | လ | ဂ |
| ၃ | | | ၂ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၄ | | ၁ | ၁ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၅ | | | ၂ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၆ | | ၁ | ၁ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၇ | | ၂ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |
| ၈ | | ၁ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |
| ၉ | | | | | | | | | |
| ၁၀ | | | | | | | | | |
| ၁၁ | | | | | | | | | |
| ၁၂ | | | | | | | | | |
| ၁၃ | | | | | | | | | |

**ဝေတာလီယပုဗ္ဗ မတြာ-၁၀ — ဒုတိယမတြာ-၁၆**

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၂ | ၂ | ၂ | ရ | လ | ဂ |
| ၂ | | | ၁ | ၁ | ၂ | ၂ | ၂ | ရ | လ | ဂ |
| ၃ | | | ၂ | ၁ | ၁ | ၂ | ၂ | ရ | လ | ဂ |
| ၄ | | ၁ | ၁ | ၁ | ၁ | ၂ | ၂ | ရ | လ | ဂ |
| ၅ | | | ၂ | ၂ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၆ | | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၇ | | ၂ | ၁ | ၁ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၈ | | | ၂ | ၂ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၉ | | ၁ | ၁ | ၂ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၁၀ | | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၁၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၁၂ | | ၂ | ၂ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |
| ၁၃ | ၁ | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |

**ဝေတာလီယအပရဒ္ဓ မတြာ-၃၀ — တတိယမတြာ-၁၄**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၂ | ၂ | ရ | လ | ဂ |
| ၂ | | | ၁ | ၁ | ၂ | ၂ | ရ | လ | ဂ |
| ၃ | | | ၂ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၄ | | ၁ | ၁ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၅ | | | ၂ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၆ | | ၁ | ၁ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၇ | | ၂ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |
| ၈ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |
| ၉ | | | | | | | | | |
| ၁၀ | | | | | | | | | |
| ၁၁ | | | | | | | | | |
| ၁၂ | | | | | | | | | |
| ၁၃ | | | | | | | | | |

**ဝေတာလီယအပရဒ္ဓ မတြာ-၃၀ — စတုတ္ထမတြာ-၁၆**

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၂ | ၂ | ၂ | ရ | လ | ဂ |
| ၂ | | | ၁ | ၁ | ၂ | ၂ | ၂ | ရ | လ | ဂ |
| ၃ | | | ၂ | ၁ | ၁ | ၂ | ၂ | ရ | လ | ဂ |
| ၄ | | ၁ | ၁ | ၁ | ၁ | ၂ | ၂ | ရ | လ | ဂ |
| ၅ | | | ၂ | ၂ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၆ | | ၁ | ၁ | ၂ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၇ | | ၂ | ၁ | ၁ | ၁ | ၁ | ၂ | ရ | လ | ဂ |
| ၈ | | | ၂ | ၂ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၉ | | ၁ | ၁ | ၂ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၁၀ | | ၂ | ၁ | ၁ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၁၁ | ၁ | ၁ | ၁ | ၁ | ၂ | ၁ | ၁ | ရ | လ | ဂ |
| ၁၂ | | ၂ | ၂ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |
| ၁၃ | ၁ | ၁ | ၂ | ၁ | ၁ | ၁ | ၁ | ရ | လ | ဂ |

| ပထမမတြာ-၁၄ | ဒုတိယမတြာ-၁၆ | တတိယမတြာ-၁၄ | စတုတ္ထမတြာ-၁၆ |
|---|---|---|---|
| ၈ ⁑ | ၁၃ | ၈ * | ၁၃ |
| ၁၀၄ | × ၁၀၄ | ၁၀၈၁၆ | |

ဤဝေတာလီယဂါထာ၌ ဂဏဝိကပ္ပဆင့်ပုံနည်းကို ကဝိသာရဋီကာ, ဆပ္ပစ္စယဒီပက ဋီကာတို့၌ ကျယ်ဝန်းစွာ ရေးသားဖွင့်ဆိုကြကုန်၏။ သမပါဒ၌ ဆက္ကလာအတန်းကုန် ၁၃-တန်း စလုံးယူ၍ သမပါဒ၌ အဋ္ဌကလာ ၃၄-တန်းတို့တွင် တေရသမ, တေတ္တိံသတိမ, စတုတိံ-သတိမ၊ ဤလဟုဆက္ကပါရှိသောအတန်း ၃-ခုမျှကိုသာ ပယ်ပြီးလျှင် ကြွင်း ၃၁-တန်းတို့ကို အကုန်ယူ၍ သမပါဒ၌-၁၃၊ ဝိသမပါဒ၌-၃၁၊ ဝိကပ်စောင့်ဂဏန်းထားလျက် ဝေတာလီယ ပတ္ထာရသင်္ချာ၊ ခေနဝါခတ္တိယ (၁၆၂,၄၀၉)-တန်းရှိသည်-ဟု ဆန်းတွက်ပုံနည်းကို အကျယ် ရေးသားပြဆိုကြကုန်၏။ "လဟုဆက္ကံ န နိရန္တရံ သမေ"ဟု ဆန်းကျမ်းဆရာသည်ပင် သမ၌ လဟုဆက္ကဆက်လက်၍ မနေသင့်ကြောင်းမျှကိုသာ ရေးထားခဲ့၍ သမ, ဝိသမ မရွေး ၄-ပါဒတို့၌ ကလာပရာသိတ မဖြစ်စေရ-ဟူသော ဥပဒေသကိုမူကား ထုတ်ဆိုဖော်ပြရေးသား ၍ မထားခဲ့လေသည့်ပြင် မိမိကိုယ်တိုင်ပင် သမကလာပရာသိတကို မပယ်ဘဲ "သမေတွ'၌ ရလဂါ တတော'ပရိ"ဟု ရေးသားခဲ့လေသောကြောင့် ဋီကာဆရာတို့သည်လည်း သမကလာ ပရာသိတဖြစ်ခြင်း, မဖြစ်ခြင်းကို အလျဉ်းပင် မစိစစ်ကုန်မူ၍ လဟုဆက္ကမျှကိုသာ သမ၌ ကြဉ်၍ ယခင်ဆိုအပ်ပြီးသော ဝိကပ်ဆင့်ပုံကို စုံလင်စွာ ဖွင့်ဆိုအပ်သည်ဖြစ်ရကား ဆရာတို့ အလိုအားလျော်စွာ မှားသည်-ဟူ၍ မဆိုသာပေကုန်။ ဤနိဿယ၌ ထည့်သွင်း၍ ပြထား သော ဂဏဝိကပ္ပပုံသည်ကား သက္ကဋဆန်းကျမ်းဆရာတို့၏ ဆရာစဉ်ဆက် မပျက်သုံးစွဲ အမြဲဆောင်ယူလာခဲ့သော နည်းဟောင်း အကောင်းဆုံး လက်ရွေးဥပဒေသရင်း ဖြစ်သတည်း။

တစ်သောင်းရှစ်ရာ၊ ပတ္ထာရာ၊ သင်္ချာ တစ်ဆယ့်ခြောက်။
တွက်နည်းရှေးမှီ၊ ဝေတာလီ၊ တူညီ ရှေ့နှင့်နောက်။
ဤသင်္ချာထက်၊ ပိုမထွက်၊ လိုချက် ရွေးယူကောက်။

ထို့ကြောင့် သုဒ္ဓိသဝိကာသနီဋီကာ၌ ပြဆိုအပ်သော—

ဝေတာလီယဿ ဝိကပ္ပ-ကိရိယံ ကတ္တုကာမိနာ။
သောဠသနဟုတကာနိ၊ စတုဗ္ဗိသသတံ နဝ။

ဟူသော ပတ္ထာရသင်္ချာကိုလည်း ယခင်ဋီကာဆရာတို့၏အလိုနှင့် မဆန့်ကျင်အောင် ပြဆို ခြင်းမျှသာ ဖြစ်၏ဟု မှတ်အပ်၏။

မတြာ ၆၀-အရေအတွက်ရှိသော ဝေတာလီယမတ္တာဝုတ္တိ၏လက္ခဏာကို လက္ခနှင့် တကွ ပြဆိုပြီး၍ ဩပစ္ဆန္ဒသိကမည်သော မတြာ ၆၈-အရေအတွက်ရှိသော မတ္တာဝုတ္တိ၏ လက္ခဏာကို လက္ခနှင့်တကွ ပြလိုရကား—

၃၀။ ဝေတာလီယော'ပမံ မုခေ'တံ၊ ဩပစ္ဆန္ဒသိကံ ရယာ ယဒ'န္တေ။

ဟူသောသုတ်ကို ဆို၏။

ယံ ပဇ္ဇံ အကြင်ဂါထာသည်။ မုခေ၊ သမ, ဝိသမပါဒတို့၏အစ၌။ ဝါ၊ ၄-ပါဒတို့၏ အစ၌။ ယဒိ ဝေတာလီယော'ပမံ၊ ၆-ဝိသမ၊ သမ ၈-ဖြာ၊ မတ္တာပိုင်းခြား၊ တည်သောအားဖြင့် အကယ်၍ ဝေတာလီယဂါထာ၏လက္ခဏာနှင့် တူညီခဲ့အံ့။ အန္တေ ၆-မတ္တာ, ၈-မတ္တာတို့ ၏အဆုံး၌။ ရ. ယာ၊ ရဂိုဏ်း,ယဂိုဏ်း ၂-ခုတို့သည်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ယဒိ သိယုံ၊ အကယ်၍ ဖြစ်ကုန်အံ့။ တံ ပဇ္ဇံ ထိုဂါထာသည်။ ဩပစ္ဆန္ဒသိကံ၊ ပညာရှိတို့ စိတ်အလို ဆန္ဒရှိတိုင်း ဖွဲ့ဆိုအပ်သော ဩပစ္ဆန္ဒသိကဂါထာ မည်၏။

သအက္ခရာတွင် ဣကာရမယှဉ်ဘဲ ဩပစ္ဆန္ဒသကံ-ဟူ၍လည်း ပါဌ်ရှိ၏။ သုခေါဓမိ နိဋီကာ၌ကား ဩပစ္ဆန္ဒသကံ-သဒ္ဒါသည် အရဟဏာဒိဂိုဏ်း၏အတွင်း၌ ဝင်သောကြောင့် ဣကာရမှကင်းသောပါဌ်သာလျှင် အသင့်ယုတ္တိရှိကြောင်း, ဣကာရနှင့်ရှိသော ပါဌ်မသင့် ကြောင်းကို ရေးသားဖွင့်ဆို၏။

"ဆန္ဒသော သမီပေ ဘဝံ ဩပစ္ဆန္ဒသံ၊ တမေဝ ဩပစ္ဆန္ဒသိကံ" ဟု ဝိဂြိုဟ်ပြု။

ဧရှေဝေတာလီယဂါထာ၌ကဲ့သို့ ၁၀,၈၁၆-အရေအတွက် ရှိ၏။ ဝေတာလီယဂါထာ၏ လက္ခဏာတွင် ဂရု ၁-လုံးအဆုံး၌ တိုး၍ ဖွဲ့လျှင် ဩပစ္ဆန္ဒသိကဂါထာ ဖြစ်၏ဟူ၍လည်း မှတ်အပ်၏။ ၁၀,၈၁၆-တန်းတို့တွင် ၉,၁၃၆-တန်း၌ တည်သောဂါထာကို ပုပ္ဖိတဂ္ဂဂါထာ-ဟု နောက်၌ အမည်ထူးရှိသည်ကို ပြဆိုလတ္တံ့။

၆၈-မတ္တာရှိသော ဩပစ္ဆန္ဒသိကဂါထာ၏လက္ခဏာကို လက္ခနှင့်တကွ ပြဆိုပြီး၍ မတ္တာ ၆၀-ရှိသော **အာပါတလိကာဂါထာ၏** လက္ခဏကို လက္ခနှင့်တကွပြလိုရကား—

၃၁။ **အာပါတလိကာ ကထိတာ'ယံ၊ ဘဂဂါ'န္တေ ယဒိ ပုဗ္ဗမိဝ'ည်။**

ဟူသော သုတ်ကို ဆို၏။

ယသ္မာ၊ ၏။ အန္တေ ဝိသမ ၆-မတ္တာ, သမ ၈-မတ္တာတို့၏အဆုံး၌။ ဝါ၊ ပါဒ တို့၏အဆုံး၌။ ဘဂဂါ၊ ဘဂိုဏ်းဂရု ၂-လုံးတို့သည်။ ဝါ၊ ဘဂိုဏ်း, သဗ္ဗဂရုဂိုဏ်းတို့သည်။ ယဒိ သိယုံ၊ အကယ်၍ဖြစ်ကုန်အံ့။ အည်၊ ဂိုဏ်းလက္ခဏာမှတပါးသော မတ္တာလက္ခဏာ သည်။ ပုဗ္ဗမိဝ၊ ရှေ့ဝေတာလီယဂါထာနှင့် တူအံ့။ အယံ၊ ဤဂါထာကို။ **အာပါတလိကာ**၊ မတည်တံ့သော သဘောရှိသော **အာပါတလိကာဂါထာ**မည်၏-ဟူ၍။ ကဝိဝရေဟိ၊ တို့သည်။ ကထိတာ၊ ဆိုအပ်၏။

ဝေတာလီယဂါထာ၌ကဲ့သို့ အတန့်သချာကို တွက်ယူအပ်၏။ အာပါတလိကာ ဂါထာ၏သမပါဒဖြင့် ၄-ပါဒလုံးတို့၌ ဖွဲ့ဆိုအပ်သောဂါထာကို ဥပစိတြာဂါထာ-ဟူ၍ မတ္တာ သကမဇာတ်၌ ပြဆိုလတ္တံ့။ ဆန္ဒောသာရ၌ "အာပါဋလိကာ"ဟု ပါဌ်ရှိ၏။

အာပါတလိကာမည်သော ဂါထာထူး၏သုတ်ကို ပြယုဂ်, ဥဒါဟရဏ်နှင့်တကွပြဆို ပြီး၍ ဝေတာလီယဂါထာ၌ ပြဆိုအပ်သော ရှေးအစ ၆-မတြာ, ၈-မတြာတို့၌ သမကလာပရာ သိတဖြစ်၍ တည်နေသော ဇဂိုဏ်းဖြင့် မှတ်၍ ဖွဲ့အပ်သော **ဒက္ခိဏန္တိကဂါထာ၏သုတ်ကို** ဥဒါဟရဏ်နှင့် တကွပြလိုရကား—

**၃၂။ ယဒါဒိတော ဒက္ခိဏန္တိကာ၊ ဠိတေ'တ္ထ ပါဒေသွ'ခိလေသု ဇော။**

ဟူသော သုတ်ကို ဆို၏။

ယဿာ၊ ၏။ အခိလေသု၊ အလုံးစုံကုန်သော။ ပါဒေသု၊ ဝိသမပါဒ, သမပါဒတို့၌။ ဝါ၊ ပဌမပါဒ-စသော ၄-ပါဒတို့၌။ အာဒိတော၊ အစ ၄-မတြာ၌။ ဝါ၊ အစဂိုဏ်းဌာန၌။ ဇော၊ ကလာဒုတိယ, တတိယနှင့် တကွအစဉ် တွဲယှဉ်မှီကပ် ပယ်စွန့်အပ်သော ဇဂိုဏ်း သည်။ ယဒိ ဠိတော၊ အကယ်၍ တည်နေခဲ့အံ့။ သေသံ၊ အစ ၄-မတြာမှ ကြွင်းသော မတြာဂိုဏ်း လဟု,ဂရုလက္ခဏာသည်။ ဝေတာလီယသဒိသံ၊ ဝေတာလီယဂါထာနှင့် တူ၏။ သာ၊ ထိုဂါထာကို။ ဧတ္ထ၊ ဤမတြာဆန်း၌။ ဝါ၊ ဝေတာလီယဇာတ်၌။ ဒက္ခိဏန္တိကာ၊ **ဒက္ခိဏန္တိကာဂါထာမည်၏-ဟူ၍**။ ဆန္ဒညူဟိ၊ ဆန်းကို သိသောပညာရှိတို့သည်။ ကထိတာ၊ ဆိုအပ်၏။ ရှေးသုတ်မှ ကထိတာ-သဒ္ဒါ လိုက်စေ။

မူစာအမျိုးမျိုးတို့၌ "ပါဒေသွ'ခိလေသု"ဟူ၍ သွ-အက္ခရာတွင် ရဿနှင့်ချည်း ပါဌ်ရှိကြကုန်၏။ သွ-အက္ခရာတွင် ဒီဃနှင့်ရှိသောပါဌ်ကိုသာလျှင် အသင့်ယုတ္တိရှိသည်ဟု မှတ်အပ်၏။

သီဟိုဠ်မူ၌ကား "ပါဒေသာ'ခိလေသု"ဟု သအက္ခရာတွင် ဝ-ဆွဲမပါ အာဒီဃနှင့် ပါဌ်ရှိ၏။ ဤသုတ်သည်ကား ပိင်္ဂလဆန်းသုတ်၌ မရှိ။ ဝုတ္တရတနာကရဆန်းကျမ်း၌သာ ရှိသည်။ ဝစနတ္ထဇောတိကဋီကာ, ကဝိသာရဋီကာတို့၌ မကောင်းသဖြင့် ရွတ်အပ်သော ဒုပ္ပါဌ်ကို ပြင်ဆင်ခြင်း မရှိ၊ ပါဌ်မြင်သရွေ့ ဝိဂြိုဟ်ဆိုထားသောကြောင့် လက္ခဏန္တိကာဂါထာဟု နိဿယဆရာ, ဆန်းပုံဆရာတို့ အမည်မှည့် ခေါ်ဆိုမှားကြကုန်၏။ ဒ-ထွေးနှင့် က္ခ-အက္ခရာ တွင် က္ကသရတင်လျက် ဒက္ခိဏန္တိက-ဟုရှိသော ယခင်ပါဌ်ကိုသာလျှင် ပါဌ်မှန်-ဟု မှတ်အပ်၏။

ဝေတာလီယ ဝိသမ ၂-ပါဒ၌ သူရ-မည်သော မတြာစဥ်, ဓုဝ-မည်သော မတြာစဥ် ၂-တန်းတို့ကိုလည်းကောင်း၊ သမ ၂-ပါဒ၌ တတိယ ဓောဒသမ, ဓေဠုနဝိသတိမ, စတုဝီသတိမ ဗာတ္တိံသတိမ၊ ဤ ၅-တန်းတို့ကိုလည်းကောင်း ရရှိနိုင်သောကြောင့် ၂×၅×၂×၅-ဟု ဝိကပ်စောင့်ဂဏန်းထား၍ တွက်ယူလျှင် ဒက္ခိဏန္တိကာဂါထာ၏ ပတ္ထာရအတန်းပေါင်း ၁၀၀-ဖြစ်သင့်သည်။ ဆပ္ပစ္စယဒီပကဆရာလည်း ဤနည်းအတိုင်းပင် ဝိကပ်ပုံကို စီရင် တော်မူ၏။

ဆန္ဒောသာရတ္ထ, ကဝိသာရဋီကာတို့၌ကား သမပါဒတွင် ရှေ့,နောက် ၂-ရပ် ဇဂိုဏ်း ထပ်၍ကျသော ဓေဠုနဝိသတိမတန်း ၁-ခုကို ပယ်နုတ်ပြီးလျှင် ကျန် ၄-တန်းမျှကိုသာ ယူ၍ ဂဏဝိကပ်ပုံကို စီရင်လေသည်ဖြစ်သောကြောင့် ၂×၄×၂×၄-ဟု ဝိကပ်စောင့် ဂဏန်းစဉ် ထား၍ တွက်ယူရာ ဒက္ခိဏန္တိကာဂါထာ၏ ပတ္ထာရအတန်းပေါင်း ၆၄-ခုမျှသာ ရှိနိုင်ပေ၏။

**ဓဝ'မောပစ္ဆန္ဒသိကာ ပါတလိကာဟိ ဒက္ခိဏန္တိကာ ယောဇေတဗ္ဗာ။**

ဟု ဆန္ဒောသာရတ္ထဝိကာသနိဋီကာ၌ ဖွင့်ဆိုသောကြောင့် ဩပစ္ဆန္ဒသိကာဂါထာ၊ အာပါတလိကာဂါထာတို့၌လည်း ဒက္ခိဏန္တိကာဂါထာမျိုး ရသင့်သည်သာတည်း။

ဝေတာလီယဂါထာ၏လက္ခဏာတွင် နုတ်ပယ်၍ ထားအပ်သော ကိုယ့်တွဲဘက်ဖြစ်သော မတြာကို မမှီ၊ သူများတွဲဘက်ဖြစ်သော မတြာ ၁-ပါးကို မှီသော သမကလာပရာသိတ ဖြစ်သော ပယ်တန်းတို့ဖြင့် ၄-ပါဒစလုံး ဖွဲ့ဆိုအပ်သော ဒက္ခိဏန္တိကဂါထာ၏ လက္ခ, လက္ခဏ ကို ပြဆိုပြီး၍ သမပါဒမှာ ဝေတာလီယဂါထာကဲ့သို့, ဝိသမပါဒမှာ ဒက္ခိဏန္တိဂါထာကဲ့သို့ ပယ်တန်းတို့ဖြင့် ဖွဲ့ဆိုအပ်သော ဥဒိစ္စဝုတ္တိဂါထာ၏ လက္ခ, လက္ခဏကို ပြလိုရကား—

**၃၃။ ဥဒိစ္စဝုတ္တိတိ ဝုစ္စတေ၊ ဇော စာ'ဒေါ ဝိသမေသု သဏ္ဌိတော။**

ဟူသော သုတ်ကို ဆို၏။

ယဿာ၊ ၏။ ဝိသမေသု၊ ပဌမ, တတိယ ဝိသမ ၂-ပါဒတို့၌။ ဝါ၊ တို့တွင်။ အာဒေါ၊ အစဂိုဏ်း၌။ ဝါ၊ အစ ၄-မတြာ၌။ ဇော၊ ဇဂိုဏ်းသည်။ စေ သဏ္ဌိတော၊ အကယ်၍ တည် သည်ဖြစ်အံ့။ အည၊ ဝိသမ ၂-ပါဒတို့မှ တပါးသော သမ ၂-ပါဒလက္ခဏာသည်။ ဝေတာ-လီယော'ပမံ၊ တူ၏။ သာ၊ ကို။ ဥဒိစ္စဝုတ္တိတိ၊ ဥဒိစ္စဝုတ္တိဂါထာမည်၏-ဟူ၍။ ဆန္ဒညူဟိ၊ တို့သည်။ ဝုစ္စတေ၊ ဆိုအပ်၏။

“သမပါဒေ တု ဝေတာလီယောပမာဝ”ဟု ဆန္ဒောသာရတ္ထဝိကာသနိဋီကာ၌ ဆိုသော ကြောင့် ဝိသမ ၂-ပါဒတို့၌ သူရမတြာတန်း, ဓုဝမတြာတန်း ၂-မျိုးတို့ကိုသာ ယူ၍ သမ ၂-

ပါဒတို့၌ကား ဧရေးဝေတာလီယဂါထာ၌ကဲ့သို့ ၁၃-တန်းလုံးတို့ကို ယူအပ်သည် ဖြစ်ရကား ၂×၁၃×၂×၁၃-ဟု ဝိကပ်စောင့်ဂဏန်းထား၍ အဆင့်ဆင့် မြှောက်ပွါးလျှင် ဥဒိစ္စဝုတ္တိဂါထာ ပတ္ထာရအတန်းပေါင်း ၆၇၆-တန်း ဖြစ်သင့်၏။ ဋီကာတို့၌ မိမိတို့အလို အားလျော်စွာ ဝိကပ်စောင့်ဂဏန်း ၁-မျိုးထား၍ မြှောက်ပွါးအပ်သည်ဖြစ်ရကား ပတ္ထာရပေါင်း ၃,၈၄၄-တန်း ရှိသည်-ဟု ဖွင့်ဆိုကြကုန်၏။ ဩပစ္ဆန္ဒသိကဂါထာ, အာပါတလိကာ- ဂါထာတို့၌လည်း ဥဒိစ္စဝုတ္တိဂါထာ ဖြစ်သင့်သည်-ဟု ဋီကာဆရာတို့ ဖွင့်ဆိုကုန်၏။

မိမိယုဂလမှတပါး သူတပါးယုဂလနှင့် ယှဉ်တွဲ၍ တည်နေကြကုန်သော ဂရုမတြာမျိုးတို့တွင် ဒုတိယနှင့် တတိယလဟုတို့ကို တစ်ပေါင်းတည်းပြု၍ ဂရုမတြာကလာပရာသိတဖြင့် ဖွဲ့ဆိုအပ်သော ဂါထာတို့၏ လက္ခ, လက္ခဏကို ပြဆိုပြီး၍ စတုတ္ထနှင့် ပဉ္စမ လဟုမတြာတို့ကို တပေါင်းတစည်းတည်းပြု၍ ဂရုမတြာ ကလာပရာသိတဖြင့် ဖွဲ့ဆိုအပ်သော ပစ္စဝုတ္တိဂါထာ၏ လက္ခ,လက္ခဏကို ဆက်၍ ပြပြန်လိုရကား—

၃၄။ ပုဗ္ဗတ္ထ သမေသု စေ ဂဏာ၊ ပစ္စဝုတ္တိ ရုဒိတာတိ သဏ္ဌိတာ။

ဟူသော သုတ်ကို ဆို၏။

ယဿာ၊ ၏။ သမေသု၊ ဒုတိယ, စတုတ္ထ စုံ ၂-ပါဒတို့၌။ ဝါ၊ တို့တွင်။ ပုဗ္ဗတ္ထ၊ ပါဒ ၏အစ ၆-မတြာ၌။ ဂဏာ၊ ဂရု, ဇဂိုဏ်းတို့သည်။ စေ သဏ္ဌိတာ၊ အကယ်၍ တည်ကုန်အံ့။ အည်၊ သမပါဒ၏ လက္ခဏာမှတပါးသော ဝိသမပါဒ၏လက္ခဏာသည်။ ဝေတာလီယော'ပမံ၊ တူ၏။ သာ၊ ထိုဂါထာကို။ ပစ္စဝုတ္တီတိ၊ ပစ္စဝုတ္တိဂါထာ မည်၏-ဟူ၍။ ဆန္ဒညူဟိ၊ တို့သည်။ ဥဒိတာ၊ ဆိုအပ်၏။

သီဟိုဠ်မူ၌ ရုဒိတေတိ-ဟု ပါဌ်ရှိ၏။ ဣ-ကို ဧ-အသဝဏ် အပြုကာရိယနှင့် ပါဌ်ရှိစေ-ဟူလို။ "ဝိသမေ ဝေတာလီယောပမာဝ"ဟု ဆန္ဒောသာရတ္ထ၌ ဆိုသောကြောင့် ဝိသမ ၂-ပါဒတို့၌ ဝေတာလီယဂါထာ၌ကဲ့သို့ ၈-တန်း၊ သမ ၂-ပါဒတို့၌ ၂-တန်းသာလျှင် ရရှိနိုင်သည်ဖြစ်ရကား ၈×၂×၈×၂-ဟု ဝိကပ်စောင့် ဂဏန်းထား၍ အဆင့်ဆင့် မြှောက်ယူလျှင် ပစ္စဝုတ္တိဂါထာ ပတ္ထာရအတန်းပေါင်း ၂၅၆-တန်း ထွက်သင့်၏။

ဆပ္ပစ္စယဒီပနီ၌ကား ဝိသမပါဒ၌ ၁၃-တန်းလုံး အကုန်ယူ၍ ပတ္ထာရအတန်းပေါင်း ၆၇၆-တန်းရှိသည်-ဟု မိမိအယူအားလျော်စွာ ပြဆို၏။

အမတသဥ္စိဝနီဋီကာဆရာ၏ အလိုအားဖြင့်ကား ဝိသမ ၂-ပါဒတို့၌ ရသင့်သော ၈-ဝိကပ်တို့တွင် အစ၌ ဂရုမတြာပါရှိကုန်သော အာဒိဂရု ၄-တန်းတို့ကိုလည်း ပယ်နုတ်၍

အစ၌ လဟုမတြာ ပါရှိကုန်သော အာဒိလဟု ၄-တန်းတို့ကိုသာလျှင် ယူလိုရိပ်ရှိ၏။ ထို့ကြောင့် ၎င်းဋီကာ၌—

ဝိပုလတ္ထသုဝါစက'က္ခရာ၊ ကဿ နာမ န ဟရန္တိ မာနသံ။
ရသဘာဝဝိသေသပေသလာ၊ ပစ္စဝုတ္တိကဝိကပ္ပသမ္ဘဝံ။ ။ –

ဟု ဥဒါဟရဏ်ပြယုဂ်ကို ထုတ်ဆိုအပ်လေပြီ။ ။ ဩပစ္ဆန္ဒသိကဂါထာ, အာပါတလိကာဂါထာ တို့၌လည်း ပစ္စဝုတ္တိဂါထာဖြစ်သင့်သည်-ဟု ဋီကာတို့၌ ဖွင့်ဆိုကုန်၏။

ပစ္စဝုတ္တိဂါထာ၏လက္ခဏာကို ပြဆိုပြီး၍ ဥဒိစ္စဝုတ္တိ, ပစ္စဝုတ္တိ ၂-ပါး ရောယှက်၍ ဖွဲ့အပ်သော ပဝတ္တကဂါထာ၏လက္ခ, လက္ခဏကို ပြလိုရကား—

၃၅။ သမာ'သမာ'တြာ'ဒိနံ သမာ-သံယုတာ ဘဝတိ တံ ပဝတ္တကံ။

ဟူသော သုတ်ကို ဆို၏။

ယဒါ၊ အကြင်အခါ၌။ အာဒိနံ၊ အနီးဖြစ်ကုန်သော ပစ္စဝုတ္တိဂါထာတို့၏။ သမာ သမာ၊ သမပါဒ, ဝိသမပါဒတို့သည်။ သမာ သံယုတာ၊ အညီအမျှ ကောင်းစွာယှဉ်အပ်ကုန် သည်။ စေ ဘဝန္တိ ကုန်အံ့။ တံ၊ ထိုဂါထာသည်။ အတြ၊ ဤဆန်းကျမ်း၌။ ဝါ၊ ဤဝေတာလီယ ဇာတ်၌။ ပဝတ္တကံ၊ ပဝတ္တကဂါထာ မည်၏။

အကြင်ဂါထာ၌ ဝိသမပါဒတို့သည် ဥဒိစ္စဝုတ္တိဂါထာ၏ ဝိသမပါဒနှင့် တူကုန်အံ့။ သမပါဒတို့သည် ပစ္စဝုတ္တိဂါထာ၏ သမပါဒနှင့် တူကုန်အံ့။ ထိုဂါထာသည် ပဝတ္တိကဂါထာ မည်၏ ဟူလိုသတည်း။ အာဒိနံ-ကို အနက်ဖွင့်ဆိုသောအခါ၌ အာဒိနံ၊ အနီးဖြစ်ကုန်သော ဥဒိစ္စဝုတ္တိဂါထာ, ပစ္စဝုတ္တိဂါထာတို့၏-ဟူ၍ ဥဒိစ္စဝုတ္တိဂါထာက စ၍ အနက်ပေးမိတတ်၏။ ဝိသမ, သမ ၂-ပါဒတို့၌ပင် ၂-ဝိကပ်စီချည်းရသောကြောင့် ၂×၂×၂×၂-ဟု ဝိကပ်စောင့် ဂဏန်းထား၍ မြှောက်ယူလျှင် ပဝတ္တကဂါထာ ပတ္ထာရအတန်းပေါင်း ၁၆-မျိုး ဖြစ်၏။

ဣတော ပရံ ယာဝ ပဝတ္တကံ ဒွိရာဝတ္တံ ဒွိရာဝတ္တံ ကာတဗ္ဗံ။ –

ဟူသော ဆန္ဒောသာရတ္ထဝိကာသနီဋီကာနှင့်အညီ ဩပစ္ဆန္ဒသိကဂါထာမှ စ၍ ပဝတ္တက ဂါထာတိုင်အောင် ၆-ဂါထာတို့ကို ၂-ခေါက်, ၂-ခါ ပြန်လည်၍ ပုဗ္ဗဒ္ဓ, အပရဒ္ဓ စုံလင်စွာ ပြုစီရင်အပ်ကုန်၏။ ဤဂါထာ၏လက္ခဏာကို အမတသဉ္ဇီဝနီဋီကာ၌—

ယုဂပါဒေ ပဥ္စမေန ပုဗ္ဗော သံဂစ္ဆတေ၊ အယုဂေ တတိယေန ဒုတိယော ဣတျ'တ္ထော။

ဟု အကျဉ်းချုံး၍ ပြဆို၏။

ယုဂပါဒေ၊ စုံသောသမပါဒ၌။ ပဌမေန၊ ပဌမ လဟုမကြာနှင့်။ ပုဗ္ဗော၊ ရှေ့၌ဖြစ်သော စတုတ္ထလဟုမကြာသည်။ သံဂစ္ဆတေ၊ ပေါင်းဆုံ၏။ အယုဂေ၊ ဝိသမပါဒ၌။ တတိယေန၊ တတိယ လဟုမကြာနှင့်။ ဒုတိယော၊ ဒုတိယလဟုမကြာသည်။ သံဂစ္ဆတေ၊ ၏။ ဣတိ၊ ဤကား။ အတ္ထော၊ အနက်တည်း။

သမာသံယုတာ-ဆိုသဖြင့် ရှေးအခွန်ကဲ့သို့ နောက်အခွန်လည်း ဂရု, လဟု, မကြာ-ဟု ထား၍ ဖွဲ့အပ်ကြောင်းကို သိအပ်၏။

ဥဒိစ္စဝုတ္တိ, ပစ္စဝုတ္တိဂါထာ ၂-မျိုးတွဲ၍ ဖွဲ့ဆိုအပ်သော ပဝတ္တကဂါထာ၏လက္ခ, လက္ခဏာတို့ကို ပြဆိုပြီး၍ ပဝတ္တကဂါထာ၏(ဝေတာလီယဂါထာ၏) သမပါဒလက္ခဏာအတိုင်း ၄-ပါဒတို့၌ ထား၍ ဖွဲ့ဆိုအပ်သော **အပရန္တိကာဂါထာ၏** လက္ခဏာကို ပြလိုရကား—

၃၆။ **အဿ သာ သမကတာ'ပရန္တိကာ။**

ဟူသော သုတ်ကို ဆို၏။

အဿ၊ ထို“ဝိသမေ ဆ သိယုံ ကလာ မုခေ”စသော ဝေတာလီယဂါထာ၏။ သမကတာ၊ ၁၆-မကြာ၊ တူစွာညီမျှ၊ သမပါဒတို့ဖြင့် ပြုအပ်, စီရင်အပ်သော။ ယာ ဂါထာ၊ သည်။ အတ္ထိ၊ ရှိ၏။ သာ ဂါထာ၊ သည်။ **အပရန္တိကာ** မည်၏။

သက္ကဋဝုတ္တရတနာကရဗျာချာ၌ “အဿာတိ ဝေတာလီယဿ”ဟု တိုက်ရိုက်ဖွင့် ထားသောကြောင့် ယခင်အနက်ကို ဆိုသည်။

ဋီကာတို့၌ကား “အဿာတိ ပဝတ္တကဿ”ဟု အနီးတွင် ယှဉ်ကပ်လျက်ရှိသော “ပဝတ္တက”ဂါထာကိုသာလျှင် စွဲဆိုဖွင့်ပြကြကုန်၏။ ၎င်းဂါထာ၏လက္ခဏာကို “ယုဂပရန္တိကာ” ဟူသော ပိင်္ဂလဆန်းသုတ်အဖွင့်ဖြစ်သော အမတသဉ္စိဝနိဋီကာ၌—

**ယုဂလက္ခဏယုတ္တောပိ စတူပိ ပါဒေပိ အပရန္တိကာ နာမ ဝေတာလီယံ၊ ကိံ တံ လက္ခဏံ? သောဠသမတ္တတ္တံ ပဌမေန ပုဗ္ဗဿ ယောဂေါ ဆန္နံ မိဿာနံ ပယောဂေါ စ။**

ဟူ၍ ၁၆-မကြာရှိခြင်း, ပဌမလဟုနှင့် စတုတ္ထလဟုကို တစ်ပေါင်းတည်းပြု၍ ဂရုမကြာ တစ်လုံးတည်းထားခြင်း, လဟုဆက္ကကို ယှဉ်ခြင်း ဤလက္ခဏာ ၃-မျိုးသည် အပရန္တိကာ ဂါထာ၏လက္ခဏာတည်းဟု ဖွင့်ဆို၏။ အဿ-ကို ပဝတ္တကဂါထာ-ဟု ဖွင့်ပြသောဋီကာ ဆရာတို့၏အလိုအားဖြင့် ၂×၂×၂×၂-ဟု ဝိကပ်စောင့်ဂဏန်းထား၍ တွက်ယူအပ်သော ကြောင့် အပရန္တိကာဂါထာ ပတ္ထာရအတန်းပေါင်း ၁၆-တန်း ဖြစ်၏။

ပိင်္ဂလဆန်းကျမ်း၌—

ဝေတာလီယ၊ ဩပစ္ဆန္ဒသိက၊ အာပါတလိကာ၊ ပစ္စုဝုတ္တိ၊
ဥဒိစ္စဝုတ္တိ၊ ပဝတ္တက၊ စာရုဟာသိနီ၊ အပရန္တိကာ —

ဟု ဝေတာလီယဇာတ် ၈-ဂါထာတို့၏ ရှေ့,နောက်အစဉ်ကို ထား၍လက္ခဏာကို ပြဆို၏။ ဝုတ္တရတနာကရဆန်းကျမ်း၌ကား ဤဝုတ္တောဒယဆန်းကျမ်း၌ကဲ့သို့ ဒက္ခိဏန္တိကာဂါထာကို ထည့်သွင်းလျက် စာရုဟာသိနီဂါထာကို အဆုံးထား၍ ၉-ဂါထာတို့၏လက္ခဏာကို ပြဆို၏။ **"အဿာတိ ဝေတာလီယဿ"**ဟု ဖွင့်ဆိုသော ဝုတ္တရတနာကရဗျာချာဆရာ အလိုအားဖြင့်ကား ဝေတာလီယဂါထာ၏ သမပါဒ၌ ပြဆိုအပ်သော ၃၄-ဝိကပ်တို့တွင် ရသင့်, ရထိုက်သော ၁၃-တန်းတို့ကိုသာ ယူ၍ ၁၃×၁၃×၁၃×၁၃-ဟု အစဉ်ထားအပ်သော ဝိကပ်စောင့်ဂဏန်းတို့ကို အဆင့်ဆင့်မြှောက်ပွါးလျှင် အပရန္တိကာဂါထာ၏ ပတ္ထာရအတန်းပေါင်း ၂၉,၆၀၁ *(၂၈၅၆၁)*-တန်း ဖြစ်သင့်၏။

**အမတသဉ္စိဝနီဋီကာဆရာ** အလိုအားဖြင့် ပဉ္စမလဟုနှင့် စတုတ္ထလဟု တပေါင်းတည်း ပြု၍ ဂရုအဖြစ်ဖြင့် တည်နေသော ဆဋ္ဌ, သတ္တမ, အဋ္ဌမ, စုဒ္ဒသမ, ပန္နရသမ, သောဠသမ, သတ္တဝီသတိမ, အဋ္ဌဝီသတိမ, ဧကူနတိံသတိမ၊ ဤ ၉-တန်းတို့ကိုလည်းကောင်း၊ လဟုဆက္က အဖြစ်ဖြင့် တည်နေသော တေရသမတန်း, တေတ္တိံသတိမတန်း, နောက်ဆုံး စတုတ္တိံသတိမ တန်း၊ ဤ ၃-တန်းတို့ကိုလည်းကောင်း အသီးရွေးချယ်ထုတ်နုတ်၍ ၁၂×၁၂×၁၂×၁၂-ဟု အစဉ်ထားအပ်သော ဝိကပ်စောင့်ဂဏန်းတို့ကို အဆင့်ဆင့်မြှောက်ပွါးလျှင် ၂၀,၇၃၆-တန်း ပတ္ထာရအကျယ် ထွက်သင့်၏။ **"ပဋိသင်္ခါယ ပနေ'တ'မဒ္ဒုံ"**စသော အဘိဓမ္မတ္ထသင်္ဂဟာကျမ်း ဘုံပိုင်းအဆုံး၌ ပါရှိသော ဂါထာကိုလည်း **အပရန္တိကာဂါထာ**မျိုးဖြစ်သည်-ဟု ဆုံးဖြတ်သင့်၏။

သဂြိုဟ်ဂဏ္ဌိဟောင်း၌ ဒီဃ, ရဿ, ဒွေဘာဝတို့ကို ပြင်ဆင်၍ ဝေတာလီယဂါထာ ဟု ဆိုမှား၏။ ဒက္ခိဏာရာမဆရာတော်စီရင်သော သဂြိုဟ်ဂဏ္ဌိသစ်၌—

**သဂိုဏ်းဦးစွာ၊ ဘနှင့်ရာ၊ နောက်မှာ လနှင့် ဂ။**
**ဆန်းကျမ်းမလာ၊ ဤဂါထာ၊ သညာ သိခက်လှ။ ။**

ဟု ဝဏ္ဏဝုတ္တိဆန်းမျိုး အထင်ရှိ၍ အမည်သိနိုင်ဖို့ရာ ခဲယဉ်းကြောင်းကို ရေးဆို၏။

ဤအရာတွင် ဆန်းကျမ်း၌ လေ့လာကုန်သော ဆန်းတတ်ပညာရှိကြီးများ စဉ်းစားကြံစည်နိုင်းဆရန် ဝဏ္ဏဝုတ္တိဆန်းနှင့် မတ္တာဝုတ္တိဆန်း ရောပြွမ်းရှုပ်ထွေးလျက်ရှိသည်ကို သိသာရှင်းလင်း ထည့်သွင်းဖော်ပြလိုက်ဦးအံ့။

ရော နရာ ဣဟ ရထောဒ္ဓတာ လဂါ။ ။
မ္ဘာ ဗွာ သုဒ္ဓဝိရာဋိ'ဒံ မတံ။ ။

ဟူသော သုတ်တို့နှင့်အညီ ဖွဲ့ဆိုအပ်ကုန်သော ရထောဒ္ဓတာဂါထာ, သုဒ္ဓဝိရာဋဂါထာတို့သည်လည်းကောင်း၊

ဒီပကမာလာ ဘော မဇာ စ ဂေါ။

ဟူသော ဆန္ဒောမဥ္ဇရီသုတ်နှင့်အညီ ဖွဲ့ဆိုအပ်သော ဒီပကမာလာဂါထာသည်လည်းကောင်း၊

ဘဝတိ နဇာ အထ မာလတီ ဇရာ။
ဘုဝိဘဝေ နဘဇရာ ပိယံဝဒါ။ ။

ဟူသော ဝုတ္တရတနာကရသုတ်တို့နှင့်အညီ ဖွဲ့ဆိုအပ်ကုန်သော မာလတီဂါထာ၊ ပိယံဝဒါဂါထာတို့သည်လည်းကောင်း ဝေတာလီယဂါထာ၏ သမပါဒနှင့်မတြာ, ဂိုဏ်း, ဂရု, လဟုတူမျှကုန်သည်ဖြစ်၍ အပရန္တိကာဂါထာမျိုး မည်ကုန်၏ဟု မှတ်ထင်ဖွယ်ရှိကုန်၏။ အထူးသဖြင့် "အဿာသာ သမကတာ'ပရန္တိကာ"ဟူသော သုတ်ကိုပင်လျှင် ရထောဒ္ဓတာဂါထာဟု ဆိုနိုင်၏။

န-ရ-ဇ-ဂေ-ဟိ သာ မနောရမာ။
န-န-ရ လဟု-ဂုရူဟိ ဘဒ္ဒိကာ။
သေနိကာ ရဇာ ရလာ ဂုရူ ယဒါ။ ။

ဟူသော ဝုတ္တရတနာကရသုတ်တို့နှင့်အညီ ဖွဲ့ဆိုအပ်သော မနောရမာဂါထာ, သေနိကာဂါထာတို့သည် ဝေတာလီယဂါထာ၏ ဝိသမပါဒနှင့် မတြာဂိုဏ်း ဂရု, လဟု တူကုန်သည်ဖြစ်၍ စာရုဟာသိနီဂါထာမျိုး မည်ကုန်၏-ဟု ဆိုရန်ရှိကုန်၏။

ယခင်ဂါထာတို့ကို "ဥပဇာတိ"ပြုရာ ဖြစ်ပေါ်လာကုန်သော "ဥပဇာတိ"မျိုးတို့ကိုလည်း ဝေတာလီယဂါထာမျိုး-ဟု မှတ်ယူအပ်ကုန်၏။

ရွရဂါ မယူရသာရိဏီ သာ။

ဟူသော ဝုတ္တရတနာကရဆန်းသုတ်နှင့်အညီ ဖွဲ့ဆိုအပ်သော မယူရသာရိဏီဂါထာသည် ဩပစ္ဆန္ဒသိကဂါထာ၏ ဝိသမပါဒနှင့် မတြာဂိုဏ်း ဂရု,လဟု တူသည်။

သွာဂတေတိ ရနဘာ ဂုရုကာ ဒွေ။
ဘဝတိ'ဟ တာမရသံ နဇဇာ ယော။
ဒေါဓကမိစ္ဆတိ စေ ဘဘဘာဂါ။ ။

ဟူသော သုတ်တို့နှင့်အညီ ဖွဲ့ဆိုအပ်သော **သွာဂတာဂါထာ, တာမရသဂါထာ, ဒေါဓကဂါထာ** တို့သည်လည်းကောင်း၊

**အနဝသိတာ နျာ ဘ္ဂာ ဂုရု စန္ဒေ။ ။**

ဟူသော ဝုတ္တရတနာကရဆန်းသုတ်နှင့်အညီ ဖွဲ့ဆိုအပ်သော **အနဝသိတာဂါထာသည်** လည်းကောင်း **အာပါတလိကာဂါထာ၏** သမပါဒနှင့် မတြာဂိုဏ်း ဂရု,လဟု တူကုန်သည်။

ဤကား ဝဏ္ဏဆန်းနှင့် မတြာဆန်း ရောပြွမ်းကူးယှက်၍ တည်နေသောအရာတို့ကို အကျဉ်းအားဖြင့် ပြဆိုခြင်းတည်း။

ပဝတ္တကဂါထာ၏ သမပါဒဖြင့် ဖွဲ့အပ်သော အပရန္တိကာဂါထာ၏ သုတ်ကို ပြဆိုပြီး၍ ပဝတ္တကဂါထာ၏ဝိသမပါဒဖြင့် ဖွဲ့အပ်သော **စာရုဟာသိနီဂါထာ၏သုတ်ကို** ပြလိုရကား—

**၃၇။ တဒညဇာ စာရုဟာသိနီ။**

ဟူသောသုတ်ကို ဆို၏။

တဒညဇာ၊ ထိုဝေတာလီယဂါထာ၏ သမပါဒမှတပါး ဝိသမပါဒတို့ဖြင့် ဖြစ်သော ဂါထာသည်။ စာရုဟာသိနီ၊ **စာရုဟာသိနီဂါထာ** မည်၏။

ဤ၌လည်း **ပဝတ္တကဂါထာ၏** ဝိသမပါဒ-ဟု တ-၏အစွဲကို ဋီကာတို့၌ ဖွင့်ဆိုကုန် သည်။

ပိင်္ဂလဆန်းသုတ်အဖွင့်၊ အမတသဉ္စီဝနီဋီကာ၌—

**ကိံ တံ လက္ခဏံ? စတုဒ္ဒသမတ္တတံ တတီယေန ပုဗ္ဗသ္မ ယောဂေါ။**

ဟု ၁၄-မတြာရှိခြင်း ဒုတီယလဟုနှင့် တတီယလဟုကို တစုတပေါင်းတည်းပြု၍ ဂရု ၁-လုံးတည်း ထားခြင်းသည် **စာရုဟာသိနီဂါထာ၏** လက္ခဏာတည်းဟု ဖွင့်ဆိုသောကြောင့် ဝေတာလီယဂါထာ၏ ဝိသမ ၁၃-ဝိကပ်တို့တွင် တတီယ, ဆဋ္ဌ, ဧကာဒသမ၊ ဤ ၃-တန်း တို့၌သာလျှင် ဤဂါထာ ဖြစ်ထိုက်၏-ဟု ဟလာယုဓဆရာအလို ဆိုသင့်၏။

သို့သော်လည်း ဝေတာလီယဂါထာ၏ ဝိသမပါဒတို့ဖြင့် စီရင်အပ်သောဂါထာကို **စာရုဟာသိနီဂါထာ**-ဟု ဝုတ္တရတနာကရ ဗျာချာဆရာဆိုသောကြောင့် ဝေတာလီယဝိသမ ပါဒကို ၄-ပါဒလုံး မတြာဂိုဏ်း ဂရု,လဟု အတူထား၍ ဖွဲ့ဆိုနိုင်သည်-ဟု မှတ်အပ်၏။

မာဂဓဆန္ဒောမဥ္ဇရီ၊ ဓာတွတ္ထသင်္ဂဟ-စသော များစွာကုန်သောကျမ်းဂန်တို့ကို ရေးသားပြုပြင် စီရင်တော်မူသော ငါတို့၏ဓမ္မာစရိယဖြစ်သော **"မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရား"**ကား ပဝတ္တကဂါထာ၏ ပါဒဖြင့် ဋီကာဆရာတို့ဆိုသည်ကို ဥပလက္ခဏ, နိဒဿန, ပစ္စာသန္နနည်း-ဟု ကြံယူ၍ ဝေတာလီယ, ဩပစ္ဆန္ဒသိက, အာပါတလိကာ, ဒက္ခိဏန္တိကာဂါထာတို့ဖြင့်လည်း အပရန္တိကာဂါထာ, စာရုဟာသိနီဂါထာ ဖြစ်သင့်၏-ဟု ဆုံးဖြတ်ရေးသား တော်မူ၏။

ဝေတာလီယဇာတိယော၊ ဝေတာလီယဇာတ် ၉-မျိုးသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

မတ္တာဝုတ္တိ၏ဘေဒသည် ဤမျှသာ မဟုတ်ချေသေး။ ၄-ပါဒတို့၌ မတ္တာအညီအမျှ ထား၍ ဖွဲ့ဆိုအပ်သော မတ္တာဝုတ္တိမျိုးလည်း ရှိသေး၏-ဟု ဇာတိ ၄-ပါဒတို့တွင် မတ္တာဝိသမ ဖြစ်ကုန်သော ဇာတိ ၃-ပါးတို့၏ အကျယ်ကို ပြဆိုပြီး၍ စတုတ္ထဖြစ်သော မတ္တာသမက **ဇာတိ၏အကျယ်**ကို ပြလိုသော ရှင်သံဃရက္ခိတဆရာသည်—

၃၈။ **ဒွိက-ဝိဟတ-ဝသုလဟု အစလမိတိ'ရိဟ။** —

စသောသုတ်တို့ကို ပြဆိုတော်မူရပြန်ပေသတည်း။

ယဿာ၊ ၏။ သောဠသမတ္တိကေသု၊ ၁၆-မတ္တာရှိကုန်သော။ ပါဒေသု၊ ၄-ပါဒတို့၌။ ဒွိက-ဝိဟတ-ဝသုလဟု၊ ၂-ခုတို့ဖြင့် မြှောက်အပ်သော ၈-လဟု ရှိသည်။ ဝါ၊ ၁၆-လဟု ရှိသည်။ စေ ဘဝတိ၊ အံ့။ သာ ဝုတ္တိ၊ သည်။ ဣဟ၊ ဤဝုတ္တောဒယဆန်းကျမ်း၌။ အစလမိတိ၊ **အစလဓိတိဂါထာ** မည်သည်။ ဘဝတိ၊ ၏။ ။ ဌဝမ်းဘဲနှင့် အစလဋ္ဌိတိ-ဟု ပါဌ်ပျက်လျက် ရှိတတ်၏။

ဂင်္ဂါဒါသဆရာစီရင်သော ဆန္ဒောမဥ္ဇရီကျမ်း၌ကား ၁၆-လုံးဖွဲ့ အဌိဆန်း၌ သွင်း၍ ရေးသားပြဆို၏။ ပိင်္ဂလဆန်းကျမ်း၌ **ဂီတိအရိယာဂါထာ**-ဟု အမည်တပါးဖြင့် ဆို၏။ မတ္တာဖြင့် ဖွဲ့ဆိုအပ်သော မတ္တာဆန်းမျိုးကို ပိင်္ဂလဆန်းကျမ်း, ဝုတ္တာရတနာကရဆန်းကျမ်း, ဆန္ဒောသာရဆန်းကျမ်းတို့၌ သက္ကဋအဖွဲ့၌ အသုံးပြုလုပ်ဖို့ကောင်းသော အချို့သော မတ္တာဝုတ္တိမျိုးမျှသာယူ၍ ထည့်သွင်းပြဆိုလေသည်။

ပါကတပိင်္ဂလဆန်းကျမ်း၌ကား မတ္တာဝုတ္တိ ၄၅-မျိုးရှိကြောင်းကို ဥဒါဟရဏ်နှင့် တကွ အကျယ်ရေးသားပြဆို၏။

ထို ၄၇-မျိုးသော မတြာဝုတ္တိတို့တွင် ဂါဟူ, ဂါထာ, ဝိဂါထာ-စသော မတြာဝုတ္တိတို့သည် ပါဒချင်း, အဒ္ဓချင်း မတြာ မတူမညီကုန်သောကြောင့် မတ္တာဝိသမမျိုး မည်ကြကုန်၏။ ရသိကာ, ရောလာ, ပဇ္ဈဋိကာ-စသော မတြာဝုတ္တိတို့သည် ပါဒချင်း, အဒ္ဓချင်း မတြာ တူညီမျှကုန်သောကြောင့် မတ္တာသမကမျိုး မည်ကြကုန်၏။ ထိုမတ္တာသမကမျိုးတို့တွင် ပါဒ ၁-ခု, ၁-ခု၌ ၁၆-မတြာစီ အညီအမျှထား၍ ဖွဲ့ဆိုအပ်သော မတ္တာသမကမျိုးကိုသာလျှင် ဤကျမ်းတွင် ထည့်သွင်းပြဆိုသည်-ဟု မှတ်အပ်၏။

မတ္တာဝုတ္တိဂါထာမျိုး အပေါင်းပါတို့တွင် ပါဒါကုလကမည်သော မတ္တာဝုတ္တိမျိုးကို ဖြစ်စေတတ်သော ဂါထာတို့၏သုတ် ဥဒါဟရုဏ်တို့ကို ပြလိုရကား—

၃၉။ မတ္တာသမကံ နဝမော လ္ဂန္တော။ —

စသော သုတ်တို့ကို ပြဆို၏။

သောဠသမတ္တိကေသု၊ ကုန်သော။ ပါဒေသု၊ တို့၌။ နဝမော၊ ၉-ခုမြောက်သော မတြာသည်။ လော၊ လဟုသည်။ စေ ဘဝတိ၊ အံ့။ အန္တေ၊ ပါဒတို့၏ အဆုံးဝဏ္ဏ၌။ ဂေါ၊ ဂရုသည်။ စေ ဘဝတိ၊ အံ့။ တံ၊ သည်။ မတ္တာသမကံ၊ ၁၆-မတြာ တူစွာညီမျှသော မတ္တာ-သမကဂါထာ မည်၏။

> ပထမသုတ္တတော လဟူတိ ဝတ္တမာနေပိ ပုနရပိ နဝမော လီတိ ဝဒတာ အညလဟူနံ မိဿဘာဝေါ အနုညာတော၊ တသ္မာ န သမာတြာ ကလာပရာသိတာတိ ဝိဓိပိ ယုဇ္ဇတိ။ (ဆန္ဒောသာရတ္ထဝိကာသနီဋီကာ)

ပထမသုတ္တတော၊ 'ဒွိကဝိဟတဝသု လဟု အစလဓိတိရိဟ'-ဟူသော ရှေးသုတ်မှ။ လဟူတိ၊ လဟု-ဟူ၍။ ဝတ္တမာနေပိ၊ လိုက်ခြင်းဖြစ်သင့်လျက်လည်း။ ပုနရပိ၊ တဖန်လည်း။ နဝမော လီတိ၊ နဝမော လ-ဟူ၍။ ဝဒတာ၊ သုတ်ကို ရွတ်ဆိုသော ဆန်းကျမ်းဆရာသည်။ အညလဟူနံ၊ နဝမလဟုမှ တပါးကုန်သော တွဲဖက်သင့်သော လဟုတို့၏။ မိဿဘာဝေါ၊ ရောနှောအပ်သည်၏အဖြစ်ကို။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ တသ္မာ၊ ထိုသို့ တွဲဖက်သင့်သော လဟုချင်း တွဲဖက်ရောယှက်၍ ဂရုအဖြစ်ဖြင့် ယူအပ်သည်ကို ခွင့်ပြုအပ်သောကြောင့်။ န သမတြာ ကလာပရာသိတာတိ၊ ပရာသိတာ-ဟူသော။ ဝိဓိပိ၊ ဝုတ္တရတနာ-ကရဆန်းကျမ်း၌လာသော အစီအရင်ကိုလည်း။ ယုဇ္ဇတိ၊ ယှဉ်အပ်၏။ ။ တစ်နည်း ဝိဓိပိ၊ သည်လည်း။ ယုဇ္ဇတိ၊ သင့်၏။

မတ္တာသမကဂါထာ၏ ဂဏဝိကပ်ပုံ

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | မတ္တာစဉ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | | ၂ | | ၂ | | ၂ | | ၁ | ၁ | ၂ | | ၂ | | ၂ | | |
| ၁ | ၁ | ၂ | | ၂ | | ၂ | | ၁ | ၁ | ၂ | | ၁ | ၁ | ၂ | | |
| ၂ | | ၁ | ၁ | ၂ | | ၂ | | | | | | | | | | |
| ၁ | ၁ | ၁ | ၁ | ၂ | | ၂ | | | | | | | | | | |
| ၂ | | ၂ | | ၁ | ၁ | ၂ | | | | | | | | | | |
| ၁ | ၁ | ၂ | | ၁ | ၁ | ၂ | | | | | | | | | | |
| ၂ | | ၁ | ၁ | ၁ | ၁ | ၂ | | | | | | | | | | |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ | | | | | | | | | | |
| ၂ | | ၂ | | ၂ | | ၁ | ၁ | | | | | | | | | |
| ၁ | ၁ | ၂ | | ၂ | | ၁ | ၁ | | | | | | | | | |
| ၂ | | ၁ | ၁ | ၂ | | ၁ | ၁ | | | | | | | | | |
| ၁ | ၁ | ၁ | ၁ | ၂ | | ၁ | ၁ | | | | | | | | | |
| ၁၂ | | | | | | | | ၂ | | | | ၂ | | | | ဝိကပ်စောင့်ဂဏန်း |

၁၆-မတ္တာတို့ကို ထက်ဝက်ပြုလျှင် ရှေး,နောက် ၈-မတ္တာစီရရှိသောကြောင့် ရှေ့ ၈-မတ္တာတို့ကို ပတ္ထာရဖြန့်လျှင် ၃၄-တန်းဖြစ်၏။ ထို ၃၄-တန်းတို့တွင် ကလာပရာသိတ အတန်းတို့ကိုလည်းကောင်း၊ ၅-ခုမြောက်, ၈-ခုမြောက်တို့၌ လဟုရှိသော အတန်းတို့ကို လည်းကောင်း ပယ်နုတ်၍ ဝိကပ်ပုံ၌ ပြထားအပ်ကုန်သော ၁၂-တန်းတို့ကိုသာလျှင် ဤမတ္တာ-သမကဂါထာ၌ ရအပ်ကုန်၏။

နဝမှာ အမြဲလဟု နေရမြဲဖြစ်သောကြောင့် မိမိနှင့်ယှဉ်တွဲဘက်ဖြစ်သော ဒသမလဟု သည်လည်း မတြာ ၁-ခုတည်း၏အဖြစ်ဖြင့်သာလျှင် တည်နေနိုင်၏။ တွဲဘက် မဟုတ်သော ဧကာဒသမလဟုနှင့် ယှဉ်တွဲ၍ ဂရု၏အဖြစ်ဖြင့် မတည်နိုင်ချေ။ ထို့ကြောင့် ဒသမမတြာ၌ လည်း လဟုမတြာ ၁-ခုကိုသာလျှင် ရအပ်၏။

ဧကာဒသမ, ဒွါဒသမလဟုတို့ကိုလည်း တပေါင်းတစည်းတည်းပြု၍ ဂရုမတြာအဖြစ် ဖြင့် ယူအပ်ကုန်၏။ တေရသမနှင့် စတုဒ္ဒသမ-ဟူသော ယုဂမတြာတို့ကိုကား ဂရုလဟု ၂-မျိုး ခွဲယူအပ်ကုန်၏။ မတြာဝုတ္တိတို့၌ ဂိုဏ်းတို့ဖြင့်လည်း ဂါထာ၏လက္ခဏာကို မှတ်၍ ဆိုအပ်သည်ဖြစ်သောကြောင့် "မတ္တာသမကံ'ဋ္ဌဟိ သာ'ထ သဂါ"ဟု သုတ်တည်ထားခဲ့ပါမူ ကား မတ္တာသမကဂါထာ၏ လက္ခဏာသည် သာ၍ သိသာထင်ရှား၏။

အဋ္ဌဟိ၊ ၈-မတြာတို့မှ။ သာ၊ သ ၂-ဂိုဏ်းတို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ အထ၊ ထိုမှတပါး။ သဂါ၊ သဂိုဏ်း, ဂရု ၂-လုံးတို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ တံ၊ သည်။ မတ္တာသမကံ၊ မည်၏။

မတ္တာသမကဂါထာ၌ ပတ္ထာရသင်္ချာအတန်းပေါင်း(ဂုဟ'သိ'သိ'န္ဓုရာမဂ္ဂိ) ၃၃၁,၇၇၆-တန်း အရေအတွက်ရှိ၏။

နဝမ၌ လဟုအမြဲထား၍ ဖွဲ့ဆိုအပ်သော မတ္တာသမကဂါထာ၏လက္ခ, လက္ခဏာ တို့ကို ပြဆိုပြီး၍ ပဉ္စမ,အဋ္ဌမ ၂-ဌာနတို့၌ လဟုအမြဲထား၍ ဖွဲ့ဆိုအပ်သော ဝိသိလောက ဂါထာ၏ လက္ခ,လက္ခဏာကို ပြလိုရကား—

၄၀။ ဇော န္လာ ထဝါ'ဋ္ဌကဝါ ဝိသိလောကော။

ဟူသော သုတ်ကို ဆို၏။

သောဠသမတ္တိကေသု၊ ကုန်သော။ ပါဒေသု၊ တို့၌။ အဋ္ဌကဝါ၊ အစ ၄-မတြာမှ။ ဝါ၊ ၄-လဟုမှ။ ပရံ၊ ၌။ ဇော၊ ဇဂိုဏ်းသည်။ စေ ဘဝတိ၊ အံ့။ အထဝါ၊ တစ်နည်းကား။ န္လာ၊ နဂိုဏ်း, လဟုတို့သည်။ ဝါ၊ န္လာထ ဝါ၊ နဂိုဏ်း,လဟုတို့သည်သော်လည်း။ ဝါ၊ လဟု ၄-လုံးတို့သည်သော်လည်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သော၊ သည်။ ဝိသိလောကော၊ မည်၏။

န္လ-က္ကတိ နော စ လော စ နလော၊ နလာနံ သမာဟာရော န္လံ၊ န္လမိတိတဝဂ္ဂသ
နကာရဿ ဌာနေ နလကာရော၊ နကာရေန မတ္တတ္တယံ လကာရေန ကော မတ္တာ။
(ဘာဝတ္ထသန္ဒီပနီဋီကာ)

အထဝါ-သဒ္ဒါကား အရာတပါးတို့၌ ပက္ခန္တရဇောတက၊ ဤ၌ကား ဝိကပ္ပတ္ထ-ဇောတကနိပါတ်ပုဒ်။

**အထဝါ သဒ္ဒေါ'တြ ဝိကပ္ပဝစနော နိပါတသမုဒါယော။** (ဆန္ဒောသာရတ္ထဝိကာသနီ)

ဂေါန္တေ-သဒ္ဒါကို သုတ်တိုင်းလိုက်၍ ပေးရမည်။

ပိင်္ဂလဆန်းကျမ်း၌ ဝိသိလောကော ပဉ္စပဉ္စမာ-ဟု ဂိုဏ်းဖြင့် မမှတ်၊ ဌာနဖြင့် မှတ်၍ မတြာကို ပြဆို၏။

ပိင်္ဂလဆန်းသုတ်ကို အကျဉ်းချုံး၍ စီကုံးရေးသားအပ်သော အာဠဝ္ဟယပူရာဏ် ကျမ်းလာ ဆန္ဒောသာရကျမ်း၌လည်း—

**ဂါန္တာ ဒ္ဝိဝသဝေါ စေဝ၊ မတ္တာသမကမီ'ရိတံ။**
**ဘဝေယျ နဝမေ လော စ၊ ဒွါဒသေ ဝါ နဝါသိကာ။ ။**

**ဝိသိလောကော ပဉ္စမ'ဋ္ဌမေ၊ စိတြာ နဝမကေ စ လော။**
**ပရယုတ္တေ နော'ပစိတြာ၊ ပါဒါကုလက'မေဘျ'တော။ —**

ဟူ၍ မတြာဖြင့်သာလျှင် မှတ်၍ ဂါထာ၏လက္ခဏာကို ဆို၏။

ဂါန္တာ၊ ဂရုအဆုံးရှိသော။ ဒ္ဝိဝသဝေါ စေဝ၊ လဟု ၁၆-လုံးတို့သည်လည်း။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ နဝမေ၊ ၉-ခုမြောက်သော မတြာ၌။ လော စ၊ လဟုသည်လည်း။ ဘဝေယျ၊ ၏။ တံ၊ ထိုဂါထာကို။ **မတ္တာသမကံ၊** ဟူ၍။ ဤရိတံ၊ ဆိုအပ်၏။ နဝမေ ဝါ၊ ၉-လုံး၌လည်း ကောင်း။ ဒွါဒသေ ဝါ၊ ၁၂-လုံးမြောက်၌လည်းကောင်း။ လော စ၊ သည်လည်း။ စေ ဘဝေယျ၊ အံ့။ သာ ဂါထာ၊ သည်။ **နဝါသိကာ၊** မည်၏။ ပဉ္စမ'ဋ္ဌမေ စ၊ ၅-လုံးမြောက်, ၈-လုံးမြောက်၌။ လော စ၊ သည်လည်း။ စေ ဘဝေယျ၊ ၏။ သော၊ ထိုဂါထာသည်။ ဝိသိလော-ကော၊ မည်၏။ ပဉ္စမ'ဋ္ဌမေ စ၊ ၅-လုံးမြောက်, ၈-လုံးမြောက်၌လည်းကောင်း။ နဝမကေ စ၊ ၉-လုံး မြောက်၌ လည်းကောင်း။ လော စ၊ သည်လည်း။ စေ ဘဝေယျ၊ အံ့။ သာ၊ ထိုဂါထာသည်။ စိတြာ၊ မည်၏။ ပရယုတ္တေန၊ နောက် သမလဟုနှင့် ယှဉ်အပ်သော ၉-ခုမြောက်သော လဟုဖြင့်။ ဥပစိတြာ၊ မည်၏။ အတော၊ ထို့ကြောင့်။ ဧဘိ၊ ထိုမတ္တာသမက, နဝါသိကာ, ဝိသိလောက, စိတြာ, ဥပစိတြာဂါထာတို့ဖြင့်။ ပါဒါကုလကံ၊ ပါဒါကုလကဂါထာသည်။ ဘဝတိ၊ ၏။

ဝုတ္တရတနာကရဆန်းကျမ်းကို စီရင်သော ကေဒါရဘဋ္ဋဆရာသည်ကား ထိုပိင်္ဂလ ဆန်းအဆိုသို့ မလိုက်၊ မိမိသဘောအားလျော်စွာ အချို့သောဂါထာတို့၏လက္ခဏာကို ရေး ထားခဲ့သည်ဖြစ်သောကြောင့် မတြာဝုတ္တိကို ဆိုသော အပိုင်းအခန်းအားလျော်စွာ မတြာဖြင့်

သာလျှင် ဂါထာတို့၏လက္ခဏာကို ဆိုအပ်သည်ဖြစ်လျက် ထိုသို့ မဆိုမူ၍ ဂိုဏ်းဖြင့် မှတ်၍လည်း မတြာဝုတ္တိဂါထာတို့၏လက္ခဏာကို ဆိုသည်-ဟု မှတ်အပ်၏။ ပါဒတစ်ခု၏အဖို့ ဝိကပ်ဆင့်ပုံကို ပြထားခဲ့သောကြောင့် ၄-ပါဒတို့၏ အဖို့ ၄-ခေါက် ၄-ခါပြန်၍ ဝိကပ်ဆင့်ပုံကို ပြုစီရင်အပ်၏။

ဝိသိလောကဂါထာ၏ ပတ္ထာရအတန်းပေါင်းသည် ၃၂×၃၂×၃၂×၃၂= ၁,၀၄၈,၅၇၆-တန်းအရေအတွက် ရှိ၏။

## ဝိသိလောကဂါထာ၏ ဂဏဝိကပ်ပုံ

<table>
<tr><td>၁</td><td>၂</td><td>၃</td><td>၄</td><td>၅</td><td>၆</td><td>၇</td><td>၈</td><td>၉</td><td>၁၀</td><td>၁၁</td><td>၁၂</td><td>၁၃</td><td>၁၄</td><td>၁၅</td><td>၁၆</td><td>မတြာစဉ်</td></tr>
<tr><td colspan="2">၂</td><td colspan="2">၂</td><td>၁</td><td colspan="2">၂</td><td>၁</td><td colspan="2">၂</td><td colspan="2">၂</td><td colspan="2">၂</td><td colspan="2">၂</td><td></td></tr>
<tr><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td colspan="2">၂</td><td></td></tr>
<tr><td colspan="2">၂</td><td>၁</td><td>၁</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၁</td><td>၁</td><td>၁</td><td>၁</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4">၄</td><td colspan="4">၂</td><td colspan="8">၂</td><td>ဝိကပ်စောင့်</td></tr>
</table>

ပဉ္စမဌာန, အဋ္ဌမဌာနတို့၌ လဟုအမြဲထား၍ ဖွဲ့ဆိုအပ်သော ဝိသိလောကဂါထာ၏ လက္ခ, လက္ခဏာတို့ကို ပြဆိုပြီး၍ နဝမဌာန, ဒွါဒသမဌာနတို့၌ လဟုအမြဲထား၍ ဖွဲ့ဆိုအပ်သော **ဝါနဝါသိကာဂါထာ၏** လက္ခ,လက္ခဏာကို ပြလိုရကား—

၄၁။ တဒ္ဒယတော ဝါနဝါသိကာ ချာ။

ဟူသော သုတ်ကို ဆို၏။

သောဠသမတ္တိကေသု၊ ကုန်သော။ ပါဒေသု၊ ၄-ပါဒတို့၌။ တဒ္ဒယတော၊ ထို ၄-မတြာ ၂-ခုတို့အပေါင်းမှ။ ဝါ၊ ၄-မတြာ ၂-ခုတို့၏ အပေါင်းဖြစ်သော ၈-မတြာမှ။ ပရ၊ နောက်၌။ ဇော၊ ဇဂိုဏ်းသည်။ စေ ဘဝတိ၊ အံ့။ န္လာထ ဝါ၊ နဂိုဏ်း,လဟုတို့သည်သော်လည်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ ဂါထာ၊ သည်။ ဝါနဝါသိကာ ချာ၊ ဝါနဝါသိကာမတ္တာသမကဂါထာ မည်၏။

ပါဒေ သောဠသမတ္တာ တု၊ ဂါထံ သကဝိကပ္ပိတာ။
ဥေ ယျာ စတူဘိ အံသေဘိ၊ ဝိညျုဟိ ဝါနဝါသိကာ။

ဂါထာပေါင်း ၅,၀၀၀-ခန့်ရှိသော ဘာရတနာဋျကျမ်းလာ ဝါနဝါသိကာဂါထာ၏ လက္ခဏာသည် ပိင်္ဂလဆန်းကျမ်း၌လာသော လက္ခဏာလောက် မသေချာလွန်းချေ။ အချို့သောဆရာတို့သည်ကား အစ၌တည်သော ဝါအက္ခရာကို ဖယ်ကြဉ်၍ နဝါသိကာဂါထာ-ဟု အမည်ခေါ်ဆိုကြကုန်၏။ ပတ္ထာရအတန်းပေါင်း ၂၄×၂၄=၅၇၆×၅၇၆= ၂၉၂၃,၇၇၆-(၃၃၁၇၇၆)တန်း အရေအတွက်ရှိ၏။

**ဆမုမုတိ၊ ဒွေနောဒ္ဒိ၊ ဖြန့်ချိ ပတ္ထာရာ။**
**နဝါဒ္ဒါဒ၊ လဟုချ၊ ဝါနဝါသိကာ။**

အဆုံး၌ 'ဂါန္တေ'ဟု ဆိုသည်ဖြစ်၍ ဘယ်အခါ၌မျှ လဟုမထားအပ်သည်ဖြစ်ရကား သဗ္ဗဂရုဂိုဏ်း, သဂိုဏ်းတည်းဟူသော ဂရုအဆုံးရှိသော ဂိုဏ်းတို့မှတပါး အခြားဂိုဏ်းတို့ဖြင့် ဖွဲ့ဆိုခြင်းကို အလျှင်းပင် မပြုနိုင်ခဲ့ချေ။

ထို့ကြောင့် ဆပ္ပစ္စယဒီပကာ၌ဆိုသော "စတုတ္ထ ဂဏဌာနေ-မ-သ-ဇ-ဘ-န ဣတိ ပဉ္စဝိကပ္ပါ"ဟူသောစကားကို အဆိုလွန်သော စကားပို-ဟု မှတ်အပ်၏။

**ဝါနဝါသိလောကဂါထာ၏ ဂဏာဝိကပ်ပုံ**

<table>
<tr><td>၁</td><td>၂</td><td>၃</td><td>၄</td><td>၅</td><td>၆</td><td>၇</td><td>၈</td><td>၉</td><td>၁၀</td><td>၁၁</td><td>၁၂</td><td>၁၃</td><td>၁၄</td><td>၁၅</td><td>၁၆</td></tr>
<tr><td colspan="2">၂</td><td colspan="2">၂</td><td colspan="2">၂</td><td colspan="2">၂</td><td>၁</td><td>၁</td><td>၁</td><td>၁</td><td colspan="2">၂</td><td colspan="2">၂</td></tr>
<tr><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td>၁</td><td colspan="2">၂</td></tr>
<tr><td colspan="2">၂</td><td>၁</td><td>၁</td><td colspan="2">၂</td><td>၁</td><td>၁</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td>၁</td><td>၁</td><td>၁</td><td>၁</td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td><td></td></tr>
<tr><td colspan="4">၄</td><td colspan="4">၃</td><td colspan="4">၂</td><td colspan="4">၂</td></tr>
</table>

၂-ဌာနတို့၌ လဟုအမြဲထား၍ ဖွဲ့ဆိုအပ်သော မတ္တာသမကဂါထာမျိုးတို့သာလျှင် ရှိကုန်သည် မဟုတ်ကုန်သေး။ ၃-ဌာနတို့၌ လဟုအမြဲထား၍ ဖွဲ့ဆိုအပ်သော မတ္တာသမက ဂါထာမျိုးလည်း ရှိချေသေး၏-ဟု နှလုံးပိုက်တော်မူ၍ တိဌာနလဟုကျသော မတ္တာသမကကို ပြတော်မူလိုသော ရှင်သံဃရက္ခိတဆရာသည်—

၄၂။ ပဥ္စဋ္ဌနဝသု ယဒိ လော စိတြာ။

ဟူသောသုတ်ကို ဆိုတော်မူ၏။

သောဠသမတ္တိကေသုံ ကုန်သော။ ပါဒေသုံ တို့၌။ ပဥ္စဋ္ဌနဝသုံ ၅-မတြာ ၅-လဟု, ၈-မတြာ ၈-လဟု, ၉-မတြာ ၉-လဟုတို့၌။ လော၊ သည်။ စေ ဘဝတိ၊ အံ့။ အန္တေ စ၊ ပါဒတိုင်းတို့၏ အဆုံး၌လည်း။ ဂေါ၊ ၁-လုံးသော ဂရုသည်။ စေ ဘဝတိ၊ အံ့။ သာ၊ သည်။ စိတြာ၊ စိတြာမတ္တာသမက ဂါထာမည်၏။

**စိတြာဂါထာ၏ ဂဏဝိကပ်ပုံ**

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | မတြာစဉ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | | ၂ | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ | | ၂ | | ၂ | | စိတြာဂါထာ၌ မတြာဂဏဝိကပ်ဆင့်ပုံ |
| ၁ | ၁ | ၂ | | | | | | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၂ | | |
| ၂ | | ၁ | ၁ | | | | | | | | | | | | | |
| ၁ | ၁ | ၁ | ၁ | | | | | | | | | | | | | |
| ၄ | | | | ၁ | | | | ၂ | | | | ၂ | | | | ဝိကပ်စောင့် |

၅-ခုမြောက်, ၈-ခုမြောက်, ၉-ခုမြောက်မတြာတို့၌ လဟုမြဲသည်-ဟု ဆိုသဖြင့် ပဥ္စမလဟုသည် မိမိ၏ယုဂလဖြစ်သော ဆဋ္ဌမလဟုနှင့် အမြဲယှဉ်တွဲ၍ မနေသင့်ကြောင်းကိုလည်းကောင်း၊ အဋ္ဌမလဟုသည်လည်း မိမိ၏ယုဂလဖြစ်သော သတ္တမလဟုနှင့် အမြဲယှဉ်တွဲ၍ မနေသင့်ကြောင်းကိုလည်းကောင်း၊ နဝမလဟုသည်လည်း မိမိ၏ယုဂလဖြစ်သော ဒသမလဟုနှင့် အမြဲယှဉ်တွဲ၍ မနေသင့်ကြောင်းကိုလည်းကောင်း သိအပ်သည်ဖြစ်သောကြောင့် ဒုတိယဝိကပ္ပဋ္ဌာန၌ သဗ္ဗလဟုဂိုဏ်း ၁-ခုကိုသာ ရအပ်၏။ တတိယဝိကပ္ပဋ္ဌာန၌ သဂိုဏ်း, သဗ္ဗလဟုဂိုဏ်း ဤ ၂-ဂိုဏ်းကိုသာလျှင် ရအပ်၏-ဟု ဆုံးဖြတ်အပ်၏။

ပတ္ထာရအတန်း သင်္ချာပေါင်းသည်ကား ၁၆×၁၆ = ၂၅၆×၂၅၆ = ၆၅,၅၃၆-တန်း ထွက်သင့်၏။

ဆတိပဥ္စာ၊ ပဉ်းရသာ၊ စိတြာ အကျယ်ပွါး။
ပဥ္စအဋ္ဌ၊ ကိုးမတြာ၊ တော လဟုထား။

လဟုအမြဲမှတ်၍ ဖွဲ့အပ်သော လဟုနိယမမတ္တာသမကမျိုးတို့၏ လက္ခ,လက္ခဏတို့ကို ပြဆိုပြီး၍ ဂရုနိယမ မတ္တာသမကမျိုး၏ လက္ခ,လက္ခဏကို ပြလိုသောဆရာသည်—

၄၃။ ဂ-လျာဋ္ဌဟိ စေ သာ ဝုပစိတြာ။

ဟူသောသုတ်ကို ဆို၏။

သောဠသမတ္တိကေသု၊ ကုန်သော။ ပါဒေသု၊ တို့၌။ အဋ္ဌဟိ၊ ၈-လဟု, ၈-မတြာတို့မှ။ ပရံ၊ နောက်၌။ ဂလျာ၊ ဂရု,လဟု,ယဂိုဏ်းတို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ဥပစိတြာ၊ ဥပစိတြာမတ္တာသမကဂါထာ မည်၏။

ပုဗ္ဗံ လဟုနိယမေန လက္ခဏံ ဝုတ္တံ၊ ဣဒံ တု ဂရုနိယမေန ဥစ္စတေ။
(အမတသဉ္ဇီဝနီဋီကာ)

**ဥပစိတြာဂါထာ၏ ဂဏာဝိကပ်ပုံ**

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | | ၂ | | ၂ | | ၂ | | ၂ | | ၁ | ၁ | ၂ | | ၂ | |
| ၁ | ၁ | ၂ | | ၂ | | ၂ | | | | | | | | | |
| ၂ | | ၁ | ၁ | ၂ | | ၂ | | | | | | | | | |
| ၁ | ၁ | ၁ | ၁ | ၂ | | ၂ | | | | | | | | | |
| ၂ | | ၂ | | ၁ | ၁ | ၂ | | | | | | | | | |
| ၁ | ၁ | ၂ | | ၁ | ၁ | ၂ | | | | | | | | | |
| ၂ | | ၁ | ၁ | ၁ | ၁ | ၂ | | | | | | | | | |
| ၂ | | ၂ | | ၂ | | ၁ | ၁ | | | | | | | | |
| ၂ | | ၁ | ၁ | ၂ | | ၁ | ၁ | | | | | | | | |
| ၁ | ၁ | ၂ | | ၂ | | ၁ | ၁ | | | | | | | | |
| ၂ | | ၂ | | ၁ | ၁ | ၁ | ၁ | | | | | | | | |
| ၁ | ၁ | ၁ | ၁ | ၂ | | ၁ | ၁ | | | | | | | | |
| ၁ | ၁ | ၂ | | ၁ | ၁ | ၁ | ၁ | | | | | | | | |
| ၁၃ | | | | | | | | ၁ | | | | | | | |

အာပါတလိကာဂါထာ၏သမပါဒနှင့် မတြာ, ဂိုဏ်း, ဂရု, လဟု အလုံးစုံတူသောကြောင့် အာပါတလိကာ ဝေတာလီယဂါထာမျိုး-ဟု ဆိုသင့်၏။ ပါကတပိင်္ဂလဆန်းကျမ်း၌လာသော မတ္တာဝုတ္တိမျိုး ၄၅-ပါးတို့တွင် ပဇ္ဈဋိကာခေါ်သော မတြာဝုတ္တိမျိုးကိုပင် ဥပစိတြာဂါထာ-ဟု ပိင်္ဂလဆရာ အမည်ခေါ်ဆိုခဲ့သည့်အတိုင်း နောက်ဆန်းကျမ်းဆရာတို့သည်လည်း ဥပစိတြာဟူ၍ပင် အမည်ခေါ်ဆိုပြီးလျှင် ဤမတ္တာသမကဂါထာမျိုးတို့၌ သွင်း၍ ရေးထားကြကုန်၏။ ဆန္ဒောမဉ္ဇရီ၌ကား ပဇ္ဈဋိကာ-ဟူသော အမည်ဖြင့်ပင်လျှင် ရေးသားပါရှိ၏။ ဤ ဥပစိတြာမတ္တာသမကမျိုးဖြစ်သော ပဇ္ဈဋိကာဆန်းနှင့်ဆိုင်သော သမဝုတ္တိဂါထာတို့သည်

လည်း အများပင် ရှိကြကုန်၏။ တိဋ္ဌဘဆန်း၌လာသော သွာဂတာဂါထာ, ဒေါဓကဂါထာ, အနုဝသိတာဂါထာတို့သည်လည်းကောင်း၊ ဇဂတိဆန်း၌လာသော တာမရသဂါထာသည် လည်းကောင်း၊ ပဗ္ဗင်္ဂိကာခေါ်သော ဥပစိတြာမတ္တာသမကဂါထာမျိုးများ ဖြစ်ကြကုန်၏။ ဝေတာလီယဂါထာ၏ သမပါဒ၌ကဲ့သို့ ရှေး ၈-မတြာတွင် ၁၃-တန်းထွက်သည်ဖြစ်သော ကြောင့် ဥပစိတြာဂါထာ၏ ပတ္ထာရအတန်းသင်္ချာသည် ၁၃×၁၃=၁၆၉×၁၆၉=၂၈၅၆၁-တန်းဖြစ်သင့်၏။

**ဧကရသာ၊ ပဉ်းအဋ္ဌ၊ စမ္မာ ပတ္ထာရ။**
**ပဗ္ဗင်္ဂိကာ၊ ဤဂါထာ၊ ဆန်းမှာ ထင်ရှားလှ။**

ဆိုအပ်ပြီးသော မ, ဝိ, ဝါ, စိ, ဥ၊ ၅-ဂါထာတို့၏ ပါဒတို့ကို ရောယှက်၍ ပြုအပ်သော ပါဒါကုလကဂါထာ၏ လက္ခဏာကို ပြလိုသောဆရာသည်—

၄၄။　**ယမတီတလက္ခဏဝိသေသယုတံ၊ မတ္တာသမာဒိပါဒါဘိဟိတံ။**
**အနိယတဝုတ္တပရိမာဏသဟိတံ၊ ပထိတံ ဇနေသု ပါဒါကုလကံ။**

**မတ္တာသမကဇာတိယော။**

ယံ ဝုတ္တံ၊ အကြင်ဂါထာသည်။ (ယုတံ၊ သဟိတံပုဒ်တို့နှင့်စပ်)။ ယံ ဝုတ္တံ၊ အကြင်ဂါထာကို။ (အဘိဟိတံပုဒ်နှင့် စပ်)။ အတီတလက္ခဏဝိသေသယုတံ၊ လွန်လေပြီးသော မ, ဝိ, ဝါ, စိ, ဥ၊ ၅-ဂါထာတို့၏ လက္ခဏာအထူးတို့နှင့် ယှဉ်၏။ ဝါ၊ ထူးသော လက္ခဏာတို့နှင့် ယှဉ်၏။ မတ္တာသမာဒိပါဒါဘိဟိတံ၊ မတ္တာသမက အစရှိကုန်သော ၅-ဂါထာတို့၏ ပါဒတို့ဖြင့် စီရင်အပ်၏။ အနိယတဝုတ္တပရိမာဏသဟိတံ၊ မမြဲသောဂါထာ၏ အတိုင်းအရှည်နှင့်တကွ ဖြစ်၏။ တံ ဝုတ္တံ၊ ထိုဂါထာသည်။ ဇနေသု၊ ဆန်းတတ်ကုန်သော ပညာရှိတို့၌။ ပထိတံ၊ ထင်ရှားသော။ ပါဒါကုလကံ၊ ၅-ဂါထာတို့၏ ပါဒတို့ဖြင့် ရောပြွမ်း နှောင့်ယှက်ခြင်းရှိသော ပါဒါကုလကဂါထာ မည်၏။ တစ်နည်း- ပါဒါကုလကံ၊ ပါဒါကုလကဂါထာ-ဟူ၍။ ပထိတံ၊ ထင်ရှား၏။

ဆန်းမူလဋီကာ၌ "**အတြ ပထမပါဒန္တေ ဂုရု၊ စတုတ္ထပါဒေ စ နဝမေလဟု န သန္တိ**"ဟု ဖွင့်ဆိုသည့်အလိုကား "အတီတလက္ခဏဝိသေသယုတမတ္တာသမာဒိပါဒါဘိဟိတံ၊ လွန်ကုန်ပြီးသော လက္ခဏာအထူးနှင့်ယှဉ်သော မတ္တာသမက-အစရှိသော ပါဒတို့ဖြင့် စီရင်အပ်၏"ဟု ဝါကျတစ်ဆက်တည်း ပေးစေလို၏။

ဆပ္ပစ္စယဒီပကာ၌လည်း "ဣမ ပထမပါဒန္တေ ယုတ္တ-ဣတိပဒေ နိဂ္ဂဟီတလောပေါ"ဟု နိဂ္ဂဟိတ် အကျေကြံ၍ ဖွင့်၏။ ပထမပါဒကို မတ္တာသမက, ဒုတိယပါဒကို ဝိသိလောက, တတိယပါဒကို ဝါနဝါသိက, စတုတ္ထပါဒကို စိတြာ-ဟု ဂါထာစဉ်အတိုင်း ပါဒါကုလက ဖြစ်သော ပြယုဂ်ဂါထာ-ဟု ဆုံးဖြတ်လို၏။

ဆပ္ပစ္စယဒီပကာ၌ ပထမကို စိတြ, ဒုတိယနှင့်စတုတ္ထကို ဝိသိလောက, တတိယကို ဝါနဝါသိက-ဟု ဖွင့်၏။

ကဝိသာရဋီကာ၌ ပထမကို မတ္တာသမက, ဒုတိယကို ဝိသိလောက, တတိယကို ဝါနဝါသိက၊ စတုတ္ထကို စိတြဟု ဂါထာစဉ်အတိုင်း အမည်ကို ဆို၏။

သီဟိုဠ်ဆရာတို့ကား ပထမပါဒကို မတ္တာသမက, ဝိသိလောက, စိတြ ၃-မျိုး၊ ဒုတိယ ပါဒနှင့် စတုတ္ထပါဒကို ဝိသိလောက ၁-မျိုးတည်း။ တတိယပါဒကို မတ္တာသမက, ဝါနဝါသိက ၂-မျိုးရသင့်သည်-ဟု ဆိုကုန်၏။

အတီတလက္ခဏ ဝိသေသယုတ်၌ အဂ္ဂါဟိတော၌ကဲ့သို့ ဝိသေသနပရနိပါတန ဖြစ်သင့်ကြောင်းကိုကား ဤကျမ်း၏ မိုရာဖြစ်သော သက္ကဋဝုတ္တရတနာကရဆန်းကျမ်း၌- "ယဒတီတ ကတဝိဝိဓ လက္ခယုတ"ဟူသောပါဌ်ကို ထောက်ရှု၍ သိအပ်၏။ ပထိတ-၌ ဒန္တဇ ဒုတိယက္ခရာ 'ထ'အက္ခရာနှင့် ရေးသားဖတ်ရှုတ်။

ချာတော ပတီတော ပညာတော၊ ဘိညာတာ ပထိတော သုတော။ (အဘိဓာန်)

ယင်းသို့ဖြစ်ခဲ့သော် ပုလ္လိင်နှင့် ရှိသင့်သည် မဟုတ်လော-ဟူမူ ပထိတပုဒ်၏ သုံးလိင် ဆန်သည်၏အဖြစ်ကြောင့် နပုံးလိင်နှင့် ပထိတံဟူ၍လည်း သင့်ပါ၏ဟူလို။ ပါဒါကုလက ဂါထာမျိုးတို့သည် အကျဉ်းအားဖြင့် ၅-ပါးမျှသာ ရှိကုန်သော်လည်း အကျယ်အားဖြင့်ကား ၆၂၀-အရေအတွက် ရှိကုန်၏။

မတ္တာသမကကို မ၊ ဝိသိလောကကို ဝိ၊ ဝါနဝါသိကကို ဝါ၊ စိတြာကို စိ၊ ဥပစိတြာကို ဥ-ဟု အမှတ်ပြု၍ ဒုကမူ,တိကမူ,စတုက္ကမူတို့ကို အကျယ် ဝေဖန်အပ်ကုန်၏။

မ၊ ဝိ၊ ဝါ၊ စိ၊ ဥ။ ။ မူလမူလီလှည့်ရန် အက္ခရာ ၅-လုံး။

- မဝိ„ မဝါ„ မစိ„ မဥ။ ဝိဝါ„ ဝိစိ„ ဝိဥ။ ဝါစိ„ ဝါဥ။ စိဥ„ ဤကား ဒုကမူလက ၁၀-ဝါ ရတည်း။

- မဝိဝါ„ မဝိစိ„ မဝိဥ။ မဝါစိ„ မဝါဥ„ မစိဥ။ ဝိဝါစိ„ ဝိဝါဥ။ ဝါစိဥ„ ဤကား တိကမူလက ၁၀(၉)-ဝါရတည်း။
- မဝိဝါစိ„ မဝိဝါဥ။ မဝိစိဥ„ မဝါစိဥ။ ဝိဝါစိဥ„ ဤကား စတုက္ကမူလက ၅-ဝါရတည်း။

ပေါင်းမူလ ၃-ပါး, ဝါရ ၂၅(၂၄)-ပါးဖြစ်၏။

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ၁ | ဝိ | မ | မ | မ |
| ၂ | မ | ဝိ | မ | မ |
| ၃ | ဝိ | ဝိ | မ | မ |
| ၄ | မ | မ | ဝိ | မ |
| ၅ | ဝိ | မ | ဝိ | မ |
| ၆ | မ | ဝိ | ဝိ | မ |
| ၇ | ဝိ | ဝိ | ဝိ | မ |
| ၈ | မ | မ | မ | ဝိ |
| ၉ | ဝိ | မ | မ | ဝိ |
| ၁၀ | မ | ဝိ | မ | ဝိ |
| ၁၁ | ဝိ | ဝိ | မ | ဝိ |
| ၁၂ | မ | မ | ဝိ | ဝိ |
| ၁၃ | ဝိ | မ | ဝိ | ဝိ |
| ၁၄ | မ | ဝိ | ဝိ | ဝိ |
| 'မဝိ' မူလဝါရ၌ ဂါထာပေါင်း-၁၄ | | | | |

ဒွိမူလ ၁၀-ဝါရတို့တွင် ပထမဖြစ်သော 'မဝိ' မူလကဝါရ၌ ပုံစံဇယားတွင် ပြထားသည့်အတိုင်း ၁၄-ဂါထာဖြစ်သကဲ့သို့ မဝါ-စသော ဒုတိယဝါရ-စသည်တို့၌လည်း အသီးအသီး ၁၄-ဂါထာတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် "ဒွိမူလကဝါရ၌ ၁-ဝါရလျှင် ၁၄-ဂါထာစီ ရရှိနိုင်သောကြောင့် ဒွိမူလကဝါရ ၁၀-ကို တည်၍ ၁၄-ခုနှင့် မြှောက်လျှင် ၁၄×၁၀ = ၁၄၀၊ ဒွိမူလကဝါရ၌ ပါဒါကုလကဂါထာမျိုးပေါင်း ၁၄၀-တို့ကို ရအပ်ကုန်၏။

## တိကမူလ 'မဝိဝါ' ပထမဝါရ ရောယှက်ပုံ

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ၁ | မ | ဝိ | ဝါ | မ |
| ၂ | မ | ဝါ | ဝိ | မ |
| ၃ | မ | ဝိ | မ | ဝါ |
| ၄ | မ | ဝါ | မ | ဝိ |
| ၅ | မ | မ | ဝိ | ဝါ |
| ၆ | မ | မ | ဝါ | ဝိ |
| ၇ | ဝိ | ဝါ | မ | မ |
| ၈ | ဝါ | ဝိ | မ | မ |
| ၉ | ဝိ | မ | ဝါ | မ |
| ၁၀ | ဝါ | မ | ဝိ | မ |
| ၁၁ | ဝိ | မ | မ | ဝါ |
| ၁၂ | ဝါ | မ | မ | ဝိ |
| ၁၃ | ဝိ | မ | ဝါ | ဝိ |
| ၁၄ | ဝိ | ဝါ | မ | ဝိ |
| ၁၅ | ဝိ | မ | ဝိ | ဝါ |
| ၁၆ | ဝိ | ဝါ | ဝိ | မ |
| ၁၇ | ဝိ | ဝိ | မ | ဝါ |
| ၁၈ | ဝိ | ဝိ | ဝါ | မ |

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ၁၉ | မ | ဝိ | ဝါ | ဝိ |
| ၂၀ | ဝါ | ဝိ | မ | ဝိ |
| ၂၁ | မ | ဝါ | ဝိ | ဝိ |
| ၂၂ | ဝါ | မ | ဝိ | ဝိ |
| ၂၃ | မ | ဝိ | ဝိ | ဝါ |
| ၂၄ | ဝါ | ဝိ | ဝိ | မ |
| ၂၅ | ဝါ | မ | ဝိ | ဝါ |
| ၂၆ | ဝါ | ဝိ | မ | ဝါ |
| ၂၇ | ဝါ | မ | ဝါ | ဝိ |
| ၂၈ | ဝါ | ဝိ | ဝါ | မ |
| ၂၉ | ဝါ | ဝါ | မ | ဝိ |
| ၃၀ | ဝါ | ဝါ | ဝိ | မ |
| ၃၁ | မ | ဝိ | ဝါ | ဝါ |
| ၃၂ | ဝိ | မ | ဝါ | ဝါ |
| ၃၃ | မ | ဝါ | ဝိ | ဝါ |
| ၃၄ | ဝိ | ဝါ | မ | ဝါ |
| ၃၅ | မ | ဝါ | ဝါ | ဝိ |
| ၃၆ | ဝိ | ဝါ | ဝါ | မ |

တိကမူလက ၁၀-ဝါရတို့တွင် 'မဝိဝါ'ဟူသော ပထမဝါရ၌ ပုံစံဇယားပြထားသည့်အတိုင်း ၃၆-ဂါထာတို့ကို ရအပ်ကုန်သကဲ့သို့ 'မဝိစ'အမျိုးရှိသော ဒုတိယဝါရ-စသည်တို့၌လည်း အသီးအသီး ရောယှက်ခြင်း မရှိကုန်သော ၃၄(၃၆)-ဂါထာတို့ကို ရအပ်ကုန်၏။

တိကမူလက ၁၀-ဝါရကို တည်၍ ၃၆-ခုနှင့် မြှောက်လျှင် ၁၀×၃၆=၃၆၀။ တိကမူလ-က ၁၀-ဝါရတို့၌ ၃၆၀-ကုန်သော ပါဒါကုလကဂါထာမျိုးတို့သည် ဖြစ်ကုန်၏။ ဤတိကမူလက ၁၀-ဝါရတို့တွင် 'မဝိဝါ'မူ၌ အကျယ်ချပုံကား အလျား ၄-ကွက်, အနံ ၃၆-ကွက် ရေးသား၍ ပထမပါဒ၏အကွက်ပေါင်း ၃၆-ကွက်တို့တွင် ပထမ ၆-ကွက်တို့၌ 'မ' ၆-လုံး၊ ထို့နောင် အလွတ် ၆-ကွက်၊ ထို့နောင် 'ဝိ' ၆-လုံး၊ ထို့နောင် အလွတ် ၆-ကွက်၊ ထို့နောင် 'ဝါ' ၆-လုံး၊ ထို့နောင် အလွတ် ၆-ကွက်။

တဖန် ကြွင်း ၃-ပါဒတို့တွင် ပထမပါဒ၌ မအက္ခရာရှိပြီးဖြစ်သော ပထမ ၆-ကွက်၊ မအက္ခရာ မရှိသေးသော အလွတ်ကွက်လပ် ၆-ကွက်၊ ဤ ၁၂-ကွက်တို့၌ “စတုတ္ထေ တတိယေ ဒုတိယေ ဒွိယန္တိမေ တိယန္တိမေ ဒွိတတိယေ ဒွေဒွေ”ဆို၍ ‘မ’ ၂-ကြိမ်စီ ချ။ ထိုနည်းတူစွာ ‘ဝိ’ ၆-ကွက်ရှိသော အတန်း ၆-ခု, ကွက်လပ် ၆-ခုတို့၌ ‘ဝိ’အက္ခရာကိုလည်းကောင်း၊ ‘ဝါ’ ၆-ကွက်ရှိသော အတန်း ၆-ခု, ကွက်လပ် ၆-ခုတို့၌ ‘ဝါ’အက္ခရာကိုလည်းကောင်း “စတုတ္ထေ ဒွေဒွေ တတိယေ ဒွေဒွေ”စသည်ဖြင့် ဆို၍ ၂-ကြိမ်စီချ။

တဖန် ကြွင်းကုန်သော အကွက်တို့၌ မအက္ခရာနှင့်ဆိုင်သော ၁၂-ကွက်အတွင်းဖြစ်လျှင် ‘ဝိဝါ, ဝါဝိ”စသည်ဖြင့် ချ။ ‘ဝိ’အက္ခရာနှင့်ဆိုင်သော ၁၂-ကွက်တို့၌ ‘မဝါ, ဝါမ’ စသည်ဖြင့်လည်းကောင်း၊ ‘ဝါ’အက္ခရာနှင့်ဆိုင်သော ၁၂-ကွက်တို့၌ ‘မဝိ, ဝိမ’စသည်ဖြင့်လည်းကောင်း ကြွင်းကျန်သော အက္ခရာတို့ကို ကြွင်းကျန်သော အကွက်တို့၌ ချအပ်ကုန်၏။ ဤကား ပထမ ‘မဝိဝါ’ဝါရ၌ ပါဒါကုလကရေးယှက်ပုံတည်း။ ‘မဝိစိ, မဝိဥ’စသော ကြွင်းသော ဝါရတို့၌လည်း ဤပထမဝါရနည်းကို အစဉ်မှီး၍ ပါဒါကုလက ယှက်ပုံကို သိအပ်၏။

စတုက္ကမူ မဝိဝါစိ-ပထမဝါရ ရေးယှက်ပုံ

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ၁ | မ | ဝိ | ဝါ | စိ |
| ၂ | မ | ဝိ | စိ | ဝါ |
| ၃ | မ | ဝါ | ဝိ | စိ |
| ၄ | မ | စိ | ဝိ | ဝါ |
| ၅ | မ | ဝါ | စိ | ဝိ |
| ၆ | မ | စိ | ဝါ | ဝိ |
| ၇ | ဝိ | ဝါ | မ | စိ |
| ၈ | ဝိ | ဝါ | စိ | မ |
| ၉ | ဝိ | မ | ဝါ | စိ |
| ၁၀ | ဝိ | စိ | ဝါ | မ |
| ၁၁ | ဝိ | မ | စိ | ဝါ |
| ၁၂ | ဝိ | ဝိ | မ | ဝါ |

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ၁၃ | ဝါ | စိ | မ | ဝိ |
| ၁၄ | ဝါ | စိ | ဝိ | မ |
| ၁၅ | ဝါ | မ | စိ | ဝိ |
| ၁၆ | ဝါ | ဝိ | စိ | မ |
| ၁၇ | ဝါ | မ | ဝိ | စိ |
| ၁၈ | ဝါ | ဝိ | မ | စိ |
| ၁၉ | စိ | မ | ဝိ | ဝါ |
| ၂၀ | စိ | မ | ဝါ | ဝိ |
| ၂၁ | စိ | ဝိ | မ | ဝါ |
| ၂၂ | စိ | ဝါ | မ | ဝိ |
| ၂၃ | စိ | ဝိ | ဝါ | မ |
| ၂၄ | စိ | ဝါ | ဝိ | မ |

စတုက္ကမူလ ၅-ဝါရတို့တွင် မဝိဝါစိ-ဟူသော ပထမဝါရ၌ ပုံစံဇယားပြထားသည့်အတိုင်း ၂၄-ဂါထာတို့ကို ရအပ်ကုန်သကဲ့သို့ ‘မဝိဝါဥ’အမျိုးရှိသော ဒုတိယဝါရ-စသည်

တို့၌လည်း အချင်းချင်း ရောယှက်ဆက်ဆံခြင်း ကင်းကုန်သော ၂၄-ဂါထာတို့ကို ရအပ်ကုန်၏။ စတုက္ကမူလ ၅-ဝါရကို တည်၍ ၂၄-ခုနှင့် မြှောက်လျှင် ၅×၂၄ = ၁၂၀၊ စတုက္ကမူလ ၅-ဝါရတို့၌ ၁၂၀-ကုန်သော ပါဒါကုလကဂါထာမျိုးတို့သည် ဖြစ်ကုန်၏။

စတုက္ကမူလ ၅-ဝါရတို့တွင် 'မဝိဝါစိ'-ဟူသော ပထမဝါရ၌ချပုံကား အလျား ၄-ကွက်, အနံ ၂၄-ကွက် ရေးသား၍ ပထမပါဒ၏အကွက်ပေါင်း ၂၄-ကွက်တို့တွင် ပထမ ၆-ကွက်၌ 'မ'အက္ခရာ၊ ဒုတိယ ၆-ကွက်တို့၌ 'ဝိ'အက္ခရာ၊ တတိယ ၆-ကွက်တို့၌ 'ဝါ'အက္ခရာ၊ စတုတ္ထ ၆-ကွက်တို့၌ "စိ"အက္ခရာကို ရေးအပ်၏။

တဖန် မ-အက္ခရာရှိသော ၆-ကွက်တို့၌ အထက်မှစ၍ "ဒုဋ္ဌာနေ-တိဋ္ဌာနေ-စဋ္ဌာနေ ဒွေဒွေ"ဟု ဆို၍ 'ဝိ'အက္ခရာကို ၂-ကွက်စီ ရေးအပ်၏။ 'ဝိ' ၆-ကွက်တို့၌ 'ဝါ'အက္ခရာ၊ 'ဝါ' ၆-ကွက်တို့၌ 'စိ'အက္ခရာ၊ 'စိ' ၆-ကွက်တို့၌ 'မ'အက္ခရာကို ထို့အတူ "ဒုဋ္ဌာနေ ဒွေဒွေ" စသည်ဖြင့် ဆို၍ ၂-လုံးစီ ချအပ်၏။

တဖန် 'မ' ၆-ကွက်တွင် ကျန်သော ကွက်လပ်တို့၌ 'ဝါစိ, စိဝါ'-ဟူ၍လည်းကောင်း၊ 'မစိ, စိမ'ဟူ၍လည်းကောင်း၊ 'ဝါ' ၆-ကွက်တွင် ကျန်သောကွက်လပ်တို့၌ 'မဝိ, ဝိမ'ဟူ၍ လည်းကောင်း၊ 'စိ' ၆-ကွက်တွင် ကျန်သောကွက်လပ် ၂-ခုတို့၌ 'ဝိဝါ, ဝါဝိ'-ဟူ၍လည်းကောင်း အပြန်အလှန် ရေးသားအပ်၏။ ထိုသို့ ရေးသားသဖြင့် 'မဝိ ဝါစိ"မှ ၂၄-မျိုးသည် ပြီးဆုံးခြင်းသို့ ရောက်သည်ဖြစ်၏။ 'မဝိ ဝါစိ'မှ၌ ပါဒါကုလက ၂၄-မျိုးတို့ကို သိအပ်ကုန်သကဲ့သို့ 'မဝိဝါဥ' မှ-စသည်တို့၌လည်း ဤနည်းကို မှီး၍ ပါဒါကုလက ၂၄-မျိုးတို့ကို သိအပ်ကုန်၏။

> ပါဒါကုလကဂါထာယံ၊ ဒသဓာ ဒွိတိမူလကာ။
> စတုမူလာနိ ပဉ္စေ'တိ၊ ပဉ္စဝီသတိ မူလတော။ ။
>
> ဧကေကမှိ ဒွိမူလေသု၊ သတ္တရီတိ'ခသတ္တရိ။
> ဆတ္တိံသေတိ တိမူလေသု၊ သဋ္ဌာဓိကသတတ္တယံ။ ။
>
> ဇိနေတိ စတုမူလေသု၊ ဝီသာဓိကသတံ တတော။
> ခနေတ္တဂ္ဂိနိ ဇာယန္တိ၊ ပါဒါကုလကဇာတယော။ ။ (သင်္ဂဟ ၃-ဂါထာ)

ပါဒါကုလကဂါထာယံ၊ ၌။ ဒွိတိမူလကာ၊ ဒွိမူ,တိမူတို့သည်။ ဒသဓာ၊ ၁၀-မျိုးစီ ပြားကုန်၏။ စတုမူလာနိ၊ စတုမူတို့သည်။ ပဉ္စ၊ ၅-မျိုးတို့တည်း။ ဣတိ၊ ဤသို့။ မူလတော၊ ဒွိမူ,တိမူ,စတုမူအားဖြင့်။ ပဉ္စဝီသတိ၊ ၂၅-မူတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ဒွိ မူလေသု၊ ဒွိမူ ၁၀-မျိုးတို့တွင်။ ဧကေကမှိ၊ ၁-ခု, ၁-ခုသော မူ၌။ သတ္တရိ၊ ၁၄-မျိုးတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒွိမူလေသု၊ တို့၌။ ခသတ္တရိ၊ ၁၄၀-ကုန်သော ပါဒါကုလက

မျိုးတို့သည်။ ဇာယန္တိ၊ ကုန်၏။ တိမူလေသု၊ တို့တွင်။ ဧကေကမှိ၊ ၌။ ဆတ္တိံသ၊ ၃၆-မျိုး တို့သည်။ ဟောန္တိ၊ ကုန်၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ တိမူလေသု၊ တို့၌။ သဋ္ဌာဓိကသ-တတ္တယံ၊ ၆၀-အလွန်ရှိသော ၃၀၀-သော ပါဒါကုလကမျိုးသည်။ ဇာယတိ၊ ဖြစ်၏။ စတုမူ-လေသု၊ တို့တွင်။ ဧကေကမှိ၊ ၌။ ဇိနာ၊ ၂၄-မျိုးတို့သည်။ ဟောန္တိ၊ ကုန်၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ ဝီသာဓိကသတံ၊ ၂၀-အလွန်ရှိသော ၁၀၀-သော ပါဒါကုလကမျိုးသည်။ ဇာယတိ၊ ၏။ တတော၊ ထို့ကြောင့်။ ပါဒါကုလကဇာတယော၊ ပါဒါကုလကမျိုးတို့သည်။ ခနေတ္တဂ္ဂီနို၊ ၆၂၀-တို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ဝစနတ္ထဇောတိကဋီကာ၌ကား- ဒွိမူ၌ ၁၄၀၊ တိမူ၌ ၂၄၀၊ စတုမူ၌ ၁၉၂-ဂါထာ ရနိုင် သောကြောင့် ပါဒါကုလကမျိုးပေါင်း ၅၇၂-မျိုးရှိသည်-ဟု ဆို၏။ ၄၈-ဂါထာ လျော့၏။ အဖွင့် အဆို မစေ့စပ်-ဟု မှတ်ထင်ဖွယ်ရှိ၏။

မတ္တာသမကဇာတိယော၊ မတ္တာသမက ၇-မျိုးသည်။ က္ကတိ၊ ပြီးပြီ။

ဇာတိယ-သဒ္ဒါသက်သက်ကား “ဇာတာဒိနမိမိယာ စ”သုတ်၏အရ၊ တိအက္ခရာ တွင် ဤဒီယနှင့် ဇာတီယ-သဒ္ဒါကား အချို့အရာ၌ ပုဒ်တပါး ရှေ့ကဝင်လျှင် ဇာတီယပစ္စည်း-ဟု သက္ကဋကျမ်းတို့၌ ဆိုသည်။

အရိယာဂါထာ အစ, မတ္တာသမက အဆုံးရှိကုန်သော မတြာဖြင့် မှတ်၍ ဖွဲ့အပ်ကုန် သော မတြာဝုတ္တိဂါထာမျိုးတို့၌ မတြာသင်္ချာ, ဝဏ္ဏသင်္ချာတို့ကို သိသဖြင့် လဟုသင်္ချာ, ဂုရု သင်္ချာတို့ကို သိစေခြင်းအကျိုးငှာလည်းကောင်း၊ ဂရုသင်္ချာ, လဟုသင်္ချာတို့ကို ဆုံးဖြတ်နိုင်လျှင် **ဝဏ္ဏသင်္ချာ**ကို သိစေခြင်းအကျိုးငှာလည်းကောင်း—

၄၅။ ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ၊ ဝိနာ ဝဏ္ဏာ ဂုရူဟိ တု။
ဝိနာ လဟူဟိ ဂုရဝေါ၊ ဒလေ ပထျာဒိနော မတာ။

ဟူသောဂါထာကို ဆိုသတည်း။ (သီဟိုဠ်မူ၌ “ဝိနာ လဟူနိ ဂုရဝေါ”ဟု ပါဌ်ရှိ၏။)

ပထျာဒိနော၊ ပထျာအရိယာ-စသော ဂါထာ၏။ ဒလေ၊ ပုဗ္ဗဒ္ဓ, အပရဒ္ဓ, ဥဘယဒ္ဓ၌။ ယာ မတ္တာ၊ အကြင် ၅၇-မတြာ စသော မတြာသင်္ချာတို့သည်။ သန္တိ၊ ထင်ရှားရှိကုန်၏။
(ဝစနတ္ထဇောတိကဋီကာအလို)

တစ်နည်း၊ ပထျာဒိနော၊ ၏။ ယာ မတ္တာ၊ အကြင် ၅၇-စသော လဟုမတြာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုလဟုမတြာတို့ကို။ ဝဏ္ဏေဟိ၊ ဂါထာ၌ ပါဝင်သော အက္ခရာအရေ

အတွက် သင်္ချာတို့ဖြင့်။ ဝိနာ၊ ကြဉ်ပယ်နုတ်ပစ်၍။ ဂါ၊ ဂရုအရေအတွက်သင်္ချာတို့ကို။ မတာ၊ သိအပ်ကုန်၏။ ဂုရူဟိ၊ ဂါထာ၏ ဂရုအရေအတွက်သင်္ချာတို့ဖြင့်။ ဝိနာ၊ ၍။ ဝဏ္ဏာ၊ အက္ခရာအရေအတွက်သင်္ချာတို့ကို။ မတာ၊ ကုန်၏။ တု၊ ဝဏ္ဏသင်္ချာဖြင့် ဂရုသင်္ချာကို သိသောနည်းမှ တပါး လဟုသင်္ချာဖြင့်သိသော နည်းတစ်မျိုးကို ဆိုဦးအံ့။ လဟူဟိ၊ လဟုအရေအတွက်သင်္ချာတို့ဖြင့်။ ဝိနာ၊ ၍။ သေသော၊ ကြွင်းကျန်ကုန်သော မတ္တာအပေါင်းကို။ ဒလေ၊ ထက်ဝက်ပြုအပ်သည်ရှိသော်။ ဝါ၊ ၂-ခုဖြင့် စားအပ်သည်ရှိသော်။ ဝါ၊ ဒွေးချိုးအပ်သည်ရှိသော်။ ဝါ၊ ကြောင့်။ ဂုရဝေါ၊ ဂရုအရေအတွက်သင်္ချာတို့ကို။ မတာ၊ သိအပ်ကုန်၏။

ဆန္ဒောသာရတ္ထဝိကာသနိဋီကာဆရာအလိုအားဖြင့် "ဝိနာ လဟူဟိ ဂုရဝေါ"ဟု ဟိ-ဝိဘတ်နှင့် ရှိစေလိုသည်။ သက္ကဋဝုတ္တရတနာကရဆန်းကျမ်းနှင့် ညီညွတ်၏။ လဟုရေတွက်နည်းကား မပါ။

ကဝိသာရဋီကာဆရာ, ဝစနတ္ထဇောတိကဋီကာဆရာတို့အလိုအားဖြင့်ကား လဟူနိ-ဟု ယော-ဝိဘတ်၏ ကာရိယနှင့် ပါဌ်ရှိစေလို၏။

မတ္တာသင်္ချာကို တည်၊ ဂရုသင်္ချာနှင့် နုတ်၍ အကြွင်းသင်္ချာကို ဂရုသင်္ချာနှင့် စား၊ သေသကား လဟုသင်္ချာ ဖြစ်၏။ ဝဏ္ဏသင်္ချာကို တည်၊ ဂရုသင်္ချာနှင့် နုတ်၊ သေသကား လဟုသင်္ချာ ဖြစ်၏။ မတ္တာသင်္ချာကို တည်၊ ဂရုသင်္ချာကို ၂-ခုမြှောက်၍ နုတ်၊ သေသကား လဟုသင်္ချာ ဖြစ်၏။ ဤနည်းများကား ကဝိသာရဋီကာဆရာ၏ အလိုတည်း။

| | |
|---|---|
| မတ္တာ - ၅၇။ အက္ခရာ - ၄၀။ | ၅၇-၄၀=၁၇ ဂရုသင်္ချာ ဖြစ်၏။ |
| မတ္တာ - ၅၇။ ဂရု - ၁၇။ | ၅၇-၁၇=၄၀ အက္ခရာသင်္ချာ ဖြစ်၏။ |
| မတ္တာ - ၅၇။ လဟု - ၂၃။ | ၅၇-၂၃=၃၄÷၂=၁၇ ဂရုသင်္ချာ ဖြစ်၏။ |
| အက္ခရာ - ၄၀။ ဂရု - ၁၇။ | ၄၀-၁၇=၂၃ လဟုသင်္ချာ ဖြစ်၏။ |
| မတ္တာ - ၅၇။ ဂရု - ၁၇။ | ၁၇×၂=၃၄။ ၅၇-၃၄=၂၃ လဟုသင်္ချာ ဖြစ်၏။ |

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ **မတ္တာဝုတ္တိနိဒ္ဒေသော** နာမ **ဒုတိယော ပရိစ္ဆေဒေါ**။

ဝုတ္တောဒယေ၊ သော။ ဆန္ဒသိ၊ ၌။ မတ္တာဝုတ္တိနိဒ္ဒေသော နာမ၊ ၄-ပါးဇာတိ၊ ဝုတ္တိအကျယ်၊ ၂၄-ပါး၊ မတ္တာအားဖြင့်၊ ပိုင်းခြားမှတ်ဖွဲ့အပ်သော မတ္တာဝုတ္တိတို့ကို ညွှန်ပြကြောင်းမည်သော။ ဒုတိယော၊ ၂-ခုမြောက်သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

ဂရု, လဟု, ဝဏ္ဏ ၃-မျိုး တွက်ယူရန် ပြယုဂ်

**ပထျာအရိယာ-ပုဗ္ဗဒ္ဓ**

ပထမပါဒ မတ္တာ-၁၂

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ဒ | | သ္သ | န | ရ | သာ | | နု | ဘ | ဝ | နေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | | ၆ | ၇ | ၈ | ၉ | |

ဒုတိယပါဒ မတ္တာ-၁၈

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | ၂၈ | ၂၉ | ၃၀ |
| နိ | ဗ | | ဒ္ဓ | ဓေ | | ဓာ | | ဇီ | နု | | သ္သ | ယံ | | ဇ | နု | တာ | |
| ၁၀ | ၁၁ | | ၁၂ | ၁၃ | | ၁၄ | | ၁၅ | ၁၆ | | ၁၇ | ၁၈ | | ၁၉ | ၂၀ | ၂၁ | |

**ပထျာအရိယာ-အပရဒ္ဓ**

တတိယပါဒ မတ္တာ-၁၂

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၃၁ | ၃၂ | ၃၃ | ၃၄ | ၃၅ | ၃၆ | ၃၇ | ၃၈ | ၃၉ | ၄၀ | ၄၁ | ၄၂ |
| ဝိ | | မှ | ယ | ဇ | နု | နိ | | သ | | ည | တ |
| ၂၂ | | ၂၃ | ၂၄ | ၂၅ | ၂၆ | ၂၇ | | ၂၈ | | ၂၉ | ၃၀ |

စတုတ္ထပါဒ မတ္တာ-၁၅

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၄၃ | ၄၄ | ၄၅ | ၄၆ | ၄၇ | ၄၈ | ၄၉ | ၅၀ | ၅၁ | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ |
| ကြိ | ယာ | | နု | ကံ | | နာ | | နု | ရ | | ဋ္ဌ | ယ | တိ | |
| ၃၁ | ၃၂ | | ၃၃ | ၃၄ | | ၃၅ | | ၃၆ | ၃၇ | | ၃၈ | ၃၉ | ၄၀ | |

ဤဝုတ္တောဒယကျမ်း၌ ဆိုအပ်သော ဒသ္သနရသာနုဘဝနေ-စသော ဥဒါဟရုဏ်ဂါထာသည် ပထျာအရိယာဂါထာတည်း။ ဤဂါထာ၌ အက္ခရာလုံးရေ-၄၀၊ မတ္တာ-၅၇၊ ဂရု-၁၇၊ လဟု ၂၃-အရေအတွက်ရှိ၏။ နာနုရဋ္ဌယတိ-၌ တိ-အက္ခရာကား ပါဒန္တဂရုတည်း။

| | ဂါထာအမည် | မတြာ |
|---|---|---|
| ၁ | ပထျာအရိယာ | ၅၇ |
| ၂ | ဝိပုလာအရိယာ | ၅၇ |
| ၃ | စပလာအရိယာ | ၅၇ |
| ၄ | မုခစပလာအရိယာ | ၅၇ |
| ၅ | ဇဃနစပလာအရိယာ | ၅၇ |
| ၆ | ဂီတိ | ၆၀ |
| ၇ | ဥပဂီတိ | ၅၄ |
| ၈ | ဥဂ္ဂီတိ | ၆၀ |
| ၉ | အရိယာဂီတိ | ၅၈ |
| ၁၀ | ဝေတာလီယံ | ၆၄ |
| ၁၁ | ဩပစ္ဆန္ဒသိကံ | ၆၈ |
| ၁၂ | အာပါတလိကာ | ၆၀ |

| | ဂါထာအမည် | မတြာ |
|---|---|---|
| ၁၃ | ဒက္ခိဏန္တိကာ | ၆၀ |
| ၁၄ | ဥဒိစ္စဝုတ္တိ | ၆၀ |
| ၁၅ | ပစ္စဝုတ္တိ | ၆၀ |
| ၁၆ | ပဝတ္တကံ | |
| ၁၇ | အပရန္တိကာ | |
| ၁၈ | စာရုဟာသိနီ | |
| ၁၉ | အစလဓိတိ | ၆၄ |
| ၂၀ | မတ္တာသမကံ | ၆၄ |
| ၂၁ | ဝိသိလောကော | ၆၄ |
| ၂၂ | ဝါနဝါသိကာ | ၆၄ |
| ၂၃ | စိတြာ | ၆၄ |
| ၂၄ | ဥပစိတြာ | ၆၄ |

* * * * * *

## [၃] တတိယပရိစ္ဆေဒ၊ သမဝုတ္တိနိဒ္ဒေသ

မတ္တာဝဏ္ဏဝိဘေဒနံဟု မိမိပြဆိုအပ်ပြီးသော ရှေးစကားနှင့်အညီ မတြာဝုတ္တိဂါထာ ၂၄-မျိုးတို့၏ လက္ခ,လက္ခဏတို့ကို မိန့်ဆိုညွှန်ပြတော်မူပြီး၍ ယခုအခါ ဝဏ္ဏဝုတ္တိဂါထာမျိုးတို့၏ လက္ခ,လက္ခဏတို့ကို မိန့်ဆိုညွှန်ပြတော်မူလိုသော ရှင်သံဃရက္ခိတဆရာသည်—

၄၆။ တျာ စေ တနုမဇ္ဈာ။ ။ ၆-ဂါယတ္တီ။ ၁။

အစရှိသောသုတ်, ဥဒါဟရဏ်တို့နှင့် ပြည့်စုံသော ဤတတိယပရိစ္ဆေဒကို မိန့်ဆိုအားထုတ်တော်မူအပ်သတည်း။

ယသ္သာ ဝုတ္တိယာ၊ အကြင်ဂါထာ၏။ ပတိပါဒံ၊ ပါဒတိုင်း, ပါဒတိုင်း။ တျာ၊ တဂိုဏ်း, ယဂိုဏ်းတို့သည်။ ယထာက္ကမံ၊ ရှေ့,နောက်ဘက်ယှဉ် အစဉ်အတိုင်း။ ယဒိ ဘဝန္တိ၊ အကယ်၍ ဖြစ်ကုန်အံ့။ သာ ဝုတ္တိ၊ ထိုဂါထာသည်။ တနုမဇ္ဈာ၊ ခါးပျော့သေးသွယ် ငယ်လျသောမိန်းမနှင့် တူသောကြောင့် တနုမဇ္ဈာဂါထာ မည်သည်။ ဘဝတိ၊ ဖြစ်၏။

ပါဒန္တယတိဟု အမတသဥ္စိဝနီဋီကာ၌ ဆို၏။ အချို့ဆန်းကျမ်း၌ ၂-လုံးတစ်ရပ်၊ ၄-လုံးတစ်ရပ် ယတိဖြတ်ရမည်-ဟူ၍လည်း ဆို၏။ ဂါယတ္တိ၊ သီကုံးစွတ်ဆိုသောသူကို စောင့်ရှောက်တတ်သော ဂါယတ္တီဆန်းတည်း။ နဒါဒိဂိုဏ်းဖြစ်သောကြောင့် "ဂါယတ္တီ"ဟု ဤဒီယန္တနှင့် ရေးသားဖတ်ရွတ်။

"ဂါယန္တံ တာယတိ ရက္ခတီတိ ဂါယတ္တီ"ဟု ဝိဂြိုဟ်ပြု။

ပါဒ'မေကက္ခရာရဗ္ဘ၊ ယာဝ ဆဗ္ဗီသတ'က္ခရော။
ဘဝေ ပါဒေဟိ တံ ဆန္ဒ၊ နာနာနာမော'ဒိတံ တတော။ (နှာ-၂၄၄)

ဟူသောဂါထာနှင့်အညီ ဆန်းသည် ၁-ပါဒလျှင် အက္ခရာ ၁-လုံးရှိသော **ဧကက္ခရဆန်း**မှစ၍ ၁-ပါဒလျှင် အက္ခရာ ၂၆-လုံးရှိသော **ဆဗ္ဗီသတျက္ခရဆန်း**တိုင်အောင် ၂၆-မျိုး အရေအတွက် ရှိ၏။ ထို ၂၆-မျိုး၊ အက္ခရာ ၁-လုံး, ၁-လုံး တိုးပွါးတိုင်း အမည်ထူးကို ဖြစ်စေတတ်ကုန်သော ဆန်းမျိုးတို့တွင် ၁-ပါဒ၌ အက္ခရာ ၁-လုံးသာလျှင်ရှိသော ဆန်းသည် **ဥတ္တာ**ဆန်းမည်၏။ ထိုဥတ္တာဆန်းကို ပတ္ထာရနည်းအားဖြင့် အကျယ်ဖြန့်၍ ယူအပ်သည်ရှိသော် ပတ္ထာရအတန်း သချာသည် '၂-ခု' အရေအတွက်ရှိသည် ဖြစ်၏။ ထိုပတ္ထာရသချာသည်ပင်လျှင် ဥတ္တာဆန်း၌ ရသင့်ရထိုက်သော ဂါထာအရေအတွက် ဖြစ်၏။

၁-ပါဒ၌ အက္ခရာ ၂-လုံးရှိသော ဆန်းသည် **အစ္စုတ္တာ**ဆန်း မည်၏။ ထို အစ္စုတ္တာဆန်းကို ပတ္ထာရနည်းအားဖြင့် အကျယ်ဖြန့်၍ ယူအပ်သည်ရှိသော် ပတ္ထာရအတန်းသချာသည် ၄-ခုအရေအတွက် ရရှိသည်ဖြစ်၏။ ထို ၄-ခုသော ပတ္ထာရသချာသည်ပင်လျှင် အစ္စုတ္တာဆန်း၌ ရသင့်ရထိုက်သော ဂါထာအရေအတွက် ဖြစ်၏။

၁-ပါဒ၌ အက္ခရာ ၃-လုံးရှိသော **မဇ္ဈာ**ဆန်း၊ အက္ခရာ ၄-လုံးရှိသော **ပတိဋ္ဌာ**ဆန်း၊ အက္ခရာ ၅-လုံးရှိသော **သုပ္ပတိဋ္ဌာ**ဆန်း-စသည်တို့၌လည်း ဇယားပုံတွင် စီစဉ်ရေးသားထားသည့်အတိုင်း ဂဏန်းတပိုး တိုး၍တိုး၍ ပတ္ထာရသချာဖြစ်ပွါးပုံကို သိအပ်၏။

တဆတပိုးတိုး၍ ရေတွက်ရာ၌ မိမိလိုရာ ဂဏန်းတစ်ခုခုကို တည်၍ ဂဏန်းတူချင်း မြှောက်၍ တွက်ရသော 'ကွဒြ'ခေါ်သော ဝဂ်တွက်နည်းသည် အလွန်အသုံးဝင်၏။

ပြယုဂ်။ ၂-ခုကို တည်၍ ၂-ခုဖြင့် မြှောက်လျှင် ၁၆-ခုဖြစ်၏။ ၁၆-ခုကို တည်၍ ၁၆-ခုဖြင့် မြှောက်လျှင် ၂၅၆-ခုဖြစ်၏။ ဤသို့ စသည်ဖြင့် တွက်၍ရသော ဂဏန်းသစ်တို့ကို အချင်းချင်း မြှောက်ပွါး၍ ပတ္ထာရနည်းကို စီရင်အပ်၏။

| ဝဏ္ဏ | ဆန်း | ပတ္ထာရသင်္ချာ | | ဝဏ္ဏ | ဆန်း | ပတ္ထာရသင်္ချာ |
|---|---|---|---|---|---|---|
| ၁ | ဥတ္တာ | ၂ | | ၁၄ | သက္ကရီ | ၁၆၃၈၄ |
| ၂ | အစ္စုတ္တာ | ၄ | | ၁၅ | အတိသက္ကရီ | ၃၂၇၆၈ |
| ၃ | မဇ္ဈာ | ၈ | | ၁၆ | အဋ္ဌိ | ၆၅၅၃၆ |
| ၄ | ပတိဋ္ဌာ | ၁၆ | | ၁၇ | အစ္စဋ္ဌိ | ၁၃၁၀၇၂ |
| ၅ | သုပ္ပတိဋ္ဌာ | ၃၂ | | ၁၈ | ဓိတိ | ၂၆၂၁၄၄ |
| ၆ | ဂါယတ္တီ | ၆၄ | | ၁၉ | အတိဓိတိ | ၅၂၄၂၈၈ |
| ၇ | ဥဏှိကာ | ၁၂၈ | | ၂၀ | ကတိ | ၁၀၄၈၅၇၆ |
| ၈ | အနုဋ္ဌုဘာ | ၂၅၆ | | ၂၁ | ပကတိ | ၂၀၉၇၁၅၂ |
| ၉ | ဗြဟတီ | ၅၁၂ | | ၂၂ | အာကတိ | ၄၁၉၄၃၀၄ |
| ၁၀ | ပင်္တိ | ၁၀၂၄ | | ၂၃ | ဝိကတိ | ၈၃၈၈၆၀၈ |
| ၁၁ | တိဋ္ဌုဘာ | ၂၀၄၈ | | ၂၄ | သံကတိ | ၁၆၇၇၇၂၁၆ |
| ၁၂ | ဇဂတီ | ၄၀၉၆ | | ၂၅ | အတိကတိ | ၃၃၅၅၄၄၃၂ |
| ၁၃ | အတိဇဂတီ | ၈၁၉၂ | | ၂၆ | ဥက္ကတိ | ၆၇၁၀၈၈၆၄ |

အလုံးစုံကို ပေါင်းလျှင် ဆန်းမျိုး-၂၆၊ ဂါထာမျိုးပေါင်း ၁၃၄,၂၁၇,၇၂၆-ဂါထာ အရေအတွက်ရှိ၏။

လွန်ပြီးသော ပတ္ထာရသင်္ချာပါ အလုံးစုံကို ပေါင်းနည်းမှာ ရောက်ဆဲ ပတ္ထာရသင်္ချာကို ၂-ခုနှင့် မြှောက်၍ ၂-ခုနှင့် နုတ်လျှင် ပေါင်းပြီးသော ပတ္ထာရသင်္ချာ ဖြစ်၏။ ရောက်ဆဲ ၄×၂=၈-၂=၆။ ၅၁၂×၂=၁,၀၂၄-၂=၁,၀၂၂။

ဥတ္တာဒျုက္ကတိယန္တေသု၊ ဆန္ဒေသု သမဝုတ္တယော။
ရသပက္ခေသိဒီပေန္ဒု-ကရောဒဓဂ္ဂိမေရဝေါ။ ။ (သင်္ဂဟဂါထာ)

ဥတ္တာဒျုက္ကတိယန္တေသု၊ ဥတ္တာ အစ, ဥက္ကတိ အဆုံးရှိကုန်သော။ ဆန္ဒေသု၊ ၂၆-ပါးကုန်သောဆန်းတို့၌။ ရသပက္ခေသိဒီပေန္ဒုကရောဒဓဂ္ဂိမေရဝေါ၊ ရသ, ပက္ခ, က္ခသိ, ဒီပ, က္ခန္ဒု, ကရ, ဥဒဓိ, အဂ္ဂိ, မေရဝေါ ၁၃၄,၂၁၇, ၇၂၆-ပါးကုန်သော။ သမဝုတ္တယော၊ သမဝုတ္တိ ဂါထာတို့သည်။ သဏ္ဌိတာ၊ ကောင်းစွာ တည်ကုန်၏။

ထိုဆန်း ၂၆-မျိုးတို့တွင် ဥတ္တာ, အစ္စုတ္တာ-စသော ဆန်းတို့ကို မဆိုမူ၍ "ဂါယတ္တီ ပမုခံ ဆန္ဒော"ဟူသည်နှင့်အညီ ဗေဒင်ကျမ်းတို့၏ အဦးအစ ပထမဖြစ်သော ဂါယတ္တီဆန်းကို အစထား၍ ဆိုသတည်း။ ဂါယတ္တီဆန်း၌ အကျယ်ဖြန့်၍ တွက်ယူအပ်ကုန်သော ၆၄-မျိုး

ကုန်သော ဂါထာတို့တွင် ၁၃-ခုမြောက်သော အတန်း၌တည်သော ဂါထာတစ်မျိုးကိုသာလျှင် တနုမဇ္ဈာဂါထာ-ဟု အမည်ပေး၍ ဤဆန်းကျမ်းတွင် ပြဆိုတော်မူ၏။ ကြွင်းကုန်သော ၆၃-မျိုးကုန်သော ဂါထာတို့၏ အမည်တို့ကိုကား ကျမ်းဆရာသည် မပြ,မဆိုအပ်ကုန်။ ပညာရှိတို့သည် အမည်ထူးကို မိမိတို့၏ ဉာဏ်ပညာဖြင့် ကြံစည်အပ်၏။

သေသ ဘေဒါ သုမိတိ ဥဂ္ဂဟနီယာ၊ ဂန္ထဝိတ္ထာရသင်္ကာယ နာဇ္ဈော်တ္တာ။

(ပိင်္ဂလပ္ပဒီပဋီကာ)

ဝုတ္တရတနာကရ၌—

သသိဝဒနာ န္ယာ။ ။ ဝိဒ္ယုလ္လေခါ မောမော။ ။ တ္ဘာ စေ ဝသုမတီ။

ဟူသောသုတ်တို့ဖြင့် ၁၆-တန်း၌ တည်သောဂါထာကို သသိဝဒနာဂါထာ၊ ပဥ္စမတန်း၌ တည်သောဂါထာကို ဝိဒ္ယုလ္လေခါဂါထာ၊ ၂၉-တန်း၌တည်သော ဂါထာကို ဝသုမတီဂါထာ-ဟု ဆိုသေး၏။

ပါကတပိင်္ဂလဆန်းကျမ်း၌ သ ၂-ဂိုဏ်းတို့ဖြင့် ဖွဲ့အပ်သော ၂၈-တန်း၌ တည်သောဂါထာကို တိလကာဂါထာ-ဟူ၍လည်းကောင်း, ရ ၂-ဂိုဏ်းတို့ဖြင့် ဖွဲ့အပ်သော ၁၉-တန်း၌ တည်သောဂါထာကို ဝိဇ္ဇောဟာဂါထာ-ဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် ဆိုသေး၏။

ဤမှ စ၍ အနုသန္ဓေကျမ်းတက်ကို မဆိုတော့ပြီ။ ထူးသောအရာတို့၌ အနည်းငယ်မျှကိုသာလျှင် ပြဆိုပေအံ့သတည်း။

၄၇။ ကုမာရလလိတာ သ္ဇ္ဂါ ။ ။ ၇။ ဥဏှိကာ။ ၁။

ယဿာ ဝုတ္တိယာ၊ ၏။ ပတိပါဒံ၊ တိုင်း။ သ္ဇ္ဂါ ၊ ဇဂိုဏ်း, သဂိုဏ်း ဂရုတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ကုမာရလလိတာ၊ သတို့သားနှယ်၊ စံပယ်ကွန့်မြူး၊ အထူးတင့်တယ်သော ကုမာရလလိတာဂါထာ မည်၏။

"တီဟိ စတုတ္ထိ စ ယတျုပဒေသံ ဝဏ္ဏယန္တိ"ဟု အမတသဥ္စိဝနီဋီကာ၌ ဆိုသောကြောင့် ၃-လုံးတစ်ရပ်, ၄-လုံးတစ်ရပ် ယတိဖြတ်အပ်၏။

"အတြ ကေစိ ဒွိဟိ ပဉ္စဟိ စ ယတိ ကုစ္ဆန္တိ"ဟု ၎င်းဋီကာ၌ပင် ဆိုသောကြောင့် ကေစိဆရာတို့၏ အလိုအားဖြင့် ၂-လုံးတစ်ရပ်, ၅-လုံးတစ်ရပ် ယတိဖြတ်အပ်၏။

ဥဏှိကာ၊ နှလုံးစိတ်ဝမ်း၊ ရွှင်လန်းနှစ်သက်၊ စုံမက်မြတ်နိုးစေတတ်သော ဥဏှိကာ မည်သော ၇-လုံးဖွဲ့ဆန်းတည်း။

"ဥဿိနိဟယတိ ပီတိံ ကရောတီတိ ဥဏှိကာ"ဟု ဝိဂြိုဟ်ပြု၍ သုတ်ကြီးဖြင့် စီရင်။ ဥဏှိကာဆန်း၌ ပတ္ထာရနည်းအားဖြင့် ရသင့်ရထိုက်ကုန်သော ၁၂၈-ပါးသော အတန်း ဂါထာတို့တွင် ၃၀-မြောက်သော အတန်း၌ တည်သောဂါထာကို ကုမာရလလိတာ-ဟု အမည် မှည့်ဆို၍ ၇-လုံးဖွဲ့ဂါထာ တစ်မျိုးမျှကိုသာလျှင် ဤကျမ်းတွင် ထည့်သွင်း၍ ပြ၏။

ဇန္တဝိတ္ထာရဘီတိယာ၊ သေသဘေဒါ နောဒါဟတာ၊ တာ သုဓိဘိ ဉီဟိယန္တေ။

(ပိင်္ဂလပ္ပဒီပဋီကာ)

၄၈။ စိတြာပဒါ ယဒိ ဘာ ဂါ။

ယဿာ ဝုတ္တိယာ၊ ၏။ ပတိပါဒံ၊ တိုင်း။ ဘာ၊ ဘ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ဂါ၊ ဂရု ၂-လုံးတို့သည်လည်းကောင်း။ ယထာက္ကမံ၊ တိုင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ စိတြပဒါ၊ မည်၏။

"ပါဒန္တ ယတိ"ဟု ပိင်္ဂလဋီကာ၌ ဆိုး၏။ ၂၅၆-တန်းတို့တွင် ၅၅-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

၄၉။ မော မော ဂေါ ဂေါ ဝိဇ္ဇုမ္မာလာ။

ယဿာ ဝုတ္တိယာ၊ ၏။ ပတိပါဒံ၊ တိုင်း။ မော၊ မဂိုဏ်းသည်လည်းကောင်း။ မော၊ လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ ဂေါ၊ လည်းကောင်း။ ယထာက္ကမံ၊ တိုင်း။ စေ ဘဝတိ၊ အံ့။ သာ ဝုတ္တိ၊ သည်။ ဝိဇ္ဇုမ္မာလာ၊ လျှပ်ပန်းတန်း၊ ဂရုဆက်လက်၊ စဉ်တန်းလျက် တည်သောကြောင့် ဝိဇ္ဇုမ္မာလာဂါထာ မည်၏။ ၄-လုံးတစ်ရပ် ယတိဖြတ်၍ ရွတ်အပ်၏။

အတြ စတုတ္ထိ စတုတ္ထိ စ ယတိ။ (အမတသဋ္ဌိဝနိဋီကာ)

ဝိဇ္ဇုသဒ္ဒါသည် ဝိဒျုတ်-ဟူသော သက္ကဋဗျဉ္ဇနန္တပုဒ်ရင်း ဖြစ်သောကြောင့် နောက်ပုဒ်နှင့် သမာသ်တွဲစပ်ခြင်း-စသည်ကို ပြုသောအခါ နောက်ပုဒ်နေသို့ လိုက်၍ ဒွေဘော် ရောက်ရ သည်။ ဤကဲ့သို့သော ဗျဉ္ဇနန္တပုဒ်မျိုး အဆင့်သံယုဂ်ပုဒ်မျိုးတို့၌သာ တည်သော ဒွေဘာဝ ရောက်သည်ကို သိစေလို၍ ပရဒွေဘာဝေါဌာနေသုတ်, ဝဂ္ဂေဃောသာဃောသာနံ တတိယ ပထမာသုတ်တို့ကို တည်ထားသည်။ ဗျဉ္ဇနန္တပုဒ် သံယောဂဝန္တပုဒ်တို့၏သဘောသည် ပဋ္ဌ, ဂဋ္ဌမရွေး ဒွေဘာဝဌာန၌ ဒွေဘော်နှင့်ချည်းသာ တည်နေ၏။

ကဝိသာရ၊ ဝစနတ္ထဇောတိကဋီကာတို့၌ကား 'ဆန္ဒာနုရက္ခဏတ္ထဒွေဘာဝ'ဟု ဆိုကုန်၏။ ဆန္ဒာနုရက္ခဏတ္ထဒွေဘာဝတို့၏ သဘောသည် ပကတိပုဒ်နေ တွဲစပ်ရင်း၌ ဒွေဘော်မဝင်ရောက်ဘဲ ဂါထာဗန္ဓ စီကုံးဖွဲ့ဆိုရာ၌သာလျှင် ဂိုဏ်း, ဂရု, လဟုတို့သို့ လိုက်၍ မလွဲမရှောင်သာ လက္ခဏာအတိုင်း ဂိုဏ်းပျက်မည်ကို စိုးရိမ်ရ၍ တမင်ဒွေဘော် လာရောက်ရာတို့၌သာ အသုံးပြုရသော ဒွေဘော်မျိုးဖြစ်၏။ နောက်နောက်သော ဒွေဘာဝဌာန-ဟူသမျှတို့၌လည်း ဤနည်းအတိုင်းသာလျှင် ဖြစ်၏။

ဤဝိဇ္ဇုမ္မာလာဂါထာသည် ပတ္ထာရအတန်းပေါင်း ၂၅၆-တန်းတို့တွင် လက်ဦးအစ ပထမဖြစ်သော ဂါထာပေတည်း။ အချို့ကျမ်း၌ ဝိဇ္ဇုလ္လေခါဂါထာ-ဟု အမည်ဆို၏။

**အဌက္ခရကတေ ပါဒေ၊ သဗ္ဗာနေဝ ဘဝန္တိ ဟိ။**
**ဂုရူနိ ယမှိ သာ နာမာ၊ ဝိဇ္ဇုလ္လေခါတိ သညိတာ။** (ဘာရတနာဋျကျမ်း၊ ပန္နရသမအပိုင်း)

## ၅၀။　ဘာ တလဂါ မာဏဝက်။

ယဿ ပဇ္ဇဿ၊ အကြင်ဂါထာ၏။ ပတိပါဒံ၊ တိုင်း။ ဘာ၊ ဘဂိုဏ်းမှ။ ပရံ၊ ၌။ တလဂါ၊ တဂိုဏ်း, လဟု, ဂရုတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ တံ ပဇ္ဇံ သည်။ မာဏဝက်၊ မာဏဝကဂါထာ မည်၏။

**သာ ဂါထာ နာမ ဝိညေယျာ၊ သိလောကော နာမ ဧဝ စ။**
**သာပိ ပဇ္ဇေတိ ဝုတ္တာဋ္ဌ၊ ဝုတ္တီတိ နညထာ သိယာ။　　။**

ဟူသော ဝုတ္တိဗျာချာန်နှင့်အညီ "ယဿ သိလောကဿ၊ ပဇ္ဇဿ၊ ဝုတ္တဿ"ဟူ၍လည်းကောင်း၊ "ယဿာ ဂါထာယ၊ ဝုတ္တိယာ"ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ထိုက်သည်အလျောက် ဂါထာအမည်ပုဒ်၏ လိင်ကို ကြည့်၍ အနိယတ်, နိယတ်တို့ကို စွဲဆိုအပ်ကုန်၏။

သုတဗောဓဆန်းကျမ်း၌ "မာဏဝကာကီဠာ"ဟု အမည်ဆို၏။ ဆန္ဒစိဟနပ္ပကာသနကျမ်း၊ ဝုတ္တစန္ဒြိကာကျမ်းတို့၌ မာဏဝကက္ကီဠဂါထာ-ဟု အမည်ဆို၏။ ပိင်္ဂလဆန်းကျမ်း၌ မာဏဝကက္ကီဠိတကဂါထာ-ဟု အမည်ဆို၏။

**အတြ စတုတ္ထိ စတုတ္ထိ စ ယတိ ဣစ္စာ'မနာယော။**

ဟု အမတသဉ္စိဝနီဋီကာ၌ ဆိုသောကြောင့် ရှေ့ ၄-လုံးတစ်ရပ်, နောက် ၄-လုံးတစ်ရပ် ယတိဖြတ်အပ်၏။

အတြ၊ ဤဂါထာ၌။ စတုတ္ထံ စ၊ ၄-လုံးတို့ဖြင့်လည်းကောင်း။ စတုတ္ထံ စ၊ လည်းကောင်း။ ယတိ၊ အရွတ်, အဖတ် ရပ်နားခြင်း ယတိသည်။ ဘဝတိ၊ ၏။ ဣတိ၊ ဤသည်ကား။ အာမနာ-ယော၊ ဆရာစဉ်ဆက် ဆင်းသက်ညွှန်ပြခဲ့သော ဥပဒေသတည်း။ ဤဂါထာသည် ၁၀၃-ခုမြောက်သော အတန်း၌ တည်၏။

၅၁။ ဂ္လါ သမာနိကာ ရဇာ စ။

ယဿာ ဝုတ္တိယာ၊ ၏။ ပတိပါဒံ၊ တိုင်း။ ဂ္လါ စ၊ ဂရု,လဟုတို့သည်လည်းကောင်း၊ ရဇာ စ၊ ရဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ ယထာက္ကမံ၊ တိုင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ **သမာနိကာ**၊ မည်၏။

ပိင်္ဂလဆန်းကျမ်း၌ "သမာနီ"ဟု ဤကာရန္တနှင့် အမည်ဆို၏။ ဝုတ္တရတနာကရ၌ "ဂ္လါ သမာနိကာ ဂလာ စ" ဟု သုတ်တည် ဆို၏။ မထူးပြီ။ ဤဂါထာသည် ၁၇၁-တန်း၌ တည်၏။

၅၂။ ပမာဏိကာ ဇရာ လဂါ။ ။ ၈။ အနုဋ္ဌုဘာ။ ၅။ ။

ယဿာ ဝုတ္တိယာ၊ ၏။ ပတိပါဒံ၊ တိုင်း။ ဇရာ၊ ဇဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ လဂါ၊ လဟု,ဂရုတို့သည်လည်းကောင်း။ ယထာက္ကမံ၊ တိုင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ **ပမာဏိကာ**၊ မည်၏။

အနုဋ္ဌုဘာ၊ မပြတ်တားမြစ် ပိတ်ဆို့ကြောင်းဖြစ်သော ၈-လုံးဖွဲ့ အနုဋ္ဌုဘာဆန်းတည်း။

ပိင်္ဂလဆန်းကျမ်း၌ "ပမာဏီ"ဟု ဤကာရန္တနှင့် အမည်ဆို၏။ သုတဗောဓဆန်းကျမ်း, ဝုတ္တစန္ဒိကာဆန်းကျမ်း, ဆန္ဒောဝိဟနဆန်းကျမ်း, ဝုတ္တရတနာဝလိဆန်းကျမ်းတို့၌ နဂသ္ဗရူပိဏီ ဂါထာ-ဟု အမည်မှည့်ဆို၏။

ဇရာ လဂါ စ ပါဒဂါ၊ ယဒါ တဒါ'တိဟာရိဏီ။
ပမာဏိကာတိဂိယတေ၊ ပရေ နဂသ္ဗရူပိဏီ။ ။ (ဝုတ္တစန္ဒိကာ)

အမတသဉ္စိဝနိဋီကာဆရာကား "နာရာစံ ဣတိ အပရေ"ဟု ဖွင့်ဆို၏။ ဤသို့ ဖွင့်ဆိုခြင်းသည် ပိင်္ဂလဆန်းသုတ်အဖွင့် အမတသဉ္စိဝနိဋီကာကို ရေးသော ဟလာယုဓဆရာ၏ မှားယွင်းချွတ်ချော်သော စကားမျှသာ ဖြစ်၏။

အဘယ်ကြောင့်နည်းဟူမူ ဤပမာဏိကာဂါထာ၏အမည်ကို နာရာစဂါထာ မည်၏-ဟု ရေးသားပြဆိုသောအရာ မရှိသောကြောင့်တည်း။ ပါကတပိင်္ဂလဆန်းကျမ်းတွင်—

လဟုဂ္ဂုရု နိရန္တရံ၊ ပမာဏိကာ'ဋ္ဌကက္ခရာ။
ပမာဏိကာ ဒွိဂုဏာသာ၊ နရာ စ ဘညတေဟိသော။

ဟူသောဂါထာဖြင့် ပမာဏိကာဂါထာကို ၂-ပြန်ပြုလျှင် ၁၆-လုံးဖွဲ့ အဋ္ဌိဆန်း နရာစဂါထာဖြစ်ကြောင်းကိုသာ ပြဆိုသည်။ 'ပမာဏိကာ'-သည်ပင် 'နရာစ'-မည်နိုင်သေးကြောင်းကို ပြဆိုသည် မဟုတ်။

ပိင်္ဂလပ္ပဒီပဋီကာတွင်လည်း–

> သာယံ ပမာဏိကာ စေ ဒွိဂုဏာ ကရီယတေ သောဠသက္ခရပဒေ တျတ္ထော၊ တဒါ သော နရာစော ဘညတေ က္ကတိ ဥတ္တရတြ သောဠသက္ခရပဒဆန္ဒသော လက္ခဏမပိ လက္ခတေ အနေနေတိ။

ဟူ၍သာလျှင် ဖွင့်ဆို၏။

သာယံ ပမာဏိကာ၊ ထိုပမာဏိကာဂါထာကို။ ဒွိဂုဏာ၊ ၂-ဆတက်သည်ကို။ စေ ကရီယတေ၊ အကယ်၍ ပြုအပ်သည်ဖြစ်အံ့။ သောဠသက္ခရပဒေ၊ ၁၆-လုံး အက္ခရာရှိသော ပါဒကို။ ကတေ၊ ပြုအပ်သည်ရှိသော်။ က္ကတိ၊ ဤကား။ အတ္ထော၊ အနက်တည်း။ တဒါ၊ ထိုအခါ၌။ သော၊ ထိုသိလောကကို။ နရာစော၊ နရာစဂါထာ-ဟူ၍။ ဘညတေ၊ ဆိုအပ်၏။ က္ကတိ၊ ဤသို့။ ဥတ္တရတြ၊ နောက်၌။ သောဠသက္ခရပဒဆန္ဒသော၊ ၁၆-လုံး အက္ခရာပါဒရှိသော အဋ္ဌိဆန်း၏။ လက္ခဏမပိ၊ လက္ခဏာကိုလည်း။ အနေန၊ ဤလဟုဂ္ဂုရုနိရန္တရံ-ဟူသော ဂါထာဖြင့်။ လက္ခတေ၊ မှတ်အပ်၏။ က္ကတိ၊ ဤကား အဓိပ္ပါယ်တည်း။

လဟုတိုင်း, လဟုတိုင်း၌ ယတိဖြတ်လျှင် နားကြားကောင်း၍ နာပျော်ဖွယ်ရှိ၏-ဟု ကေစိဆရာတို့ ဆိုကုန်၏။ ဤဂါထာသည် ၈၆-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

**အနုနိရန္တရံ ထုဘီယတေ တောယာတိ အနုဋ္ဌုဘာ။** – ဟု ဝိဂ္ဂြိုဟ်ပြု။

**ဝါနီဆန္ဒောပိနုဋ္ဌုဘာ။** (တိကဏ္ဍသေသအဘိဓာန်)

အနုဋ္ဌုဘာ-သဒ္ဒါသည် စကားဟူသော အနက်, ၈-လုံးဖွဲ့ဆန်း-ဟူသော အနက် ၂-ပါး၌ဖြစ်သည်တွင် စကား-ဟူသော အနက်၌ မုချဖြစ်၍ ဆန်း-ဟူသော အနက်၌ကား အဘေဒဘေဒူပစာရအားဖြင့် ဖြစ်၏။

ဝါစာနုဋ္ဌုဘာဆန္ဒော။ ။ (ဝေဒကျမ်း)။ ။ **အနုဋ္ဌောဘနာ အနုဋ္ဌုဘာ။**

ထိုအနုဋ္ဌုဘာဆန်းသည် ဇာတိအနုဋ္ဌုဘာ, ဝိသေသအနုဋ္ဌုဘာ-ဟူ၍ ၂-ပါးအပြားရှိ၏။

အမှတ်မရှိ တစ်စုံတစ်ခုသော ၈-လုံးသော အက္ခရာရှိသော ပါဒတို့ဖြင့် ဖွဲ့ဆိုအပ်သောဆန်းသည် **ဇာတိအနုဋ္ဌုဘဆန်း** မည်၏။ ထိုဇာတိအနုဋ္ဌုဘဆန်းမျိုး၏ အကျယ်ပတ္ထာရသည် အောက်ဇယား၌ ပြထားအပ်ပြီးသည့်အတိုင်း ၂၅၆-ပါး အရေအတွက်ရှိ၏။

**ပဥ္စမံ လဟု သဗ္ဗတြ၊ ဒွိစတုတ္ထေသု သတ္တမံ။**
**ဂုရု ဆဋ္ဌံ ပါဒါနံ၊ သေသေသွ နိယမော ကတော။**

ဟူသော ဆန္ဒောမဉ္ဇရီနှင့်အညီ ၄-ပါးစလုံးတို့၌ ၅-လုံးမြောက်တွင် လဟုရှိခြင်း၊ သမ ၂-ပါဒတို့၌ ၇-လုံးမြောက်တွင် လဟုရှိခြင်း၊ ၄-ပါးစလုံးတို့၌ ၆-လုံးမြောက်တွင် ဂရုမြဲခြင်း၊ ကြွင်းသော အက္ခရာတို့၌ ဂရု,လဟု လိုရာဖွဲ့နိုင်သောကြောင့် မမြဲသော ဂရု, လဟုရှိခြင်း-ဟု ဆိုအပ်သော လက္ခဏာ ၄-ပါးတို့ဖြင့် မှတ်၍ အထူးစုပေါင်း ကောင်းစွာ တည်ခြင်းနှင့် ယှဉ်သော အက္ခရာရှိသော ပါဒတို့ဖြင့် ဖွဲ့ဆိုအပ်သောဆန်းသည် **ဝိသေသအနုဋ္ဌုဘဆန်း** မည်၏။ ထိုဝိသေသသန္နိဝေသယုတ္တက္ခရာရှိသော ဆန်းကို နောက်ဝိသမဝုတ္တိနိဒ္ဒေသ၌ အရှင်သံဃရက္ခိတဆရာသည် ပြဆိုအပ်လတ္တံ့။

တစ်နည်းအားဖြင့် ဝတ္တ-ဟူသော အမည်ဖြင့် ဆိုလတ္တံ့သော ဝိသမဝုတ္တိကို မတြာဆန်း၌ သွင်းအပ်၏။ ဇာတိအနုဋ္ဌုဘကို ဝဏ္ဏဝုတ္တိ၌ သွင်းအပ်၏။ ပိင်္ဂလဆန်းကျမ်း, ဝုတ္တရတနာကရဆန်းကျမ်းတို့၌ ၂၅၆-မျိုးကုန်သော ဂါထာတို့တွင် ပြဆိုအပ်ပြီးသော အတန်းသချာတို့၌ တည်သော သမာနိကာဂါထာ၊ ပမာဏိကာဂါထာတို့မှ ကြွင်းကုန်သော ၂၅၄-ဂါထာတို့ကို ဝိတာနဂါထာ-ဟူ၍ချည်း အမည်မှည့်ရမည်-ဟု ဆိုကုန်၏။

ထို့ကြောင့် စိတြပဒါ၊ ဝိဇ္ဇုမ္မာလာ-အစရှိသော ဂါထာတို့ကို ဝိတာနဂါထာ၏ အမည်ထူးမျှသာ ဖြစ်ကုန်၏-ဟု မှတ်အပ်ကုန်၏။ ၂၅၆-ဂါထာတို့တွင် ၅-ဂါထာမျှကိုသာ ဤကျမ်းတွင် ဆို၏။ "**သေသဘေဒါ ဥပဟနိယာ သုမတီဘိ**"ဟူသည်နှင့်အညီ ကြွင်းကုန်သော ဂါထာတို့ကို ပညာရှိတို့သည် ကြံစည်အပ်ကုန်၏။

**၅၃။ ရာ နသာ ယဒိ ဟလမုခီ။**

ရာ၊ ရဂိုဏ်းမှ။ ပရံ၊ နောက်၌။ နသာ၊ နဂိုဏ်း, သဂိုဏ်းတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ဟလမုခီ၊ ထယ်သွားအလား၊ စကားရှန့်ရင်းသော ခံတွင်းရှိသောမိန်းမနှင့် တူသောကြောင့် ဟလမုခီဂါထာ မည်၏။

၃-လုံးတစ်ရပ်, ၆-လုံးတစ်ရပ် ယတိဖြတ်၍ ရွတ်။

**တီဘိ ဆဗ္ဘိ စ ယတိ ဣစ္စာ မနာယော။** (ပိင်္ဂလဋီကာ)

ဂဏ္ဍဒ္ဒန္တိသယကိသံ၊ ယံ မုခံ ပကင္ဍဒသနံ။
အာယတံ ကလဟနိရတံ၊ ယောသိတံ စဇ ဟလမုခိံ။
(ပိင်္ဂလဋီကာလာ ဥဒါဟရုဏ်ဂါထာ။)

ယံ မုခံ၊ အကြင်မိန်းမ၏ မျက်နှာသည်။ ဂဏ္ဍဒ္ဒန္တိသယကိသံ၊ ပါးစောင် ၂-ဖက်၊ အလွန်ရှုံ့ခွက်၊ ပိန်ဟိုက်ကြုံ့ဝင်၏။ ပကင္ဍဒသနံ၊ အစွယ်ငေါငေါ၊ ခေါ၍ထွက်သော သွားရှိ၏။ အာယတံ၊ လေးမြင့်ရှည်ကြာစွာ။ ကလဟနိရတံ၊ ခိုက်ရန်ဒေါသ၊ ကောဓထေန်ပြင်း၊ ရန်ဖြစ်ခြင်း၌ ပျော်ပိုက်၏။ ဟလမုခိံ၊ အော်အင်မြည်တမ်း၊ နှုတ်ထွက်ကြမ်းသော။ တံ ယောသိတံ၊ ထိုမိန်းမယုတ်ကို။ စဇ၊ မကြာချက်ချင်း၊ ကွာရှင်းစွန့်ပစ်လေလော။

မှတ်သားဖွယ် ကောင်းလှ၍ ဥဒါဟရုဏ်ကို ထည့်လိုက်သည်။

၅၄။ ဘုဇဂသုသုသင္ဂါ နာမော။ ။ ၉။ ဖြဟတီ။ ၂။

နာ၊ န ၂-ဂိုဏ်းတို့သည်လည်းကောင်း။ မော၊ မဂိုဏ်းသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ဘုဇဂသုသုသင္ဂါ၊ မြွေငယ်အလား အသွားကောက်ကျစ်သော ဂရု, လဟုရှိသော ဘုဇဂသုသုသင္ဂါဂါထာ မည်၏။

ဘုဇဂေါ စ သော သုသုစာ'တိ ဘုဇဂသုသု။ မြွေငယ်ကို ရစေ။

ဘုဇဂသုသုနော သင္ဂါ ဘုဇဂသုသုသင္ဂါ။ မြွေငယ်၏ ကောက်တကျစ်သွားခြင်းကို ရစေ။

ဘုဇဂသုသုသင္ဂါ ဝိယာတိ ဘုဇဂသုသုသင္ဂါ။ ဂါထာကို ရစေ။

အစ၌ လဟု ၆-လုံး အဆုံး၌ ဂရု ၃-လုံးရှိသောကြောင့် မြွေသွားသကဲ့သို့ အသွား ကောက်ကွေ့သောဂါထာ-ဟူလို။ ၇-လုံးတစ်ရပ်, ၂-လုံးတစ်ရပ် ယတိဖြတ်၍ ရွတ်။

သတ္တဟိ ဒွိဟိ စ ယတိ ဣစ္စာမနာယော။ (အမတသဋ္ဌိဝနိဋီကာ)

ဘာရတနာဋျကျမ်း၌ကား မစုကရိဂါထာ-ဟု အမည်တပါးဖြင့် ဆို၏။

ကုသုမိတ'မဘိပဿန္တိ၊ ဝိဝိဓနဂဂဏစ္ဆန္နံ။
နဝနလိနသုဂန္ဓာဍျံ၊ ဘမတိ မစုကရိ ဟဋ္ဌာ။ (ဘာရတနာဋျကျမ်းလာ ဥဒါဟရုဏ်ဂါထာ)

ဝိဝိဓနဂဂဏစ္ဆန္နံ၊ ထူးထွေများပြားသော သစ်ပင်အပေါင်းတို့ဖြင့် ဖုံးလွှမ်းအပ်သော။ နဝနလိနသုဂန္ဓာဍျံ၊ ပွင့်သစ်စဖြစ်သော ပဒုမ္မာကြာပန်းတို့၏ အနံ့တို့နှင့် ပြည့်စုံသော။ ကုသုမိ- တံ၊ ထွက်သစ်စ ပုရစ်ဖူးတံရှိသောပန်းကို။ အဘိပဿန္တီ၊ ရှေးရှုမြင်သော။ မစုကရိ၊ ပိတုန်းမ သည်။ ဟဋ္ဌာ၊ ရွှင်လန်းဝမ်းသာသည်ဖြစ်၍။ ဘမတိ၊ ရစ်လည်ပြန်ဝဲ၏။

ပြဟတီ၊ ၉-လုံးဖွဲ့ ပြဟတီဆန်းတည်း။

ဤဂါထာသည် ၆၄-တန်း၌ တည်၏။ ပြဟတီဆန်း၌ ရသင့်ရထိုက်ကုန်သော ၅၁၂-ဂါထာတို့တွင် ၂-ဂါထာမျှကိုသာ ပြဆို၏။

သေသဘေဒါ ဦဟနိယာ သုမတီဘိ။ ။ (ပိင်္ဂလပ္ပဒီပဋီကာ)

၅၅။ မ္သာ ဇ္ဂါ သုဒ္ဓဝိရာဇိ'ဒံ မတံ။

မ္သာ၊ မဂိုဏ်း, သဂိုဏ်းတို့သည်လည်းကောင်း။ ဇ္ဂါ၊ ဇဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ ဣဒံ၊ ဤဂါထာကို။ သုဒ္ဓဝိရာဇံ၊ သုဒ္ဓဝိရာဇဂါထာ မည်၏-ဟူ၍။ မတံ၊ သိအပ်၏။

အတြ ပါဒန္တေ ယတိ။ (အမတသဒ္ဒဝိနိဋီကာ)

သုဒ္ဓဝိရာဇိဒံ-ဟူ၍လည်း ဇကွဲနှင့် သင့်၏။ သီဟိုဠ်မူ၌ သုဒ္ဓဝိရာဓိတံ-ဟု ပါဠ်ရှိ၏။ ဆန်းကျမ်းတို့၌ သုဒ္ဓဝိရာဓိတဂါထာ-ဟူ၍ အဆိုမရှိ။ ပန္တိဆန်း၌ အကျယ်ဖြန့်ယူအပ်ကုန်သော ပတ္ထာရသင်္ချာ ၁,၀၂၄-တို့တွင် ၃၄၅-တန်း၌ တည်၏။

ဝေတာလီယဂါထာ၏ သမပါဒနှင့် ဂိုဏ်း, မတြာ တူသောကြောင့် ဝေတာလီယမျိုး, အပရန္တိကာဂါထာမျိုးဟု မှတ်အပ်၏။ မတ္တာသမကမျိုးလည်း ဆိုသင့်၏။

၅၆။ မ္နာ ယော ဂေါ ယဒိ ပဏဝေါ ချာတော။

မ္နာ၊ မဂိုဏ်း, နဂိုဏ်းတို့သည်လည်းကောင်း။ ယော၊ ယဂိုဏ်းသည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သော၊ ထိုဂါထာသည်။ ပဏဝေါ၊ ရှေ့, နောက် ၃-ခု၊ ဂရုအလယ်၊ ၄-သွယ်လဟု၊ တည်ရှိသဖြင့် ထက်စည်နှင့်တူသော ပဏဝဂါထာ ဟူ၍။ ဆန္ဒောသတ္တေသု၊ ဆန်းကျမ်းတို့၌။ ချာတော၊ ထင်ရှားကျော်စော၏။

ဝစနတ္ထဇောတိကဋီကာ၌ ပဏဝါချာတဂါထာ-ဟု ဆိုသည်ကား မသင့်။ ဤဋီကာ အဖွင့်ကို အတုလိုက်၍ အချို့နိဿယ၌ ပဏဝါချာတဂါထာ မည်၏-ဟု အနက်ပေးဆိုခြင်း သည်လည်း အလျဉ်းပင် မသင့်ချေ။ ၅-လုံးတစ်ရပ် ယတိဖြတ်အပ်၏။

အတြ စ ပဉ္စဘိ ပဉ္စဘိ ယတိ ဣစ္စာမနာယော။ (အမတသဒ္ဒဝိနိဋီကာ)

ဤဂါထာသည် ၁၂၁-တန်း၌ တည်၏။ လဟု ၄-လုံးကို ရှေ့,နောက် ဂရု ၃-လုံးစီ ပိတ်ဆို့ဖိညှပ်၍ တည်သောကြောင့် အလယ်သေး၍ အရင်း,အဖျားကြီးရကား ထက်စည်နှင့် ပုံသဏ္ဌာန်တူသော ဂါထာ-ဟူလို။ ဤပဏဝဂါထာကို ဘာရတနာဋျကျမ်း၌ ကြာညိုပန်းပွင့်နှင့်

ဂရု,လဟု အနေအထားတူသောကြောင့် ဥပ္ပလမာလိနီဂါထာ-ဟု အမည်တပါးဖြင့် ဆို၏။ ထို့ကြောင့် ဘရတရသေ့ စီရင်ရေးသား ဖွင့်ဆိုထားခဲ့သော အပိုင်းအခန်းပေါင်း ၃၈-ခန်း၊ ဂါထာပေါင်း ၅,၀၀၀-ခန့်အရေအတွက်ရှိသော ဘာရတနာဋျကျမ်း၊ ဆန္ဒောဝုတ္တဝိဓိ မည်သော ပန္နရသမပိုင်း၊ ဝိသတိမဂါထာတွင်—

ဒသကဒွရကတော ပါဒေ၊ တိဏ္ဏာဒေါ တိဏ္ဏိ နေဓနေ။
ယဿာ ဂုရူဏိသာ ဥဒ္ဒေ ယျာ၊ ပဏ္ဍိရုပ္ပလမာလိနီ။

ဟူ၍ မိန့်ဆိုအပ်လေပြီ။ ဤဂါထာကို မတြာ ၁၆-ရှိသောကြောင့် မတ္တာသမကဂါထာမျိုး ဟူ၍ ဆုံးဖြတ်သင့်၏။

## ၅၇။ ဘွာ သဂယုတ္တာ ရုမ္မဝတိ သာ။

ဘွာ၊ ဘဂိုဏ်း, မဂိုဏ်းတို့သည်။ စ သဂယုတ္တာ၊ အကယ်၍ သဂိုဏ်း, ဂရုတို့နှင့် ယှဉ်ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ရုမ္မဝတိ၊ ရွှေပန်းပွင့်နှယ် တင့်တယ်ခြင်းရှိသော ရုမ္မဝတီဂါထာ မည်၏။

ရုမ္မဥ္စ ကဥ္စနေ လောဟော။ (မေဒိနီကောသအဘိဓာန်)

ရုမ္မံ လောဟသုဝဏ္ဏေသု။ (တိကဏ္ဍသေသအဘိဓာန်)

အချို့သောဆန်းကျမ်း၌ ရုမ္မဝတိယဂါထာ-ဟူ၍လည်းကောင်း၊ ရူပဝတီဂါထာ-ဟူ၍ လည်းကောင်း အမည်မှည့်ဆို၏။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာ၌ ဆို၏။ ဤဂါထာသည် ၁၉၉-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။ ပဇ္ဈဋိကာ-ဟူ၍ ထင်ရှားသော ဥပစိတြာ မည်သော မတ္တာသမကမျိုးနှင့် တူသောကြောင့် မတြာဆန်း၌ သွင်း၍ ရေတွက်လျှင်လည်း သင့်တင့်သည်သာတည်း။

## ၅၈။ ဥဒ္ဒေ ယျာ မတ္တာ မဘာသဂယုတ္တာ။

မဘာသဂယုတ္တာ၊ မဂိုဏ်း, ဘဂိုဏ်း, သဂိုဏ်း, ဂရုတို့နှင့်ယှဉ်သော။ ယာ၊ အကြင် ဂါထာသည်။ အတ္ထိ၊ ရှိ၏။ သာ ဝုတ္တိ၊ ကို။ မတ္တာ၊ ယစ်စေတတ်သော မတ္တာဂါထာ မည်၏-ဟု။ ဥဒ္ဒေ ယျာ၊ သိအပ်၏။

၄-လုံးတစ်ရပ်, ၆-လုံးတစ်ရပ် ယတိဖြတ်၍ ချွတ်။

စတုဗ္ဘိ ပဉ္စဘိ စ ယတိ က္ကစ္စာမနာယော။ ။ (ပိင်္ဂလဋီကာ)

ဤဂါထာသည် ၂၄၁-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။ ဝါနဝါသိကာဂါထာ၏ ၈-မကြောနောင် သဗ္ဗလဟုဂိုဏ်းဖြင့် ဖွဲ့အပ်သော လက္ခဏာနှင့်တူသည် ဖြစ်သောကြောင့် ဤဂါထာကိုလည်း မတ္တာသမကမျိုး၌ သွင်း၍ ယူအပ်၏။

၅၉။ စမ္ပကမာလာ စေ ဘမသာ ဂေါ။

ဘမသာ၊ ဘဂိုဏ်း, မဂိုဏ်း, သဂိုဏ်းတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ စမ္ပကမာလာ၊ ရွှေစကားဝါပန်းကုံးနှင့်တူသော စမ္ပကမာလာဂါထာ မည်၏။

စမ္ပကော ဟေမပုပ္ဖကော။ (အဘိဓာနစိန္တာမဏိ)

စမ္ပက-ဟူသည် အပင်စောက်မျိုး၊ ယင်းသစ်ပင်၏ အပွင့်သည် ရွှေဝါရောင်ရှိ၍ အနံ့ မွှေးကြိုင်သင်းပျံ့၏။ အရသာမှာ စပ်,ခါး,ဖန်၏-ဟု ဆိုသောကြောင့် စကားဝါပန်း, စကားစိမ်းပန်းပင်ကို စမ္ပကသဒ္ဒါ ဟောသည်-ဟု မှတ်။ ထိုစကားပန်းကုံးနှင့်တူစွာ ရွှေဖြင့် ပြုလုပ်အပ်သော မိန်းမတို့၏လည်၌ ဝတ်ဆင်အပ်သော လည်ရွဲတန်ဆာကို စမ္ပကမာလာသဒ္ဒါဟောသည်။ ရုမ္မဝတီဂါထာနှင့် စမ္ပကမာလာဂါထာတို့သည် ဂိုဏ်း,ဂရု မထူးကုန်။ အမည်မျှသာလျှင် ထူးကုန်၏။ ထိုအမည်ထူးကို သိစေလိုသည်ဖြစ်၍ တဖန် ဆိုပြန်လေသတည်း။

နာမန္တရညာပနတ္ထမေဝ ဝုတ္တံ။ (ဆန္ဒောမဉ္ဇရီအဖွင့်၊ ဗျာချာနကောမုဒိဋီကာ)

၁၅-လုံးဖွဲ့ အတိသက္ကရိဆန်း၌ သသိကလာဂါထာနှင့် မဏိဂုဏနိကရဂါထာသည် ဂိုဏ်းနေဂိုဏ်းထား မထူးခြားသော်လည်း ယတိဖြတ်ပုံ ထူးခြားသောကြောင့် အမည်ထူးကို ပြဆိုပြန်ဘိသကဲ့သို့ ဤ၌လည်း ယတိဖြတ်ပုံ ထူးခြားသောကြောင့် အမည်ထူးကို ဆိုသည် ဟူ၍လည်း ကြံယူသင့်၏။

ယင်းသို့ဖြစ်လျှင် ယတိလက္ခဏာကို မဆိုခဲ့ပါတကားဟူမူ ဤကျမ်း၌ မဆိုသော်လည်း သုတဗောဓဆန်းကျမ်း၌—

ဣန္ဒြိယဗာဏော ယတြ ဝိရာမော၊ သကထနီယာ စမ္ပကမာလာ။

ဟု ၅ လုံးတစ်ရပ်, ၅-လုံးတစ်ရပ် ယတိဖြတ်ရမည်-ဟု ယတိလက္ခဏာကို ကာလီဒါသဆရာ ဆိုခဲ့ပါသည်-ဟူလို။ ရုမ္မဝတီ-ကဲ့သို့ပင် ၁၉၉-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

ဘာရတနာဋျကျမ်း၌ကား ပုပ္ဖသမိဒ္ဓါဂါထာ-ဟူ၍လည်းကောင်း, ဝုတ္တသမိဒ္ဓါဂါထာဟူ၍လည်းကောင်း အမည် မှည့်ဆို၏။

အာဒျစတုတ္ထေနေ ဓနကောဝါ၊ ပဥ္စမဆဋ္ဌေ ယတြ တု ဒိယာ။
ပုပ္ဖသမိဒ္ဓါ သံကလိတာ သာ၊ ပဏ္ဍိရထေသာ ဂီတကပဇ္ဈေ။
အာဒျစတုတ္ထေနေ ဓနကောဝါ၊ ပဥ္စမဆဋ္ဌေ ယတြ တု ဒိယာ။
ဝုတ္တသမိဒ္ဓါ သံကထိတာ သာ၊ ပဏ္ဍိရထေသာ ဂီတဝိဓာနေ။

(ဘာရတနာဋျကျမ်း၊ မူဝဋ္ဌာယ။ ၃၂-ခုမြောက်သောအပိုင်း)

၆၀။ နရဇဂေဟိ သာ မနောရမာ။

နရဇဂေဟိ၊ နဂိုဏ်း, ရဂိုဏ်း, ဇဂိုဏ်း, ဂရုတို့နှင့်။ ယဒိ ယုတ္တာ၊ အကယ်၍ ယှဉ်အံ့။ သာ ဝုတ္တိ၊ ၃၄၄-ခုမြောက်သော အတန်း၌ တည်သော ထိုဂါထာသည်။ မနောရမာ၊ စိတ်နှလုံးကို တွေဝေစေတတ်သော မနောရမာဂါထာ မည်၏။

၆၁။ ဥဇ္ဈာသကံ တံ စေ တော မရာ လ္ဂ။

တော စ၊ တဂိုဏ်းသည်လည်းကောင်း။ မရာ စ၊ မဂိုဏ်း, ရဂိုဏ်းတို့သည်လည်း ကောင်း။ လ စ၊ လဟုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ တံ၊ ၆၄၅-ခုမြောက်သော ပတ္ထာရတန်း၌ တည်သောထိုဂါထာသည်။ ဥဇ္ဈာသကံ၊ ဥဇ္ဈာသကဂါထာ မည်၏။

ဤအတိုင်း သုတ်, ဥဒါဟရဏ်မှန်ကန်ခဲ့ပါလျှင် ဤကျမ်းတွင် ဆိုသောစကား-ဟု ယူသင့်သကဲ့သို့ ထင်၏။ ငါတို့လက်သို့ ရောက်လာကုန်သော သက္ကဋဆန်းကျမ်းတို့၌ကား ၎င်းဂါထာကို မတွေ့မိ။

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ၊ နဂရူပမံ စိတ္တမိဒံ ဌပေတွာ၊
ယောဓေထ မာရံ ပညာဝုဓေန၊ ဇိတဉ္စ ရက္ခေ အနိဝေသိနော သိယာ။

ဟူသော ဓမ္မပဒဂါထာ၌ တတိယပါဒကို ဥဇ္ဈာသကပါဒ-ဟု ဆရာတို့ ဆုံးဖြတ်ကြကုန်၏။ သီဟိုဠ်မူ၌ "ဥဇ္ဈာသကံ တံ စေ တော မရာ လော"ဟု ပါဌ်ရှိ၏။ ဂါထာ၏လက္ခဏာနှင့် မညီ။

၆၂။ တော ဇာ ဂုရုနာ'ယ'မုပဋ္ဌိတာ။ ။ ၁၀။ ပန္တိ။ ၈။

တော၊ တဂိုဏ်းသည်လည်းကောင်း။ ဇာ၊ ဇဂိုဏ်း ၂-ခုတို့သည်လည်းကောင်း။ ဂုရုနာ၊ ပါဒန္တဂုရုနှင့်။ ယဒိ ယုတ္တာ၊ အံ့။ အယံ၊ သည်။ ဥပဋ္ဌိတာ၊ ဥပဋ္ဌိတာဂါထာ မည်၏။ ပန္တိ၊ ၁၀-လုံးဖွဲ့ ပန္တိဆန်းတည်း။

ဤဂါထာသည် နောက် ၁၁-လုံးဖွဲ့ တိဋ္ဌုဘဆန်း၌ ဝင်လျက်ရှိ၏။

ပိင်္ဂလဆန်းသုတ်တွင် "ဥပဋ္ဌိတာ တဇာ ဇဂါ"ဟု သုတ်ရှိသောကြောင့်လည်းကောင်း၊ ဟလာယုဓဝုတ္တိ၌ "ယဿ ပါဒေ တကာရဇကာရာ ဇကာရဂကာရာစ တံ ဝုတ္တံ ဥပဋ္ဌိတံ နာမ" ဟု ဖွင့်ဆိုသောကြောင့်လည်းကောင်း တာရာနာထဆရာ စီရင်ရေးသားအပ်သော "ဝါစပ္ပတိ" ခေါ် အဘိဓာန်ကျမ်းကြီး၌ "ဥပဋ္ဌိတ။ တြိ။"ဟု ပုဒ်ရင်းထားပြီးသည်မှ နောက်၌ "တော ဇာ ဂုရုနာ ယမုပဋ္ဌိတာတိ ဝုတ္တရတနာကရောတ္တေ ဒသက္ခရပါဒကေ ဆန္ဒောဘေဒေ က္လတ္ထီ"ဟု ဖွင့်ဆိုသောကြောင့်လည်းကောင်း ၁၀-လုံးဖွဲ့ ပန္တိဆန်း၌သာ ရှိသင့်သည်။

အချို့သော ဝုတ္တရတနာကရဆန်းကျမ်း၌ကား "တ္သာ ဇ္ဇာ ဂုရုနာ ယမုပဋ္ဌိတောတ္တာ" ဟူ၍ ၁၁-လုံးဖွဲ့ တိဋ္ဌုဘဆန်း၌ပင် ရှိ၏။

မူလသက္ကဋဆန်းကျမ်းတို့၌ပင် အရှုပ်ရှုပ် အထွေးထွေးရှိနေသောကြောင့် ၁၁-လုံးဖွဲ့ တိဋ္ဌုဘဆန်း၌သာ ရှိသင့်သည်-ဟု နှလုံးပိုက်၍ ကျမ်းဆရာရေးထားခဲ့သည်-ဟူ၍ ယူရန် ရှိ၏။ တစ်နည်း တဇဇ ၃-ဂိုဏ်းတွင် ဂရု ၁-လုံး အုပ်၍ ၁၀-လုံးပြည့် ဖွဲ့ဆိုလျှင် ပန္တိဆန်းဝင် ဥပဋ္ဌိတာဂါထာ၊ ၎င်း ၃-ဂိုဏ်းပေါ်တွင် ဂရု ၂-လုံးအုပ်၍ ၁၁-လုံးပြည့် ဖွဲ့ဆိုလျှင် တိဋ္ဌုဘဆန်း ဝင် ဥပဋ္ဌိတာဂါထာ-ဟူ၍ ၂-မျိုးခွဲယူသင့်၏။ ၂-လုံးတစ်ရပ်, ၈-လုံးတစ်ရပ် ယတိဖြတ်၍ ရွတ်။

ဒွိဟိ အဋ္ဌဟိ စ ယတိ က္လစ္စာမနာယော။ (ပိင်္ဂလဋီကာ)

ဤဂါထာသည် ၃၆၅-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

## ၆၃။ က္လန္ဒာဒိကာ တာ ဝဇိရာ ဇဂါ ဂေါ။

တာ၊ တ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ဇဂါ၊ ဇဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ က္လန္ဒာဒိကာ၊ က္လန္ဒ-သဒ္ဒါ အနီး၌ရှိသော။ ဝါ၊ က္လန္ဒသဒ္ဒါ အစ၌ရှိသော။ ဝဇိရာ၊ ဝဇိရာဂါထာ မည်၏။ ဝါ က္လန္ဒာဒိကာ-ဝဇိရာ၊ က္လန္ဒဝဇိရာဂါထာ မည်၏။

ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာ၌ ဆို၏။ ၅-လုံးတစ်ရပ်, ၆-လုံးတစ်ရပ် ယတိပြတ်သည်-ဟု သုတဗောဓဋီကာ၌ ဆို၏။ ဤဂါထာသည် ၃၅၇-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

## ၆၄။ ဥပါဒိကာ သာဝ ဇတာ ဇဂါ ဂေါ။

ဇတာ၊ ဇဂိုဏ်း, တဂိုဏ်းတို့သည်လည်းကောင်း။ ဇဂါ၊ ဇဂိုဏ်း, ဂရုတို့သည်လည်း ကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ဥပါဒိကာ၊ ဥပ-

သဒ္ဒါအနီး၌ရှိသော။ ဝါ၊ ဥပ-သဒ္ဒါ အစ၌ရှိသော။ သာဝ၊ ထိုဣန္ဒဝဇိရာဂါထာမည်သည် သာလျှင်တည်း။ ။ တစ်နည်း၊ ဥပါဒိကာသာဝ၊ ဥပေန္ဒဝဇိရာဂါထာ မည်သည်သာလျှင်တည်း။

သီဟိုဠ်ဆရာတို့ကား ဣန္ဒာ-ဟု ရေးချ၍ ဣန္ဒာဝဇိရာဂါထာ, ဥပေန္ဒာဝဇိရာဂါထာ ဟု အမည်ခေါ်ဆိုကြကုန်၏။ ရှေးဂါထာ၌ကဲ့သို့ ယတိလက္ခဏာကို မှတ်အပ်၏။ ဆန္ဒော-မဥ္စရီ၌ကား "ဥပေန္ဒဝဇိရာ ပထမေ လဟူ သာ"ဟု လက္ခဏာကို ဆို၏။ မထူးပြီ။ ဤဂါထာသည် ၃၅၈-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

၆၅။ အနန္တရောဒီရိတလက္ခဏာ စေ၊ ပါဒါ ဝိမိဿာ ဥပဇာတိယော တာ။
ဧဝံ ကိလ'ညာသုပိ မိဿိတာသု၊ ဝဒန္တိ ဇာတိသွိ'ဒမေဝ နာမံ။

ယဿာ ဝုတ္တိယာ၊ ၏။ အနန္တရောဒီရိတလက္ခဏာ၊ အခြားမဲ့ ဖြစ်ကုန်သော ဣန္ဒ-ဝဇိရာဂါထာ, ဥပေန္ဒဝဇိရာဂါထာတို့၌ ဆိုအပ်ကုန်ပြီးသော ဂိုဏ်း, ဂရု, လဟုလက္ခဏာရှိကုန်သော။ ပါဒါ၊ ပါဒတို့သည်။ ဝိမိဿာ၊ ရောယှက်ပေါင်းစပ်ကြကုန်သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ တာ ဝုတ္တိယော၊ ထိုဂါထာတို့သည်။ နာမတော၊ အမည်အားဖြင့်။ ဥပဇာတိယော၊ ဥပဇာတိ မည်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ (ဣန္ဒမာလာဂါထာ-ဟူ၍လည်း ဋီကာတို့၌ အမည်မှည့် ဆိုကုန်၏)။ ဧဝံ၊ ဤဣန္ဒဝဇိရာဂါထာ, ဥပေန္ဒဝဇိရာဂါထာ ၂-ခုတို့ကို ရောယှက်ရာ၌ ဥပဇာတိ-ဟူသော အမည်ကို ရသည်နှင့်အတူ။

တစ်နည်း ဧဝံ အနေန ပကာရေန၊ ဤသို့သော အပြားအားဖြင့်။ အညာသု၊ ဣန္ဒဝဇိရာ, ဥပေန္ဒဝဇိရာ ၂-ဂါထာတို့မှ တပါးကုန်သော။ ဇာတီသု၊ အရိယာ-အစရှိကုန်သော ဂါထာမျိုးတို့ကို။ မိဿိတာသုပိ၊ ရောနှောပေါင်းယှက်၊ တွဲဖက်ယှဉ်စပ်အပ်ကုန်သော်လည်း။ တစ်နည်း အညာသုပိ၊ တို့ကိုလည်း။ မိဿိတာသု၊ ရောနှောပေါင်းယှက် တွဲဖက်ယှဉ်စပ်အပ် ကုန်သည်။ ဇာတီသု ဇာတာသု၊ ဖြစ်ကုန်လတ်သော်။ ဣဒမေဝ နာမံ၊ ဤဥပဇာတိ-ဟူသော အမည်ကိုသာလျှင်။ ကဝယော၊ ဆန်းတတ် ပညာရှိတို့သည်။ ဝဒန္တိ ကိရ၊ ဆိုကုန်သတတ်။ တစ်နည်း ကိလ၊ ဆန်းတတ်သိလို၊ အို-တပည့်တို့။ ဧဝံ၊ ဖြင့် ။လ။ ကဝယော၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ ။ နောက် ၂-နည်းတို့ကား—

ယတော ဝါ ဇာတိရိတိ ကတ္တရိတိအညာသွပိ မိဿိတာသု ဇာတာသု ဣတျတ္ထော။

ဟူသော ဆန္ဒောမဉ္စရီအဖွင့်၊ ရယုနန္ဒဆရာစီရင်သော ဗျာချာနကောမုဒီဋီကာ။

'ကိလ-သမ္ဘောဓနေ'ဟူသော ၎င်းအဖွင့် ဘာဝတ္ထသန္ဒီပနီဋီကာတို့နှင့် အညီတည်း။ အဗျယတ္ထော အနေကတ္ထော-ဟူ၍ ဆိုသောကြောင့်သာ သင့်နိုင်ရာသည်။ မေဒိနီ၊ အမရ-

ကောသ၊ နာနတ္ထသင်္ဂဟဟာရာဝလိ-စသော အဘိဓာန်ကျမ်းတို့၌ကား ကိလ-သဒ္ဒါ သမ္ဘော-ဓနအနက်ဟောကြောင်းကို မဆို။ ဤ၌ ဝိမိဿိတာသုံ-ဟု ပါဌ်ပျက်လျက် ရှိကြ၏။ သမ္ဗန္ဓာ-နတ္ထဇောတက အပိ-သဒ္ဒါနှင့်သာ ပါဌ်ရှိသင့်သည်။

သီဟိုဠ်မူ၌ကား "ဓေဝံ ကိရ'ညာသုပိ"ဟု ပါဌ်ရှိ၏။ ကာရိယီနှင့် ကာရိယမျှသာ ထူး၏။ ဝုတ္တရတနာကရကျမ်း, ဆန္ဒောမဥ္ဇရီကျမ်းတို့၌ကား ဇာတိသွိ'ဒမေဝ နာမ-ဟု အဆုံးမအက္ခရာတွင် နိဂ္ဂဟိတ် ကင်းမဲ့လျက် ပါဌ်ရှိ၏။

ဗျာချာနကောမုဒီဋီကာဆရာသည်ကား "ဝုတ္တိသွိဒမေဝ နာမံ"ဟု ပါဌ်ရှိလျှင် သင့်မြတ်၏-ဟု ဆို၏။

ဝုတ္တိသွိတိ ပါဌော'တြ ယုတ္တော။ (ဇင်းဋီကာ)

အရိယာ-စသော မတ္တာဆန်းဂါထာချင်း ဖြစ်စေ၊ မတ္တာဆန်းဂါထာနှင့် ဣန္ဒဝဇိရာ-စသော ဝဏ္ဏဆန်းဂါထာဖြစ်စေ ဥပဇာတိ မဖွဲ့မပြုရ-ဟု ဇင်းဋီကာဆရာ အယူရှိ၏။ ဣန္ဒဝဇိရာဂါထာနှင့် ဥပေန္ဒဝဇိရာဂါထာကို ဥပဇာတိဖွဲ့ယှက်ရာ၌ ပတ္ထာရ ၁၆-တန်း ထွက်၏။ ထို ၁၆-တန်းတို့တွင် အစဆုံးဖြစ်သော ဂါထာကို ဣန္ဒဝဇိရာဂါထာသက်သက်၊ အဆုံးဖြစ်သော ဂါထာကို ဥပေန္ဒဝဇိရာဂါထာသက်သက် ဖြစ်သောကြောင့် ကြဉ်ပယ်၍ အလယ်၌ ကြွင်းကျန်ကုန်သော ၁၄-ဂါထာတို့သည်သာလျှင် ဥပဇာတိ-ဟူသော အမည်ကို ရကြကုန်၏။

ဤနည်းတူ အလိုရှိရာဂါထာ ၂-ခု, ၂-ခုတို့ကို ဥပဇာတိ ၁၄-မျိုးချည်းရအောင် ပြုအပ်ကုန်၏။ "**အနန္တရောဒီရိတလက္ခဏာ စေ**"ဟူသော ဤသုတ်သည် ပဌမနှင့် စတုတ္ထပါဒတို့တွင် ဥပေန္ဒဝဇိရာဂါထာ၏လက္ခဏာ၊ ဒုတိယနှင့် စတုတ္ထပါဒတို့တွင် ဣန္ဒဝဇိရာဂါထာ၏ လက္ခဏာတို့ဖြင့် ဖွဲ့ဆိုအပ်သော ၁၀-တန်းမြောက်၌ တည်သော အဒ္ဒါမည်သော ဥပဇာတိ ဂါထာတည်း။

## ဣန္ဒဝဇိရာ, ဥပေန္ဒဝဇိရာ ၂-ဂါထာတို့၌ ဥပဇာတိဖြစ်ပုံ

| | ၁-မပါဒ | ၂-ယပါဒ | ၃-ယပါဒ | ၄-တ္ထပါဒ | ဥပဇာတိအမည်ထူး | |
|---|---|---|---|---|---|---|
| ၁* | ဣ | ဣ | ဣ | ဣ | ၀ | |
| ၂ | ဥ | ဣ | ဣ | ဣ | ကိတ္တိ | |
| ၃ | ဣ | ဥ | ဣ | ဣ | ဝါဏီ | |
| ၄ | ဥ | ဥ | ဣ | ဣ | မာလာ | |
| ၅ | ဣ | ဣ | ဥ | ဣ | သာလာ | |
| ၆ | ဥ | ဣ | ဥ | ဣ | ဟံသီ | ဝိပရိတာချာနကီ |
| ၇ | ဣ | ဥ | ဥ | ဣ | မာယာ | |
| ၈ | ဥ | ဥ | ဥ | ဣ | ဇာယာ | |
| ၉ | ဣ | ဣ | ဣ | ဥ | ဗာလာ | |
| ၁၀ | ဥ | ဣ | ဣ | ဥ | အဒ္ဒါ | |
| ၁၁ | ဣ | ဥ | ဣ | ဥ | ဘဒ္ဒါ | အာချာနကီ |
| ၁၂ | ဥ | ဥ | ဣ | ဥ | ပေမာ | |
| ၁၃ | ဣ | ဣ | ဥ | ဥ | ရာမာ | |
| ၁၄ | ဥ | ဣ | ဥ | ဥ | ဣဒ္ဓိ | |
| ၁၅ | ဣ | ဥ | ဥ | ဥ | ဗုဒ္ဓိ | |
| ၁၆* | ဥ | ဥ | ဥ | ဥ | ၀ | |

### ၆၆။ နဇဇလဂါ ဂဒိတာ သုမုခီ။

နဇဇလဂါ၊ နဂိုဏ်း, ဇ ၂-ဂိုဏ်း, လဟု, ဂရုတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ၊ ကို။ သုမုခီ၊ ယုန်စန္ဒြာ၊ ပဒုမာနှင့်၊ ပုံပမာတူမျှ၊ လှပသော မျက်နှာရှိသောမိန်းမနှင့် တူသော ကြောင့် သုမုခီဂါထာ မည်၏-ဟူ၍။ ကဝီဟိ၊ ပညာရှိတို့သည်။ ဂဒိတာ၊ မိန့်ဆိုအပ်၏။

ဤသုတ်၌ “သ ဇ ဇာ လဂါ ဂဒိတာ သုမုခီ”ဟု ဂိုဏ်းစဉ် ပျက်စီးဖောက်ယွင်းလေ သောကြောင့်—

အရိယေဟိ သီလသမာဒိဠှဟိ၊ သုစိမုတ္တိကာဒိဂုဏေဟိ ဇိနော။
ဝိမလေဟိ ဘူသယတေ ဝိသယေ၊ သသမီ'ပုပါဂတဒေဝနရေ။ ။

ဟု ဆန္ဒောသာရတ္ထဝိကာသနိဋ္ဌိကာတွင် ဥဒါဟရဏ်ထုတ်ဆိုရာ ဂိုဏ်းနေ ယွင်းပျက်တိမ်းပါး လျက် ရှိနေသည်။ ပထမကျော်အောင်စံထားဆရာတော်စီရင်သော မဟာပဏ္ဏာမကျမ်း၊ သုမုခိ ဂါထာအဖွဲ့တွင်လည်း—

မုနိတာနံ'ဓမ္မပဘာဟိ ဇနံ'-မ္ဗုဇံ'မုဒ္ဓတန္တတမော သုတပေါ်၊
ကရုဏာ'ရုဏော သမဟောဓယိ ယော၊ ဘဝသီတလ'တ္တမနော ပဏမေ။

ဟု ဂိုဏ်းနေ,ဂိုဏ်းစဉ် မညီမညွတ် ယွင်းချွတ်ပျက်စီးစေလျက် သီကုံးဖွဲ့ဆိုမိလေ၏။ ဘုရားကြီး ဆရာတော်-ဟု ကျော်စောသော ဒက္ခိဏာရာမဆရာတော် စီရင်သော ဆန်းပုံ၌လည်း—

ကောဒသ၊ အက္ခရ၊ သဂိုဏ်း အစချီ။
ဇဂိုဏ်းဒွယ၊ လနှင့်ဂ၊ ပါဒ သုမုခီ။

ဟု သံပေါက်ကဗျာ လင်္ကာအသွား အဆိုမှားခဲ့၏။

စိရဋ္ဌိဝဆရာ စီရင်သော ဝုတ္တရတနာဝလိကျမ်း၊ ရာမဒယာလုဆရာ စီရင်သော ဝုတ္တစန္ဒိကာကျမ်းတို့တွင်—

နဂဏယုတံ ဇဂဏံ ရုစိရံ၊ ဇဂဏ'မထော သလဟုံ စ ဂုရုံ။
ကလယဘုဇင်္ဂမရာ ဇဟိတာ၊ ဘုဝိသုမုခီသုမုခီဝဟိ သာ။ ။

ဟု နဂိုဏ်းဖြင့် ရှေးဦးစွာ ဖွဲ့ဆိုအပ်ကြောင်းကိုသာ သေချာစွာ ရေးသားပြဆိုပေ၏။ ပါကတ-ပိင်္ဂလဆန်းကျမ်း၌ကား—

ဒွိဇဝရ ဟာရ လဟူယုဂလံ၊ ဝလယံ ပတိဋ္ဌိတံ ဟတ္ထတလံ။
ပါဒေ ကလာ စတုဒ္ဒသ ဇပ္ပတျဟိ၊ ကဝိဝရာ ဇာနန္တိ တံ သုမုခီ။ ။

ဟု ဆို၏။

ယတ္ထ၊ အကြင်ဂါထာ၌။ ဒွိဇဝရ၊ လဟု ၄-လုံးသည်လည်းကောင်း။ ဟာရ၊ ဂရု ၁-လုံးသည်လည်းကောင်း။ လဟူယုဂလံ၊ လဟု ၂-လုံး လဟု ၁-စုံသည်လည်းကောင်း။ ဝလယံ၊ ဂရု ၁-လုံးသည်လည်းကောင်း။ ဟတ္ထတလံ၊ သဂိုဏ်းသည်လည်းကောင်း။ ပတိဋ္ဌိတံ၊ တည်၏။ ပါဒေ၊ ပါဒတိုင်း, ပါဒတိုင်း၌။ ကလာ၊ မတြာတို့သည်။ စတုဒ္ဒသ၊ ၁၄-မတြာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ အဟိ၊ ပိင်္ဂလနဂါးမင်းသည်။ ဇပ္ပတိ၊ ဆို၏။ တံ၊ ထိုဂါထာကို။ သုမုခီ၊ သုမုခီဂါထာ-ဟူ၍။ ကဝိဝရာ၊ မြတ်သော ပညာရှိတို့သည်။ ဇာနန္တိ၊ သိကြကုန်၏။

ဝါဏီဘူသနကျမ်းတွင် ဂရု,လဟု အစဉ်တူလျက် ဆိုပုံတစ်မျိုး ထူးခြားသည်ကို တွေ့ရှိရပြန်သည်။

ပရိကလယာ'ဒိလဟုဒ္ဒိတယံ၊ ကုရု ဝိမလံ သဂဏတ္တိတယံ။
ပဘာဝတိ သေသသဟဿမုခီ-ဝိနိဂဒိတော'ဟ တဒါ သုမုခီ။

(ဝါဏီဘူသနကျမ်း၊ ဒုတိယပရိစ္ဆေဒ၊ ၁၀၆-မြောက်ဂါထာ)

အာဒိလဟုဒ္ဒိတယံ၊ အစ၌ လဟု ၂-ခုအပေါင်းကို။ ပရိကလယ၊ ရေတွက်လော။ ဝိမလံ၊ သန့်ရှင်းစင်ကြယ်သော။ သဂဏတ္တိတယံ၊ သဂိုဏ်း ၃-ခုအပေါင်းကို။ ကုရု၊ သီကုံးဖွဲ့စီရင်လော။ တဒါ၊ လဟု ၂-လုံး, သဂိုဏ်း ၃-ခုရှိသော ထိုအခါ၌။ သေသသဟဿမုခီ-ဝိနိဂဒိတာ၊ သေသမည်သော အနန္တနဂါးမင်း၏ ခံတွင်းမှ ထွက်ဆိုမိန့်မြွက်အပ်သော။ သုမုခီ၊ သုမုခီဂါထာသည်။ ပဘာဝတိ၊ ဖြစ်၏။

ဆန္ဒောမဉ္ဇရီကျမ်းတွင်လည်း "န ဇ ဇ လဂေဟု'ဒိတာ သုမုခီ"ဟု သုတ်တည်ပြီးနောက်—

တရဏိသုတာတဋကုဉ္ဇဂဟော၊ ဝဒနဝိဓုမ္ဗိတဒိမိတိဘိ။
တိမိရ'မုဒသျ မုခံ သုမုခီ၊ ဟရိ'မဝလောကျ စုစုမ္ဗ စိရံ။ ။

ဟု သုတ်၏ အမည်အားလျော်သော ဥဒါဟရဏ်သက်သက်ကို ထုတ်ဆိုအပ်၏။ ထို့ကြောင့် အစ နဂိုဏ်း၏နေရာတွင် "သ ဇ ဇာ လဂါ ဂဒိတာ သုမုခီ"ဟု သဂိုဏ်းနှင့်ရှိသော ပါဌ်ကို ပါဌ်ပျက်-ဟု ဧကန်စင်စစ် မှတ်ယူအပ်၏။

သုမုခီ၊ လှပတင့်တယ်၊ ရှုစဖွယ်ဖြင့်၊ နုနယ်သော မျက်နှာရှိသော နွားကျောင်းသူငယ်မသည်။ တရဏိသုတာတဋကုဉ္ဇဂဟော၊ ယမုနာဝှမ်း၊ မြစ်ဆိပ်ကမ်း၌၊ ပိတ်လွှမ်းရစ်ရုံ၊ နွယ်ချုံစေးပြစ်၊ ထွေးရစ်ယှက်လိမ်၊ နေအိမ်နှင့်တူသောအရပ်၌။ ဝဒနဝိဓုမ္ဗိတဒိမိတိဘိ၊ လဝန်းပမာ၊ တင့်တယ်စွာသော မျက်နှာမှ ထွက်လာသော စဉ်းငယ်ပြုံးရယ်ခြင်းတည်းဟူသော အရောင်တို့ဖြင့်။ တိမိရံ၊ အမိုက်မှောင်ရိပ်ကို။ ဥဒသျ၊ ဝေးစွာ ဖျောက်လွှင့်၍။ ဌိတံ၊ တည်နေသော။ ဟရိံ၊ ဗိဿနိုးနတ်မင်းကို။ အဝလောကျ၊ စိမ်းစိမ်းဝါးဝါး၊ အားရလောက်အောင် ကြည့်ရှုပြီး၍။ စိရံ၊ မြင့်ရှည်လှစွာ၊ အတန်ကြာကြာကြီး။ မုခံ၊ မျက်နှာကို။ စုစုမ္ဗ၊ ဖက်ရမ်းနမ်းရှုတ်၊ စုပ်ယူလေပြီ။ ။ လက္ခဏာသုတ်နှင့်အညီ လက္ချဥဒါဟရဏ်ကို စီကုံးဖွဲ့ဆိုလိုလျှင်—

အနဝိဇ္ဇရသာ နရာ သုမနာ၊ စရဏာယုဂံ ပဏမေန္တိ စိရံ။
ပုရုသုခဒံ နိဇ'မက္ခယိကံ၊ ဘဝနေဓရာယ နိမေန္တိ နိဓိံ။ ။ —

ဟု စီကုံးဖွဲ့ဆိုအပ်၏။

သုမနာ၊ သဒ္ဓါ,သီလ-စသည်တို့ဖြင့် ထုံအပ်သည်ဖြစ်၍ ကောင်းသော စိတ်နှလုံးရှိကုန်သော။ ယေ နရာ၊ အကြင်သူတော်ကောင်းတို့သည်။ အနဝိဇ္ဇရသာ၊ မြတ်စွာဘုရားရှင်

၏။ စရဏာယုဂံ၊ ခြေတော်အစုံကို။ စိရံ နေ့စဉ်ရက်ဆက်၊ မပျက်သဒ္ဓါ၊ ရှည်မြင့်စွာ။ ပဏာမေန္တိ နိမ့်ပျပ်ရိုကျိုး၊ ရှိခိုးညွတ်ကိုင်းကြကုန်၏။ တေ နရာ၊ ထိုသူတော်ကောင်းတို့သည်။ ပုရုသုခံ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းကျိုးချမ်းသာကို ပေးတတ်သော။ နိဇံ သူတပါး မပိုင်၊ ကိုယ်နှင့်သာ ဆိုင်သော။ အက္ခယိကံ၊ လိုခါငင်ဆွဲ၊ သုံးစွဲ၍ မကုန်ခန်းနိုင်သော။ နိဓိံ၊ ရတနာရွှေအိုးကြီးကို။ ဘုဝနဓရာယ၊ လောက ၃-ပါးတည်းဟူသော မြေတွင်း၌။ နိဓေန္တိ၊ ဘဝမခြား၊ ဖော်ယူစားဖို့ သိုထားမြှုပ်သွင်းသည် မည်ကုန်၏။

ဤသုမုခီဂါထာသည် ၈၈၀-မြောက်သော ပဋ္ဌာရတနံသချာ၌ တည်၏။

၆၇။ ဒေါဓကေ'မိစ္ဆတိ စေ ဘဘဘာ ဂါ။

ဘဘဘာ၊ ဘဂိုဏ်း ၃-ခုတို့သည်လည်းကောင်း။ ဂါ၊ ဂရု ၂-လုံးတို့သည်လည်း ကောင်း။ စေ ဘဝန္တိ ကုန်အံ့။ ဒေါဓကံ၊ ဒေါဓကဂါထာ-ဟူ၍။ ပိင်္ဂလော၊ ပိင်္ဂလဆရာသည်။ ဣစ္ဆတိ၊ အလိုရှိ၏။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာ၌ ဆို၏။

အတြ ပါဒန္တေ ယတိ။ (ပိင်္ဂလဋီကာ)

ပထမံ စ စတုတ္ထဥ္စ၊ သတ္တမံ ဒသမံ ဂုရု။
အန္တံ စ တိဌြဘေ ပါဒေ၊ ယတ္ထ စေ ဒေါဓကံ တု တံ။ (ဘာရတနာဋျကျမ်း)

ဤ"ဒေါဓကဂါထာကို ပါကတ"ဘာသာ၌ 'ဒေါဟာ'ဟု ခေါ်၏။ ဓအက္ခရာနှင့် ဟအက္ခရာတို့သည် ဒဒ္ဓ, မုဒ္ဓ, ဒုဒ္ဓ, တဒ္ဓိတပုဒ်တို့၌ကဲ့သို့ ကာရိယီ, ကာရိယ လွှဲပြောင်းနိုင် စကောင်းသော အက္ခရာဖြစ်ကုန်သောကြောင့် ပါကတဘာသာ၌ ဒေါဟ-ဟူသောပုဒ်ကို သက္ကဋဘာသာ၊ မဂဓဘာသာတို့၌ ဒေါဓက-ဟု အက္ခရာပြောင်းလွှဲ၍ အမည်ကို ဆိုသည်။

ဒွိပထကဿ ဒေါဓက ပရိယာယတ္တံ ပါကတေ ဒေါဟသဒ္ဒော သော ဣတိ အနန္တရံ ဝက္ခမာနဿ တဗ္ဗဒဿ ဒေါဟသဒ္ဒဿ ဆာယာသဒ္ဒတ္တေန ဒေါဓက သဒ္ဒ ပတီတိနော အဝဂမျတေ။

သော ဒွိပထကော ပါကတပဒဝိသယော စေ တဒါ ဒေါဟသဒ္ဒော ဘဝတိ၊ သက္ကဋေ ဒွိပထသဒ္ဒော ဒေါဓကသဒ္ဒော ဝါတိ အတ္ထော။

(သံဂီတရတနာကရအဖွင့်၊ ကလာနိဓိဋီကာ)

ဟိန္ဒူတို့က ဒေါဟာကို ဒိုးဟား-ဟု ခေါ်၏။ မြန်မာမှာ ဒွေးချိုးသဖြန်-ဟု ခေါ်၏။ ဒွိပထ-ဟူ၍လည်းကောင်း၊ ဒေါဟာ-ဟူ၍လည်းကောင်း ခေါ်ဆိုအပ်သော ဒိုးဟားအဖွဲ့၏ အကြောင်းကို ပါကတပိင်္ဂလဆန်းကျမ်း, ဝါဏီဘူသနကျမ်း, ဝုတ္တစန္ဒိကာကျမ်း, သံဂီတရတနာ

ကရကျမ်းတို့၌ အကျယ်ရေးသားပြဆို၏။ အလိုရှိသူတို့ ထိုကျမ်းတို့ကို ကြည့်ရှုလေ့လာကြလေကုန်။ ဤဂါထာသည် ၄၃၉-ခုမြောက်သော ပဋ္ဌာရတန်း၌ တည်၏။

၆၈။ ဝေဒ'သ္ဈေဟိ မ္ဘာ တ္တဂါ သာလိနီ သာ။

မ္ဘာ၊ မဂိုဏ်း, တဂိုဏ်းတို့သည်လည်းကောင်း။ တ္တဂါ၊ တဂိုဏ်း, ဂရု ၂-လုံးတို့သည်လည်းကောင်း။ စ ဘ၀န္တိ၊ ကုန်အံ့။ ဝေဒ'သ္ဈေဟိ၊ ၄-လုံးမြောက်, ၇-လုံးမြောက်သော ယတိတို့ဖြင့်။ ဥပလက္ခိတာ၊ မှတ်အပ်သော။ သာ၊ ထိုဂါထာသည်။ သာလိနီ၊ သာလိနီဂါထာမည်၏။

ကမ္ဗောဇ, အရာဇိယ-စသည်ဖြင့် မြင်းမျိုးကောင်းဖြစ်ထွန်းရာ အရပ် ၇-မျိုးရှိသောကြောင့် အဿ-သဒ္ဒါနှင့်တကွ ဝါဇီ, တုရဂ-စသော မြင်းဟော ပရိယာယ်သဒ္ဒါဟူသမျှကို ၇-ခုသင်္ကေတသချာကို ဟော၏-ဟု မှတ်အပ်၏။

ဆဠ္ဌမ္ဟိ နဝမံ စေဝ၊ လဟူနိ တိဌ္ဈေ ယဒိ။
ဂုရုန်ျ'ညာနိ ပါဒေသု၊ သာ ဌေ ယျာ သာလိနီ ယထာ။(ဘာရတနာဠျကျမ်း)

ဤဂါထာသည် ၂၈၉-ခုမြောက်သော ပဋ္ဌာရတန်း၌ တည်၏။

၆၉။ ဝါတောမ္မီ သာ ယတိ သာ မ္ဘာ တဂါ ဂေါ။

မ္ဘာ၊ မဂိုဏ်း, ဘဂိုဏ်းတို့သည်လည်းကောင်း။ တဂါ၊ တဂိုဏ်း,ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စ ဘ၀န္တိ၊ ကုန်အံ့။ သာ ယတိ၊ ထိုဒေါဓကဂါထာ၌ ဆိုအပ်ခဲ့ပြီးသော ၄-လုံး ၁-တန့်, ၇-လုံး ၁-တန့်သော ယတိသည်။ စ ဘ၀တိ၊ အံ့။ သာ၊ သည်။ ဝါတောမ္မီ၊ လေဟုန်လှုပ်တိုး၊ လှိုင်းတံပိုးကဲ့သို့ ရွတ်ဆိုအပ်သော ဝါတောမ္မီဂါထာမည်၏။

ဝုတ္တရတနာကရ၌ "ဝါတောမ္မီ ယံ ကထိတာ မ္ဘာ တဂါ ဂေါ"ဟူ၍ သုတ်ရှိ၏။

ဆန္ဒောမဉ္စရီ၌ကား "ဝါတောမ္မီ သာ ဂဒိတာ မ္ဘာ တဂါ ဂေါ"ဟု သုတ်ရှိ၏။ ယတိလက္ခဏာကို မဆို။

ပိင်္ဂလဋီကာ၌ကား "စတူဘိ သတ္တာဘိ စ ယတိ"ဟု သာလိနီဂါထာ၌ကဲ့သို့ ယတိလက္ခဏာကို ဆို၏။

ဝစနတ္ထဇောတိကဋီကာ, ကဝိသာရဋီကာတို့၌ကား ဓာတုမ္မိဿာ-ဟူသော ပါဌ်ပျက်ကို ပါဌ်မှန်, ပါဌ်ဟောင်း-ဟု မှတ်ထင်၍ ထူးထူးထွေထွေ ဝိဂြိုဟ်ဝစနတ် ပြုလုပ်ဆိုမှားမိကြကုန်၏။

'ဝါတောမ္မီ'ပုဒ်ကို 'ဝါတဦမိ'ဟု ပဒစ္ဆေဒ ပြု။ ဝါတသဒ္ဒါ လေဟော။ ဦမိသဒ္ဒါ-လှိုင်းတံပိုးဟော။ ဦမိ၌ ဦကို ဩအသဝဏ် ပြု။ 'မ'ဒွေဘော် လာ၍ 'ဝါတောမ္မီ'ဟု ရုပ်ပြီးစေ။

ယာတျူ'သေယက် သပဒိ'ပ္ပါပျ ကိဥ္စိ၊ ဇာတာ ယဿာ စပလာ စိတ္တဝုတ္တိ။
ယာ ဒီယင်္ဂီ ဖုင္မသဒ္ဒ'ငှုဟာသာ၊ စတ္တာ သွတ္တိ ဒုတဝါတောမ္မိမာလာ။

ပိင်္ဂလဋီကာတွင် ဟလာယုဓဆရာ ထုတ်ဆိုအပ်သော 'ဝါတောမ္မီ'ဂါထာ၏ ဥဒါဟရုဏ်။

"ဝါတောမ္မိ ပေါတမိဝ'မ္ဘောဓိမဇ္ဈေ" ဆန္ဒောမဉ္ဇရီ၌ ထုတ်ဆိုအပ်သော ဝါတောမ္မိဂါထာ၏ ဥဒါဟရုဏ်။

ဝါတောမ္မိ ဣတိ "ဣတ္ထိယံ ကိဒိကာရ ဒတ္တိနော" ဣတိ ဤ။ (ပိင်္ဂလဋီကာ)

ယာ နာရီ၊ အကြင်မိန်းမသည်။ ကိဥ္စိ၊ မပြောပလောက် စိုးစဉ်းမျှသော ကျီစယ်ခြင်းစသည်သို့၊ ပါပျ၊ ရောက်လသော်။ သပဒိ၊ ခဏလက်ငင်း၊ ချက်ချင်းလောလောဆယ်။ (မဂဓ၌ သမ္ပတိ-ဟု ရှိ၏။) ဥသေယက်၊ ရှက်ကြောက်လေဟန်၊ အမျက်မာန်နှင့်၊ ခက်ထန်ရိုန် ပြင်း၊ မာန်မူခြင်းသို့။ ယာတိ၊ ရောက်လွယ်တတ်၏။ ယဿာ စ၊ အကြင်မိန်းမ၏လည်း။ စိတ္တဝုတ္တိ၊ စိတ်နေစိတ်ထားသည်။ စပလာ၊ အတည်မမြဲ ပြောင်းလဲလှုပ်ရှားခြင်းသည်။ ဇာတာ၊ ဖြစ်တတ်၏။ ယာ စ၊ အကြင်မိန်းမသည်လည်း။ ဒီယင်္ဂီ၊ ရှည်သွယ်သော လက်,ခြေ-စသော ကိုယ်အင်္ဂါရှိ၏။ ဖုင္မသဒ္ဒါ၊ ကွဲသောအသံရှိ၏။ အင္မဟာသာ၊ ပြင်းထန်စွာ ရယ်မောတတ်၏။ ဒုတဝါ-တောမ္မိမာလာ၊ လျှင်မြန်သောလေ၏ အဟုန်ကြောင့်ဖြစ်သော ရေလှိုင်းတံပိုးအစဉ်နှင့် တူသော။ သွ'တ္တိ သာ ဣတ္ထိ၊ စိတ်သဘောကြမ်း၊ ဆိုးသွမ်းယုတ်မာသော ထိုမိန်းမမျိုးကို။ စတ္တာ၊ မကပ်မချဉ်း၊ ကွာရှင်းစွန့်ပစ်အပ်၏။ (ပိင်္ဂလဋီကာ-လာ ဥဒါဟရုဏ်အနက်)

အမ္ဘောဓိမဇ္ဈေ၊ သမုဒ္ဒရာ၏အလယ်၌။ ဝါတောမ္မိ၊ ပြင်းထန်သော လေဟုန်ဖြင့် တိုက်လွှင့်အပ်သော ဒီလှိုင်းတံပိုးသည်။ ပေါတံ၊ လှေသင်္ဘောကို။ ဟနတိ ဣဝ၊ မှောက်သွန်ဖျက်ဆီးသကဲ့သို့။ (ဆန္ဒောမဉ္ဇရီ၌ ထုတ်အပ်သော ပြယုဂ်အနက်။) ဝါတောမ္မိ ဣတိ၊ ဝါတောမ္မိ-ဟူသောပုဒ်သည်။ "ဣတ္ထိယံ ကိဒိကာရဒတ္တိနော" ဣတိ၊ "ဣတ္ထိယံ ကိဒိကာရဒတ္တိနော"ဟူသောသုတ်ဖြင့်။ ဤ၊ ဤ-ပစ္စည်း သက်၍ ပြီးစီးစေအပ်သော ပုဒ်တည်း။

ထို့ကြောင့် ဝါတောမ္မိ-ပုဒ်၌ တစ်စုံတစ်ခုမျှ သံသယမရှိစေမူ၍ ပုဒ်မှန်, ပါဌ်မှန်, အနက်မှန်ဖြင့် ပြဆိုအပ်ပြီးသော ဝိနိစ္ဆယကိုသာလျှင် ပညာရှိတို့သည် ဉာဏ်ဝယ်အမြဲ သုံးစွဲမှတ်ယူအပ်၏။ သီဟိုဠ်မူ၌ကား 'ဝါတုမ္မိ'ဟု ဩအသဝဏ်အပြုသို့ မရောက်ဘဲ ကာရိယီနှင့် ပါဌ်ရှိ၏။ ဤဂါထာသည် ၃၀၅-ခုမြောက်သော ပတ္ထာရသချာတန်း၌ တည်၏။

## ၇၀။ ဘာ တနဂါ ဂေါ သုရသသိရီ သာ။

ဘာ၊ ဘဂိုဏ်းမှ။ ပရံ၊ နောက်၌။ တနဂါ၊ တဂိုဏ်း, နဂိုဏ်း, ဂရုတို့သည်လည်း ကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ဥသုရသသိရီ၊ ၅-လုံး, ၆-လုံးတို့ဖြင့် ပြတ်သော ယတိရှိသော သိရီဂါထာ မည်၏။ ။ တစ်နည်း၊ ဥသုရသ၊ ၅-လုံး, ၆-လုံးတို့၌ ပြတ်သော ယတိရှိသော။ သာ၊ သည်။ သိရီ၊ သိရီဂါထာ မည်၏။

နောက်နည်း၌ ဥသုရသ-ပုဒ်ကား "ထေရဝါဒါန'မုတ္တမော"၌ကဲ့သို့ အဝိဘတ္တိက နိဒ္ဒေသပုဒ်မျိုးတည်း။ တစ်နည်း၊ "ရဟာဒိတော ဏ"ဟူသော သုတ်တွင် 'ဏ'ပုဒ်၌ သိဝိဘတ် ကျေ၏သို့ ဝိဘတ္တိလောပတည်း။

ယတိဖြတ်ပုံနှင့်တကွ ဂါထာ၏အမည်ကို တပေါင်းတစည်းတည်း တွဲစပ်၍ ဆိုထား သော ဆန်းကျမ်းဆရာ၏စကားကို နောက်သားနောင်လာ ဋီကာဆရာကြီးတို့ စဉ်လျက် နှလုံးမပိုက် ဂရုမစိုက်မိကြကုန်သောကြောင့် သုရသသိရီဂါထာ-ဟု အမည်ခေါ်ဆို မှားယွင်း ကြကုန်၏။ ယတိလက္ခဏာလည်း လုံးလုံးကြီး ကွယ်ပျောက်တိမ်မြုပ် ငုပ်၍ နေခဲ့လေ၏။

ထို့ကြောင့် ပထမကျော်အောင်စံထားဆရာတော် စီရင်သော 'မဟာပဏ္ဏာမကြီး' ခေါ် ဗုဒ္ဓထောမနာဂါထာအဖွဲ့တို့တွင်—

**ဆာယုပဂါသုံပုထုနရဒေဝါ၊ မာရဇိဒီပက်ရမဟိ ဇာတံ။**

**ပတ္ထရမ္မနန္တဥ ကုသလဗီဇံ ကေရုဟံ ပါဒပမုနိ ဝန္ဒေ။ ။ —**

ဟု သိရီဂါထာဖွဲ့တွင် ဂိုဏ်းနေဂိုဏ်းထား ဂရု, လဟုအသွား မှန်ကန်သေချာလျက် ယတိဖြတ် လက္ခဏာပျက်လေသည်။ အချို့သော ဝုတ္တရတနာကရဆန်းကျမ်း၌ "**ပဥ္စရသေဟိ သိရီ ဘတနဂဂေဟိ***(ဘာတနဂဂရှုဟိ)*"ဟု သုတ်ရှိ၏။ အချို့မူ၌ "**ဗာဏရသေဘိဋ္ဌတနုဂ***(ဘာတနဂဂ)* **သိရီ**"ဟု သုတ်ရှိ၏။ ဆန္ဒောမဥ္စရီ, ပါကတပိင်္ဂလ, ဝါဏီဘူသနကျမ်းတို့၌ **အနုကူလာ**ဂါထာ- ဟူသော အမည်ဖြင့် ဆို၏။ ပိင်္ဂလဆန်းကျမ်း၌ကား ကုမ္ဘလဒန္တီဂါထာ-ဟု အမည်ဆို၏။

ကုမ္ဘလဒန္တီ တဘာ နဂါ ဂိန္ဒြိယ ရသာ။ (ပိင်္ဂလသုတ်)

တစ်နည်းအားဖြင့် ရေးသားခဲ့သောဆရာ၏ အာဘော်ထားရင်း နှလုံးသွင်းရှိဟန်ကို ကြံဖန်၍ ဆိုသော်ကား ဤဂါထာသည် ၁၀-လုံးဖွဲ့ ပင်္တိဆန်း ၄၅၅-ခုမြောက်သော ပတ္ထာရ သင်္ချာ၌ တည်၏။ ထိုဂါထာကို ဘာရတနာဠျကျမ်းကြီး၌ သုရဒယိဘာဂါထာ-ဟု အမည် မှည့်ဆို၏။ ထို့ကြောင့် အပိုင်းအခန်းပေါင်း ၃၈-ပိုင်း, ဂါထာပေါင်း ၄,၉၉၅-ဂါထာတို့ဖြင့် တန်ဆာဆင်၍ ဘရတရသေ့ ရေးစီရင်အပ်သော ဘာရတနာဠျကျမ်း၊ ဗာတ္တိသတိမ၊

ဓုဝဗျာယပိုင်း၊ ၁၉၆-ခုမြောက်သော ဂါထာတွင်—

**အာဒျစတုတ္ထေ ပရနိဓနေ၊ ယတြ ဂုရုနိ'ပ္ပတိစရဏာံ။**
**ဂီတဝိဓာနေ ဘဝတိ ဟိ သာ၊ ပဋ္ဌိကတာ ဝေ သုရဒယိတာ။ ။**

ဟု မိန့်ဆိုအပ်လေပြီ။

ယတြ၊ ၌။ အာဒျစတုတ္ထေ၊ အစအက္ခရာ ၄-လုံးမြောက် အက္ခရာ၌လည်းကောင်း။ ပရနိဓနေ၊ နောက်ဆုံးအက္ခရာ၌လည်းကောင်း။ ပတိစရဏံ၊ ပါဒတိုင်း။ ဂုရုနိ၊ ဂုရုတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဂီတဝိဓာနေ၊ သီချင်းဖွဲ့တေး၊ ရေးစပ်သီဆိုနည်း အစီအရင်၌။ ပဋ္ဌိကတာ၊ ၁၀-လုံးဖွဲ့ ပဋ္ဌိဆန်းသည်ပြုအပ်သော။ သာ၊ ထိုဂါထာသည်။ သုရဒယိတာ၊ သုရဒယိတာ ဂါထာမည်သည်။ ဘဝတိ၊ ဖြစ်၏။

သံယရက္ခိတမဟာသာမိဆရာသည် ဝုတ္တောဒယကျမ်းကို စီရင်ရေးသားသောအခါ၌ ဘာရတနာဋျကျမ်း၌လာသော ဤသုရဒယိတာဂါထာကို လက္ခ, လက္ခဏ ၂-ဖက်ရ "ဘာ တနဂါ သာ သုရဒယိတာ"ဟု သုတ်တည်ပြီးလျှင် ပဋ္ဌိဆန်းတွင်း၌ ထည့်သွင်းရေးထားခဲ့သည် ဖြစ်ရာ၏။ ဝုတ္တရတနာကရ-စသော ဆန်းကျမ်းတို့ကိုသာ လေ့လာ၍ ဘာရတနာဋျကျမ်းကြီး ကို မလေ့လာဖူးကုန်သော နောက်သားနောင်လာတို့သည် သုရဒယိတာဂါထာတွင် ဂရု ၁-လုံးတိုး၍ ဖွဲ့ဆိုအပ်သော သိရီဂါထာ ဖြစ်တန်ရာ၏။ သိရီဂါထာဖြစ်လျှင် ၁၁-လုံးဖွဲ့ တိဋ္ဌုဘ ဆန်း၌သာလျှင် ရှိသင့်၏-ဟု မိမိတို့ဉာဏ်တွင် အထင်ရောက်ရှိလေသောကြောင့် "ဘာ တနဂါ ဂေါ သုရသသိရီ သာ"ဟု ယခင်သုတ်ကို ပြင်ဆင်ရေးသားပြီးလျှင် တိဋ္ဌုဘဆန်းတွင်း၌ ထည့်သွင်းရေးထားခဲ့ကြဟန် တူ၏။

**ယုတ္တာယုတ္တေသု ယုတ္တံဝ၊ သံယုတ္တံ သာဓုဝဏ္ဏိတံ။**
**ဂုရောပဒေသဂမ္ဘီရ-ပညာယ စာနုဝိစ္စယံ။ ။**

မုချကေန် မှန်ပြီ-ဟု မဆိုရသေးသော အရာဌာနတို့၌ ပညာရှိတို့ ဆုံးဖြတ်မှတ်ယူပုံကို ပြဆို သည်။

ဘဂိုဏ်းအစ၊ တနှင့်န၊ နောက်မှ ဂနှစ်ဖြာ။
ကုမ္ဗလဒန္တိ၊ ငါးခြောက်မို၊ သိရီနုကူလာ။
ဝါနဝါသိ၊ ဖွဲ့နှင့်ညီ၊ ဆိုပြီ ရစိရာ။

ဤသိရီဂါထာကို ၁၆-မတြာတို့ဖြင့် ဖွဲ့ဆိုအပ်သောကြောင့် ဝါနဝါသိကဂါထာမျိုး-ဟု မှတ်ယူအပ်၏။ ၄၉၁-ခုမြောက်သော ပတ္ထာရတန်းသချာ၌ တည်၏။

၇၁။ ရော နရာ ဣဟ ရထောဒ္ဓတာ လဂါ။

ရော၊ ရဂိုဏ်းသည်လည်းကောင်း။ နရာ၊ နဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ လဂါ၊ လဟု, ဂရုတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ ထိုဂါထာသည်။ ဣဟ၊ ဤ ၁၁-လုံးဖွဲ့ တိဋ္ဌုဘဆန်း၌။ ရထောဒ္ဓတာ၊ လှည်းယာဉ်ရထား၊ လှုပ်ရှားသောသွင်၊ ပုံလျှင်မချွတ်၊ ရွတ်ဆိုအပ်သော **ရထောဒ္ဓတာဂါထာ** မည်၏။

ဓအောက်ချိုက်နှင့် 'ရဓောဒ္ဓတာ'ဟု ရှိသည်ကား ပါဌ်ပျက်,အနက်ပျက်။ 'ရထဿ ဥဒ္ဓတာ ရထောဒ္ဓတာ'။ ရထဿ၊ လှည်းယာဉ်ရထား၏။ ဥဒ္ဓတာ၊ မောင်းသွားလေရာ၊ သွက်သွက်ခါအောင် ခုန်၍ တုန်လှုပ်ခြင်းတည်း။ ရထောဒ္ဓတာ၊ လှည်းယာဉ်ရထား၊ မောင်းသွားနှင်ရာ၊ သွက်သွက်ခါခုန်၍ တုန်လှုပ်ခြင်း။

သီဟိုဠ်မူ၌ 'ဣဟ'နေရာတွင် 'ဣဓ' ဟု ရှိ၏။ အချို့သောဆရာတို့က 'အထ'ကို အနန္တရအနက်ဟော ကြံ၍ ဥဒ္ဓတာဂါထာ-ဟု အမည်ကို ကြံယူကြကုန်၏။ ထိုသို့ ဆိုခြင်းသည် ပိင်္ဂလဆရာ၏ အယူဆိုလိုရင်းအာဘော် မကျသောကြောင့် အသင့်ယုတ္တိ မရှိ။

**ကေစိ တု အထ အနန္တရံ ဥဒ္ဓတာ နာမ ဝုတ္တိ သိယာတိ အာဟု။ တံ တု နပိင်္ဂလသမ္မတံ။**

(သုခဗောဓိနီဋီကာ)

**အာဒျံ တတိယမန္တံ စ၊ သတ္တမံ နဝမံ တထာ။**

**ဂုရုနျေ'ကာဒသေ ပါဒေ၊ ယတြ သာ တု ရထောဒ္ဓတာ။** (ဘာရတနာဋျ)

၇-လုံးတစ်ရပ်, ၄-လုံးတစ်ရပ် ယတိပြတ်သည်-ဟု သုတဗောဓဋီကာ၌ ဆို၏။ ပိင်္ဂလဋီကာ၌ကား 'ပါဒန္တယတိ'-ဟု ဆို၏။ ဝေတာလီယဇာတ်၊ **အပရန္တိကာဂါထာ**၏ လက္ခဏာအတိုင်း ဂိုဏ်းဂရု, လဟု, မတြာစဉ်လျက် ကျသောကြောင့် ဝေတာလီယမျိုး-ဟူ၍လည်း ဆိုနိုင်၏။ ဤဂါထာသည် ၆၉၉-ခုမြောက်သော ပတ္ထာရသင်္ချာတန်း၌ တည်၏။

၇၂။ သွာဂတေ'တိ ရနဘာ ဂုရုကာ ဒွေ။

ရနဘာ၊ ရဂိုဏ်း, နဂိုဏ်း, ဘဂိုဏ်းတို့သည်လည်းကောင်း။ ဒွေ၊ ၂-လုံးကုန်သော။ ဂုရုကာ၊ ဂရုတို့သည်လည်းကောင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ သွာဂတေတိ၊ သွာဂတာ ဣတိ၊ **သွာဂတာဂါထာ** မည်၏။

"ဣတိ သဒ္ဒါ နာမ ဝါစက"ရထောဒ္ဓတာဂါထာ၌ကဲ့သို့ သုတဗောဓဋီကာအလို ၇-လုံး, ၄-လုံးတို့၌ ယတိ၊ ပိင်္ဂလဋီကာအလို ပါဒန္တယတိ-ဟု မှတ်အပ်၏။ အာပါတလိကာဂါထာမှ ခွဲဝေ၍ ထုတ်ဆိုအပ်သော အပရန္တိကာဂါထာမျိုး-ဟူ၍လည်း ဆိုနိုင်၏။

"သွယ မေဝ အာဂတာ သုန္ဒရံ အာဂတံ အာဂမနံ ယဿာ ဝါတိ သွာဂတာ"ဟု ဝိဂြိုဟ်ပြု။

အာဒျံ တတိယမန္တံ စ၊ ဒသမံ သတ္တမံ တထာ။
ဂုရူနိ တိဠဇော ပါဒေ၊ ယတြ သာ သွာဂတာ မတာ။ (ဘာရတနာဠျ)

ဒုဋ္ဌဝါကျပိသုနာဟိတဘေဒေ၊ ဗန္ဓနေ ကလဟေ စ ဟတသော။
လဂ္ဂဧ သသိသုတေ ပထိ ဂစ္ဆံ၊ သွာဂတေပိ ကုသလံ န သုဏောတိ။

ဝရာဟမိဟိရဆရာစီရင်သော ဝါရာဟီသံဟိတာကျမ်း၊ ၁ဝ၄-ခုမြောက်သော ဂြဟ-ဂေါစရပိုင်း၊ ဗုဒ္ဓဟူးဂြိုဟ်အဟော သွာဂတာဂါထာ၏ဥဒါဟရဏ်။

သသိသုတေ၊ လမင်း၏သားဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်သည်။ လဂ္ဂဧ၊ မိမိတို့၏ ဖွားလဂ်သို့ ရောက်သည်ရှိသော်။ ဒုဋ္ဌဝါကျပိသုနာဟိတဘေဒေ၊ မကောင်းသောစကားကို ပြောဆိုမိခြင်း, ကုန်းချောခြင်း, ရန်သူတို့၏ ဖျက်ဆီးခြင်းကြောင့်လည်းကောင်း။ ဗန္ဓနေ စ၊ ထိပ်နှောင်သံကြိုး၊ သီလျှိုးတုတ်နှောင်ခြင်းကြောင့်လည်းကောင်း။ ကလဟေ စ၊ ခိုက်ရန်ဖြစ်ခြင်းကြောင့်လည်းကောင်း။ ဟတသော၊ ကြေးငွေပျက်ပြုန်း၊ ကုန်ဆုံးခြင်းရှိအံ့။ ပထိ၊ လမ်းခရီး၌။ ဂစ္ဆံ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ သွာဂတေပိ သု အာဂတေပိ၊ ကောင်းစွာ သွားလာသည်ဖြစ်လျက်လည်း။ ကုသလံ၊ အပြစ်လွတ်ကင်းသော ကောင်းသောစကားကို။ န သုဏောတိ၊ မကြားရတတ်ချေ။

ကောဇာဗုဒ္ဓဟူးဂြိုဟ် မူလလဂ်ပေါ်သို့ စီးနင်းဝင်ရောက်ရာ၌ ဟောပုံကို သွာဂတာ-ဟူသော ဂါထာ၏အမည်လည်း ပါလေအောင်၊ အဓိပ္ပါယ်သဘာဝတ္ထလည်း ရအောင် သွာဂတာဂါထာဖြင့် ဝရာဟမိဟိရဆရာ ဖွဲ့ဆိုထားခဲ့သည်-ဟု မှတ်အပ်၏။ ဤဂါထာသည် ၄၃၃-ခုမြောက်သော ပတ္ထာရသင်္ချာ၌ တည်၏။

၇၃။ နနရလဟုဂုရူဟိ ဘဒ္ဒိကာ။ ။ ၁၁။ တိဠဘာ။

နနရလဟုဂုရူဟိ၊ န ၂-ဂိုဏ်း, ရဂိုဏ်း, လဟု, ဂရုတို့ဖြင့်။ ဥပလက္ခိတာ၊ မှတ်အပ်သော။ သာ၊ သည်။ ဘဒ္ဒိကာ၊ ဘဒ္ဒိကာဂါထာ မည်၏။

ဝုတ္တစန္ဒိကာမည်သော ဆန်းကျမ်း၌ကား နဂိုဏ်း-၁၊ ရဂိုဏ်း-၂၊ ထို့နောက် လဟု, ဂရုဟု ဂိုဏ်းစဉ်ကို တစ်မျိုးဆို၏။ ဒုတိယနဂိုဏ်းနေရာတွင် ရဂိုဏ်းနှင့် ရှိစေရမည်-ဟူလို၏။

ယသံ ဝိဘာတိ နဂဏာ ပရတော ရကာရဒွန္ဒံ၊ တတော လဟုဂုရူဘဝတော ဝိသာလာ။
ဖုလ္လာရဝိန္ဒသဒိသီကဝိဆပ္ပဒါနံ၊ သာ ဘဒ္ဒိကာ နိဂဒိတာ ဖဏိနာယကေန။ ။

ဝုတ္တစန္ဒိကာဆန်းကျမ်းလာ ဘဒ္ဒိကာဂါထာ၏လက္ခဏာ န ၂-ဂိုဏ်းယူလျှင် ဝေတာလီယ ဝိသမပါဒအောက်ဆုံးဖြစ်သော သာလိကရ-မည်သော လဟုဆက္ကတန်းနှင့် တူ၏။ ဤဘဒ္ဒိကာဂါထာသည် ၇၀၄-ခုမြောက်သော ပဌာရသချာ၌ တည်၏။ ရ ၂-ဂိုဏ်း ယူလျှင် ၆၆၄-တန်းဟု ညွှန်းအပ်၏။

တိဋ္ဌဘာ၊ ၃-ပါးသောအရာတို့၌ ခိုင်မာတောင့်တင်းအပ်သော တိဋ္ဌဘာဆန်းတည်း။

"တီသု ဌာနေသု ဘီယတေတိ တိဋ္ဌဘာ"ဟု ဝိဂြိုဟ်ပြု။ တ-အက္ခရာတွင် ဥရဿနှင့် တုဋ္ဌဘာ-ဟု ရှိကြသည်ကား မသင့်။ သီဟိုဠ်မူ၌ နပုလ္လိင်နှင့် ရှိသည်မှာလည်း မသင့်။ တိဋ္ဌဘာ-သဒ္ဒါ ဣတ္ထိလိင်-ဟု ကောသကျမ်း၊ အဘိဓာန်ကျမ်းတို့၌ ဆို၏။

----- x -----

## ၁၂-လုံးဖွဲ့ ဇဂတီဆန်း

### ၇၄။ ဝဒန္တိ ဝံသဋ္ဌ မိဒံ ဇတာ ဇရာ။

ဇတာ၊ ဇဂိုဏ်း, တဂိုဏ်းတို့သည်လည်းကောင်း။ ဇရာ၊ ဇဂိုဏ်း, ရဂိုဏ်းတို့သည်လည်း ကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ဣဒံ၊ ဤဂါထာကို။ ဝံသဋ္ဌ၊ ဝံသဋ္ဌဂါထာမည်၏-ဟူ၍။ မုနယော၊ သေတဝ, မဏ္ဍဗျ, ကောဋ္ဌက, ယာသက, ကဿပ, တဏ္ဍိန-စသော ရသေ့တို့ သည်။ ဝဒန္တိ၊ မိန့်ဆိုကုန်၏။

ပိင်္ဂလဆန်းသုတ်၌ 'ဝံသဋ္ဌာ' ဣတ္ထိလိင် အာကာရန္တနှင့် ပါဌ်ရှိ၏။ ဆန္ဒောမဉ္ဇရီ၌ ဝံသဋ္ဌဝိလ-ဟူ၍လည်းကောင်း၊ ဝံသဋ္ဌနိဘ-ဟူ၍လည်းကောင်း အမည် ၂-မျိုးရှိကြောင်းကို ဆို၏။ ဤဆန်းကျမ်း၌လည်း "ဝဒန္တိ ဝံသဋ္ဌဝိလံ ဇတာ ဇရာ"ဟု ပါဌ်ရှိသင့်၏။ ၅-လုံး, ၇-လုံးတို့၌ ယတိပြတ်သည်-ဟု သုတဗောဓဋီကာဆရာ ဆို၏။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာ ဆရာ ဆို၏။ ဤဂါထာသည် ၁,၃၈၂-ခုမြောက်သော ပဌာရတန်း၌ တည်၏။

### ၇၅။ သာယိ'န္ဒဝံသာ ခလု ယတ္ထ တာ ဇရာ။

ယတ္ထ၊ ၌။ တာ၊ တ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ဇရာ၊ ဇဂိုဏ်း, ရဂိုဏ်းတို့သည် လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ခလု၊ စင်စစ်။ ဣန္ဒဝံသာ၊ ဣန္ဒဝံသာဂါထာ မည်၏။

သီဟိုဠ်မူ၌ ယ-အက္ခရာ မပါ၊ "သာ ဣန္ဒဝံသာ"ဟု ပါဌ်ရှိ၏။ ရှေးဝံသဋ္ဌဂါထာ၌ ကဲ့သို့ ယတိကို ဆိုကြကုန်၏။ ဆန္ဒောမဉ္ဇရီဆရာကား "တံ စေ'န္ဒဝံသာ ပဌမက္ခရေ ဂုရု"ဟု ဆို၏၊ မထူးပြီ။ ဤဂါထာသည် ၁,၃၈၁-ခုမြောက် ဝံသဋ္ဌဝိလဂါထာ၏ ပတ္ထာရတန်းသချာ၏ အထက်၌ ဆက်၍ တည်၏။

**၇၆။ ဣဟ တောဋက'မမ္ဗုဓိသေဟိ မိတံ။**

အမ္ဗုဓိသေဟိ၊ ၄-ခုကုန်သော သဂိုဏ်းတို့ဖြင့်။ မိတံ၊ စီရင်ရေးသားအပ်သော ဂါထာသည်။(မိတံ ရစိတံ၊ ကဝိသာရဋီကာ) မိတံ၊ မှတ်အပ်သောဂါထာသည် (မိတံ လက္ခိတံ၊ ဝစနတ္ထဇောတိကဋီကာ)။ မိတံ ပမိတံ၊ နှိုင်းယှဉ်အပ်သောဂါထာသည်။ (မိတံ ပမိတံ၊ ယောဇနာ)။ မိတံ၊ ဆိုအပ်သောဂါထာသည်။ ဝါ၊ အစဉ်မပြတ်သောဂါထာသည်။ (မိတ၊ တိ၊ မိ၊ မာ၊ ဝါ၊ တ၊ ပရိမိတေ၊ သဒ္ဒေ၊ အဝစ္ဆိန္နေ၊ ခိတ္တေစ-ဟူသော ဝါစပ္ပတိသဒ္ဒတ္ထောမမဟာနိဓိအဘိဓာန်တို့နှင့် အညီတည်း)။ ဣဟ၊ ဤဇာတိဆန်း၌။ တောဋကံ၊ တောဋကဂါထာ မည်၏။

၆-လုံးတစ်ရပ် ယတိပြတ်သည်-ဟု သုတဗောဓဋီကာ၌ ဆို၏။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာ၊ သံဂီတရတနာကရဋီကာတို့၌ ဆို၏။

> ဆဋ္ဌ တတိယံ နဝမံ၊ ဂုရုန္ဒ္ဒ'မထာ ပိ ဝါ။
> ယတြ တု ဒွါဒသေ ပါဒေ၊ တံ ဥဒ ယျံ တောဋကံ ယထာ။ (ဘာရတနာဋျ)

သီဟိုဠ်မူ၌ ဣဓ-ဟု ပါဌ်ရှိ၏။ ၁,၇၅၆-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။ ၁၆-မတြာရှိသောကြောင့် မတ္တာသမကဂါထာမျိုး-ဟူ၍လည်း ဆုံးဖြတ်သင့်၏။

**၇၇။ ဒုတဝိလမ္ဗိတ'မာဟ နဘာ ဘရာ။**

နဘာ၊ နဂိုဏ်း, ဘဂိုဏ်းတို့သည်လည်းကောင်း။ ဘရာ၊ ဘဂိုဏ်း, ရဂိုဏ်းတို့သည် လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ တံ၊ ထိုဂါထာကို။ ဒုတဝိလမ္ဗိတံ၊ ဒုတဝိလမ္ဗိတဂါထာ မည်၏-ဟူ၍။ ပိင်္ဂလော၊ သည်။ အာဟ၊ မိန့်ဆို၏။

> ဒုတဝိလမ္ဗိတ'မာဟ မုနိ။ (ဆန်းမူလဋီကာ)
>
> ဒုတဝိလမ္ဗိတံ နာမ ဘဝတီတိ အာဟ ပိင်္ဂလော။ (ဆန္ဒောသာရတ္ထဝိကာသနီဋီကာ)

ဤဋီကာတို့ကို ထောက်၍ အာဟ-ဟု ကြေဝုစ်ကြိယာနှင့် ရှိခြင်းသည်သာလျှင် သင့်မြတ်၏။ သီဟိုဠ်မူ၌လည်း ကြေဝုစ်နှင့်ပင် ရှိ၏။ ဝုတ္တရတနာကရ၊ ဆန္ဒောမဉ္ဇရီတို့၌လည်း အာဟ-ဟူ၍ ကြေဝုစ်ကြိယာနှင့် ရှိ၏။

ဝေနတ္ထဇောတိကဋီကာ၌ "အာဟု အာစရိယာ"ဟူ၍လည်းကောင်း၊ ကဝိသာရဋီကာ၌ "ဆန္ဒညူနော အာဟု ကထေန္တိ"ဟူ၍လည်းကောင်း ဗဟုဝုစ်နှင့် ဖွင့်ဆိုကြကုန်၏။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာဆို၏။ ဒုတသဒ္ဒါ လျင်မြန်ခြင်းအနက်၊ ဝိလမ္ဗိတသဒ္ဒါ နှံ့နှေးလေးလံခြင်းအနက်ကို ဟော၏။ ၁,၄၆၄-ခုမြောက် ပဋ္ဌာရသချာ၌ တည်၏။

၇၈။ ဝသုယုဂဝိရတိ နာ မျာ ပုဏ္ဏော'ယံ။

နာ၊ နဂိုဏ်း ၂-ခုတို့သည်လည်းကောင်း။ မျာ၊ မဂိုဏ်း, ယဂိုဏ်းတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ဝသုယုဂဝိရတိ၊ ၈-လုံး, ၄-လုံးတို့ဖြင့် ဖြတ်အပ်သော ယတိရှိသော။ အယံ၊ သည်။ ပုဏ္ဏော၊ ပုဏ္ဏဂါထာ မည်၏။

ဓရော ဓုဝေါ စ သောမော စ၊ အဟော စေဝါ'နိလော'နလော။
ပစ္စူသော စ ပဘာသော စ၊ ဝသဝေါဋ္ဌဝိတိ မတာ။

ဟူသော ဂါထာနှင့်အညီ ဝသုအမည်ရှိကုန်သော ဂဏဒေဝနတ်တို့သည် ဓရ, ဓုဝ, သောမ, အဟ, အနိလ, အနလ, ပစ္စူသ, ပဘာသ-ဟု ၈-မျိုးရှိကုန်သောကြောင့် ဝသုသဒ္ဒါသည် ၈-ခု သင်္ကေတသချာကို ဟော၏။ ဝသုကို ဗသျု-ဟု သက္ကဋ၌ ဖတ်ရွတ်အပ်၏။ သစ္စယုဂ်, တြေတယုဂ်, ဒွါပရယုဂ်, ကလိယုဂ်-ဟု ယုဂ် ၄-မျိုးရှိသောကြောင့် ယုဂသဒ္ဒါသည် ၄-ခု ဟူသော သင်္ကေတသချာကို ဟော၏။

ကဝိသာရဋီကာ၌ကား—

မဂ္ဂဖလဋ္ဌ စတုဗ္ဗိဓ ပုရိသယုဂလဘူတတ္တာ ယုဂဿ။

ဟု ဖွင့်ဆို၏။

"စတ္တာရိ ပုရိသယုဂါနိ"ဟူသော ဒေသနာ၊ "တာနိ ယုဂါနိ ဟောန္တိ တေ ဒက္ခိဏေယျာ" ဟူသော ဒေသနာတို့နှင့် ညီညွတ်၏။ ယင်းသို့ ညီညွတ်သော်လည်း ပိင်္ဂလ-အစရှိကုန်သော ရှေးရှေး၌ဖြစ်ကုန်သော သက္ကဋဆန်းကျမ်းဆရာတို့သည် အရိယာပုဂ္ဂိုလ် ၈-ယောက်ကို ပုရိသယုဂ ခေါ်သည်-ဟု သိနိုင်ကြမည် မဟုတ်ကုန်။ "ဝိညေယျာ လောကတော သညာ" ဟူသော ပရိဘာသာနှင့်အညီ လောက၌ လူတို့ အမြဲသုံးစွဲ လေ့လာပြောဆိုကြသော လောကသင်္ကေတ အမည်သညာကိုသာလျှင် ဆန်းဆရာတို့ ရေးရိုးထုံးစံရှိကုန်၏။

ယဒိ ခလု စ သိယုံ ဒွေ နာ တထာ မျာ၊ ယတိဝိဓိပိ စတုတ္ထတ္ထာ ဘိရိဋ္ဌော။
ဘဝတိ စ ဇဂတိဋ္ဌော သဗ္ဗဒါယော၊ သက္ကဟတိ ပုဏ္ဏဝုတ္တံ နာမတော တု။

(ဘာရတနာဋျကျမ်း)

ဤဘာရတနာ၌ကျမ်းတွင် ပြဆိုအပ်သော ယတိလက္ခဏာသည် ဆန်းကျမ်းတို့၌ ပြဆိုအပ်သော ယတိလက္ခဏာနှင့် ရှေ့နောက်ပြန်၍ နေ၏။ ထို့ကြောင့် ဘရတရသေ့အလို ၄-လုံးတစ်ရပ်, ၈-လုံးတစ်ရပ် ယတိဖြတ်အပ်၏။ ၅၇၇-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

## ၇၉။ နယသဟိတာ နျာ ကုသုမဝိစိတ္တာ။

နယသဟိတာ၊ နဂိုဏ်း, ယဂိုဏ်းတို့နှင့်တကွဖြစ်ကုန်သော။ နျာ၊ နဂိုဏ်း, ယဂိုဏ်း တို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ ထိုဂါထာသည်။ ကုသုမဝိစိတ္တာ၊ ဆန်းကြွယ်သော ပန်းတို့ဖြင့် တန်ဆာဆင်အပ်သည်နှင့်တူသော ကုသုမဝိစိတ္တာဂါထာ မည်၏။

ဝါနဝါသိကဂါထာမျိုး-ဟူ၍လည်း ဆိုနိုင်၏။ ဆတ္တာဒိဂိုဏ်းဖြစ်သောကြောင့် 'စိတ္တ, စိတြ' ၂-ချက်သင့်သည်ဖြစ်ရကား ကုသုမဝိစိတ္တာ, ကုသုမဝိစိတြာ-ဟု ကြိုက်နှစ်သက်ရာ ရွတ်ဆိုအပ်၏။ ပိင်္ဂလဋီကာ၌ ယတိကို မဆိုသော်လည်း ဥဒါဟရုဏ်ဂါထာကို ထောက်၍ ပါဒန္တယတိ-ဟု မှတ်ယူသင့်၏။

၁,၄၈၈-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

## ၈၀။ ဘုဇင်္ဂပ္ပယာတံ ဘဝေ ဝေဒယေဟိ။

ဝေဒယေဟိ၊ ယ ၄-ဂိုဏ်းတို့ဖြင့်။ ဥပလက္ခိတံ၊ သော။ တံ၊ သည်။ ဘုဇင်္ဂပ္ပယာတံ၊ မြွေနဂါး၏ သွားခြင်းနှင့်တူသောကြောင့် ဘုဇင်္ဂပ္ပယာတဂါထာ မည်၏။

၆-လုံးတစ်ရပ် ယတိပြတ်သည်-ဟု သုတဗောဓဋီကာ၌ ဆို၏။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာဆရာ ဆို၏။ "ဝေဒယေဟိ"၌ ဟိအက္ခရာကား ပါဒန္တဂရုတည်း။ ၅၈၆-ခုမြောက် သော ပတ္ထာရသချာ၌ တည်၏။

## ၈၁။ နဘဇရေဟိ ဘဝတိ ပိယံဝဒါ။

နဘဇရေဟိ၊ နဂိုဏ်း, ဘဂိုဏ်း, ဇဂိုဏ်း, ရဂိုဏ်းတို့ဖြင့်။ ဥပလက္ခိတာ၊ သော။ သာ ဝုတ္တိ၊ သည်။ ပိယံဝဒါ၊ ချစ်နှစ်သက်ဖွယ်သော စကားကို ပြောဆိုတတ်သော မိန်းမနှင့် တူသောကြောင့် ပိယံဝဒါဂါထာ မည်သည်။ ဘဝတိ၊ ဖြစ်၏။ ၁,၄၀၁-ခုမြောက်သော ပတ္ထာရ သချာ၌ တည်၏။

၈၂။ ဝုတ္တာ သုဓီဟိ လလိတာ တဘာ ဇရာ။

တဘာ၊ တဂိုဏ်း, ဘဂိုဏ်းတို့သည်လည်းကောင်း။ ဇရာ၊ ဇဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ စေ ဘဝန္တိ ကုန်အံ့။ သာ၊ ကို။ လလိတာ၊ လလိတာဂါထာ မည်၏-ဟူ၍။ သုဓီဟိ၊ ပညာရှိတို့သည်။ ဝုတ္တာ၊ ဆိုအပ်၏။

**အာဒိ စတုတ္ထ ဒသမံ၊ နေဓနံ အဋ္ဌမံ တထာ။**
**ယတြ ဒီဃာနိ ပါဒေသု၊ တံ ဝုတ္တံ လလိတံ မတံ။** (ဘာရတနာဠ)

ယတြ၊ အကြင်ဂါထာ၌။ အာဒိ၊ အစအက္ခရာသည်လည်းကောင်း။ စတုတ္ထံ၊ လည်းကောင်း။ ဒသမံ၊ လည်းကောင်း။ နေဓနံ၊ အဆုံးဖြစ်သော အက္ခရာသည်လည်းကောင်း။ တထာ၊ ထိုမှတပါး။ အဋ္ဌမံ၊ လည်းကောင်း။ ဒီဃာနိ၊ ဒီဃဂရုတို့သည်။ ပါဒေသု၊ ပါဒတို့ ၌။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တံ ဝုတ္တံ၊ ထိုဂါထာကို။ လလိတံ၊ လလိတဂါထာ-ဟူ၍။ ဗုဓေဟိ၊ ပညာရှိတို့သည်။ မတံ၊ အလိုရှိအပ်၏။

လလိတာဂါထာမျိုးသည် ၆-လုံးဖွဲ့ လလိတာ-စသည်ဖြင့် ၁၀-ကျော်ရှိ၏။ ဤဂါထာသည် ၁,၃၉၇-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

၈၃။ ပမိတက္ခရာ သဇသသေဟု'ဒိတာ။

သဇသသေဟိ၊ သဂိုဏ်း, ဇဂိုဏ်း, သ ၂-ဂိုဏ်းတို့ဖြင့်။ ဥပလက္ခိတာ၊ မှတ်အပ်သော ဂါထာကို။ ပမိတက္ခရာ၊ ပမိတက္ခရာဂါထာ မည်၏-ဟူ၍။ ဝိဗုဓေဟိ၊ တို့သည်။ ဥဒိတာ၊ မိန့်ဆိုအပ်၏။ တစ်နည်း၊ သဇသသေဟိ၊ တို့ဖြင့်။ ဥဒိတာ၊ ကြီးပွါးသော ဂါထာသည်။ ပမိတက္ခရာ၊ မည်၏။

ဥဒိတန္တုတ္တဥဂ္ဂတော။ မေဒိနီကောသ။ (ဆရာကြံနက်)။ ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာ၌ ဆို၏။

**ပရိသုဒ္ဓဝါကျရစနာ'တိသယံ၊ ပရိသိဉ္စတေ'ဝ သဝဏေသွ'မတံ။**
**ပမိတက္ခရာပိ ဝိပုလတ္ထဝတီ၊ တဝ ဘာရတီ ဟရတိ မေ ဟဒယံ။**

ပရိသုဒ္ဓဝါကျရစနာ၊ ပဒဒေါသ၊ စသည်လွတ်ကင်း၊ သန့်ရှင်းစင်ကြယ်သော ဝါကျ ရေးစီရင်ခြင်းသည်။ သဝဏေသု၊ နားထောင်,နာယူကုန်သော သုဏာန္တပုဂ္ဂိုလ်တို့၏ နား ၂-ဖက်တို့၌။ အတိသယံ၊ လွန်ကဲစွာ။ အမတံ၊ အမြိုက်ဆေးရည်ကို။ ပရိသိဉ္စတိ ဧဝ၊ အဖန်ဖန် သွန်းလောင်းသည်နှင့် တူသည်သာလျှင်တည်း။ တဝ၊ သင်၏။ ပမိတက္ခရာပိ၊ စကားအက္ခရာ လုံးရေ နည်းပါးသည်လည်းဖြစ်သော။ ဝိပုလတ္ထဝတီ၊ များပြားကျယ်ဝန်းသော အနက်ရှိသည်

လည်းဖြစ်သော။ ဘာရတိ၊ စကားသည်။ မေ၊ ငါ၏။ ဟဒယံ၊ စိတ်နှလုံးကို။ ဟရတိ၊ ဆောင်ယူနိုင်၏။

"ပမိတာနိ ပရိမိတာနိ အပ္ပါနိ အက္ခရာနိ ယဿာတိ ပမိတက္ခရာ"ဟု ဝိဂြိုဟ်ပြု။

ဤဂါထာသည် ၁,၇၇၂-ခုမြောက်သော ပတ္ထာရသင်္ချာတန်း၌ တည်၏။

## ၈၄။ နနဘရသဟိတာ'ဘိဟိတု'ဇ္ဇလာ။

နနဘရသဟိတာ၊ န ၂-ဂိုဏ်း, ဘဂိုဏ်း, ရဂိုဏ်းတို့နှင့် တကွဖြစ်သော ဂါထာကို။ ဥဇ္ဇလာ၊ ဥဇ္ဇလာဂါထာမည်၏-ဟူ၍။ ဝိဗုဓေဟိ၊ တို့သည်။ အဘိဟိတာ၊ ဆိုအပ်၏။

ဥကို ဩအသဝဏ်ပြု၍ "ဘိဟိတောဇ္ဇလာ"ဟုရှိလျှင် သာ၍သင့်၏။ ၁,၄၇၂-ခုမြောက်သော ပတ္ထာရသင်္ချာတန်း၌ တည်၏။

## ၈၅။ ပဉ္စဿစ္ဆိန္နာ ဝေဿဒေဝိ မမာ ယာ။

မမာ၊ မ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ယာ၊ ယ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ပဉ္စဿစ္ဆိန္နာ၊ ၅-လုံး, ၆-လုံးတို့ဖြင့် ဖြတ်အပ်, ရပ်နားအပ်, တန့်ရပ်အပ်, အမောဖြေအပ်သော ယတိရှိသော။ သာ၊ ထိုဂါထာသည်။ ဝေဿဒေဝီ၊ အလုံးစုံကုန်သော နတ်တို့အား ပိုင်းခြားရည်စူး၊ အထူးတင်ကိုး၊ ပသအပ်သော ဗလိနတ်စာနှင့် တူသောကြောင့် ဝေဿဒေဝီဂါထာ မည်၏။

**ဝိဿာနံ သကလာနံ ဒေဝါနံ ဒေယျော ဗလိ ဝေဿဒေဝီ၊ သဗ္ဗဒေဝ သမ္ဗန္ဓဗလီ။**

ကဝိသာရဋီကာ-စသည်တို့၌ ဝေဿသဒ္ဒါကို ပဇ္ဇုန္နနတ်ဟော-စသည်ကြံ၍ ဖွင့်ဆိုကြသည်ကား မသင့်။ ၅၇၇-မြောက်သော ပတ္ထာရသင်္ချာတန်း၌ တည်၏။

## ၈၆။ ဘဝတိ'ဟ တာမရသံ နဇဇာ ယော။

နဇဇာ၊ နဂိုဏ်း, ဇ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ယော၊ ယဂိုဏ်းသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ တံ၊ သည်။ ဣဟ၊ ဤဇဂတိဆန်း၌။ ဝါ၊ ဤဝုတ္တောဒယဆန်းကျမ်း၌။ တာမရသံ၊ တာမရသဂါထာ မည်သည်။ ဘဝတိ။ ၏။

ဆန်းမူလဋီကာတွင် "ဟိ တိ နိပါတမတ္တံ" ဟိတိ ဟိ+ဣတိ ဇတ် ပဒ်၊ ဟိ-ဟူသော ထိုပုဒ်သည်။ နိပါတမတ္တံ၊ အနက်မရ နိပါတ်မျှသာတည်း။ ဝါ၊ နိပါတ်ပုဒ်သည်သာလျှင်တည်း။ ဤသို့ ဖွင့်ပြလျက်ရှိသောကြောင့် ဟိနှင့်တကွ ရောနှောပေါင်းစပ်၍ ဟိတာမရသဂါထာ-

ဟု အမည်ကို ကြံယူဖွင့်ဆိုကြကုန်သော ဝစနတ္ထဇောတိက-စသော နောက်နောက်ကုန်သော ဋီကာသစ်ဆရာတို့၏ စကားကို အမှားစင်စစ်-ဟု မှတ်အပ်၏။

ဝုတ္တရတနာကရ, ဆန္ဒောမဉ္ဇရီ တို့၌လည်း "ဣဟ ဝဒ တာမရသံ နဇဇာ ယော"ဟု ဣဟ-ပုဒ်နှင့် တာမရသ-ပုဒ်ကို တသီးတခြားစီ ခွဲ၍ဆို၏။

ကုသေသယေ တာမရသံ၊ သုဝဏ္ဏေ စာပိ တမ္ဗကေ။
ဝုတ္တူရေ ကထိတံ ဣီဝံ၊ ဒွါဒသက္ခရဆန္ဒသိ။

တာမရသသဒ္ဒါ၏အနက်ကို မှတ်သားရန် သင်္ဂဟဂါထာမူသည်။

ဣီဝံ၊ နပုံသကလိင်ဖြစ်သော။ တာမရသံ၊ တာမရသသဒ္ဒါကို။ ကုသေသယေ၊ ကြာ၌လည်းကောင်း။ သုဝဏ္ဏေ စာပိ၊ ရွှေ၌လည်းကောင်း။ တမ္ဗကေ စာပိ၊ ကြေးနီ၌လည်းကောင်း။ ဝုတ္တူရေ စ၊ ပန်းတိုင်ပင်၌လည်းကောင်း။ ဒွါဒသက္ခရဆန္ဒသိ စ၊ ၁၂-လုံးဖွဲ့ ဇဂတီဆန်းဝင် တာမရသဂါထာ၌လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စသု အတ္ထေသု၊ ၅-မျိုးကုန်သော အနက်တို့၌။ ကထိတံ၊ ဆိုအပ်၏။

ဂါထာပေါင်း ၂၇၀၀-ကျော်ရှိသော ဝါရာဟီသံဟိတာကျမ်းကြီး၌ကား ပဒလလိတာ ဂါထာ-ဟု ဆို၏။ ဤဂါထာသည် ၈၈၁-ခုမြောက်သော ပတ္ထာရသချာတန်း၌ တည်၏။

၈၇။ ကမလာတိ ဧ ယျာ သယသေဟိ ယော စေ။ ။ ၁၂။ ဇဂတီ။

သယသေဟိ၊ သဂိုဏ်း, ယဂိုဏ်း, သဂိုဏ်းတို့မှ။ ပရံ၊ နောက်၌။ ဝါ၊ သယသေဟိ၊ တို့နှင့်။ ယုတ္တော၊ ယှဉ်သော။ ယော၊ ယဂိုဏ်းသည်။ စေ ဘဝတိ၊ အံ့။ သာ၊ ကို။ ကမလာတိ၊ ကမလာဂါထာမည်၏-ဟူ၍။ ဝိဗုဓေဟိ၊ တို့သည်။ ဧ ယျာ၊ သိအပ်၏။

ဤဂါထာသည် ၇၁၆-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

ဇဂတီ၊ ၁၂-လုံးဖွဲ့ ဇဂတီဆန်းတည်း။

၈၈။ မ္နာ ဇြာ ဂေါ တိဒသယတိ ပ္ပဟာသိဏီ သာ။

မ္နာ၊ မဂိုဏ်း, နဂိုဏ်းတို့သည်လည်းကောင်း။ ဇြာ၊ ဇဂိုဏ်း, ရဂိုဏ်းတို့သည်လည်း ကောင်း။ ဂေါ၊ လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ တိဒသယတိ၊ ၃-လုံး, ၁၀-လုံးတို့ဖြင့် ပြတ်သောယတိရှိသော။ သာ၊ သည်။ ပဟာသိဏီ၊ မည်၏။

ဝါစပ္ပတိအဘိဓာန်၌ သကြီးတွင် ဣသရကင်းလျက် ပဟာဿဏီ-ဟု ပါ၌ရှိ၏။ သီဟိုဠ်မူ၌လည်းကောင်း, ဋီကာတို့၌လည်းကောင်း ဟာအက္ခရာတွင် ရေးချနှင့် ပါ၌ရှိကြသည်ကား မသင့်။ ဤဂါထာသည် ၁,၄၀၁-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

၈၉။ စတုဂ္ဂဟော ဟိ'ဟ ရုစိရာ ဇဘာ သ္ဂါ။ ။ အတိဇဂတိ။

ဇဘာ၊ ဇဂိုဏ်း, ဘဂိုဏ်းတို့သည်လည်းကောင်း။ သ္ဂါ၊ သဂိုဏ်း, ဇဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ စတုဂ္ဂဟေဟိ၊ ၄-လုံး, ၉-လုံးတို့ဖြင့်။ ဝိစ္ဆိန္နာ၊ ယတိပြတ်သော။ သာ၊ သည်။ ဣဟ၊ ဤအတိဇဂတီဆန်း၌။ ရုစိရာ၊ ရုစိရာဂါထာ မည်၏။

သုရော စန္ဒော စ အင်္ဂိရော၊ ဗုဓော စာပိ ဗြဟပ္ပတိ။
သုက္ကော သနေစရော ရာဟု၊ ကေတု စေတိ နဝဂ္ဂဟာ။

ဟု ဇောတိသတ်ကျမ်းတို့၌ ဆိုသောကြောင့် ဂဟ-သဒ္ဒါသည် ဂြိုဟ်ကြီး ၉-လုံးကို အစွဲပြု၍ ရေတွက်ပိုင်းခြားအပ်သော ၉-ခုဟူသော သင်္ကေတသချာကို ဟော၏။ အတိရုစိရာ-ဟု အချို့ကျမ်း၌ အမည်ဆို၏။ အချို့သော ဝုတ္တရတနာကရမူတို့၌ "စတုဂ္ဂဟေဟိဟ ရုစိရာ ဘ္ဇာ သရာ ဂေါ"ဟု စတုတ္ထ ဇဂိုဏ်း၌ာနတွင် ရဂိုဏ်းနှင့် ဆိုသည်ကို တွေ့မြင်ကြည့်ရှုရ၏။ ပိင်္ဂလ-စသော တပါးသောဆန်းကျမ်းတို့နှင့် မညီ။

ဝုတ္တစန္ဒိကာကျမ်း၌ကား–

ယဿံ ဝိဘာတိ ဇဂဏာ ပရတော ဘကာရော၊ တသ္မာ ပရော သဇဂဏာ ပရတော ဂုရူ စေ၊ သာ ပိင်္ဂလေန ကထိတာ လလိတာ ကဝိနံ နေဝါ ပယာတိ ဟဒယာဒမိ ဒေဝတော၀။

ဟူ၍ ဆို၏။ လလိတာဂါထာ-ဟူလို။ ဤဂါထာသည် ၂,၈၀၆-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။ အတိဇဂတီ၊ ၁၃-လုံးဖွဲ့ အတိဇဂတိဆန်းတည်း။

၉၀။ နနရသလဟုဂါ သရေဟျ'ပရာဇိတာ။

နနရသလဟုဂါ၊ န ၂-ဂိုဏ်, ရဂိုဏ်း, သဂိုဏ်း, လဟု, ဂရုတို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ သရေဟိ၊ ၇-လုံး, ၇-လုံးတို့ဖြင့်။ ဝိစ္ဆိန္နာ၊ ပြတ်သော ယတိရှိသော။ သာ၊ သည်။ အပရာဇိတာ၊ မည်၏။

ဥသဘော ဓေဝတော စေဝ၊ ဆဇ္ဇဂန္ဓာရမဇ္ဈိမာ။
ပဥ္စမော စ နိသာဒေါ စ၊ သတ္တေ'တေ ဂဒိတာ သရာ။ ။

ဟူသော အဘိဓာန်နှင့်အညီ အသံသည် ဥသဘအသံ-စသောအားဖြင့် ၇-မျိုးရှိသောကြောင့် သရသဒ္ဒါသည် ၇-ခုဟူသော သင်္ကေတသချာကို ဟော၏။

ကဝိသာရဋီကာ၌ကား "အနဝတတ္တာဒိသတ္တဝိဓဘူတတ္တာ သရဿ"ဟု ဖွင့်ဆို၏။ အနဝတတ်အိုင်-အစရှိသော အိုင်ကြီး ၇-အိုင်ရှိသောကြောင့် ထိုအိုင်ကို ဟောသော သရ-သဒ္ဒါသည် ၇-ခုဟူသော သင်္ကေတသချာကို ဟော၏-ဟူလို။

## ၉၁။ နနဘနလဂိ'တိ ပ္ပဟာရဏကလိကာ။

နနဘနလဂါ၊ န ၂-ဂိုဏ်း၊ ဘဂိုဏ်း၊ နဂိုဏ်း၊ လဟု၊ ဂရုတို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ က္ကတိ ဤဒိသီ၊ ရှေးအပရာဇိတာဂါထာ၌ ဆိုအပ်ပြီးသော ၇-လုံးတစ်ရပ် ပြတ်သော ဤသို့သဘောရှိသော ယတိရှိသော။ သာ၊ သည်။ ပဟာရဏကလိကာ၊ ပဟာရဏကလိကာ ဂါထာ မည်၏။ တစ်နည်း၊ က္ကတိ ဤဒိသာယ ရီတိယာ၊ ဤသို့သော ဖွဲ့ဆိုရေးသားရိုးအစဉ်ဖြင့်။ ပဟာရဏကလိကာ၊ မည်၏။ (ဝုတ္တရတနာကရဗျာချာနည်း)

ပိင်္ဂလဆန်းသုတ်တွင် "ပဟာရဏကလိတာ နာ သ္နာ လဂါ စ"ဟု သမုစ္စယတ္ထ စ-သဒ္ဒါနှင့်တကွ ဆိုသောကြောင့် ရှေးအပရာဇိတာဂါထာ၌ကဲ့သို့ပင် ယတိကို မှတ်အပ်၏။ အမတသဉ္ဇီဝနီဋီကာဆရာ ဖွင့်၏သို့ ဤ၌လည်း "က္ကတိသဒ္ဒါ သမုစ္စယတ္ထဇောတကော"ဟု ဆန်းမူလဋီကာ၌ ဖွင့်၏။ တစ်နည်း၊ "က္ကတိသဒ္ဒါ အနုကမုနအနက်ဟော"ဟူ၍လည်း ကြံယူသင့်၏။ ကဝိသာရဋီကာ၌ "ကလိတာတိ ပမာဒပါဌော"ဟု တဝမ်းပူအဆုံးရှိသော ကလိတာပုဒ် မရှိသင့်ကြောင်းကို ဖွင့်ဆိုသည်မှာ ယခင်ပိင်္ဂလဆန်းသုတ်ကို မတွေ့မမြင်ရသည် မှတပါး အခြားသောအပြစ် မရှိချေ။ ဤဂါထာသည်ကား ၈,၁၉၂-ခုမြောက် ပတ္ထာရသချာ၌ တည်၏။

## ၉၂။ ဝုတ္တာ ဝသန္တတိလကာ တဘဇာ ဇဂါ ဂေါ။ ၁၄။ သက္ကရီ။

တဘဇာ၊ တဂိုဏ်း၊ ဘဂိုဏ်း၊ ဇဂိုဏ်းတို့သည်လည်းကောင်း။ ဇဂါ၊ ဇဂိုဏ်း၊ ဂရုတို့ သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ ကို။ ဝသန္တတိ-လကာ၊ ဝသန္တရတု၏ မှန်ကူသဖွယ်ဖြစ်သော ဝသန္တတိလကာဂါထာ မည်၏-ဟူ၍။ အာစရိ-ယေဟိ၊ ဆန်းတတ်ဆရာကြီးတို့သည်။ ဝုတ္တာ၊ မိန့်ဆိုအပ်၏။

ရှေးနိဿယဟောင်း ၁-စောင်၌ "ယာ ဝုတ္တိ၊ ကို။ တဘဇာ၊ တို့လည်းကောင်း။ ဇဂါ၊ တို့လည်းကောင်း။ ဂေါ၊ လည်းကောင်း။ က္ကတိ၊ သို့။ ဆဟိ လက္ခဏေဟိ၊ ၆-ပါးသော လက္ခဏာတို့ဖြင့်။ ပဋိမဏ္ဍိတာ၊ တန်ဆာဆင်အပ်၏။ သာ ဝုတ္တိ၊ ကို။ ဝသန္တတိလကာ၊ မိုး

ကာလ၌ ဆန်းကြယ်သော ကောင်းကင်ကဲ့သို့ ၆-ပါးသောဂိုဏ်းတို့ဖြင့် ဆန်းကြယ်ခြင်းရှိသော ဝသန္တတိလကဂါထာမည်၏-ဟူ၍။ ဝုတ္တာ၊ ၏။" ဤသို့ မိမိဉာဏ် ကွန့်မြူးနိုင်သလောက် ထည့်လှောက်ဖြည့်စွက်၍ အနက်ရေးဆိုတော်မူ၏။

ကာလိဒါသဆရာ စီရင်ရေးသားထားခဲ့သော သုတဗောဓဆန်းကျမ်း၌ "အဋ္ဌာဘိ-ရိန္ဒြဝဒနေ ဝိရတိ စ ဆဋ္ဌိ"ဟု ၈-လုံးတစ်ထောက်, ၆-လုံးတစ်ရပ် ယတိဖြတ်ရမည်-ဟု ဆို၏။ ဆန္ဒောသာရတ္ထဝိကာသနီဋီကာ၌လည်း ဤသုတဗောဓကျမ်း၌ကဲ့သို့ ယတိကို ဆို၏။ ပိင်္ဂလဆန်းသုတ်၏အဖွင့် ဝုတ္တိကို ရေးစီရင်သော ဟလာယုဓဆရာသည်ကား ပါဒန္တယတိ-ဟု ဆို၏။

ဘာရတနာဋျကျမ်းတွင်လည်း—

အာဒေါ ဒွေ စ စတုတ္ထံဝါ၊ အဋ္ဌမေ'ကာဒသေ ဂုရူ။
အန္တောပန္တေ စ သက္ကရိယံ၊ ဝသန္တတိလကာ ယထာ။

ဟု ယတိလက္ခဏာကို အထူးမဆို၊ ဂါထာ၏လက္ခဏာမျှကိုသာ ဆို၏။ ဝသန္တတိလကာ-ဟု အာကာရန္တနှင့်လည်းကောင်း၊ ဝသန္တတိလကံ-ဟု နပုလ္လိင်နှင့်လည်းကောင်း ၂-ချက် ဆန်းကျမ်းတို့၌ ဆိုသောကြောင့် ကညာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း ၂-မျိုးသင့်-ဟု မှတ်အပ်၏။ ၎င်းဂါထာ၏အမည် အမျိုးမျိုးရှိကြောင်းကိုလည်း—

ဝသန္တတိလကံ မဓု-တိလကော'ဒ္ဓသဏီ တထာ။
သီဟောဒ္ဓတံ သီဟောန္နတံ၊ ပိင်္ဂလော မဓုမာဓဝီ။

ဟု ဆန္ဒောပဒေသ၌ ရေးဆိုအပ်လေပြီ။

ဝသန္တတိလကံ၊ ဝသန္တတိလက-ဟူသော အမည်ကို။ ဝဒန္တိ၊ ဆန်းဆရာအမျိုးမျိုးတို့ ဆိုကြကုန်၏။ မဓုတိလကံ၊ မဓုတိလက-ဟူသော အမည်ကို။ ဝဒတိ၊ ဆန္ဒောရတနမာလာ ကျမ်း-စသည်၌ ဆို၏။ ဥဒ္ဓသဏီ၊ ဥဒ္ဓသဏီ-ဟူသောအမည်ကို။ ဝဒတိ၊ သေတဝရသေ့ ဆို၏။ တထာ၊ ထိုမှတပါး။ သီဟောဒ္ဓတံ၊ သီဟောဒ္ဓတ-ဟူသော အမည်ကိုလည်းကောင်း။ သီဟောန္နတံ၊ သီဟောန္နတ-ဟူသောအမည်ကိုလည်းကောင်း။ ဝဒတိ၊ ကဿပရသေ့ ဆို၏။ မဓုမာဓဝီ၊ မဓုမာဓဝီ-ဟူသောအမည်ကို။ ပိင်္ဂလော၊ ပိင်္ဂလဆရာသည်။ ဝဒတိ၊ ဆို၏။

ဤဂါထာသည် ၂,၉၃၃-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

သက္ကရီ၊ ၁၄-လုံးဖွဲ့ သက္ကရီဆန်းတည်း။ နဒါဒိဂိုဏ်းဖြစ်သောကြောင့် ဤကာရန္တနှင့် ရေးသားဖတ်ရွတ်အပ်၏။

### ၉၃။ ဒွိဟတဟယလဟု ရ’ထဂိ’တိ သသိကလာ။

ဒွိဟတဟယလဟု၊ ၂-ခုဖြင့် မြှောက်အပ်သော ၈-လဟုသည်လည်းကောင်း။ ဝါ၊ ၁၄-လဟုသည်လည်းကောင်း။ အထ ပစ္ဆာ၊ ထို ၁၄-လဟု၏ နောက်၌။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝတိ၊ အံ့။ ဣတိ ဣမိနာ ပကာရေန၊ ဖြင့်။ အဘိလက္ခိတာ၊ မှတ်အပ်သော။ သာ၊ သည်။ သသိကလာ၊ လ၏ ကလာနှင့်တူစွာ ညီမျှသော မတြာကလာရှိသော သသိကလာ ဂါထာ မည်၏။

“သသိနော ကလာ သသိကလာ၊ သာ ဝိယ ကလာ မတ္တာ ယဿာတိ သသိကလာ” ဟု ဝိဂြိုဟ်ပြု။

**စန္ဒာဝတ္တာ မဏိဂုဏ-နိကရော သရဘောသကာ။**
**မာလာ သသိကလာ စေတိ၊ ကထိတံ နာမ ဆက္ကကံ။**

အကျဉ်းမှတ်သားရန် သင်္ဂဟဂါထာမူသည်—

- ဆန္ဒောရတနမာလာ၌ သရဘဂါထာ၊
- ပိင်္ဂလဆန်းကျမ်း၌ ၇-လုံး, ၈-လုံးတို့ဖြင့် ယတိပြတ်လျှင် **စန္ဒာဝတ္တ**ဂါထာ၊
- ၆-လုံး, ၉-လုံးတို့ဖြင့် ယတိပြတ်လျှင် **မာလာ**ဂါထာ၊
- ၈-လုံး, ၇-လုံးတို့ဖြင့် ယတိပြတ်လျှင် **မဏိဂုဏနိကရ**ဂါထာ-ဟု ဆို၏။
- ဆန္ဒောမဉ္စရီတွင် ပန်းဟော မာလာ-သဒ္ဒါ၏ပရိယာယ်ဖြင့် ဩက်ဂါထာ-ဟု ဆို၏။

သရဘ-ဟူသော အမည်သည်လည်း ဩက်-သဒ္ဒါမှ ဆက်သွယ်လာသော အမည် ပင်တည်း။ မဂဓ၌ ‘ဩက်’ဟူသောပုဒ် မရှိ။ နောက်ပုဒ်နှင့် တွဲစပ်၍ဆိုမှသာလျှင် သဒ္ဒရာ, မဟာသဒ္ဒရာ-စသော ဂါထာ၏အမည် ဖြစ်ပေါ်လာနိုင်သည်။ အချို့နိဿယ၌ “ဣတိသဒ္ဒါ နာမ ဝါစက”ဟု ဆို၏။ ဆန္ဒောသာရတ္ထဝိကာသနီဋီကာ၌ ၇-လုံး, ၈-လုံးတွင် ယတိပြတ်လျှင် “စန္ဒာဝတ္တ”ဟု ဆိုသော ပိင်္ဂလဆန်းကျမ်း၌ကဲ့သို့ ယတိကို ဆို၏။

ကဝိသာရဋီကာ၌—

> **ဆန္ဒောသာရတ္ထဝိကာသနိယံ ပန သတ္တဟိ ဝိရာမာ သသိကလာ နာမာတိ ယတိပိ ဝုတ္တာ၊ သာ ပန ဆန္ဒောဝိစိတျာဒိသွာနာဂတာ။**

ဟု အပြစ်တင်ဆို၏။

ပိင်္ဂလဝုတ္တရတနာကရ-စသော ဆန်းကျမ်းတို့ကို ဆန္ဒောဝိစိတိကျမ်းမျိုး-ဟု ခေါ်သည်။ ပိင်္ဂလဆန္ဒောဝိစိတိကျမ်း, ၎င်းအဖွင့်ဋီကာကျမ်းတို့၌ အသေအချာ ရေးသားပြဆိုလျက်ပင် ရှိပေသည်။

**အတြ သရေဟိ ဝသူဟိ စ ယတိ ဣစ္စာမနာယော။** (ပိင်္ဂလဋီကာ)

ဆန်းမူလဋီကာ, ဆန္ဒောသာရတ္ထဝိကာသနီဋီကာဆရာတို့ ဆိုဆုံးဖြတ်အပ်သော အရပ်ရပ် ဝိနိစ္ဆယစကားတို့သည် ပိင်္ဂလ-စသော ရှေးဆန်းကျမ်းဟောင်း အဆိုစကားတို့နှင့် တသားတည်း တိုက်ဆိုင်ညီညွတ် နီးနှောမိကုန်၏။ ဝစနတ္ထဇောတိက, ကဝိသာရဋီကာဆရာတို့ကား ဆေးစက်ကျရာ အရုပ်ဖြစ်သော ပန်းချီတတ်ဆရာကြီးကဲ့သို့ ဆိုလွယ်ပြီးလွယ် ရှိလှကုန်၏။ ဆပ္ပစ္စယဒီပကဆရာမူကား မိမိဉာဏ်တွင် ထင်မြင်သလောက် ပြတ်ပြတ်တောက်တောက် ရေးသားလေ့ရှိသဖြင့် စကားပို, စကားလွန်ကို သုံးစွဲလေ့ရှိ၏။

ဤဂါထာသည် ၁၆,၃၈၄-ခုမြောက်သော အတိသက္ကရီဆန်း၏ ဗဟိုအလယ်ဖြစ်သော ပတ္ထာရသချာ၌ တည်၏။

## ၉၄။ ဝသုဟယယတိ ရိ'ဟ မဏိဂုဏနိကရော။

ဣဟ၊ ဤသသိကလာဂါထာ၌။ ဝသုဟယယတိ၊ ၈-လုံး, ၇-လုံးတို့ဖြင့်။ ဝါ၊ တို့၌ ပြတ်သော ယတိရှိသော ဂါထာသည်။ မဏိဂုဏနိကရော၊ အလုံးစုံကုန်သော ကျောက်မျက်ရတနာတို့၏ ဂုဏ်အပေါင်းအစုနှင့်တူသော **မဏိဂုဏနိကရဂါထာ** မည်၏။

အချို့သောဆန်းကျမ်း၌ ဂယေ်အက္ခရာတွင် ဥသရမငင်ဘဲ မဏိဂဏနိကရဂါထာ-ဟု အမည်ဆို၏။ ဝုတ္တရတနာကရ၌ "ယတိရိတိ"ဟု ဣတိသဒ္ဒါနှင့် ပါဌ်ရှိ၏။ ပတ္ထာရမှာ ရှေးသသိကလာဂါထာနှင့် တူ၏။ သီဟိုဠ်မူ၌ ဣဓသဒ္ဒါနှင့် ယတိရိဓ-ဟု ပါဌ်ရှိ၏။ ဟပစ္စည်းနှင့် ဓပစ္စည်းတို့သည် သတ္တမျတ္ထကို ဇောတကမူသော ပစ္စည်းမျိုးဖြစ်ကုန်သောကြောင့်လည်းကောင်း၊ ဟအက္ခရာနှင့် ဓအက္ခရာတို့သည်လည်း အချင်းချင်း ပြောင်းလဲလှဲဖယ်နိုင်သော အက္ခရာဖြစ်ခြင်းကြောင့်လည်းကောင်း သင့်ကုန်သည်ချည်းသာတည်း။

## ၉၅။ နနမယယယုတာ ယံ မာလိနီ ဘောဂိ'သီဟိ။

နနမယယယုတာ၊ နဂိုဏ်း-၂, မဂိုဏ်း, ယဂိုဏ်း ၂-ခုတို့နှင့်ယှဉ်သော။ ဘောဂိ'သီဟိ၊ ၈-လုံး, ၇-လုံးတို့ဖြင့်။ ဆိန္နာ၊ ပြတ်သော။ အယံ၊ ဤဂါထာသည်။ မာလိနီ၊ ပန်းပန်သော သတို့သမီးကဲ့သို့ ဂိုဏ်းစဉ်ရှိသော **မာလိနီဂါထာ** မည်၏။

သီဟိုဠ်မူ၌ "ဘောဂိ'သီဟီ"ဟု ဤကာရန္တနှင့် ပါဌ်ရှိသည်မှာ စိုးရိမ်ကြီးသူတို့ ပြင်ဆင်ထားဟန်တူ၏။ ပါဒန္တဂရုသည် ထင်ရှားသော အသုံးအနှုန်းဖြစ်၍ ရဿက္ကကာရန္တနှင့် ပါဌ်ရှိသော်လည်း မှားယွင်းသည်-ဟု မဆိုသာချေ။ "ဘောဂိ'သီဟိ"ကို "ဘောဂီ က္ကသီဟိ"ဟု ပုဒ်ဖြတ်။ "ဘောဂေါ အဿ အတ္ထီတိ ဘောဂီ"ဟု ဝိဂြိုဟ်ပြု။ ထိုနဂါးမျိုးတို့သည်–

**အနန္တော ဝါသုကီ သင်္ခေါ၊ ကက္ကဋော တက္ခကော တထာ။**
**ပဒုမော စ မဟာပဒုမော၊ ကုလိသော စေတိ ဝိဿုတာ။** –

ဟူသော ဂါထာနှင့်အညီ အနန္တ, ဝါသုကီ, သင်္ခ, ကက္ကဋ, တက္ခက, ပဒုမ, မဟာပဒုမ, ကုလိသ-ဟု ၈-မျိုးရှိကုန်သောကြောင့် မြွေနဂါးမျိုးတို့ကိုဟောသော ဘောဂီသဒ္ဒ-အစရှိသော သဒ္ဒါအပေါင်းသည်လည်း ၈-ခုဟူသော သင်္ကေတသင်္ချာကို ဟော၏။

က္ကသိ-သဒ္ဒါသည်–

**မရိစိ ရ'တ္တိ ပုလဟော၊ ပုလတ္ထော ကတု အင်္ဂီရာ။**
**ဝသိဋ္ဌော စ မဟာဘာဂေါ၊ သတ္တေ'တေ ဗြဟ္မုနော သုတာ။** –

ဟု ဟာရိဝံသ၌ ဆိုအပ်သည်နှင့်အညီ မရိစိ, အတ္တိ, ပုလဟ, ပုလတ္ထ, ကတု, အင်္ဂီရ, ဝသိဋ္ဌ-ဟု ဗြဟ္မာမင်း၏သားဖြစ်သော ရသေ့ ၇-ယောက်ရှိရကား ၇-ခုဟူသော သင်္ကေတသင်္ချာကို ဟော၏။ ကဝိကပ္ပလတာဋီကာ၌ကား–

**ကဿပေါတိ ဘာရဒွါဇော၊ ဝိဿာမိတ္တော စ ဂေါတမော။**
**ယမဒဂ္ဂိ ဝသိဋ္ဌော စ၊ သတ္တေ'တေ မုနယော မတာ။**

ဟု ရသေ့ ၇-ယောက်တို့၏အမည်ကို တစ်မျိုးဖွင့်ဆို၏။

ကဝိသာရဋီကာ၌ကား–

**ဝိပဿိ အာဒိကာနံ သမ္ဗုတိ ဘူတေန အမှာကံ တထာဂတေန သဒ္ဓိံ သတ္တဝိဓာနံ က္ကသိ မုနီနံ။**

ဟု ဖွင့်ဆို၏။ ဤဂါထာသည် ၄,၆၇၂-ခုမြောက်သော ပတ္ထာရသင်္ချာ၌ တည်၏။

၉၆။ **ဘဝတိ နဇာ ဘဇာ ရသဟိတာ ပဘဒ္ဒကံ။ ။ ၁၅။ အတိသက္ကရီ။**

နဇာ၊ နဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ ဘဇာ၊ ဘဂိုဏ်း, ဇဂိုဏ်းတို့သည် လည်းကောင်း။ ရသဟိတာ၊ ရဂိုဏ်းနှင့်တကွ ဖြစ်ကုန်သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ တံ ဝုတ္တံ၊ သည်။ ပဘဒ္ဒကံ၊ ပဘဒ္ဒကဂါထာ မည်သည်။ ဘဝတိ၊ ၏။

ဤဂါထာသည် ၁၁,၁၈၄-ခုမြောက်သော ပတ္ထာရသချာတန်း၌ တည်၏။ သံခိပ္တ-သာရ ဗျာကရဏ်းကျမ်း၌ကား သမုဒ္ဒကဂါထာ-ဟု အမည်ဆို၏။

အတိသက္ကရီ ၁၅-လုံးဖွဲ့ အတိသက္ကရီဆန်းတည်း။

၉၇။ **နဇဘဇရာ သဒါ ဘဝတိ ဝါဏိနီ ဂ-ယုတ္တာ။ ။ ၁၆-အဋ္ဌိ။**

နဇဘဇရာ၊ နဂိုဏ်း, ဇဂိုဏ်း, ဘဂိုဏ်း, ဇဂိုဏ်း, ရဂိုဏ်းတို့သည်။ သဒါ၊ အချင်းခပ်သိမ်း။ ဂ-ယုတ္တာ၊ ပါဒန္တဂရုနှင့် ယှဉ်ကုန်သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ဝါဏိနီ၊ မည်သည်။ ဘဝတိ၊ ၏။

ယဒါ-ဟု ယပက်လက်နှင့် ပါဌ်ရှိကြသည်ကား မသင့်။ သီဟိုဠ်မူ ဝုတ္တရတနာကရ ဆန္ဒောမဥ္ဇရီတို့၌ "သဒါ"ဟူ၍သာလျှင် ပါဌ်ရှိ၏။ ဆန္ဒောသာရတ္ထဋီကာ၌လည်း သဒါ၊ သဗ္ဗဒါ-ဟု ဖွင့်၏။ ရှေးအတိသက္ကရီဆန်း၊ ပဘဒ္ဒကဂါထာတွင် ဂရု ၁-လုံးတိုး၍ ဖွဲ့ဆိုလျှင် ဝါဏိနီဂါထာဖြစ်၏-ဟူ၍ မှတ်အပ်၏။

ဤဂါထာသည် ၁၃,၁၈၄-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

အဋ္ဌိ၊ ၁၆-လုံးဖွဲ့ အဋ္ဌိဆန်းတည်း။

၉၈။ **ယမာ နော သော ဘလ္ဂာ ရသဟရဝိရာမ သိခရိဏီ။**

ယမာ၊ ယဂိုဏ်း, မဂိုဏ်းတို့သည်လည်းကောင်း။ နော၊ နဂိုဏ်းသည်လည်းကောင်း။ သော၊ သဂိုဏ်းသည်လည်းကောင်း။ ဘလ္ဂာ၊ ဘဂိုဏ်း, လဟု, ဂရုတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ရသဟရဝိရာမာ၊ ၆-လုံး, ၁၁-လုံးတို့ဖြင့် ပြတ်သောယတိရှိသော။ သာ ဝုတ္တိ၊ သည်။ သိခရိဏီ၊ **သိခရိဏီဂါထာ** မည်၏။

ဟရသဒ္ဒါ, ရုဒ္ဒသဒ္ဒါ, မဟာဒေဝ-သဒ္ဒါတို့သည် ရုဒ္ဒနတ်ဟောအဖြစ်ဖြင့် အနက်တူကုန်၏။ ထိုရုဒ္ဒနတ်တို့သည် '**ရုဒ္ဒါ စေ**'ကဒသင္ခ်ာတာ'ဟူသော အဘိဓာန်ဋီကာနှင့်အညီ—

၁။ အဇေကပါဒနတ်, ၂။ အဟိဗုဂ္ဃနတ်, (အဟိ ဗုန္ဓ-ဟူ၍လည်း ခေါ်သင့်၏။)

၃။ ဝိရူပက္ခနတ်, ၄။ သိကြားနတ်, ၅။ ဇယန္တနတ်,

၆။ ဗဟုရူပနတ်, ၇။ တျမ္ဗကနတ်, ၈။ အပရာဇိတနတ်,

၉။ ဝေဝဿတနတ်, ၁၀။ သာဝိတ္တနတ်, ၁၁။ ဟရနတ်—

ဟု ၁၁-မျိုးရှိသောကြောင့် ဟရသဒ္ဒါသည် ၁၁-ခု-ဟူသော သင်္ကေတသချာကို ဟော၏။

ရအက္ခရာတွင် ဣမတင်ဘဲ "သိခရဏီ"ဟု ပါဌ်ပျက်လျက် ရှိတတ်၏။ ဤဂါထာသည် ၅၉,၃၃၀-မြောက်သော ပတ္ထာရတန်းသချာ၌ တည်၏။

**၉၉။ ရသယုဂိသိတော နသော သော မြာ သ္လာ ဂ္ဂါ ဒါ ဟာရိဏီ တဒါ။**

ယဒါ၊ အကြင်အခါ၌။ နသော၊ နဂိုဏ်းသည်လည်းကောင်း။ သော၊ သဂိုဏ်းသည်လည်းကောင်း။ မြာ၊ မဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ သ္လာ၊ သဂိုဏ်း, လဟုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝတိ၊ အံ့။ တဒါ၊ ထိုအခါ၌။ ရသယုဂိသိတော၊ ၆-လုံး, ၄-လုံး, ၇-လုံးတို့ဖြင့်။ ဝိစ္ဆိန္နော၊ ယတိပြတ်သော။ သာ ဝုတ္တိ၊ သည်။ ဟာရိဏီ၊ ဟာရိဏီဂါထာ မည်၏။

တစ်နည်း၊ ရသယုဂိသိတော၊ မှ။ ယတိ၊ သည်။ စေ ဘဝတိ၊ အံ့-ဟု ပဠမျတ္ထသော်လည်း ပေး။

**နိဿက္ကဝစန'ဋ္ဌေတ္ထ ကရဏတ္ထေ ဒဋ္ဌဗ္ဗံ အပါဒါနတ္ထေ ဝါ။** (ကဝိသာရဋီကာ)

ဝစနတ္ထဇောတိကဋီကာ၌ကား–

**ရသော စ ယုဂဉ္စ ဣသိ စ တေဟိ ဣတာ ဂတာ ပဝတ္တာ ယတိ ယဿာတိ ရသယုဂိသိတာ၊ ဘိန္နာဓိကရဏသမာသောယံ။**

ဟု ဖွင့်ဆို၏။ ၎င်းအဖွင့်ကို အသင့်-ဟု ထင်မှားမိသောကြောင့် အချို့သော နိဿယ၌ "ရသယုဂိသိတော၊ ၆-လုံး ၁-တန့်, ၄-လုံး ၁-တန့်, ၇-လုံး ၁-တန့် ယတိတို့နှင့်တကွ ဖြစ်သည်။ ယဒိ သိယာ၊ အံ့။"ဟု အနက်ပေးဆိုလေ၏။

- **ပထမမောင်းထောင်ကြီးနိဿယ**၌ "ရသယုဂိသိတော၊ ၆-လုံးနောင်ယတိ, ၄-လုံးနောင်ယတိ, ၇-လုံးနောင်ယတိတို့သည်လည်းကောင်း"ဟု ပစ္စတ္တဗဟုဝုစ်နှင့် အနက်ရေးဆို၏။
- **အုဌ်ကျောင်းဆရာတော် ဦးဖုမ်နိဿယ**၌ "ရသယုဂိသိတော၊ ၆-လုံး, ၄-လုံး, ၇-လုံးသော ယတိသည်"ဟု တောပစ္စည်းကို ပစ္စတ္တ၌ သက်-ဟု ရေးသားမှာဆိုတော်မူ၏။
- **ဆန်းမူလဋီကာ, ဆန္ဒောသာရတ္ထဝိကာသနီဋီကာ**တို့၌ကား ကရဏတ္ထနှင့်ချည်း ဖွင့်ဆိုကြကုန်၏။
- **ဝုတ္တရတနာကရ, ဆန္ဒောမဉ္ဇရီ**တို့၌လည်း တတိယာဝိဘတ်နှင့်သာလျှင် သုတ်ရှိကြကုန်၏။

ရကောက်တွင် ဣရသကာရာနှင့် "ဟရိဏီ"ဟု ရေးသားဖတ်ရှုတ်ရမည်။ အပရေဆရာတို့ကား ဥသဘဝိလသိတဂါထာ-ဟု အမည်ခေါ်ဆိုသည်-ဟု ပိင်္ဂလဋီကာတွင် ဖွင့်၏။ ဘာရတနာဋျကျမ်း၌ကား ဥဿဘစေဋ္ဌိတဂါထာ-ဟု ဆို၏။

ယတြ ပဉ္စလဟူ ပါဒေ၊ တေရသေ စ စတုဒ္ဒသေ။
သောဠသေ'ကာဒသေ စေဝ၊ တဿ ဥသဘ စေ ဋ္ဌိတံ။

(ဘာရတနာဋျကျမ်း၊ ပန္စရသမဇ္ဈာယ)

ဤဂါထာသည် ၄၆,၁၁၃-ခုမြောက်သော ပတ္ထာရတန်း၌ တည်၏။

၁၀၀။ မန္ဒက္ကန္တာ မဘနတတဂါ ဂေါ ယုဂု'တ္ဝ'ဿကေဟိ။ ။ ၁၇-အစ္စဋ္ဌိ။

မဘနတတဂါ၊ မဂိုဏ်း၊ ဘဂိုဏ်း၊ နဂိုဏ်း၊ တ ၂-ဂိုဏ်း၊ ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ယုဂု'တ္ဝ'ဿကေဟိ၊ ၄-လုံး ၆-လုံး၊ ၇-လုံးတို့ဖြင့်။ ဝိစ္ဆိန္နာ၊ ယတိပြတ်သော။ သာ ဝုတ္တိ၊ သည်။ မန္ဒက္ကန္တာ၊ မန္ဒက္ကန္တာဂါထာ မည်၏။

"ယုဂု'တ္ဝ'ဿကေဟိ"ပုဒ်ကို နိဿယက္ကတ္ထ၊ သဟာဒိယောဂတ္ထတို့နှင့်လည်း နိဿယဆရာတော်တို့ အနက်ပြန်ဆိုတော်မူကုန်၏။ "ယုဂေါ'တ္ဝ'ဿကေဟိ"ဟု ဩအသဝဏ်နှင့် ပါဌ်ရှိလျှင် သာ၍ကောင်း၏။ သီဟိုဠ်မူ၌ အဆုံးအက္ခရာတွင် ဒီဃဂရုထင်စေခြင်းငှာ ဤကာရန္တနှင့် ရေးဆိုသော်လည်း ပါဒန္တဂရုအရာဖြစ်၍ ရဿနှင့်သာ သင့်၏။ မန္ဒ၌ န္ဒအက္ခရာတွင် ရေးချနှင့် 'မန္ဒာက္ကန္တာ'ဟု သီဟိုဠ်မူ သက္ကဋဆန်းကျမ်းတို့၌ ပါဌ်ရှိ၏။ ဘာရတနာဋျကျမ်း၌ကား သိရိမရာဂါထာ-ဟု အမည်တစ်မျိုး ဆို၏။

စတ္တာရာဒေါ စ ဒသမံ၊ ဂုရုန္ဈထ တေရသမံ။
စတုဒ္ဒသ ဥပန္တ'န္တေ၊ ကောဒသ မတာပိ စ။

ယဒါ သတ္တဒသေ ပါဒေ၊ သေသာနိ တု လဟူနျပိ။
ဘဝန္တိ ယမှိ သာ ဧ ယျာ၊ သိရိမရာ မတာ ယထာ။ (ဘာရတနာဋျကျမ်း)

အစ္စဋ္ဌိ၊ ၁၇-လုံးဖွဲ့ အစ္စဋ္ဌိဆန်းတည်း။ သဗ္ဗော စံတိသုတ်၏ ကာရိယအရာဖြစ်သောကြောင့် 'အစ္စဋ္ဌိ'ဟူ၍သာ ပါဌ်ရှိသင့်၏။ ကာရိယီနှင့် 'အတျဋ္ဌိ'ဟု ရှိကြသည်ကား မသင့်။ "အတိပတီတိ နံတိ စံ"ဟူသော သဒ္ဒနီတိသုတ်ကိုလည်း ထောက်။

၁၀၁။ မော တော နော ယော ယာ ကုသုမိတလတာဝေလ္လိတာ'ဂျုတ္ဝိ'သီဟိ။ ၁၈။ ဓိတိ။

မော၊ မဂိုဏ်းသည်လည်းကောင်း။ တော၊ တဂိုဏ်းသည်လည်းကောင်း။ နော၊ နဂိုဏ်းသည်လည်းကောင်း။ ယော၊ ယဂိုဏ်းသည်လည်းကောင်း။ ယာ၊ ယ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ အက္ခုတ္တိ'သီဟိ အက္ခ ဥတု ဣသီဟိ၊ ၅-လုံး, ၆-လုံး, ၇-လုံးတို့ဖြင့်။ ဝိစ္ဆိန္နာ၊ ပြတ်သော။ သာ ဝုတ္တိ၊ သည်။ ကုသုမိတလတာဝေလ္လိတာ၊ ပွင့်သော နွယ်၏ ကွေကောက်လှုပ်ရှား သွားလာခြင်းနှင့်တူသော ကုသုမိတလတာဝေလ္လိတာဂါထာ မည်၏။

ကုသုမိတာ ပုပ္ဖိတာလတာ ကုသုမိတလတာ၊ ကုသုမိတလတာယ ဝေလ္လိတာ စလိတာ ကုသုမိတလတာဝေလ္လိတာ၊ သာ ဝိယာတိ တထာ။

သီဟိုဠ်မူ၌ ပါဒန္တဒီဃနှင့် ရှိ၏။ ဤဂါထာသည် ၃၇,၈၅၇-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

မိတိ၊ ၁၈-လုံးဖွဲ့ မိတိဆန်းတည်း။ သီဟိုဠ်မူ၌ ဓုတိ-ဟု ရှိသည်ကား မသင့်။

၁၀၂။ ရသုတ္ဝ'သောဟိ ယ္မာ နသရရဂုရူ မေဃဝိပ္ဖုဇ္ဇိတာ သာ။

ယ္မာ၊ ယဂိုဏ်း, မဂိုဏ်းတို့သည်လည်းကောင်း။ နသရရဂုရူ၊ နဂိုဏ်း, သဂိုဏ်း, ရ ၂-ဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ရသုတ္ဝ'သောဟိ၊ ၆-လုံး တစ်ရပ်, တဖန် ၆-လုံးတစ်ရပ်, ၇-လုံးတို့ဖြင့်။ ဝိစ္ဆိန္နာ၊ ပြတ်သော။ သာ ဝုတ္တိ၊ သည်။ မေဃဝိပ္ဖုဇ္ဇိတာ၊ မိုးကြိုးပစ်သံနှင့်တူသော မေဃဝိပ္ဖုဇ္ဇိတာဂါထာ မည်၏။

ဖုဋ္ဌဝဇိရ နိဃ္ဃောသေ-ဟု ဓာတ်နက်ကြား။ ဒွေဘာဝါဒိကဓာတ်မျိုးဖြစ်၍ 'ဝိပ္ဖုဇ္ဇိတာ' ဟု ဒွေးဘော်ရောက်သည်။ ဝါရာဟိသံဟိတာကျမ်း၌ကား ဝိမ္ဗိတာဂါထာ-ဟု ဆို၏။ ဤဂါထာသည် ၇၅,၇၁၄-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

၁၀၃။ အက္က'သောဟိ ယတိ မ္သဇာ သတတဂါ သဒ္ဒူလဝိက္ကီဠိတံ။ ။ ၁၉။ အတိမိတိ။

မ္သဇာ၊ မဂိုဏ်း, သဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ သတတဂါ၊ သဂိုဏ်း, တ ၂-ဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ အက္က'သောဟိ၊ ၁၂-လုံး, ၇-လုံး တို့ဖြင့်။ ဝိစ္ဆိန္နံ၊ ပြတ်သော။ တံ ပဇ္ဇံ ထိုဂါထာသည်။ သဒ္ဒူလဝိက္ကီဠိတံ၊ ကျား၏မြူးထူး ပျော်ပါး ကစားခြင်းနှင့်တူသော သဒ္ဒူလဝိက္ကီဠိတဂါထာ မည်၏။

ဓာတာ မိတ္တော'ရိယမာရုဒ္ဒေါ၊ ဝရုဏော သုသိရော ဇဝ စ။
ဘဂေါ ဝိဝသဝါပူတာ၊ သဝိတာ ဒသမော မတော။
ဧကာဒသ တထာ ဘဠာ၊ ဝိဏှု ဒွါဒသ ဥစ္စတေ။

ဟူသော သက္ကဋကျမ်းလာဂါထာနှင့်အညီ အာဒိစ္စနတ်သည် ၁၂-မျိုးအရေအတွက်ရှိသော ကြောင့် အက္က-သဒ္ဒါသည် ၁၂-ခုဟူသော သင်္ကေတသချာကို ဟော၏။ တစ်နည်း၊ နေ၌ ကလာ ၁၂-မျိုးရှိသောကြောင့် နေဟော ပရိယာယ်-ဟူသမျှ ၁၂-ခု သင်္ကေတသချာကို ဟော၏-ဟူ၍လည်း ကြံသင့်၏။

**တပိနီ တာပိနီ ဓူမာ၊ မရီစိ ဇာလိနီ ရုစိ။**

**သုသုဏ္ဏာ ဘောဂ ဒါဝိဿာ၊ ဗောဓိနီ ဝါရိဏီ ခမာ။ ။**

သက္ကဋကျမ်းတို့၌ဆိုသော အက္ကကလာ ၁၂-မျိုးတို့၏ သရုပ်သချာတည်း။ “သဒ္ဒူလ ဝိက္ကီဠိတ”ဟု အဆုံးတွင် က္ကသရနှင့် ပါဌ်မရှိသင့်ကြောင်းကို ကဝိသာရဋီကာ၌ ဆုံးဖြတ်ချက် ချလေပြီ။ “သဒ္ဒူလ္လ”ဟု လ-သံယုတ်နှင့် မရွတ်အပ်။ “သဒ္ဒူလ”ဟု ဦဒီယနှင့် ရွတ်အပ်၏။

**သရတီတိ သဒ္ဒူလော၊ ဦလော၊ ဒေါဝစန္တော၊ သဒ္ဒေန ဦလတိ ဂစ္ဆတီတိ ဝါ သဒ္ဒူလော။**

(မာဂဓအဘိဓာန်ဋီကာ)

ဤဂါထာသည် ၁၄၉,၃၃၇-ခုမြောက်သော ပတ္ထာရသချာ၌ တည်၏။

အတိဓိတိ၊ ၁၉-လုံးဖွဲ့ အတိဓိတိဆန်းတည်း။ သီဟိုဠ်မူ၌ “အတိဓုတိ”ဟု ရှိသည် ကား မသင့်။

၁၀၄။ ဝုတ္တမိဒိသန္တု နာမတော ရဇာ ရဇာ ရဇာ ဂုရူလဟူ စ။ ။ ၂၀။ ကတိ။

ရဇာ စ၊ ရဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ ရဇာ စ၊ တို့သည်လည်းကောင်း။ ရဇာ စ၊ တို့သည်လည်းကောင်း။ ဂုရူလဟူ စ၊ ဂရု, လဟုတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ဤဒိသံ တု၊ ဤသို့ သဘောရှိသော ဂါထာသည်ကား။ နာမတော၊ အမည်အားဖြင့်။ ဝုတ္တံ၊ ဝုတ္တဂါထာ မည်၏။

ပါဒန္တယတိ-ဟု ပိင်္ဂလဋီကာဆရာ ဆို၏။ ရဂိုဏ်း, ဇဂိုဏ်း-ဟု ၃-ကြိမ်, ၃-တန် ယှဉ်အပ်၏။ ဤဂါထာသည် ၆၆၉,၀၅၁-ခုမြောက်သော ပတ္ထာရသချာတန်း၌ တည်၏။

ကတိ၊ အလုံး ၂၀-ဖွဲ့ ကတိဆန်းတည်း။

၁၀၅။ မြာ ဘ္နာ ယော ယော တြယေန တ္တိမုနိယတိယုတာ သဒ္ဓရာ ကိတ္တိတာ'ယံ။ ၂၁။ ပကတိ။

မြာ၊ မဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ ဘ္နာ၊ ဘဂိုဏ်း, နဂိုဏ်းတို့သည်လည်း ကောင်း။ ယော၊ ယဂိုဏ်းသည်လည်းကောင်း။ ယော၊ တဖန် ယဂိုဏ်းသည်လည်းကောင်း။

ယေန၊ ယဂိုဏ်းနှင့်။ စေ သဟိတာ၊ အကယ်၍ တကွဖြစ်ကုန်အံ့။ တိမုနိယတိယုတာ၊ ၇-လုံး, ၃-တန့်သော ယတိနှင့်ယှဉ်သော။ ဝါ၊ ၃-ကြိမ် ၇-လုံး တစ်ရပ် ယတိပြတ်ခြင်းနှင့် ယှဉ်သော။ အယံ၊ ဤဂါထာကို။ အတြ၊ ၂၁-လုံးဖွဲ့ ဤပကတိဆန်း၌။ သဒ္ဒရာ၊ သဒ္ဒရာဂါထာမည်၏-ဟူ၍။ ကိတ္တိတာ၊ ကြားအပ်၏။ ဝါ၊ ပြအပ်၏။

အုဋ္ဌကျောင်းဆရာတော်နိဿယ၌ "တိမုနိယတိယုတာ"ပုဒ်ကို ဂိုဏ်းစဉ်ပုဒ်တို့၏ ဝိသေသနအဖြစ်ဖြင့် အနက်ပြန်ဆိုတော်မူ၏။ သက္ကဋ၌ ဩြက်-ဟူသော ဗျဉ္ဇနန္တပုဒ်သည် နောက်ဗျဉ္ဇနာဒိပုဒ်မျိုးတို့နှင့် တွဲဖက်ယှက်စပ်အပ်သည်ရှိသော် ဒွေးဘော်ရောက်မြဲဖြစ်သော ကြောင့် "သဒ္ဒရာ"ဟူ၍ သံယုတ်နှင့် ပုဒ်ဖြစ်လာသည်။

"ဩြက် ဝုစ္စတိ မာလာ၊ တံ ဓာရေတီတိ သဒ္ဒရာ"ဟု ဝိဂြိုဟ်ပြု။ ။ ပန်းပန်သော သတို့သမီးကို အရကောက် ဥပမာဆင့်၍ ဂါထာကို အရကောက်။

**စတ္တာရာဒေါ စ ဆဋ္ဌ စ၊ သတ္တမံ စ စတုဒ္ဒသံ။**
**အဋ္ဌာဒသံ သတ္တဒသံ၊ တထာ ပဥ္စဒသံ ပုန။**

**အန္တောပန္တေ ဂုရုဏျ'တြ၊ လဟုဏျ'ညာနိ သဗ္ဗဒါ။**
**ဧကဝီသတိကေ ပါဒေ၊ သဒ္ဒရာ နာမ သာ ယထာ။ ။**

ဘာရတနာဋျကျမ်း ယတိလက္ခဏာမပါ။ ဤဂါထာသည် ၃၀၃,၀၁၁-ခုမြောက်သော ပတ္ထာရသင်္ချာ၌ တည်၏။

ပကတိ၊ ၂၁-လုံးဖွဲ့ ပကတိဆန်းတည်း။

၁၀၆။ **ဘြာ နရနာ ရနာ စ'ထ ဂုရူ ဒသက္ကဝိရမံ ဟိ ဘဒ္ဒက'မိဒံ။ ။ ၂၂။ အာကတိ။**

ယဿ ပဋ္ဌဿ၊ ၏။ ပဋိပါဒံ၊ ပါဒတိုင်း, ပါဒတိုင်း။ ဘြာ စ၊ ဘဂိုဏ်း, ရဂိုဏ်းတို့သည် လည်းကောင်း။ နရနာ စ၊ နဂိုဏ်း, ရဂိုဏ်း, နဂိုဏ်းတို့သည်လည်းကောင်း။ ရနာ စ၊ ရဂိုဏ်း, နဂိုဏ်းတို့သည်လည်းကောင်း။ အထ၊ ထိုမှတပါး။ ဂုရူ စ၊ ဂရုသည်လည်းကောင်း။ ယထာက္ကမံ၊ အစဉ်အတိုင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ဒသက္ကဝိရမံ၊ ၁၀-လုံး, ၁၂-လုံးတို့ဖြင့် ပြတ်သော ယတိရှိသော။ က္ကဒံ ပဇ္ဇံ ဤဂါထာသည်။ ဘဒ္ဒကံ၊ ဘဒ္ဒကဂါထာ မည်၏။

ဟိ-ကား ပဒပူရဏနိပါတ်ပုဒ်တည်း။ ကဝိသာရဋီကာ၌ကား ပဒပူရဏတစ်နည်း, ကရဏတ္ထတစ်နည်း ကြံ၍ ဖွင့်ဆို၏။ အချို့နိဿယ၌ "အတိဘဒ္ဒကံ၊ အတိဘဒ္ဒကဂါထာ မည်၏"ဟု ပါဌ်ပျက်ကို တွေ့၍ အနက်ပေး တိမ်းမှားချွတ်ယွင်းသည်ကို တွေ့ရှိရ၏။ ဘာရတနာဋျကျမ်း၌ကား မဒ္ဒကဂါထာ-ဟု ဆို၏။

ဤဂါထာသည် ၁,၉၃၁,၇၃၅-ခုမြောက်သော ပတ္ထာရသချာတန်း၌ တည်၏။

အာကတိ၊ ၂၂-လုံးဖွဲ့ အာကတိဆန်းတည်း။

- [၁]ဂါယတ္တီဆန်း, [၂]ဥဏှိကာဆန်း, [၃]အနုဋ္ဌုဘ်ဆန်း, [၄]ဓိတိဆန်း, [၅]ကတိဆန်း, [၆]ပကတိဆန်း, [၇]အာကတိဆန်း၊ ဤဆန်း ၇-မျိုးတို့၌ ၁-ဂါထာစီ၊
- [၈]ပြဟတိဆန်း, [၉]အတိဇဂတိဆန်း, [၁၀]အတိဓိတိဆန်း၊ ဤဆန်း ၃-မျိုးတို့၌ ၂-ဂါထာစီ၊
- [၁၁]သက္ကရီဆန်း, [၁၂]အစ္စဋ္ဌိဆန်းတို့၌ ၃-ဂါထာစီ၊
- [၁၃]အတိသက္ကရီဆန်း၌ ၄-ဂါထာ၊
- [၁၄]အနုဋ္ဌုဘဆန်း၌ ၅-ဂါထာ၊
- [၁၅]ပင်္တိဆန်း၌ ၈-ဂါထာ၊ ဥပဋ္ဌိတာဂါထာ၏ ပင်္တိဆန်း၌ ရှိသင့်သည်၏အဖြစ်ကို ရှေး၌ ဆုံးဖြတ်အပ်လေပြီ။
- [၁၆]တိဋ္ဌုဘဆန်း၌ ၁၁-ဂါထာ၊
- [၁၇]ဇဂတီဆန်း၌ ၁၄-ဂါထာ၊

ဤသို့ ဆန်း ၁၇-မျိုး, ဂါထာ ၆၁-မျိုးတို့ကိုသာ ဤဝုတ္တောဒယကျမ်း၌ ရှင်သံဃရက္ခိတမဟာသာမိထေရ် ရေးသားပြဆိုတော်မူခဲ့သည်။

- ဥတ္တာဆန်း, အစ္စုတ္တာဆန်း, မဇ္ဈာဆန်း, ပတိဋ္ဌာဆန်း, သုပ္ပတိဋ္ဌာဆန်း-ဟူကုန်သော အစ၌ ဆန်း ၅-မျိုးတို့ကိုလည်းကောင်း၊
- ဝိကတိ, သံကတိ, အတိကတိ, ဥက္ကတိ-ဟူကုန်သော အဆုံး၌ ဆန်း ၄-မျိုးတို့ကိုလည်းကောင်း၊
- ထိုဆန်းတို့၌ တည်ကုန်သော ဂါထာတို့ကိုလည်းကောင်း၊
- ဂါယတ္တိဆန်း-စသည်တို့၌ အချို့ကုန်သော ဂါထာမျိုးတို့ကိုလည်းကောင်း၊
- ဒဏ္ဍကဆန်းဂါထာမျိုးတို့ကိုလည်းကောင်း — ရေးသားပြဆိုတော်မမူခဲ့ချေ။

ရှေးဆရာမြတ်တို့ကား ဤကျမ်းတွင် ပြဆိုသရွေ့မျှကိုသာ ကြည့်ရှု၍ ဧကဆန်း၊ အနေကဆန်း-ဟု ၂-မျိုးခွဲ၍ ဆိုကြကုန်၏။ ၁-လုံးဖွဲ့ ဥတ္တာဆန်း၌ပင်လျှင် ဂရု ၁-တန်း, လဟု ၁-တန်း ထွက်၍ ၂-ဂါထာ ရနိုင်သောကြောင့် ဂါထာတစ်မျိုးတည်းသာရှိသော ဧကဆန်း-ဟူ၍ မရှိနိုင်တော့ပြီ။

က္ကတိ ဝုတ္တောဒယေ ဆန္ဒသိ သမဝုတ္တိနိဒ္ဒေသော နာမ တတိယော ပရိစ္ဆေဒေါ။ ၆၂။ ၁၀၆။

ဝုတ္တောဒယေ၊ သော။ ဆန္ဒသိ၊ ၌။ သမဝုတ္တိနိဒ္ဒေသော နာမ၊ ၄-ပါဒလုံး၊ စုံရုံးညီညာ၊ ခရာဂိုဏ်းစဉ်၊ မှီယှဉ်တူမျှ၊ သမဂါထာတို့ကို ညွှန်းရာညွှန်းကြောင်း မည်သောကြောင့် သမဝုတ္တိနိဒ္ဒေသမည်သော။ တတိယော၊ သော။ ပရိစ္ဆေဒေါ၊ သည်။ က္ကတိ သမတ္တော၊ ပြီးပြီ။

* * * * * *

## [ ၄ ] စတုတ္ထပရိစ္ဆေဒ၊ အဒ္ဓသမဝုတ္တိနိဒ္ဒေသ

"သမ'မဒ္ဓသမံ ဝုတ္တံ"ဟူ၍ ဆိုအပ်ပြီးသောဂါထာ၌ သမဂါထာတို့၏ လက္ခဏာဘေဒကို ပြဆိုတော်မူပြီး၍ အဒ္ဓသမမည်သော ဂါထာတို့၏ လက္ခဏာဘေဒကို ပြတော်မူလိုသော ရှင်သံဃရက္ခိတဆရာသည်–

၁၀၇။ ဝိသမေ ယဒိ သာ သလဂါ သမေ။
ဘတ္တယတော ဂုရုကာ ဝု'ပစိတ္တံ။

စသော အဒ္ဓသမ၊ စတုတ္ထကဏ္ဍကို မိန့်ဆိုတော်မူသတည်း။

ဝိသမေ၊ ပထမ, တတိယဝိသမ ၂-ပါဒ၌။ သာ၊ သ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ သလဂါ၊ သဂိုဏ်း, လဟု, ဂရုတို့သည်လည်းကောင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သမေ၊ ဒုတိယ, စတုတ္ထ စုံ ၂-ပါဒ၌။ ဘတ္တယတော၊ ဘဂိုဏ်း ၃-ခုတို့၏အပေါင်းမှ။ ပရံ၊ နောက်၌။ ဂါ၊ ဂရု ၂-လုံးတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ တံ ပဇ္ဇံ သည်။ ဥပစိတ္တံ၊ ဥပစိတ္တဂါထာ မည်၏။

၂-ခေါက်ပြန်သဖြင့် ဂါထာကို ပြည့်စေအပ်၏။ (ဝ-အက္ခရာ အာဂုံ။) ပိင်္ဂလဆန်းသုတ်၌ ဥပစိတ္တက-ဟု ကပစ္စည်းနှင့်တကွ အမည်ကို ဆို၏။ ၁၁-လုံးဖွဲ့ ဥပစိတြာဂါထာနှင့် ဒေါဓက ဂါထာကို ဥပဇာတိဖွဲ့ယှက်ရာ၌ ဥ, ဓော, ဥ, ဓော-ဟူသော ၁၁-ခုမြောက်သော အတန်းကို ဥပစိတ္တ-ဟု အမည်မှည့်ဆိုသည်။ သီဟိုဠ်မူ၌ "ဂုရုကာ ဥပစိတ္တာ"ဟု ပါဌ်ရှိ၏။

၁၀၈။ ဘတ္တယတော ယဒိ ဂါ ဒုတမဇ္ဈာ။
ယဒိ ပုနရေဝ ဘဝန္တိ နဇာ ဇျာ။

ဝိသမေ၊ ၌။ ဘတ္တယတော၊ ဘဂိုဏ်း ၃-ခုတို့၏အပေါင်းမှ။ ပရံ၊ ၌။ ဂါ၊ ဂရု ၂-လုံး တို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သမေ၊ ၌။ နဇာ၊ နဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။

ဖျာ၊ ဇဂိုဏ်း, ယဂိုဏ်းတို့သည်လည်းကောင်း။ ပုနရေဝ၊ တဖန်သာလျှင်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ဒုတမဇ္ဈာ၊ ဒုတမဇ္ဈာဂါထာ မည်၏။

သက္ကတဆန်းကျမ်းတို့၌ ဒြုတမဇ္ဈာ-ဟု ပါဠ်ရှိသောကြောင့် ဗျည်းမပါစေမူ၍ ဥတမဇ္ဈာဂါထာ-ဟု ပြဆိုသောဝါဒ၊ ရ-ဗျည်းနှင့် ရုတမဇ္ဈာဂါထာ-ဟု ပြဆိုသောဝါဒတို့ကို မသင့်ကုန်သည်ချည်းသာ-ဟူ၍ မှတ်ယူအပ်၏။

ရကာရော နိဒ္ဒပါတုပုနနိပါတ စတုရာဒိတော-ဟု ပဒရူပသိဒ္ဓိကျမ်း၌ ဆိုသောကြောင့် ပုန-ပုဒ်ကို နောက်သရာဒိ-ပုဒ်နှင့် သန္ဓိတွဲစပ်လိုလျှင် ပုနရေတိ, ပုနရာဂမော, ပုနရုတ္တိ-ပုဒ်တို့၌ကဲ့သို့ ရကောက်လာ၍ တွဲစပ်အပ်၏။ ၎င်းပဒရူပသိဒ္ဓိကျမ်းတွင် ဒထွေးအက္ခရာလာရာ၌လည်း ပုနဒေဝ-ဟူသောပုဒ်ကို ထုတ်ဆိုပြန်သည်ဖြစ်သောကြောင့် ပုနရေဝ-ဟူ၍လည်းကောင်း၊ ပုနဒေဝ-ဟူ၍လည်းကောင်း ၂-ချက်သင့်အံ့သကဲ့သို့ ဆို၏။ ပုန-ဟူသောပုဒ်သည် ပုနရ်-ဟူသော သက္ကတရကာရန္တပုဒ်ဖြစ်သောကြောင့် ရကောက်အက္ခရာ လာခြင်းသည်သာလျှင် သင့်မြတ်၏-ဟု ထင်၏။ ဝိသမ ၂-ပါဒ၌ ဥပစိတ္တဂါထာ, သမ ၂-ပါဒ၌ တာမရသဂါထာနှင့် ဖွဲ့ဆိုလျှင် ဒုတမဇ္ဈာဂါထာဖြစ်၏။ ဤဂါထာသည် ဥပစိတြာဂါထာ, အာပါတလိကာဂါထာ, အပရန္တိကာဂါထာတို့၏အတွင်း၌ ဝင်၏။

ဣဒန္တု ဝုတ္တံ ဥပစိတြာ ပါတလိကာ ပရန္တိက'န္တောဂတံ။ (သုခဗောဓိနိဋီကာ)

၁၀၉။ ယဒိ သတ္တိတယံ ဂုရုယုတ္တံ၊ ဝေဂဝတီ ယဒိ ဘတ္တိတယာ ဂါ။

ဝိသမေ၊ ၌။ သတ္တိတယံ၊ သဂိုဏ်း ၃-ခုအပေါင်းသည်။ ယဒိ ဂုရုယုတ္တံ၊ အကယ်၍ အဆုံး၌ ဂရု ၁-လုံးနှင့်ယှဉ်အံ့။ တစ်နည်း၊ ဂုရုဟုတ္တံ၊ ပါဒ၏အဆုံး ၁-လုံးသောဂရုနှင့်ယှဉ်သော။ သတ္တိတယံ၊ သည်။ ယဒိ ဘဝတိ၊ အံ့။ သမေ၊ ၌။ ဘတ္တိတယာ၊ မှ။ ဂါ၊ ဂရု ၂-လုံး တို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ဝေဂဝတီ၊ ဝေဂဝတီဂါထာ မည်၏။

သမ ၂-ပါဒ၌ ဒေါဓကဂါထာ၏လက္ခဏာအတိုင်း ဝိသမ ၂-ပါဒ၌ ဒေါဓကဂါထာ၏လက္ခဏာတွင် အစတစ်လုံးကို ပယ်ဖြုတ်ယုတ်လျော့၍ ဖွဲ့ဆိုလျှင် ဝေဂဝတီဂါထာ ဖြစ်၏။

ဝိသမေ ပဌမက္ခရဟီနံ၊ ဒေါဓက'မေဝ ဟိ ဝေဂဝတီ။ (ဆန္ဒောမဉ္ဇရီ)

တစ်နည်း၊ ဝိသမ ၂-ပါဒ၌ မေဃဝိတာနဂါထာ၊ သမ ၂-ပါဒ၌ ဒေါဓကဂါထာ၏လက္ခဏာနှင့်အညီ ဖွဲ့ဆိုလျှင် ဝေဂဝတီဂါထာ ဖြစ်၏။ မေဃဝိတာနဂါထာ၏ လက္ခဏာကို ဆန်းကျမ်းတို့၌ မတွေ့မိ,မကြည့်ရှုဖူးချေ။ ဂါထာပေါင်း ၂,၇၆၀-ကျော်ရှိသော ဝါရာဟီသံ-ဟိတာကျမ်းကြီး၌သာ တွေ့မြင်ကြည့်ရှုရဖူးသည်။

**အပိ ကာလ'မပေက္ခ စ ပတ္တံ၊ သုဘဂော ဝိဒဓာတျ'နုရူပံ။**
**န မဓော ဗဟုကံ ကုဒ္ဓဝေ စ ဝိသိဇတျပိ မေဃဝိတာနော။ ။**

(ဝါရာဟိသံဟိတာကျမ်း၊ ၁၀၄-ခုမြောက် ဂြဟဂေါစရပိုင်း။ ၎င်းကျမ်းကို ဗြဟသံဟိတာကျမ်း-ဟူ၍လည်း ခေါ်၏။)

အပိ စ၊ စင်စစ်သော်ကား။ ပတ္တံ၊ ကောင်းဖို့ရာရေး ကျိုးပေးကြိမ်ကြိုက်၊ အခွင့်ဆိုက်ရောက်သော။ ကာလံ၊ အချိန်အခါကို။ အပေက္ခ၊ ကြည့်ရှု၍။ သုဘဂော၊ ကောင်းကျိုးချမ်းသာမှုကို ပြုတတ်သော သောမဂြိုဟ် ၄-လုံးသည်။ အနုရူပံ၊ သင့်တင့်လျောက်ပတ်ရှိသာဖြစ်သော ကောင်းကျိုးကို။ ဝိဒဓာတိ၊ ပေးတတ်, ဆောင်သယ်တတ်၏။ မဓော၊ ရတုဝဿန်၊ ဂိမှာန်နွေလ၊ ကဆုန်လ၌။ မေဃဝိတာနော၊ မိုးလုံး,မိုးခဲသည်။ ဝိသိဇတျပိ၊ စွန့်လွှတ်ရွာသွန်းသော်လည်း။ ဗဟုကံ၊ များများစားစား။ န ဝိသိဇတိ၊ မရွာမသွန်း၊ မစွန့်လွှတ်ပေ။ ကုဒ္ဓဝေ စ၊ စလယ်တောင်းငယ်၌လည်း။ ဗဟုကံ၊ များစွာ။ န ဝိသိဇတိ၊ မစွန့်လွှတ်ပေ။

သုဘဂြိုဟ် ၄-လုံးတို့၏အကျိုးကို ဟောရာ၌ ဇာတာရှင်၏ ဂြိုဟ်နေ,ဂြိုဟ်ထိုင် ကောင်းသော်လည်း အချိန်အခါကို ကြည့်ရှု၍ ဟောရမည်။ သုဘဂြိုဟ်တို့က ကောင်းကျိုးပေး၍ သူဌေးဖြစ်လိမ့်မည်-စသည်ဖြင့် အဟောရှိသော်လည်း ကာလဝိပတ္တိ, ပယောဂဝိပတ္တိတို့နှင့် ကြုံကြိုက်၍နေလျှင် သူဌေး မဖြစ်နိုင်။ အသင့်အတင့်မျှသာ ချမ်းသာသုခကို ပေးလိမ့်မည်-စသည်ဖြင့် အဟောကို လျှော့၍ ဟောရာ၏။

အလွန်ဆင်းရဲသော ကုလီသမားကို သုဘဂြိုဟ်အရ ဟောရာ၌လည်း ထိုသူ၏ အမျိုးဇာတ်အားလျော်စွာ ချင့်ချိန်၍ ကောင်းကျိုးကို ပြောဟောရမည်-ဟူလို။ ဤအဟော ဂါထာသည် မေဃဝိတာန-ဟူသော ဂါထာ၏အမည်လည်း ပါရှိ၍ ထိုဂါထာ၏ လက္ခဏာဖြစ်သော သ ၃-ဂိုဏ်း, ပါဒန္တဂရု ၁-လုံးတို့ဖြင့် မှတ်၍ ဖွဲ့ဆိုအပ်သောကြောင့် ၂-ဖက်ရ ဥဘယာပေက္ခဂါထာမျိုး မည်၏။

**၁၁၀။ တော ဇော ဝိသမေ ရတော ဂုရူ စေ။**
**မ္ဘာ ဇ္ဂာ ဘဒ္ဒဝိရာဋ္ဌ မေတ္ထ ဂေါ စေ။**

ဝိသမေ၊ ၌။ တော၊ တဂိုဏ်းသည်လည်းကောင်း။ ဇော၊ ဇဂိုဏ်းသည်လည်းကောင်း။ ရတော၊ ရဂိုဏ်းမှ။ ပရံ၊ နောက်၌။ ဂုရူ စ၊ ဂရု ၁-လုံးသည်လည်းကောင်း။ စေ ဘဝတိ၊ အံ့။ သမေ၊ ၌။ မ္ဘာ၊ မဂိုဏ်း, သဂိုဏ်းတို့သည်လည်းကောင်း။ ဇ္ဂာ၊ ဇဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ ဧတ္ထ၊ ဤအဒ္ဓသမဂါထာမျိုး၌။ ဘဒ္ဒဝိရာဋ္ဌံ၊ ဘဒ္ဒဝိရာဋ္ဌဂါထာ မည်၏။

သမ ၂-ပါဒ၌ သုဒ္ဓဝိရာဋ္ဌဂါထာ၊ ဝိသမ ၂-ပါဒ၌ သုဒ္ဓဝိရာဋ္ဌဂါထာ၏ အစ ၁-လုံးကို ပယ်ဖြုတ်၍ ဖွဲ့ဆိုလျှင် ဘဒ္ဒဝိရာဋ္ဌဂါထာ ဖြစ်၏။ သီဟိုဠ်မူ၌ ဂုရုစွေ-ဟူ၍လည်းကောင်း, ဘဒ္ဒဝိရာဇ-ဟူ၍လည်းကောင်း ပါဌ်ရှိ၏။

၁၁၁။ ဝိသမေ သဇာ သဂုရုယုတ္တာ။
ကေတုမတီ သမေ ဘရနဂါ ဂေါ။

ဝိသမေ၊ ၌။ သဇာ၊ သဂိုဏ်း, ဇဂိုဏ်းတို့သည်။ ယဒိ သဂုရုယုတ္တာ၊ အကယ်၍ သဂိုဏ်း, ဂရုတို့နှင့် ယှဉ်ကုန်အံ့။ တစ်နည်း၊ သဂုရုယုတ္တာ၊ သဂိုဏ်း, ဂရုတို့နှင့် ယှဉ်ကုန်သော။ သဇာ၊ တို့သည်။ စေ ဘဝန္တိ၊ ကုန်အံ့။ သမေ၊ ၌။ ဘရနဂါ၊ ဘဂိုဏ်, ရဂိုဏ်း, နဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ကေတုမတီ နာမ၊ ကေတုမတီဂါထာ မည်၏။

ဝိသမ ၂-ပါဒ၌ ပမိတာဂါထာ၊ သမ ၂-ပါဒ၌ ပမိတာဂါထာတွင် အစ၌ ဂရု ၁-လုံး တိုး၍ ဖွဲ့ဆိုလျှင် ကေတုမတီဂါထာ ဖြစ်၏။

ယဒိ ပဥ္စမံ ဟိ သတတိယံ၊ ဂုရုနိ ပါဒန္တရစိတေ ဝေ။
ပမိတေတိ ဘဝတိ နာ မ္ဟာ၊ တျဝကိဌာ ဇာတိရိ'ဟ ပန္တိ။ ။

ဘာရတနာဋျကျမ်း၌ လာသော ပမိတာဂါထာ၏ လက္ခဏာတည်း။

၁၁၂။ အာချာနကီ တာ ဝိသမေ ဇဂါ ဂေါ။
ဇတာ ဇဂါ ဂေါ တု သမေ'ထ ပါဒေ။

ဝိသမေ၊ ၌။ တာ၊ တ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ဇဂါ၊ ဇဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ အထ၊ ဝိသမပါဒ၏ အခြားမဲ့ဖြစ်သော။ သမေ ပါဒေ တု၊ ၌ကား။ ဇတာ၊ တို့သည်လည်းကောင်း။ ဇဂါ၊ တို့သည်လည်းကောင်း။ ဂေါ၊ လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ အာချာနကီ၊ မည်၏။

အာချာနကီ-ဟု နအက္ခရာတွင် ဣသရ မတင်မူ၍လည်းကောင်း၊ အာချာနိကီ-ဟု နအက္ခရာတွင် ဣသရ တင်၍လည်းကောင်း ပါဌ် ၂-ချက်သင့်၏။ သီဟိုဠ်မူ၌လည်းကောင်း, ဋီကာတို့၌လည်းကောင်း အာချာနိကာ-ဟု ကညာဒိဂိုဏ်းနှင့် ပါဌ်ရှိ၏။ နဒါဒိဂိုဏ်းနှင့်ရှိသော ပါဌ်ကိုသာ သင့်သည်-ဟု မှတ်အပ်၏။

ဝိသမ ၂-ပါဒ၌ ဣန္ဒဝဇိရာ၊ သမ ၂-ပါဒ၌ ဥပေန္ဒဝဇိရာဂါထာတို့၏ လက္ခဏာအတိုင်းဖွဲ့ဆိုလျှင် အာချာနကီဂါထာ ဖြစ်၏။

၁၁၃။ ဇတာ ဇဂါ ဂေါ ဝိသမေ သမေ တု။
တာ ဇော ဂဂါ စေ ဝိပရီတပုဗ္ဗာ။

ဝိသမေ၊ ၌။ ဇတာ၊ ဇဂိုဏ်း, တဂိုဏ်းတို့သည်လည်းကောင်း။ ဇဂါ၊ ဇဂိုဏ်း, ဂရုတို့သည်လည်းကောင်း။ ဂေါ၊ ဂရုသည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သမေ တု၊ ၌ကား။ တာ၊ တ ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ဇော၊ လည်းကောင်း။ ဂဂါ၊ ဂရု ၂-လုံးတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သာ၊ သည်။ ဝိပရီတပုဗ္ဗာ၊ ဝိပရီတ-သဒ္ဒါ ရှေးရှိသော **အာချာနကီဂါထာ** မည်၏။ ဝါ၊ **ဝိပရီတာချာနကီဂါထာ** မည်၏။

ဝိသမ၌ ဥပေန္ဒဝဇိရာ၊ သမ၌ ဣန္ဒဝဇိရာဂါထာတို့၏ လက္ခဏာအတိုင်း ဖွဲ့ဆိုလျှင် ဝိပရီတာချာနကီဂါထာ ဖြစ်၏။

၁၁၄။ သသတော သလဂါ ဝိသမေ သမေ၊ နဘဘရာ ဘဝတေ ဟရိဏပ္လုတာ။

ဝိသမေ၊ ၌။ သသတော၊ သ ၂-ဂိုဏ်းမှ။ ပရံ၊ ၌။ သလဂါ၊ သဂိုဏ်း, လဟု, ဂရုတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သမေ၊ ၌။ နဘဘရာ၊ နဂိုဏ်း, ဘ ၂-ဂိုဏ်း, ရဂိုဏ်းတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ဟရိဏပ္လုတာ၊ ဟရိဏပ္လုတဂါထာ မည်သည်။ ဘဝတေ၊ ၏။

ဝုတ္တရတနာကရ၌ 'ဟရိဏီပ္လုတာ'-ဟု မဇ္ဈ ဤဒီယနှင့် ပါဠ်ရှိ၏။ ဝိသမ၌ ဥပစိတြ, သမ၌ ဒုတဝိလမ္ဗိ ၁-ဂါထာတို့၏ လက္ခဏာအတိုင်းဖွဲ့ဆိုလျှင် ဟာရိဏီပ္လုတာဂါထာ ဖြစ်၏။

တစ်နည်း၊ ဝိသမ ၂-ပါဒ၌ ဒုတဝိလမ္ဗိတဂါထာတွင် အစအက္ခရာ ၁-လုံးကို ပယ်ဖြုတ်၍ သမ ၂-ပါဒ၌ ဒုတဝိလမ္ဗိတအတိုင်း ဖွဲ့ဆိုလျှင် ဟာရိဏီပ္လုတာဂါထာ ဖြစ်၏။

အယုဇိပ္ပထမေန ဝိဝဇ္ဇိတံ၊ ဒုတဝိလမ္ဗိတကံ ဟရိဏပ္လုတာ။ (ဆန္ဒောမဉ္စရီ)

၁၁၅။ ယဒိ နနရလဂါ နဇာ ဇရာ။
ယဒိ စ တဒါ ပရဝတ္တ'မိစ္ဆတိ။

ဝိသမေ၊ ၌။ နနရလဂါ၊ န ၂-ဂိုဏ်း, ရဂိုဏ်း, လဟု, ဂရုတို့သည်။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ သမေ၊ ၌။ နဇာ စ၊ နဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ ဇရာ စ၊ ဇဂိုဏ်း,ရဂိုဏ်း

တို့သည်လည်းကောင်း။ ယဒိ ဘဝန္တိ၊ ကုန်အံ့။ တံ ပဋ္ဌံ ကို။ အပရဝတ္တံ၊ အပရဝတ္တဂါထာ-ဟူ၍။ ပိင်္ဂလော၊ ပိင်္ဂလဆရာသည်။ ဤန္တတိ၊ အလိုရှိ၏။

ဝိသမ ၂-ပါဒ၌ ဘဒ္ဒိကာဂါထာ၊ သမ ၂-ပါဒ၌ မာလတီဂါထာအတိုင်း ဖွဲ့ဆိုလျှင်လည်း အပရဝတ္တဂါထာ ဖြစ်၏။

နနရလဂုရုဘိစ္စ ဘဒ္ဒိကာ။
ဘဝတိ နဇာ ဝ'ထ မာလတီ ဇရာ။ ။ (ဝုတ္တရတနာကရ)

ဤကဲ့သို့ယူလျှင် ဥပဇာတိမျိုးလည်း ဖြစ်၏။

၁၁၆။ ဝိသမ'မုပဂတာ နနာ ရယာ စေ၊
နဇဇရဂါ သမကေ စ ပုပ္ဖိတဂ္ဂါ။
ဒွယ'မိဒံ ဝေတာလီယပ္ပဘေဒေါ။

နနာ စ၊ န ၂-ဂိုဏ်းတို့သည်လည်းကောင်း။ ရယာ စ၊ ရဂိုဏ်း, ယဂိုဏ်းတို့သည်လည်းကောင်း။ ဝိသမံ၊ ပထမ, တတိယ ဝိသမပါဒသို့။ စေ ဥပဂတာ၊ အကယ်၍ ကပ်ကုန်, ရောက်ကုန်အံ့။ နဇဇရဂါ၊ နဂိုဏ်း, ဇ ၂-ဂိုဏ်း, ရဂိုဏ်း, ဂရုတို့သည်။ သမကေ စ၊ ဒုတိယ, စတုတ္ထသမပါဒတို့သို့လည်း။ စေ ဥပဂတာ၊ ကုန်အံ့။ သာ ဝုတ္တိ၊ သည်။ ပုပ္ဖိတဂ္ဂါ၊ မည်၏။ (ဤ၌ သမကေ-ဟူသော ပုဒ်ကို သတ္တမျတ္ထလည်း ပေးသင့်၏။ သမကံ စ-ဟု ဒုတိယန္တနှင့် ရှိလျှင် ရှေ့, နောက် အလွန်သင့်သည် ဖြစ်ရာ၏။)

ဣဒံ ဒွယံ၊ ဤအပရဝတ္တဂါထာ, ပုပ္ဖိတဂ္ဂါဂါထာ ၂-ခုအပေါင်းသည်။ ဝေတာလီယပ္ပဘေဒေါ၊ ဝေတာလီယဂါထာမျိုးတို့၏ အမည်အထူးအပြားတည်း။

ဩပစ္ဆန္ဒသိကဂါထာ၏ အတန်းပေါင်း "တစ်သောင်းရှစ်ရာ၊ ပတ္တာရာ၊ သချာ တစ်ဆယ့်ခြောက်"ဟူသည်နှင့်အညီ ၁၀,၈၁၆-တို့တွင် ၉,၁၃၆-ခုမြောက်သော အတန်းကို ပုပ္ဖိတဂ္ဂါဂါထာ-ဟု အမည်မှည့်ဆိုသည်။

တစ်နည်း၊ "ဘဝတိ မိဂိန္ဒမုခံ နဇာ ဇရာ ဂေါ"ဟု ဆန္ဒောမဉ္ဇရီကျမ်း၌ ပြဆိုအပ်သော ၁၃-လုံးဖွဲ့ မိဂိန္ဒမုခဂါထာကို သမ ၂-ပါဒ၌ ၎င်းမိဂိန္ဒမုခဂါထာထွင် အစ လဟု ၁-လုံးကို နုတ်ပယ်လျှော့ချ၍ ဝိသမ ၂-ပါဒ၌ ဖွဲ့ဆိုလျှင် ပုပ္ဖိတဂ္ဂဂါထာ ဖြစ်၏။ ထို့ကြောင့် ဤဂါထာကိုလည်း ဥပဇာတိမျိုးသာ-ဟူ၍ မှတ်ယူအပ်၏။

၁၁၇။ သာ ယဝါဒိကာ မတိ ရဇာ ရဇာ'တ္ထ။
သမေ'သမေ ဇရာ ဇရာ ဂုရုဒ္ဓေဝေယျ။

အသမေ၊ ပထမ, တတိယ ဝိသမ ၂-ပါဒ၌။ ရဇာ၊ ရဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ ရဇာ၊ တဖန် ရဂိုဏ်း, ဇဂိုဏ်းတို့သည်လည်းကောင်း။ စေ ဘဝန္တိ၊ ကုန်အံ့။ သမေ၊ ဒုတိယ, စတုတ္ထစုံ ၂-ပါဒ၌။ ဇ-ရာ၊ ဇဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ ဇရာ၊ တဖန် ဇဂိုဏ်း, ရဂိုဏ်းတို့သည်လည်းကောင်း။ ဂုရု၊ သည်လည်းကောင်း။ စေ ဘဝေယျုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ သာ ဝုတ္တိ၊ သည်။ ယဝါဒိကာ၊ ယဝ-သဒ္ဒါ အစ၌ရှိသော။ ဝါ၊ အနီး၌ ယဝ-သဒ္ဒါရှိသော။ မတီ၊ မတီဂါထာမည်၏။ တစ်နည်း၊ ယဝါဒိကာမတီ၊ ယဝမတီဂါထာ မည်၏။

သမ ၂-ပါဒ၌ ပစ္စာမရဂါထာတွင် အဆုံး၌ ဂရု ၁-လုံးတိုး၍လည်းကောင်း၊ ဝိသမ ၂-ပါဒ၌ သေနိကာဂါထာတွင် အဆုံး၌ လဟု ၁-လုံးတိုး၍လည်းကောင်း ဖွဲ့ဆိုလျှင် ယဝမတီဂါထာ ဖြစ်၏။

**လဟုဂ္ဂုရူ ဝဒန္တိ ပစ္စာမရံ၊ သေနိကာရ ဇာ ရလာ ဂုရူ ယဒါ။** (ဝုတ္တရတနာကရ)

ဤစတုတ္ထပရိစ္ဆေဒ၌ ပြဆိုအပ်ကုန်သော–

[၁]ဥပစိတ္တ၊ [၂]ဒုတမဇ္ဈာ၊ [၃]ဝေဂဝတီ၊ [၄]ဘဒ္ဒဝိရာဋ္ဌ၊ [၅]ကေတုမတီ၊ [၆]အာချာနကီ၊
[၇]ဝိပရီတာချာနကီ၊ [၈]ဟရိဏပ္လုတ၊ [၉]အပရဝတ္တ၊ [၁၀]ပုပ္ဖိတဂ္ဂ၊ [၁၁]ယဝမတီ –

ဟူကုန်သော အဒ္ဓသမဂါထာ ၁၁-မျိုးတို့ကိုလည်းကောင်း၊ ဝုတ္တရတနာကရ-စသည်တို့၌ ဆိုအပ်ကုန်သော သုန္ဒရီ, ဒမဏီ-အစရှိကုန်သော တပါးကုန်သော အဒ္ဓသမဂါထာမျိုးတို့ကိုလည်းကောင်း ဥပဇာတိဂါထာမျိုးချည်းသာ-ဟု မှတ်အပ်ကုန်၏။

**ဧတာ စ ဝက္ခမာနော'ပဇာတျန္တော ပဂတဘာဝေပိ ဝိသေသသညတ္ထံ အဒ္ဓသမာဓိ-**
**ကာရေ ပါဌော။** ။ (အမတသဥဝနိဋီကာ)

ဧတာ စ၊ ထိုဥပစိတ္တ-အစရှိကုန်သော ဂါထာတို့သည်လည်းကောင်း။ ဝက္ခမာနာ၊ ဆိုအပ်လတ္တံ့ကုန်သော ဟရိဏပ္လုတ-အစရှိသော ဂါထာတို့သည်လည်းကောင်း။ ဥပဇာ-တျန္တောပဂတဘာဝေပိ၊ တိဋ္ဌဘဆန်း၌လာသော ဥပဇာတိဂါထာမျိုးတို့၏အတွင်း၌ ဝင်ရောက်သည်၏အဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ ဝိသေသသညတ္ထံ၊ ဥပဇာတိဂါထာမျိုးတို့၏ အမည်သညာထူးကို သိစေခြင်းအကျိုးငှာ။ အဒ္ဓသမာဓိကာရေ၊ အဒ္ဓသမဂါထာမျိုးတို့၏ အရာ၌။ ပါဌော၊ ပိင်္ဂလဆရာ ရွတ်ဆို၏။

ယင်းသို့ဖြစ်ခဲ့လျှင် "ဒွယ'မိဒံ ဝေတာလီယပ္ပဘေဒေါ"ဟု အဘယ်ကြောင့် ဆိုလေသနည်းဟူမူ ရှေးဆန်းတတ်ဆရာကြီးတို့၏ အဆိုအယူကိုသာ ဖော်ပြသည်။ ထိုဂါထာတို့၏ ဥပဇာတိမျိုး မဟုတ်သည်၏အဖြစ်ကို မပြမဆိုချေ။ ထို့ကြောင့် ပိင်္ဂလဋီကာဆရာ အဆိုအတိုင်း ဥပဇာတိမျိုးချည်းသာ-ဟူ၍ မှတ်အပ်၏။

ဝဒန္တု’ပရဝတ္တာချံ၊ ဝေတာလီယံ ဝိပစ္စိတာ။
ပုပ္ဖိတဂ္ဂါဘိမံ ကေစိ၊ ဩပစ္ဆန္ဒသိကံ တထာ။ ။ (ဝုတ္တရတနာကရ)

ဝေတာလီယံ ပုပ္ဖိတဂ္ဂစ္ဆေစ္ဆန္ဒု’ပရဝတ္တကံ။ (ဆန္ဒောမဉ္ဇရီ)

ဝေတာလီယံ၊ ၉,၁၃၆-တန်း၌တည်သော ဝေတာလီယဂါထာကို။ အပရဝတ္တာချံ၊ အပရဝတ္တဂါထာမည်၏-ဟူ၍။ ဝိပစ္စိတာ၊ ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ တထာ၊ ထိုမှတပါး။ ဩပစ္ဆန္ဒသိကံ၊ ၉,၁၃၆-တန်း၌တည်သော ဩပစ္ဆန္ဒသိကဂါထာကို။ ပုပ္ဖိတဂ္ဂါ-ဘိမံ၊ ပုပ္ဖိတဂ္ဂဂါထာမည်၏-ဟု။ ကေစိ၊ အချို့ကုန်သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။
(ဝုတ္တရတနာကရ၌ အတ္ထယောဇနာ)

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ အဒ္ဓသမဝုတ္တိနိဒ္ဒေသော နာမ စတုတ္ထော ပရိစ္ဆေဒေါ။ ၁၁။ ၁၁၇။

ဝုတ္တောဒယေ၊ မည်သော။ ဆန္ဒသိ၊ ၌။ အဒ္ဓသမဝုတ္တိနိဒ္ဒေသော နာမ၊ ထက်ဝက်တူမျှသော အဒ္ဓသမဂါထာတို့ကို ညွှန်းရာညွှန်းကြောင်းမည်သော။ စတုတ္ထော၊ သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

* * * * * *

## [၅] ပဉ္စမပရိစ္ဆေဒ၊ သမဝုတ္တိနိဒ္ဒေသ

“သမ’မဒ္ဓသမံ ဝုတ္တံ၊ ဝိသမဉ္စာပရံ တိဓာ”ဟူသော စကားနှင့်အညီ သမဂါထာ, အဒ္ဓသမဂါထာတို့၏လက္ခဏာနှင့်တကွသော လက္ချကို ပြဆိုတော်မူပြီး၍ ၃-ခုမြောက်ဖြစ်သော ဝိသမဂါထာတို့၏ လက္ခဏာနှင့်တကွသော လက္ချကို ပြဆိုလိုသော ရှင်သံဃရက္ခိတဆရာသည် နင္ဃက္ခရေသု ပါဒေသု-စသော ပဉ္စမပရိစ္ဆေဒ၊ အဒ္ဓသမဝုတ္တိနိဒ္ဒေသကို အားထုတ်တော်မူ၏။

၁၁၈။ န’ဋ္ဌက္ခရေသု ပါဒေသု၊ သ္နာ’ဒိမှာ ယော’ဏ္ဏဝါ ဝတ္တံ။ ။ ဝတ္တပ္ပဘေဒေါ။

အဋ္ဌက္ခရေသု၊ ၈-လုံးကုန်သော အက္ခရာရှိကုန်သော။ ပါဒေသု၊ ၄-ပါဒတို့၌။ ဝါ၊ ၄-ပါဒတို့တွင်။ အာဒိမှာ၊ အစအက္ခရာ ၁-လုံးမှ။ ပရံ၊ နောက်၌။ သ္နာ၊ သဂိုဏ်, နဂိုဏ်းတို့သည်။ န၊ မနေသင့်ကုန်, မနေကုန်ရာ။ အဋ္ဌက္ခရေသု၊ ကုန်သော။ ပါဒေသု၊ တို့၌။ ဝါ၊ တို့တွင်။ အာဒိမှာ၊ အစဖြစ်သော။ အဏ္ဏဝါ၊ ၄-လုံးမှ။ ပရံ၊ ၌။ ယော၊ ယဂိုဏ်းသည်။ စေ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ တံ ဝုတ္တံ၊ ထိုဂါထာသည်။ ဝတ္တံ၊ အနုဋ္ဌုဘာဝတ္တဂါထာ မည်၏။

“၀ိသမ, သမ မခွေး ၄-ပါဒစလုံးတို့၌ အစအက္ခရာ ၁-လုံးနောင် သဂိုဏ်း, နဂိုဏ်း ၂-ခုကို ကြဉ်ဖယ်ရမည်”ဟု ကျမ်းဆရာဆိုသည်ကား “၀တ္တံ နာဒျာ နသာ အသဃမ္ဗုဓိတော ယော နုဋ္ဌာဘိချာတံ”ဟူသော ၀ုတ္တရတနာကရသုတ်ကို အစဉ်လိုက်၍ ဆိုသတည်း။ ပိင်္ဂလဆရာ၏ အလိုကျအားဖြင့်သော်ကား သမပါဒ၌ သဂိုဏ်း, နဂိုဏ်း ၂-မျိုးကိုသာလျှင် ကြဉ်ဖယ်သင့်သည် မဟုတ်ချေသေး။ ရဂိုဏ်းကိုလည်း ကြဉ်ဖယ်အပ်သေးသည်ဖြစ်ရကား ၀ိသမ ၂-ပါဒ၌ သဂိုဏ်း, နဂိုဏ်း ၂-မျိုး၊ သမ ၂-ပါဒ၌ သဂိုဏ်း, နဂိုဏ်း, ရဂိုဏ်း ၃-မျိုးတို့ကို ကြဉ်ဖယ်အပ်ကုန်၏။

ထို့ကြောင့် ပိင်္ဂလဆန်းသုတ်၌ “ပါဒဿ အနုဋ္ဌုဘဝတ္တံ။ န ပဌမာ သ္နာ ဒုတီယ စတုတ္ထေသု ရော စ”ဟူသော သုတ်တို့ကို ရေးဆိုအပ်လေကုန်ပြီ။

၁၁၉။ သမေသု သိန္နုတော ဇေန၊ ပဏ္ဏာ၀တ္တံ ပကိတ္တိတံ။

ယဿ ပဇ္ဇဿ၊ အကြင်ဂါထာ၏။ စတူသု ပါဒေသု၊ ၄-ပါဒတို့၌။ ၀ါ၊ တို့တွင်။ သမေသု၊ ဒုတီယ, စတုတ္ထ စုံ ၂-ပါဒတို့၌။ သိန္နုတော၊ အစအက္ခရာ ၄-လုံးမှ။ ပရံ ၌။ ဇေန၊ ဇဂိုဏ်းဖြင့်။ ဥပလက္ခိတံ၊ မှတ်အပ်သော ဂါထာကို။ ပဏ္ဏာ၀တ္တံ၊ ပဏ္ဏာ၀တ္တဂါထာမည်၏-ဟူ၍။ ပိင်္ဂလေန၊ သည်။ ပကိတ္တိကံ၊ မိန့်ဆိုပြောကြားအပ်၏။

ရှေးသုတ်မှ ၀တ္တဂါထာ၏ လက္ခဏာတို့ကို စုံလင်စွာလိုက်၍ အနက်ပေးလိုသော်ကား—

ယဿ ပဇ္ဇဿ၊ အကြင်ဂါထာ၏။ အဋ္ဌက္ခရေသု၊ ကုန်သော။ ပါဒေသု၊ တို့၌။ ၀ါ၊ တို့တွင်။ အာဒိမှာ၊ မှ။ ပရံ ၌။ သ္နာ၊ တို့သည်။ န၊ မနေသင့်ကုန်။ အဋ္ဌက္ခရေသု၊ ကုန်သော။ ပါဒေသု၊ တို့တွင်။ ၀ိသမေသု၊ တို့၌။ အဏ္ဏ၀ါ၊ မှ။ ပရံ ၌။ ယော၊ သည်။ စေ ဘ၀ေယျ၊ အံ့။ သမေသု၊ တို့၌။ သိန္နုတော၊ မှ။ ပရံ ၌။ ဇေန၊ ဖြင့်။ စေ ဥပလက္ခိတံ၊ အံ့။ တံ ပဇ္ဇံ ကို။ ပဏ္ဏာ၀တ္တံ၊ ဟူ၍။ ပိင်္ဂလေန၊ သည်။ ပကိတ္တိတံ၊ ၏။ — ဟူ၍ အနက်ယောဇနာ အပ်၏။

မာဂဓဆန်းစာကိုယ်, ဋီကာဟောင်း, ဋီကာသစ်, ယောဇနာဟောင်း, ယောဇနာသစ်, ဂဏ္ဌိ, နိဿယ, ဆန်းပုံအမျိုးမျိုး ရှိကြသည်တွင် မည်သည့်ကျမ်း ၁-စောင်၊ မည်သည့်ဆရာ တစ်ဦးတစ်ယောက်မျှ သမပါဒတို့၌ သဂိုဏ်း, နဂိုဏ်း, ရဂိုဏ်း၊ ဤဂိုဏ်း ၃-မျိုးတို့ကို ကြဉ်ဖယ်ရမည်-ဟု မှာဆိုရေးသား ဆုံးဖြတ်ထားခဲ့ခြင်း မရှိကြသောကြောင့် သမပါဒတို့၌ အစအက္ခရာ ၁-လုံးနောင် ရဂိုဏ်းကို ကြဉ်ဖယ်ရှောင်ထားရမှန်း မသိ။ အလွန်တိမ်မြုပ် ငုပ်ကွယ်၍ နေခဲ့သည်။ ရှေးဆရာတို့ ဖွဲ့ဆိုသီကုံးထားခဲ့သော အချို့သော ပဏ္ဏာ၀တ္တဂါထာများ၌ သမပါဒ အစအက္ခရာ ၁-လုံးနောင် ရဂိုဏ်းကို မရှောင်ကြဉ်မူ၍ ဖွဲ့ထားသောအရာများကို တွေ့ရှိရသည်။ အရိယ၀ံသဆရာတော် စီရင်သော—

သန္တာသန္တာပိ ဓိ ယဿ၊ နန္တာနန္တာဝလမ္ဗတော။
ဒယာဒယာပိ တံ ဗုဒ္ဓံ၊ သုတံသုတံ'ဘိဝန္ဒိယ။ ။

ဟူသော မဏိသာရမဉ္ဇူသာ၊ ပဏ္ဏာမဂါထာ၌ စတုတ္ထဝိသမပါဒတွင် အစအက္ခရာ ၁-လုံးနောင် ပိင်္ဂလဆရာအလို ရှောင်ဖယ်ကြဉ်ထားအပ်သော ရဂိုဏ်းနှင့် ဖွဲ့ဆိုထားသည်။ သို့သော်လည်း "ကိံသု အမိပ္ပတိရာဇာ"စသော ဂါထာတို့၌ အစအက္ခရာနောင် နဂိုဏ်းကို မရှောင်ကြဉ်မူ၍ ဟောတော်မူသောဒေသနာ "ယုဂန္ဓရော ဣသိန္ဓရော၊ ကရဝိကော သုဒဿနော"ဟူသော အဘိဓာန်ဂါထာ၌ သဂိုဏ်းဖြင့် ဖွဲ့ဆိုသောအရာများလည်း ရှိသည်။ အနက်အဓိပ္ပါယ် ပြည့်စုံလုံလောက်လျှင် လိုအပ်သောအကျိုးထူးသည် ပြီးစီးလုံလောက်သည်ဖြစ်ရကား ဤအရာမျိုးတို့၌ ဆန်းကျမ်းဆရာတို့၏ဥပဒေသကို လျစ်လျူရှုထားရလေသည်။

၁၂၀။ ဩဇေသု ဇေန သိန္ဓုတော၊ တမေဝ ဝိပရီတာဒိ။

ဩဇေသု၊ ပထမ, တတိယ ဝိသမ ၂-ပါဒတို့၌။ သိန္ဓုတော၊ အစအက္ခရာ ၄-လုံးမှ။ ဇေန၊ ဇဂိုဏ်းဖြင့်။ စေ ဥပလက္ခိတံ၊ အံ့။ တံ ပဇ္ဇံ သည်။ ဝိပရီတာဒိ၊ ဝိပရီတ-သဒ္ဒါအနီး၌ရှိသော။ ဝါ၊ အနီး၌ ဝိပရီတ-သဒ္ဒါရှိသော။ ဝါ၊ ဝိပရီတ-သဒ္ဒါ အစ၌ရှိသော။ ဝါ၊ အစ၌ ဝိပရီတ-သဒ္ဒါရှိသော။ တမေဝ၊ ထိုပထျာဝတ္တဂါထာသည်သာလျှင်။ ဘဝတိ၊ ၏။ တစ်နည်း၊ တမေဝ ဝိပရီတာဒိ၊ ထိုဝိပရီတပထျာဝတ္တဂါထာ မည်သည်။ ဘဝတိ၊ ၏။

ဤဝိပရီတပထျာဝတ္တဂါထာကား ဧကေဆရာတို့၏အလိုတည်း။

ဝိပရီတေ ကိယံ။ ဥတ္တလက္ခဏတော ဝိပရီတလက္ခဏာ ဧကေ'ယံ မတေ ပထျာ ဘဝတိ။
(ပိင်္ဂလဆန်းသုတ်နှင့် ဝုတ္တိ။)

၁၂၁။ န ကာရော စေ ဇလမိတော၊ စပလာဝတ္တ'မိစ္စေတံ။

ဩဇေသု၊ တို့၌။ ဝါ၊ တို့တွင်။ ဇလမိတော၊ အစအက္ခရာ ၄-လုံးမှ။ ပရံ ၌။ န ကာရော၊ နဂိုဏ်းသည်။ စေ ဘဝတိ။ အံ့။ ဧတံ၊ ထိုဂါထာကို။ စပလာဝတ္တံ ဣတိ၊ စပလာဝတ္တဂါထာမည်၏-ဟူ၍။ ပိင်္ဂလော၊ သည်။ အာဟ၊ ဆို၏။

၁၂၂။ သမေ လော သတ္တမော ယဿာ၊ ဝိပုလာ ပိင်္ဂလဿ သာ။

ယဿာ ဝုတ္တိယာ၊ ၏။ သမေ၊ ၌။ သတ္တမော၊ ၇-လုံးမြောက်သော ဝဏ္ဏသည်။ လော၊ လဟုသည်။ စေ ဘဝတိ၊ အံ့။ သာ ဝုတ္တိ၊ သည်။ ပိင်္ဂလဿ၊ ပိင်္ဂလဆရာ၏။ မတော၊ အယူ၌။ ဝိပုလာ၊ ယုဂလဝိပုလာဂါထာ မည်၏။

ပထျာဝတ္တဂါထာ၏လက္ခဏာနှင့် ဝိပုလာဝတ္တဂါထာ၏လက္ခဏာသည် တူသကဲ့သို့ ရှိသော်လည်း ပထျာဝတ္တ၌ သမ ၂-ပါဒတွင် ဇဂိုဏ်းတည်းဟူသော ဂိုဏ်းထူးဖြင့် မှတ်၍ ဖွဲ့ဆိုသည်။ ဝိပုလာဝတ္တ၌ ဂိုဏ်းဖြင့် မမှတ်မူ၍ ၇-လုံးမြောက်တွင် လဟုဖြင့် မှတ်၍ ဖွဲ့ဆိုသည်။ ဝတ္တဂါထာ၏လက္ခဏာအတိုင်း ဖွဲ့၍ သမ ၂-ပါဒ၌ ၇-လုံးမြောက်တွင် ဂရုဖြင့် မမှတ်မူ၍ လဟုဖြင့် မှတ်၍ ဖွဲ့သည်-ဟူလို။

**နနု ပထျာလက္ခဏ အန္တောဘူတတ္တာ ပုနရုတ္တမေတံ၊ နေဝံ၊ ဝိပုလာ ဝဂ္ဂဿ ဣဒါနိ အာရဒ္ဓမာနတ္တာ တဗ္ဗိနာ အနုပပတ္တိတော၊ ယုဂပါဒေ သတ္တမေန လဟုနာ အဝဿ-မေဝ ဘဝိတဗ္ဗံ၊ ပထမ တတိယေသု စ ဇတ္တာဝတာ ယကာရဿ အပဝါဒေါ၊ တထာ စ ဝက္ခတိ၊ သဗ္ဗတော သေတဝဿ ဣစ္စာဒိနာ၊ ပထျာယံ တု ယကာရော ဧဝ အဝတိဋ္ဌတိ။**

(ပိဂ်လဆန်းသုတ်အဖွင့်၊ အမတသဍ္ဍိဝနိဋိကာ)

ပထျာလက္ခဏ အန္တောဘူတတ္တာ၊ ပထျာဝတ္တဂါထာလက္ခဏာ၏အတွင်း၌ ဖြစ်သည်၏အဖြစ်ကြောင့်။ ပုန၊ တဖန်။ ဧတံ၊ ဤပိင်္ဂလဝိပုလာဂါထာကို။ ဥတ္တံ နနု၊ ဆိုအပ်သည် မဟုတ်လော။ ဧဝံ ဤသို့။ န၊ မမှတ်အပ်။ ဣဒါနိ၊ ယခုအခါ၌။ ဝိပုလာဝဂ္ဂဿ၊ ဝိပုလာဂါထာ အပေါင်းကို။ အာရဒ္ဓမာနတ္တာ၊ အားထုတ်အပ်သည်၏အဖြစ်ကြောင့်။ တဗ္ဗိနာ၊ ထိုဝိပုလာ ဂါထာဝဂ်နှင့် ကင်း၍။ အနုပပတ္တိတော၊ မသင့်လျော်သောကြောင့်။ ဧဝံ၊ ဤအတိုင်း။ န၊ မမှတ်သင့်။ ယုဂပါဒေ၊ သမ ၂-ပါဒ၌။ သတ္တမေန၊ ၇-လုံးမြောက်သော အက္ခရာသည်။ လဟုနာ၊ လဟုဝဏ္ဏသည်။ အဝဿမေဝ၊ မချွတ်မလွဲသာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်ရာ၏။ ပထမ တတိယေသု စ၊ ပထမပါဒ, တတိယပါဒတို့၌လည်း။ ဇတ္တာဝတာ၊ သတ္တမ၌ မချွတ် လဟုဖြစ်ရာ၏-ဟူသော ဤမျှသော စကားအစဉ်ဖြင့်။ ယကာရဿ၊ ယဂိုဏ်း၏။ ဝါ၊ ယဂိုဏ်း ကို။ အပဝါဒေါ၊ တားမြစ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ တထာ စ၊ ထို့ကြောင့်သာလျှင်။ သဗ္ဗတော သေတဝဿ ဣစ္စာဒိနာ၊ "သဗ္ဗတော သေတဝဿ"ဤသို့ အစရှိသည်ဖြင့်။ ဝက္ခတိ၊ ဆိုလတ္တံ့။ ပထျာယံ တု၊ ပထျာဝတ္တဂါထာ၌ကား။ ယကာရော ဧဝ၊ ယဂိုဏ်းသည်သာလျှင်။ အဝတိဋ္ဌတိ၊ တည်၏။ ။ ဤကား အမတသဍ္ဍိဝနိဋိကာ၌ အတ္ထယောဇနာ။

## ၁၂၃။ သေတဝဿာ'ခိလေသွပိ။

သေတဝဿ၊ သေတဝဆရာ၏။ မတိယာ၊ အယူအားဖြင့်။ အခိလေသွပိ၊ အလုံးစုံ ၄-ပါဒတို့၌လည်း။ သတ္တမော၊ ၇-လုံးမြောက်သော အက္ခရာသည်။ လော၊ သည်။ ဘဝတိ၊ ၏။ သာ ဝုတ္တိ၊ သည်။ ယုဂလဝိပုလာ နာမ၊ ယုဂလဝိပုလာဂါထာ မည်၏။

ဝစနတ္ထဇောတိကဋီကာ၌ "သေတဝသာ၊ သေတဝသာဂါထာ မည်၏"ဟု အနက် ဆိုသည်ကား မသင့်။ စတုရာဝတ္တ မပြုရ။ ဝိသမ၌သာ သတ္တမလဟု ပြုရမည်-ဟု ကဝိသာရ ဋီကာ ဖွင့်ဆိုသော စကားသည်လည်း ဝိပရီတပထျာဝတ္တဂါထာ ရှိပြီးဖြစ်သောကြောင့် မသင့်။ အချို့သော ဝုတ္တိရတနာကရဆန်းကျမ်း၌ "သေတဝသာ'ခိလေသွပိ"ဟု ဝ-အက္ခရာ အလယ် ၌တည်သော ပါဌ်ရှိ၏။ ထို့ကြောင့် "သေတဝ, သေဝတ"ဟု ပါဌ် ၂-ချက်ရှိသင့်သည်-ဟု မှတ်အပ်၏။

## ၁၂၄။ ဘေန'ဏ္ဏဝါ ဘဝိပုလာ။

ဩဇေသု၊ တို့၌။ အဏ္ဏဝါ၊ အစ ၄-လုံးမှ။ ပရံ၊ ၌။ ဘေန၊ ဘဂိုဏ်းဖြင့်။ ရစိတာ ရေးစီရင်အပ်သော ဂါထာသည်။ ဘဝိပုလာ၊ ဘကာရဝိပုလာဂါထာ မည်၏။

ဩဇေသု ဇေနသိဒ္ဓတောသုတ်မှ ဩဇေသု-သဒ္ဒါ လိုက်၏။ သီဟိုဠ်မူ၌ "တဝိပုလာ" ဟု ပါဌ်ရှိ၏။ ထိုဘကာရဝိပုလာဂါထာ မည်၏-ဟု အနက်ပေး။

သမေ'ဏ္ဏဝါ ဇဂဏော ဝါ သတ္တမော လော ဝါ ဘဝတိ။ (ဆန္ဒောသာရတ္ထ)

သမေ လော သတ္တမော ယဿာ၊ ဝိပုလာ ပိင်္ဂလဿ သာ။

ဟူသော သုတ်ဖြင့် သတ္တမလဟု လက္ခဏာကိုသာလျှင် အထူးမှတ်၍ ပြဆိုသောကြောင့် ဇဂဏော ဝါ-ဟူသော စကားကို ဆိုခွင့်မရှိ-ဟု ထင်သည်။ ပိင်္ဂလဝိပုလာ, သေတဝဝိပုလာ- ဟု ၂-ချက်ရ အနက်သမ္ဗန် ဖွင့်ဆိုကြသည်ကား မသင့်။

ထို့ကြောင့် ဆန္ဒောသာရတ္ထဋီကာ၌ "သေတဝသာတိ နိဝတ္တတေ"ဟု အောက်သုတ် မှ သေတဝ-သဒ္ဒါ လိုက်ပါလာမည်ကို စိုး၍ ဖွင့်ဆိုတော်မူလေပြီ။ အမတသဉ္စိဝနီဋီကာ၌ကား "သဗ္ဗတော သေတဝသာတိ နိဝတ္တံ"ဟု သေတဝသဒ္ဒါ အလိုက်မခံရန် ဖွင့်ဆိုပြီးနောက်—

> စပလာ ဩဇာေနိတိ ဩဇဂ္ဂဟဏံ အနုဝတ္တတေ၊ ဝိပုလာ အနောဇေ လော သတ္တမောတိ သဗ္ဗံ အနုဝတ္တနိယံ။

ဟု အလိုက်ခံသင့်သော သုတ်ပုဒ်တို့ကိုလည်း ဖွင့်ဆို၏။ ထို့ကြောင့် အလိုက်ခံ၍ အနက် စုံလင်အောင် ပေးလိုလျှင်—

ဩဇေသု၊ ပထမ, တတိယ ဝိသမပါဒတို့၌။ ယဒါ၊ ၌။ အဏ္ဏဝါ၊ အစ ၄-လုံးမှ။ ပရံ၊ နောက်၌။ ယကာရံ၊ ယဂိုဏ်းကို။ ဟာမိတွာ၊ တားမြစ်၍။ ဘေန၊ ဘဂိုဏ်းဖြင့်။ ဥပလက္ခိတာ၊ ကုန်သည်။ ဘဝန္တိ၊ ကုန်၏။ အနောဇေသု၊ ဒုတိယ, စတုတ္ထ စုံ ၂-ပါဒတို့၌။ သတ္တမော၊ ၇-

လုံးမြောက်သော အက္ခရာသည်။ လော၊ သည်။ ဘ၀တိ၊ ၏။ တဒါ၊ ၌။ သာ၊ သည်။ ဘဝိ-ပုလာ၊ ဘကာရဝိပုလာဂါထာ မည်၏။ – ဟု အကျယ်ဖွင့်၍ အတ္ထသမ္ဗန္ဓကို ပြုအပ်၏။ ဤသုတ်မှစ၍ နောက်နောက်သော သုတ်တို့ကိုလည်း ပိင်္ဂလဝိပုလာဂါထာချည်း-ဟူ၍သာ လျှင် မှတ်အပ်ကုန်၏။

၁၂၅။ ဓဝ မညာ ရော စတုတ္ထာ။

ဩဇေသု၊ တို့၌။ စတုတ္ထာ၊ အစ ၄-လုံးမှ။ ဝါ၊ ၄-လုံးမြောက်သော အက္ခရာမှ။ ပရံ၊ ၌။ ရော၊ ရဂိုဏ်းသည်။ စေ ဘဝတိ။ အံ့။ အနောဇေသု၊ တို့၌။ သတ္တမော၊ သည်။ လော၊ သည်။ စေ ဘဝတိ၊ အံ့။ ဓဝံ၊ ဤအတူ။ အညာ၊ ဘကာရဝိပုလာမှ တပါးသော ရကာရဝိပုလာ ဂါထာ မည်၏။

၁၂၆။ နော'ဏ္ဏဝါ စေ နဝိပုလာ။

ဩဇေသု၊ တို့၌။ အဏ္ဏဝါ၊ မှ။ ပရံ၊ ၌။ နော၊ နဂိုဏ်းသည်။ စေ ဘဝတိ၊ အံ့။ အနောဇေသု၊ တို့၌။ သတ္တမော၊ သည်။ လော၊ သည်။ စေ ဘဝတိ၊ အံ့။ သာ၊ သည်။ နဝိပုလာ၊ နကာရဝိပုလာဂါထာ မည်၏။

၁၂၇။ တော'ဏ္ဏဝါ တထာ'ညာ သိယာ။ ။ ဝတ္တပ္ပဘေဒေါ။ ၁၀။

ဩဇေသု၊ တို့၌။ အဏ္ဏဝါ၊ မှ။ ပရံ၊ ၌။ တော၊ တဂိုဏ်းသည်။ စေ ဘဝတိ၊ အံ့။ အနောဇေသု၊ တို့၌။ သတ္တမော၊ သည်။ လော၊ သည်။ စေ ဘဝတိ၊ အံ့။ သာ၊ သည်။ အညာ၊ ဆိုအပ်ပြီးကုန်သော ဝိပုလာတို့မှ တပါးသော။ တထာ၊ ထို့အတူ တကာရဝိပုလာဂါထာ မည်သည်။ သိယာ၊ ဖြစ်ရာ၏။

ဝတ္တပ္ပဘေဒေါ၊ အနုဋ္ဌုဘဆန်း၊ ဝတ္တဂါထာ အပြားသည်။ နိဋ္ဌိတော၊ ပြီးပြီ။

**ပဉ္စမံ လဟု သဗ္ဗတ္ထ၊ ဒွိစတုတ္ထေသု သတ္တမံ။**
**ဂုရု ဆဋ္ဌော စ ပါဒါနံ၊ သေသေသွ'နိယမော မတော။**

သဗ္ဗတ္ထ၊ အလုံးစုံ ၄-ပါဒတို့၌။ ပဉ္စမံ၊ ၅-လုံးမြောက်သော အက္ခရာသည်။ လဟု၊ သည်။ ဘဝတိ၊ ၏။ ဒွိစတုတ္ထေသု၊ ဒုတိယပါဒ, တတိယပါဒတို့၌။ သတ္တမံ၊ ၇-လုံးမြောက် သော အက္ခရာသည်။ လဟု၊ သည်။ ဘဝတိ၊ ၏။ ပါဒါနံ၊ ၄-ပါဒစလုံးတို့၏။ ဆဋ္ဌော၊ ၆-လုံးမြောက်သော အက္ခရာသည်။ ဂုရု၊ ဂရုသည်။ သေသေသု၊ ဆိုအပ်ပြီးသော အက္ခရာတို့မှ

ကြွင်းကုန်သော အက္ခရာတို့၌။ အနိယမော၊ ဂရု, လဟု မမြဲခြင်းကို။ မတော၊ သိအပ်၏။ ဤသို့ဆိုသော ဆန္ဒောမဉ္စရီနှင့်အညီ—

၁။ ၄-ပါဒစလုံး ၅-ခုမြောက်သော႒ာန၌ လဟုနေခြင်း,

၂။ ဝိသမ ၂-ပါဒတွင် ၇-ခုမြောက်သော သတ္တမ႒ာန၌ လဟုနေခြင်း,

၃။ ၄-ပါဒစလုံးတို့၌ ၆-လုံးမြောက်သော ဆဋ္ဌ႒ာနတွင် ဂရုနေခြင်း၊

ဤ ၃-မျိုးသည် ၁-ပါဒလျှင် အက္ခရာ ၈-လုံးဖြင့် မှတ်၍ ဖွဲ့အပ်သော အနုဋ္ဌုဘဆန်း, ဝတ္တဂါထာမျိုး၏ လက္ခဏာတည်း။ ဩဇေသု-ဟူသောပုဒ်ကို ဇာတိပက္ခကြံ၍ "ဩဇေသု၊ ပထမ, တတိယ ဝိသမပါဒ၌"ဟု ဧကဝုစ်အနက်လည်း ပေးသင့်၏။ ဒဗ္ဗပက္ခကြံ၍ "ဩဇေသု၊ ပထမ, တတိယ ဝိသမပါဒတို့၌"ဟု ဗဟုဝုစ်အနက်လည်း ပေးသင့်၏။ ဇာတိပက္ခ၌ ဝိသမပါဒ ၂-ခုစလုံးတို့၌ ဝိပုလာဖြစ်၏။ ဒဗ္ဗပက္ခ၌ ပထမ, တတိယပါဒ ၂-မျိုးတို့တွင် တစ်မျိုးမျိုးသော ပါဒ၌သာလျှင် ဝိပုလာဖြစ်၏။

ဩဇေသူတိ ဇာတိပက္ခေ ဒွီသုပိ ပါဒေသု ဂဟဏံ၊ ဗျတ္တိပက္ခေ ပုနရေကဿ၊ ဧကပက္ခေ ပုနပထမဿ တတိယဿ ဝါ။ (အမတသဋ္ဌိဝနိဋီကာ)

မဝိပုလာ, သဝိပုလာတို့သည်လည်း ဖြစ်သင့်ကုန်၏-ဟု ပိင်္ဂလဋီကာ၌ ဆိုသော ကြောင့် ဘ-ရ-န-တ ၄-မျိုးတို့နှင့်တကွ ဝိပုလာ ၆-မျိုး ပြား၏။

ဆန္ဒောသာရတ္ထဋီကာ၌လည်း—

**ဩဇေ'ဏ္ဏဝါ နတသရ-မ္ဘေဟိ နဝိပုလာဒယော။**
**အနောဇေ ပဉ္စမော ပါယာ၊ လဟု နိစ္စဥ္စ သတ္တမော။**

ဟု ကဝိကပ္ပလတာကျမ်း၌ ဆိုကြောင်းကို ကိုးကားအားထား၍ ဖွင့်ပြတော်မူ၏။

ဩဇေ ဝိသမ ၂-ပါဒ၌။ အဏ္ဏဝါ၊ အစအက္ခရာ ၄-လုံးမှ။ ပရံ ၌။ နတသရမ္ဘေဟိ၊ နဂိုဏ်း, တဂိုဏ်း, သဂိုဏ်း, ရဂိုဏ်း, မဂိုဏ်း, ဘဂိုဏ်းတို့ဖြင့်။ ဝါ၊ တို့ကြောင့်။ နဝိပုလာဒယော၊ နဝိပုလာ, တဝိပုလာ, သဝိပုလာ, ရဝိပုလာ, မဝိပုလာ, ဘဝိပုလာ-ဟူကုန်သော ဝတ္တဂါထာ၏ အမည်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ အနောဇေ၊ ဒုတိယ, စတုတ္ထစုံ ၂-ပါဒ၌။ ပါယာ၊ များသောအားဖြင့်။ ပဉ္စမော၊ ၅-လုံးမြောက်သော အက္ခရာသည်လည်းကောင်း။ သတ္တမော၊ ၇-လုံးမြောက်သော အက္ခရာသည်လည်းကောင်း။ နိစ္စဥ္စ၊ အမြဲသာလျှင်။ လဟု၊ လဟုသည်။ ဘဝတိ၊ ၏။

ဤသို့ ဝိသမ ၂-ပါဒတို့၌သာလျှင် ဝိပုလာဖြစ်ကြောင်း ထိုဝိပုလာသည်လည်း ၆-မျိုးရှိကြောင်းကို ပြဆိုသော ယခင်ဂါထာဖြင့်လည်း "သေတဝဝိပုလာ၊ ပိင်္ဂလဝိပုလာ"ဟု ၂-ချက်ရ သမ္ဗန်သောအနက် မသင့်ကြောင်း အလွန်ထင်ရှား ခြားနားသိသာနိုင်ပြန်၏။ ထိုဝိပုလာ ၆-မျိုးတို့တွင် တစ်မျိုးမျိုးသော ဝိပုလာသည်—

- ပထမပါဒ၌ န-စသော ဂိုဏ်းဖောက်၍ ကြွင်း ၃-ပါဒတို့၌ကား ပိင်္ဂလဝိပုလာဂါထာ၏ လက္ခဏာအတိုင်း ဖွဲ့ဆိုသော **ပထမ နကာရာဒိ** ဝိပုလာဂါထာ၊
- တတိယပါဒ၌သာလျှင် "န" စသော ဂိုဏ်းဖောက်၍ ကြွင်း ၃-ပါဒတို့၌ကား ပိင်္ဂလ-ဝိပုလာဂါထာ၏ လက္ခဏာအတိုင်း ဖွဲ့ဆိုသော **တတိယ နကာရာဒိ** ဝိပုလာဂါထာ၊
- ပထမ, တတိယ ၂-ပါဒစလုံးတို့၌ န-စသော ဂိုဏ်းဖောက်၍ ဝိသမ ၂-ပါဒတို့၌ကား ပိင်္ဂလဝိပုလာဂါထာ၏လက္ခဏာအတိုင်းဖွဲ့ဆိုသော ဥဘယဝိပုလာဂါထာ—

ဟု ၃-မျိုးစီပြားသောကြောင့် သုဒ္ဓဝိပုလာမျိုးပေါင်း ၁၈-ဂါထာ ဖြစ်၏။

ပထမပါဒ၌ မဂိုဏ်း, တတိယပါဒ၌ ရဂိုဏ်း၊ ဤသို့ စသည်ဖြင့် ဖွဲ့ဆိုလျှင် သံကိဏ္ဏာ-ဝိပုလာဂါထာ-ဟု အမတသဉ္ဇီဝနီဋီကာတွင် ဖွင့်ဆိုသောကြောင့် န-တ-သ-ရ-မ-ဘ-ဟူသော ဂိုဏ်း ၆-မျိုးတို့တွင် တစ်မျိုးတစ်မျိုးသောဂိုဏ်း၌ သံကိဏ္ဏာပေါင်း ၅-မျိုးစီ ရနိုင်သည်ဖြစ်ရကား သံကိဏ္ဏာဝိပုလာဂါထာမျိုးပေါင်း ၃၀-ဖြစ်၏။ သုဒ္ဓဝိပုလာ ၁၈-မျိုးနှင့်သော်ကား ဝိပုလာ ဂါထာ ၄၈-မျိုးဖြစ်၏။ ဝတ္တမှ စ၍ ဂါထာတို့၌ ရသင့်,ရထိုက်၊ ဖွဲ့သင့်,ဖွဲ့ထိုက်သော ဂိုဏ်း, ဂရု, လဟုတို့၏ ပိကပ်ပုံတို့ကို အကျယ်ပြထားသည်။

| ဝတ္တပုဗ္ဗဒ္ဓ | | | | | | | | ဝတ္တအပရဒ္ဓ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | | စတုတ္ထပါဒ | | | |
| ဂ္လ | မ | ယ | ဂ္လ | ဂ္လ | မ | ယ | ဂ္လ | ဂ္လ | မ | ယ | ဂ္လ | ဂ္လ | မ | ယ | ဂ္လ |
| ဂ္လ | ယ | | ဂ္လ | ဂ္လ | ယ | | | ဂ္လ | ယ | | ဂ္လ | ဂ္လ | ယ | | ဂ္လ |
| ဂ္လ | ရ | | ဂ္လ | | + | | | ဂ္လ | ရ | | | | + | | ဂ္လ |
| ဂ္လ | တ | | ဂ္လ | | ဘ | | | ဂ္လ | တ | | | | တ | | ဂ္လ |
| ဂ္လ | ဇ | | ဂ္လ | | ဇ | | | ဂ္လ | ဇ | | | | ဇ | | ဂ္လ |
| ဂ္လ | ဘ | | ဂ္လ | ဂ္လ | ဘ | | | ဂ္လ | ဘ | | | | ဘ | | ဂ္လ |
| ၂ | ၆ | ၁ | ၂ | ၂ | ၅ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၅ | ၁ | ၂ |
| ၂၄ | | | | ၂၀ | | | | ၂၄ | | | | ၂၀ | | | |

သမ ၂-ပါဒတို့၌ သ-န-ရ ၃-ဂိုဏ်းကို ကြဉ်ရမည်-ဟု ဆိုသော ပိင်္ဂလဆရာ၏ အလို၌ ဝတ္တဂါထာ၏ ပတ္ထာရအတန်းပေါင်းသည် (ခခ'ဏ္ဏဝခဂ္ဂေန္ဓ) ၂၃၀,၄၀၀-ဖြစ်၏။

| ဝတ္တပုဗ္ဗဒ္ဓ | | | | | | | | ဝတ္တအပရဒ္ဓ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | | စတုတ္ထပါဒ | | | |
| လ္လ | မ | ယ | လ္လ | လ္လ | မ | ဇ | လ္လ | လ္လ | မ | ယ | လ္လ | လ္လ | မ | ယ | လ္လ |
| | ယ | | | | ယ | | | | ယ | | | | ယ | | |
| | ရ | | | | ရ | | | | ရ | | | | ရ | | |
| | တ | | | | တ | | | | တ | | | | တ | | |
| | ဇ | | | | ဇ | | | | ဇ | | | | ဇ | | |
| | ဘ | | | လ္လ | ဘ | | | | ဘ | | | | ဘ | | |
| ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ |
| ၂၄ | | | | ၂၄ | | | | ၂၄ | | | | ၂၄ | | | |

ဝတ္တဂါထာ၏ သမ ၂-ပါဒတို့၌ သ-န-ရ ၃-ဂိုဏ်း ကြဉ်အပ်ကြောင်းကို အောက်၌ ဆုံးဖြတ်ခဲ့လေပြီ။ ထိုဂိုဏ်းတို့ကို ကြဉ်ရမည်-ဆိုသဖြင့် ထိုဂိုဏ်းတို့မှ ကြွင်းသောဂိုဏ်းတို့ကိုကား ယှဉ်အပ်ကုန်သည်သာ-ဟု မှတ်အပ်ကုန်၏။

> အတြ ဝတ္တဆန္ဒသိ ပါဒသာ ပဌမက္ခရာ ပရံ သဂဏနဂဏာ နပ္ပယုဇ္ဇိတဗ္ဗာ၊ တထာ ဒုတိယစတုတ္ထေသု ပါဒေသု ပထမဝဏ္ဏာ ပရံ ရဂဏောပိ နပ္ပယုဇ္ဇိတဗ္ဗော၊ အညေ ဂဏာ ပယောဇ္ဇိတဗ္ဗာ ဇဝါတိ ပိင်္ဂလာဒိ သမ္မတော ပန္ထာ။ (သုခဗောဓိနီဋီကာ)

ဆန္ဒောမဉ္ဇရီဆရာကား သမ ၂-ပါဒတို့၌ အစအက္ခရာ ၄-လုံးတို့ကို ဂရုနှင့်ချည်းသာလျှင် ဖွဲ့စေလို၏။ ဆရာအဆက်ဆက်တို့မှ ရအပ်သော ဥပဒေသရှိကုန်သော ဆရာကြီးတို့သည်ကား အစအက္ခရာမှ နောက်၌ သဂိုဏ်းတို့ကို မြစ်တားသောကြောင့် ဒုတိယဝဏ္ဏ, တတိယဝဏ္ဏတို့မှ နောက်၌တည်သော ဝဏ္ဏ၏ ဂရု၏အဖြစ်သည် မချွတ် မဖြစ်နိုင်ချေ-ဟု ပြောကြားကြကုန်၏။

> သမ္ဗဒါယိကာ တု အာဒျာ သဂဏနဂဏနိသေဓတော ဒုတိယတတိယဝဏ္ဏေဟိ ပရဿ ဂုရုတ္တံ နာဝဿံ ဘဝတီတိ ဗျာစက္ခန္တေ။ (ဆန္ဒောမဉ္ဇရီအဖွင့်၊ သုခဗောဓိနီဋီကာ)

ပိင်္ဂလဆရာအလိုအတိုင်း သမ ၂-ပါဒတို့၌ ရဂိုဏ်းကြဉ်လျှင် ရှေးဂဏဝိကပ်ပုံအတိုင်း ပတ္ထာသင်္ချာ ရ၏။ ရဂိုဏ်းကို မကြဉ်မူကား နောက်ဝိကပ်ပုံအတိုင်း "ရသေ'သိမုနိမေရု(ယာမ)-ဒေဝါ" ၃၃၁,၇၇၆-တန်း ထွက်၏။ နောက်နောက်သော ဝိကပ်တို့၌လည်း ဤဝတ္တဂါထာ၏

ဝိကပ်ကဲ့သို့ ရဂိုဏ်း ကြဉ်ခြင်း,မကြဉ်ခြင်းကို အရင်းထားပြီးလျှင် ဂဏဝိကပ်ပုံ ၂-မျိုးစီတွဲ၍ ပြဆိုအပ်၏။ ဇယားကျယ်၍ ကျမ်းကြီးမည် စိုးသောကြောင့် ရဂိုဏ်းမကြဉ်သော ဂဏဝိကပ်ပုံ ၁-မျိုးစီမျှကိုသာ ပြဆိုပေအံ့သတည်း။

- နှစ်သိန်းသုံးသောင်း၊ လေးရာဆောင်း၊ ဖွဲ့ကောင်း ဝတ္တမှာ။
- ပိဂ်လဆို၊ သူ့အလို၊ တိုတို မှတ်ဖို့ရာ။
- သုံးသိန်းသုံးသောင်း၊ တစ်ထောင်ဆောင်း၊ အပေါင်း ခုနစ်ရာ။
- ခုနစ်ဆယ့်ခြောက်၊ ရေတွက် မြောက်၊ ဖြန့်ရောက် ဝတ္တမှာ။
- ဆရာအများ၊ ယူမပြား၊ ထင်ရှား ပြသည်သာ။
- နည်း ၂-ပါးကွဲ၊ လိုရာဆွဲ၊ ဖြန့်မြဲ ပဋ္ဌာရာ။ ။

| ပထျာဝတ္တပုဗ္ဗဒ္ဓ | | | | | | | | ပထျာဝတ္တအပရဒ္ဓ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | | စတုတ္ထပါဒ | | | |
| ဋ္လ | မ | ယ | ဋ္လ | ဋ္လ | မ | ဇ | ဋ္လ | ဋ္လ | မ | ယ | ဋ္လ | ဋ္လ | မ | ယ | ဋ္လ |
| | ယ | | | | ယ | | | | ယ | | | | ယ | | |
| | ရ | | | | ရ | | | | ရ | | | | ရ | | |
| | တ | | | | တ | | | | တ | | | | တ | | |
| | ဇ | | | | ဇ | | | | ဇ | | | | ဇ | | |
| | ဘ | | | ဋ္လ | ဘ | | | | ဘ | | | | ဘ | | |
| ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ |
| ၂၄ | | | | ၂၄ | | | | ၂၄ | | | | ၂၄ | | | |

| စပလာဝတ္တပုဗ္ဗဒ္ဓ | | | | | | | | စပလာဝတ္တအပရဒ္ဓ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | | စတုတ္ထပါဒ | | | |
| ဋ္လ | မ | န | ဋ္လ | ဋ္ဌ | မ | ယ | ဋ္ဌ | ဋ္ဌ | မ | န | ဋ္လ | ဋ္လ | မ | ယ | ဋ္လ |
| | ယ | | | | ယ | | | | ယ | | | | ယ | | |
| | ရ | | | | ရ | | | | ရ | | | | ရ | | |
| | တ | | | | တ | | | | တ | | | | တ | | |
| | ဇ | | | | ဇ | | | | ဇ | | | | ဇ | | |
| | ဘ | | | | ဘ | | | | ဘ | | | | ဘ | | |
| | န | | | | နှ | | | | န | | | | န | | |
| ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၁ | ၂ |

| ဝိပုလာပုဗ္ဗဒ္ဓ | | | | | | | | ဝိပုလာအပရဒ္ဓ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ပထမပါဒ | | | | ဒုတိယပါဒ | | | | တတိယပါဒ | | | | စတုတ္ထပါဒ | | | |
| ဠ | မ | မ | ဠ | ဠ | မ | ဇ | ဠ | ဠ | မ | မ | ဠ | ဠ | မ | ဇ | ဠ |
| | ယ | | | | ယ | | | | ယ | | | | ယ | | |
| | ရ | ရ | | | ရ | | | | ရ | ရ | | | ရ | | |
| | တ | တ | | | တ | | | | တ | တ | | | တ | | |
| | ဇ | သ | | | ဇ | | | | ဇ | သ | | | ဇ | | |
| | ဘ | ဘ | | ဠ | ဘ | | | | ဘ | ဘ | | | ဘ | | |
| | န | | | | | | | | န | | | | | | |
| ၂ | ၆ | ၆ | ၂ | ၂ | ၆ | ၁ | ၂ | ၂ | ၆ | ၆ | ၂ | ၂ | ၆ | ၁ | ၂ |

**၁၂၈။ နဒိဿတော’တ္ထ ယံ ဆန္ဒံ၊ ပယောဂေ ဒိဿတေ ယဒိ။**
**ဝိသမက္ခရပါဒန္တံ၊ ဂါထာ သာမညနာမတော။**

ဧတ္ထ၊ ဤဝုတ္တောဒယ မဂဓဆန်းကျမ်း၌။ ယံ ဆန္ဒံ၊ အကြင်ဆန်းကို။ န ဒိဿတိ၊ မညွှန်းအပ်, မပြအပ်။ ပယောဂေ၊ ပိဋကတ် ၃-ပုံ ဥဒါဟရုဏ်ပြယုဂ်၌။ ယဒိ ဒိဿတေ၊ အကယ်၍ ထင်အပ်,မြင်အပ်ခဲ့အံ့။ ဝိသမက္ခရပါဒံ၊ ၁-ပါဒနှင့် ၁-ပါဒ အက္ခရာလုံးရေ မညီမျှသော။ တံ ဆန္ဒံ၊ ထိုဆန်းသည်။ သာမညနာမတော၊ ဆက်ဆံသော အမည်သညာအားဖြင့်။ ဂါထာ၊ ဂါထာ မည်သည်။ သိယာ၊ ဖြစ်ရာ၏။

ဒါနဥ္စ ဓမ္မစရိယာ စ-ဟူသော သုတ္တနိပါတ်၊ မင်္ဂလသုတ်ဂါထာ-စသည်တို့၌ အက္ခရာလုံးရေ မညီမျှသောကြောင့် ပထျာဝတ္တ-စသော အမည်သညာထူးဖြင့် မခေါ်ဆိုမူ၍ သာမညအမည်အားဖြင့် ဂါထာ-ဟူ၍သာ ခေါ်ဆိုရအံ့လောဟူမူ ပထျာဝတ္တ-စသော အမည်ထူးဖြင့် သာလျှင် ခေါ်ဆိုအပ်၏။ သာမညအမည်အားဖြင့် မခေါ်ဆိုရ။ ထိုထိုဂါထာဗန္ဓအဖွဲ့တို့၌ ဖြဟ္မစရိယ, အရိယ, ဘရိယ, ဝိပရိယာယ, စရိယ, အာစရိယ, ဝီရိယ-စသော ပုဒ်တို့၏အလယ်၌ ရိ-အက္ခရာပါရှိသော အချို့သောအရာတို့၌ ဂါထာဗန္ဓ၏ အက္ခရာအပိုင်းအခြားထက် ၁-လုံးပိုလွန်၍ ဖွဲ့ဆိုရိုးထုံးစံရှိသည်။ ထိုသို့ ဖွဲ့ဆိုရာ၌ ဂိုဏ်း, ဂရု, လဟုတို့ကို မည်ကဲ့သို့ မှတ်ယူအပ်သနည်းဟူမူ ရိ-ဟူသောအက္ခရာ, ယ-ဟူသောအက္ခရာ ၂-လုံးကို တပေါင်းတည်း တလုံးတည်းကဲ့သို့ ပြု၍ ဒီယ=ဂရုအဖြစ်ဖြင့် မှတ်ယူအပ်သည် ဟူပေ။ ထို့ကြောင့် “ဒါနဥ္စ ဓမ္မစရိယာ စ”ဂါထာ၌ “နဥ္စ ဓမ်”ကို ရဂိုဏ်း၊ “မ္မစရိယာ”ကို ယဂိုဏ်း-ဟု မှတ်ယူ၍ ပထျာဝတ္တဂါထာ-

ဟူ၍သာလျှင် ဆုံးဖြတ်အပ်၏။ အရိယာ, ဝေတာလီ, ဣန္ဒဝဇိရာ-စသော ဂါထာတို့၌လည်း ဤနည်းတူ မှတ်အပ်၏။

အချို့သောအရာ၌ကား အရိယ-စသော သဒ္ဒါပါရှိသော်လည်း အက္ခရာ အပိုအလွန် မရှိ။ တင်းတင်းပြည့် ဖွဲ့ဆိုသည်လည်း ရှိ၏။ ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟ၌—

**အရိယာ နော'ပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။**
**သေသဋ္ဌာနေသု လဗ္ဘန္တိ၊ အရိယာ'နရိယာပိ စ။ –**

ဟု အနုရုဒ္ဓမဟာထေရ်မြတ် ဖွဲ့ဆိုတော်မူအပ်လေပြီ။

ဝုတ္တောဒယကျမ်း၌ကား ဝတ္တဂါထာတို့၏အပြားကို သမမတြာမည်သော ဒုတိယ ပိုင်းတွင် အရိယာဂါထာ-စသည်တို့နှင့် ဆက်လက်၍ ၁-ပိုင်းတည်းထား၍ ဆို၏။ ဆန္ဒောမဉ္ဇရီ၌ကား ဝတ္တပ္ပကရဏပိုင်း-ဟု ၁-ပိုင်း အပိုအသီးထား၍ ပြဆို၏။ ဤဝုတ္တောဒယကျမ်း၌ကား ဝိသမဝုတ္တိဂါထာမျိုးတို့၌ ထည့်သွင်း၍ ဆို၏။ ၈-လုံးဖွဲ့ အနုဋ္ဌုဘဆန်းမျိုးသည် သမဝုတ္တိမျိုး ဖြစ်သော်လည်း ဇာတိအနုဋ္ဌုဘဖြစ်သော ၂၅၆-ဂါထာတို့သည်သာလျှင် သမဝုတ္တိအတွင်း၌ ဝင်ကုန်၏။ ဝိသေသအနုဋ္ဌုဘဖြစ်ကုန်သော ဝတ္တဂါထာတို့သည်ကား အဍ္ဎသမဝုတ္တိအတွင်း၌ ဝင်ကုန်၏။

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ ဝိသမဝုတ္တိနိဒ္ဒေသော နာမ ပဉ္စမော ပရိစ္ဆေဒေါ။

ဝုတ္တောဒယေ၊ သော။ ဆန္ဒသိ၊ ၌။ ဝိသမဝုတ္တိနိဒ္ဒေသော နာမ၊ မည်သော။ ပဉ္စမော၊ ၅-ခုမြောက်သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ သမတ္တော၊ ပြီးပြီ။

* * * * * *

## [ ၆ ] ဆဋ္ဌပရိစ္ဆေဒ၊ ဆပ္ပစ္စယဝိဘာဂ

ဤသို့ ဆိုအပ်ပြီးသော ၅-ပါးသော ပရိစ္ဆေဒတို့ဖြင့် သညာ,ပရိဘာသာတို့နှင့်တကွ မတြာဝုတ္တိဂါထာမျိုး၊ ၃-ပါးကုန်သော ဝဏ္ဏဝုတ္တိဂါထာမျိုးတို့၏ လက္ခဏာ, လက္ချတို့ကို ပြဆိုပြီး၍ ယခုအခါ၌ ဆိုအပ်ကုန်ပြီးသော ဂါထာတို့၌ ဉာဏ်၏ စင်ကြယ်ခြင်းကို ကောင်းစွာဖြစ်စေတတ်သော၊ အလွယ်တကူသိခြင်းကို အလိုရှိကုန်သောသူတို့၏ ယုံမှားတွေဝေခြင်းကို ပယ်ဖျောက်စေတတ်သော ပတ္ထာရပစ္စယ-စသော ဆပ္ပစ္စယဝိဘာဂကို ပြတော်မူလိုသော ရှင်သံဃရက္ခိတဆရာသည် "ပတ္ထာရေ သဗ္ဗဂေ"စသော ဆဋ္ဌပရိစ္ဆေဒကို မိန့်ဆိုတော်မူ၏။

၁၂၉။ ပတ္ထာရေ သဗ္ဗဂေ ပါဒေ၊ ပုဗ္ဗဂါ'ဓော လ္ဗ'ရေ သမာ။
ပုဗ္ဗေ ဂုရု တော စ မိမေ၊ ကတ္တဗ္ဗာ ယာဝ သဗ္ဗလာ။

ပတ္ထာရေ၊ ဝဏ္ဏဆန်း၌ ရသင့်ရထိုက်သမျှကို အကျယ်ဖြန့်ကြောင်းဖြစ်သော ပတ္ထာရ ပစ္စယကို။ ကတော၊ ပြုအပ်သည်ရှိသော်။ တစ်နည်း။ ပတ္ထာရေ၊ ၌။ သဗ္ဗဂေ သဗ္ဗဂေါ၊ အလုံးစုံ ဂရုရှိသော။ ပါဒေ ပါဒေါ၊ ပါဒကို။ ပဌမံ၊ ရှေးဦးစွာ။ ကတ္တဗ္ဗော၊ ပြုအပ်၏။ တစ်နည်း၊ ပတ္ထာရေ၊ ၌။ သဗ္ဗဂေ၊ သော။ ပါဒေ၊ ကို။ ကတော၊ ရှေးဦးစွာ ပြုအပ်ပြီးသည်ရှိသော်။ ပုဗ္ဗဂါဓော၊ အစဆုံးဖြစ်သော ဂရု၏အောက်၌။ လော၊ လဟုကို။ ကတ္တဗ္ဗော၊ ၏။ ပရေ၊ ထိုလဟုမှ နောက်၌။ သမာ၊ အထက်တန်းနှင့် တူကုန်သော ဂရု, လဟုတို့ကို။ ကတ္တဗ္ဗာ၊ ရေးချရန် အကွက်ရှိသေးလျှင် ပြုအပ်ကုန်၏။ ပုဗ္ဗေ၊ ထိုလဟု၏ရှေး၌။ ဂုရု၊ ဂရုကို။ ကတ္တဗ္ဗော၊ ရေးချရန် အကွက်ရှိသေးလျှင် ပြုအပ်၏။ ဣတိ၊ ဤသို့။ တော စ ဣမေ၊ "ပုဗ္ဗေ ဂေါ၊ ဂေါ'ဓော လော၊ ပရေ သမာ၊ ပုဗ္ဗေ ဂေါ"ဟူကုန်သော ထို ၃-မျိုးကုန်သော အစီအရင်တို့ကို။ ယာဝ သဗ္ဗလာ၊ အလုံးစုံ လဟုတန်းဖြစ်သည်တိုင်အောင်။ ကတ္တဗ္ဗာ၊ ပြုအပ်ကုန်၏။ သီဟိုဠ်မူ၌ကား—

ပတ္ထာရေ သဗ္ဗဂေ ပါဒေ၊ ပုဗ္ဗဂါ'ဓော လ္ဗ'ရေ သမာ။
ပုဗ္ဗေ ဂုရု တွေဝ'မိမေ၊ ကတ္တဗ္ဗာ ယာဝ သဗ္ဗလော။ ။

ဟု ပါဠ်ရှိ၏။

၁-လုံးဖွဲ့၌ ဦးစွာ ဂရု ၁-လုံး, ၂-လုံးဖွဲ့၌ ဦးစွာဂရု ၂-လုံး, ၃-လုံးဖွဲ့၌ ဦးစွာ ဂရု ၃-လုံး၊ ဤသို့ စသည်ဖြင့် ရှေးဦးစွာဂရုတန်းကို ချ၍ အစဆုံးဂရု၏အောက်၌ လဟုကို ရေးချအပ်၏။ ဤကား ပုဗ္ဗေ ဂေါ'ဓော လောအရ စီရင်ပုံတည်း။ ယင်းလဟု၏ နောက်၌ကား အထက်တန်းကို ကြည့်၍ ဂရုရှိလျှင် ဂရု, လဟုရှိလျှင် လဟုကို ရေးချအပ်၏။ ဤကား ပရေသမာအရ စီရင်ပုံတည်း။ ယင်းလဟု၏ရှေ့၌ ရေးချရန် အကွက်ရှိသေးလျှင် ဂရုကိုသာ ချအပ်၏။ ဤကား ပုဗ္ဗေဂုရုအရ စီရင်ပုံတည်း။ ပုံကို ရှု၍ စီရင်လေ။

ဥတ္တာဆန်း
၁-လုံးဖွဲ့

| |
|---|
| ၂ |
| ၁ |
| ၂-တန်း |

အစ္စုတ္တာဆန်း
၂-လုံးဖွဲ့

| | |
|---|---|
| ၂ | ၂ |
| ၁ | ၂ |
| ၂ | ၁ |
| ၁ | ၁ |
| ၄-တန်း | |

မဇ္ဈာဆန်း
၃-လုံးဖွဲ့

| | | |
|---|---|---|
| ၂ | ၂ | ၂ |
| ၁ | ၂ | ၂ |
| ၂ | ၁ | ၂ |
| ၁ | ၁ | ၂ |
| ၂ | ၂ | ၁ |
| ၁ | ၂ | ၁ |
| ၂ | ၁ | ၁ |
| ၁ | ၁ | ၁ |
| ၈-တန်း | | |

ပတိဋ္ဌာဆန်း
၄-လုံးဖွဲ့

| | | | |
|---|---|---|---|
| ၂ | ၂ | ၂ | ၂ |
| ၁ | ၂ | ၂ | ၂ |
| ၂ | ၁ | ၂ | ၂ |
| ၁ | ၁ | ၂ | ၂ |
| ၂ | ၂ | ၁ | ၂ |
| ၁ | ၂ | ၁ | ၂ |
| ၂ | ၁ | ၁ | ၂ |
| ၁ | ၁ | ၁ | ၂ |
| ၂ | ၂ | ၂ | ၁ |
| ၁ | ၂ | ၂ | ၁ |
| ၂ | ၁ | ၂ | ၁ |
| ၁ | ၁ | ၂ | ၁ |
| ၂ | ၂ | ၁ | ၁ |
| ၁ | ၂ | ၁ | ၁ |
| ၂ | ၁ | ၁ | ၁ |
| ၁ | ၁ | ၁ | ၁ |
| ၁၆-တန်း | | | |

ပတ္ထာရပစ္စယ ပြီး၏။

----- x -----

၁၃၀။ နဋ္ဌဿ ယော ဘဝေယျ'င်္ကော၊ တသ္မိံ လော'ဒ္ဓိကတေ သမေ။
ဝိသမေတွေ'ကသဟိတေ၊ ဘဝေယျ'ဒ္ဓိကတေ ဂုရု။

နဋ္ဌဿ၊ ပျောက်သောဂါထာ၏။ ယော အင်္ကော၊ အကြင်အတန်းသင်္ချာသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တသ္မိံ၊ ထိုအတန်းသင်္ချာကို။ အဒ္ဓိကတေ၊ ထက်ဝက်ပြုအပ်သည်ရှိသော်။ ဝါ၊ ၂-ခုစားရိုး၊ ဒွေးချိုးအပ်သည်ရှိသော်။ သမေ၊ စုံဂဏန်းဖြစ်မူ။ ဝါ၊ စုံဂဏန်း ထွက်မူ။ လော၊ လဟုသည်။ ဘဝေယျ၊ ၏။ ဝိသမေတု၊ မညီမမျှ မဂဏန်းဖြစ်မူကား။ ဝါ၊ မဂဏန်းထွက်ရာ၌ကား။ ဧကသဟိတေ၊ အာဂန္တုက၊ အလွတ်ဂဏန်းပို သင်္ချာတစ်ခုနှင့်တကွ ဖြစ်လတ်သော်။ ဝါ၊ ၁-ခု ထည့်စွက်ရသောကြောင့် အာဂန္တုက အလွတ်ဂဏန်းပို သင်္ချာ ၁-ခုနှင့်တကွ ဖြစ်လတ်သော်။ အဒ္ဓိကတေ၊ သော်။ ဂုရု၊ သည်။ ဘဝေယျ၊ ၏။

အမိပ္ပါယ်ကား လိုသောအတန်းသင်္ချာကို တည်၊ ၂-ခုဖြင့် စား၊ အကြွင်းမရှိ သုဉ်းလျှင် လဟုကို ချ။ ၁-ခုကြွင်းလျှင် ဂရုကို ချ။ တဖန် ၁-ခုကြွင်းရာ၌ ရလဒ်တွင် တစ်ခုတက်။ ၎င်း ၁-ခုတက်ပြီး ရလဒ်ဂဏန်းကို တည်၍ ၂-ခုဖြင့် စားရာ၊ အကြွင်းကို ရှုပြီးလျှင် ရှေးနည်းတူ ဂရု, လဟုတို့ကို အလိုရှိသည်တိုင်အောင် ရေးချအပ်ကုန်၏-ဟူလို။

တွက်ပုံကား ၃-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ ပဉ္စမတန်း၌ တည်သော ဂရု, လဟုအစီအစဉ်ကို တွက်လိုလျှင် ပဉ္စမတန်းဖြစ်သောကြောင့် ၅-ခုသင်္ချာကို တည်၊ ၂-ခုဖြင့် စား၊ သေသ ၁-ခု ကြွင်းသောကြောင့် ဂရုကို ချ။ ၁-ခုကြွင်း၍ ဝိသမဖြစ်ရကား ရလဒ် ၂-ခုတွင် ၁-ခုတက်၊ ၃-ခု ဖြစ်၏။ ၎င်း ၃-ခုကို တည်၊ ၂-ခုဖြင့် စား၊ သေသ ၁-ခုကြွင်းသောကြောင့် ဂရုကို ချ။ ၁-ခုကြွင်းရကား ရလဒ် ၁-ခုတွင် ၁-ခုတက်၊ ၂-ခုဖြစ်၏။ ၎င်း ၂-ခုသင်္ချာကို တည်၍ ၂-ခုဖြင့် စား၊ သေသမရှိ သုဉ်းသောကြောင့် လဟုကို ချ။ ဤသို့ တွက်ယူသဖြင့် ၃-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ ပဉ္စမတန်း၌တည်သော ဂရု,လဟုအစီအစဉ်ကို (၂-၂-၁)ဖြစ်၏ဟု သိအပ်၏။

၆-လုံးဖွဲ့ ဂါယတ္တိဆန်း ၆၄-ဂါထာတို့တွင် တေရသမတန်း၌တည်သော ဂါထာ၏ ဂရု,လဟု အနေအထားကို တွက်ရာ၌ ၁၃-ကိုတည် ဒွေးချိုး၊ လဒ် ၆-ခု၊ သေသဝိသမ ၁-ခု ကြွင်းသောကြောင့် ဂရုကို ချ၊ လဒ်သို့ ၁-ခု တက်၍ ဒွေးချိုး၊ သေသဝိသမဖြစ်သောကြောင့် ဂရုကိုပင် ချ၊ လဒ်သို့ ၁-ခုတက်၍ ဒွေးချိုး၊ သေသသုဉ်းသောကြောင့် လဟုကို ချ၊ သေသ သုဉ်းသောကြောင့် လဒ်သို့ ၁-ခု မတက်ရပြီ။ ရလဒ်အတိုင်း ဒွေးချိုး၊ သေသသုဉ်းသော ကြောင့် လဟုကိုပင် ချ။ ရလဒ် ၁-ဂဏန်းကို ၂-ခုဖြင့် မစားလောက်ရကား လဒ်နေရာတွင် သုည တင်၊ ယခင် ၁-ခုသင်္ချာသည်ပင် အကြွင်းမည်သောကြောင့် ဂရုကို ချ။ ၁-ခုကြွင်း ပြန်ရကား လဒ်သုညတွင် ၁-ခုတင်၊ ဒွေးချိုးရာ မလောက်ပြန်သောကြောင့် လဒ်နေရာတွင် သုည တင်။ ယခင် ၁-ခုသင်္ချာသည်ပင် အကြွင်းမည်သောကြောင့် ဂရုကို ချ။ နောက်ကို ဆက်လက်၍ ဤနည်းအတိုင်း ပြုလုပ်စီရင်နိုင်သော်လည်း အလိုရှိအပ်သော ဝဏ္ဏအရေ အတွက် ၆-လုံးအစား ဂရု, လဟုအရေအတွက် ပြည့်စုံလေပြီဖြစ်သောကြောင့် ဤမျှကိုသာ ပြုအပ်၏။ ဤသို့ တွက်ယူသဖြင့် ၆-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ တေရသမတန်း၌ တည်သော ဂရု, လဟုတို့၏ အစီအစဉ်သည် (၂-၂-၁-၁-၂-၂) ဖြစ်၏-ဟု သိအပ်၏။ ဤတေရသမတန်း ကိုပင် တနုမဇ္ဈာဂါထာ-ဟု အမည်မှည့်ဆိုသည်။

တစ်နည်းတွက်ပုံကား ၄-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ စတုတ္ထတန်းရှိ ဂရု, လဟုအနေအထားကို တွက်ယူလိုလျှင် စတုတ္ထသင်္ချာသည် သမစုံဂဏန်း ၄-ခုသင်္ချာဖြစ်သောကြောင့် ရှေးဦးစွာ လဟုကို ချ။ ၎င်းသင်္ချာကို ဒွေးချိုး၊ အဒ္ဓိကတသင်္ချာသည် သမဖြစ်သောကြောင့် လဟုကိုပင် ချ။ ၎င်းသင်္ချာကို တည်၊ ဒွေးချိုး၊ အဒ္ဓိကတသင်္ချာသည် ဝိသမဖြစ်သောကြောင့် ဂရုကို ချ။

ဂုဏ်သင်္ချာကို ဖွေးချိုးပြန်ရာ မချိုးလောက်သောကြောင့် အာဂန္တုက အလွတ်သင်္ချာပို ၁-ခု ထည့်၍ ဖွေးချိုး၊ ဂုဏ်သင်္ချာသည် ဝိသမဖြစ်သောကြောင့် ဂရုကို ချ။ ဤသို့ တွက်ယူသဖြင့် ၄-လုံးဖွဲ့ဝဏ္ဏဝုတ္တိ၌ စတုတ္ထတန်းသည် (၁-၁-၂-၂) ဖြစ်၏။ ဂုဏ်ကို ဘမရိဂါထာ-ဟု အမည် ခေါ်ဆို၏။

**နဋ္ဌပစ္စယနည်း ပြီး၏။**

----- x -----

၁၃၁။ **ကောဒိနုက္ကမေန’င်္ကေ၊ ပုဗ္ဗာ’ဓော ဒ္ဒိဂုဏော လိခေ။**
**မိဿကေဟိ လဟုဋ္ဌေဟိ၊ သေကေဟု’ဒ္ဒိဋ္ဌကံ ဘဝေ။**

ပုဗ္ဗာ၊ အစဝဏ္ဏမှ။ အဓော၊ အောက်၌။ ကောဒိနုက္ကမေန၊ ၁-ခု စသောအစဉ်ဖြင့်။ ဝါ၊ ၁-ခု, ၂-ခု, ၄-ခု, ၈-ခု စသော အစဉ်ဖြင့်။ ဒ္ဒိဂုဏော၊ ၂-ဆ,၁-ပိုးတိုး၍ တက်ကုန်သော။ အင်္ကေ၊ အတန်းသင်္ချာတို့ကို။ လိခေ၊ ရေးရာ၏။ တာသံ၊ ၂-ဆ, ၁-ပိုးတိုး၍ တက်ကုန်သော သင်္ချာတို့တွင်။ လဟုဋ္ဌေဟိ၊ လဟုဝဏ္ဏ၏အောက်၌ တည်ကုန်သော။ သေကေဟိ၊ အပို အလွတ်၊ ထည့်သွတ်စွက်ပြု၊ အာဂန္တုက တစ်ခုသင်္ချာနှင့်တကွဖြစ်ကုန်သော။ မိဿကေဟိ၊ ရောနှောပေါင်းယှက်သော သင်္ချာတို့ဖြင့်။ ဥဒ္ဒိဋ္ဌကံ၊ အတန်းသင်္ချာ ရရာဖော်ထုတ် ဥဒ္ဒိဋ္ဌနည်းသည်။ ဘဝေ၊ ဖြစ်၏။

သိဟိုဠ်မူ၌ ‘ဒိဂုဏော လိခေ’ဟူ၍လည်းကောင်း၊ ‘မိဿိတေဟိ’ဟူ၍လည်းကောင်း ပါဠ်ရှိ၏။ ၃-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ ၆-ခုမြောက်သော အတန်း၌ရှိသော ‘၁-၂-၁’ဟူသော ဂရုလဟု တို့ကိုသာ မှတ်သားမိ၍ အတန်းသင်္ချာကို မမှတ်မိလျှင် ပထမ ၁-လဟုအောက်၌ ၁-ဂဏန်း၊ ဒုတိယ ၂-ဂရုအောက်၌ ၂-ဂဏန်း၊ တတိယ ၁-လဟုအောက်၌ ၄-ဂဏန်းတို့ကို အစဉ် အတိုင်း ရေးထားအပ်ကုန်၏။ ပထမ ၁-လဟုအောက်၌ရှိသော ၁-ဂဏန်းနှင့် တတိယ ၁-လဟုအောက်၌ရှိသော ၄-ဂဏန်းတို့ကိုပေါင်းလျှင် ၅-ခုသင်္ချာဖြစ်၏။ ဂုဏ် ၅-ခုသင်္ချာတွင် အာဂန္တုကအပိုအလွတ် ၁-ခုသင်္ချာကို ထည့်လျှင် ၆-ခုသင်္ချာဖြစ်၏။ ဤသို့ တွက်ယူသဖြင့် ‘၁-၂-၁’ဟူသော ဂရုလဟုအနေအထားသည် ၆-ခုမြောက်သောအတန်း၌ ရှိ၏-ဟု သိရာ၏။ အလိုရှိရာ ဝဏ္ဏဝုတ္တိတို့၌ ဤနည်းကို အစဉ်မှီး၍ တွက်ယူအပ်၏။

**ဥဒ္ဒိဋ္ဌပစ္စယနည်း ပြီး၏။**

----- x -----

## ၁၃၂။ ဝုတ္တက္ခရသမာ သင်္ချာ၊ လိက္ခ သေကော'ပရူပရိ။ ဧကေကဟီန'မေကာဒိ-နု'ဋ္ဌာနေ သဗ္ဗဂါဒိကံ။

ဝုတ္တက္ခရသမာ၊ ဂါထာ၏ အက္ခရာဝဏ္ဏလုံးရေသင်္ချာနှင့် တူမျှကုန်သော။ သေကာ၊ အပိုအလွတ် ထည့်သွတ်စွက်ဖြည့် ညှိသည်အာဂန္တု ၁-ခုနှင့်တကွဖြစ်ကုန်သော။ သင်္ချာ၊ သင်္ချာတို့ကို။ ဥပရူပရိ၊ အောက်,ထက်နိမ့်,မြင့် အဆင့်ဆင့်။ လိက္ခ၊ ရေးသားပြီး၍။ ဧကေကဟီနံ၊ အထက်အစဉ်၌ ၁-ခုပယ်ဖြုတ် ယုတ်လျော့သည်ကို။ ကတွာ၊ ပြု၍။ ဧကာဒိနာ၊ ၁-ခုစသည်ဖြင့်။ ဝါ၊ ၁-ခု, ၂-ခု, ၃-ခု, ၄-ခု စသည်ဖြင့်။ ဥဋ္ဌာနေ၊ ခေါက်ပြန်ဆက်ဆက် တက်သည်ရှိသော်။ သဗ္ဗဂါဒိကံ၊ သဗ္ဗဂရုက-အစရှိသော ဂါထာသည်။ ဘဝေယျ၊ ဖြစ်ရာ၏။

| | | | | | |
|---|---|---|---|---|---|
| ၁ | | | | | |
| ၁ | ၅ | | | | |
| ၁ | ၄ | ၁၀ | | | |
| ၁ | ၃ | ၆ | ၁၀ | | |
| ၁ | ၂ | ၃ | ၄ | ၅ | |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| ၁-လျော့ | ၂-လျော့ | ၃-လျော့ | ၄-လျော့ | ၅-လျော့ | ၆-လျော့ |

၅-လုံးဖွဲ့ ဝဏ္ဏဝုတ္တိဖြစ်အံ့၊ အောက်မှစ၍ အထက်သို့ အဆင့်ဆင့် ၁-ဂဏန်း ၆-လုံးရေးအပ်၏။ ၆-လုံးဖွဲ့ ဖြစ်အံ့၊ ၁-ဂဏန်း ၇-လုံးရေးအပ်၏။

ဤသို့ စသည်ဖြင့် အာဂန္တုက သင်္ချာ ၁-ခုနှင့်တကွ အဖွဲ့ဝဏ္ဏသင်္ချာပေါ်တွင် တိုး၍ ရေးအပ်၏။ ထို့နောင် အောက်ဆုံးအကွက်၌ရှိသော ၁-သင်္ချာကို ဒုတိယကွက်၌ရှိသော ၁-သင်္ချာတွင်ထည့်၊ ၂-ခုသင်္ချာဖြစ်၏။ ၎င်း ၂-ခုသင်္ချာကို တတိယကွက်၌ရှိသော ၁-သင်္ချာတွင်ထည့်၊ ၃-ခုသင်္ချာဖြစ်၏။

ဤသို့ စသည်ဖြင့် ၁-ခါတက်လျှင် ၁-ကွက်, ၂-ခါတက်လျှင် ၂-ကွက်, ၃-ခါတက်လျှင် ၃-ကွက်၊ ဤသို့ အထက်အကွက်ကို ကြည့်၍,ကြည့်၍ တက်သည်ရှိသော် သဗ္ဗဂရုက-စသော ဂါထာ ဖြစ်၏။

ပုံ၌ကား ၅-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၏ တက်နည်းကိုသာ ပြထားသည်။ ကြွင်းကုန်သော ဝဏ္ဏဝုတ္တိတို့၌လည်း ဤနည်းကို မှီ၍ပြုအပ်၏။

| | ဥတ္တာဆန်း | အစ္စုတ္တာဆန်း | မဇ္ဈာဆန်း | ပတိဋ္ဌာဆန်း | သုပ္ပတိဋ္ဌာဆန်း | ဂါယတ္တီဆန်း | ဥဏှိကာဆန်း | အနုဋ္ဌုဘဆန်း |
|---|---|---|---|---|---|---|---|---|
| သဗ္ဗဂုရု | ၁ | | | | | | | |
| သတ္တဂုရု | ၈ | ၁ | | | | | | |
| ဆဂ္ဂုရု | ၂၈ | ၇ | ၁ | | | | | |
| ပဉ္စဂ္ဂုရု | ၅၆ | ၂၁ | ၆ | ၁ | | | | |
| စတုဂ္ဂုရု | ၇၀ | ၃၅ | ၁၅ | ၅ | ၁ | | | |
| တိဂုရု | ၅၆ | ၃၅ | ၂၀ | ၁၀ | ၄ | ၁ | | |
| ဒွိဂုရု | ၂၈ | ၂၁ | ၁၅ | ၁၀ | ၆ | ၃ | ၁ | |
| ဧကဂုရု | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ |
| သဗ္ဗလဟု | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |

တစ်နည်း ဘက္ကရဆရာ စီရင်သော လီလာဝတီဂဏန်းကျမ်း၌လာသော သဗ္ဗလဂါဒိကြိယာတွက်ပုံကား—

| | | | | | |
|---|---|---|---|---|---|
| ၆ | ၅ | ၄ | ၃ | ၂ | ၁ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၆ | ၁၅ | ၂၀ | ၁၅ | ၆ | ၁ |
| ၁-ဂု | ၂-ဂု | ၃-ဂု | ၄-ဂု | ၅-ဂု | ၆-လ |

"ဧကာဒ္ဒေါ်ကောက္ကရာ အင်္ကာ"စသော ၎င်းကျမ်းလာ တွက်ပုံဂါထာနှင့်အညီ ဇယားပုံစံတွင် ပြထားသော ၆-လုံးဖွဲ့ ဂါယတ္တီဆန်း၌ ၆-လုံးဖွဲ့ဖြစ်သောကြောင့် ၁-ဂဏန်းမှစ၍ ၆-ဂဏန်းထိ သချာတို့ကို အထက်တန်း၌ နောက်ဆုတ်ပြောင်းပြန် ပဋိလုံရေး။ အလယ်တန်း၌ အစဉ်အတိုင်း အနုလုံရေး။ အထက်ပဋိလုံတန်း၌ရှိသော ၆-ဂဏန်းကို အလယ်အနုလုံတန်း၌ ရှိသော ပထမ ၁-ဂဏန်းနှင့် စား။ ရလဒ် ၆-ဂဏန်းကို အောက်တန်းပထမကွက်တွင် ရေး၍ ထား။

ယခင်ရလဒ် ၆-ဂဏန်းကို တည်၊ အထက်ပဋိလုံတန်း ဒုတိယ ၅-ဂဏန်းဖြင့် မြှောက်၊ ၃၀-ဖြစ်၏။ ၎င်းသချာ ၃၀-ကို အလယ်အနုလုံတန်းရှိ ဒုတိယ ၂-ဂဏန်းဖြင့် စား၊ ရလဒ် ၁၅-ဂဏန်းကို အောက်တန်း ဒုတိယကွက်တွင် ရေး၍ထား။

၎င်းရလဒ် ၁၅-ဂဏန်းကို တည်ပြန်၊ အထက်ပင့်လုံတန်းရှိ တတိယ ၄-ဂဏန်းဖြင့် မြှောက်၊ ၆၀-ဖြစ်၏။ ၎င်း ၆၀-သင်္ချာကို အလယ်အနုလုံတန်းရှိ တတိယ ၃-ဂဏန်းဖြင့် စား၊ ရလဒ် ၂၀-ကို အောက်တန်း တတိယကွက်တွင် ရေး၍ထား။

ဤသို့စသည်ဖြင့် အဆုံးတိုင်အောင် တွက်ယူ၍ ၁-ဂရု ၆-တန်း၊ ၂-ဂရု ၁၅-တန်း၊ ၃-ဂရု အတန်း၂၀-စသည် ဖြစ်၏။ ၆-လုံးဖွဲ့ ဂါယတ္တိဆန်း၌သာ တွက်နည်းကို ပြဆိုလိုက်သည်။ ကြွင်းကုန်သော ဆန်းတို့၌လည်း ဤနည်းတူ တွက်ယူအပ်ကုန်၏။

**သဗ္ဗလဂကြိယာနည်း ပြီး၏။**

----- x -----

ဤသဗ္ဗလဂါဒိကြိယာနည်း၌ အစိတ်အစိတ်ဖြစ်ကုန်သော အတန်းသင်္ချာတို့ကို ပေါ်ထွက်လာအောင် တွက်ယူအပ်သော **မေရုပဋ္ဌာကာ**-ဟူ၍လည်းကောင်း၊ **မတ္တမ္ဗိဇာလ**-ဟူ၍လည်းကောင်း ဆန်းကျမ်းဆရာတို့ အသုံးပြုလုပ်သော တွက်ပုံနည်းကို ဆက်လက်၍ ပြဦးအံ့။

**ဥဒ္ဒိဋ္ဌသဒိသ'မင်္ကာ၊ ဒေဟိ ပုဗ္ဗင်္ကာ ပရမှိ ဘရဏံ ကရေယျ။**
**ပထမပင္တိ'မင်္ကာ ပရိစ္စဇ ပတ္ထာရသင်္ချာ ပတာကံ ကရေယျ။**

ပြာကြိုင့်ဘာသာဖြင့် ရေးထားသော ပိင်္ဂလဆန်းကျမ်းအဆိုအတိုင်း မဂဓပြန်ဆိုထားသောပါဠိ။

ဥဒ္ဒိဋ္ဌသဒိသံ၊ ဥဒ္ဒိဋ္ဌနည်း၌ ဆိုအပ်ပြီးသည်နှင့် တူသော။ အင်္ကံ၊ ၁-၂-၄-၈-စသော သင်္ကေတပညတ် အတန်းသင်္ချာကို။ ဒေဟိ၊ ရှေ့နောက်မထွေး ရေးချက်ပေးလေ။ ပုဗ္ဗင်္ကာ၊ ၁-စသော ရှေးရှေးသော အတန်းသင်္ချာကို။ ပရမှိ၊ ၂-စသော နောက်နောက်သော အတန်းသင်္ချာ၌။ ဘရဏံ၊ ပူးပေါင်းရောနှောခြင်းကို။ ကရေယျ၊ ပြုရာ၏။ ပထမပင္တံ၊ ရှေ့၌ ရောက်ပြီးသော။ အင်္ကံ၊ ပေါင်း၍ရရှိသော အတန်းသင်္ချာပိုကို။ ပရိစ္စဇ မရေး,မခြစ် ပယ်စွန့်ပစ်လေ။ ပတ္ထာရသင်္ချာ၊ ရပြီးမလို၊ အပိုပယ်နုတ်၊ သရုပ်ရရာ၊ ပတ္ထာရသင်္ချာကို။ ပတာကံ၊ အစွန်း ၃-မွှာ၊ ကြက်လျှာပုံတူ၊ မေရုပဋ္ဌာကာကို။ ဗုဓော၊ ပညာရှိသည်။ ကရေယျ၊ ဥဒ္ဒိဋ္ဌနည်းအလျောက်၊ သင်္ချေ အောက်၌၊ ကွက်ထောက်စဉ်ရှု ပြုရာ၏။

ပဋ္ဌာကာတွက်ပုံကို ဤသို့ သိအပ်၏။ ၄-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ သဗ္ဗလဟုတန်း-၁၊ ၁-ဂရုတန်း-၄၊ ၂-ဂရုတန်း-၆၊ ၃-ဂရုတန်း-၄၊ သဗ္ဗဂရုတန်း ၁-ဟု ရေးပုံ၌ ညွှန်ပြခဲ့ရာတွင်

သဗ္ဗလဟုတန်း ၁-ဟူသည် ၁၆-ခုမြောက်သော အတန်းဟူ၍လည်းကောင်း၊ ၁-ဂရု ၄-တန်းဟူသည် ၈-ခုမြောက်သော အတန်း, ၁၂-ခုမြောက်သော အတန်း, ၁၄-ခု မြောက်သော အတန်း, ၁၅-ခုမြောက်သော အတန်း-ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ပဋ္ဌာကာပုံ၌ ဖော်ပြထားသည့်အတိုင်း အတန်းကောက်နုတ် အစိတ်ထုတ်ယူ၍ ပြဆိုအပ်၏။

## ပတိဋ္ဌာဆန်း-မေရုပဋ္ဌာကာပုံ

| ၄-ဂုရု-၁ | ၃-ဂုရု-၄ | ၂-ဂုရု-၆ | ၁-ဂုရု-၄ | ၄-လဟု-၁ |
|---|---|---|---|---|
| ၁ | ၂ | ၄ | ၈ | ၁၆ |
| | ၃ | ၆ | ၁၂ | |
| | ၅ | ၇ | ၁၄ | |
| | ၉ | ၁၃ | ၁၅ | |
| | | ၁၀ | | |
| | | ၁၁ | | |

ဤပဋ္ဌာကာပုံတွင် အထက်တန်း၌ ဥဒ္ဒိဋ္ဌနည်းအတိုင်း အလိုရှိအပ်သောအကွာရာ လုံးရေရှိသမျှ ၁-၂-၄-၈-၁၆-ဟု ရေး၍ ထား။ ပထမ ၁-ဂဏန်းနှင့် ဒုတိယ ၂-ဂဏန်းကို ပေါင်း၍ ရရှိသော ၃-ဂဏန်းကို ၂-ဂဏန်း၏ အောက်အကွက်၌ ရေး။ တဖန် ၎င်း ၁-ဂဏန်းနှင့် တတိယ ၄-ဂဏန်းကို ပေါင်း၍ရရှိသော ၅-ဂဏန်းကို ၃-ဂဏန်း၏ အောက်ကွက်တွင် ရေး။

တဖန် ၎င်း ၁-ဂဏန်းနှင့် စတုတ္ထ ၈-ဂဏန်းကို ပေါင်း၍ရရှိသော ၉-ဂဏန်းကို ၅-ဂဏန်း၏အောက်ကွက်တွင် ရေး။ ဂရု ၃-လုံးပါရှိသောအတန်း ၄-ခုဖြစ်၏။ တဖန် ဒုတိယ ၂-ဂဏန်း, တတိယ ၄-ဂဏန်းကို ပေါင်း၍ ရရှိသော ၆-ဂဏန်းကို ၄-ဂဏန်း၏ အောက်ကွက်တွင် ရေး။

တဖန် ၎င်း ၂-ဂဏန်း၏ အောက်၌ရှိသော ၃-ဂဏန်းနှင့် ၄-ဂဏန်းကို ပေါင်း၍ ရရှိသော ၇-ဂဏန်းကို ၆-ဂဏန်း၏ အောက်ကွက်တွင် ရေး။ ၃-ဂဏန်း၏ အောက်ကွက်၌ ရှိသော ၅-ဂဏန်းနှင့် ယခင် ၄-ဂဏန်းကို ပေါင်း၍ ရရှိသော ၉-ဂဏန်းကိုကား "ပဌမပတ္တ'-မင်္ဂ ပရိစ္စဇ"ဟူသော ဥပဒေသအတိုင်း ရှေး၌ ယူပြီးဖြစ်၍ စွန့်ပစ်ပယ်ဖျက်အပ်၏။ ၅-ဂဏန်း၏ အောက်ကွက်၌ရှိသော ၉-ဂဏန်းနှင့် ယခင် ၄-ဂဏန်းကို ပေါင်း၍ ရရှိသော ၁၃-ဂဏန်းကို ၇-ဂဏန်း၏ အောက်ကွက်တွင် ရေး။

တဖန် ဒုတိယ ၂-ဂဏန်းနှင့် စတုတ္ထ ၈-ဂဏန်းကို ပေါင်း၍ ရရှိသော ၁၀-ဂဏန်းကို ၁၃-ဂဏန်း၏ အောက်ကွက်တွင် ရေး။ ၂-အောက်၌ရှိသော ၃-ဂဏန်းနှင့် ၈-ဂဏန်းကို ပေါင်း၍ရရှိသော ၁၁-ဂဏန်းကို ၁၀-ဂဏန်း၏ အောက်ကွက်တွင် ရေး။ ၅-ဂဏန်းနှင့် ၈-ဂဏန်းကို ပေါင်း၍ရရှိသော ၁၃-ဂဏန်းကို ၇-ဂဏန်း၏ အောက်ကွက်တွင် ရေးသင့်သော်လည်း ရှေး၌ ယူပြီးဖြစ်သောကြောင့် မလို၊ ပယ်မြစ်စွန့်ပစ်အပ်၏။

၉-ဂဏန်းနှင့် ၈-ဂဏန်းကို ပေါင်း၍ ရရှိသော ၁၇-ဂဏန်းကိုလည်း ပတ္ထာရသချ်ာထက် ပိုလွန်လေသောကြောင့် မလို၊ ပယ်မြစ်စွန့်ပစ်အပ်၏။ ဂုရု ၂-လုံးပါရှိသော အတန်းပေါင်း ၆-ခု ဖြစ်၏။

တဖန် ၄-ဂဏန်းနှင့် ၈-ဂဏန်းကို ပေါင်း၍ ရရှိသော ၁၂-ဂဏန်းကို စတုတ္ထ ၈-ဂဏန်း၏ အောက်ကွက်တွင် ရေး။ ၆-ဂဏန်းနှင့် ၈-ဂဏန်းကို ပေါင်း၍ ရရှိသော ၁၄-ဂဏန်းကို ၁၂-ဂဏန်း၏ အောက်ကွက်တွင် ရေး။ ၇-ဂဏန်းနှင့် ၈-ဂဏန်းကို ပေါင်း၍ ရရှိသော ၁၅-ဂဏန်းကို ၁၄-ဂဏန်း၏ အောက်ကွက်တွင် ရေး။ ၁၃-ဂဏန်း, ၁၀-ဂဏန်း, ၁၁-ဂဏန်းတို့နှင့် ယခင် ၈-ဂဏန်းကို ပေါင်း၍ ရရှိသော ၂၁-ဂဏန်း, ၁၈-ဂဏန်း, ၁၉-ဂဏန်းတို့ကိုကား ၁၆-ပတ္ထာရသချ်ာထက် ပိုလွန်ကုန်သောကြောင့် စွန့်ပစ်ပယ်ဖျက်အပ်ကုန်၏။ ဂရု ၁-လုံးပါရှိသော အတန်း ၄-ခုဖြစ်၏။

၅-လုံးဖွဲ့, ၆-လုံးဖွဲ့ စသည်တို့၌လည်း ဤနည်းကို အစဉ်မှီး၍ ထိုက်သည်အလျောက် ဆန်းတစ်မျိုးလျှင် ပဋ္ဌာကာပုံ ၁-ခုကျစီ ထွက်အောင် မေရုပဋ္ဌာကာပုံကို တွက်ယူအပ်၏။

ဝဏ္ဏဆန်း၊ မေရုပဋ္ဌာကာတွက်ပုံနည်း ပြီး၏။

----- x -----

၁၃၃။ ဂုရုကြိယာ'က်သန္ဒောဟော၊ ဘဝေ သချ်ာ ဝိမိဿိတော။
ဥဒ္ဒိဋ္ဌ'က်သမာဟာရော၊ သေကော ဝေ'မံ သမာနယေ။

ဂုရုကြိယာ'က်သန္ဒောဟော၊ သဗ္ဗဂရု, သဗ္ဗလဟုဂါထာ-စသည်ကို ပြုခြင်း-ဟု ဆိုအပ်သော ဂရုကြိယာနည်း၏ အတန်းသချ်ာအပေါင်းကို။ ဝိမိဿိတော၊ ရောနှောတွဲစပ်၊ ပေါင်းယှက်အပ်သည်ရှိသော်။ သချ်ာ၊ ပတ္ထာရသချ်ာသည်။ ဘဝေ၊ ဖြစ်၏။ ဝါ အပရောနယော၊ လ,ဂကြိယာနည်း၏ အတန်းသချ်ာပေါင်းဖြင့် ပတ္ထာရသချ်ာဖြစ်သောနည်းမှတပါး ဥဒ္ဒိဋ္ဌနည်း၏ အတန်းသချ်ာပေါင်းဖြင့် ပတ္ထာရသချ်ာဖြစ်သော နည်းတပါးကား။ သေကော၊ အပိုစွက်

ဖြည့်၊ အလွတ်ထည့်သည့်၊ ဧည့်သည်အာဂန္တုသင်္ချာ ၁-ခုနှင့်တကွသော။ ဥဒ္ဒိဋ္ဌ’င်္ကသမာဟာ-ရော၊ ဥဒ္ဒိဋ္ဌနည်း၏ အတန်းသင်္ချာပေါင်းသည်။ ကမ္မံ၊ ဤဂါထာအရေအတွက်ကို ဖော်ပြတတ်သော ဝုတ္တသင်္ချာနည်းကို။ သမာနယေ၊ ကောင်းစွာဖက်ထစ် ဖြစ်စေနိုင်၏။ တစ်နည်း၊ သမံ၊ အတူအမျှ။ အာနယေ၊ ဆောင်နိုင်၏။

“ဂုရုလဟု ကြိယာ’င်္ကသန္နောပေ”ဟု ဆိုလိုလျက် လဟုသဒ္ဒါကို ချေဖျောက်၍ထားသည်-ဟု ဋီကာတို့၌ ဖွင့်ဆိုကြကုန်၏။ ဝုတ္တရတနာကရဆန်းကျမ်း၌–

**လဂကြိယာ’င်္ကသန္နောပေ၊ ဘဝေ သင်္ချာ ဝိမိဿိတေ။**

**ဥဒ္ဒိဋ္ဌင်္ကသမာဟာရော၊ သေကော ဝါ ဇနယေ ကမ္မံ။**

ဟု ဆိုသောကြောင့် “လဂကြိယာ’င်္ကသန္နောပေ”ဟု ပါဌ်ပေါင်းရှိသည် ဖြစ်ရာ၏။

**ဝုတ္တသင်္ချာပစ္စယ ပြီး၏။**

----- x -----

၁၃၄။ သင်္ချေ ဒွိဂုဏော’ကူနာ၊ ဝိတ္ထာရာ’ယာမသမ္ဘဝါ။
ဝုတ္တဿ’ဒ္ဓ’န္တရာနဋ္ဌ၊ ဂုရုလာနဋ္ဌ(ဂရုလာန် စ) အင်္ဂုလံ။

သင်္ချေ၀၊ အခြားမဲ့ဂါထာ၌ ဆိုအပ်ပြီးသော ဝုတ္တသင်္ချာကိုသာလျှင်။ ဒွိဂုဏာ၊ ၂-ခု မြှောက်။ ဧကူနာ၊ ၁-ခုပယ်နုတ်၊ ယုတ်လျော့သည်ဖြစ်၍။ ဝုတ္တဿ၊ ဂါထာ၏။ ဝိတ္ထာရာ’-ယာမသမ္ဘဝါ၊ အနံ,အလျားဖြစ်သော။ အဒ္ဓါ၊ ပတ္ထာရ၏ ခရီးအဝွန့်ပမာဏသည်။ ဘဝတိ၊ ဖြစ်၏။ အန္တရာနဋ္ဌ၊ နံ့,လျား ၂-ခု၊ ဂရု,လဟုအကြားတို့၏လည်းကောင်း။ ဂုရုလာနဋ္ဌ၊ ဂရု,လဟုတို့၏လည်းကောင်း။ တစ်နည်း၊ ဂုရုလာနံ၊ ဂရု,လဟုတို့၏။ အန္တရာနဋ္ဌ၊ နံ့,လျား အခြားအကွာတို့၏လည်းကောင်း။ ဂုရုလာနဋ္ဌ၊ ဂရုလုံး, လဟုလုံးတို့၏လည်းကောင်း။ အင်္ဂုလံ၊ လက် ၁-သစ်, ၁-သစ်ကို။ ကရေယျ၊ ပြုရာ၏။

၃-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ ပတ္ထာရသင်္ချာ ၈-ခုရှိသောကြောင့် ၈-ခုကို တည်၊ ၂-ခုဖြင့် မြှောက်၊ ၁၆-ခုဖြစ်၏။ ၁-ခု နုတ်၊ ၁၅-ခုဖြစ်၏။ ထို ၁၅-ခုကို ၁၅-သစ်-ဟု မှန်းထား၍ ၁၂-ခုနှင့် စား၊ လဒ်ကား ထွာဖြစ်၏။ ထို့ကြောင့် ထိုဝဏ္ဏဝုတ္တိကို အလျား ၁-ထွာနှင့် လက် ၃-သစ်အဝွန့်ရှိ၏-ဟု မှတ်အပ်၏။ အနံမှာ ၃-လုံးဖွဲ့ ဝဏ္ဏဝုတ္တိမဇ္ဈာဆန်းဖြစ်သောကြောင့် ၃-ခု တည်၊ ၂-ခုမြှောက်၊ ၁-ခု နုတ်လျှင် ၅-ခု ကြွင်း၏။ ထို့ကြောင့် ထိုဝဏ္ဏဝုတ္တိ မဇ္ဈာဆန်းကို အနံ ၅-သစ် အဝွန့်ရှိသည်-ဟု မှတ်အပ်၏။

အက္ခရာအနည်းဆုံး ၁-လုံးဖွဲ့ ဝဏ္ဏဝုတ္တိ၌ အနံ လက် ၁-သစ်, အလျား လက် ၃-သစ်မျှသာရှိ၍ အက္ခရာအများဆုံး ၂၆-လုံးဖွဲ့ ဥက္ကတိဆန်း ဝဏ္ဏဝုတ္တိ၌ အနံ ၂-တောင်နှင့် လက် ၃-သစ်၊ အလျား ၂၀၇-ယူဇနာ, ၂၄၃၄-တာ, ၂-တောင့်, ၁-မိုက်, ၇-သစ်ရှိ၏။ ဤသို့ မိမိအလိုရှိအပ်သော ဝဏ္ဏဝုတ္တိတို့၌ ရသင့်သည့်အလျောက် လက်သစ်, မိုက်, ထွာ, တောင်, တာ, ဥသဘ, ကောသ, ယူဇနာတို့ကို သေချာစွာ ဖွဲ့ယူအပ်ကုန်၏။

ယူဇနာဖွဲ့ရာ၌—

ကိက္ကု ဟတ္ထော ဝိဒတ္ထိ စ၊ နလ္လော ကိက္ကု စတုဿတံ။
စတုဟတ္ထော ဓနုတ္တဿ၊ သဟဿံ ကောသ'မုစ္စတေ။
ကောသဒွယံ တု ဂါဝုတိ၊ တဒွယံ ယောဇနံ ဝိဒူ။

ဟူ၍ မုဒ္ဒဗောဓဋီကာ-စသည်တို့၌ ဆိုသည့်အတိုင်း မရှိုမတိုင်းသားတို့ ဖွဲ့ရိုးထုံးစံဖြစ်သော ၄-တောင်တာနှင့် အဒ္ဓသချာ တောင်,တာ-စသည်ကို ဖွဲ့အပ်၏။

ဟတ္ထော စ၊ ၁-တောင်သည်လည်းကောင်း။ ဝိဒတ္ထိ စ၊ ၁-ထွာသည်လည်းကောင်း။ ကိက္ကု၊ ကိက္ကုမည်၏။ ကိက္ကု စတုဿတံ၊ တောင်ပေါင်း ၄၀၀-သည်။ ဝါ၊ ထွာပေါင်း ၄၀၀-သည်။ နလ္လော၊ နလ္လ ၁-ခု ဖြစ်၏။ စတုဟတ္ထော၊ ၄-တောင်သည်။ ဓနု၊ ကုလား(ကုလ)လေးတာ ၁-တာ မည်၏။ တဿ၊ ထို ၄-တောင်တာ၏။ သဟဿံ၊ ၁-ထောင်ကို။ ကောသံ၊ ၁-ကောသ-ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ ကောသဒွယံ တု၊ ကောသ ၂-ခု, တာ ၂-ထောင်ကို။ ဂါဝုတိ၊ ၁-ဂါဝုတ်-ဟူ၍။ ဥစ္စတေ၊ ဆိုအပ်၏။ တဒွယံ၊ ထိုဂါဝုတ် ၂-ခုအပေါင်းကို။ ယောဇနံ၊ ယူဇနာမည်၏-ဟု။ ဝိဒူ၊ သိကုန်ရာ၏။

ဤယူဇနာဖွဲ့ကို ကောသကလေးနှင့်ဖွဲ့သော ယူဇနာဖွဲ့-ဟု မှတ်အပ်၏။

ဓနု ပဉ္စသတံ ကောသံ၊ စတုက္ကောသဉ္စ ဂါဝုတံ။
ဂါဝုတာနံ စ စတ္တာရိ၊ ယောဇနန္တိ စ ဝုစ္စရေ။ (ပဒရူပသိဒ္ဓိဋီကာ)

ဓနု ပဉ္စသတံ၊ ကုလားလေးတာ ပြန် ၅၀၀-သည်။ ကောသံ၊ ၁-ကောသ မည်၏။ စတုက္ကောသဉ္စ၊ ၄-ကောသသည်ကား။ ဂါဝုတံ၊ နွားလားတစ်တွန်၊ မလွန်သမုတ်၊ ၁-ဂါဝုတ် မည်၏။ ဂါဝုတာနံ၊ ဂါဝုတ်တို့၏။ စတ္တာရိ ၄-ခုတို့ကို။ ယောဇနန္တိ စ၊ ၁-ယူဇနာ-ဟူ၍လည်း။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

ဤအဖွဲ့ကိုကား ရှေးအဖွဲ့ထက် ထက်ဝက်တပိုးတိုး၍ ကြီးသော ကောသကြီးဖြင့် ဖွဲ့သော ယူဇနာဖွဲ့-ဟု မှတ်အပ်၏။

သို့ရာတွင် တောင်,တာဖွဲ့ရာ၌ ဆံခြည်, နှမ်း, မုယောတို့မှ စ၍ အဆင့်ဆင့် ဖွဲ့ဆိုရသည်ဖြစ်သောကြောင့် မုယောနေရာ၌ အမျိုးမျိုးထား၍ ဖွဲ့ဆိုကြသည်။

- အချို့ဆရာတို့က ၄-မုယောကို ၁-လက်သစ်ထား၍ ဖွဲ့သည်။
- အချို့ဆရာတို့က ၈-မုယောကို ၁-လက်သစ်ထား၍ ဖွဲ့သည်။
- သမ္မောဟဝိနောဒနီ-စသော သာသနာတော်ကျမ်းကြီး, ကျမ်းခိုင်တို့၌ကား ၇-မုယောကို လက် ၁-သစ်ထား၍ ဖွဲ့ဆိုသည်။
- အိန္ဒိယနိုင်ငံတွင် ယခုလက်ထက် အသုံးပြုလုပ်ကြသော သင်္ချာစာအုပ်ဆရာတို့ကား သိုးဆောင်းလူမျိုးတို့ အသုံးပြုလုပ်သော မိုင်ပေါင်း ၈-မိုင်ကို ၁-ယူဇနာ အမှန်ထား၍ တွက်ယူကြကုန်၏။

**သုံးသောင်းနှစ်ထောင်၊ သင်္ချာဆောင်၊ အတောင် ယူဇနာ။**
**ခ-ခ-ခေ-စော၊ စော-ဧ-သော၊ မုယော လုံးသင်္ချာ။**
**လေး-ရှစ်-ခုနစ်၊ မုယောစစ်၊ လက်သစ် ပြုကုန်ရာ။**

**အဋ္ဌသင်္ချာနည်း ပြီး၏။**

----- × -----

ဤပြဆိုအပ်ကုန်ပြီးသော ဆပ္ပစ္စယတို့ကို ဝဏ္ဏဆန်းသမဂါထာမျိုးတို့၌သာလျှင် အသုံးပြုလုပ်ရန် ရှင်သံဃရက္ခိတဆရာ ပြဆိုအပ်ကုန်၏။ မတြာဝုတ္တိဆန်း၌ အသုံးပြုလုပ်ရန် ပတ္ထာရပစ္စယ-စသည်တို့ကိုကား အလျဉ်းပင် မပြဆိုအပ်ကုန်။ ဋီကာ, ယောဇနာတို့၌လည်း အထူး မဖွင့်ဆိုကြကုန်။ ထို့ကြောင့် မတြာဆန်း၌ အသုံးပြုလုပ်အပ်သော ပတ္ထာရပစ္စယ စသည်တို့ကို ပြာကြိုဋ်ဘာသာ ပိင်္ဂလဆန်းကျမ်း၊ ဝုတ္တပစ္စယကောမုဒိကျမ်း၊ ပတ္ထာရာဒိ-ရတနာကရကျမ်းတို့မှ ထုတ်နုတ်၍ ပြဆိုပေအံ့။

မတြာဝုတ္တိ၌ ပတ္ထာရပစ္စယအစီအရင်ကား ရှေးဦးစွာ သဗ္ဗဂရုမတြာကို ရေးချအပ်၏။ ၎င်းနောက် အစဖြစ်သော ဂရုမတြာမှ နောက်၌ လဟုမတြာကို ရေးအပ်၏။ နောက်အကွက်တို့၌ အထက်တန်းနှင့်တူစွာ ရေးအပ်၏။ မတြာပိုခြင်း, လိုခြင်းကို ဆင်ခြင်ကြည့်ရှု၍ ရှေး လဟု, ဂရု-စသည်တို့ကို ပယ်ခြင်း၊ လဟုပြုခြင်း-စသည်ကို စီရင်ရသဖြင့် မတြာပတ္ထာရသည် ပြီးဆုံးခြင်းသို့ ရောက်၏။ ပုံတွင် ၆-မတြာ၏ ပတ္ထာရမျှကိုသာ ပြသည်။

## ၆-မတြာ ပတ္ထာရပုံ

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | | | | ၂ | ၂ | ၂ |
| ၂ | | | ၁ | ၁ | ၂ | ၂ |
| ၃ | | | ၁ | ၂ | ၁ | ၂ |
| ၄ | | | ၂ | ၁ | ၁ | ၂ |
| ၅ | | ၁ | ၁ | ၁ | ၁ | ၂ |
| ၆ | | | ၁ | ၂ | ၂ | ၁ |
| ၇ | | | ၂ | ၁ | ၂ | ၁ |
| ၈ | | ၁ | ၁ | ၁ | ၂ | ၁ |
| ၉ | | | ၂ | ၂ | ၁ | ၁ |
| ၁၀ | | ၁ | ၁ | ၂ | ၁ | ၁ |
| ၁၁ | | ၁ | ၂ | ၁ | ၁ | ၁ |
| ၁၂ | | ၂ | ၁ | ၁ | ၁ | ၁ |
| ၁၃ | ၁ | ၁ | ၁ | ၁ | ၁ | ၁ |
| အတန်းသချ်ာပေါင်း ၁၃-တန်းဖြစ်၏။ | | | | | | |

ဤပတ္ထာရပုံသည် ၆-မတြာပုံဖြစ်သောကြောင့် အထက်ဆုံးအတန်းတွင် (၂-၂-၂)ဟု ဂရုမတြာ ၃-လုံးကို ရေးထားအပ်၏။ ရှေးဆုံးဂရု၏ နောက်၌ လဟုကို စချလျှင် (၂-၁-၂-၂)ဟု ဖြစ်၏။ ဤ၌ မတြာပိုလွန်းသောကြောင့် အစဂရုကို လဟုပြုလျှင် (၁-၁-၂-၂) ဟူသော ဒုတိယတန်းပတ္ထာရ ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟုကို ရေးသည်ရှိသော် (၁-၁-၂-၁-၂)ဟု ဖြစ်၏။ ဤ၌ မတြာ ၁-ခု ပိုလွန်သောကြောင့် ရှေးလဟုကို ပယ်ဖြုတ်နုတ်ပစ်လိုက်လျှင် (၁-၂-၁-၂)ဟူသော တတိယတန်းပတ္ထာရ ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟုကို ရေးလျှင် (၁-၂-၁-၁-၂)ဟု ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးလဟု ၁-လုံးကို အသုံးမလုပ် ပယ်ဖြုတ်နုတ်ယူလိုက်လျှင် (၂-၁-၁-၂)ဟူသော စတုတ္ထပတ္ထာရ ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟုမတြာ ၁-ခုတိုး၍ ရေးလျှင် (၂-၁-၁-၁-၂)ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးဆုံးဂရုကို လဟုပြုလိုက်လျှင် (၁-၁-၁-၁-၂)ဟူသော ပဉ္စမပတ္ထာရ ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟုမတြာ ၁-ခုတိုး၍ ရေးလျှင် (၁-၁-၁-၁-၂-၁)ဖြစ်၏။ ဤ၌ မတြာ ၁-ခုပိုလွန်သောကြောင့် ရှေးဆုံးဖြစ်သော လဟုမတြာ ၁-ခုကို ပယ်ဖြုတ်နုတ်ပစ်လိုက်၍ ဂရုနှင့် နီးကပ်သောလဟု ၂-လုံးကို ပေါင်း၍ ဂရုလုံးတည်းပြုလျှင် (၁-၂-၂-၁) ဟူသော **ဆဋ္ဌပတ္ထာရသည်** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-လုံးတိုး၍ ရေးလိုက်လျှင် (၁-၂-၁-၂-၁)ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးဆုံးလဟု ၁-ခုကို မလို ပယ်မြစ်စွန့်ပစ်လိုက်လျှင် (၂-၁-၂-၁)ဟူသော **သတ္တမပတ္ထာရ** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-လုံးတိုး၍ ရေးလျှင် (၂-၁-၁-၂-၁)ဖြစ်၏။ ဤ၌ မတြာ ၁-ခု ပိုလွန်သောကြောင့် ရှေးဆုံးဂရုကို လဟုပြုသည်ရှိသော် (၁-၁-၁-၂-၁) ဟူသော **အဋ္ဌမပတ္ထာရ** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-လုံးတိုး၍ ရေးလျှင် (၁-၁-၁-၂-၁-၁) ဖြစ်၏။ ဤ၌ ရှေးဆုံးလဟုကို ပယ်ဖြုတ်၍ ဂရု၏ရှေး၌ရှိသော လဟု ၂-လုံးကို ပေါင်း၍ ဂရု ၁-လုံးတည်းပြုလိုက်လျှင် (၂-၂-၁-၁)ဟူသော **နဝမပတ္ထာရ** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-လုံးတိုး၍ ရေးလျှင် (၂-၁-၂-၁-၁)ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးဆုံးဂရုကို လဟုပြုလိုက်လျှင် (၁-၁-၂-၁-၁)ဟူသော **ဒသမပတ္ထာရ** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-ခုတိုး၍ ရေးလျှင် (၁-၁-၂-၁-၁-၁)ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးဆုံး လဟု ၁-လုံးကို မသုံးပယ်မြစ် စွန့်ပစ်အပ်သည်ရှိသော် (၁-၂-၁-၁-၁)ဟူသော **ဧကာဒသမပတ္ထာရ** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-လုံးတိုး၍ ရေးလျှင် (၁-၂-၁-၁-၁-၁) ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးဆုံးလဟု ၁-လုံးကို မသုံးပယ်ဖြုတ် နုတ်ယူစွန့်ပစ်လိုက်လျှင် (၂-၁-၁-၁-၁)ဟူသော **ဒွါဒသမပတ္ထာရ** ဖြစ်၏။

တဖန် ရှေးဂရုမှ နောက်၌ လဟု ၁-လုံး တိုး၍ရေးလျှင် (၂-၁-၁-၁-၁-၁)ဖြစ်၏။ ဤ၌ မတြာပိုလွန်သောကြောင့် ရှေးဆုံးဖြစ်သောဂရုကို လဟုပြုလိုက်လျှင် (၁-၁-၁-၁-၁-၁) ဟူသော **တေရသမပတ္ထာရ** ဖြစ်၏။

အလုံးစုံ သဗ္ဗလဟုမတြာချည်း ဖြစ်ပေါ်လာသဖြင့် ၆-မတြာ၏ပတ္ထာရသည် ၁၃-တန်းတွင် ဆုံးခန်းတိုင်မြောက် ပြီးစီးခြင်းသို့ ရောက်၏။ ဤ ၆-မတြာကို ပတ္ထာရဖြန့်သကဲ့သို့

တပါးသောအရာတို့၌လည်း မိမိတို့ အလိုရှိအပ်သော မတ္တာပတ္ထာရကို အကျယ်ဖြန့် ယူအပ်၏။

မတ္တာဆန်း၊ ပတ္ထာရပစ္စယ ပြီး၏။

----- x -----

နဋ္ဌနည်းတွက်ပုံကား လိုသောအတန်းသချာနှင့် နောက်ဆုံးသချာတွင် နုတ်၊ နုတ်ကြွင်းကို ဆင်ခြင်၍ အထက်တန်းရှိ သီသဂဏန်းနှင့် တူမျှသောဂဏန်းအဖြစ်သို့ ရောက်အောင် ခွဲဝေပိုင်းခြားပြီးလျှင် ထိုအထက်တန်း သီသဂဏန်း၏အောက်ကွက်၌ တည်သော မတ္တာကို နောက်မတ္တာနှင့် ရောနှော၍ ဂရုမတ္တာပြုသဖြင့် ပျောက်ဆုံးဖုံးကွယ်၍နေသော မတ္တာအနေအထားကို ပိုင်းခြားဖော်ပြအပ်၏။

ဝဏ္ဏဆန်း၌ ဂဏန်း ၁-ပိုးတိုး၍ တွက်ယူရသည်။

မတ္တာဆန်း၌ကား ရှေ့ဂဏန်းကို နောက်ဂဏန်းနှင့် ပေါင်း၍ (၁-၂-၃-၅-၈-၁၃-၂၁-၃၄) စသည်ဖြင့် တွက်ယူရသည်။

| | | | | | |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၅ | ၈ | ၁၃ |
| ၁ | ၁ | ၁ | ၁ | ၁ | ၁ |

၆-မတ္တာကို တွက်လိုလျှင် ဤပုံအတိုင်း ၆-ကွက်ရေး၍ အထက်တန်း၌ ၁,၂,၃,၅-စသော သီသဂဏန်းတို့ကို ရေးထားရသည်။ ၈-မတ္တာဖြစ်လျှင် ၈-ကွက် ၃၄-ထိ သီသဂဏန်း ထားရသည်။ ဤနည်းတူ အလိုရှိသော မတ္တာအရေအတွက်ကို အစဉ်လျှောက်၍ သီသဂဏန်းထားခြင်းကို ပြုအပ်၏။

၆-မတ္တာပတ္ထာရ၌ ၇-ခုမြောက်သော ပတ္ထာရတန်း၏ မတ္တာအပိုင်းအခြားကို တွက်ယူလိုလျှင် ၆-မတ္တာ၌ (၁-၂-၃-၅)စသည်ဖြင့် ၆-ခါစေ့အောင် ရေတွက်ရာ ၁၃-ဂဏန်းသည် အဆုံးဂဏန်းဖြစ်သောကြောင့် အဆုံးဂဏန်း ၁၃-တွင် ၇-ခုဖြင့် နုတ်ယူသဖြင့် ၆-ခု ကြွင်း၏။ ၎င်းအကြွင်း ၆-ခုကို သီသဂဏန်းမျိုးနှင့်တူအောင် ခွဲဝေပိုင်းခြားခြင်းကို ပြုလျှင် (၁+၅)ဟူသော ခွဲဝေခြင်းကို ရရှိပေ၏။ ၎င်းသီသ ၁-ဂဏန်း, သီသ ၅-ဂဏန်းတို့၏ အောက်ကွက်၌ရှိသော လဟု,မတ္တာတို့ကို နောက်ကွက်၌တည်သော လဟု,မတ္တာနှင့် ပေါင်းစည်းစုရုံး၍ ဂရု ၁-လုံးတည်းပြုသည်ရှိသော် ၆-မတ္တာရှိ ပတ္ထာရ၌ ၇-ခုမြောက်သော အတန်း၏ဂရု, လဟုမတ္တာအပိုင်းအခြားသည် (၂-၁-၂-၁) ဖြစ်၏-ဟု ပျောက်ဆုံးကွယ်မြုပ် တိမ်ငုပ်၍ နေသော မတ္တာအနေအထားကို ဖော်ပြအပ်၏။ ၁၃-အဆုံးဂဏန်းတွင် ၇-ခုဖြင့် နုတ်၊ ကြွင်း ၆-ဂဏန်းကို (၁+၅), (၂+၄), (၃+၃), (၄+၂), (၅+၁)-ဟု ၅-မျိုးခွဲ၍ ယူနိုင်သော်

လည်း (၁+၅) တစ်မျိုးသည်သာလျှင် သီသဂဏန်း ၂-မျိုးတို့နှင့် တိုက်ဆိုင်မိသည်ဖြစ်သော ကြောင့် ၎င်း ၁-မျိုးကိုသာ ယူရ၏။

**မတြာနဋ္ဌနည်း ပြီး၏။**

----- x -----

မတြာဥဒ္ဒိဋ္ဌနည်းတွက်ပုံကား အလိုရှိအပ်သော "မတြာအစဉ်ကို ရှေးဦးစွာ ရေး၍ ထား။ (၁-၂-၃-၅-၈-၁၃)စသော သီသဂဏန်းတို့ကို လဟု,မတြာဖြစ်လျှင် လဟု,မတြာတို့၏ အထက်ကွက်၌ (၁-၂-၃-၅-၈-၁၃)စသည်ဖြင့် အစဉ်အတိုင်းရေး၍ထားရသည်။ ဂရုမတြာ ဖြစ်လျှင် (၁-၂-၃-၅-၈-၁၃)စသော သီသဂဏန်းတို့ကို အထက်,အောက် ညှပ်၍ ရေးထားရ သည်။ တစ်ဖန် ဂရုမတြာတို့၏အထက်ကွက်၌ တည်ကုန်သော သီသဂဏန်းတို့ကို ပေါင်းယူ ၍ နောက်ဆုံးဖြစ်သော သီသဂဏန်းတွင် နုတ်ပြီးလျှင် အကြွင်းသေသကို ကြည့်ရှုဆင်ခြင် သည်ဖြစ်၍ ဤမည်သောအတန်း၌ တည်ရှိကြောင်းကို ညွှန်ပြအပ်၏။

| | | | |
|---|---|---|---|
| ၁ | ၃ | ၈ | ၁၃ |
| ၂ | ၂ | ၁ | ၁ |
| ၂ | ၅ | | |

ဆမတ္တိက ၆-မတြာရှိသောပဋ္ဌာရ၌ (၂-၂-၁-၁)ဟူသော မတြာ အစီအစဉ်တို့သည် မည်သည့်အတန်းသချာ၌ တည်ကုန်သနည်း-ဟု သိရှိလိုသောအခါ၌ ပုံတွင်ပြထားသည့် အတိုင်း အနံ ၃-ကွက်တို့တွင် အလယ်ကွက်၌ (၂-၂-၁-၁)ဟူသော လိုသော မတြာစဉ်ကို ရေးထားပြီးနောက် အစဂရုမတြာ ၏ ထိပ်အပေါ်ကွက်တွင် ၁-ဟူသော သီသဂဏန်းကို ရေးသားပြီး၍ တဖန် ၎င်းဂရု၏ အောက်ဘက်အကွက်၌ ၂-ဟူသော သီသဂဏန်းကို ရေးထားရသည်။

ဒုတိယဂရုမတြာ၏ ထိပ်အပေါ်ကွက်တွင် ၃-ဟူသော သီသဂဏန်းကို ရေးသားပြီး ၍ ၎င်းဒုတိယဂရုမတြာ၏ အောက်ဘက်အကွက်၌ ၅-ဟူသော သီသဂဏန်းကို ရေးထားရ သည်။ တဖန် တတိယလဟုမတြာ၏ အထက်ထိပ်ကွက်၌ ၈-ဟူသော သီသဂဏန်း ၁-ခု ကိုသာ ရေးထားရသည်။

တဖန် စတုတ္ထလဟုမတြာ၏ အပေါ်ထိပ်ကွက်၌ ၁၃-ဟူသော သီသဂဏန်း ၁-ခု ကိုသာ ရေးထားရသည်။ ဤကဲ့သို့ သီသဂဏန်းသချာတို့ကို ဂရု,လဟုအားလျော်စွာ နေရာ ချထား ရေးသားစီစဉ်ပြီးလျှင် ပထမ ဂုရုမတြာ၏ အပေါ်ထိပ်ကွက်၌ တည်သော ၁-ဂဏန်း၊ ဒုတိယဂုရုမတြာ၏ အပေါ်ထိပ်ကွက်၌ တည်သော ၃-ဂဏန်းတို့ကို ပေါင်းယူ၍ ရရှိသော ၄-ခုဂဏန်းနှင့် အဆုံးဂဏန်း ၁၃-ခုသချာတွင် နုတ်ပယ်အပ်သည်ရှိသော် ၉-ခုသချာကြွင်း ကျန်၏။ ၎င်းသေသ ၉-သချာသည် (၂-၂-၁-၁)ဟူသော မတြာအစီအစဉ်၏ တည်နေရာ အတန်းသချာဖြစ်၏-ဟု ညွှန်ပြအပ်၏။

| | | | | |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၅ | ၈ |
| ၁ | ၁ | ၁ | ၁ | ၂ |
| | | | | ၁၃ |

ဤပုံ၌ အလယ်အတန်းတွင် အလိုရှိသော(၁-၁-၁-၁-၂) ဟူသော နဋ္ဌမတြာအစီအစဉ်ကို ရေးထားပြီး၍ လဟုမတြာ ၄-လုံး တဆက်တည်း တည်နေသောကြောင့် ၎င်းမတြာတို့၌ အထက်, အောက် မညှပ်မူ၍ အထက်ကွက်တို့၌သာလျှင် (၁-၂-၃-၅)ဟူသော သီသဂဏန်းသချာတို့ကို ရေးထားရသည်။

နောက်ဆုံးဂရုမတြာ၌ကား (၈-၁၃)ဟူသော သီသဂဏန်းတို့ကို အထက်,အောက် ညှပ်၍ ရေးထားရသည်။ အဆုံး ၁၃-ဂဏန်းတွင် ၈-ခုနှင့် နုတ်ယူရာ အကျန်သေသ ၅-ဂဏန်းသည် (၁-၁-၁-၁-၂)ဟူသော မတြာတို့၏တည်နေရာ အတန်းသချာ ဖြစ်၏။ ဤနည်း ကို အစဉ်မှီး၍ မိမိတို့ အလိုရှိအပ်သော မတြာတို့၏ အတန်းသချာကို ပေါ်အောင် တွက်ယူ အပ်၏။

မတြာဥဒ္ဒိဋ္ဌပစ္စယ ပြီး၏။

----- x -----

မတြာမေရုတွက်ပုံကား ၁-မတြာမှစ၍ အလိုရှိသောမတြာသို့ ရောက်သည့်တိုင် အောင် အထက်မှ စ၍ အောက်သို့ အစဉ်အတိုင်း မတြာပုံကို ရှေးဦးစွာ ရေးထားအပ်၏။ တဖန် အထက်ဆုံးအကွက်မှ စ၍ ၁-ကွက်,၁-ကွက်စီတိုးပြီးလျှင် ကွက်စုံ ၂-ခုစီ ရေးအပ်၏။ အထက်အကွက်တို့၌လည်းကောင်း၊ လက်ဝဲ အစကွက်တို့၌လည်းကောင်း ၁-သချာကို ရေးချ အပ်၏။

တွက်ရန်ပုံကြမ်း

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ၁ | ၁ | | | | | |
| | | | | | ၂ | ၁ | ၁ | | | | |
| | | | | ၁ | ၂ | ၁ | | | | | |
| | | | | ၂ | ၂ | ၁ | | ၁ | | | |
| | | | ၁ | ၂ | ၂ | ၁ | | | | | |
| | | | ၂ | ၂ | ၂ | ၁ | | | ၁ | | |
| | | ၁ | ၂ | ၂ | ၂ | ၁ | | | | | |
| | | ၂ | ၂ | ၂ | ၂ | ၁ | | | | ၁ | |
| | ၁ | ၂ | ၂ | ၂ | ၂ | ၁ | | | | | |
| | ၂ | ၂ | ၂ | ၂ | ၂ | ၁ | | | | | ၁ |
| ၁ | ၂ | ၂ | ၂ | ၂ | ၂ | ၁ | | | | | |

တွက်ပြီးပုံ

ပထမမတြာမေရုပုံ

| | | | | | |
|---|---|---|---|---|---|
| ၁ | | | | | |
| ၁ | ၁ | | | | |
| ၁ | ၂ | | | | |
| ၁ | ၃ | ၁ | | | |
| ၁ | ၄ | ၃ | | | |
| ၁ | ၅ | ၆ | ၁ | | |
| ၁ | ၆ | ၁၀ | ၄ | | |
| ၁ | ၇ | ၁၅ | ၁၀ | ၁ | |
| ၁ | ၈ | ၂၁ | ၂၀ | ၅ | |
| ၁ | ၉ | ၂၈ | ၃၅ | ၁၅ | ၁ |
| ၁ | ၁၀ | ၃၆ | ၅၆ | ၃၅ | ၆ |

တဖန် မိမိတို့၏ အကွက်ပေါ်တွင်ရှိသော ဂဏန်းနှင့် လက်ယာဘက် ထောင့်ကွက် အစဉ်၌ရှိသော ဂဏန်းတို့ကို ပေါင်း၍ရသော သင်္ချာသည် ကြွင်းကုန်သော အကွက်တို့၌ ရေးချရန် ဂဏန်းသင်္ချာဖြစ်၏။ ပုံတွင်ပြထားသည့်အတိုင်း ထောင့်ဖြတ်ကျော်သန်း၍ ထောင့်တန်းပေါင်းရမည် ဆိုလို၏။ အထက်ဆုံး ထိပ်ကွက်၌ရှိသော ၁-ဂဏန်းနှင့် အထက်ဆုံး ထောင့်ကွက်တွင်ရှိသော ၁-ဂဏန်းကို ပေါင်း၍ရသော ၂-သင်္ချာကို အထက်ဆုံး ထောင့်ကွက်၏ အောက်အကွက်၌ ရေးအပ်၏။

တဖန် လက်ဝဲဘက်ဒုတိယ ၁-ဂဏန်းနှင့် ယခင် ၂-ဂဏန်းကို ပေါင်း၍ရသော ၃-သင်္ချာကို ဒုတိယထောင့်ကွက်၏ ရှေ့အကွက်၌ ရေးအပ်၏။ ဤသို့ စသည်ဖြင့် ရေးစီရင်ခြင်းကို ပြုလျှင် (၂-၃-၄-၅-၆-၇)စသော ဂဏန်းတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာကုန်၏။

တဖန် ယခင်တွက်၍ ရအပ်ကုန်ပြီးသော (၁-၂-၃-၄-၅-၆-၇)စသော လက်ဝဲဂဏန်းတို့တွင် ၂-ဂဏန်းနှင့် ဒုတိယထောင့်ကွက် လက်ယာဘက် ၁-ဂဏန်းတို့ကို ပေါင်း၍ရသော ၃-ခုသင်္ချာကို ဒုတိယထောင့်ကွက်၏ အောက်ဖြစ်သော အကွက်အစဉ်၌ ရေးအပ်၏။ တဖန် ၂-ဂဏန်း၏ အောက်ကွက်၌ရှိသော လက်ဝဲဘက် ၃-သင်္ချာဂဏန်းနှင့် လက်ယာဘက် ဒုတိယထောင့်ကွက်အောက်တွင်ရှိသော ယခင် ၃-ဂဏန်းကို ပေါင်း၍ရသော ၆-ဂဏန်းကို တတိယထောင့်ကွက်၏ ရှေ့ယခင်တွက်ရ ၃-ဂဏန်း၏ အောက်ကွက်၌ ရေးအပ်၏။

ဤသို့ စသည်ဖြင့် ထောင့်တန်းကွက်ချင်း ပေါင်း၍ ယူသဖြင့် (၃-၆-၁၀-၁၅-၂၁-၂၈-၃၆)တည်းဟူသော ဂဏန်းတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာကုန်၏။ တဖန် ယခင်တွက်ရ (၃-၆-၁၀-၁၅)စသော လက်ဝဲဘက်ဂဏန်းတို့တွင် အစဆုံး ၃-ဂဏန်းနှင့် တတိယ

ထောင့်ကွက်ရှိ ၁-ဂဏန်းကို ပေါင်း၍ရရှိသော ၄-ဂဏန်းကို တတိယထောင့်ကွက်၏အောက် လက်ဝဲ ၁၀-ဂဏန်း၏နောက် လက်ယာဘက်ကွက်လပ်၌ ရေးအပ်၏။ ဤသို့ စသည်ဖြင့် ရှေးနည်းတူ ထောင့်ဖြတ်လက်ဝဲ, လက်ယာဂဏန်းချင်း ပေါင်းယူသဖြင့် (၄-၁၀-၂၀-၃၅-၅၆)ဟူသော ဂဏန်းတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်လာကုန်၏။ ထိုနည်းတူ တွက်ယူသဖြင့် (၅-၁၅-၃၅)ဟူသော သချာတို့နှင့် နောက်ဆုံး ၆-ဂဏန်းသချာတို့သည် အစဉ်အတိုင်း ဖြစ်ပေါ်၍လာကုန်၏။

မတ္တာမေရုတွက်ပုံနည်းသည် ဝဏ္ဏဝုတ္တိယဆပ္ပစ္စယတွင် လဂကြိယာနည်းနှင့် တန်းတူညီမျှကြ၏။ ဧကဂရု-စသည် တွက်ပုံမှာ ကွဲလွဲထူးခြားကြ၏။

ဒုတိယ
မတ္တာမေရုပုံ

| | | | | | |
|---|---|---|---|---|---|
| ၁ | ၁ | | | | |
| ၂ | ၁ | | | | |
| ၁ | ၃ | ၁ | | | |
| ၃ | ၄ | ၁ | | | |
| ၁ | ၆ | ၅ | ၁ | | |
| ၄ | ၁၀ | ၆ | ၁ | | |
| ၁ | ၁၀ | ၁၅ | ၇ | ၁ | |
| ၅ | ၂၀ | ၂၁ | ၈ | ၁ | |
| ၁ | ၁၅ | ၃၅ | ၂၈ | ၉ | ၁ |
| ၆ | ၃၅ | ၅၆ | ၃၆ | ၁၀ | ၁ |
| ဂု၅ | ဂု၄ | ဂု၃ | ဂု၂ | ဂု၁ | |

မတ္တာမေရု ပြီး၏။

----- × -----

မတ္တာဆန်း၌ မေရုပဋာကာတွက်ပုံနည်းကား အောက်ဥဒ္ဒိဋ္ဌနည်းတွင် ဆိုအပ်ပြီးသည်နှင့်တူသော ၁, ၂, ၃, ၅, ၈, ၁၃-စသော သင်္ကေတပညတ်, အမှတ်ဂဏန်း, အတန်းသချာကို အလိုရှိအပ်သော မတ္တာတိုင်ရောက်အောင် ရေးထားပြီး၍ လက်ဝဲနောက်လှန် ပြောင်းပြန်လည်သဖြင့် နောက်ဆုံး ဥဒ္ဒိဋ္ဌဂဏန်းသချာ၌ ပို့သယ်ဆောင်ယူ၍ ပယ်နုတ်ဖျက်ချေ ပျောက်ကျေစေပြီးသည်ရှိသော် ဂဏန်း ၁-လုံးတည်းဖြင့် ဖျက်ချေနုတ်ပစ်ရာ၌ ဂရု ၁-လုံးသာလျှင်ရှိသော ဧကဂရုတန်းကို သိရာ၏။ ဂဏန်း ၂-လုံးပူး, ၃-လုံးပူးပေါင်းတွဲ၍ ဖျက်ချေနုတ်ပစ်ရာ၌ ဂရု ၂-လုံးရှိသော ဒွိဂရုတန်း, ဂရု ၃-လုံးရှိသော တိဂရုတန်းကို သိရာ၏။ ၆-မတ္တာရှိသော

မတြာဝုတ္တိ၌ သဗ္ဗလဟုတန်း-၁၊ ၁-ဂရုတန်း-၅၊ ၂-ဂရုတန်း-၆၊ ၃-ဂရုတန်း ၁-ဟု ရှိရာတွင် သဗ္ဗလဟုတန်း ၁-ဟူသည် ၁၃-ခုမြောက်သောအတန်း-ဟူ၍လည်းကောင်း၊ ဧကဂရု ၅-တန်းဟူသည် ၅-ခု, ၈-ခု, ၁၀-ခု, ၁၁-ခု, ၁၂-ခုမြောက်သော အတန်းတို့-ဟူ၍လည်းကောင်း ပုံတွင် ဖော်ပြထားသည့်အတိုင်း အတန်းကောက်နုတ် အစိတ်ထုတ်၍ ပြဆိုသည်။

မေရုပဋ္ဌာကာပုံ

<table>
<tr><td>၁</td><td>၂</td><td>၃</td><td>၅</td><td>၈</td><td>၁၃</td></tr>
<tr><td>၃-ဂု-၁</td><td>၂-ဂု-၅</td><td>၁-ဂု-၅</td><td colspan="3">သဗ္ဗလ-၁</td></tr>
<tr><td>၁</td><td>၂</td><td>၅</td><td colspan="3">၁၃</td></tr>
<tr><td></td><td>၃</td><td>၈</td><td colspan="3"></td></tr>
<tr><td></td><td>၄</td><td>၁၀</td><td colspan="3"></td></tr>
<tr><td></td><td>၆</td><td>၁၁</td><td colspan="3"></td></tr>
<tr><td></td><td>၇</td><td>၁၂</td><td colspan="3"></td></tr>
<tr><td></td><td>၉</td><td></td><td colspan="3"></td></tr>
</table>

မေရုပဋ္ဌာကာပုံ၌ အထက်တန်းတွင် မတြာ-ဥဒ္ဒိဋ္ဌနည်းအတိုင်း (၁-၂-၃-၅-၈-၁၃)ဟု အစဉ်အတိုင်း ၆-မတြာ၏ သီသသင်္ချာကို ရေး၍ထား။ ဥဒ္ဒိဋ္ဌအဆုံး ၁၃-ဂဏန်းတွင် လက်ဝဲဘက်၌ရှိသော ၈-ခုသင်္ချာဖြင့် နုတ်ပယ်၍ အကြွင်း ၅-ဂဏန်းကို ၁-ဂုရုတန်း၏ အောက်ကွက်၌ ရေး။ ၎င်းနည်းတူ ၁၃-ဂဏန်းကို တည်၍ ၅-ခုသင်္ချာ, ၃-ခုသင်္ချာ, ၂-ခုသင်္ချာ, ၁-ခုသင်္ချာတို့ဖြင့် နုတ်ပယ်စွန့်ပစ်၍ အကြွင်း ၈-ဂဏန်း, ၁၀-ဂဏန်း, ၁၁-ဂဏန်း, ၁၂-ဂဏန်းတို့ကို ယခင် ၅-ဂဏန်း၏ အောက်ကွက်တို့၌ အစဉ်အတိုင်း ရေးအပ်၏။ ဂရုမတြာ ၁-လုံးသာလျှင်ရှိသော ဧကဂုရုတန်း ၅-ခုဖြစ်၏။

၎င်း ၁၃-အဆုံးဂဏန်းတွင် ယခင် ၅-တန်းအတွင်း၌ရှိသော ၅-ခုသင်္ချာနှင့် ၈-ခုသင်္ချာ ၂-လုံးပေါင်းရ ၁၃-ဂဏန်းနှင့် နုတ်ပစ်လိုက်ရာ အကြွင်းသေသ မရှိ သုဉ်းသောကြောင့် ပယ်စွန့်အပ်၏။

တဖန် ၈-ဂဏန်းနှင့် လက်ဝဲဘက် ၁-ကွက်ကျော် ၃-ဂဏန်းပေါင်းရ ၁၁-ခု၊ ၈-ဂဏန်းနှင့် လက်ဝဲဘက် ၂-ကွက်ကျော် ၂-ဂဏန်းပေါင်းရ ၁၀၊ ၈-ဂဏန်းနှင့် လက်ဝဲဘက် ၃-ကွက်ကျော် ၁-ဂဏန်းပေါင်းရ ၉-ခုသင်္ချာတို့ဖြင့် နုတ်ပယ်စွန့်ပစ်၍ အကြွင်း ၂-ဂဏန်း, ၃-ဂဏန်း, ၄-ဂဏန်းတို့ကို ဒုတိယတန်း ၂-ဂုရု၏ အောက်ကွက်လပ်တို့၌ အစဉ်အတိုင်း ရေးအပ်ကုန်၏။

တဖန် ၁၃-အဆုံးဂဏန်းတွင် ၅-ဂဏန်းနှင့် ၃-ဂဏန်းပေါင်းရ ၈-ခုသင်္ချာဖြင့် နုတ်ပစ်ရာ ကြွင်းကျန်သော ၅-ဂဏန်းကို ရှေး၌ယူပြီးဖြစ်သောကြောင့် ပယ်နုတ်စွန့်ပစ်အပ်၏။

တဖန် ၎င်း ၁၃-အဆုံးဂဏန်းတွင် ၅-ဂဏန်းနှင့် ၂-ခုဂဏန်း ပေါင်းရ ၇-ခု၊ ၅-ဂဏန်းနှင့် ၁-ခုဂဏန်းပေါင်းရ ၆-ခုတို့ဖြင့် နုတ်ပစ်ရာ အကြွင်း ၆-ဂဏန်း, ၇-ဂဏန်းတို့ကို ယခင် ၄-ဂဏန်း၏ အောက်ကွက်လပ်တို့၌ အစဉ်အတိုင်း ရေးအပ်ကုန်၏။

၃-ဂဏန်းနှင့် ၂-ဂဏန်းပေါင်းရ ၅-ဂဏန်းနှင့် ယခင် ၁၃-အဆုံးဂဏန်းတွင် နုတ်ပစ်ရာ ကြွင်းကျန်သော ၈-ခုသင်္ချာကိုကား ရှေး၌ ယူပြီးဖြစ်သောကြောင့် စွန့်ပစ်အပ်၏။ ၎င်း ၁၃-အဆုံးဂဏန်းတွင် ၃-ဂဏန်းနှင့် ၁-ဂဏန်းပေါင်းရ ၄-ဂဏန်းဖြင့် နုတ်ပစ်ရာ ကြွင်းကျန်သော ၉-ဂဏန်းသင်္ချာကို ၇-ခုဂဏန်း၏ အောက်ကွက်လပ်တွင် ရေးအပ်၏။ ၎င်း ၁၃-အဆုံးဂဏန်းတွင် ၂-ဂဏန်းနှင့် ၁-ဂဏန်းပေါင်းရ ၃-ဂဏန်းဖြင့် နုတ်ပစ်ရာ ကြွင်းကျန်သော ၁၀-သင်္ချာဂဏန်းကို ရှေး၌ လိုရာကွက်တွင် ထည့်သွင်းယူဆောင်ပြီးဖြစ်၍ စွန့်ပစ်ပယ်ထားအပ်၏။

ဂဏန်း ၃-လုံးပေါင်း၍ နုတ်နည်းမှာလည်း ဤနည်းအတိုင်းသာလျှင် ဖြစ်သောကြောင့် အကျယ်အပို မရေးဆိုတော့ပြီ။ လိုရာကွက်တွင်း ထည့်သွင်းယူဆောင်ပြီးဖြစ်သော ဂဏန်းသင်္ချာ လုံးလုံးဆိတ်သုဉ်းသော ဂဏန်းတို့ကို အပိုခွါထုတ် ပယ်နုတ်စွန့်ပစ်အပ်ကုန်၏။ ၈-ခု, ၃-ခု, ၁-ခု ၎င်းဂဏန်း ၃-လုံးပေါင်းရ ၁၂-ခုသင်္ချာဖြင့် ယခင် ၁၃-အဆုံးဂဏန်းတွင် ပယ်နုတ်ရာ ကြွင်းကျန်သော ၁-ဂဏန်းသင်္ချာကို ပဋ္ဌမတန်း ၃-ဂုရုအောက်ကွက်၌ ရေးအပ်၏။ ဤမျှသာလျှင် လိုအပ်သောဂဏန်းအရေအတွက် ရရှိသည်ဖြစ်၍ ၆-မတြာရှိသော ဆမတ္တိကာပတ္ထာရ၌ မတြာမေရုစက်တွင် ရေးသားဖော်ပြအပ်သော သင်္ချာအရေအတွက်ကို ဤမေရုပဋ္ဌာကာတွက်နည်းဖြင့် အတန်းသင်္ချာစုံလင်စွာ ပေါ်ထွက်အောင် တွက်ယူရရှိပြီးဖြစ်ရကား မေရုပဋ္ဌာကာတွက်နည်းသည် ပြီးဆုံးခြင်းသို့ ရောက်လေတော့၏။ ကြွင်းကုန်သော မတြာတို့၌လည်း ထိုက်သည့်အလျောက် တွက်ယူအပ်၏။

ဤကား မတြာဆန်း၌ မေရုပဋ္ဌာကာတွက်ပုံနည်းတည်း။ အလွန်တွေကြုံခဲ, ကြည့်ရှုရခဲသော တွက်နည်းစုဖြစ်၍ သေချာစွာ အကျယ်အားဖြင့် ရေးသားပြဆိုလိုက်သတည်း။

ဆမတြာပဋ္ဌာကာပုံ တစ်မျိုး




မတြာမေရုပဋ္ဌာကာ ပြီး၏။

ဝုတ္တောဒယကျမ်းတွင် မဇ္ဈာဆန်း၌ အတွင်းဝင်သော ဝဏ္ဏ, ဂရု, လဟု ရေတွက်နည်းကို "ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ"စသော ဂါထာဖြင့် ပြဆိုတော်မူခဲ့သော်လည်း စုံလင်စွာ မပါသေး။ သိမှတ်ဖွယ်ရာ ကြွင်းကျန်ခဲ့သေးသည်ဖြစ်သောကြောင့် မဇ္ဈာမက္ကဋီတွက်နည်းကို ရေးသားပြဆိုသည်။

အလျား ၇-ကွက်, အနံ ၅-ကွက်ရှိသော ဇယားအင်းပုံကို ရှေးဦးစွာ ရေးထားပြီး၍ ၁-မဇ္ဈာဖွဲ့မှ ၇-မဇ္ဈာဖွဲ့ထိ မဇ္ဈာမက္ကဋီတွက်နည်းကို ဤသို့ စီရင်အပ်၏။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ဝုတ္တ |
| ၁ | ၂ | ၃ | ၅ | ၈ | ၁၃ | ၂၁ | ဘေဒ |
| ၁ | ၄ | ၉ | ၂၀ | ၄၀ | ၇၈ | ၁၄၇ | မဇ္ဈာ |
| ၁ | ၃ | ၇ | ၁၅ | ၃၀ | ၅၈ | ၁၀၉ | ဝဏ္ဏ |
| ၀ | ၁ | ၂ | ၅ | ၁၀ | ၂၀ | ၃၈ | ဂုရု |
| ၁ | ၂ | ၅ | ၁၀ | ၂၀ | ၃၈ | ၇၁ | လဟု |
| မဇ္ဈာမက္ကဋီစက်ပထမပုံ | | | | | | | |

ဇယားအင်းပုံတွင်—

- အထက်ဆုံး ပထမအစဉ်၌ ၁-ကလာ, ၂-ကလာ, ၃-ကလာ စသည်ဖြင့် ဝုတ္တိကလာစဉ်ကို ရေးအပ်၏။
- ဒုတိယအစဉ်၌ (၁-၂-၃-၅)စသော ဝုတ္တိဘေဒကို ရေးသားအပ်၏။
- တတိယအစဉ်၌ကား ပထမကလာစဉ်ဂဏန်းကို တည်၍ ဒုတိယ ဝုတ္တိဘေဒဂဏန်းဖြင့် မြှောက်ယူ၍ရအပ်သော မြှောက်ရကိန်းဂဏန်းကို ရေးအပ်၏။
- စတုတ္ထအစဉ်၌ ရှေးဦးစွာ ၁-ဂဏန်းသင်္ချာကို ပထမအကွက်တွင် ရေးပြီးနောက် ၎င်း ၁-ဂဏန်း ၂-ဘေဒအစဉ်တွင်ရှိသော ၂-ဂဏန်းကို ပေါင်း၍ ရရှိသော ၃-ခု သင်္ချာကို ၁-ဂဏန်း၏နောက် လက်ယာဘက်အကွက်၌ ရေးအပ်၏။

ပထမအကွက်တွင်ရှိသော ၁-ဂဏန်း၊ ဒုတိယအကွက်တွင်ရှိသော ၃-ဂဏန်းတို့ကို တတိယကွက်တွင်ရှိသော ဘေဒ ၃-ဂဏန်းနှင့် ပေါင်း၍ ရရှိသော ၇-ခုဂဏန်းကို တတိယ ကွက်တွင် ရေးအပ်၏။

ပထမ ၁-ဂဏန်းကွက်ကို လွှတ်၍ထားခဲ့။ ဒုတိယကွက်တွင်ရှိသော ၃-ဂဏန်းနှင့် တတိယကွက်တွင်ရှိသော ၇-ခုဂဏန်းတို့ကို စတုတ္ထကွက်တွင်ရှိသော မိမိ၏ဘေဒဂဏန်း ၅-ခုသင်္ချာတွင် ပေါင်း၍ ရသော ၁၅-ခုသင်္ချာဂဏန်းကို စတုတ္ထကွက်တွင် ရေးအပ်၏။

ဒုတိယကွက်ကို လွှတ်၍ထားခဲ့။ တတိယ, စတုတ္ထကွက်တို့တွင်ရှိသော ၇-ခုသင်္ချာ၊ ၁၅-ခုသင်္ချာတို့ကို ပဉ္စမကွက်တွင်ရှိသော ၈-ဂဏန်းသင်္ချာတွင် ပေါင်း၍ ရရှိသော ၃၀-သင်္ချာဂဏန်းကို ပဉ္စမကွက်၌ ရေးအပ်၏။

ဤသို့ စသည်ဖြင့် ရှေးရှေး၌ဖြစ်သော အကွက်တို့ကို လွှတ်ထားခဲ့၍ နောက် ၂-ကွက်၌ ရှိသော ဂဏန်းသင်္ချာတို့ကိုသာ ယူ၍ မိမိတို့၏ဘေဒသင်္ချာနှင့် ပေါင်းယူပြီးလျှင် ရရှိသော ဂဏန်းသင်္ချာတို့ကို ရေးသားသဖြင့် ဝဏ္ဏသင်္ချာပြီးဆုံးခြင်းကို ရောက်စေအပ်၏။ ပထမပုံတွင် ၇-မတြာရှိသော မတြာဝုတ္တိထိ ပြထား၏။ ဒုတိယပုံတွင် ၁၀-မတြာရှိသော မတြာဝုတ္တိတိုင် ရောက်အောင် ပြထားသည်။

| မတြာမက္ကဋီစက် ဒုတိယပုံ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ဝုတ္တိ-ကာလ |
| ၁ | ၂ | ၃ | ၅ | ၈ | ၁၃ | ၂၁ | ၃၄ | ၅၅ | ၈၉ | ဘေဒ |
| ၁ | ၄ | ၉ | ၂၀ | ၄၀ | ၇၈ | ၁၄၇ | ၂၇၂ | ၄၉၅ | ၈၉၀ | မတြာ |
| ၁ | ၃ | ၇ | ၁၅ | ၃၀ | ၅၈ | ၁၀၉ | ၂၀၀ | ၃၆၅ | ၆၅၅ | ဝဏ္ဏ |
| ၀ | ၁ | ၂ | ၅ | ၁၀ | ၂၀ | ၃၈ | ၇၁ | ၁၃၀ | ၂၃၅ | ဂုရု |
| ၁ | ၂ | ၅ | ၁၀ | ၂၀ | ၃၈ | ၇၁ | ၁၃၀ | ၂၃၅ | ၄၂၀ | လဟု |

ပဉ္စမအစဉ်, ဆဋ္ဌအစဉ်တို့၌ကား "ဝိနာ ဝဏ္ဏေဟိ မတ္တာ ဂါ"စသော ဂါထာနှင့်အညီ မတြာသင်္ချာကို တည်၍ ဝဏ္ဏသင်္ချာဖြင့် နုတ်ပယ်စွန့်ပစ်လျှင် ပဉ္စမအစဉ်၌ ရေးအပ်သော (၀-၁-၂-၅-၁၀)စသော ဂုရုအရေအတွက် ဂဏန်းသင်္ချာတို့သည်လည်းကောင်း၊ ဝဏ္ဏသင်္ချာကို တည်၍ ဂုရုသင်္ချာဖြင့် နုတ်ပယ်စွန့်ပစ်လျှင် ဆဋ္ဌအစဉ်၌ ရေးအပ်သော (၁-၂-၅-၁၀) စသော လဟုအရေအတွက်သင်္ချာတို့သည်လည်းကောင်း ဖြစ်ကုန်၏။

ပဏ္ဍာအရိယာ၏ မတြာမက္ကဋီကို တွက်လိုလျှင် ၎င်းဂါထာ၌ ရသင့်,ရထိုက်သော မတြာ ၅၇-ကို အစထား၍ ဝုတ္တိ, ဘေဒ, မတြာ, ဝဏ္ဏ, ဂုရု, လဟု-ဟူသော ၆-မျိုးကုန်သော မတြာမက္ကဋီတို့ကို ပေါ်ထွက်အောင် တွက်ယူအပ်ကုန်၏။ ကြွင်းကုန်သော မတြာဝုတ္တိတို့၌ လည်း ဤနည်းကို အစဉ်မှီး၍ မတြာမက္ကဋီကို စီရင်အပ်၏။ မတြာမက္ကဋီတွက်နည်း ပြီး၏။

မဂ္ဂါဝတ္တိသဘ်ာပစ္စယနည်း, မဂ္ဂါဝတ္တိအဒ္ဓသဘ်ာပစ္စယနည်းတို့ကိုကား ဝဏ္ဏဝတ္တိ ဆပ္ပစ္စယ၌ ပြဆိုအပ်ပြီးသော နည်းအတိုင်း တွက်ယူ၍ ပညာရှိတို့သည် စီရင်အပ်ကုန်၏။

အဒ္ဓသမဝုတ္တိ, ဝိသမဝုတ္တိ, ဝတ္တဝုတ္တိတို့၌ ရသင့်ရထိုက်ကုန်သော ပတ္ထာရ, နဋ္ဌ, ဥဒ္ဒိဋ္ဌ-အစရှိကုန်သော ပစ္စယတို့ကိုလည်း သမဝဏ္ဏဝုတ္တိဆပ္ပစ္စယနည်းတို့ကို အစဉ်မှီး၍ ထိုက်သည်အလျောက် ဝေဖန်အပ်ကုန်၏။

နောက်သားနောက်လာတို့ အကျိုးကျေးဇူးဖြစ်ပွါးစေခြင်းငှာ ဂန္ထဂရုဖြစ်မည်ကို ပမာဏ မထားမူ၍ စကားအကြွင်းအကျန် မရှိစေရ စုံလင်စွာ ရေးသားဖော်ပြထားအပ် သတည်း။

ဣတိ ဝုတ္တောဒယေ ဆန္ဒသိ ဆပ္ပစ္စယဝိဘာဂေါ နာမ ဆဋ္ဌော ပရိစ္ဆေဒေါ။

ဝုတ္တောဒယေ၊ ဝုတ္တောဒယအမည်ရှိသော။ ဆန္ဒသိ၊ ဆန်းကျမ်း၌။ ဆပ္ပစ္စယဝိဘာဂေါ နာမ၊ ပတ္ထာရာ, နဋ္ဌ, ဥဒ္ဒိဋ္ဌ, ကြိယာ, သင်္ချာ, အဒ္ဓန်၊ ၆-တန်းပေါင်းစည်း၊ ဆပ္ပစ္စည်းတို့ကို၊ ထုံးနည်းလမ်းမှန်၊ ဝေဖန်ရာ,ဝေဖန်ကြောင်းဖြစ်သောကြောင့် ဆပ္ပစ္စယဝိဘာဂမည်သော။ ပရိစ္ဆေဒေါ၊ သည်။ ဣတိ၊ ပြီးပြီ။

"**အာရဘိဿမ'ဟံ ဒါနိ၊ တေသံ သုခဝိဗုဒ္ဓိယာ**"ဟူ၍ အာမဝန္တ ပဋိညာဉ်ခံထားခဲ့သည့် အတိုင်း အားထုတ်ဆောင်ရွက်ဖွယ်-ဟူသမျှ အဝဝသောကိစ္စတို့သည် တစမကြွင်း ပြီးဆုံးခြင်း သို့ ရောက်လေကုန်ပြီး ဖြစ်လေသောကြောင့် အုတ်ရိုး,အင်္ဂတေတို့ဖြင့် ကောင်းစွာ ပြုပြင်အပ် ပြီးသော **စေတီကြီး**ကို ရွှေထီးအထွတ်တင်သကဲ့သို့လည်းကောင်း၊ အုတ်,ကျောက်, သစ်သား တို့ဖြင့် ဆန်းကြယ်စွာ စီရင်ဖန်ဆင်းအပ်သော ပြာသာဒ်ကို နောက်ထပ်အထွတ်, ထုပိကာ တင်သကဲ့သို့လည်းကောင်း၊ သေချာစေ့စပ် သပ်ရပ်ချောမွေ့စွာ ဆောက်လုပ်စီမံအပ်ပြီးသော **နန်းအိမ်ဆောင်**ကို သွယ်မြောင်ရစ်ပတ် အဆုံးခါးပတ်သတ်သကဲ့သို့လည်းကောင်း ၆-ပိုင်း သီးခြား၊ ၆-ခန်းထား၍ ၆-ပါးသော ဆပ္ပစ္စယလျှင် အဆုံးရှိသော ဤသည့်ဝုတ္တောဒယဆန်း ကျမ်း၏ ဆုံးခန်းတိုင်မြောက် အပြီးရောက်သည်၏အဖြစ်ကို နိဂုံးကမွတ်သတ်၍ ပြတော်မူ လိုသည်ဖြစ်ရကား "**သေလန္တရာ ယတနဝါသိက**"စသော ဂါထာတို့ကို မိန့်ဆိုတော်မူအပ် သတည်း။

* * * * * *

## ပတ္ထနာနိဂုံး

### [ ၁ ] ပထမဂါထာ

၁၃၅။ သေလ'န္တရာ'ယတနဝါသိကသီလတ္ထေရ-ပါဒေါ ဂုရု(ဂရု)ဂုဏာဂုရုဇ္ဇယတံ မမေ'သော။
ယဿ'ပ္ပဘာဝ'မဝလမ္ဗ မယေ'ဒိသော ပိ၊ သမ္ပာဒိတော'ဘိမတသိဒ္ဓိကရော ပရတ္ထော။

ယဿ၊ အကြင်သီလမည်သော ထေရ်၏။ ပဘာဝံ၊ ပိဋကတ်ကျမ်း, တက်ကျမ်း, ဗျာကရုဏ်းကျမ်း စသည်တို့၌ ကမ်းတဖက်ရောက် တတ်မြောက်လိမ္မာသော **အစွမ်းအာနုဘော်ကို**။ အဝလမ္ဗ၊ **အမှီပြု၍**။ အဘိမတသိဒ္ဓိကရော၊ အလိုရှိအပ်သော**အကျိုး၏** ပြီးစီးခြင်းကို ပြုတတ်သော။ ဧဒိသော၊ ဤသို့ ဆန်းအရာ၌ တပည့်သားအဆက်ဆက်တို့အား အသိဉာဏ်တိုးပွါး၍ ထင်ရှားစွာ ဖြစ်စေနိုင်သော ဆန်းကျမ်းကို ရေးစီရင်ခြင်းသဘောရှိသော။ ပရတ္ထော၊ မိမိမှတပါး တပည့်သားတို့**၏အကျိုးကို**။ ဝါ၊ ပွါးစီးခြင်းကို။ သမ္ပာဒိတော၊ **ပြီးစီးစေအပ်ပြီ**။ ဂုဏာဂုရု၊ သီလ, သမာဓိ-စသောဂုဏ်တို့ဖြင့်။ ဝါ၊ ဂုဏ်တို့ကြောင့် ကျောက်ထီးတန္တု အလေး **အမြတ်ပြုအပ်သော**။ သေလ'န္တရာ'ယတနဝါသိကသီလတ္ထေရပါဒေါ၊ **တောင်ကြားကျောင်း၌ သီတင်းသုံးနေသော သီလမည်သော မထေရ်မြတ်ဖြစ်သော**။ မမ၊ ငါ-သံဃရက္ခိတဆရာ၏။ ဧသော ဂုရု၊ ထိုဆရာသည်။ ဇယတံ ဇယတု၊ ရန်မာရ်ခပ်သိမ်း၊ ပြေငြိမ်းဖျောက်နှင်၊ **အောင်မြင်ပါစေသတည်း**။

ပါဒသဒ္ဒေါပါဒါနံ တွ'တြ အစ္စန္တာဒရဝသေန။ (ဆန္ဒောသာရတ္ထဝိကာသနိဋီကာ)

အတြ၊ ဤဂါထာ၌။ ပါဒသဒ္ဒေါပါဒါနံ တု၊ ပါဒ-သဒ္ဒါကို ထေရ-သဒ္ဒါ၏ အနီး၌ ကပ်၍ ယူခြင်းကိုကား။ အစ္စန္တာဒရဝသေန၊ စင်စစ်မယွင်း ရှိသေလေးနာခြင်း၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

**ဝါသိကော စ သော သီလော စ-ထေရော စ သော ပါဒေါ စ ထေရ ဝရောတိ ဝုတ္တံ ဟောတိ။** (ကဝိသာရဋီကာ)

ဤဂါထာကား ၁၄-လုံးဖွဲ့ ဝသန္တတိလကာဂါထာတည်း။

----- x -----

## [ ၂ ] ဒုတိယဂါထာ

၁၃၆။ **ပရတ္ထသမ္ဘာဒနတော၊ ပုညေနာ'မိဂတေန'ဟံ။**
**ပရတ္ထသမ္ဘာဒနကော၊ ဘဝေယျံ ဇာတိဇာတိယံ။ ။**

အဟံ၊ ငါသည်။ ပရတ္ထသမ္ဘာဒနတော၊ သူတပါးတို့၏ အကျိုးစီးပွါးကို ပြီးစီးစေခြင်း တည်းဟူသော အကြောင်းအားဖြင့်။ အဓိဂတေန၊ ရအပ်သော။ ပုညေန၊ ကျမ်းဂန်ပြုစု ကောင်းမှုကုသိုလ်ကြောင့်။ ဇာတိ ဇာတိယံ၊ ဖြစ်လေရာရာ သံသရာဘဝ၌။ ပရတ္ထသမ္ဘာဒန-ကော၊ သူတပါးတို့၏ အကျိုးစီးပွါးကို ပြီးစီးစေနိုင်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။

**အနေန အတ္တနော ဗုဒ္ဓတ္တပတ္ထန'မာဝိကရောတိ။** (ဋီကာဟောင်း)
**အနေန အတ္တနော ဗုဒ္ဓတ္တပတ္ထနံ ဒီပေတိ။** (ဝစနတ္ထဇောတိကဋီကာ)

----- x -----

## [ ၃ ] တတိယဂါထာ

၁၃၇။ **အဝလောကိတမတ္တေန၊ ယထာ ဆပ္ပစ္စယာ မယာ။**
**သာဓိတာ သာဓယန္တေ'ဝ-'မိစ္ဆိတတ္ထံပိ ပါဏိနော။ ။**

အဝလောကိတမတ္တေန၊ ဆရာ မကူ၊ နည်းယူမခံ၊ ဆန်းကျမ်းဂန်ကို၊ သင်အံ မပြု၊ ကြည့်ရှုခါမျှဖြင့်။ ဆပ္ပစ္စယာ၊ ပတ္ထာရ, နဋ္ဌ၊ ဥဒ္ဒိဋ္ဌနှင့်၊ လဂကြိယာ၊ သချာ, အဒ္ဓ၊ ဆပ္ပစ္စယတို့ကို။ မယာ၊ ငါသည်။ သာဓိတာ ယထာ၊ လိုရာသီးသီး ပြီးစီးစေအပ်ကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပါဏိနောပိ၊ သတ္တဝါတို့သည်လည်း။ ဣစ္ဆိတတ္ထံ၊ အလိုရှိအပ်သောအကျိုးကို။ သာဓယန္တု၊ ပြီးစီးစေကုန်သတည်း။

ဤဂါထာဖြင့် မိမိတို့၏ ထိုးထွင်း၍ သိနိုင်သော ပတိဘာန်ဉာဏ်စွမ်းကို ပြသည့်ပြင် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် သိစွမ်းနိုင်သော ဘုရားအဖြစ်ကို ဆုပန်တောင်းယူကြောင်းကို လည်းပြ၏။

**ဣမိနာ အနာစရိယကံ ဂုရုပဒေသရဟိတံ သမ္ဗာသမ္ဗုဒ္ဓတ္တံ ပတ္ထယတီတိ ဒီပေတိ။**
(ဝစနတ္ထဇောတိကဋီကာ)

မြန်မာမူစာတို့၌ နိဂုံး ၃-ဂါထာမျှသာရှိ၏။ သီဟိုဠ်မူ၌ကား “ယေနန္တတန္တရတနာကရ-မန္ထနေန”စသော ဂါထာ၊ “ပုညေန တေန ဝိနပတ္တိ ယဒါ ဘဝေယျ”စသော ဂါထာ ဤ ၂-

ဂါထာတို့လည်း ပါရှိကုန်၏။ ထိုဂါထာတို့၏ အနက်ကိုလည်း ဆက်လက်၍ ရေးသားလိုက်ဦးအံ့။

----- x -----

## [ ၄ ] ဆန်းနိသျသစ်တွင် နောက်ဆက်တွဲပါရှိသော ၃-ဂါထာ

၁၃၈။ **ယေ'နန္တတန္တရတနာကရမန္ထနေန၊ မန္ထာ'စလော'လ္လသိတဉာနဝရေန လဒ္ဓါ။**
**သာရာ မတာ'တိ သုခိတာ သုခယန္တိ စ'ညေ၊ တေ မေ ဇယန္တိ ဂုရဝေါ ဂုရဝေါ ဂုဏောဟိ။**

ယေ ဂုရဝေါ၊ အကြင်ငါ၏ဆရာတို့ကို။ အနန္တတန္တရတနာကရမန္ထနေန၊ အဆုံးမရှိသော တက်ကျမ်း, ဗျာကရဏ်းကျမ်း, ပိဋကတ် ၃-ပုံ အာဂုံပါဠိကျမ်းဂန်တည်းဟူသော သမုဒ္ဒရာကို မွှေနှောက်ကြောင်းဖြစ်သော။ မန္ထာ'စလော'လ္လသိတဉာနဝရေန၊ မန္ထရတောင်တည်းဟူသော မွှေတံဖြင့် ထုတ်ဆောင်ကော်ယူအပ်သော မြတ်သောဉာဏ်ဖြင့်။ လဒ္ဓါ၊ ရအပ်ကုန်သည်ဖြစ်၍။ သာရာတိ၊ အနှစ်သေတ္တာ၊ ပေါင်းစုယိုတွဲ၊ အဆီခဲ,အဆီဦးတို့ဟူ၍။ မတာ၊ သိမှတ်ဖော်ထုတ် သမုတ်အပ်ကုန်၏။ ဂုဏောဟိ၊ သီလ, သမာဓိ-အစရှိသော ဂုဏ်တို့ဖြင့်။ ဂုရဝေါ၊ အလေးပြုအပ်ကုန်သော။ မေ၊ ငါ၏။ တေ ဂုရဝေါ၊ ထိုဆရာတို့သည်။ သုခိတာ၊ မိမိတို့လည်း ချမ်းသာခြင်းသို့ ရောက်ကုန်သည်ဖြစ်၍။ အညေ စ၊ တပါးသော တပည့်သားတို့ကိုလည်း။ သုခယန္တိ၊ ချမ်းသာစေကုန်၏။ အညေ စ၊ သာသနာ့ဆူးငြောင့်၊ ကွယ်ထောင့်ရန်ပွါး၊ တပါးသောအယူဝါဒတည်းဟူသော ရန်သူတို့ကိုလည်း။ ဇယန္တိ၊ အောင်မြင်နိုင်နင်းတော်မူကြကုန်၏။

ဤဂါထာသည် သမ္ဗန္ဓစိန္တာကျမ်းနိဂုံးတွင် ရှိ၏။ သီဟိုဠ်ဆရာတို့ ဤဝုတ္တောဒယကျမ်းနိဂုံးတွင် ထည့်သွင်း၍ ထားကြဟန်တူ၏။

**တန္တံ ကုဋျမ္ဗုကိစ္စေ စ၊ သိဒ္ဓန္တေ စော'သဓောတ္တမေ။**
**ပဓာနေ တန္တုဝါယေ စ၊ သတ္ထဘေဒေ ပရိစ္ဆဒေ။**
**သုတိသာခန္တရေဟေဘာ၊ ဝုဘယတ္ထ'ပ္ပယောဇကေ။ ။**

ဟု မေဒိနီကောသအဘိဓာန်၌ ပြဆိုအပ်သော တန္တ-သဒ္ဒါ၏အနက်တို့တွင် ဤဂါထာ၌ တန္တသဒ္ဒါသည် သုတိအနက်၊ သတ္ထဘေဒအနက်တို့၌ ဖြစ်၏။

နို့ဓမ်းကို မွှေရန် ကြံစည်ပြုလုပ်အပ်သော မွှေတံယောက်ချိုကို မန္ထာစလ၊ မန္ထရတောင်ဟု တင်စား၍ ခေါ်ဆိုသည်။ ဥလ္လသိတ-သဒ္ဒါသည် စဉ်းငယ်လှုပ်ရှားသော အနက်၊

ထုတ်ဆောင်အပ်သော အနက်၊ ရှင်လန်းသော အနက်တို့တွင် ဥဒ္ဓတ-ဟူသော ထုတ်ဆောင်အပ်သောအနက်ကို ဟော၏။ ဤ၌ကား အရာအားလျော်စွာ ကော်ယူဖော်ထုတ်သည်ကို ဟော၏။

၁၃၉။ ပုညေန တေန ဇိန ပတ္တိ ယဒါ ဘဝေယျ။
တာဝါ'ဟ သာရိတနုဇော၀ သတိ မတိမာ။ ။
တေဇော တိဟေတုပဋိသန္ဓိ အမောဃရူပီ။
လက္ခီ ဓိတီဗလပသတ္ထဂုဏော ဘဝေယျံ။ ။

တေန ပုညေန၊ ကျမ်းဂန်သီးခြား၊ ရေးသားပြုစု၊ ထိုကောင်းမှုကြောင့်။ ယဒါ၊ ဤသည်ဘဒ္ဒကပ်၊ ကမ္ဘာမြတ်တွင်၊ ဒွါဒသ်အန္တရာ၊ ရောက်လာကိန်းဆန်း၊ တစ်သိန်းတမ်း၌၊ ရှစ်ခန်းအင်္ဂါ၊ မုချလွတ်ကင်း၊ သန့်ရှင်းအဟုတ်၊ ထွေးမရှုပ်သား၊ ဗုဒ္ဓုပ္ပါဒ၊ နဝမ-ဟုသမယသင့်လျှာ၊ အကြင်အခါ၌။ ဇိနပတ္တိ၊ အရိမေတ္တေယျ၊ နာမကျော်ကြား၊ ဘုရားစင်စစ်၊ ဖြစ်တော်မူသော ခေတ်ကာလသို့ ရောက်ခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တာ၀၊ ထိုမျှလောက်။ အဟံ၊ အကျွန်ုပ်သည်။ သာရိတနုဇော၀၊ ဘုရားမြတ်စွာ၊ စိန္တေယျာ၏၊ လက်ယာတော်မှူး၊ ရာထူးမြှောက်တင်၊ ရှင်သာရိပုတ္တရာထေရ်ကဲ့သို့။ ၀ါ၊ လက်ာကျွန်းတွင်၊ ပေါ်ထင်ကြေငြာ၊ ငါတို့၏ဆရာဖြစ်သော သာရတ္ထဒီပနီ၊ စသည်ပေါင်းစု၊ ကျမ်းဂန်ကို ပြုစုသော ရှင်သာရိပုတ္တရာထေရ်ကြီးကဲ့သို့။ သတိ စ၊ ကောင်းသောသတိနှင့် ပြည့်စုံသည်လည်းကောင်း။ မတိမာ စ၊ ပညာရှိသည်လည်းကောင်း။ တေဇော၊ ဥက္ကဋ္ဌဖြစ်၍ အလွန်ထက်မြက်သော။ တိဟေတုပဋိသန္ဓိ စ၊ တိဟိတ်သန္ဓေ စွဲကပ်နေသည်လည်းကောင်း။ အမောဃရူပီ စ၊ ချီးမွမ်းဖွယ်ရာ၊ ကြွန်အင်္ဂါနှင့်၊ ရုပ်ဝါရူပ၊ လှပတင့်တယ်သည်လည်းကောင်း။ လက္ခီ စ၊ ဘုန်းလက္ခဏာနှင့်ပြည့်စုံသည်လည်းကောင်း။ ဓိတီဗလပသတ္ထဂုဏော စ၊ တည်ကြည်သောသမာဓိအားအစွမ်းတို့ဖြင့် ချီးမွမ်းအပ်သောဂုဏ်နှင့် ပြည့်စုံသည်လည်းကောင်း။ ဘဝေယျံ၊ ဖြစ်ရလို၏။

ဣတိ သယ်ရက္ခိတမဟာသာမိတ္ထေရေန ဝိရစိတံ ဝုတ္တောဒယပ္ပကရဏံ ပရိနိဋ္ဌိတံ။

ဣတိ ဣမိနာ ဝစနက္ကမေန၊ ဤဆိုအပ်ပြီးသော ၆-ပါးသော ပရိစ္ဆေဒစကားအစဉ်ဖြင့်။ သံဃရက္ခိတမဟာသာမိတ္ထေရေန၊ သံဃရက္ခိတမဟာသာမိထေရ်သည်။ ဝိရစိတံ၊ ရေးသားစီရင်အပ်သော။ ဝုတ္တောဒယပ္ပကရဏံ၊ ဝုတ္တောဒယဆန်းကျမ်းသည်။ ပရိနိဋ္ဌိတံ၊ ဝန်းကျင်စုံစေ့၊ ပြီးပြေခါးပတ်၊ နိဂုံးလက်စ သတ်လတ်ပြီ။

ဝုတ္တောဒယဆန်းနိသျှသစ် ပြီး၏။

* * * * * *

## နိဿယနိဂုံး ၃-ဂါထာ

၁။ ယေ နိဿဂ်ါစရန္တာ'ဂမဝရဂဟနေ ကေသရိသန္နိဘာ မေ၊
ဝိချာတာ သာသနေ ခေ တပနသသရော ဝိတမေဃေ'ဝ သန္တော။
ကဗျာလောလေဟိ သေဗျာ, ဂုဏကုသုမရသံ, သွာတိမာနေဘျ'ဇဿံ၊
သန္တောသာဓူတထုတျာ ဈုဋ္ဌိတိဝ ရိပဝေါ ဗျာဟဌာ ဇယန္တု။ ။

၂။ ဆလင်္ဂနိဂမဒ္ဓဇေ သုယတိန် နိကာယေ သုဘေ။
ဝိဟာရပဝရေ ဓိရံ နိဝသတာ ကုမာရေန ဝေ။
ပဝေကမတိဝဒ္ဓနာ တိဒယိတေန ဗျာစိက္ခိတော။
သမေ'န္ဒုသုယုဂဿဝေ'ဘိနဝနိဿယော ဆန္ဒသော။ ။

၃။ လဒ္ဓံ သမာရဒ္ဓ'မနေကပုည်၊ ဂဒ္ဓံ သမူလံ ယ'မနေန ဟေယျံ။
အဒ္ဓါ ယဒါ ပါစန'မဂ္ဂသိဿော၊ ပညာယ ဗျဂ္ဂေါ သုဝိသုဒ္ဓပဿီ။

------

၁။ ယေ နိဿဂ်ါစရန္တာ'ဂမဝရဂဟနေ ကေသရိသန္နိဘာ မေ၊
ဝိချာတာ သာသနေ ခေ တပနသသရော ဝိတမေဃေ'ဝ သန္တော။
ကဗျာလောလေဟိ သေဗျာ, ဂုဏကုသုမရသံ, သွာတိမာနေဘျ'ဇဿံ၊
သန္တောသာဓူတထုတျာ ဈုဋ္ဌိတိဝ ရိပဝေါ ဗျာဟဌာ ဇယန္တု။ ။

ဣတိ နာဋ္ဋကာလင်္ကာရ သံဂီတကဗ္ဗတက္ကဝေယျာကရဏရတနာကရေသု သမ္မောဟာဝနဒ္ဓ ခေဒင်္ဂတာပါရဒဿိနံ သုဝိဗောဓကေနိမ္မလဗုဒ္ဓိဝုဒ္ဓိသမ္ပဒါ သမ္ပဒါယက သမ္ပဒါယိကေန ဆန္ဒောဝိစိတိကောသဇ္ဇောတိသ ဂဟနေသု နိရန္တရနိရာသင်္ကဝိသင်္ကဉာနစာရိနာ ဗုဒ္ဓါဂမဝရေသု ထေရာနုထေရ သမ္ဘရသမ္မာရေဟိ သမ္မာဝိတသမ္ဘာသမ္မုတ သမ္ဘတဂုဏကိတ္တိယောသေန သိရီကုမာရာဘိဓာနမဟာထေရေန အဘိသင်္ခတော'ယံ ဝုတ္တောဒယဆန္ဒသော အဘိနဝနိဿယောတိ။

မေ၊ ဤဝုတ္တောဒယနိဿယကျမ်းကို၊ ကြိုးပမ်းတကုတ်၊ အားထုတ်ပြုပြင်၊ ရေးသားစီရင်သော ငါ၏။ ဝိတမေဃေ၊ မိုးတိမ်လွတ်ကင်း၊ လွန်သန့်ရှင်းသည့်၊ ဟင်းလင်းအပြင်၊ ကြည်လင်တောက်ပသော။ ခေ၊ တစ်စုံတစ်ခု၊ ရေးထုမထင်၊ ထက်ကောင်းကင်၌။ တပနသ-

သမရော၊ သရေတင့်တင့်၊ အခြေမြင့်ကုန်သော၊ နေနှင့်လတို့သည်။ ဝိချာတာ ကြွဝ၊ လူမမယ်သေး၊ သူငယ်ကလေးတို့စင်၊ မမြင်ရမရှိ အထင်ကရသိကြ၍၊ လွှမ်းဘိကျော်ကြား၊ လွန်ထင်ရှားကုန်သကဲ့သို့။ သာသနေ၊ သူတော်အများ၊ ပျော်စံစား၍၊ ခိုနားမှီရာ၊ ဘုရားသာသနာတော်၌။ ဝိချာတာ၊ ရပ်ထက်ဝန်းကျင်၊ ထင်ပေါ်ကျော်စောတော်မူကုန်သော။ သဒ္ဒေ၊ လင်္ဂဗ္ဗေ-သလ၊ သိက္ခာကာမ၊ ဝိနယဓရ၊ ဝိနယဂရုအစစ်၊ သူတော်ကောင်းချည်းဖြစ်ကုန်သော။ ဂုဏာကုသုမရသံ၊ လောကီ,လောကုတ်၊ အားထုတ်မပြတ်၊ ပရိယတ်နှင့်၊ ပဋိပတ်တစ်လီ၊ သီလ,သမာဓိ၊ စရိုပေါင်းစုံ၊ ကျေးဇူးဂုဏ်တည်းဟူသော ပန်းရက်ဝတ်ရည်ကို။ သွာတိမာနေဘိ၊ မပြတ်အားကိုး၊ မြတ်နိုးစုံမက်၊ နှစ်သက်ခုံမင်ကုန်သော။ ကဗျာလောလေဟိ၊ ပညာတိုးပွါး၊ လိုလားချစ်ခင်၊ လူ့ရှင်ရဟန်းတည်းဟူသော ပိတုန်းပျားမွဲတို့သည်။ အဇ္ဈသံ၊ နေ့ရောညဉ့်ပါ၊ မကွာစွဲမြဲ၊ ပြတ်မစဲလျှင်။ သေဗျာ၊ ကျောက်ထီးပုံတူ၊ အလေးမူလျက်၊ ကြည်ဖြူဆည်းကပ်၊ မှီဝဲအပ်ကုန်သော။ သဒ္ဒေသာဓုတထုတျာ၊ ယထာလာဘ၊ စသည်ထွေကွဲ၊ ရောင့်ရဲတင်းတိမ်၊ အရှိန်သတ်ထား၊ အားရလွှယ်သော သဒ္ဒေသဂုဏ်၊ ကိုယ်,နှုတ်,နှလုံး၊ ၃-ပါးလုံးကို၊ စောင့်သုံးနေ့,ည၊ ယဉ်ကျေးအောင် ဆုံးမ၍ အဇ္ဈတ္တကိလေသာတို့ကို ခါတွက်နှင်ထုတ်နိုင်သော အာဓူတဂုဏ်တို့ဖြင့်။ ဝါ၊ ဂုဏ်တို့ကြောင့် ချီးမွမ်းအပ်ကုန်သော။ ယေ ဂုရဝေါ၊ အကြင်ဥပဇ္ဈာ-စရိယ, ဓမ္မာစရိယ, နိဿယာစရိယဖြစ်တော်မူကုန်သော—

- ကူးခန်းကြီး၊ ရေစကြိုမြို့၊ ရွှေကျင်နိကာယ မဟာသာသနရက္ခိဘ ဂူဖြူတောရဆရာတော်ဘုရားကြီး,
- အလုံမြို့အောက်တိုက်၊ သမိုက်တံခွန်၊ ဉာဏ်မြင်လွန်သော ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး,
- မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး,
- သာယာဝတီ၊ ဌာနီနယ်ပယ်၊ သုံးဆယ်မြို့မ၊ စေတီလှတိုက်၊ မောင်းထောင်ဆရာတော်ဘုရားကြီး,
- ဗန့်ကျီတိုက်တွင်း၊ ဆားလင်းကြီးမြို့ သပြေကန်တောရ ဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး,
- ဆားလင်းကြီးမြို့မ၊ ဓမ္မိကာရာမဝိနည်းမိုရ်ဂိုဏ်းထောက် ဆရာတော်ဘုရားကြီးတို့သည်။

အာဂမဝရဂဟနေ၊ မြတ်သော ပိဋကတ် ၃-ပုံတည်းဟူသော တောအုပ်၌။ ကေသရီသန္နိဘာ၊ စံပယ်ကြွားကြွား၊ မင်ဖားဖားလျှင်၊ သားမျှာသနင်း၊ ခြသေ့်မင်းနှင့်၊ ရဲရင့်ခြင်း တူကြကုန်သည်ဖြစ်၍။ စရန္တိ၊ မန့်ကြောက်စိုး၊ နောက်မလျှိုးဘဲ၊ ဖောက်ထိုးစိုင်းပြင်း၊ ချင်းနင်းပြန်ခေါက်၊

မွေနည်နှောက်လျက်၊ ထက်,အောက်လှည့်ခါ၊ သွားလာကျက်စားနိုင်ကြကုန်၏။ တေ ဂုရဝေါ၊ ကျောက်ထီးအလား၊ အလေးပြု၍ ထားအပ်ကုန်သော ထို ၆-ပါးကုန်သော ငါ၏ဆရာတော်တို့သည်။ ရိပဝေါ၊ ပရဝါဒီ၊ မညီအယူ၊ သဘောမတူကုန်သော မသူတော်တည်းဟူသော ဂျွန်းသူပုန် ရန်သူတို့ကို။ ဗျာဟဋ္ဌာ၊ ယထာဘူတ၊ အယူမှုလျက်၊ ဓမ္မဝါဒီ၊ အစောင့်မှီခါ၊ ဖြောင့်ညီမှန်စင်း၊ ထိပ်အရင်းကို၊ နှိပ်နင်းဖြိုဖျက်၊ ကုန်သည်ဖြစ်၍။ ဈဋ္ဌိတိဝ၊ မကြာမတင်၊ ဆောလျင်စွာသာလျှင်။ ဇယန္တု၊ နောက်ထပ်မတုံ့၊ ရန်မီးနှံ့လျက်၊ ကြောက်ယုံ့ငြိမ်းစင်အောင် မြင်တော်မူကြစေကုန်သတည်း။

[ ဤဂါထာကား ၂၁-လုံးဖွဲ့ ပကတိဆန်း သဒ္ဓရာဂါထာ ၇-လုံးတစ်ရပ် စဉ်းငယ် ယတိဖြတ်၍ ရွတ်။ "အဇသံကား- နိစ္စတ္ထဝါစက၊ နိစ္စာန ဝရတာဇသံ။ (အမရကောသအဘိဓာန။) ဗျုဟဋ္ဌာ၌ ဝိ,အာ ရှေးရှိသော 'ဟဋ္ဌ'ဓာတ်၊ ဟဋ္ဌဗလက္ကာရေ-ဟု ဓာတ်နက်ကြား။ ]

၂။ ဆလင်္ဂနိဂမဒ္ဓဇေ သုယတိနံ့ နိကာယေ သုဘော။
ဝိဟာရပဝရေ စိရံ နိဝသတာ ကုမာရေန ဝေ။
ပဝေကမတိဝဒ္ဓနာ တိဒယိတေန ဗျာစိက္ခိတော။
သမေ'န္ဒုသုယုဂဿဝေ'ဘိနဝနိဿယော ဆန္ဒသော။ ။

ဆလင်္ဂနိဂမဒ္ဓဇေ သလ္လာဝတီ၊ နဒီရှေ့ဆိုင်း၊ ရံဝိုင်းဝဲ,ယာ၊ ယမားကာလျက်၊ ထားရာသညီ၊ ဌာနီသမိုက်၊ ဗန့်ကျီတိုက်တွင်း၊ ဆားလင်းကြီးဟု ခေါ်တွင်သော နိဂုံး၏ တံခွန်အောင်လံ မှန်ကင်းသဖွယ်ဖြစ်သော။ သုယတီနံ၊ လဇ္ဇီထေရ်ပေါင်း၊ ရဟန်းကောင်းတို့၏။ နိကာယေ၊ ကိန်းအောင်းစံနေရာဖြစ်သော။ သုဘော၊ ချောင်းငယ်ပတ်ဝိုင်း၊ တောအုပ်မှိုင်းနှင့်၊ ရှုတိုင်းပျော်ဖွယ်၊ တင့်တယ်ကောင်းမြတ်သော။ ဝါ၊ အုတ်တိုက်သိမ်ကျောင်း၊ တိုက်ကျောင်းဘုမ္မိ၊ ဗောဓိစေတီ၊ အလီလီတို့ဖြင့်၊ ကြည်ညိုရာဖွယ်၊ တင့်တယ်ကောင်းမြတ်သော။ ဝိဟာရပဝရေ၊ ဓမ္မိကာရာမ၊ အာဝါသ-ဟု၊ နာမသမိုက်၊ မြတ်သောကျောင်းတိုက်၌။ စိရံ၊ ရက်,လ,နှစ်ဝါ၊ ရှည်ကြာလေးမြင့်။ နိဝသတာ၊ သမဏုဒ္ဒေသ၊ အရွယ်ကပင်၊ စ၍စဉ်လိုက်၊ ယာပိုက်လေးထွေ၊ မှူနေလေ့ရှိသော။ ပဝေကမတိဝဒ္ဓနာတိဒယိတေန၊ ထူးမြတ်သော ဉာဏ်ပညာ၏ တိုးပွါးခြင်းကို အလွန်အမင်း တောင့်တလိုလားခြင်းရှိထသော။ ကုမာရေန၊ သိရီကုမာရဟု ဆရာတို့ မှည့်ခေါ်အပ်သော ဘွဲ့မည်ရှိသော ရဟန်းသည်။ ဝါ၊ အလုံမြို့ပိုင်၊ ဝက်လူးအိုင်ဟု၊ ရှစ်တိုင်ဝေးကွာ၊ ထိုရပ်ရွာလျှင်၊ ဖွားရာဇာတိရှိသော သိရီကုမာရ-မည်သော ရဟန်းတော်သည်။ ဣန္ဒု'သုယုဂဿဝေ ဣန္ဒု ဥသု ယုဂ သဝေ၊ ၂၄၅၁-ခုမြောက်သော။ သမေ၊ သာသနာတော်နှစ်၌။ ဆန္ဒသော၊ ဝုတ္တောဒယအမည်ရှိသော မဂဓဆန်းကျမ်း၏။ အဘိနဝနိဿယော၊ သက္ကဋ

ဆန်းကျမ်း၊ အခန်းခန်းတို့မှ၊ လက်လှမ်းကောက်နုတ်၊ အသစ်ထုတ်ယူအပ်သော မှီရာ နိဿယ ကို။ ဗျာစိက္ခိတော၊ ပုဒ်ပါဠိသုတ်သင်၊ သရုပ်ထင်စွာ၊ ထုတ်ငင်ခိပ္ပါယ်၊ ပိတ်မကွယ်ရ၊ သိလွယ် ပြန်ကြား၊ တွေးမမှားအောင်၊ **ရေးသားစီရင်အပ်သတည်း။**

[ ဤဂါထာကား "ဇသာ ဇသယလာဝသုဂ္ဂဟယတိ ပထဝီဂုရူ"ဟူသော ဝုတ္တောဒယရတနာကရသုတ် နှင့်အညီ ဖွဲ့ဆိုအပ်သော ၁၇-လုံးဖွဲ့ အစ္စဋ္ဌိဆန်း၊ ပထဝီဂါထာတည်း။ ၈-လုံးတစ်ရပ်, ၉-လုံးတစ်ရပ် စဉ်းငယ် ယတိဖြတ်၍ ရွတ်။ ]

**၃။ လဒ္ဓံ သမာရဒ္ဓ'မနေကပုညံ၊ ဂဒ္ဓံ သမူလံ ယ'မနေန ဟေယျံ။**
**အဒ္ဓါ ယဒါ ပါစန'မဂ္ဂသိဿော၊ ပညာယ ဗျဂ္ဂေါ သုဝိသုဒ္ဓပဿီ။**

မေ မယာ၊ ငါသည်။ သမာရဒ္ဓံ၊ ကောင်းစွာကြိုးကုတ်၊ အားထုတ်အပ်သော။ ယံ အနေကပုညံ၊ အကြင်များစွာပေါင်းစု ကောင်းမှုကုသိုလ်ကို။ လဒ္ဓံ၊ ကိုယ်ပိုင်မုချ ရအပ်လေပြီ။ အနေန၊ များစွာပေါင်းစု ဤကောင်းမှုကုသိုလ်ကံကြောင့်။ ယဒါ၊ တစ်ခုသချော်၊ သိန်းနေကမ္ဘာ၊ အကြင်အခါ၌။ ပါစနံ၊ ပါရမီမျိုးစေ့၊ လွှေလွှေဖွင့်ဖြိုး၊ ကျိုးပေးထန်ပြင်း၊ သန့်စွမ်းရင့်မာခြင်း သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တဒါ၊ တစ်ခုသချော်၊ သိန်းနေကမ္ဘာ၊ ရှည်မြင့်ကြာ၍၊ ပါရမီမျိုးစေ့၊ လွှေလွှေဖွင့်ဖြိုး၊ ကျိုးပေးရင်ထ၊ **အချိန်ကျသော၊** ကာလခွင့်သာ၊ **ထိုအခါ၌။** သမူလံ၊ သံသရာ ဝဋ်၊ ကျွတ်လွတ်ကင်းမြောက်၊ ရေသောက်မြစ်နှင့်တကွသော။ ဝါ၊ **အဝိဇ္ဇာရေသောက်မြစ်ကြီး ရှိသော။** ဂဒ္ဓံ၊ ကာမ,ဘဝ၊ ဝိဘဝ ထွေပြား၊ ၃-ပါးသော **တဏှာကို။** ဟေယျံ ဟေယျန္တော၊ မတွယ်မတွန့်၊ ပယ်စွန့်နုတ်ပစ်လျက်။ ပညာယ၊ တိက္ခ,ဇဝန၊ ဟာသ,ဂမ္ဘီ၊ ထို,ဤကျယ်ပွါး၊ **ပညာအားဖြင့်။** ဗျဂ္ဂေါ၊ **ထူးထူးချွန်ချွန်၊** ကဲလွန်မြင့်မြတ်သော။ သုဝိသုဒ္ဓပဿီ၊ ဇဟိုးဇဝါး၊ ရိုးမှား မရှိ၊ တစိမကြွင်း၊ သန့်ရှင်းစင်ကြယ်စွာ မြင်လေ့ရှိသော။ အဂ္ဂသိဿော၊ **သာရိပုတ္တရာ၊** ထေရ်မြတ်စွာသို့ လက်ယာရံမှူး၊ ဌာနန်ထူးဖြင့်၊ ရိုက်ကြူးသြဘာ၊ လွန်ကြေငြာသော၊ အဂ္ဂသာဝက **တပည့်သားကောင်း ရဟန္တာသည်။** ဟေယျံ၊ **ဖြစ်ရပါလို၏။**

[ ဤဂါထာကား။ ၁၁-လုံးဖွဲ့ တိဋ္ဌုဘဆန်း ဣန္ဒဝဇိရာဂါထာတည်း။

ဤ၌ 'ဟေယျံ'ဟူသော နောက်ဆုံး အနက်ပေးလိုက်သော ကြိယာပုဒ်ကို ကွယ်မြုပ်ငုပ်၍ နေလေအောင် သိုမြုပ်ဝှက်ထား လုံခြုံအောင် ထားလေရကား—

ပါတော ပါတော သမုဋ္ဌာယ၊ ဒွေဒွါဝိသိကုမာရကာ။
နိမ္ဗလံ သရသိံ ဂန္တွာ၊ ပက္ခလျ စ ကမဏ္ဍလုံ။ ။

ဟူသောဂါထာ၌ "ပါတော၊ ပြည့်စေ၏"ဟူသော ကြိယာပုဒ် ပါသလိုလိုနှင့် မပါဘဲ ကွယ်မြုပ် ငုပ်၍ နေသကဲ့သို့ ကြိယာပုဒ် ကွယ်မြုပ်ငုပ်၍ နေသောကြောင့် ကြိယာဂုတ္တဝိစိတြ ဖြစ်၏။ ]

ဣတ္တိ ဣမိနာ ဝစနက္ကမေန၊ ဤသို့ ဆိုအပ်သော 'ဝန္ဓိတ္တာ ဖိနစန္ဒ်'-အစရှိသော **စကားအစဉ်ဖြင့်။** နာဋကာလင်္ကာရ သံဂီတကဗ္ဗတက္ကဝေယျာကရဏရတနာကရေသု၊

- မဟာနာဋက, စန္ဒောဒယနာဋက-စသော **နာဋကပြဇာတ်ကျမ်း၊**
- သာဟိစ္စာလင်္ကာရ, ဝဗ္ဘဋ္ဋာလင်္ကာရ ကဗျာဒသ-စသော **အလင်္ကာကျမ်း၊**
- ဘာရတ, သံဂီတရတနာကရ, သံဂီတပါရိဇာတ, ရာဂဝိဗောဓ-စသော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ပြဆိုသော **သံဂီတကျမ်း၊**
- ရဃုဝံသ,ဘဋ္ဋိ,မာဃ,ကုမာရသမ္ဘဝ-စသော **ကဗျာကျမ်း၊**
- တက္ကသင်္ဂဟ-စသော**တက်ကျမ်း၊**
- သာကဋ္ဌာယန, ပါဏိနီ, ကာတန္တ-စသော **ဗျာကရုဏ်းကျမ်း —**

တည်းဟူသော မဟာသမုဒ္ဒရာကြီးတို့၌။ သမ္မောဟာဝနဒ္ဓခေဒင်္ဂတာပါရဒဿိနံ၊ ပြင်းစွာ တွေဝေခြင်းတည်းဟူသော မောဟဖြင့် မြှေးယှက်အပ်ကုန်သည်ဖြစ်၍ ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်သဖြင့် ကမ်းတဖက်ကို မမြင်နိုင်ကုန်သော **စာသင်သားတို့အား။** သုဝိဗောဓကေနိမ္မလ-ဗုဒ္ဓိဝုဒ္ဓိသမ္ပဒါ သမ္ပဒါယကသမ္ပဒါယိကေန၊ စိတ်နေချမ်းသာ လွယ်ကူစွာ သိစေတတ်သော အညစ်အကြေးကင်းသော အသိဉာဏ်ပညာ၏ ကြီးပွါးပြည့်စုံခြင်းကို ကောင်းစွာပေးတတ် သော ဆရာအစဉ်အဆက်မှ လက်ဆုပ်ရအပ်သော နည်းဥပဒေသရှိသော။ ဝါ၊ စိတ်နေ ချမ်းသာ လွယ်ကူစွာ သိစေတတ်သော အညစ်အကြေးကင်းသော ဆရာအစဉ်အဆက်မှ လက်ဆုပ်လက်ကိုင်ရအပ်သော နည်းဥပဒေသရှိသဖြင့် **အသိဉာဏ်ပညာ၏ ကြီးပွါးပြည့်စုံခြင်း ကို ကောင်းစွာပေးတတ်သော။** ဆန္ဒောဝိစိတိကောသဇ္ဇောတိသဂဟနေသု၊

- ပိင်္ဂလ, ဝုတ္တရတနာကရ-စသော **ဆန္ဒောဝိစိတိကျမ်း၊**
- အမရကောသ, ဟာရာဝလိ, တိကဏ္ဍသေသ, မေဒိနီ, နာနတ္ထသင်္ဂဟ-စသော **ကောသကျမ်း၊**
- ပသိဋ္ဌ, ပိတာမဟ, ပြဟ္မ, သောမ-စသော **လက်ရိုးသိဒ္ဓန်၊**
- ပါရာသယ, နာရဒ,ဘဂုသံဟိတာ, သရောဒယ-စသော **ဇောတိသကျမ်း**

တည်းဟူသော အသွားအလာ လွန်စွာခဲခက်သော **တောအုပ်ကြီးတို့၌။** နိရန္တရနိရာသင်္-ဝိသင်္ဂဉာနစာရိနာ၊ မပြတ်ခွဲရှာခြင်းကင်း၍ ငြိတွယ်ခြင်း မရှိသော ဉာဏ်ဖြင့် ကျက်စားလေ့

ရှိထသော။ ဗုဒ္ဓါဂမဝရေသု၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော မြတ်သော ပိဋကတ် ၃-ပုံပါဠိတော်တို့၌။ ထေရာနုထေရသမ္ဘရသမ္ဘာရေဟိ၊ မြတ်ကုန်သော ထေရ်ကြီး,ထေရ်ငယ် အပေါင်းတို့သည်။ သမ္ဘာဝိတသမ္ဘသမ္မုတသမ္ဘတဂုဏကိတ္တိယောသေန၊ ချီးမွမ်းအပ်သော, ကောင်းမြတ်သော, ဟုတ်မှန်သဖြင့် ဆည်းပူးပွါးစီးစေအပ်ပြီးသော ဂုဏ်တို့ဖြင့် ကျော်စော သံရှိသော။ သိရိကုမာရာဘိဓာနမဟာထေရေန၊ သိရိကုမာရအမည်ရှိသော မဟာထေရ်သည်။ ဝုတ္တောဒယဆန္ဒသော၊ ဝုတ္တောဒယဆန်းကျမ်း၏။ အယံ အဘိနဝနိဿယော၊ ဤအသစ်ဖြစ်သော မှီရာနိဿယကျမ်းကို။ အဘိသင်္ခတော၊ ရေးသားပြုပြင် စီရင်အပ်သတည်း။ ဣတိ၊ ဤသည်လျှင် ဆန်းနိဿယ၊ ကိစ္စအားလုံး၊ ရေးဖွယ်ဆုံးသော နိဂုံးကမ္ပတ် အပြီးလက်စသတ် တည်း။

သက္ကရာဇ် ၁၂၈၃-ခု၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့၊ နံနက် စက်နာရီ ၁၀-ချက်တီးချိန်၊ မေထုန်၌ စန်း၊ ကန်ရာသီ၌ ကြာသပတေး, စနေ, ရာဟု ဂြိုဟ် ၃-လုံးစု၊ တူ၌ ၃-ဂြိ၊ ဓနုရာသီ၌ တနင်္ဂနွေ, သောကြာ ဂြိုဟ် ၂-လုံး၊ မကာရ၌ ဗုဒ္ဓဟူးဂြိုဟ်, မိန်လဂ် တက်လတ်သောအချိန်တွင် အသစ်တဖန် စီမံပြုစုအပ်သော ဝုတ္တောဒယနိဿယသစ်ကျမ်း သည် ပြီးဆုံးခြင်းသို့ ရောက်သတည်း။

ပဥ္စမ ပုံနှိပ်ထုတ်ဝေလိုက်သော ဆန်းနိဿယသစ်၌ လိုသေးသောအရာတို့ကို တဖန် ဖြည့်စွက်၍ အသစ်ပြုပြင် စီရင်အပ်သော **ဤနိဿယကျမ်းစာအုပ်ကို ကုသိုလ်ပြုလုပ်သူတို့ ဘယ်အခါမဆို အလိုရှိတိုင်း ပုံနှိပ်ထုတ်ဝေကြစေကုန်။**

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

# ရကြပါစေ၊ အမျှဝေ

"မမွအလှူ၊ ဖြစ်စေ"ဟူ၍၊ ဘယ်သူမန္နိုး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမူ၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးဉာတကာ၊ ကုလာဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ကုန်ကျ၊ အဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဋ္ဌာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွှားကို၊ စီးပွါးရှာရှာ၊ သာသနာကို၊ မချာနေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမ ဖြင့်၊ ပဗ္ဗတများမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘာန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်မြ ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုည ကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အား ချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

# စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ
# ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၁

၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၂

၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၃

၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန် (အပိုင်း- ၁) — အတွဲ- ၄

၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၅

၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၆

၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၇

၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၈

၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၉

၁၀။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၀

၁၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၁

၁၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၂

၁၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၃

၁၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ- ၁၄ (ပ-ပိုင်း)

၁၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၅

၁၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၆

၁၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် (ရိုက်ပြီးချုပ်ဆဲ) — အတွဲ-၁၇

၁၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၈

၁၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် — အတွဲ-၁၉

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း — ၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော၊ ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ (ထိမ်တော၊ တ-ကြိမ်) — ၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-၅၁နဝိနိစ္ဆယကျမ်း (၂-ကျမ်းတွဲ)
သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

# ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိုဟ်နိဿယ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဌိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဠိ
၉။ သီရိမဟာမာယာဒေဝီဝတ္ထုနိဿယ
၁၀။ ဓာတွတ္ထသင်္ဂဟပါဠိ + နိဿယ
၁၁။ ဆိဒ္ဒပိဓာနနီကျမ်း
၁၂။ လင်္ကာဒီမဂ္ဂဒီပနီ
၁၃။ ဝိစိတြဝဏ္ဏနာ-စသည် (ပ,ဒု၊ ၂-ကြိမ်)
၁၄။ မနောဒီဋ္ဌဝဏ္ဏနာ
၁၅။ သတိသမ္မူဋ္ဌနိဂ္ဂဟစာတမ်း (ဦးနာရဒ)
၁၆။ မဟာဗောဓျာဒီမဂ္ဂဒီပနီ
၁၇။ အမေးတော်ဖြေ
၁၈။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ ဝိမိဿမဓုရရစနာ (ပ, ဒု-တွဲ) (ပ-ကြိမ်) (အရှင်စန္ဒဓောတိ)
၂၀။ ဝိမိဿမဓုရရစနာ (၂-တွဲပေါင်း) (ဒု-ကြိမ်) (အရှင်စန္ဒဓောတိ)
၂၁။ မင်္ဂလာ့အမြုတေ
၂၂။ လူနှင့်တူသောလူ
၂၃။ တထာဂတဥဒါနဒီပနီ (ပထမတွဲ)
၂၄။ တထာဂတဥဒါနဒီပနီ (ဒုတိယတွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (ပထမတွဲ)
၂၆။ ဗုဒ္ဓနိုင်ငံတော် (ဒုတိယတွဲ)
၂၇။ ဗုဒ္ဓနိုင်ငံတော် (တတိယတွဲ)

## ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၂၈။ ဝိမတိဝိနောဒနီ (ကြီးသဲ)
၂၉။ သမ္ဗာဒိဋ္ဌိကထာကျမ်း
၃၀။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၃၁။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၂။ မဟာဗောဓိပုပ္ဖတ္တိကထာကျမ်း
၃၃။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၃၄။ ဘူမိစာလနိဒါန်းကျမ်း (ဒု, တ ၂-ကြိမ်)
၃၅။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၆။ တွံတေး၊ ပရိတ်ကြီးပါဠိ,နိဿယ
၃၇။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)
၃၈။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၄၀။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၁။ မဇ္ဈိမဒေသသာသနာပြုအတွေ့အကြုံများ (ဟရိဗလ၊ ကုသိနာရုံ)
၄၂။ စေတိယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း (ထိမ်တော)
၄၃။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပထမတွဲ)
၄၄။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ဒုတိယတွဲ)
၄၅။ ပြက္ခဒိန်အကြောင်းသိကောင်းစရာနှင့် ကာဗျမိဿက (ပ, ဒု ၂-ကြိမ်)
၄၆။ ဒုစရိုက်,သုစရိုက်ခွဲတမ်း လူ့စည်းကမ်းဥပဒေတော်ကြီး (အရှင်စန္ဒဇောတိ)
၄၇။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (တတိယတွဲ)
၄၈။ ဂမ္ဘီရတ္ထဒေသနာ (သီးလုံးဆရာတော်)
၄၉။ မုဒ္ဒါဘိသေကာဒိပဋ္ဌက (၅-ကျမ်းတွဲ)
၅၀။ ဆယ့်နှစ်လရာသီပြ ကြယ်တာရာပုံများ (အရှင်သဒ္ဒိယနှင့် ကိုလူသောင်) (ဒု-ကြိမ်)
၅၁။ အနေကဇာဋီကာ (ဦးကေတုမာလာ)
၅၂။ ဝိနယသမုဟဝိနိစ္ဆယ (ပထမတွဲ)
၅၃။ ဆန်းကျမ်း ၆-စောင်တွဲ

## ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဆန်းကျမ်း (၆-စောင်တွဲ)ကို အဆက်မပြတ် ထုတ်ဝေနိုင်ရန်
ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

# ဗိုလ်မှူးကြီးမိုးအောင်

## ဇနီး ဒေါက်တာအေးခိုင်ညွန့်

## သမီး - မသုန္ဒာအောင်၊
## မအေးမြတ်ပိုအောင်၊
## မအေးချမ်းသဒ္ဒါ

မိသားစု ကောင်းမှု

ကျမ်းစာအုပ်ဓမ္မဒါနအလှူရှင်

ဤဆန်းကျမ်း(၆-စောင်တွဲ)ကို အဆက်မပြတ် ထုတ်ဝေနိုင်ရန်
ရည်သန်၍ ငွေပဒေသာပင် စိုက်ထူကာ
ပညာသံဝေဂဘနိကကုသိုလ်ပြုကြသော
ဓမ္မဒါန ဒါယကာများ

# ဗိုလ်မှူးကြီးမိုးအောင်

# ဇနီး ဒေါက်တာအေးခိုင်ညွန့်

## သမီး - မသုနန္ဒာအောင်၊
## မအေးမြတ်ပိုအောင်၊
## မအေးချမ်းသဒ္ဒါ

မိသားစု ကောင်းမှု